ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော
ရှမ်းပြည်နယ်လုံးဆိုင်ရာ

# ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး သမိုင်း



၁၃၄၃ ခုနှစ် ဝိနယာဒိနုဂ္ဂဟ အာဂုမ်ပြန်ပွဲတော်ကြီး

## အနှစ် ၅၀ ပြည့် ရွှေရတုသဘင်

အထိမ်းအမှတ်အဖြစ်

ဝိနယာဒိနုဂ္ဂဟသံဃာဩဝါဒခံ ဦးစီးအဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေသည်

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော

ရှမ်းပြည်နယ်လုံးဆိုင်ရာ

# ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး

## သမိုင်း

၁၃၄၃-ခုနှစ် ဝိနယာဒိနုဂ္ဂဟ အာဂုမ်ပြန် ပွဲတော်ကြီး

## အနှစ် ၅၀-ပြည့် ရွှေရတုသဘင်

### အထိမ်းအမှတ်အဖြစ်

ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေသည်။

သာသနာ- ၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

( ဝမ္မဒါန )

ပထမအကြိမ်

၁၉၇၁-မတ်လ

အုပ်ရေ (၃၀၀၀)

ကင်းလွတ်ခွင့် (၄၇၈)

ဘာသာရေးဆိုင်ရာ (၁၂၃၁)

မျက်နှာဖုံးခွင့်ပြု (၄၈)

ထုတ်ဝေသူ

ဦးသောဘန၊ မြသိန်းတန်ကျောင်း၊
၉၄-အနော်ရထာလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြထွေး (၀၂၂၇၄)
ပေါ်ပင်ပုံနှိပ်တိုက်၊ ၉၂/၂၈ လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ်

စိုးထွန်းကျော်နှင့် အင်အားစု
အမှတ် ၂၇၂ အေ၊ ငါးထပ်ကြီးမြောက်ပိုင်း၊ ဗဟန်း၊ ရန်ကုန်။

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော

ရှမ်းပြည်လုံးဆိုင်ရာ

# ဝိနယာဒိနိဂ္ဂဟာ စာပြန်ပွဲတော်ကြီးသမိုင်း

# အချီ နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိ…နာသယန္တိ အာ သဒ္ဒံ၊
နု…နုဿန္တိ အာ နု သိဒ္ဓိံ။
ယာ…ဝိဓ ဓမ္မ ဂု ဏန္တိ၊
ဒိ…ပ္ပတေ သာသနံ ဟ ဝေ॥

(ဒုတိယပါဒ၌ အနုသိဒ္ဓိံ-ဟု ဆိုလိုလျက် ဆန္ဒာနုရက္ခဏာ အကျိုးငှါ အနုဿိဒ္ဓိံ-ဟု ဆိုထားပါသည်။)

**ပရိယတ္တိသဒ္ဓမ္မ**

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။ (ဒီ-၂၊၁၂၆) (ချစ်သား အာနန်၊ ငါမိန့်သံကို၊ နာခံစေ့ငု၊ ထောင်နားပြုလော့၊ ယခုအခါ၊ ငါတပါးသာလျှင်၊ များစွာဓမ္မ၊ ဟောညွှန်ရ၏၊ မအစ္စယေ၊ ငါလွန်လေမူ၊ ဓမ္မ-ဝိနယ၊ ငါဟောပြသည့်၊ ဗုဒ္ဓအပေါင်း၊ ကျောင်းရှစ်သောင်းတို့၊ နည်းကောင်းညွှန်ပြ၊ ဆုံးမကြလိမ့်၊ အမတရည်သံ၊ ဟိန်းဟိန်းတည်း။)

လောက၌ နေရောင်, လရောင်, နက္ခတ်ကြယ်တာရာတို့၏ အရောင်နှင့် ဆီမီးစသည်တို့၏ အရောင်တို့သည် ပကတိ အမိုက်မှောင်ကို ပယ်ဖျောက်လျက် လောကကြီးအား အလင်းရောင်ကို ပေးကြကုန်၏၊ မျက်စိအမြင်ရှိသူတို့အား

ရုပ်ဝတ္ထုအမျိုးမျိုး၏ အဖြူ အနီစသော အဆင်းအမျိုးမျိုး, ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို မြင်တွေ့စေနိုင်ကြကုန်၏။

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်ဟုခေါ်သော အလင်းရောင်သည်ကား နေရောင် လရောင်စသည့် ပကတိအလင်းရောင်တို့ထက် ထူးခြားပေသည်၊ နေရောင် လရောင် စသည်တို့ကဲ့သို့ ပကတိ အမှောင်ကို ပယ်ဖျောက်သည်မဟုတ်၊ ဝေနေယျသတ္တဝါတို့၏ သန္တာန်၌ အစမထင် သံသရာမှ အစဉ်တစိုက် ကိန်းဝပ်ပါလာသော အဝိဇ္ဇာအမိုက် အမှောင်တိုက်ကြီးကို ပယ်ခွင်းဖျောက်ဖျက်၍ ဝိဇ္ဇာဉာဏ်အလင်းရောင်ကြီးကို ဖြစ်ပေါ်စေနိုင်စွမ်း ရှိပေသည်။

မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူစဉ်က ကိုယ်တော်တိုင် ၄၅-ဝါပတ်လုံး မဟာကရုဏာတော်ရှေ့ထားလျက် ဝေနေယျသတ္တဝါအပေါင်းတို့အား တရားမွေ့လျော်ပြသ ဟောကြားတော်မူ၍ အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ကြီးကို ပယ်ဖျောက်နိုင်ရန် အဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းရောင်ကြီးကို ပေးကမ်းဝေငှ ဖြန့်ချိတော်မူခဲ့ပေသည်။

ကိုယ်တော်မြတ် ဒုတိယနေရဗာန် ခန္ဓာတော်နာမ်ရုပ် ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက်ကာလ၌မူ ကိုယ်တော်မြတ် ဟောကြားညွှန်ပြတော်မူခဲ့သည့် ပရိယတ္တိသဒ္ဓမ္မသည်သာ ကိုယ်တော်မြတ်၏အရာ၌ တည်လျက် ကိုယ်တော်မြတ်၏ကိုယ်စား နောင်လာနောက်သား ဝေနေယျအများတို့အား အဝိဇ္ဇာအမှောင်တိုက်ကြီးကို ဖြိုခွင်း၍ ဝိဇ္ဇာဉာဏ်အလင်းရောင်ကြီး ဖြစ်ပေါ်စေရန် နည်းညွှန်သင်ပြနိုင်စွမ်း ရှိပေသည်၊ အဘယ်ကြောင့်နည်းဟူမူ—ကိုယ်တော်မြတ် ဖြန့်ချိတော်မူခဲ့သည့် ဝိဇ္ဇာဉာဏ်အလင်းရောင်ကြီးကို ဖြစ်စေနိုင်သည့် နည်းလမ်းတို့သည် ပရိယတ္တိသဒ္ဓမ္မ၌သာ ကြွင်းကျန်တည်ရှိနေခြင်းကြောင့်ပေတည်း။

ယင်းဝိဇ္ဇာဉာဏ်အလင်းရောင်ကြီးကိုညွှန်းပြနိုင်သည့်ပရိယတ္တိသဒ္ဓမ္မသည် ကိုယ်တော်မြတ်၏ကိုယ်စား ဓမ္မက္ခန္ဓာဘုရားများအဖြစ်ဖြင့် မျက်မှောက်ခေတ်တိုင်အောင် တည်ရှိနေပေသည်၊ မျက်မှောက်ခေတ် ဝေနေယျတို့အား ကုသိုလ်တရား, အကုသိုလ်တရား စသည်များကိုလည်းကောင်း၊ ဒုစရိုက်အမှု, သုစရိုက်အမှုစသည်များကိုလည်းကောင်း၊ သီလ, သမာဓိ, ပညာ ကျင့်ကြံဖွယ်ရာ ကိုယ်ကျင့်တရားများကိုလည်းကောင်း, ရုပ်တရား, နာမ်တရားနှင့် မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မသဘာဝတို့ကိုလည်းကောင်း၊ ထိုဓမ္မက္ခန္ဓာ ဘုရားများက ခွဲခြားညွှန်ပြလျက် ရှိပေသည်။ ဥပမာ-မြှုပ်ထားသည့် ရွှေအိုးကြီးရှိရာကို ကမ္ပည်းစာက ညွှန်ပြသကဲ့သို့တည်း။

မျက်မှောက်ခေတ် ဗုဒ္ဓသာသနိကတို့သည် ပရိယတ္တိသဒ္ဓမ္မတည်းဟူသော ဓမ္မက္ခန္ဓာတရားများ ညွှန်ပြသည့် ကိုယ်ကျင့်တရားများကို လိုက်နာကျင့်ကြံ အားထုတ်ကြရကုန်၏၊ ဤတရားများ ညွှန်ပြသည့်အတိုင်း သီလသိက္ခာကို ဖြည့်ကျင့်ဆည်းပူးနိုင်ကြကုန်၏၊ သမာဓိသိက္ခာ, ပညာသိက္ခာများကိုလည်း ပွားများအားထုတ်နိုင်ကြကုန်၏၊ ယင်းသို့အားဖြင့် ဗုဒ္ဓသာသနိကတို့သည် သက္ကာယဒိဋ္ဌိကို ပယ်သတ်ကာ အဝိဇ္ဇာအမှောင်တိုက်ကြီးကို ဖြိုခွင်းလျက် ဝိဇ္ဇာဉာဏ် အလင်းခေတ်ကြီးကို ရရှိနိုင်ကြလေသည်။

အကယ်၍သာ ပရိယတ္တိသဒ္ဓမ္မတည်းဟူသော ဓမ္မက္ခန္ဓာတရားများ ဤလောကကြီးမှ ကွယ်ပ၍သွားခဲ့ပါလျှင် ဩဘာသလောကကြီးအား ရောင်ခြည်တထောင်ဖြင့် အမိုက်မှောင်ကို ပယ်ရှင်းလျက် အလင်းခေတ်ပေးနေသော နေမင်းကြီး အနောက်ဂေါယာကျွန်းသို့ ယွန်းသွားကွယ်ပသည့်အခါ ဩဘာသလောကကြီးကို အမှောင်တိုက်ကြီး ဖုံးလွှမ်း၍သွားသကဲ့သို့ သတ္တလောကဟု ဆိုအပ်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏သန္တာန်၌ ဝိဇ္ဇာဉာဏ်အလင်းခေတ်ကြီးပျောက်ကာ အဝိဇ္ဇာအမှောင်တိုက်ကြီး ဖိစီးလွှမ်းမိုး၍ သွားပေလိမ့်မည်၊ ထို့ကြောင့်–

> သုတ္တန္တေသု အသန္တေသု-ပမုဋ္ဌေ ဝိနယမှိ စ။
> တမော ဘဝိဿတိ လောကော-သူရိယေအတ္ထင်္ဂတေ ယထာ။
>
> (သုတ်-အဘိဓမ္မ၊ ဝိနယတို့၊ ကွယ်ပသည့်အခါ၊ ဤလူ့ရွာ၌၊ ဝိဇ္ဇာဉာဏ်သုဉ်း၊ မှောဟဖုံးလိမ့်၊ နေလုံးကွယ်ပျောက်၊ အမှောင်ရောက်သို့။)

ဟု (အင်္ဂုတ္တရအဋ္ဌကထာဆရာတော်) မိန့်မြွက်တော်မူခဲ့ပေသည်။

## ဝိနာသယန္တိ အသံ့ဒွိ

ပရိယတ္တိသဒ္ဓမ္မတည်းဟူသော ဓမ္မက္ခန္ဓာတရားများ ဤလောက၌ တည်ရှိနေကြငြားသော်လည်း ယင်းတို့ကို အလေးဂရုပြု၍ ပို့ချသင်ကြားမှု မပြုခဲ့လျှင်၊ သင်အံလေ့ကျက်ဆောင်ရွက်မှတ်သားမှုများ မရှိခဲ့လျှင်၊ ဉာဏ်ဖြင့် သက်ဝင်၍ ယင်းတို့၏ အနက်အဓိပ္ပါယ်ကို စဉ်းစားဆင်ခြင်ခြင်းကင်းခဲ့လျှင် ပရိယတ္တိသဒ္ဓမ္မ၏ အလင်းရောင်သည် အဘယ်မှာ ထွန်းပြောင်ခွင့်ကို ရလိမ့်မည်နည်း၊ ထွန်းပြောင်ခွင့်ကို မရနိုင်သည်သာ။

# နိဒါန်း

ယင်းသို့ဖြစ်ရကား သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ပရိယတ္တိစာပေ ကျမ်းဂန်များကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားတော်မူကြခြင်း၊ သင်ကြားပို့ချတော်မူကြခြင်း၊ တရားဓမ္မ ဟောဖော်ညွှန်ပြကြခြင်းတို့သည် သတ္တလောကကြီး၌ အဝိဇ္ဇာအမှောင်တိုက်ကြီး ဖုံးလွှမ်း၍မသွားရအောင်၊ ဝိဇ္ဇာဉာဏ်အလင်းခေတ်ကြီးကွယ်ပျောက်မသွားရအောင်စွမ်းဆောင်တော်မူကြခြင်း ဖြစ်ပေသည်၊ ပရိယတ္တိသဒ္ဓမ္မတည်းဟူသော ဓမ္မက္ခန္ဓာဘုရားအဆူဆူတို့ကို မိမိတို့၏နှုတ်ဖျား၊ လျှာဖျား၊ နှလုံးသား၌လည်းကောင်း၊ သောတုဇနဓမ္မပဋိဂ္ဂါဟကတို့၏ နှုတ်ဖျား၊ လျှာဖျား၊ နှလုံးသား၌လည်းကောင်း၊ တည်ထားပူဇော်ကြခြင်းဖြင့် ပရိယတ္တိသဒ္ဓမ္မ၏ အလင်းရောင်ထွန်းပြောင်ခွင့်ရအောင် အားထုတ်တော်မူကြခြင်း ဖြစ်ပေသည်။

ယင်းသို့ အားထုတ်စွမ်းဆောင်တော်မူနိုင်ကြခြင်း၏ အကြောင်းရင်းမှာ ဘုရားအစရှိသော ယုံကြည်ဖွယ်ရာ သဒ္ဓေယျဝတ္ထုများ၌ ယုံကြည်မှု သဒ္ဓါတရားသည်သာ အဓိကအကြောင်းရင်း ဖြစ်ပေသည်၊ ထိုစကားသည် မှန်၏၊ သဒ္ဓါတရားသာ မရှိကြပါလျှင် သဒ္ဓေယျဝတ္ထုများ၌ အဘယ်သို့လျှင် ယုံကြည်နိုင်ကြမည်နည်း၊ မယုံကြည်နိုင်ကြသည်သာ၊ သဒ္ဓေယျဝတ္ထုများ၌ ယုံကြည်မှု ရှိပြီးသူအချို့ပင် အကြောင်းအမျိုးမျိုးကြောင့် အသဒ္ဓိယတရားများ ဝင်ရောက်ကာ ယင်းတို့၏ သဒ္ဓါတရားကို ပျက်စီးစေတတ်လေသည်။

ထို့ကြောင့် ပရိယတ္တိသဒ္ဓမ္မ၏ အလင်းရောင် ထွန်းပြောင်ခွင့်ရအောင် အားထုတ်လိုကြသည့်ပုဂ္ဂိုလ်တို့သည် အသဒ္ဓိယတရားကို မိမိတို့၏ စိတ်အစဉ်သို့ အဝင်မခံပဲ တော်လှန်ပယ်ရှားနိုင်ကြ၍ သဒ္ဓေယျဝတ္ထုတို့၌ ယုံကြည်မှုသဒ္ဓါတရားကို ကြံ့ကြံ့ခိုင်ခိုင်ထားနိုင်ကြရပေမည်၊ ယင်းသို့ သဘောရှိသော ကြံ့ခိုင်သည့် အစလသဒ္ဓါတရားသည်သာလျှင် သဒ္ဓမ္မမည်ခေါ် သာသနာတော်ကြီး အရှည်တည်တံ့ ထွန်းလင်းတောက်ပရန် အဓိကအကြောင်းရင်း ရေသောက်မြစ်ကြီး ဖြစ်ပေရကား ယင်းအဓိက ရေသောက်မြစ်ကြီးကို ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးက ထုတ်ဖော်ညွှန်ကြားပြသသည့် အနေအားဖြင့် သဒ္ဓေယျဝတ္ထုတို့၌ သဒ္ဓါတရားခိုင်ခိုင်ထားကြရန် (ဝိနယာဒိအနုဂ္ဂဟဟူသော အက္ခရာရှစ်လုံးမှ "ဝိ နှင့် အ" ကိုယူ၍) "ဝိနာသယန္တိ အသဒ္ဓိံ" ဟု ဂါထာ၏ ပထမပါဒကို သီကုံးထားခြင်း ဖြစ်ပေသည်။

["ဣဓ = ဤသာသနာတော်ကြီး၌၊ (ဝါ) ဣဓ = ဤလောကကြီး၌၊ ယာဝ = အကြင်မျှလောက်သောကာလပတ်လုံး၊ ဘိက္ခူ =

သာသနာ့ဝန်ထမ်း, ရှင်ရဟန်းတို့သည်။ (ဝါ) ဘိက္ခူ = သာသနာ့ဟာဝန်-တို့တာဝန်, သာသနာ့အရေး-တို့အရေးဟု, မျှော်တွေးကြသူ, ရှင်လူရဟန်းတို့သည်၊ အဿဒ္ဓံ = ဘုရားအစပြုသည့်, သဒ္ဓေယျဝတ္ထုတို့၌, မယုံကြည်မှု မကျေနပ်မှုကို၊ ဝိနာသယန္တိ = သဒ္ဓါခေတ် ရင့်သန်, အသိဉာဏ်ဖြင့်, တော်လှန်ဖျက်ဆီးနိုင်ကြကုန်၏။'']

## နု နသဿန္တိ အနုသိဋ္ဌံ

သဒ္ဓါတရားကြံ့ခိုင်တော်မူကြသည့် သောတုဇန ဓမ္မမာမကပုဂ္ဂိုလ်တို့ ပရိယတ္တိစာပေ ကျမ်းဂန်များကို နာယူသင်ကြားနှုတ်တက် အာဂုံဆောင်ရှက်ထား၍ ဉာဏ်သွားသက်ဝင် ပရိယတ္တိဓမ္မတို့၏ အနက်အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်နိုင်ကြသဖြင့် ယင်းပရိယတ္တိသဒ္ဓမ္မမှ သိအပ်ရအပ်သော အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာတော်သုံးပါး ကိုယ်ကျင့်တရားများကို အဆင်တန်ဆာအဖြစ်ဖြင့် မိမိတို့ကိုယ်မှာ ဆင်မြန်းထားနိုင်ကြခြင်း သည်လည်း "သက္ကစ္စံ အတ္တမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ(၅)'' ဟူသော(ပဉ္စင်္ဂုတ္တရပါဠိ) သဒ္ဓမ္မအသမ္မောသ သုတ်နှင့်အညီ၊ မြတ်စွာဘုရား၏သဒ္ဓမ္မမည်ခေါ် သာသနာတော်ကြီး အရှည်တည်တံ့ရန်, မပျောက်မပျက်ရန်, မကွယ်မပထွန်းလင်းတောက်ပရန် ဖြစ်ပေသည်။

ယင်းသို့ဖြစ်ရကား သောတုဇနဓမ္မမာမကပုဂ္ဂိုလ်တို့အား ပရိယတ္တိသဒ္ဓမ္မမှ သိအပ်ရအပ်သောအဓိသီလ အဓိစိတ္တ, အဓိပညာသိက္ခာတော်သုံးပါးကိုယ်ကျင့်တရားများကိုလည်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြရန် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးက ညွှန်ပြသည့်အနေအားဖြင့်(ဝိနယာဒိအနုဂ္ဂဟ- ဟူသော အက္ခရာရှစ်လုံးမှ "န နှင့် နု'' ကိုယူ၍)"န နသဿန္တိ အနုသိဋ္ဌံ'' ဟုဂါထာ၏ ဒုတိယပါဒကို သီကုံးထားခြင်း ဖြစ်ပေသည်။

[ဣခ=၌၊ယာဝ=ပတ်လုံး။ ဘိက္ခူ = တို့သည်၊ အနုသိဋ္ဌံ = မြတ်ဘုရား၏, ညွှန်ကြားနည်းပြ, ဆုံးမတော်မူအပ်သော, သီလ = သမာဓိ-ပညာ, သိက္ခာတော်သုံးပါး, ဓမ္မာနုဓမ္မပဋိပတ်, အကျင့်မြတ်တရားကိုလည်း၊န နသဿန္တိ = ကိုယ်ကျင့်လျော့နည်း, မျက်မာန်သည်း၍, မဖျက်ဆီးကြကုန်၊ (သက္ကစ္စံ ပဋိပဇ္ဇန္တိ = ရိုသေစွာ ကျင့်ကြံကြိုးကုတ်, အားထုတ်တော်မူကြကုန်၏။ ]

(၈) နိဒါန်း

## ယာဝစိဓ ဓမ္မဂုတ္တိ

မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ မှီတင်းနေထိုင်တော် မူကြကုန်သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ဆောင်ရွက်ရန် တာဝန်တို့သည် (၁) ဂန္ထဓုရ၊ (၂) ဝိပဿနာဓုရ ဟူ၍ နှစ်ပါးအပြား ရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် သာသနာတော် တည်တံ့ခြင်း၏အကြောင်းရင်းမှာ ဂန္ထဓုရသာဖြစ်ပေသည်၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကစ၍အရှင်သာရိပုတ္တရာ, အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ အစရှိသော သီဿာနုသိဿ, အာစရိယပရမ္ပရတို့သည် ပရိယတ္တိသဒ္ဓမ္မတည်းဟူသော စာပေကျမ်းဂန်တို့ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားတော်မူကြခြင်း၊ သင်ကြားပို့ချပေးတော်မူကြခြင်းဟု ဆိုအပ်သော ဂန္ထဓုရကို ဆောင်ရွက်တော်မူခဲ့ကြလေသည်၊ ယင်းသို့ဆောင်ရွက်တော်မူခဲ့ကြသဖြင့် ယခုသာသနာတော်နှစ် ၂၅၂၀-ကျော်သည့်ကာလတိုင်အောင် ဗုဒ္ဓသာသနာတော်ကြီး မကွယ်မပျောက် တည်တံ့ခိုင်မြဲလျက်ရှိပေသည်။

ထိုနည်းတူစွာ ယခုအခါ သိဿာနုသိဿတို့လည်း ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံလေ့ကျက်ဆောင်ရွက် မှတ်သားကြခြင်းဖြင့်လည်းကောင်း၊ အာစရိယပရမ္ပရ ဂန္ထဝါစက ပုဂ္ဂိုလ်တို့ကလည်း ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပို့ချပေးကြခြင်းဖြင့်လည်းကောင်း ဂန္ထဓုရကို ဆောင်ရွက်တော်မူကြလေသည်၊ ယင်းသို့ဆောင်ရွက်ပေးတော်မူကြခြင်းသည်လည်း—

"ဠမေ ဘိက္ခဝေ ဘိက္ခူ သက္ကစ္စံ ဓမ္မံ သုဏန္တိ-(၁)။

သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ-(၂)။

သက္ကစ္စံ ဓမ္မံ ဓာရေန္တိ-(၃)"။

ဟူသော (ပဥ္စင်္ဂုတ္တရပါဠိ) သဒ္ဓမ္မအသမ္မောသသုတ်နှင့်အညီ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသုံးရပ် အရှည်တည်တံ့ရန်, မပျောက်မပျက်ရန်, မကွယ်မပရန်ဖြစ်ပေသည်။

ပရိယတ္တိသဒ္ဓမ္မမှ ပေါ်ထွက်လာသည့် သီလအလင်းရောင်, သမာဓိအလင်းရောင်, ပညာအလင်းရောင်များ အဆင့်ဆင့်ဆက်နွယ်တိုးပွား ယာကြစေရန် ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်းလည်း ဖြစ်ပေသည်၊ ဥပမာ-အလျှံပြောင်ဝင်း ထွန်းလင်းတောက်ပနေသော ဆီမီးတိုင်ကြီးမှ ဆီမီးတိုင်

ပေါင်း အရာအထောင်မက ထွန်းလင်းတောက်ပလာစေရန် အဆင့်ဆင့် ဆက်သွယ်ကူးညှိပေသကဲ့သို့တည်း။

ယင်းသို့ဖြစ်ရကား နောင်လာ နောက်သား သိဿာနုသိဿသဒ္ဓမ္မမှာ မကသောတုဇနအပေါင်းတို့အား ပရိယတ္တိသဒ္ဓမ္မတည်းဟူသော စာပေကျမ်းဂန်များကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားတော်မူကြပါဟု လည်းကောင်း၊ သဒ္ဓမ္မဝိသာနုရက္ခ ဂန္ထဝါစကာ ပုဂ္ဂိုလ်အပေါင်းတို့အား ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပို့ချ နည်းညွှန်ပြတော်မူကြပါ- ဟုလည်းကောင်း ဝိနယာဒိနုဂ္ဂဟာစာပြန်ပွဲတော်ကြီးက တိုက်တွန်းနှိုးဆော်သည့် ဥယျောဇဉ်အနေအားဖြင့် (ဝိနယာဒိအနုဂ္ဂဟ ဟူသောအက္ခရာရှစ်လုံးမှ "ယာနုင့်ဂ္ဂ"ကို ယူ၍) "ယာစိခ ဓမ္မုဂ္ဂဏှန္တိ" ဟု ဂါထာ၏ တတိယပါဒကို သိကုံးထားခြင်းဖြစ်ပေသည်။

[ဣ္လစ = ဥ္၊ ယာဝ = ပတ်လုံး၊ ဘိက္ခူ = ကို့သည်၊ ဓမ္မဋ္ဌ = စာပေပိဋကတ်, ပရိယတ္တိသဒ္ဓမ္မကိုလည်း၊ ဥဂ္ဂဏှန္တိ = မဆုတ်မနစ်, အားခွန်သစ်၍, ကျစ်လစ်ကျနန, သင်ယူပို့ချတော်မူကြကုန်၏၊ (ဝါ) ဥဂ္ဂဏှန္တိ = ပါဠိကိုသင်, အနက်ထင်၍, ဆင်ခြင်မိပွါယ်, နှုတ်ဝယ်ဆောင်စွမ်း, စူးစမ်းတော်မူကြကုန်၏။]

### ဒိပ္ပတေ သာသနံ ဟဝေ

"ပုစ္ဆာ ဝိသဇ္ဇနာယုဂလေဟိ ဓမ္မာနံ ယေဘုယျေန ပါကဋ"(နေတ္တိ ဋီကာ) "မေးမြန်းခြင်း, ဖြေဆိုခြင်းတို့ဖြင့် (ဟောပြောရေးသားအပ်သော)တရားဓမ္မတို့၏ သဘာဝသည်များသောအားဖြင့်ပေါ်လွင်ထင်ရှား၏။"။

အမေး အဖြေပြုလုပ်၍ တရားဓမ္မဟောပြော ပြသခြင်းသည် လည်းကောင်း၊ စာပေရေးသားခြင်းသည်လည်းကောင်း ဓမ္မပဋိဂ္ဂါဟက, စာရှုသူတို့၏ဉာဏ်၌ ဓမ္မသဘာဝကိုရှင်းလင်းပြတ်သားစွာ သိမြင်စေနိုင်ပေသည်။

ယင်းသို့ပုစ္ဆာ–ဝိသဇ္ဇနာပြုလုပ်၍ တရားဓမ္မဟောပြနည်းကို မြတ်စွာဘုရားကိုယ်တော်တိုင် အသုံးပြုတော်မူခဲ့လေသည်၊ကိုယ်တော်မြတ် ဘုရားဖြစ်တော်မူပြီးစက ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားပြသရာ၌ "ဒွေ မေ ဘိက္ခဝေ အန္တာ × ×၊ ကတမေ ဒွေ" အစရှိသည်ဖြင့်

လည်းကောင်း၊ "ကတမာစ သာ ဘိက္ခဝေ ဧတ္ထိမာယငှိုပဒါ" အစရှိသည်ဖြင့် လည်းကောင်း ကိုယ်တော်တိုင်ဖြေကြားလိုသည့် ကထေတုကမျတာ ပုစ္ဆာပြု လုပ်၍ မေးမြန်းတော်မူပြီးလျှင် ယင်းတို့၏အဖြေတရားကို ဆက်လက် ဟော ကြားတော်မူခဲ့လေသည်။

ထို့နောက် အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူရာ၌လည်း "တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ, အနိစ္စံ ဝါ-တိ၊ "အနိစ္စံ ဘန္တေ" အစရှိသည်ဖြင့် ပဥ္စဝဂ္ဂီငါးဦးတို့နှင့် အပြန်အလှန် အမေးအဖြေ ပြုလုပ်တော် မူကာ ပရမတ္ထတို့၏သဘော လက္ခဏာကို ပေါ်လွင်ထင်ရှားအောင် ဟောပြ တော်မူခဲ့လေသည်။

အဘိဓမ္မာပါဠိတော် ယမိုက်ကျမ်း၌လည်း "ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ-တိ" အစရှိသည်ဖြင့် သန္နိဋ္ဌာန်ပုဒ်အရ တရားနှင့် သံသယပုဒ်အရ တရားများကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား သိစေလိုခြင်း ကြောင့် ပုစ္ဆာဝိသဇ္ဇနာ အစုံအစုံပြု၍ ဟောနည်းကို အသုံးပြုခဲ့လေသည်။

ဤကဲ့သို့ ပုစ္ဆာဝိသဇ္ဇနာ အစုံအစုံပြု၍လည်းကောင်း၊ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့နှင့် အပြန်အလှန် အမေးအဖြေပြုလုပ်၍လည်းကောင်း၊ ကထေတု ကမျတာ ပုစ္ဆာဖြင့်လည်းကောင်း ဟောပြတော်မူခဲ့သော ဒေသနာတော်တို့ မှာ များစွာပင်ရှိလေသည်။

အရှင်မဟာကဿပ အမှူးရှိသော ပဥ္စမသံဂါယနာတင် ရဟန္တာထေရ် အရှင်မြတ်တို့သည်လည်း ဓမ္မဝိနယတို့ကို သံဂါယနာမတင်မီ ရှေးဦးစွာ "ပဥ္စမံ အာဝုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ" "ဝေသာလိယံ ဘန္တေ-" အစရှိသည်ဖြင့် သိက္ခာပုဒ်များ၏ ဝတ္ထု, နိဒါန်း စသည်တို့ကို အမေး-အဖြေ ပြုလုပ်တော်မူပြီးမှ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

ထိုနည်းအတူ အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာဆရာ ကြီးတို့သည်လည်းကောင်း၊ ဋီကာဆရာစသော ဆရာ့ဆရာကြီးတို့သည်လည်း ကောင်း မိမိတို့ဆိုလိုသည့်စကားရပ်၏ သဘာဝတ္ထ, အဓိပ္ပါယ်တို့ကို ပေါ်လွင် ထင်ရှားစေလိုရာ၌ ပုစ္ဆာဝိသဇ္ဇနာနည်းကို အသုံးပြု၍ ရေးသားဖွင့်ဆိုတော်မူ ခဲ့ကြလေသည်။

ဤသို့လျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကစ၍အသုံးပြုတော်မူခဲ့သော ပုစ္ဆာဝိသဇ္ဇနာ အစုံအစုံပြု၍ တရားဓမ္မဟောပြနည်း- ဖွင့်ဆိုရေးသားနည်းတို့

ကို အမှိုပြု၍မြန်မာနိုင်ငံ၌ ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းတြားကြီး၏ သားတော်လတ် သာလွန်မင်းတြားကြီးလက်ထက် ကောဇာသက္ကရာဇ် (၁၀၀၀) တခုထောင် ခုနှစ်တွင်ရဟန်းလောင်းများ၏ အရည်အချင်းကို စစ်ဆေးရန် စာပြန်ပွဲ- စာမေးပွဲကို စတင်ကျင်းပပြုလုပ်ခဲ့လေသည်။

ထိုမှဉ်က ဝါဆိုလတွင် ရဟန်းခံကြမည့် ရဟန်းလောင်း သာမဏေများကို နယုန်လတွင် လူဝတ်လဲစေ၍ မင်းညီမင်းသားတို့၏ အဆောင်အယောင်ဖြင့် သုဓမ္မာစရပ်ဝယ် အမတ်ကြီးနှစ်ဦးက ကြီးကြပ်ပြီးလျှင် ဆရာတော်ကြီးများက ပြဋ္ဌာန်းစာများကို အာဂုံပြန်ဆိုစေခြင်း၊ အနက်အဓိပ္ပါယ်များကို နှုတ်မေးမေး၍ နှုတ်လွှတ်ဖြေ ဖြေဆိုစေခြင်း ပြုလုပ်တော်မူခဲ့လေသည်၊ ဤသည်ပင် စာပြန်ပွဲ-စာမေးပွဲများ၏ အစဖြစ်ပေသည်။

ထိုအခါမှစ၍ မြန်မာတို့၏ ကုန်းဘောင်မင်းဆက် နောက်ဆုံး သီပေါမင်းလက်ထက်တိုင်အောင် စာပြန်ပွဲ စာမေးပွဲများကို ကျင်းပပြုလုပ်ခဲ့လေသည်၊ သီပေါမင်းတြား ဣန္ဒိယပြည် ရတနာဂီရိသို့ ဗြိတိသျှလက်တွင်း ပါတော်မူပြီးသည့်အခါ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ၌ ပါဠိပထမပြန်စာမေးပွဲကိုကျင်းပပေးခဲ့လေသည်။

ထို့ပြင်- မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း (သကျသီဟ) စာမေးပွဲ၊ ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်း၊ (စေတိယင်္ဂဏ) စာမေးပွဲ၊ သထုံသုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ၊ မော်လမြိုင်မြို့ သုသမာစာရ စာမေးပွဲ၊ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိစာမေးပွဲ အစရှိသော စာမေးပွဲ စာပြန်ပွဲများကို မြန်မာနိုင်ငံ မြို့ရွာအသီးသီး၌ အသင်းအဖွဲ့များက ကျင်းပပြုလုပ်ခဲ့ကြလေသည်၊ ထိုနည်းအတူ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့၌လည်း ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲ စာမေးပွဲကို ကျင်းပပြုလုပ်ကြသေးသည်။

ပရိယတ္တိအာဂုံစာပြန်ပွဲ ကျင်းပပြုလုပ်ပေးခြင်းသည် သောတုဇနခေါ် စာသင်သားတို့ ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံလေ့ကျက်နှုတ်တက် အာဂုံဆောင်ရွက်ထားနိုင်ရန် အားပေးချီးမြှောက်ခြင်း ဖြစ်ပေသည်။ စာမေးပွဲကျင်းပ၍ ပရိယတ္တိဓမ္မတို့၏ အနက်အဓိပ္ပါယ် သရုပ်၊ သဘောသဘာဝသည်များကို မေးခွန်းပုစ္ဆာဆင်ထုတ်မေးမြန်းခြင်းသည် သောတုဇနတို့ သင်အံလေ့ကျက်နှုတ်တက်အာဂုံဆောင်ရွက်ထားကြသည့် စာပေကျမ်းဂန်တို့၏ အနက်

အဓိပ္ပါယ်များ၊ သဘောသဘာဝတ္ထများကို ဉာဏ်ဖြင့်သက်ဝင်စူးစိုက်၍ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိအောင် အားပေးချီးမြှောက်ခြင်းဖြစ်ပေသည်။

ယင်းသို့ဖြင့် စာသင်သားတို့ ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံလေ့ကျက် နှုတ်တက်အာဂုံဆောင်ရွက်ထားနိုင်ကြခြင်း၊ ပရိယတ္တိဓမ္မတို့၏ အနက်အဓိပ္ပါယ်စသည်များကို ဉာဏ်ဖြင့်သက်ဝင်စူးစိုက်၍ စဉ်းစားဆင်ခြင်နိုင်ကြခြင်းသည်လည်း—

"သက္ကစ္စံ ဓမ္မံ ဓာရေန္တိ-(၃)။

သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္တံ ဥပပရိက္ခန္တိ—(၄)"။

ဟူသော (ပဉ္စင်္ဂုတ္တရပါဠိ) သဒ္ဓမ္မအသမ္မောသသုတ်နှင့်အညီ၊ မြတ်စွာဘုရား၏ သာသနာတော်းသုံးရပ် အရှည်တည်တံ့ရန်၊ မပျောက်မပျက်ရန်၊ မကွယ်ပရန် ဖြစ်ပေသည်။

ယင်းသို့ဖြစ်သည်ရှိသော်—

သုတ္တန္တေ ရက္ခိတေ သန္တေ- ပဋိပတ္တိ ဟောတိ ရက္ခိတာ။

ပဋိပတ္တိယံ ဌိတော ဓိရော-ယောဂက္ခေမာ န ဓံသတိ။

(ကန်ရိုးပရိယတ်၊ စောင့်ရှောက်အပ်သော်၊ ကျင့်မြတ်ရေကြည်၊ မြဲစွာတည်၍၊ ဇာနည်ရဟန်း၊ မြိုက်ကြာပန်းကို၊ ဆင်မြန်းကုံးသီ၊ ဆွတ်လှမ်းမီသည်၊ မြေမဟီလက်ခတ်မလွဲတည်း။)

ဟူသော (အင်္ဂုတ္တရဋ္ဌကထာဆရာတော်၏) မိန့်ခွန်းတော်နှင့်အညီ ပရိယတ္တိသဒ္ဓမ္မ မာမက ဂန္ထဓူရာဝဟပုဂ္ဂိုလ်တို့သည် သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သိက္ခာတော်သုံးရပ် အကျင့်ပဋိပတ်၌တည်ကာ ယောဂက္ခေမ ခေါ် အရဟတ္တဖိုလ်အဆင့်အတန်းမှ မလျှောကျသည့် သာသနဝံသာနုရက္ခ၊ သဒ္ဓမ္မပဝေဏီပါလက ပုဂ္ဂိုလ်များဖြစ်နိုင်ကြပေသတည်း။

ဤသို့လျှင် ပရိယတ္တိသာသနမာမကပုဂ္ဂိုလ်တို့ မြဲမြံခိုင်ခံ့သည့် အစလသဒ္ဓါတရားဖြင့် ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံ- ပို့ချခြင်းစသည်ဖြင့် ဂန္ထဓူရကိုဆောင်ရွက်ရင်းပင် သိက္ခာသုံးရပ်အကျင့် ပဋိပတ်၌တည်ကာ အရဟတ္တဖိုလ်အဆင့်အတန်းမှ မလျှောကျနိုင်သည်ဖြစ်ရကား မြတ်စွာဘုရား၏ သာသနာတော်ကြီးသည် ရောင်ခြည်တစ်တောင် အလင်းဆောင်သည့် နေမင်းကြီးတမျှ ထွန်းလင်းတောက်ပလေတော့သတည်း၊ ယင်းအဓိပ္ပါယ်ကိုဝိနယာဒိနုဂ္ဂဟ

စာပြန်ပွဲတော်ကြီးက ရည်ရွယ်ညွှန်းပြသည့်အနေအားဖြင့် (ဝိနယာဒိ-အနုဂ္ဂဟ ဟူသော အက္ခရာရှစ်လုံးမှ 'ဒိ နှင့် ဟ' ကိုယူ၍) "ဒိပ္ပတေ သာသနံ ဟဝေ" ဟု ဂါထာ၏ စတုတ္ထပါဒကို သီကုံးထားခြင်းဖြစ်ပေသည်။

[တာဝ = နည်းကောင်းသုံးတန်, လက်ခံကျင့်သုံး, ထိုမျှလောက်သော ကာလပတ်လုံး၊ သာသနံ = မြတ်စွာဘုရား၏ ညွှန်ကြားဆုံးမ, ပရိယတ်-ပဋိပတ်-ပဋိဝေဓ, သဒ္ဓမ္မမည်ခေါ်, သာသနာတော်ကြီးသည်၊ ဟဝေ = ဧကန္တေန = စင်စစ်ကေန်, အမှန်အားဖြင့်၊ ဒိပ္ပတေ-ထောင်ရောင်နေဝန်း, မှောင်ခွဲထွန်းသို့, ရွှန်းရွှန်းလက်ဝေ, တောက်ပလေတော့သတည်း။]

## ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ဟူသည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံတော်ရှမ်းပြည်နယ်တောင်ပိုင်းညောင်ရွှေမြို့၌နှစ်စဉ်ကျင်းပပြုလုပ်သော စာပြန်ပွဲ စာမေးပွဲတော်ကြီးနှစ်ပွဲဖြစ်ပေသည်။ ယင်းစာပွဲတော်ကြီးနှစ်ပွဲကို မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီခေတ်ဟောင်းကပင် စတင်ကျင်းပခဲ့လေသည်၊ ယင်းခေတ်မှသည် ဂျပန်ခေတ်၊ လွတ်လပ်ရေးအကြို ဗြိတိသျှကိုလိုနီခေတ်သစ်၊ လွတ်လပ်ရေးရပြီး (ဖ၊ဆ၊ပ၊လ) အစိုးရခေတ်၊ ပြည်ထောင်စု (ပ၊ထ၊စ) အစိုးရခေတ်၊ တော်လှန်ရေးကောင်စီ အစိုးရခေတ် ဟူသော ခေတ်အမျိုးမျိုးတွင် အခြေအနေ အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နှစ်စဉ်မပျက်ကျင်းပပြုလုပ်နိုင်ခဲ့သေသည်၊ ယခုပြည်ထောင်စုဆိုရှယ်လစ်သမ္မတ အစိုးရခေတ်၌လည်း နှစ်စဉ်မပျက် ဆက်လက်၍ ကျင်းပဆဲ, ကျင်းပလတ္တံ့လည်းဖြစ်ပေသည်။

ယင်းသို့ ခေတ်အမျိုးမျိုး အခြေအနေ အမျိုးမျိုးကို ကျော်ဖြတ်ခဲ့၍ သက္ကရာဇ်ရှည်လျားခဲ့ပြီဖြစ်သော "ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ဆုတ်ယုတ်မှု တိုးတက်မှုအားဖြင့် ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်အစဉ်ကို မှတ်တမ်းတင်ထားသည့် "သမိုင်းစာ" တစောင်တဖွဲ့ရှိထိုက်နေပြီ"ဟု ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့် ရင်းနှီးတော်မူကြသော ဒါယကာ ဒါယိကာမများနှင့် ဆရာတော်သံဃာတော်များ၏ သန္တာန်၌ ဆန္ဒနှင့် အသိစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်မှာ ကာလကြာပေပြီ၊ ယင်းဆန္ဒနှင့် အသိစိတ်တို့၏လှုံ့ဆော်မှုကြောင့်နှုတ်ဖြင့် ထုတ်ဖော်ဖွင့်ဟ အကြံပေးခဲ့ကြသည်မှာလည်း အကြိမ်များစွာ ရှိခဲ့ပေပြီ။

ယင်းဆန္ဒနှင့် အသိစိတ်တို့သည်လည်းကောင်း၊ နှုတ်ဖြင့်ထုတ်ဖော်ဖွင့်ဟ၍ ပေးခဲ့ကြသည့် အကြံဉာဏ်တို့သည်လည်းကောင်း အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြုံ၍မသွားပဲ အဆင့်ဆင့် တွန်းအား စွမ်းအား အဖြစ်သို့ ရောက်ခဲ့ကြလေသည်။

ထိုစကားသည် မှန်၏၊ "ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ = ဖြစ်လိုသည့်ဆန္ဒ၊ (ဝါ) ဖြစ်စေလိုသည့်ဆန္ဒ ပြင်းပြလျှင် အဘယ်မည်သောအမှုကိစ္စသည် မပြီးမြောက်ပဲရှိအံ့နည်း၊ ကေန်မုချ ပြီးမြောက်အောင်မြင်ရမည်သာ"၊ "စိတ္တဝတော ကိံ နာမ န သိဇ္ဈတိ = စိတ်ဓာတ်ထက်သန်လျှင် အဘယ်မည်သော အမှုကိစ္စသည် မပြီးမြောက်ပဲ ရှိအံ့နည်း၊ ကေန်မုချ ပြီးမြောက်အောင်မြင်ရမည်သာ" ဟူသောခပ်သိမ်းကိစ္စ အောင်မြင်ထမြောက်ရခြင်း၏ အခြေခံ "ဣဒ္ဓိပါဒ်" တရားများနှင့်အညီ၊ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်ကြီးနှင့် ပွန်းတီး နှီးနွယ်တော်မူကြသည့် ရှေးနှင့်ယခု ဆရာ ဒကာတစုတို့၏သန္တာန်၌ ကြိမ်ဖန်များစွာဖြစ်ခဲ့သော ဆန္ဒနှင့် အသိစိတ်ဓာတ်တို့သည်လည်းကောင်း၊ အကြံဉာဏ် တို့သည်လည်းကောင်း ဤမည်သော "ဝိ န ယာ ဒိ နိ ဂ္ဂ ဟ – စာပြန်ပွဲတော်ကြီးသမိုင်း" ဖြစ်ပေါ်လာရခြင်း၏အကြောင်း ဥပနိဿယသတ္တိ တွန်းအားစွမ်းအားတို့ပင် ဖြစ်ပေသည်။

ယင်းသို့ဖြစ်ရကား ၁၃၃၇–ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက်၊ (၂၇၊ ၆၊ ၇၅) သောကြာနေ့တွင် ညောင်ရွှေမြို့သဒ္ဓမ္မဇ္ဇောတိကဓဇသိမ်တော်ကြီး၌ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်မှ ဒါယကာ ၁ ဦးနှင့် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ညောင်ရွှေနယ်ဆိုင်ရာ ဝိသဘိ ဂဏသံဃ သမ္မုတိဂိုဏ်းချုပ်ဆရာတော် အမှူးရှိသော ဆရာတော် (၇)ပါးပါဝင်သည့် အစည်းအဝေးတရပ်ကို ကျင်းပပြီးလျှင်"ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း ပြုစုရန်" အောက်ပါ အဖွဲ့များကိုဖွဲ့စည်းခဲ့ပေသည်။

### စာစုအဖွဲ့

၁။ ဦးဘိုးခင် (သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ်) ညွှန်ကြားရေးမှူး၊ သာစည်ရပ်။ ညောင်ရွှေမြို့။

၂၊ ဦးလှတင် (သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်၊ တွဲဖက် အတွင်းရေးမှူး) အဖွဲ့ဝင်၊ တောင်ရပ်၊ ညောင်ရွှေမြို့

၃။ ဦးမောင်ငယ် အဖွဲ့ဝင် ကန်သာရပ်၊ညောင်ရွှေမြို့။
၄။ ဦးစံလှ ။ ။ ။
၅။ ဦးထွန်းသာ ။ ။ ။
၆။ ဦးစဝ်ဆိုင်ထီး ။ နန္ဒဝန်ရပ် ။
၇။ မောင်သန်းညွန့်(လွင်ဟိုင်း) အဖွဲ့ဝင် သာစည်ရပ်၊ညောင်ရွှေမြို့။

စာပြုအဖွဲ့

၁။ ဆရာတော် ဦးဓမ္မပါလ ဧင်းကွန်းကမ္မဋ္ဌာန်းတိုက်၊ တောင်ကြီးမြို့။
၂။ ဆရာတော် အရှင်ဝိလာသာဘိဝံသ၊ သာသနဝိပုလ ရွှေဂူစာသင်တိုက်၊ ညောင်ရွှေမြို့။ (ပဓာနစာပြု)
၃။ ဦးဝိစိတ္တသာရ (စာကူးစက်ရိုက်) ။ ။

ဝိဓသာဓကအဖွဲ့

၁။ ဆရာတော် ဦးသောဘိတ စိသတိဂဏသံဃသမ္မုတိဂိုဏ်းချုပ် ဆရာတော် ကျောင်းနီကျောင်း၊ဟဲ့ယာရွာမ၊အင်းလေး။
၂။ ဆရာတော်ဦးတေဇဝန္တ မိုင်းသောက် ဂိုဏ်းထောက်ဆရာတော် သလဲဦးခွဲခြမ်းကျောင်း၊ အင်းလေး။
၃။ ဆရာတော်ဦးသုမန ဝိနယာဒိနူဂ္ဂဟ သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ မြို့မရန်ကုန်ကျောင်း၊ ညောင်ရွှေမြို့။
၄။ ဆရာတော် ဦးဝိမလာဘိဝံသ နာယကဆရာတော် ကန်ကြီးပရိယတ္တိ စာသင်တိုက် ညောင်ရွှေမြို့။
၅။ ဆရာတော် ဦးသီလဝံသ နမ့်ပန်ဂိုဏ်းထောက်ဆရာတော် ဆည်ခေါင်းကျောင်း အင်းလေး။
၆။ ဦးကိုးခင် (သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်၊အတွင်းရေးမှူးချုပ်) သာစည်ရပ် ညောင်ရွှေမြို့။
၇။ ဦးမောင်မောင်လတ် (အငြိမ်းစားအမတ်ချုပ်) ညောင်ရွှေဟော်ကုန်းရပ်၊တောင်ကြီးမြို့။

နိဒါန်း

၈။ ဦးဘကျော် (အငြိမ်းစားပညာအုပ်) သာစည်ရပ်၊ ညောင်ရွှေမြို့။

၉။ ဦးရှို                     တောင်ရပ်၊ ညောင်ရွှေမြို့။

၁၀။ ဦးအုံ (သံဃာ့ဝေယျာဝစ္စ ဦးစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ) မင်္ဂလာ၂ရပ် ညောင်ရွှေမြို့။

ယင်းသို့ဖြင့် စာစုအဖွဲ့ စာပြုအဖွဲ့၊ ဝိသောဓကအဖွဲ့ ဟူသော အဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းပြီးလျှင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး နှစ်ပွဲထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ, ညောင်ရွှေနယ်လုံးဆိုင်ရာ ဝိသုတိဂဏသံဃာသမ္မုတိဂိုဏ်းချုပ်ဆရာတော် ဦးသောဘိတ က ဝိနယာဒိနုဂ္ဂဟသမိုင်းပြုစုရေးအဖွဲ့အားလုံး၏ မဟာနာယကဆရာတော်အဖြစ် ကြီးမှူးတော်မူပေသည်။

# ဝိနယာဒိနိဿယ(?)ပြုစုပုံ

# ဝိနယာဒိနှဂ္ဂဟာသမိုင်းပြုစုပုံ

၁။ စာစုအဖွဲ့က ဝိနယာဒိနိဂ္ဂဟာ စာပြန်ပွဲတော်ကြီးနှင့် ဆက်သက်သည့် စာရွက်စာတမ်း, မှတ်တမ်းမှတ်စုများ, ဓာတ်ပုံများနှင့် အချက်အလက်များကို ရှာဖွေစုဆောင်း၍ စာပြုအဖွဲ့သို့ ပေးပို့သည်။

၂။ စာစုအဖွဲ့ကပေးပို့သည့် စာရွက်စာတမ်း စသည်များကိုလည်းကောင်း၊ စာပြုအဖွဲ့တွင်ရှိပြီးဖြစ်သည့် စာရွက်စာတမ်း, စာအုပ်စသည်များကိုလည်းကောင်း အခြေခံ၍ ပထမအကြိမ် 'သမိုင်း(မူကြမ်း)' ကို အောက်ပါအတိုင်းအပိုင်းသုံးပိုင်းခွဲခြား၍ စာပြုအဖွဲ့က ရေးသား ပြုစုသည်။

(က) ပထမပိုင်း၊ (၁၂၉၄-ခုမှ၊ ၁၃၀၈-ခုနှစ် အထိ)။

(ခ) ဒုတိယပိုင်း၊ (၁၃၀၉-ခုမှ၊ ၁၃၂၃-ခုနှစ်အထိ)။

(ဂ) တတိယပိုင်း၊ (၁၃၂၄-ခုမှ၊ ၁၃၃၈-ခုနှစ်အထိ)။

၃။ အထက်ပါအတိုင်း ၁၅-နှစ်လျှင်တပိုင်း ခွဲခြား၍ ရေးသားပြုစုပြီးလျှင် ပထမပိုင်းပြီးသည့်အခါ ယင်းအပိုင်းကို(မိတ္တူ ၁၀-စုံ)ရိုက်ကူး၍ ဝိသောဓကအဖွဲ့ဝင်(၁၀)ဦးထံသို့ အသီးသီး ပေးပို့ တင်ပြသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းရေးသားပြီးသည့်အခါ၌လည်း ယင်းနည်းအတိုင်းပင် မိတ္တူများ ရိုက်ကူး၍ တင်ပြသည်။

၄။ စာပြုအဖွဲ့တင်ပြသော 'သမိုင်း-မူကြမ်း'ကို ဝိသောဓကအဖွဲ့ဝင်များက ဖတ်ရှုလေ့လာ၍ 'လိုအပ်သည်ကို ဖြည့်စွက်ခြင်း၊ ပိုလွန်သည်ကိုပယ်ဖျက်ခြင်း'စသည်ဖြင့် တည်းဖြတ်သုတ်သင်ပြင်ဆင်ပြီးလျှင် ဒုတိယအကြိမ်အပြီးသတ်အချောကိုင် ရေးသားရန်စာပြုအဖွဲ့သို့ ပြန်လည်ပေးပို့သည်။

၅။ ဝိသောဓကအဖွဲ့ဝင်များထံမှ ပြန်လည်ပေးပို့လာသည့်'သမိုင်း-မူကြမ်း'ကို စာပြုအဖွဲ့က ဒုတိယအကြိမ် အပြီးသတ်အချောကိုင် ပြန်လည်ရေးသားပြီးလျှင် ၁၃၃၇-ခုနှစ်,နယုန်လ ညောင်ရွှေမြို့ သဒ္ဓမ္မဇ္ဈောတိ သိမ်တော်ကြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ယင်းသမိုင်း(မူချော)ကို ဝိနယာဒိနိဂ္ဂဟာ စာပြန်ပွဲတော်ကြီး သမိုင်းပြုစုရေးအဖွဲ့အားလုံး၏ မဟာနာယက ဆရာတော်ဘုရား

ကြီးထံသို့ ၁၃၄၈-ခုနှစ်၊ နတ်တော်လဆန်း(၆)ရက်၊ (၂၄-၁၁-၇၉)စနေ နေ့တွင် အပ်နှံခဲ့ပေသည်။

၆။ ဝိနယာဒိနိဂ္ဂဟသမိုင်းပြုစုရေးအဖွဲ့ အားလုံး၏ မဟာနာယကဆရာ တော်ဘုရားကြီးက ၁၃၄၁-ခုနှစ်- နတ်တော်လဆန်း(၁၄)ရက်၊ (၂-၁၂- ၇၉)တနင်္ဂနွေနေ့တွင် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်း စောင့် ရှောက်ရေးအဖွဲ့ချုပ်များမှ ဆရာတော်များ၊ ဒါယကာများကို ညောင်ရွှေမြို့ နယ်အင်းလေးဒေသ ဟဲယာရွာမ ကျောင်းနီကျောင်းသို့ ပင့်ဖိတ်ပြီးလျှင် အစည်းအဝေး တရပ်ကို ကျင်းပတော်မူသည်။

ယင်းအစည်းအဝေး၌ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲ တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယက ဦးစီးအဖွဲ့ချုပ်မှ မဟာ နာယကဆရာတော်ကြီးများဖြစ်တော်မူကြသည့် တောင်ကြီးမြို့ ပထမတောင် ကျောင်းကြီးတိုက် မဟာနာယက 'အဂ္ဂမဟာပဏ္ဍိတ' သက်တော်ရှည် ဆရာတော် ဘုရားကြီး၊ ရွှေဥဒေါင်းတောင် တောရကျောင်းတိုက် မဟာနာယက သက် တော်ရှည် လွယ်မောဂိုဏ်းအုပ်ဆရာတော် ဘုရားကြီး၊ ညောင်ရွှေမြို့နယ် ခေါင် တိုင်ဆုတောင်းပြည့်ကျောင်း သက်တော်ရှည် ဆရာတော်ဘုရားကြီး၊ သံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ, ဟဲယာရွာမကျောင်းနီကျောင်း ညောင်ရွှေမြို့နယ် ဝိသုဒ္ဓါရာမ သံဃသမ္မုတိဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော်ဘုရားကြီး၊ သံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ညောင်ရွှေမြို့မ ရန်ကုန်ကျောင်းသက်တော်ရှည် ဆရာတော်ဘုရားကြီးများ အမှူးရှိသော ဆရာတော် သံဃာတော်ပေါင်း(၅၅) ပါး ကြွရောက်ချီးမြှောက်တော် မူကြသည်။

တောင်ကြီးမြို့ ပြည်နယ်သာသနာရေး ဦးစီးဌာနမှူး၊ ညောင်ရွှေမြို့ နယ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီယူနစ် ဥက္ကဋ္ဌ၊ ညောင်ရွှေမြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ၎င်းအတွင်းရေးမှူးနှင့် ကောင်စီဝင် လူကြီးများ၊ နိုင်ငံတော်ကောင်စီဝင် ဦးတင်အေး၏ ကိုယ်ရေးအရာရှိ(ပီ၊ အေ) ဦးသိန်းလွင်၊ ဝိနယာဒိနိဂ္ဂဟ သံဃဝေယျာဝစ္စ ဒါယကာ ဦးစီးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးများပါဝင်သော တောင်ကြီး, ညောင်ရွှေ၊ အင်းလေးတို့မှ ဝိနယာဒိ နိဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင် ဥပါသကာ ပေါင်း (၃၅) ဦးတက်ရောက်ကြပြီးလျှင် အထက် အဆိုပါ 'ဝိနယာဒိနိဂ္ဂဟ- စာပြန်ပွဲတော်ကြီးသမိုင်း (မူကြမ်း)' ကို ဆွေးနွေးတော်မူကြသည်။

၇။ ယင်းအစည်းအဝေးက အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ပေးတော်မူခဲ့သည်—

(က) ဝိနယာဒိနုဂ္ဂဟ သမိုင်းပြုစုရေးအဖွဲ့အားလုံး၏ မဟာနာယက ဆရာတော်ဘုရားကြီးထံ (စာပြုအဖွဲ့မှ) အပ်နှံထားပြီး ဖြစ်သည့် 'ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း (စာမူ)'ကို ဤအစည်းအဝေးက အားလုံးသဘောတူ အတည်ပြုတော်မူသည်။

(ခ) အထက်ပါ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း (စာမူ)ကို ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာဩဝါဒခံ ဦးစီးအဖွဲ့ချုပ်၏ 'မူပိုင်အဖြစ်' ပြုလုပ်တော်မူသည်။

(ဂ) အဆိုပါ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း (စာမူ)ကို ညောင်ရွှေမြို့နယ် ပြည်သူ့ကောင်စီ၏ ထောက်ခံချက်ဖြင့် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီမှ တဆင့် နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဝန်ကြီးဌာန (စာပေစိစစ်ဆေးရေးအဖွဲ့) သို့ တင်ပြ၍ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခွင့် တောင်းရန်။

(ဃ) အဆိုပါ 'သမိုင်း(စာမူ)'ကို ၁၃၄၃-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးအနှစ် ၅၀-ပြည့်ချိန်၊ အကြိမ် ၅၀- မြောက် အထိမ်းအမှတ် 'ရွှေရတုသဘင်' အောင်ပွဲတော်ကြီးအမီ စာအုပ်ရေ (၃၀၀၀) ပုံနှိပ်ထုတ်ဝေဖြန့်ချိရန် သမိုင်းစာစုအဖွဲ့နှင့် စာပြုအဖွဲ့အား တာဝန်ပေးတော်မူသည်။

(င) ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်းအတွက် အထွေထွေ ကုန်ကျသည့် စရိတ်များကို (၁၃၃၇-ခုနှစ်၊ နယုန်လပြည့်

ကျော် (၄) ရက်၊ (၂၇၊၆၊၇၅) နေ့ သဒ္ဓမ္မဋ္ဌိတိသိမ်တော်ကြီးအစည်းအဝေးက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အတိုင်း) ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်း စောင့်ရှောက်ရေး သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်က တာဝန်ယူရန်။ ။

အထက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်တော်မူပြီးလျှင် 'ဝိနယာဒိနုဂ္ဂဟာစာပြန်ပွဲတော်ကြီးသမိုင်းနှင့်ပတ်သက်၍ဆောင်ရွက်ရန်ရှိသောကိစ္စများကို သမိုင်းစာစုအဖွဲ့နှင့် စာပြုအဖွဲ့များအား သင့်လျော်သလိုဆောင်ရွက်ရန် ကိုလည်း အစည်းအဝေးမှ ခွင့်ပြုတော်မူသည်။

# စာပြုအဖွဲ့၏ကျေးဇူးတင်လွှာ

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်းကို ပြုစုရေးသားရာ၌ အထူးသဖြင့် ကျေးဇူးတင်ဂုဏ်ပြုရမည့်ပုဂ္ဂိုလ်ကို ရှေးဦးစွာ ဖော်ပြလိုပေသည်၊ ယင်းပုဂ္ဂိုလ်ကား ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်, အတွင်းရေးမှူးချုပ် ဦးဘိုးခင်ဖြစ်၏။

ဦးဘိုးခင်သည် ၁၂၉၄-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီးကို စတင်ကျင်းပခဲ့သည်မှစ၍ နှစ်စဉ်မပျက် ယခုထက်တိုင် စာပြန်ပွဲတော်ကြီး၌ပါဝင်ဆောင်ရွက်ဆဲဖြစ်၍ တဦးတည်းသော (ပွဲသက်ရှည်) ဥပါသကာကြီးဖြစ်ပေသည်၊ စာပြန်ပွဲတော်ကြီးနှင့်ပတ်သက်သည့် စာရွက်စာတမ်း, အစည်းအဝေးမှတ်တမ်း, စာပြန်ပွဲတော်ကြီး၏ စာရင်းဇယားများနှင့်တကွ ရတုကဗျာ, တေးထပ်, ရေစက်ချ, သြဘာစာစသော စာမူများကို မပျောက်မပျက်ရအောင် အသက်တမျှ တရိုတသေသိမ်းဆည်းထားသည့် ဝိနယာဒိနုဂ္ဂဟ သာသနစုဒ္ဒိမာမက ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပေသည်။

ထို့မှတပါး ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့်ပတ်သက်၍ အကြောင်းအရာအဖြစ်အပျက် အချက်အလက်များကို (ယခုအသက် ရှစ်ဆယ်ကျော်သည့်အရွယ်တိုင်အောင်) ခုနှစ်သက္ကရာဇ်နှင့်တကွ တိတိကျကျပြောဆိုညွှန်ပြနိုင်သည့် သတိမန္တ ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပေသည်၊ ဤဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်းကို ပြုစုရေးသားရန် စည်းဝေးဆုံးဖြတ်၍ စာစုအဖွဲ့၏ ညွှန်ကြားရေးမှူးအဖြစ် အစည်းအဝေးက တာဝန်ပေးအပ်သည့် အခါ၌လည်း (သား) မောင်သန်းညွန့် (လွင်ဟိုင်း) အား ညွှန်ကြား၍ 'ဃမိုင်းအတွက် ကောက်နုတ်ချက်များ' ကို ရေးသားစေပြီးလျှင် 'စာပြုအဖွဲ့' သို့ ပေးပို့ခဲ့ပေသည်၊ ထို့ကြောင့် အတွင်းရေးမှူးချုပ် ဦးဘိုးခင်အား အထူးကျေးဇူးတင် ဂုဏ်ပြုသည့်အနေအားဖြင့် ရှေးဦးစွာမှတ်တမ်းတင် ဖော်ပြရခြင်းဖြစ်ပေသည်။

(ဗ) **စာပြုအဖွဲ့၏ ကျေးဇူးတင်လွှာ**

ထို့ပြင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့်ပတ်သက်သမျှ စာရွက်စာတမ်း, ပြဋ္ဌာန်းချက်စာအုပ် စသည်များကို ဤသမိုင်းပဓာန စာပြုပုဂ္ဂိုလ်အရှင်ဝိလာသာဘိဝံသအား ပေးပို့အပ်နှံခဲ့သော (ကွယ်လွန်သူ)မဟာဒါန်ဝန်မင်း ဦးထွန်းလှိုင်အား လည်းကောင်း၊ ညောင်ရွှေစော်ဘွားကြီး ဆာစပ်မောင်လက်ထက် (၁၂၇၆၊ ၇) ခုနှစ်များတွင် ကျင်းပခဲ့သော ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး အကြောင်းကို ပြောပြသည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ လင်းကင်းရွာ ဆရာကြီး ဦးလုံအား လည်းကောင်း၊ ညောင်ရွှေ စော်ဘွားကြီး ဆာစပ်မောင်၏ ဘဏ္ဍာတော်ထိန်း, ငွေတိုက်စိုး အမတ်ထောက် ဦးငြိမ်း ရေးသားခဲ့သည့် "ညောင်ရွှေရာဇဝင်နှင့် စော်ဘွားကြီး ဆာစပ်မောင်၏ အတ္ထုပ္ပတ္တိစာတမ်းများ" ကို ငှါးရမ်းကြည့်ရှုလေ့လာခွင့်ပြုသည့် ညောင်ရွှေမြို့ သာစည်ရပ် မနုနဲ့ရီနှင့် နန္ဒဝန်ရပ် ဆရာမဒေါ်သိန်းမေ တို့အားလည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ထိုနည်းအတူ မော်ဘီမြို့ သာသနာသန့်ရှင်းရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးသို့ကြွရောက်ကြစဥ်ကရှမ်းပြည်နယ်တောင်ပိုင်း သံဃာ့ကိုယ်စားလှယ်တော်များ၏ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးအတွက် သီးသန့်ဆွေးနွေးသဘောတူချက်များကို ပြန်လည်မြွက်ကြားတော်မူသည့် နောင်ကားတောင်ကျောင်း ဆရာတော်အားလည်းကောင်း၊ ညောင်ရွှေသမိုင်းနှင့်သက်ဆိုင်ရာ မှတ်တမ်းတင် မြေပုံများနှင့် ဓာတ်ပုံများ, ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲနှင့်သက်ဆိုင်သည့် မှတ်တမ်းတင် ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးလှူဒါန်းသည့် ညောင်ရွှေမြို့နယ် လက်ထောက် ပညာရေးမှူး ဦးကျော်ညွန့်အားလည်းကောင်း၊ ရှေးဟောင်းဓာတ်ပုံများကို ငှါးရမ်းကူးယူခွင့်ပြုကြသည့် စေတနာရှင်အပေါင်းတို့အားလည်းကောင်း စာပြုအဖွဲ့က ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

| | |
|---|---|
| ၁၃၄၁-ခုနှစ်၊ | စာပြုအဖွဲ့ |
| တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်၊ | သာသနဝိပုလရွှေဂူစာသင်တိုက် |
| (၁၅၊၁၁၊၇၉)ကြာသပတေးနေ့။ | ညောင်ရွှေမြို့ |

တောင်ကြီးမြို့

ပထမ တောင်ကျောင်းကြီးတိုက် မဟာနာယက

(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဘုရားကြီး

ဦးနရိန္ဒ ၏

# သမ္ဘောဒနီယကထာ

ဆရာတော် အမိန့်ရှိလိုက်သည်၊

ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီး သမိုင်းပြုစုရေးအဖွဲ့က ပေးပို့သည့် "ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း (စာမူ)"ကို လေ့လာဖတ်ရှုကြည့်ရာ သမိုင်းစာပေတွင် ပါဝင်သင့်သည့် ခုနစ်သက္ကရာဇ်မှစ၍ စာပွဲတော်ကြီးနှင့်ပွဲ၏ တိုးတက်မှု-ဆုတ်ယုတ်မှုအဖြစ်အပျက် အချက်အလက်များ စုံလင်စွာပါဝင်သည်ကိုတွေ့ရပေသည်။

ထို့ပြင် ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်းဟု ဆိုသော်လည်း ယင်းစာပြန်ပွဲတော်ကြီး၏ အကြောင်းအရာမျှသာမက ညောင်ရွှေသမိုင်းနှင့်အတူ ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်၏ အကြောင်းအရာများ၊ ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်များ၏ အကြောင်းအရာများ၊ ညောင်ရွှေနှင့် မန္တလေး သာသနာရေးအားဖြင့် လည်းကောင်း, ရာဇဝင်ကြောင်းအားဖြင့်လည်းကောင်း ဆက်နွယ်လျက်ရှိပုံများကိုလည်း သိရှိရပေသည်။

## (ဘ) ဆရာတော်ဦးနရိန္ဒ၏ သမ္မောဒနီယကထာ

ထို့ပြင်တပါး ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ထူးခြားချက်များကို လည်းကောင်း၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးမတိုင်မီ ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်လက်ထက်က ကျင်းပပြုလုပ်ခဲ့သော 'ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး'၏ အကြောင်းအရာများကို လည်းကောင်း၊ ညောင်ရွှေမြို့နယ်၌ ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ် များတင်မြှောက်ပုံစသည့် အကြောင်းအရာများကိုလည်းကောင်း လေ့လာဖတ်ရှုရသဖြင့် ရာဇဝင်ရေး ဘာသာရေး သာသနာရေးများနှင့် အထွေထွေဗဟုသုတ တိုးပွားစေနိုင်သည့် သမိုင်းစာအုပ်ကောင်းတအုပ် ဖြစ်လိမ့်မည်ဟု ယုံကြည်မိပေသည်။

ပရိယတ္တိစာပေအလုပ်သည် ဗုဒ္ဓသာသနာတော်သုံးရပ် အခြေခိုင်ခံ့တည်တံ့ရေး အလုပ်ဖြစ်သည့်အပြင် ဗုဒ္ဓရှင်တော်မြတ်၏ အလုပ်ကို လုပ်ကိုင်နေခြင်းဖြစ်၍ ဆရာတော်တို့က ဝမ်းမြောက်ဝမ်းသာ အားပေးထောက်ခံပါကြောင်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ပုံ/ ဆရာတော် ဦးနရိန္ဒ

**အဂ္ဂမဟာပဏ္ဍိတ**

**ပထမတောင်ကျောင်းကြီးတိုက်**

**တောင်ကြီးမြို့။**

၁၃၄၁-ခုနှစ်၊
ပြာသိုလဆုတ် (၁၄)ရက်၊
(၁၅-၁-၈၀)နေ့။

ရှမ်းပြည်နယ် တောင်ပိုင်း

ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲယာရွာမ ကျောင်းနီကျောင်း

ညောင်ရွှေနယ်ဝိသတိဂဏသံဃသမ္မုတိဂိုဏ်းချုပ်ဆရာတော်၏

# သဒ္ဓမ္မောဒယနီကထာ

စိရံ ဒိပ္ပတု သဒ္ဓမ္မော၊

စိရံ ဌာတုံဟ နိမ္မလော၊

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ဟု ဆိုအပ်သော သဒ္ဓမ္မသည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, အဓိဂမသဒ္ဓမ္မအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပိဋကသုံးပုံဖြင့် သိမ်းရုံးရေတွက်အပ်သော မြတ်စွာဘုရား၏ စကားတော်အားလုံးသည် ပရိယတ္တိသဒ္ဓမ္မမည်၏၊ ခုံတင်တဆဲ့သုံးပါး, တဆဲ့လေးပါးသောခုဒ္ဓကဝတ်, ရှစ်ဆဲ့နှစ်ပါးသော မဟာခုဒ္ဓကဝတ်များနှင့် သီလ သမာဓိ ဝိပဿနာပညာတို့သည် ပဋိပတ္တိသဒ္ဓမ္မမည်၏၊ မဂ်ဖိုလ်နိဗ္ဗာန်တို့သည် အဓိဂမ (ပဋိဝေဓ) သဒ္ဓမ္မမည်၏။

ယင်းသဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို ချီးမြှောက်ခြင်းသည် အာမိသာနုဂ္ဂဟ- ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခြင်း၊ ဓမ္မာနုဂ္ဂဟတရားဖြင့် ချီးမြှောက်ခြင်း ဟုနှစ်မျိုး နှစ်စားရှိရာ 'ပရိယတ္တိဓမ္မောနာမ တိပိဋကမ္ပိ သဒ္ဓမ္မံ ပတိဋ္ဌာပေတိ (စူဠဝဂ္ဂ အဋ္ဌကထာ)' လာသည်နှင့်အညီ ပရိယတ္တိစာပေကျမ်းဂန်သင်အံ့ပို့ချ ဆောင်ရွက်မှတ်သားခြင်းသည် မြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို အရှည်တည်တံ့စေနိုင်ကြောင်း၊ အခြေခံကျကျ ချီးမြှောက်ရာရောက်ကြောင်း သိရှိတော်မူကြပြီး ဖြစ်ပေသည်။

စာမေးပွဲ စာပြန်ပွဲများပြုလုပ်ကျင်းပ ပေးခြင်းသည်လည်း ယင်းသဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို အာမိသဓမ္မဟူသော အနုဂ္ဂဟ နှစ်ပါးစုံဖြင့်

ချီးမြှောက် ပူဇော်ရာရောက်ကြောင်း သဘောပေါက်တော်မူကြပြီး ဖြစ်ပေသည်။

စာမေးပွဲ စာပြန်ပွဲဝင်လိုသည့် ရဟန်းသာမဏေတို့သည် ဝိနယ ပိဋက၊ သုတ္တန္တ ပိဋက, အဘိဓမ္မ ပိဋကဟူသော ပရိယတ္တိသာ ဒ္ဓမ္မကို သင်အံလေ့ကျက်ဆောင်ရွက်မှတ်သားတော်မူကြရင်း သိမ်းပြီးသော ဝိနည်းပညတ် အဓိသီလ သိက္ခာပုဒ်တော်များကို ကျင့်သုံးကြရပေသည်၊ သုတ္တန်ပိဋကတော်ကို သင်အံရင်း အဓိစိတ္တသိက္ခာကို လည်းကောင်း၊ အဘိဓမ္မပိဋကတော်ကို သင်းအံရင်း အဓိပညာ သိက္ခာကိုလည်းကောင်း ပွားများအောင် အားထုတ်ကြရပေသည်၊ ယင်းသို့ သဘောရှိသော အကျင့်ပဋိပတ်ဖြင့် ရသင့်ရထိုက်သော လောကုတ္တရာ တရားများကိုလည်း ရနိုင်ကြပေသည်။

ယင်းသို့ဖြစ်ရကား မြန်မာနိုင်ငံတော်၌ အဆက်ဆက်သော အစိုးရတို့သည် စာမေးပွဲ စာပြန်ပွဲများကျင်း၍ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို ချီးမြှောက်ခဲ့ကြလေသည်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရတို့သည်လည်း ပါဠိ ပထမပြန်စာမေးပွဲ, ဓမ္မာစရိယ စာမေးပွဲ, တိပိဋကဓရ စာမေးပွဲများကို ကျင်းပလျက် မြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို အားပေးချီးမြှောက်လျက် ရှိကြပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့၌ ဆရာဒကာတို့ စုပေါင်းကာ "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ စာပြန်ပွဲတော်ကြီး" ကို ပြုလုပ်ကျင်းပ၍ ဗုဒ္ဓမြတ်စွာ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို ချီးမြှောက်ခဲ့ကြပေသည်။

ဆရာတော်သည် အဆိုပါ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ စာပြန်ပွဲတော်ကြီး၌-၁၂၉၅ ခုနှစ်မှစ၍ ယနေ့တိုင် စာပြန်ပွဲတော်ကြီး၏ အကျိုးတော်ဆောင် အဖြစ်ဖြင့်၎င်း၊ ဥက္ကဋ္ဌ အဖြစ်ဖြင့်၎င်း၊ နာယက အဖြစ်ဖြင့်၎င်း အခြေအနေ အားလျော်စွာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ သာသနာတော်၏ အကျိုးကို သည်ပိုးရွက်ဆောင်လာခဲ့ခြင်းဖြင့် စာပြန်ပွဲတော်ကြီးနှင့် ရင်းနှီးခဲ့ပါသည်။

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်းကို ပြုစုရာ၌လည်း သမိုင်းပြုစုရေးအဖွဲ့အားလုံး၏ မဟာနာယကအဖြစ်ဖြင့်သမိုင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ညွှန်ကြားခဲ့ပါသည်၊ ဝိသောဓကအဖွဲ့ဝင် အနေဖြင့်လည်း

သမိုင်းစာပြုအဖွဲ့က တင်ပြသည့်မူကြမ်းများကို အစမှအဆုံးအထိ ဖတ်ရှုတည်းဖြတ်ပြင်ဆင်ပေးခဲ့ပါသည်။

သမိုင်းစာပြုအဖွဲ့က ဒုတိယအကြိမ် အပြီးသတ် အချောကိုပြန်လည်ရေးသားပြီးနောက် အပ်နှံလာသည့်သမိုင်း (မူချော) ကိုလည်း တကြိမ်ထပ်မံ၍ကြည့်ရှုလေ့လာခဲ့ရပြီးဖြစ်ပါသည်။

ယင်းသို့ဖြင့်—

၁။ ဤ ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီး သမိုင်း၌ ပါဝင်သည့် အကြောင်းအရာအချက်အလက်များမှာ ဆရာတော်ကိုယ်တိုင်တွေ့ထိသိရှိခဲ့ရသော မှန်ကန်သည့်အကြောင်းအရာ အချက်အလက်များဖြစ်ခြင်း။

၂။ ဤ သမိုင်းသည် ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီးအတွက်ငင်း၊ ညောင်ရွှေမြို့နယ်အတွက်ငင်း၊ ရှမ်းပြည်နယ်အတွက်ငင်း၊ ဗုဒ္ဓသာသနာတော်အတွက်ငင်း အားတက်ဖွယ် ဂုဏ်ယူဖွယ်ဖြစ်ခြင်း။

၃။ ဤ သမိုင်းသည် ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ လိုအပ်နေသည့်ကွက်လပ်တခုကို ပြည့်သွားစေခြင်း။

၄။ ဤ သမိုင်းသည် ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့်ရင်းနှီးတော်မူကြသည့် ဆရာတော် သံဃာတော်တို့နှင့် ဒါယကာ ဒါယိကာမတို့၏ သမ္မာဆန္ဒကိုပြည့်ဝစေခြင်း။

ဤသို့ အစရှိသော အကြောင်းတို့ကြောင့် ဆရာတော်အနေဖြင့် ဤသမိုင်းအပေါ်၌ အားရကျေနပ်မှု အပြည့်အဝရှိပါသည်။

"သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ၊ အာရာဓယန္တိ သဒ္ဓမ္မံ" ဟူသည်နှင့်အညီ ဆရာနှင့်ဒကာအချင်းချင်း အမှီပြုကြ၍တူညီသည့်သဒ္ဓါတရားဖြင့် မြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးကို စုပေါင်းပြုစုအားပေးချီးမြှောက်ကြခြင်း၏ အကျိုးအာနိသံသများကို ဒိဋ္ဌတွေ့မြင်ရသည်ဖြစ်ရကား ဤမည်သော "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း" ကို လေ့လာဖတ်ရှု၍ ဗုဒ္ဓသာသနာတော်

(လ) ဂိုဏ်းချုပ်ဆရာတော်၏ သမ္မောဒနီယကထာ

ကြိုး၍ ကြည်ညိုမှု သဒ္ဓါတရားတိုးပွားနိုင်ကြပါစေ— ဟူသော သမ္မာဆန္ဒ အာသီသဖြင့် ဝမ်းမြောက်ဝမ်းသာ "သမ္မောဒနီယ" စကားရေးသားလိုက် ရပါသတည်း။ ။

သဒ္ဓမ္မမည်၊ မြတ်ရောင်ခြည်၊ ရှည်ကြာလေးမြင့် ထွန်းစေသော်။

ညစ်ကြေးကင်းကွာ၊ သာသနာ၊ ရှည်ကြာလေးမြင့် တည်စေသော်။

၁၃၄၁–ခုနှစ်၊တပို့တွဲလဆန်း ၇–ရက်၊

(၂၃၊၁၊၈၀) ဗုဒ္ဓဟူးနေ့။

ဆရာတော် ဦးသောဘိတ

ဝိသုဒ္ဓါရုံ ဂိုဏ်းချုပ်ဆရာတော်

ကျောင်းနီကျောင်း

ဟဲယာ ရွာမ အင်းလေး

ညောင်ရွှေမြို့နယ်

ညောင်ရွှေမြို့-ကန်ကြီးပရိယတ္တိစာသင်တိုက်

နာယကဆရာတော်ထံမှ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးသမိုင်း

စာပြုအဖွဲ့သို့ပေးပို့အပ်သော—

# သမ္ဗောဒနီယကထာ

သမိုင်းဟူသည် အကြောင်းအရာတရပ်ကို အစဉ်မှတ်သားရအောင် ရေးသားသော စာပေမျိုးဖြစ်သည်။

အက္ခရာအကြောင်းအရာကို အစဉ်မှတ်သားရအောင် ရေးသားသော စာပေကို အက္ခရာသမိုင်း၊ ကမ္ဘာ့အကြောင်းအရာကို အစဉ်မှတ်သားရအောင် ရေးသားသောစာပေကို ကမ္ဘာ့သမိုင်းဟုခေါ်သကဲ့သို့ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော် အကြောင်းအရာကို အစဉ်မှတ်သားရအောင် ရေးသားထားသော ဤစာစောင်ကိုလည်း ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး သမိုင်းဟုခေါ်ဆိုထိုက်ပေသည်။

ဤသမိုင်းတွင် စာပြန်ပွဲတော်ကြီးအကြောင်းအရာလောက်ကိုသာကွက်၍တင်ဆက်ထားသည်မဟုတ်၊ စာပြန်ပွဲတော်ကြီးကျင်းပရာရှမ်းပြည်နယ်ညောင်ရွှေမြို့နှင့် အင်းလေးဒေသကို နောက်ခံထားပြီး သာသနာရေး ဆောင်ရွက်ချက်များနှင့် စာပြန်ပွဲတော်ကြီးအကြောင်းကို အသေးစိတ် ချယ်မှုံးထားသဖြင့် လှပသောပန်းချီကားကြီးတခုအသွင် ထင်မြင်မိပါသည်။

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကိုညောင်ရွှေမြို့တွင် ၁၂၉၄-ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ လာမည့် ၁၃၄၃-ခုနှစ်တွင် နှစ်(၅၀) ပြည့်တော့မည်ဖြစ်သည်၊ နှစ်(၅၀)ခရီးကိုဖြတ်သန်းလာခဲ့သည့် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော် အကြောင်းကို အပိုင်းသုံးပိုင်း ခွဲခြားတင်ဆက်ထားရာ ဤသမိုင်းစာစောင်က ရှမ်းပြည်နယ်သာသနာအကြောင်းကို မီးမောင်းထိုးပြသလိုရှိပါသည်။

ပထမပိုင်းတွင် ရှမ်းပြည်နယ် ပထဝီအနေအထား၊ ညောင်ရွှေ- (သို့မဟုတ်) မိုင်းယောင်ဝှေ့နှင့် အင်းလေးဒေသ သမိုင်း၊ ရတနာမာရ်အောင် စေတီတော်ကြီးနှင့် ဒေဒသစာရီ ကျောင်းတော်ကြီး အကြောင်းတို့ကို နောက်ခံအဖြစ်တင်ပြပြီး၊ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်ခမောင်နှင့် စဝ်ရွှေသိုက်တို့၏ ဘဝဖြစ်စဉ်နှင့် သာသနာရေးဆောင်ရွက်ခဲ့ကြပုံ၊ ဆရာဒကာ လက်တွဲ၍ စာပြန်ပွဲတော်ကြီးများကျင်းပခဲ့ကြပုံ အလုံးစုံကို ရေးချယ်ထားရာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ဒုတိယပိုင်းတွင် သာသနာ ၂၅၀၀-ပြည့်နှစ်က အင်းလေးဒေသ၌ ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ကိန်းဝပ်ရာ ကျောင်းတော်သစ်ကြီး ဆောက်လုပ်ပြီးသဖြင့် ကျောင်းသစ်တက်ပွဲအခမ်းအနားကြီး ကျင်းပခဲ့ပုံ၊ ၎င်းကျောင်းတော်သစ်ကြီး၌ ပြည်နယ်ပြည်မ ဆရာတော် သံဃာတော်များ စုပေါင်းကြွရောက်ကာ သံဂါယနာတင်ပွဲကြီး ကျင်းပခဲ့ကြပုံ၊ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ငွေရတုသဘင် ဆင်နွှဲခဲ့ကြပုံများကို အသေးစိတ်ဖော်ပြထားသဖြင့် ရှမ်းပြည်နယ် သာသနာ့ကျက်သရေကို တိုးတက်ပြောင်လက်စေနိုင်ပါသည်။

၎င်းပြင် ဖောင်တော်ဦး ရုပ်ရှင်တော်များနှင့် စပ်လျဉ်း၍ အင်းလေးကန်နှင့် ဆွဲလှေများ၏ အကြောင်းကိုလည်း သိကောင်းစရာဘက်စုံအနေဖြင့် ဖြည့်စွက်ထားသည်ကို တွေ့ရပါသည်။

တတိယပိုင်းတွင် ညောင်ရွှေမြို့နယ် သံဃာ့ဂိုဏ်းများ အကြောင်းနှင့် မန္တလေးခေတ် သာသနာပိုင် ဆရာတော်/ သုဓမ္မာဝင်ဆရာတော်ကြီးများ၏ အမိန့်စာချွန်တော်များကို ဖော်ပြထားသဖြင့် သာသနာ့သမိုင်းတွင် အဖိုးတန်လှသည့်ပြင် ရှမ်းပြည်နယ်၏ သာသနာအဆင့်ကိုလည်း အကဲဖြတ်ခွင့်ရရှိစေ-နိုင်ပါသည်။

ပင်ကိုယ်ကပင် အဆင့်မနိမ့်လှသော ရှမ်းပြည်နယ်သာသနာကို ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးက ပိုမိုတိုးတက်မြင့်မား လာစေခဲ့သည်မှာ ထင်ရှားလှပါသည်၊ စာပြန်ပွဲတော်ကြီး စတင်ကျင်းပသည့်အခါက စာပြန်ပွဲဝင်သံဃာမှာ ဆယ်ဂဏန်းမျှသာရှိခဲ့သော်လည်း ယနေ့တွင်မူ ထောင်ဂဏန်းအထိ တိုးတက်များပြားလာပုံကို ဇယားချ၍ ပြထားသဖြင့် အလွယ်တကူသိနိုင်ပါသည်။

ဇယားအရ အရေအတွက်သာ များသည်မဟုတ်-အရည်အချင်းဘက်မှလည်း တိုးတက်လာသည်သာ ဖြစ်ပါသည်၊ ရှမ်း– ဓနု- တောင်ရိုး- ပအိုဝ်.– အင်းအမျိုးသား စသောရှမ်းပြည်နယ်ဇာတိသား ရဟန်းသံဃာတော်များသည် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး၏ ပံ့ပိုးမှုကို အခြေခံ၍ပြည်မတွင် ကျော်စောထင်ရှား အဆင့်အတန်းမြင့်မားသည့် သကျသီဟ+ စေတိယင်္ဂဏ- အစိုးရဓမ္မာစရိယတန်းများကိုပါ ဆွတ်လှမ်းပန်ဆင် အောင်မြင်ခဲ့သည်ကို ဖတ်ရှုရပါသည်။

သို့ဖြစ်၍ ပြည်မနှင့် ယခင်က အဆင့်အတန်းကွာလှမ်းလျက်ရှိသော ရှမ်းပြည်နယ် သာသနာသည် ညောင်ရွှေစော်ဘွားကြီး အမှူးပြုသော ရှမ်းပြည်နယ်ဒကာ- ဒကာမများနှင့် ဆရာတော် သံဃာတော်များ၏ ကြိုးပမ်းမှုကြောင့် ပြည်မနှင့်မခြား တသားတည်း ဖြစ်လာကြောင်းကိုလည်း ထပ်ဆင့်သိရမည်ဖြစ်ပါသည်၊

အချုပ်အားဖြင့် ဤသမိုင်း စာစောင်သည်.........

(က) မန္တလေးနှင့် ညောင်ရွှေ ရာဇဝင်/သာသနာဝင်အရ ဆက်စပ်လျက်ရှိနေပုံကိုလည်းကောင်း၊

(ခ) ရတနာမာရ်အောင် စေတီတော်ကြီး နှင့် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ကျင်းပရာ ဒေသစာရီကျောင်းတော်ကြီး အကြောင်းကိုလည်းကောင်း၊

(ဂ) အင်းလေး ဖေါင်တော်ဦး ကျောင်းတော်သစ်ကြီးနှင့် ဖေါင်တော်ဦး ရုပ်ရှင်တော်မြတ် အကြောင်းကိုလည်းကောင်း၊

(ဃ) စော်ဘွားကြီး အမှူးပြုသည့် ဒါယကာ- ဒါယိကာမတစုနှင့် ဆရာတော် သံဃာတော် အရှင်မြတ်များ စိုက်ပျိုးတည်ထောင်ခဲ့သော ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးတည်းဟူသော သစ်ပင်ကြီးသည် ဆရာဒကာ အဆက်ဆက် လက်တွဲစုံပေါင်း ရေစင်လောင်းမှုကြောင့် ပထမပြန်– ဓမ္မာစရိယ- သကျသီဟ စေတိယင်္ဂဏဓမ္မာစရိယဟူသော အပွင့်အသီးတို့ဖြင့် ခိုင်ဖြိုးတင့်တယ်နေပုံကိုလည်းကောင်း၊

(င) ရှမ်းပြည်နယ်သာသနာ၏ ပြည်မသာသနာနှင့်မခြား ထွန်းကားတိုးတက်လျက် ရှိနေပုံကိုလည်းကောင်း၊

(ဠ) **နာယကဆရာတော်၏သမ္မောဒနီယကထာ**

(စ) ရှမ်းပြည်နယ်သူ/ နယ်သားများ၏ သာသနာပြုစုရေးတွင် လက်မနှေးကြပုံကိုလည်းကောင်း ပေါ်လွင်ထင်ရှားစေလျက်ရှိပါသည်။

သို့အတွက် ဤသမိုင်းစာစောင်သည် ရှမ်းပြည်နယ်၏ကျက်သရေ သာသနာတော်ကြီး၏ကျက်သရေကို တိုးတက်စေသည့်အပြင် စာဖတ်ပရိသတ် များအားလည်း သဒ္ဓါပသန္နဖြစ်ပွါး ဗဟုသုတမဂ်လာ ကြီးထွားလာစေနိုင်ရကား စာပြုအဖွဲ့၏ ကြိုးပမ်းချက်ကို နှစ်သက်အားရမိပါကြောင်း ဝမ်းမြောက်ဖွယ်ရာ သမ္မောဒနီယကထာစကား ပြောကြားအပ်ပါသည်။

ဦးဝိမလာဘိဝံသ
နာယက ဆရာတော်
ကန်ကြီးပရိယတ္တိစာသင်တိုက်
ညောင်ရွှေမြို့
ရှမ်းပြည်တောင်ပိုင်း

၁၃၄၁-ခု၊ နှောင်းတန်ခူး လဆန်း ၈ရက်၊
(၂၃-၃-၈၀)

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ

[ပထမပိုင်း]


၁။ ဝိနယာဒိနုဂ္ဂဟ အချီနိဒါန်း (မှ-တ)

၂။ ပြည်ထောင်စုဝယ် ရှမ်းပြည်နယ် ၁

၃။ ကမ္ဘောဇတိုင်း ၃၉-လုံးမိုင်း ညောင်ရွှေပြည်ကြီး ၂

၄။ ညောင်ရွှေမဖြစ်မီ-ကောသမ္ဘီ ၃

၅။ ရမ္မာဝတီ-အင်းနေပြည် ၄

၆။ တောင်ကြားကုန်းမြေ-မိုင်းယောင်ဇော ၅

၇။ ကမ္ဘောဇ နေဝင်ဘုရင် ၆

၈။ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်၏ ကောင်းမှုတော်များ ၈

၉။ ဆာစဝ်မောင်နှင့် တောင်ငူဘုရင်ခံရာထူး ၁၀

၁၀။ အဋ္ဌဗိသာခ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီး ၁၁

၁၁။ မြန်မာပညာရှိမင်း ဦးသန့်စင်၏ ကျောက်တော်ကြီးဘုရား မော်ကွန်း ၁၃

၁၂။ သစ်ထက်အကွာရာ-ပိဋကတ်စာများ ၁၄

၁၃။ စော်ဘွားကြီး ဆာ-စဝ်မောင်၏ ဘွဲ့ထူး ဂုဏ်ထူးများ ၁၇

၁၄။ ပရိယတ္တိစာပေပညာတော်သင် ရဟန်းတော်များ ၁၈

၁၅။ ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး ၅၀

၁၆။ ဗုဒ္ဓသာသနဟိတ-အကျိုးဆောင်အသင်းကြီး ၂၃

၁၇။ ၃၃-ဆက်မြောက် နောက်ဆုံး ညောင်ရွှေစော်ဘွားကြီး ၂၅

အကြောင်းအရာ စာမျက်နှာ


၁၈။ ဗုဒ္ဓသာသနာ့အရေး အစည်းအဝေးကြီး ၂၆
၁၉။ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲကျင်းပရက် ရွှေ့ရခြင်း ၃၁
၂၀။ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး ကျင်းပရန် ၃၃
၂၁။ ဝိနယာဒိနိဂ္ဂဟ အမည်ရခြင်း ၃၅
၂၂။ စာပြန်ပွဲတော်ကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက် ၃၆
၂၃။ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲ ပထမဆုံးအကြိမ် ကျင်းပခြင်း ၃၇
၂၄။ ဝိနယာဒိနိဂ္ဂဟ ဥက္ကဋ္ဌ, နာယက, အကျိုးဆောင်ဆရာတော်များ ၃၈
၂၅။ ဝိနယာဒိနိဂ္ဂဟ အာဒိကမ္မိက ပထမကျော် ၃၈
၂၆။ ဒုတိယနှစ်တွင် အတန်းပြင် ၄၀
၂၇။ ပညာတော်သင်ဆုများ ပြဋ္ဌာန်းထား ၄၁
၂၈။ အာဂုမ်ပြန်, ရေးဖြေ နှစ်ပွဲ-တူယှဉ်တွဲ ၄၃
၂၉။ စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ၄၄
၃၀။ ရှေးဦးအစ စာမေးပွဲအောင်ပန်းရ ပုဂ္ဂိုလ်များ ၄၆
၃၁။ တိုးတက်နှစ်စဉ် စာသဘင် ၄၇
၃၂။ အာဂုမ်ပြန်ပွဲတွင် အတန်းပြင် ၅၀
၃၃။ ကြီးကျယ်ခမ်းနား ဆင်ယင်ထား ၅၁
၃၄။ စာပြန်ချိန်သင့် အခမ်းအနားဖွင့် ၅၂
၃၅၊ အခမ်းအနားပိတ်ရန် ခွင့်တောင်းပန် ၅၄
၃၆။ ငါးနှစ်အတွင်း စာရင်းအချုပ် ၅၅
၃၇။ ပရိယတ္တိသာသနာ့ရန်ပုံ အလှူတော်ငွေ ၅၇
၃၈။ တဆယ့်ငါးနှစ်အတွင်း ပြောင်းလဲခြင်းများ ၅၇
၃၉။ ဝိနယာဒိနိဂ္ဂဟ အာဂုမ်ပြန် ပထမကျော်များ ၅၉

အကြောင်းအရာ စာမျက်နှာ


၄၀။ မမေ့နိုင်သည့် ဝိနယာဒိနုဂ္ဂဟသမိုင်းမှတ်တိုင်ကြီး ၆၀
၄၁။ ၁၃၀၇-ခုနှစ်၊ စာပြန်ပွဲတော် ဆွမ်းဒါယကာများ ၆၂
၄၂။ အာဒိကမ္မိက ဝိသေသ ပထမကျော် ဆရာတော် ၆၄
၄၃။ ၁၂-မျှမင်းတိုင်း လွတ်ငြိမ်းချမ်းသာခွင့်လက်မှတ် ၆၆
၄၄။ ခေတ်သစ်အစ ပထမသံဃာ့အစည်းအဝေးကြီး ၆၇
၄၅။ ညောင်ရွှေစော်ဘွားကြီး၏ သမ္မောဒနီယစကား ၇၁
၄၆။ ခေတ်သစ်အစ ဝိသေသ ပထမကျော်ဆရာတော် ၇၃
၄၇။ တဆယ့်ငါးနှစ်တာကာလကြာသော် ၇၅


(ဒုတိယပိုင်း)


၄၈။ သာသနာအတွက် တိုးတက်ဖို့ရာ နည်းလမ်းရှာ ၇၇
၄၉။ နည်းညွှန်လမ်းပြ ဥပဒေသများ ၇၈
၅၀။ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ၇၉
၅၁။ အတန်းသစ်အတွက် ပြဋ္ဌာန်းချက်ကျမ်းစာများ ၈၁
၅၂။ စာမေးပွဲအတွက် ထူးခြားချက်များ ၈၂
၅၃။ အထူးဆုတော် ချီးမြှင့်ရန် စည်းမျဉ်းဥပဒေများ ၈၃
၅၄။ မွေ့ဇေရိယ စာချတန်း တိုးချဲ့သတ်မှတ်ခြင်း ၈၄
၅၅။ ပြည်ထောင်စုကြီး ဖွဲ့စည်းသောအခါ ၈၅
၅၆။ ကိုယ်စားလွှဲအပ် စာပွဲတော်နှစ်ရပ် ၈၆
၅၇။ ဟော်နန်းဦးမှာ စာဖြေရာ ၈၇
၅၈။ မပေးစဖူး အခွင့်ထူးတရပ် ၈၈
၅၉။ အခွင့်ထူးကို လက်ဦးရယူသည့် ပုဂ္ဂိုလ် ၈၉
၆၀။ ၁၃၀၉-ခုနှစ်၊ ပထမကျော်အောင် ပုဂ္ဂိုလ်များ ၉၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၆၁။ အနာဂတ်အရေး မြော်ထောက်တွေး | ၉၁ |
| ၆၂။ အာဂုံမ်ပြန်ပွဲ နေ့ညဥ့်နွှဲ | ၉၂ |
| ၆၃။ နိုင်ငံတော်သမ္မတ စာပြန်ပွဲတော်သို့ ကြွ | ၉၃ |
| ၆၄။ ကျမ်းစာချင်း လှဲလှယ်ဖို့ရာ ခွင့်လမ်းသာ | ၉၄ |
| ၆၅။ တဆင့် တဆင့် စွမ်းရည်မြှင့် | ၉၅ |
| ၆၆။ ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ ဆရာတော်များ | ၉၆ |
| ၆၇။ ရှမ်းပြည်နယ်အစိုးရ အချိုးကျကူညီ | ၉၈ |
| ၆၈။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ညီလာခံကြီး၌ | ၉၉ |
| ၆၉။ လွှတ်တော်နာယက စာပြန်ပွဲတော်သို့ ကြွလာခြင်း | ၁၀၁ |
| ၇၀။ ၁၃၁၅—ခုနှစ်၊ စည်းဝေးဆုံးဖြတ်ချက်များ | ၁၀၂ |
| ၇၁။ အတိတ်ကာလနှင့် ပစ္စုပ္ပန်အခြေအနေ | ၁၀၃ |
| ၇၂။ ၁၃၁၅—ခုနှစ်၊ စာပြန်ပွဲတော်ကြီး သီးသန့် ဆွမ်းဒါယကာ | ၁၀၆ |
| ၇၃။ မော်ကွန်းတင်အပ် မှန်မြတ်စေတနာ | ၁၀၆ |
| ၇၄။ အောင်,စည်,နေ,ရာ ဝိနယာငွေရတု အောင်ပွဲပြုခါ | ၁၀၈ |
| ၇၅။ ဆင္ဃသံဂါယနာတင် မဟာဓမ္မသဘင်ကြီး | ၁၁၀ |
| ၇၆။ ဗမာညောင်ရမ်း—ရှမ်းညောင်ရွှေ | ၁၁၀ |
| ၇၇။ ပွဲတော်ကြီးသုံးပွဲ အမှုဆောင်အဖွဲ့ | ၁၁၁ |
| ၇၈။ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ ပြုပြင်မှု | ၁၁၃ |
| ၇၉။ ပြုပြင်ပြောင်းလဲမှု၏ ဦးတည်ချက် | ၁၁၄ |
| ၈၀။ ပြောင်းလဲမှုအတွက် ပေါ်ထွက်လာသည့်အကျိုး | ၁၁၆ |
| ၈၁။ ဝိနယာဒိနုဂ္ဂဟ ငွေရတုသဘင် အောင်ပွဲတော်ကြီး | ၁၁၇ |
| ၈၂။ ဒေါက်တာဦးသိန်းမောင်၏ သမ္မောဒနီယစကား | ၁၁၉ |
| ၈၃။ ပြည်နယ်, ပြည်မ-မျက်နှာစုံညီ-သံဃာ့အစည်းအဝေးကြီး | ၁၂၀ |

အကြောင်းအရာ စာမျက်နှာ

၈၄။ ဗုဒ္ဓသာသနာနှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီး ၁၂၂
၈၅။ ကောဇာသက္ကရာဇ်နှင့် သာသနာတော်နှစ် ၁၂၃
၈၆။ သာသနာနှစ် ၂၅၀၀-မဟာဓမ္မသဘင် ၁၂၄
၈၇။ အောင်ပွဲတော်မဟာ-သာသနဒါယကာများ ၁၂၈
၈၈။ ပြည်နယ်, ပြည်မတို့မှ အထူးပင့် ဆရာတော်များ ၁၃၀
၈၉။ ဖောင်တော်ဦး ရုပ်ရှင်တော်များ ကျောင်းတော်သစ်တက်ပွဲ ၁၃၅
၉၀။ ဖောင်တော်ဦးကျောင်းတော်သစ်ကြီး ဆောက်လုပ်ပြီးချိန် ၁၃၅
၉၁။ အခါတော် မဟာသမယနှင့် ပူဇော်ပွဲ ၁၃၇
၉၂။ ဥဩသံသာ မြတ်သံဃာတို့ မြန်မာ့ကန်သာခရီး ၁၃၀
၉၃။ အင်းလေးကန်မှ ဆွဲလှေဟူသည်မှာ ၁၃၉
၉၄။ ကြေးဦးမှ ကြိုဖူးဝန္ဒနာ ၁၄၁
၉၅။ အဘိနဝ ဝိဟာရရှင် မင်္ဂလာအခမ်းအနား ၁၄၂
၉၆။ ဖောင်တော်ဦးကျောင်းတော်သစ်ကြီးတွင် သံဃာယနာတင် ၁၄၄
၉၇။ သာလေးတောင်ကျောင်း ဆရာတော်၏ ပဋိသန္ဓာရစကား ၁၄၄
၉၈။ ခုနစ်ရက်အောင်ပွဲ ထပ်ဆင့်နွှဲ ၁၄၅
၉၉။ ဗုဒ္ဓသာသနာ ၂၅၀၀-ကျော်လွန်လာသော် ၁၄၇
၁၀၀။ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ အသီးအပွင့်များ ၁၄၉
၁၀၁။ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ အဖွဲ့အစည်းများ ၁၅၀
၁၀၂။ ဒုတိယပိုင်းအချုပ် ဇယားလုပ်သော် ၁၆၀

## (တတိယပိုင်း)

၁၀၃။ စာပြန်ပွဲတော်ကြီးအတွက် ဆုံးရှုံးရခြင်းများ ၁၆၃
၁၀၄။ သံဃာဩဝါဒခံ ဦးစီးအဖွဲ့ချုပ်၏ သဝဏ်လွှာ ၁၆၇
၁၀၅။ သာသနာပြု စာပြန်ပွဲ နှစ်စဉ်ကျင်းပမြဲ ၁၆၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၀၆။ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်နှင့် ဂိုဏ်းချုပ်တင်အစဉ်အလာ | ၁၇၁ |
| ၁၀၇။ ညောင်ရွှေနယ်၌ ဂိုဏ်းဟူသည်မှာ | ၁၇၁ |
| ၁၀၈။ သာသနာပိုင်ဆရာတော် ဦးဉေယျ၏ အမိန့်စာချွန်တော် | ၁၇၂ |
| ၁၀၉။ သုဓမ္မာဝင်ဆရာတော်ကြီးများ၏ အမိန့်စာချွန်တော် | ၁၇၃ |
| ၁၁၀။ တောင်တော် သာသနာပိုင်ဆရာတော်၏ အမိန့်စာချွန်တော် | ၁၇၄ |
| ၁၁၁။ ၎င်း–ဒုတိယအမိန့်စာချွန်တော် | ၁၇၅ |
| ၁၁၂။ ညောင်ရွှေစော်ဘွားကြီး၏ အမိန့်စာချွန်တော် | ၁၇၇ |
| ၁၁၃။ ညောင်ရွှေနယ် ဂိုဏ်းချုပ်ဆရာတော်များ | ၁၇၈ |
| ၁၁၄။ ရှေးအစဉ်အလာထက်ထူးခြားချက် | ၁၈၀ |
| ၁၁၅။ ဇော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ | ၁၈၂ |
| ၁၁၆။ စာဖြေဌာန ပြောင်းရွှေ့ရခြင်း | ၁၈၄ |
| ၁၁၇။ စာဖြေဌာန ထပ်ရွှေ့ရခြင်း | ၁၈၆ |
| ၁၁၈။ ပုစ္ဆကနှင့် စာထောက်စည်းမျဉ်းရေးဆွဲရေးအဖွဲ့ | ၁၈၇ |
| ၁၁၉။ ဝီသတိဂဏသံဃသမ္မုတိဂိုဏ်းချုပ် တင်မြှောက်ခြင်း | ၁၈၉ |
| ၁၂၀။ စာပြန်ပွဲတော်၏ နာယကဆရာတော်ကြီးများ | ၁၈၉ |
| ၁၂၁။ ပုစ္ဆကနှင့် စာထောက်ရွေးချယ်ရေး စည်းကမ်း | ၁၉၀ |
| ၁၂၂။ ဓမ္မာစရိယစာချတန်း ပြန်လည်ဖွင့်လှစ်ခြင်း | ၁၉၂ |
| ၁၂၃။ ဦးဦးဖျားဖျား ဓမ္မာစရိယတပါး | ၁၉၄ |
| ၁၂၄။ သံဃနာယကဦးစီးအဖွဲ့ တိုးချဲ့ခြင်း | ၁၉၆ |
| ၁၂၅။ ဝိနယာဒိနိဂ္ဂဟ ဝိသိဋ္ဌသိရီဓမ္မာစရိယ | ၁၉၇ |
| ၁၂၆။ အောင်ပွဲတော် ပုဗ္ဗကိစ္စအတွက် ရက်တိုးရခြင်း | ၁၉၉ |
| ၁၂၇။ ပြဋ္ဌာန်းချက်တွင်ကျမ်းစာပြုပြင် | ၂၀၁ |
| ၁၂၈။ ဂိုဏ်ထူးဆောင်တန်းသစ် ဖွင့်လှစ်ပေးခြင်း | ၂၀၃ |

အကြောင်းအရာ | စာမျက်နှာ


၁၂၉။ ဓမ္မာစရိယလေးပါး တိုးပွါးလာခြင်း ၂၀၅
၁၃၀။ ဂုဏ်ထူးဆောင်တန်းအတွက် ပြဋ္ဌာန်းချက် ၂၀၆
၁၃၁။ အစပဏထူး ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ၂၁၀
၁၃၂။ တတိယပိုင်းအချုပ် ဇယားလုပ်သော် ၂၁၄


## နောက်ဆက်တွဲ မာတိကာ


* ဝိနယာဒိနဂ္ဂဟ ဓမ္မာစရိယဆရာတော်တို့၏ အတ္ထုပ္ပတ္တိများ ၂၁၅
* မင်္ဂလာရတုပိုဒ်စုံနှင့် ဓာတ်ချ ဩဘာစာ စသည်များ ၂၅၁
* စာပြန်ပွဲတော် အခမ်းအနားဖွင့်, အခမ်းအနားပိတ် အခါဘော်ကြား လျှောက်ထားလွှာများ ၂၇၅
* ပဒေသနိဂုံး ၂၈၃

# သဒ္ဓါတရားနှင့်ပြည့်စုံသူ

ရဟန်းတို့ ထိုရတနာသုံးမျိုးတို့၏ မျက်မှောက်ထင်ရှားရှိသည့်အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား (သမီး)သည် များစွာသောကောင်းမှုကို ဖြစ်ပွားစေ၏။

အဘယ်သုံးမျိုးတို့နည်းဟူမူ—

(၁) ရဟန်းတို့ "သဒ္ဓါတရား"၏ မျက်မှောက်ထင်ရှားရှိ သည့် အဖြစ်ကြောင့် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား (သမီး) သည်များစွာသော ကောင်းမှုကို ဖြစ်ပွားစေ၏။


(၂) ရဟန်းတို့ "အလှူဝတ္ထု"၏ မျက်မှောက်ထင်ရှားရှိသည့် အဖြစ်ကြောင့် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား (သမီး) သည်များစွာသော ကောင်းမှုကိုဖြစ်ပွားစေ၏။

(၃) ရဟန်းတို့ "အလှူခံပုဂ္ဂိုလ်"၏ မျက်မှောက်ထင်ရှားရှိသည့် အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသောအမျိုးကောင်းသား (သမီး) သည်များစွာသော ကောင်းမှုကို ဖြစ်ပွားစေ၏။

ရဟန်းတို့ ဤတရားသုံးမျိုးတို့၏ မျက်မှောက် ထင်ရှားရှိသည့် အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား(သမီး) သည် များစွာသောကောင်းမှုကို ဖြစ်ပွားစေ၏။


[အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန်၊ တိကနိပါတ်၊ စူဠဝဂ်၊ သမ္မုခီဘူတသုတ်။]

A



ညောင်ရွှေမြို့ ရတနာမာန်အောင် စေတီတော်ကြီး ပုံတော်

[illegible]



၂



ဝိနယာဒိ နဂ္ဂဟ စာပြန်ပွဲတော်ကြီး မဟာနာယက _ ရွှေဥဒေါင်းတောင်
ဋတောရ ဆရာတော်ဘုရားကြီး



ဝိနယာဒိနဂ္ဂဟ စာပြန်ပွဲတော်ကြီး မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ)
တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက် ဆရာတော်ဘုရားကြီး




ညောင်ရွှေမြို့ ရတနာမာရ်အောင်စေတီတော်ကြီးနှင့် ,အင္ဂဒိသာ မဓမ္မဝိဟာရ
ဒေသစာရီကျောင်းတော်ကြီး ဒါယကာ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်နှင့်မဟာဒေဝီ



ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်



ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီး ကျင်းပရာ ညောင်ရွှေ ဟော်နန်းတော်ကြီး




ငြနှယ: ဦးငှ့ဟ ေဧေးဲ့ဝေတ်ကြီးတၠင်းရေ ညောင်ရွှေမြို့ ရန်ကုန်ကျောင်းတိုက်ကြီး



ကျားချုပ် လင်းကင်းကျောင်း ဆရာတော်



ဗိန္ဒောကျောင်းဆရာတော်



ဝိနယဒိန္န စေ‌ငြငး်ပွဲတော်ကြီးနှစ်ပွဲ ထိန်းသိမ်းစေ‌ာင့်ရှောက်ရေး
သံဃာ့ဦးစီးအဖွဲ့ချုပ် မဟာနာယကဆရာတော်ကြီးများ။
ဝဲမှယာ-(၁) ပင်မှီ တောရဆရာတော်။ (၂) ပင်မွန်းဂိုဏ်းချုပ်ဆရာတော်။
(၃) ကျော့ာက်တန်း ဂိုဏ်းချုပ်ဆရာတော်၊ (၄) ခေါင်တိုင်ဆုတောင်းပြည့်ဆရာတော်။




သက်တော် (၇၀) ဝါတော် (၅၀) ရှိ ညောင်ရွှေမြို့နယ်လေးရပ်လုံးဆိုင်ရာ
သံဃာရာဇာ ဂိုဏ်းချုပ် ဆရာတော် . . .
( ဦး အာ စ ရ ။ )



ဝိနယာဓိုရ်ဂ္ဂဟ စာပြန်ပွဲတော်ကြီးနှစ်ပွဲ ထိန်းသိမ်းစောင့်ရှောက်ရေးသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးများ။
ဝဲမှယာ (၁) အင်းလေးဟဲယားရွာကျောင်းနီကျောင်းညောင်ရွှေနယ်ဂိုဏ်းချုပ် ဆရာတော် (ပ ဥက္ကဋ္ဌ)
(၂) ညောင်ရွှေမြို့မ ရန်ကုန်ကျောင်းဆရာတော် (ဒု-ဥက္ကဋ္ဌ)




ဝိနယာဓိနုဂ္ဂဟစာချဲ့တော်ကြီးသက်တော်ရှည်
အကျုံးတော်ဆောင်သလ္လိုင်းခွဲခြမ်း ဆရာတော်



ဝိနယာဓိနုဂ္ဂဟ စာချဲ့တော်ကြီး အကျုံးတော်ဆောင်ချုပ်
သာလေးတောင်ကျောင်းဆရာတော်ဦးနေမိန္ဒာဘိဝံသ



ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီး ပုစ္ဆာစိစစ်ရေးအဖွဲ့ဝင်ဆရာတော်များ



ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီး ကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များ




ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီး နာယကဦးကုဏ္ဍ အကျိုးတော်ဆောင်အရာရှိများ
(စာပြန်ပွဲကြီးကြပ်ရေးအဖွဲ့)




ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီး ပုစ္ဆကနှင့် စာထောက်စာမဆရာတော်များ




ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီး၊ စာ (မိတ္တူ) ကူး အဖွဲ့ ဆရာတော်များ




ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး သံဃာတော်များစာပြန်နေကြပုံ




ဝိ နယာဒိနုဂ္ဂဟအာဂုမ်ပြန်ပွဲတော်ကြီး သံဃာတော်များ အာဂုမ်ပြန်ဆိုရန်ကြွဝင်လာကြပုံ




ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးထိန်းသိမ်းစောင့်ရှောက်ရေး သံဃာသြဝါဒခံဦး စီးအဖွဲ့ချုပ်




ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီး
ဦးဘိုးခင် အတွင်းရေးမှူးချုပ်၊ ဦးအုံး ဥက္ကဋ္ဌ



ညောင်ရွှေမြို့ ဗုဒ္ဓသာသနဟိတအသင်းလူကြီးများ



ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး သံဃာတော်များအာဂုမ်ပြန်ပွဲဝင်ရန်
နှတ်လမ်း၌ ခေတ္တစောင့်ဆိုင်းနေကြပုံ



ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးထိန်းသိမ်းစောင့်ရှောက်ရေး
သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ဘဏ္ဍာရေးအဖွဲ့ဝင်



ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးဆွမ်းကျွေးအဖွဲ့ဝင်



ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီး ဧည့်ခံကြိုဆိုရေးနှင့် ဆွမ်းကျွမ်းဝေယျာဝစ္စအဖွဲ့ဝင်

# ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော

ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီး သမိုင်း

# ပထမပိုင်း

## (၁၂၉၄–ခုနှစ်မှ ၁၃၀၈–ခုနှစ်အထိ)

### ပြည်ထောင်စုဝယ် ရှမ်းပြည်နယ်။

ကောဇာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊(ခရစ်သက္ကရာဇ် ၁၉၇၄–ခုနှစ်)တွင် အသစ်တဖန် ပြန်လည်ဖွဲ့စည်းအပ်သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကြီး၌–

| | |
|---|---|
| ၁။ ကချင်ပြည်နယ်။ | ၂။ ကယားပြည်နယ်။ |
| ၃။ ကရင်ပြည်နယ်။ | ၄။ ချင်းပြည်နယ်။ |
| ၅။ စစ်ကိုင်းတိုင်း။ | ၆။ တနင်္သာရီတိုင်း။ |
| ၇။ ပဲခူးတိုင်း။ | ၈။ မကွေးတိုင်း။ |
| ၉။ မန္တလေးတိုင်း။ | ၁၀။ မွန်ပြည်နယ်။ |
| ၁၁။ ရခိုင်ပြည်နယ်။ | ၁၂။ ရန်ကုန်တိုင်း။ |
| ၁၃။ ရှမ်းပြည်နယ်။ | ၁၄။ ဧရာဝတီတိုင်း။ |

ဟု ဆိုအပ်သော တိုင်းကြီး ၇–တိုင်းနှင့် ပြည်နယ်ကြီး ၇–ပြည်နယ်တို့ ပါဝင်ကြလေသည်။

အထက်ပါပြည်နယ်ကြီး ၇–ပြည်နယ်တို့တွင် ရှမ်းပြည်နယ်ဟူသည်မှာ- ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အရှေ့ဘက်ပိုင်းတွင်တည်ရှိ၍–

၁။ မြောက်ဘက်တွင် ကချင် ပြည်နယ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်။

၂။ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်၏ ယူနန်ပြည်နယ်။

၃။ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ယူနန်ပြည်နယ်နှင့် လော (လာအို) နိုင်ငံတော်။

၄။ အရှေ့တောင်ဘက်နှင့် တောင်ဘက်တွင် ယိုးဒယား (ထိုင်း)နိုင်ငံတော်။

၅။ အနောက်တောင်ဘက်တွင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်။

၆။ အနောက်ဘက်တွင် မန္တလေးတိုင်း။

၇။ အနောက်မြောက်ဘက်တွင် စစ်ကိုင်းတိုင်းတို့၏ နယ်နိမိတ်များနှင့် နယ်နိမိတ်ချင်း ဆက်စပ်ဝန်းရံလျက် ရှိသော "ပဌဝီ"ကုန်းမြေမြင့် ဒေသကြီး တခုဖြစ်ပေသည်။

ယင်းရှမ်းကုန်းမြေမြင့်ဒေသကြီးမှာ ပျမ်းမျှခြင်းအားဖြင့် ပင်လယ်ရေပြင်မှ အထက်သို့ ပေပေါင်း ၃၀၀၀ (သုံးထောင်)မှ ၄၀၀၀ (လေးထောင်)အထိ မြင့်တက်၍ တောတောင်ထူထပ်သောဒေသကြီးဖြစ်ပေသည်၊ အကျယ်အဝန်း အားဖြင့်ကား စတုရန်းမိုင်ပေါင်း ၆၁၁၂၃ (ခြောက်သောင်း, တထောင့်, တရာ့,နှစ်ဆယ့်,သုံးမိုင်ရှိလေသည်၊ လူဦးရေအားဖြင့်မူ ၃၁၇၈၂၁၄ (သုံးသန်း,တသိန်း,ခုနစ်သောင်း,ရှစ်ထောင့်,နှစ်ရာ့,တဆယ့်,လေးဦး ရှိလေသည်။

ရှမ်းပြည်နယ်၌ အရှေ့ပိုင်း၊တောင်ပိုင်း၊ မြောက်ပိုင်းဟုသုံးပိုင်းရှိလေရာ ညောင်ရွှေမြို့သည် ရှမ်းပြည်နယ် တောင်ပိုင်း (ယခင် တောင်ကြီးခရိုင်အတွင်း) ၌ပါဝင်၍ ယခုအခါ ညောင်ရွှေမြို့နယ် ပြည်သူ့ ကောင်စီရုံးစိုက်ရာမြို့ ဖြစ်ပေသည်။

ကမ္ဗောဇတိုင်း ၃၉ လုံးမိုင်း ညောင်ရွှေပြည်ကြီး။

ရှေးပဝေသဏီကမူညောင်ရွှေသည် "ရှမ်းပြည်ထောင်အစ-မိုင်းမောက" ဟူသောစကားအရ ပုဂံခေတ်မှ ငထမအောင်းဝခေတ်အထိ မိုင်းမောဒေသမှအစ ပြု၍ တဖြည်းဖြည်းတိုးတက်ထွန်းကားလာခဲ့သော (၁) မိုးကောင်းပြည်ကြီး၊ (၂) မိုးမိတ်ပြည်ကြီး၊ (၃) မိုးညှင်းပြည်ကြီး၊ (၄) ကလေးရာဇဂြိုဟ်ပြည်ကြီး၊ (၅) သိန္နီပြည်ကြီး၊ (၆) အုန်းပေါင် သီဘောပြည်ကြီး၊ (၇) မိုးနဲပြည်ကြီး၊ (၈) မိုးဗြဲပြည်ကြီး၊ (၉)ညောင်ရွှေပြည်ကြီး ဟူသော မော ကိုး ပြည်ထောင်စုတွင် ပါဝင်ခဲ့သည်သာမက တိုင်းကြီး ၁၆= တိုင်းတို့ဖြင့် ဖွဲ့စည်း

သော နှောင်းတခေတ်၌လည်း ကမ္ဘောဇ တိုင်းကြီးတွင် ပါဝင်၍ အရန်မြို့ ပေါင်း (၃၉) မြို့ရှိသောကြောင့် ''၃၉–လုံးမိုင်း- ကမ္ဘောဇရဋ္ဌ ညောင်ရွှေ ပြည်ကြီး''ဟု ခေါ်ဝေါ်သမုတ်ခံလာခဲ့ရသည့် ဗဟိုမြို့ကြီး တမြို့လည်း ဖြစ်ခဲ့ ပေသည်။

အထက်ပါ မောကိုးပြည်ထောင်တို့၌ ''ရှမ်းမင်းအစ ဘိန္နက''ဟူသော စကားအတိုင်း ဘိန္နကရာဇာမင်းမြတ်မှအစပြု၍ အစဉ်မပြတ် စိုးစံခဲ့ကြသော မဟာနွယ်သနင်း မောမင်းအပေါင်းတို့သည် ထီးဖြူ,ရာဇပလ္လင်,ဥကင်ဖွင့်လှစ် ပဒေသရာဇ်မင်းအဖြစ်ဖြင့် စိုးစံအုပ်ချုပ်ခဲ့ကြလေသည်။

## ညောင်ရွှေမဖြစ်မီ ကောသမ္ဘီ။

မိုင်းမောဒေသ၌ ဘိန္နကရာဇာ မောမင်းတို့ အစဉ်အဆက် မင်းပြုအုပ် ချုပ်စိုးစံလျက်ရှိနေချိန်တွင် ထိုမင်းတို့၏ အဆက်အနွယ်ဖြစ်သော စော်ဘွား တဦးသည် ညောင်ရွှေဟူ၍ မဖြစ်ပေါ်မီ ယခုညောင်ရွှေမြို့၏ မြောက်ဘက် လေးမိုင်ကျော်ရှိ ပေါ်ရိသတ်စေတီတော်ကြီး၏အနီး ယင်းစေတီ တော်ကြီး၏ မြောက်ဘက်တွင် မြို့ကြီးတွင်းခေါ် အရပ်၌ (ရှမ်းဘာသာဖြင့်) ကော့ဆံပြီ၊ (မြန်မာအသံဖြင့်) ကောသမ္ဘီဟု အမည်တွင်သော မြို့ကြီးကို တည်ထောင်၍ အုပ်ချုပ်စိုးစံခဲ့လေသည်။

ယင်း ကောသမ္ဘီမြို့၏ နယ်နိမိတ်များမှာ–

(၁) အရှေ့သို့သွားသော်ပွန်းချောင်း ကောက်ကောက်စင်းစင်း မိုးနဲ့ နယ်မြေအစပ်။

(၂) တောင်သို့လာသော် သံလွင်မြစ်အထိ မိုင်းပဲ့ကြီး (မိုးပြဲ) နယ် မြေအစပ်။

(၃) အနောက်တောင်သို့လာသော် တောင်ငူ, ရွှေကျင်, မုတ္တမနယ် မြေနှင့် အစပ်။

(၄) အနောက်သို့လာသော် စမုံကောက်ကောက်စင်းစင်း, သလ္လာ ဝတီမြစ်အခြား, သီပေါ, မိုးမိတ်နယ်မြေတို့နှင့် အစပ်။

(၅) အရှေ့မြောက်သို့ လာသော် သိန္နီနယ်, မိုးနဲ့နယ်မြေတို့နှင့် အစပ်။

၎င်းအလားငါးရပ်မှာ ကောသမ္ဘီမြို့၏ နယ်နိမိတ်များ ဖြစ်ပေသည်။

## ရမ္မာဝတီ အင်းနေပြည်

မြန်မာနိုင်ငံတော်၌ အနော်ရထာမင်းစော၏ မြစ်တော် ကျန်စစ်သား မင်းတရား၏ မြေးတော်ဖြစ်သော အလောင်းစည်သူမင်းကြီးလက်ထက် ကောဇာသက္ကရာဇ် (၄၇၅) ခု လောက်တွင် တရုတ်တရက်တို့ ဝင်ရောက်ဖျက်ဆီးခြင်းကြောင့် အဆိုပါ ကောသမ္ဘီမြို့ကြီး ပျက်စီးလေလျှင် အထက်အဆိုပါ မောမင်းတို့၏ အဆက်အနွယ်ဖြစ်သော စော်ဘွားတို့သည် ကောသမ္ဘီမြို့မှ တောင်ဘက်သို့ ရွှေ့ပြောင်းပြီးလျှင် (ယခု မိုင်းသောက်အင်းရွာနှင့် သလဲဦးအင်းရွာတို့၏အကြား ပေပင်အင်းရွာ၏ အနောက်ဘက်) အင်းရေပြင်၌ "ရမ္မာဝတီ"မည်သော မြို့သစ်ကို တည်ထောင်လျက် အုပ်ချုပ်စိုးစံခဲ့ကြလေသည်။

နောက်ကာလတွင် ရမ္မာဝတီမြို့၏ အနောက်မြောက်ဘက် ဒေသရှိ ဟဲဟိုး သီပေါင်နယ် (ငုတ်တောင်)ကမှ တောင်ပြိုခြင်းကြောင့် (ယခု ဖုန်းအင်းဟုခေါ်သော ဟဲဟိုးချိုင့်ဝှမ်းဒေသရှိ) အင်းရေများအရှေ့ဘက်သို့ ကျဆင်းလာပြီးလျှင် တောင်ဘက် ညောင်ရွှေအင်းသို့ စီးဝင်ခဲ့သဖြင့် ညောင်ရွှေအင်း၌ ရေများ တိုးတက်များပြားလာလေသည်။ ထိုအခါ ရမ္မာဝတီမြို့မှာလည်း ရေဘေးကြောင့် ပျက်စီးရပြန်သဖြင့် ထိုမှတဖန် အရှေ့မြောက်ဒေသ မန်ကျည်းစဉ် ပန်းဖယ်အရပ်သို့ ရွှေ့ပြောင်း၍ မြို့ပြတည်ထောင်ကာ စိုးစံခဲ့ကြလေသည်။

မှတ်ချက်။ ။ကောသမ္ဘီမြို့ဟောင်းနှင့် မန်ကျည်းစဉ်ပန်းဖယ်မြို့ဟောင်းနေရာများ၌ အုတ်မြို့ရိုးဟောင်းကြီးများကိုရင်း၊ ရမ္မာဝတီမြို့ဟောင်းနေရာ၌ အင်းရေပြင်အောက်တွင် နန်းတော် (အိမ်တော်)၏ တိုင်ငုတ်ကြီးများကိုရင်း ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်၊ ယင်းနေရာကို "အိမ်တော်ရာ"ဟု အင်းလေးသူ-အင်းလေးသားတို့က ခေါ်ဝေါ်ကြသည်။

## တောင်ကြားကုန်းမြေ—မိုင်းယောင်ဝေ့

ယင်း မန်ကျည်းစဉ် ပန်းဖယ်မြို့၌လည်း စော်ဘွားမင်းတို့ကပင် အဆက်ဆက် အုပ်ချုပ်စိုးစံခဲ့ကြရာ ယင်းတို့အနက် "ဆီဆိုင်ဘွား" အမည်ရှိသော စော်ဘွားသည် "ရွှေညောင်ပင်ပေါက်ရာအရပ်၌ မြို့သစ်တည်ထောင်၍ စိုးစံ

လျှင် မြို့သက်ရှည်ကာ ဗုဒ္ဓသာသနာလည်း ရောင်ဝါထွန်းတောက်လိမ့်မည်'' ဟူသော အိပ်မက်အရ မြို့သစ်တည်ထောင်ရန် ဆန္ဒပြင်းပြခဲ့ရကား ပညာရှိ မှူးတော် မတ်တော်များကို မြို့နေရာရှာဖွေရန် ပတ်ဝန်းကျင်ဒေသများသို့ စေလွှတ်ခဲ့လေသည်၊ ထိုအခါ ပညာရှိ မှူးတော်, မတ်တော်တို့သည် မန်ကျည်းစဉ် ပန်းဖယ်မြို့မှ အနောက်မြောက်အရပ်ဝယ် (ယခု ညောင်ရွှေမြို့ ရတနာမာရ်အောင် စေတီတော်ကြီး၏အနောက်ဘက်ရှိ ရွှေတောင်ငူ(ဦး)စေတီတော်ကြီး တည်ရှိရာ) ''ဣဿရိယကုန်းမြေ''ကို တွေ့ရှိကြလေသည်၊ ထို ဣဿရိယကုန်းမြေပေါ်ဝယ် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည့် ဗောဓိညောင်ပင်ကိုလည်း တွေ့မြင်ကြရသဖြင့် ထိုအကြောင်းကို စော်ဘွားကြီး ဆီဆိုင်ဘွားထံ ပြန်လည်တင်ပြ လျှောက်ထားခဲ့ကြလေသည်။

ယင်းသို့ တင်ပြလျှောက်ထားချက်အရ စော်ဘွားကြီ ဆီဆိုင်ဘွားသည် မန်ကျည်းစဉ် ပန်းဖယ်မြို့မှ ရွှေ့ပြောင်းခဲ့ပြီးလျှင် အဆိုပါ ရွှေညောင်ပင်ပေါက်ရာ ဣဿရိယကုန်းမြေ၏ အနောက်ဘက် (ယခု ဟော်ဟောင်းကွင်းခေါ် လွတ်လပ်ရေးကျောက်တိုင် စိုက်ထူထားရာ)အရပ်၌ ကောဇာသက္ကရာဇ်(၇၅၁)ခုနှစ်ရာ, နှစ်ဆယ်, တခုနှစ်တွင်—

(၁) အရှေ့သို့လားသော် တောင်တန်းကြီးအထိ။

(၂) တောင်သို့လားသော် မိုင်းသောက်အထိ။

(၃) အနောက်သို့လားသော် တောင်တန်းကြီးအထိ။

(၄) မြောက်သို့လားသော် တာရောလမ်း(စခန်းကြီး)အထိ။

ဤအလားလေးရပ်အတွင်းရှိ နယ်မြေကို မြို့တွင်းနယ်မြေဟု သတ်မှတ်ပြီးလျှင် ဆင်ခြေဖုံးငါးရပ်ခွဲခြား၍ မြို့သစ်ကို တဖန်တည်ထောင်ကာ အုပ်ချုပ်စိုးစံခဲ့လေသည်။

မြို့တော်သစ်၏ မင်္ဂလာရှိသော အရှေ့အရပ်တွင် ဣဿရိယကုန်းတော်ရှိ၍ ယင်းကုန်းတော်ပေါ်ဝယ် ရွှေအဆင်းရှိသော ဗောဓိညောင်ပင်ပေါက်သည်ကို အစွဲပြု၍ မြို့တော်သစ်၏အမည်ကို ''ညောင်ရွှေမြို့''ဟု ရှေးသူဟောင်းတို့ မှည့်ခေါ်ခဲ့ကြသဖြင့် ထိုအမည်သည် ယနေ့တိုင်အောင် တွင်လျက်ရှိလေသည်။

ထို့ပြင် မြို့တော်သစ်၏ နယ်နိမိတ် အလားလေးရပ်တို့တွင် အရှေ့ဘက်နှင့် အနောက်ဘက်နယ်နိမိတ်များမှာ တောင်နှင့်မြောက် သွယ်တန်းတည်ရှိ

နေသည့် တောင်တန်းကြီးနှစ်သွယ်ဖြစ်ခြင်းကြောင့် မြို့တော်သစ်တည်နေရာ မြေမှာ ယင်း တောင်တန်းနှစ်သွယ်၏အလယ်၌ရှိသော ကုန်းမြေဖြစ်၍ နေ၏၊ ယင်းသို့ဖြစ်ရကား မြို့တော်သစ်၏အမည်ကို ''မိုင်းယောင်ဝေ့''(တောင်ကြား ကုန်းမြေမြို့)ဟုလည်း ရှမ်းဘာသာဖြင့် ပညာရှိတို့ မှည့်ခေါ်ခဲ့ကြလေသည်။

မြို့တော်သစ်၏ ဆင်ခြေဖုံးငါးရပ်မှာ–အရှေ့ဘက်၌ တိလောစခန်း ကြီးတိုက်နှင့် တောင်ခြေ (မြင်းစာခွံ့)တိုက်၊ အနောက်ဘက်၌ တောင်ပို့ကြီး တိုက်၊ နန်းသဲတိုက်နှင့် ရွာသာတိုက်များ ဖြစ်သည်၊ ယင်း ဆင်ခြေဖုံး ငါးတိုက်၌ တတိုက်လျှင် တဦးကျ ထမုန်ငါးဦးခန့်အပ်ထား၍ စီမံအုပ်ချုပ်စေခဲ့ လေသည်။

[တိုက်သူကြီးကို ထမုန်ဟုရင်း၊ ကြေးစားဟုရင်း ခေါ်သည်]

ယင်းသို့ဖြင့် ကောဇာသက္ကရာဇ် ၇၂၁– ခုနှစ်မှစ၍ ၁၃၂၁–ခုနှစ်အထိ နှစ်ပေါင်း ၆၀၀–အတွင်း ညောင်ရွှေမြို့ဝယ် စော်ဘွားကြီး ဆီဆိုင်ဘွါးမှ စ၍ စော်ဘွားကြီး စပ်ရွှေသိုက်အထိ စော်ဘွားမင်းဆက်ပေါင်း (၃၃)ဆက် တိုင်တိုင် ဆက်ခံဘွားစားလျက် အုပ်ချုပ်စိုးစံခဲ့လေသည်။

''ကမ္ဘောဇ– နေ့ဝင်ဘုရင်''

ပြဆိုခဲ့သည့် (၃၃)ဆက်သော ညောင်ရွှေစော်ဘွားတို့သည် ဗုဒ္ဓဘာ သာဝင်များဖြစ်ကြသည့်အားလျော်စွာဗုဒ္ဓမြတ်စွာ၏သာသနာတော်ကြီးသုံးရပ် ကို ငှမ်းအားအလျောက် ပြုစုချီးမြှောက်ခဲ့ကြလေသည်။ ယင်းတို့အနက် စော်ဘွားကြီး (ဆာ) စစ်မောင်လက်ထက်မှစ၍ ညောင်ရွှေမြို့နှင့်ညောင်ရွှေနယ် ဒေဝှန်းဝယ် ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ကားလာလေသည်။

ညောင်ရွှေစော်ဘွါးကြီး (ဆာ) စစ်မောင်သည် ကောဇာသက္ကရာဇ် ၁၂၀၉–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၅)ရက် (လပြည့်) တနင်္ဂနွေနေ့ တွင် ခမည်းတော် စောသုဒေဝနှင့်မယ်တော် စောနန်စင့်တို့မှ ဖွားမြင်ခဲ့လေ သည်၊ ၁၂၁၄–ခုနှစ်၊ သက်တော်ငါးနှစ်သားအရွယ်တွင် ခမည်းတော်စောသု ဒေဝနတ်ရွာစံတော်မူခြင်းကြောင့် မယ်တော်စောနန်စင့်က စစ်မောင်ကိုမြန်မာ နိုင်ငံ အမရပူရမြို့တော်သို့ခေါ်ဆောင်ကာ အိမ်နိမ့်စံ မင်းတုန်းမင်းသားထံ (ငှေချိန် ၅ပိဿာနှင့်အတူ) ဆက်သအပ်နှံသဖြင့် မင်းတုန်းမင်းသားကြီး၏ သားတော်အဖြစ် မွေးစားခြင်းကို ခံခဲ့ရလေသည်။

မင်းတုန်းမင်းသားကြီး အထွတ်အထိပ်(ဘုရင်အဖြစ်)သို့ရောက်တော်မူပြီး လျှင်မန္တလေးရတနာပုံ နေပြည်တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူ၍ရွှေ ထီး,ရွှေနန်း,သိမ်းမြန်းစိုးစံတော်မူပြီးသည့်နောက် မယ်တော်စောနန်းစင့် နတ်ရွာ စံပြီးသည့်အခါ မင်းတုန်းမင်းတရားကြီးက မြောက်နန်းမတောင် မိဖုရားကြီး အား သားတော်အဖြစ်မွေးစားရန် အပ်နှင်းတော်မူသဖြင့် မြောက်နန်းမတောင် မိဖုရားကြီး၏ သားတော်အဖြစ်ဖြင့်လည်း ထင်ရှားခဲ့လေသည်။

သက္ကရာဇ် ၁၂၂၀- ခုနှစ်တွင် ခမည်းတော်မင်းတုန်းမင်းတရားကြီးက စစ်မောင်အား "ညောင်ရွှေကျမိုင်းရာထူး' ကိုပေးအပ်၍ သားတော်ရင်းများ ဖြစ်သော စကုစား, မက္ခရာစား, ညောင်ရမ်းစား မင်းသားများနှင့် အတူ သားတော်ကြီးတပါးအဖြစ် မြောက်စား ချီးမြှင့်တော်မူကာ အပါးတော်၌ ခစားစေခဲ့လေသည်။

၁၂၂၄- ခုနှစ်၊ သက်တော် (၁၈) နှစ်အရွယ်တွင် ခမည်းတော်မင်း တရားကြီးက သားတော်ကြီးစစ်မောင်အား ကျီဝန်ဝန်စု, ငွေခွန်ဝန် ဝန်စု, နှင့် တကွ မြေလတ်ကျေးရွာများကိုပါ အုပ်ချုပ်ရသော "ညောင်ရွှေစော်ဘွားကြီး အရာ" ထီးဖြူရာစု, ရွှေပိန်းချရာဇပလ္လင်နှင့်တကွ "ပဒေသရာဇ်မင်းအဖြစ်" ချီး မြှင့်တော်မူခဲ့ပေသည်။

"ကမ္ဘောဇရဋ္ဌ မဟာဝံသ သိရီပဝရ သုဓမ္မရာဇာ" ဟူသော ဘွဲ့ထူးကို ပေးအပ်၍ ထီးဖြူ,ရွှေထား, ရွှေဖလားများအပြင်, ထွက်စည်, ဝင်စည်, အဆောင်အယောင်များ ကိုရင်း၊ ဟော်နန်းတော်၌ ပြသာဒ် တင်ခွင့်ကိုရင်း ဆောင်နှင်းတော်မူပြီးလျှင် ၃၉-လုံးမိုင်းရှိသော ညောင်ရွှေမြို့၌ ဘွားစား စိုးစံ အုပ်ချုပ်ရန် သူကောင်းပြုတော်မူခဲ့လေသည်။

ထို့ပြင် ရွှေချိန် (၁၀၈) တရာ့ရှစ်ကျပ်သားရှိ မြတ်စွာဘုရား၏ ပါဒ စက်လက္ခဏာပုံတော်, ပတ္တမြားကိုးရစ် ရွှေစစ်ကွပ်သံလျက်တော် တို့နှင့်တကွ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်အစစ်များကိုလည်း ချီးမြှင့်တော်မူခဲ့ လေသည်။ အထူးခွင့်ပြုချက်တရပ်မှာ— နှစ်စဉ် သီးတင်းကျွတ်လပြည့်နေ့တိုင်း ဟော်နန်းတော်ရှေ့၌ မြင့်မိုရ်တောင်ပုံ ဆောက်လုပ်၍ မြတ်စွာဘုရားသက်တော် ထင်ရှား ရှိတော်မူစဉ်က ခုနှစ်ဝါမြောက်တွင် တာဝတိံသာ နတ်ပြည်မှ လူ့ ရပ်ထံ သက်ဆင်းကြွမြန်းတော်မူဟန် စီမံ၍ ပူဇော်နိုင် ခွင့်ကို ပေးအပ်တော် မူခဲ့လေသည်။ ဤအခွင့်အရေးမှာ ရှမ်းကိုးပြည်ထောင်

စော်ဘွားများအနက် ညောင်ရွှေစော်ဘွားတဦးတည်းသာ ရသော အခွင့်ထူး တရပ်ဖြစ်ပေသည်။

ခမည်းတော် မင်းတုန်း မင်းတရားကြီးမှာ "နေထွက်ဘုရင်" ဖြစ်၍ နေ့ဗဟိုရ်, ညဥ့်ဗဟိုရ် အပြည့်တီးရပေသည်၊ ညောင်ရွှေစော်ဘွား စစ်မောင် မှာကား "နေဝင်ဘုရင်" ဖြစ်၍ ညဥ့်ဗဟိုရ်လေးကြိမ်သာ တီးခွင့်ရလေသည်။ စစ်မောင်သည် (၂၉) ဆက်မြောက် ညောင်ရွှေစော်ဘွားကြီး အဖြစ်စိုးစံ အုပ်ချုပ်ရလေသည်။

## ညောင်ရွှေစော်ဘွား စစ်မောင်၏

## ကောင်းမှုကုသိုလ်တော်များ

ညောင်ရွှေစော်ဘွားကြီး (ဆာ)စစ်မောင်သည် ခမည်းတော်မင်းတုန်း မင်းတရားကြီး ချီးမြှင့်တော်မူသည့် ပဒေသရာဇ်မင်းစည်းစိမ်ဟူသော လောကီ အမွေမျိုးကိုသာ ခံယူခဲ့သူ မဟုတ်ပေ၊ ခမည်းတော် မင်းတရားကြီး၏ ဗုဒ္ဓသာ သနာပြုစိတ်ဓာတ် အမွေမြတ်ကိုလည်း ခံယူခဲ့သည့် အနုဇာတသားတော်ဖြစ် ပေသည်၊ ခမည်းးတော်၏ ဗုဒ္ဓသာသနာတော်၌ ကြည်ညိုလေးစားပုံ, သာ သနာတော်ကြီးကို ပြုစုစောင့်ရှောက်ချီးမြှောက်တော်မူပုံများကို မျက်ဝါးထင် ထင် တွေ့မြင်ခဲ့ရရုံမျှမက မင်းတရားကြီး၏ အချီးအမြှောက်ဖြင့် သာသနာ ရေးကိစ္စ, ဘာသာရေးကိစ္စများ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရှက်ဆောင်ခဲ့ရသူ လည်းဖြစ်ပေသည်။

သက္ကရာဇ် ၁၂၂၆-ခုနှစ်၊ မန္တလေး၊ ရတနာပုံနေပြည်တော် ရွှေနန်း တော်ကြီးဝယ် မင်းတရားကြီး၏ အပါးတော်၌ ခစားနေရစဉ်က "မဟာသ ကျ ယာရဇိန်" ဘွဲ့တော်ရှိသော ကျောက်တော်ကြီးဘုရား ဆင်းတုတော်ကြီး ထုလုပ်ပူဇော်ရန် စကျင်တောင်မှ စကျင်ကျောက်တုံးကြီးကို ရတနာပုံနေပြည် တော်သို့ ဆောင်ယူသည့်အခါ မင်းတရားကြီး၏ အမိန့်တော်ဖြင့် ခရီးစဉ် တလျှောက် နေ့စဉ်သွားရောက် ကြည့်ရှုရကာ အကြောင်းအရာများကို မှတ် သားလျက် မင်းတရားကြီးထံ ပြန်လည်တင်ပြ လျှောက်ထားရသည့် ပုဂ္ဂိုလ် အဖြစ် အမှုတော်ကို ထမ်းဆောင်ခဲ့ရလေသည်။

ယင်းသို့ဖြင့် ခမည်းတော်မင်းတရားကြီး၏ ဒိဋ္ဌာနုဂတိသို့လိုက်သည့် အနုဇာတသားတော်ကြီးတပါး ဖြစ်ရကား ညောင်ရွှေစော်ဘွားကြီး ဖြစ်ပြီး နောက် သက္ကရာဇ် ၁၂၃၁-ခုနှစ်တွင်–

၁။ ရတနာမာရ်အောင် စေတီတော်ကြီး တည်ထားကိုးကွယ်ရန် အုတ်မြစ်ချခြင်း။

၂။ ယိုယွင်းပျက်စီးနေသော ရွှေတောင်ငူ (ဦး) စေတီတော်ကြီးကို ပြုပြင်မွမ်းမံတော်မူခြင်း။

၃။ ဟော်တော်ဝင်းအတွင်း အရှေ့တောင်ထောင့်အရပ်၌ အတုမရှိ (၂၈)ဆူ စံကျောင်းတော်ကို ဆောက်လုပ်ခြင်း။

၄။ ကိုးခန်းစရပ်ကြီးကို ဆောက်လုပ်စေခြင်း–

အစရှိသော ကောင်းမှုကုသိုလ်တော်များကို စတင်ပြုစုတော် မူခဲ့လေသည်။

ခမည်းတော်မင်းတရားကြီး ချီးမြှင့်တော်မူလိုက်သော ရွှေချိန် (၁၀ဂိ) တရာရှစ်ကျပ်သားရှိ ဗုဒ္ဓမြတ်စွာ၏ တရာ့ရှစ်ကွက် ပါဒစက်လက္ခဏာပုံတော်၊ ပတ္တမြားကိုးရစ် ရွှေစစ်ကွပ်သံလျက်တော်တို့နှင့်အတူ မြတ်စွာဘုရား၏ ဓာတ်တော်အစစ်များကို ရတနာမာရ်အောင် စေတီတော်ကြီး၌ ထည့်သွင်းပူဇော် ဌာပနာတော်မူခဲ့လေသည်။

ရတနာမာရ်အောင် ကောင်းမှုတော်ကြီးကို တည်ထားရာ၌ ညောင်ရွှေ စော်ဘွားကြီး (ဆာ)စဝ်မောင်သည် မိမိတဦးတည်းသာ ကောင်းမှုရှင် ဘုရား ဒါယကာအဖြစ်ကို မခံယူပဲ၊ မိမိ၏ အမှုတော်ကို ထမ်းရွက်ကြကုန်သော မြို့စား, နယ်စား, မှူးကြီး မတ်ရာ, ဟိန်, ထမုန်, အရာရှိ, မဟာဒေဝီ, သခင်မ များနှင့်တကွ မြို့သူ–မြို့သား, နယ်သူ–နယ်သားတို့ပါ ကောင်းမှုရှင် ဘုရား ဒါယကာ ဘုရားဒါယိကာမများဖြစ်ကြစေရန် ရည်သန်လျက် ယင်းတို့၏ အလှူငွေများ, ပစ္စည်းဥစ္စာ ရတနာများကိုလည်း စုပေါင်းပါဝင်စေခဲ့ လေသည်။

၁၂၃၈-ခုနှစ်တွင် အဆိုပါကောင်းမှုတော်ကြီးများ ပြီးစီးထမြောက် အောင်မြင်သောအခါ–

၁။ ရတနာမာရ်အောင်စေတီတော်ကြီး။

၂။ ရွှေတောင်ငူ (ဦး) စေတီတော်ကြီး။

၃။ အတုမရှိ (၂၈)ဆူ စံကျောင်းတော်ကြီး–

တို့အား ''ထီးတော်အထွဋ်'' တင်လှူသည့်ပွဲတော်ကြီးကို ခမ်းနားကြီးကျယ်စွာ

ဆင်ယင်ကျင်းပတော်မူခဲ့လေသည်၊ ယင်းပွဲတော်ကြီး၌ သက်တော်စေ့ ရဟန်းလောင်းများ၊ သက်တော်စေ့ ရှင်လောင်းများကို သာသနာ့ဘောင်အတွင်းသို့ ရဟန်းတော်အဖြစ်, ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခြင်း၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ကျောင်းများမှ သံဃာတော်ပေါင်း အပါး (၁၀၀၀) ကထေရ်ကျော်တို့အား ငွေဝင်ဖြင့် ဆွမ်း, သင်္ကန်းအစရှိသော လှူဖွယ်များကို ဆက်ကပ်လှူဒါန်းခြင်း၊ အရပ်လေးမျက်နှာမှ လာလာသမျှ အယုတ်–အလတ်–အမြတ်မရွေး ကျွေးမွေးလှူဒါန်းပေးကမ်းခြင်းစသော "အသဒိသဒါနကြီး" ကို ပြုစုတော်မူခဲ့လေသည်။

ထို့ပြင်–နှစ်စဉ်နှစ်တိုင်း ကဆုန်လဆန်း ၁၂–ရက်နေ့မှစ၍ ကဆုန်လပြည့်နေ့အထိ လေးရက်ပတ်လုံး ရဘနာမာရ်အောင် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးကပ်လှူပွဲကို ပြုလုပ်၍ မြို့သူ မြို့သား, နယ်သူ-နယ်သားအပေါင်းတို့၏ စေတနာအင်အား, သဒ္ဓါအင်အား ကုသိုလ်တရားတို့ကို တိုးပွားစေခဲ့လေသည်။

"သာမင်မောင်နှင့် တောင်ငူဘုရင်ခံ ရာထူး"

ကောဇာသက္ကရာဇ် ၁၂၃၆–ခုနှစ်တွင် ကန္တရဝတီမည်သော ကရင်နီနယ်(ကယားပြည်နယ်)အတွင်း ပင်းတိုင်းမင်းတရားကြီးပိုင်နက် နယ်မြေနှင့် အင်္ဂလိပ်အစိုးရပိုင်နယ် နယ်မြေနှစ်ခုတို့၏အကြား (နယ်စပ်)၌ ကချင်လူဆိုးများ ဝင်ရောက်နှောင့်ယှက်သဖြင့် ပဋိပက္ခမ်မသက်ရှိလေရာ ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် ထိုဒေသသို့ သွားရောက်၍ နှလုံးရည်ဖြင့် စေ့စပ်ပြေငြိမ်းစေခဲ့လေသည်၊ ယင်းအကြောင်းကို ခမည်းတော် မင်းတုန်းမင်းတရားကြီးထံ အခစားဝင်ရောက်၍ တင်လျှောက်သောအခါ ခမည်းတော် မင်းတရားကြီးသည် သားတော် ညောင်ရွှေစော်ဘွားကြီးအပေါ်၌ အားရကျေနပ်မှုရှိလှသည်ကတကြောင်း၊ အစစအရာရာ အားထားယုံကြည်မှု ရှိလှသည်ကတကြောင်း၊ သားတော် ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် စေခိုင်းသမျှ အမှုတော်များကို ကျေပွန်စွာ ရွက်ဆောင်ခဲ့သည်ကတကြောင်း ဤသို့ အစရှိသော အကြောင်းတို့ကြောင့် သားတော် ညောင်ရွှေစော်ဘွားကြီး စဝ်မောင်အား ကေတုမတီတောင်ငူနယ်၌ မင်းတရားကြီး၏ အာဏာတော်ပွား "ဘုရင်ခံအဖြစ်" ချီးမြှင့် သူကောင်းပြုတော်မူမည်ဟု ခမည်းတော်မင်းတရားကြီးက အထူးအမိန့်တော်တရပ် ချမှတ်တော်မူခဲ့လေသည်။

သို့ရာတွင် ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် ခမည်းတော်မင်းတရားကြီး ချီးမြှင့်တော်မူသည့် "တောင်ငူ ဘုရင်ခံရာထူးကြီး"ကို လက်မခံပဲ မယ်တော် မြောက်နန်းမတော် မိဖုရားကြီးမှတဆင့် ခမည်းတော်မင်းတရားကြီးအား ပြန်လည်ဆက်သခဲ့လေသည်။

"ဒုတိယအကြိမ်–ဘွားစားချိန်"

ကောဇာသက္ကရာဇ် ၁၂၄၇ (ခရစ် ၁၈၈၅) ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့တွင် မြန်မာတို့၏ ကုန်းဘောင်ဆက် မနောက်ဆုံးမင်းဖြစ်သော သီပေါမင်းတရားကြီး ရတနာပုံ မန္တလေးရွှေမြို့တော်မှ အိန္ဒိယပြည်ရတနာဂီရိသို့ အင်္ဂလိပ်လက်တွင်း ပါတော်မူရသည့်အခါ ယင်းနှစ် နတ်တော်လတွင် ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် ဝမ်းကွဲနောင်တော် စဝ်ချစ်စို၏ ရန်ပြုနှောင့်ယှက်မှုကြောင့် အရေးတော်မလှပဲ ညောင်ရွှေမြို့မှ ဆုတ်ခွာ၍လျက် မန္တလေးရတနာပုံ နေပြည်တော်ကြီး၌ သွားရောက်ခိုလှုံနေထိုင်ခဲ့ရလေသည်။

၁၂၅၉ (၁၈၉၇) ခုနှစ်တွင် ဗြိတိသျှကေရီ ဘုရင်မကြီးက မြောက်စားချီးမြှင့်တော်မူသဖြင့် မန္တလေး ရတနာပုံနေပြည်တော်ကြီးမှ ညောင်ရွှေမြို့သို့ ပြန်လာပြီးလျှင် နတ်ရွာစံသွားသည့် နောင်တော်စော်ဘွားကြီး စဝ်အုံ၏ အရိုက်အရာကို ဆက်ခံကာ (၃၂) ဆက်မြောက် ညောင်ရွှေစော်ဘွားကြီး အဖြစ် ဒုတိယအကြိမ် ပြန်လည်ဘွားစား စိုးစံအုပ်ချုပ်တော်မူခဲ့ရလေသည်။

ယင်းသို့ ဒုတိယအကြိမ် ပြန်လည်အုပ်ချုပ်ရသော ညောင်ရွှေစော်ဘွားကြီး (ဆာ)စဝ်မောင်သည် ၁၂၆၂ (၁၉၀၀) ခုနှစ်တွင် ရတနာမာရ်အောင် စေတီတော်ကြီးကို မွမ်းမံပြုပြင်တော်မူ၍ စေတီတော်ကြီး၏ မဟာရံတံတိုင်းမီးတားကြီးကိုလည်း ထပ်မံပြုပြင်တော်မူခဲ့လေသည်၊ အတွင်းလိုဏ်မုခ် (၄)မုခ်တို့တွင် မူလက ပူဇော်ထားသည့် ကျွန်းဖိုသား ရုပ်ပွားတော်လေးဆူတို့ကိုလည်း ပဥ္စလောဟာ (ကြေး) ပိဿာချိန်ပေါင်း နှစ်သောင်းကျော်တို့ဖြင့် (တစိပ်စီ သွန်းလုပ်ဆက်စပ်ကာ) ငုံ့လျက်ပူဇော်ပြီးလျှင် မျက်နှာတော်ဖွင့်ခြင်း၊ အနေကဇာတင်ခြင်းဟူသော ဗုဒ္ဓါဘိသေကမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍ "အသဒိသဒါနကြီး"ကို ပြုလုပ်တော်မူခဲ့ပြန်လေသည်။

အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီး

ညောင်ရွှေစော်ဘွားများနှင့် ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်တို့သည်ငှင်း၊ ယင်းရုပ်ပွားတော်များနှင့် ညောင်ရွှေမြို့ အဋ္ဌဒိသာ ဓမ္မ

ဝိဟာရဒေသစာရီ ကျောင်းတော်ကြီးသည်ငှင်း၊ ယင်း ကျောင်းတော်ကြီးနှင့် ပလမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီးသည်ငှင်း အချင်းချင်း ဆက်စပ်လျက်ရှိလေသည်။

## ရှေးပဝေသဏီက

ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်တို့သည် ညောင်ရွှေစော်ဘွားကြီး ဆီဆိုင်ဘွားလက်ထက်မှစ၍ နှစ်စဉ် သီတင်းကျွတ်လဆန်း (၇) ရက်နေ့ရောက်တိုင်း ဟော်နန်းဘော်ဦးရှိ ထာဝရစံကျောင်းတော်မှ ယာယီမဏ္ဍပ်စံကျောင်းတော်သို့ ကြွချီဆင်းသက်တော်မူ၍ ပြည်သူတို့၏ အပူအဇော်ကို ခံတော်မူခဲ့လေသည်။

နန်းဖဲကတော်အမည်ရှိ အမျိုးသမီးစော်ဘွားလက်ထက်တွက်မှ ယင်း ရုပ်ပွားတော်တို့သည် ညောင်ရွှေမြို့မှ ညောင်ရွှေနယ် အင်းထိပ်မြို့ဆော်မရွာ စံကျောင်းတော်သို့ ပြောင်းရွှေ့၍ သီတင်းသုံးတော်မူခဲ့ရလေသည်၊ ထိုအခါမှစ၍ နှစ်စဉ် တနှစ်တကြိမ်ကျ သီတင်းကျွတ်လဆန်း (၇) ရက်နေ့ရောက်တိုင်း ညောင်ရွှေမြို့သို့ ဒေသစာရီ ကြွချီတော်မူကာ ယာယီစံကျောင်းတော်၌ တန့်နားကိန်းဝပ်စံပယ်တော်မူလျက် စော်ဘွားနှင့်တကွ တိုင်းသူပြည်သားတို့၏ အပူအဇော်ကို ခံတော်မူခဲ့လေသည်။

ယင်းသို့ဖြင့် နန်းဖဲကတော် အစရှိသော ညောင်ရွှေစော်ဘွားတို့သည် ဒေသစာရီ ကြွချီတော်မူလာကြသည့် ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်တို့အား ယာယီစံကျောင်းတော်ဖြင့်သာ ပူဇော်ခဲ့ကြလေသည်။

## ထာဝရ စံကျောင်းတော်ကြီး

ညောင်ရွှေစော်ဘွားကြီး (ဆာ) စပ်မောင်လက်ထက်သို့ ရောက်သောအခါ စော်ဘွားကြီးသည် တိုင်းသူပြည်သားတို့နှင့် အတူတကွ စုပေါင်းလျက် ရတနာမာရ်အောင် စေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူသကဲ့သို့ ကောဇာသက္ကရာဇ် ၁၂၆၃.ခုနှစ် ဝါဆိုလမှစ၍ တိုင်းသူပြည်သားတို့နှင့် အတူတကွ စုပေါင်းလျက်ပင် ရွှေတောင်ငူ (ဦး) စေတီတော်ကြီးနှင့် ဟော်နန်းတော်ကြီး၏အကြား မဂ်လာတံခါး၏ အရှေ့မြောက်အရပ်၌ သစ်တိုင်၊ သွပ်မိုး၊ ဘုံအဆင့်ငါးဆင့်နှင့်၊ သံမှန်းပန်းအပြောက်တို့ဖြင့် တန်ဆာဆင်ပြီးလျှင် "ကျောင်းတော်ကြီး"တဆောင်ကို ဆောက်လုပ်တော်မူခဲ့လေသည်။

ယင်းကျောင်းတော်ကြီး၌ အရပ်ရှစ်မျက်နှာကို ရည်စူးလျက် မျက်နှာစာ ရှစ်ဖက်ထားလျက်, လှေခါးလည်း ရှင်ခုတပ်ဆင်ထားလေသည်၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော နိဗ္ဗာန်ဝင်ရာ တံခါးများကို ရည်စူးလျက် တံခါးမကြီး ရှစ်ပေါက်ကို ပြုလုပ်ထားလေသည်၊ ယင်းတံခါးမကြီး ရှစ်ပေါက်တို့၏ အထက်၌ တနင်္ဂနွေစသော ဂြိုဟ်ကြီးရှစ်လုံး အံ့ထိမ်းအမှတ်ဖြင့် ဂြိုဟ်ရုပ်ရှစ်ခုတို့ကိုလည်း စီမံထားလေသည်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်နှင့် မြတ်စွာဘုရားအား ရည်စူးပြီးလျှင် အရန်ပြာသာဒ်ငယ် ရှစ်ဆောင်နှင့် အရန်ထီးတော်ရှစ်ဆူ, ဗဟိုပြာသာဒ်ကြီးတဆောင်နှင့် ဗဟိုထီးတော်ကြီးတဆူ ပေါင်း ပြာသာဒ်ကိုးဆောင်ဝယ် ထီးတော် (၉)ဆူတို့ကို တင်လှူထားလေသည်။

မဟာရံတံကိုင်း မီးတားလေးဖက်နှင့်တကွ စောင်းတန်းလေးသွယ်, မုခ်ဦးတံခါးလေးရပ်, မုခ်ဦးပြာသာဒ်လေးဆောင်တို့ဖြင့် တင့်တယ်လျောက်ပတ်စွာ တန်ဆာဆင်ပြီးလျှင် ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်တို့အား တနှစ်တကြိမ် ဒေသစာရီ ကြွချီတော်မူလာကြသည့်အခါ တန့်နားကျိန်းစက်တော်မူရန် ထာဝရစံကျောင်းတော်အဖြစ် လှူဒါန်းပူဇော်ခဲ့လေသည်။

ယင်းသည့်နှစ်မှစ၍ ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်တို့သည် ညောင်ရွှေမြို့သို့ ဒေသစာရီ ကြွချီတော်မူလာကြသည့်အခါတိုင်း ဤထာဝရစံကျောင်းတော်ကြီး၌ တန့်နားကျိန်းစက် စံပယ်တော်မူကြလျက် စော်ဘွားနှင့် အများပြည်သူတို့၏ အပူအဇော်ကို ခံတော်မူခဲ့လေသည်။

ယင်းအကြောင်းကို မြန်မာပညာရှိမင်း ဦးသန့်စင်က မန္တလေးမြို့ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား မော်ကွန်း၌ အောက်ပါအတိုင်း မော်ကွန်းတင်ခဲ့လေသည်။

"ဥဒ္ဒိဿက၊ ဓမ္မဒေသနာ၊ ရတနာမြတ်၊ ခုတ်မွေသရီ၊ စေတီသုံးဆူ၊ အပြိုင်မူလျက်၊ ပူဇော်ဘွဲ့ခြီး၊ ပွဲတော်ပြီးလျှင်၊ အနီးဆက်လက်၊ ရက်ရေခြောက်ဆယ်၊ ရောက်ခါဂယ်၌၊ နွယ်တာခေါ်ကြ၊ ဝါဆိုလ၏၊ ဆန်းစထွန်းတက်၊ ခါကောင်းရက်တွင်၊ ကနက်ရိပ်ဖြူ၊ ဖွင့်လှစ်ထူသား၊ ဇမ္ဗူရည်မြူး၊ ဟော်တော်ဦးတွင်၊ ဆန်းထူးနတ်မှာ၊ သုဓမ္မာနှင့်၊ မကွာတပုံ၊ မွေရုံကား၊ ကျောက်ခုံနိမ့်မြင့်၊ သုံးဆင့်လျောပြေ၊ သာမောပရှင့်၊ ဘုံရေခါးဆင့်၊ ငွားငွားတင့်လျက်၊ လှစ်ဖွင့်ညီးညီး၊ ထီးဖြူကြီးသို့၊ မငြိးစရာ၊ ရှုတိုင်းသာ၏၊ မျက်နှာ

ရှစ်မျောင့်၊ အချိုးဖြောင့်သား၊ အထောင့်တခု၊ တိုင်းကာရှုလျှင်၊ စတုဝိသ၊ သံတောင်ရစ်၊ အဋ္ဌဒိသာ၊ ပတ်ဝန်းတာသော်၊ နှစ်ရာပြည့်လုတ်၊ ရှစ်တောင်ယုတ်ရှင့်၊ စတုမုတ်ပျံ၊ မဟာရံလမ်းဝယ်၊ တန်ဆောင်းသွယ်ပြီး၊ လယ်ချက်မတ်မတ်၊ ပြာသာဒ်တက်ကာ၊ လေးမျက်နှာ၌၊ မဂ်လာတင့်ပြိုင်၊ ဆင့်ဆင့်မြိုင်ရှင့်၊ သည်တိုင်သည်မ၊ တရာ့သုံးဆယ်၊ ရွှေရောင်ချယ်လျက်၊ အလယ်ခုံမြင့်၊ အထက်ဆင့်မှာ၊ ကိုးပွင့်ရတနာ၊ ချယ်စီမြသည့်၊ အပ္ပရာဇိတ၊ နာမတွင်ခေါ်၊ ပလ္လင်တော်ကို၊ တောင်ဟော်နန်းမြင့်၊ စံမြန်းတင့်သား၊ ဘုရင့်သက်ဂျာ၊ မဟာဒေဝီ၊ မဟေသီက၊ ဝေရီမရှိ၊ နိရောဓနန်း၊ ရည်ရွယ်မှန်း၍၊ လှူဒါန်းထားတင်၊ ဤပလ္လင်ထက်၊ ဝန်းကျင်မျက်နှာ၊ ဒေသနာဖြင့်၊ နာဝါတော်မှူး၊ ဖောင်တော်ဦးဟု၊ ထူးသည့်မြတ်စွာ၊ ကြွရောက်လာသော်၊ ဤမှာတန့်နား၊ ဖိုလ်ဝင်စား၍၊ ထင်ရှားခေါ်ထွေ၊ လူဗိုလ်ခြေတို့၊ ဒေသနာရီကျောင်း၊ မည်ပေရှောင်း၏၊ အကြောင်းတပြာ၊ ရှစ်မျက်နှာတွင်၊ ဒေသနာမငြ်၊ ကိုန်းဌာနာကြောင့်၊ အဋ္ဌဒိသာ၊ မွေ့ာရုံကျောင်းကြီး၊ ခေါ်အံ့ခြံရှင့်၊ ခိုင်ကြီးမတ်မတ်၊ ဤကျောင်းမြတ်ကို၊ ညီလတ်အားကိုး၊ မိုင်းပျိုးသခင်၊ ဘန့်စီရင်ဟု၊ အရှင်ညောင်ရွှေ၊ ဆောင်နှင်းပေသည်၊ နှိုင်းလေနတ်တို့ ဝေယန်တည်း”။

## သစ်ထက်အက္ခရာ–ပိဋကတ်စာများ

ထို့ပြင် ယင်းကျောင်းတော်ကြီး၏ တိုင်များကို ရွှေပိန်းချလျက် ဖာလ်, မှန်တို့ဖြင့် မွမ်းမံစီခြယ်စေပြီးလျှင် ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်သုံးပုံ ပါဠိတော်များကို ကျောက်အက္ခရာတင်၍ရှင်း, ကျောက်ထက်အက္ခရာတင်၍ရှင်း ဓမ္မပူဇနိယကောင်းမှု ပြုလုပ်တော်မူပုံကို နည်းကောင်းနမူနာယူလျက် အတွင်းဖက် မျက်နှာကြက်ကို ကျွန်းသားပျဉ်တို့ဖြင့် ပြုလုပ်စေကာ မြတ်စွာဘုရား၏ သာမုက္ကံသိက ဒေသနာတော်များကို သစ်ထက်အက္ခရာတင်၍ ရွှေပိန်းချ ပူဇော်ခဲ့လေသည်။

ယင်းသို့ သစ်ထက်အက္ခရာ တင်လှူပူဇော်ရာ၌ ပါဝင်သည့် ဒေသနာတော်များမှာ–

(က) တတိယဘုံ၌–

၁။ ဗောဓိပက္ခိယတရား (၃၇) ပါး ပါဠိ။

၂။ သစ္စာအနက် (၁၆) ချက်ပါဠိ+အနက်။

၃။ ပဋိစ္စသမုပ္ပါဒ် ပါဠိ+အနက်။

၄။ ပဌာန်းပါဠိတော်။

(ခ) ဒုတိယဘုံ၌—

၁။ ဓမ္မစက္ကပဝတ္တနသုတ်ပါဠိ+အနက်။

၂။ အနတ္တလက္ခဏသုတ်ပါဠိ+အနက်။

၃။ ဘုရားဂုဏ်တော် (၉) ပါး၊ တရားဂုဏ်တော် (၆) ပါး။
သံဃာဂုဏ်တော် (၉) ပါး ပါဠိ+အနက်များ။

(ဂ) ပထမဘုံ၌—

၁။ မဟာသတိပဋ္ဌာနသုတ်ပါဠိ+အနက်။

၂။ ရာဟုလသုတ်ပါဠိ+အနက်။

၃။ အဘိဏှသုတ်ပါဠိ+အနက်။

၄။ ကဿပဗောဇ္ဈင်သုတ်ပါဠိ+အနက်။

၅။ အဂ္ဂိခန္ဓောပမသုတ်ပါဠိ+အနက်။

၆။ အာဒိတ္တသုတ်။

၇။ အာယတန (၁၂) ပါးတို့တည်း။

"အပြည်ပြည်၌၊ တောင်တည်ကြတုံ၊ ဓမ္မာရုံကား၊ ဗိုလ်ပုံများစွာ၊ တရားသာကို၊ နာကာမတ္တ၊ အကြောင်းမျှဖြင့်၊ ရသည့်ပညတ်၊ မှန်ဆတ်ဆတ်ကား၊ အတတ်ဟူကာ၊ မယူသာတည့်၊ ရာဇာသနင်း၊ ညောင်ရွှေမင်း၏၊ ဘည်ခင်းကြည်ယုံ၊ ဓမ္မာရုံမူ၊ ဘုံအတွင်းဘက်၊ ရှစ်မျက်နှာရပ်၊ အမိုးစပ်အောင်၊ ပျဉ်ချပ်ဗိတာန်၊ သင်ပုန်းဟန်ဖြင့်၊ အပြန်ရှက်ကာ၊ ရစ်လကျ်ာဖြင့်၊ အက္ခရာကွင်းကွင်း၊ သစ်ကိုထွင်းလျက်၊ ဝင်းဝင်းညီးညီး၊ ရွှေဖြင့်ပြီးသား၊ လုံးကြီးလုံးငယ်၊ ကောင်းကင်လယ်၌၊ ရွှေကြယ်နက္ခတ်၊ ကြည့်ကာဖတ်သို့၊ ပိဋကတ်အဆို၊ ကျေးဇူးပိုသား၊ တောညိုသာယာ၊ မိဂဒါဝယ်၊ ဦးစွာတင်ပြ၊

ပဋ္ဌဝင်အား၊ ဓမ္မစက္က၊ မိန့်မြွက်ဟာပြီး၊ အနတ္တလက္ခဏာ၊ နောက်
တဖြာတုံ၊ ဒွါဒသာ့ယတန၊ နေ့ညမစဲ၊ တရဲရဲလျှင်၊ လောင်စွဲလျှ
ဖိတ်၊ ကြောင်းနိမိတ်ဖြင့်၊ အာဒိတ္တဒေသနာ၊ ရာဟုလာကို၊ မိန့်မှာ
ရွှေနှုတ်၊ ပါဠိသုတ်နှင့်၊ အယုတ်တရား၊ ငါးပါးကာမဂုဏ်၊ ကျင့်မေ
ထုန်ကို၊ အဟုန်ညီးညီး၊ လောင်ရှိန်ကြီးသည့်၊ မီးကျီးအစု၊ နှိုင်းတု
မြွက်ဘိ၊ အဂ္ဂိခန္ဓုပမာ၊ ဒေသနာတည့်၊ နာနာနယ၊ သမန္တမည်မှန်း၊
ပဋ္ဌာန်းပါဠိ၊ သတိပဋ္ဌာန်၊ ဓမ္မကွန်လည်း၊ ပုဒ်မှန်ဝါကျ၊ အနက်ပြ
လျက်၊ ကဿပဗောဓ္ဓင်၊ လူ့ရှင်တကာ၊ ဇာ, ဇ, ဗျာ, မ၊ ကမ္မ
သကာ၊ မလွန်သာဟု၊ ဘဂဝါမုနိန်၊ မိန့်ခဲ့ချိန်သား၊ အဘိဏှသုတ်၊
လေးသမုဒ်နှယ်၊ နက်ကျယ်စွာလှ၊ ပဋိစ္စသမုပ္ပါန်၊ သုတ်ဓမ္မကွန်
တည့်၊ ကိုးတန်ခြောက်ပါး၊ ဂုဏ်တော်များလည်း၊ ရေးသားပါရှိ၊
ဗောဓိပက္ခိယ၊ မြတ်ဓမ္မနှင့်၊ သစ္စာ့အနက်၊ ဆဲ့ခြောက်ချက်ကို၊ အက္ခ
ရာစီကုံး၊ ရွှေစာလုံးဖြင့်၊ ရှေးထုံးမပျက်၊ ပါဠိအနက်သဘော၊ ရေးထု
ချောလျက်၊ သော သော ဒွေ့ဒက်၊ သက္ကရာဇ်တွင်၊ ရှက်သစ်ညွှန့်
ပြောင်း၊ လတပေါင်း၌၊ ရွှေကျောင်းဒေသစာ၊ ပြီးစေပါသည်၊
ဒွေ့ဝါနတ်ဘုံသဏ္ဌာန်တည်း''

ဟု မြန်မာပညာရှိမင်း ဦးသန့်စင်က အထက်ပါ မန္တလေးကျောက်တော်ကြီး ဘုရား မော်ကွန်း၌ပင် ဆက်လက်၍ မော်ကွန်းတင်ခဲ့လေသည်။

ဤသို့လျှင် ကျောင်းတော်ကြီး၏ ရှစ်ရပ်ဒိသာ မျက်နှာစာရှစ်ဖက်ရှိ သည်ကို အစွဲပြု၍ ''အဋ္ဌဒိသာ''ဟုရင်း၊ ယင်းမျက်နှာစာရှစ်ဖက် အထက် မျက်နှာကြက်ဝယ် သစ်သက်အက္ခရာတင်ကာ ရွှေစာလုံးတို့ဖြင့် ပူဇော်ထား သည့် တရားဓမ္မများကို အစွဲပြု၍ ''ဓမ္မဝိဟာရ''ဟုရင်း၊ ဖောင်တော်ဦး ရှပ်ပွားတော်များ ဒေသစာရီ ကြွချီတော်မူလာကြသည့်အခါ တန့်နားကိန်းဝပ် စံပယ်တော်မူရာဌာနဖြစ်၍ ''ဒေသစာရီ''ဟုရင်း၊ ဝိသေသနသုံးပုဒ်တို့ဖြင့် အထူးပြုပြီးလျှင် ယင်းကျောင်းတော်ကြီးကို''အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေ့သစာရီ ကျောင်းတော်ကြီး''ဟု ခေါ်ဝေါ်ပညတ် ကမ္ပည်းတပ်လျက် ၁၂၆၆–ခုနှစ် တပေါင်းလတွင် အပြီးသတ်ခဲ့လေသည်။

ယင်း အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေ့သစာရီ ကျောင်းတော်ကြီးသည်ကား မြတ်စွာဘုရား ကိုယ်စားတော်များ ကိန်းဝပ်စံပယ်ရာဌာန၊ စာရေးတံအလှူ ပွဲကြီး ကျင်းပရာဌာန၊ ရှင်ပြုပွဲ တရားပွဲစသော ဘာသာရေးပွဲတော်ကြီး

များ ကျောင်းပရာဌာနကြီး ဖြစ်သည့်အပြင် ပထမပြန်အာဂုမ်ဆောင်စာပြန်ပွဲဘော်ကြီးနှင့် ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ အာဂုမ်စာပြန်ပွဲခတ်ကြီး ကျောင်းပရာ ဘူမိနက်သန် ဗုဒ္ဓသန္တက ဓမ္မဗိမာန်တော်ကြီး ဖြစ်ပေသတည်း။

## ညောင်ရွှေစော်ဘွားကြီး စဝ်မောင်၏
## ဘွဲ့ထူး ဂုဏ်ထူးများ

ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် မြို့ရွာနယ်ပယ်အတွင်း၌ ရတနာမာရ်အောင်၊ ရွှေတောင်ငူ၊ ရွှေဇာတိ၊ ပေါရိသတ်အစရှိသော စေတီတော်ကြီးများ၊ မိတ္ထီလာကျောင်း၊ နမ့်တုတ်ကျောင်း၊ သိမ်ကျောင်း၊ လေသာကျောင်း၊ အင္ဒဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၊ စတုဒ္ဒိသာ ကိုးခန်းစရပ်ကြီး၊ နှစ်ကျိပ်ရှစ်ဆူ စံကျောင်းတော်ကြီး အစရှိသော ဘာသာရေးအဆောက်အအုံကြီးများကို အသစ် တည်ဆောက်ခြင်း, အဟောင်းကို မွမ်းမံပြင်ဆင်ခြင်းဖြင့် ကုသိုလ်ကောင်းမှုများ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ အစရှိသည်တို့ကို ဆောက်တည်ခြင်းစသော ကောင်းမှုများကို ပြုလုပ်ဆည်းပူးတော်မူခဲ့လေသည်။

ထို့ပြင် မြို့ရွာနယ်ပယ်အတွင်း၌ မှီတင်းနေထိုင်ကြသည့် ဆင်းရဲသားတောင်သူလယ်သမားအစရှိသော တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားအလို့ငှါ ကုန်းပေါကန် (ခေါ်) ကျီးဖြူကန်၊ ကုန်းလှိုင်ကန်၊ သာစည်ကန်၊ နဒီကန်၊ လွယ်ငန်းကန်၊ ကန်တော်ကြီးအစရှိသော ရေလှောင်ကန်ပေါင်းများစွာတို့ကိုင်း၊ ရေပယ်ချောင်း၊ မိုင်းလီချောင်း၊ နန်းကပ်ချောင်း၊ အင်းတိန်ချောင်း အစရှိသော ချောင်းပေါင်းများစွာကိုင်း၊ အုတ်ဖိုဆည်၊ အင်းတိန်ဘီလူးချောင်းဆည် အစရှိသော ဆည်မြောင်းတာတမံများစွာတို့ကိုင်း တူးဖော်ဆည်ဖို့တော်မူခဲ့လေသည်။

ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် မင်းတုန်းမင်းတရားကြီး ပေးအပ်တော်မူသည့် "ကမ္ဘောဇရဋ္ဌ မဟာဝံသ သိရီပဝရ သုဓမ္မရာဇာဘွဲ့" (၁၂၂၇-ခု) ဗြိတိသျှ ကောရီဘုရင်မကြီးက ပေးအပ်တော်မူသည့် (K.S.M) ကျက်သရေဆောင် ရွှေစလွယ်ရမင်းဘွဲ့ (၁၂၆၃၊ ၁၉၀၁)၊ယင်း၏သားတော် သတ္တမမြောက် ဒွေတ်ဘုရင်မင်းမြတ်က ပေးအပ်တော်မူသည့် (C.I.E) အိန္ဒိယရဋ္ဌ မဟာသဟာယဘွဲ့ (၁၂၇၀၊ ၁၉၀၈)၊ ဗြိတိသျှအစိုးရက ပေးအပ်သည့် (အော်နာရေဘီလ်) မြန်မာပြည်ဘုရင်ခံမင်းကြီး၏ ဥပဒေပြုမင်းတိုင်ပင် အမတ်

ရာထူး (၁၂၇၄၊ ၁၉၁၂-ခု) များအပြင် ပဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်ပေးအပ်သည့် (R.C.I.E) အိန္ဒိယ အတုလ မဟာရဋ္ဌ သေနာပတိဘွဲ့နှင့် (S I R) ဆာဘွဲ့ (၁၂၇၈-ခု၊ ၁၉၁၆-ခု) များကို ခံယူရရှိခဲ့ပေသည်။

ယင်းသို့လျှင် ညောင်ရွှေစော်ဘွားကြီး စဝ်မောင်သည် မြန်မာမင်းနှစ်ဆက် အင်္ဂလိပ်မင်းသုံးဆက်အားဖြင့် မင်းပေါင်းငါးဆက်တိုင်တိုင် ဘွဲ့ထူးဂုဏ်ထူး အမျိုးမျိုးဖြင့် ချီးမြှင့်မြှောက်စား သူကောင်းပြုခံခဲ့ရပေသည်၊ သို့ရာတွင် ဘွဲ့ထူး ဂုဏ်ထူးအမျိုးမျိုး ရရှိငြားသော်လည်း "ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်" ဟုသာ အဖျားဆွတ်၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

## ပရိယတ္တိ စာတော်သင် ပုဂ္ဂိုလ်များ

ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်သည် တိုင်းရေးပြည်ရေး လောကီရေး၌ ဆင်းရဲသား တောင်သူလယ်သမားတို့၏ အကျိုးစီးပွားများရာများကြောင်းကို အဓိကထား၍ ရှက်ဆောင်ခဲ့လေသည်၊ ဘာသာရေး သာသနာရေး၌မူ ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ သာသနာပြုပုံကို စံထားလျက် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓသာသနာတော်ကြီး တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းများကို အဓိကထား၍ ပြုစုခဲ့လေသည်။

ခမည်းတော် မင်းတရားကြီးသည် ပရိယတ္တိ သာသနာတော်ကြီးကို အလေးထား၍ ဦးစားပေးချီးမြှောက်တော်မူသကဲ့သို့ ညောင်ရွှေစော်ဘွားကြီးသည်လည်း ပရိယတ္တိသာသနာတော်ကြီးကိုပင် အဓိကထားကာ ဦးစားပေး၍ ချီးမြှောက်ခဲ့လေသည်။

ညောင်ရွှေနယ်အတွင်းမှ ရဟန်းငယ်များကို မန္တလေးရတနာပုံနေပြည်တော်ကြီးသို့ ပရိယတ္တိစာပေပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်၍ ပရိယတ္တိစာပေများကိုသင်ယူစေခဲ့လေသည်၊ယင်းပညာတော်သင် ရဟန်းတော်များ၏ ခရီးစရိတ်ကို ညောင်ရွှေစော်ဘွားကြီးက ထောက်ပံ့ လှူဒါန်းလေသည်။ မန္တလေးရွှေမြို့တော်၌ ပညာသင်ယူနေသည့်ကာလ၌မူ ပညာတော်သင် ရဟန်းတော်များ၏ စရိတ်လေးပါးအတွက် မန္တလေးရှိညောင်ရွှေစော်ဘွားကြီးပိုင် လယ်ယာခြံမြေတို့မှထွက်သည့် ဆွမ်းဆန်များ၊ အခွန်ဘဏ္ဍာများမှ ခွဲခြားထုတ်နှုတ်၍ လစဉ်မပြတ် ထောက်ပံ့ လှူဒါန်းစေခဲ့လေသည်။

ထိုစဉ်က မန္တလေးသို့ ပညာတော်သင်အဖြစ် စေလွှတ်ခံရသည့်ရဟန်းတော်များမှာ—

၁။ ဦးကေလာသ (အင်းလေး၊ နမ့်ပန်မြောက်ကျောင်း၊ နမ့်ပန်ဂိုဏ်းထောက် ဆရာတော်)။
၂။ ဦးဥက္ကံသ(ညောင်ရွှေမြို့နယ်၊နန်းသဲပြင်သာကျောင်းဆရာတော်)။
၃။ ဦးကောသလ္လ (လွိုင်ကော်မြို့၊ ဈေးသစ်ကျောင်းဆရာတော်)။
၄။ ဦးနေမိန္ဒ (အင်းလေး၊ ဟဲ့ယာရွာမ ပထမကျောင်းဆရာတော်)။
၅။ ဦးရေဝတ (မိုင်းသောက်ဘုရား အနောက်တောင်ကျောင်း ဆရာတော်၊ နောင် လူပြန်တော်ဆရာရဲ)။
၆။ ဦးဝါယမ (ညောင်ရွှေနယ်၊ ရွှေခေါင်းကျောင်းဆရာတော်၊ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော် နာယက)။
၇၊ ဦးအာစရ (ညောင်ရွှေမြို့မ ရွှေဂူကျောင်းညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော် နာယက)။
၈။ ဦးနာဂဝံသ (မိုင်းသောက်ဘုရား အနောက်တောင်ကျောင်း ဆရာတော်၊ နောင် လူပြန်တော်ဆရာမောင်)။
၉။ ဦးစန္ဒိမာ (ညောင်ရွှေမြို့၊ ရွှေဂူကျောင်း ရဟန်းတော်၊ နောင် လူပြန်တော်ဆရာတင်)။
၁၀။ ဦးသုမန (အင်းလေး၊ ဟဲယာရွာမ နမ့်ပန်ကျောင်းဆရာတော်)။
၁၁။ ဦးကေသရ (အင်းလေး၊ သာလေးတောင်ကျောင်းဆရာတော်၊ နောင် လူပြန်တော်ဆရာကြိုင်)။
၁၂။ ဦးသာရိယ (ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်း ရဟန်းတော်)။
၁၃။ ဦးဇိန ။ ။

အစရှိသော ပုဂ္ဂိုလ်တို့ဖြစ်ကြလေသည်။

ညောင်ရွှေစော်ဘွားကြီးသည် ညောင်ရွှေနယ်မှ မန္တလေးပညာတော်သင် ရဟန်းတော်တို့အားသာ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်းတော်မူသည်မဟုတ်သေး၊မန္တလေး ရတနာပုံနေပြည်တော်ကြီး၌သီတင်းသုံးတော်မူလျက် ပရိယတ္တိစာပေများကို ပို့ချတော်မူကြကုန်သော တံဆိပ်တော်ရ—မရဆရာတော်တို့အားလည်း ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထောက်ပံ့တော်မူခဲ့လေသည်။

ထို့ပြင် သာသနာတော်သက္ကရာဇ် ၂၄၄၂၊ ကောဇာ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် ဝါဆိုလမှစတင်၍ ဖွဲ့စည်းတည်ထောင်သော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၌ အသင်းကို ထောက်ပံ့ကူညီ စောင့်ရှောက်သည့် သင်းဝင်လူကြီး(၅၀)ဦးတို့တွင် တဦးအပါအဝင်ဖြစ်၍ ၁၂၆၃-ခုနှစ်မှစ၍ အသင်းကကိုးကွယ်သည့် သံဃာတော်အပါး (၁၀၀) ကျော်တို့၏ ပစ္စည်းလေးပါးအတွက် လစဉ်အလှူတော်ငွေများကို အသင်းသို့ ပေးပို့လှူဒါန်းထောက်ပံ့ခဲ့လေသည်၊ သည်မျှသာမကသေး၊ မိမိ၏ ညောင်ရွှေမြို့နယ် အတွင်း၌လည်း အလှူတော်ငွေများကို နှီးဆော် မကောက်ခံစေလျက် အသင်းသို့ လစဉ်ပေးပို့ထောက်ပံ့ခဲ့လေသည်။

ဤသည်မှာ လစဉ်မပြတ် နိဗဒ္ဓဝတ်အဖြစ် အောက်သက်ဆုံး လှူဒါန်းတော်မူခဲ့သည့် အလှူတော်တရပ်ဖြစ်လေသည်။

ပထမပြန် အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး။

ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်သည် ပရိယတ္တိသာသနာတော်ကြီးကို အထူးချီးမြှောက်တော်မူခဲ့သည့် သာသနဒါယကာ မဟာရာဇာစော်ဘွားကြီးဖြစ်ပေသည်၊ ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်ရန်အတွက် ၁၂၇၅-ခုနှစ် တန်ဆောင်မုန်းလတွင် ညောင်ရွှေနယ် အတွင်းရှိ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်စသော ဆရာတော်များ၊ ရပ်ရွာလူကြီးများကို ပင့်ဖိတ်ပြီးလျှင် ညောင်ရွှေမြို့ ညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော် ဦးဓမ္မစာရီ(ဘုန်းကြီးလှ)၏ မိတ္ထီလာကျောင်း၌ အစည်းအဝေးကြီးကို ကျင်းပပြုလုပ်လေသည်။

မိတ္ထီလာကျောင်းမှာ နောင်အခါ ရွှေဂူကျောင်းဟု အမည်ပြောင်းလဲခဲ့သည်)။

ယင်းအစည်းအဝေးကြီး၌ ပရိယတ္တိ သာသနာတော်ကြီး တိုးတက်ပြန့်ပွားရေးအတွက် ဆွေးနွေးတော်မူကြပြီးလျှင် လာမည့် ၁၂၇၆-ခုနှစ်၊ နယုန်လတွင် ညောင်ရွှေမြို့၌ ''ပထမပြန် အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီး''ကို ကျင်းပရန် ဆုံးဖြတ်တော်မူကြလေသည်။ စာပြန်ပွဲတော်ကြီးကို ကြီးမှူးကျင်းပရန် နာယကဆရာတော်ကြီးများ၊ အကျိုးဆောင် ဆရာတော်များကိုလည်း ရွေးချယ်တင်မြှောက်ကြလေသည်။

### နာယကဆရာတော်များ

၁။ ညောင်ရွှေနယ်၊ အင်းလေး၊ လင်း ကင်း ကျောင်း ဆရာတော် ဦးကေလာသ။
၂။ ညောင်ရွှေမြို့မ၊ ကျောင်းခမ်းကျောင်းဆရာတော် ဦးသောဘိတ။ (နောင် မဟာဒါနိဝန် ဆရာထိုက်)

### အကျိုးဆောင်ဆရာတော်များ

၁။ ညောင်ရွှေနယ်- ခေါင်တိုင် တောင်ကျောင်းဆရာတော်။
၂။ ညောင်ရွှေမြို့မ၊ ကျောင်းခမ်းကျောင်း ရဟန်းတော် ဦးပျိုင်း။

နာယကဆရာတော်များနှင့် အကျိုးဆောင်ဆရာတော်များကို ရွေးချယ်တင်မြှောက်ပြီးလျှင် အတန်းနှင့်ပြဌာန်းချက်ကျမ်းစာများကိုလည်း သတ်မှတ်ပြဋ္ဌာန်းတော်မူကြလေသည်၊ အတန်းကို—

၁။ ပထမငယ်တန်း။
၂။ ပထမလတ်တန်း။
၃။ ပထမကြီးတန်း—

ဟုသုံးတန်းသတ်မှတ်ပြီးလျှင် ရဟန်းနှင့်သာမဏေခွဲခြား၍ ကျမ်းစာများကို ပိုင်းခြားသတ်မှတ် ပြဋ္ဌာန်းလေသည်။

### ပထမငယ်တန်း

(က) ရဟန်းတော်၊ ။ဘိက္ခုပါတိမောက် ပါဠိတော်အကုန်။
(ခ) သာ မ ဏေ၊ ။ရှင်ကျင့်ဝတ်ပါဠိ+အနက် အကုန်။
မင်္ဂလသုတ်ပါဠိ +အနက် အကုန်။
သင်္ဂဟပါဠိ+ စိတ်, စေတသိက် (၂) ပိုင်း အကုန်။

### ပထမလတ်တန်း

(က) ရဟန်းတော်၊ ။ဒွေမာတိကာ ပါဠိတော်အကုန်။
(ခ) သာ မ ဏေ၊ ။ရှင်ကျင့်ဝတ်ပါဠိ+အနက်အကုန်။
မင်္ဂလသုတ်ပါဠိ+အနက်အကုန်။
သင်္ဂဟပါဠိအောက် (၄) ပိုင်း အကုန်။

## ပထမကြီးတန်း

(က) ရဟန်းတော်၊ ။ဝိနည်းငယ်လေးစောင်ပါဠိအကုန်။
(ခ) သာ မ ဏေ၊ ။ကစ္စည်းသဒ္ဒါကြီးပါဠိ ရှစ်စောင်လုံးအကုန်။ သင်္ဂဟပါဠိ (၉) ပိုင်းအကုန်။

ပထမကျော်တန်းဟု အတန်းအားဖြင့် သီးခြားသတ်မှတ်၍ ကျမ်းစာများကို သီးခြားမပြဋ္ဌာန်းသော်လည်း အကြီးတန်းပြန်ရဟန်း သာမဏေများ အနက် ပြဋ္ဌာန်းချက်ကျမ်းစာများအပြင် အခြားကျမ်းစာများကို အပိုပြန်ဆို နိုင်သည့်ပုဂ္ဂိုလ်အား "ပထမကျော်ပြန် ပုဂ္ဂိုလ်အဖြစ်" အ သိအ မှတ် ပြုလေ သည်။

ယင်းနည်းစနစ်အရ ၁၂၇၆–ခုနှစ် နယုန်လတွင် ပထမအကြိမ်ကျင်းပ သည့် ပထမပြန် အာဂုမ်အောင်စာပြန်ပွဲတော်ကြီး ရှင်သာမဏေ ပထမကြီးတန်း ၌ အင်းလေးဒေသ လင်းကင်းကျောင်းမှ–

၁။ ရှင်နန္ဒိယ၊

၂။ ရှင်သောဘိတ၊

၃။ ရှင်ကုသလ၊

၄။ ကိုရင်တို့–

ဟူသော သာမဏေ ၄–ပါး ဝင်ရောက်ပြန်ဆိုကြရာ ရှင်နန္ဒိယမှာ ပြဋ္ဌာန်းချက် ကျမ်းစာများအပြင် ရှင်ကျင့်ဝတ် ပါဠိအနက်နှင့် ပရိတ်ကြီး ပါဠိတော် ကျမ်းစာများကို အပိုပြန်ဆိုနိုင်ခြင်းကြောင့် "ပထမကျော်ပြန် သာမဏေ အဖြစ်" အသိအမှတ်ပြုခံရလေသည်။

ရဟန်းတော် ပထမကြီးတန်း၌မူအင်းလေးဒေသ၊ လင်းကင်းကျောင်း မှ ဦးရေဝတ (နောင် ဆရာရိ)နှင့် အင်းလေးဒေသ၊ သာလေးရွာ သာလေး တောင်ကျောင်းမှ ဦးကဝိန္ဒ (နောင်ဟဲ့ယာရွာမ ဗိန္ဒောကျောင်း၊ ဟဲယာဂိုဏ်း အုပ်ဆရာတော်)တို့ ဝင်ရောက် ပြန်ဆိုတော်မူကြရာ ဦးရေဝတကပြဋ္ဌာန်းချက် ကျမ်းစာများအပြင် သင်္ဂြိုဟ် (၉) ပိုင်းပါဠိကို အပိုပြန်ဆိုနိုင်ခြင်းကြောင့် "ပထမကျော်ပြန် ရဟန်းတော်အဖြစ်" အသိအမှတ်ပြုခံရလေသည်။

(ရှင်နန္ဒိယနှင့် ဦးရေဝတမှာ ညီအစ်ကိုအရင်း ဖြစ်၏)

ယင်း ပထမပြန် အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီးကို ဒက္ခိဒိသာ ဓမ္မ ဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ ခုနှစ်ရက်ပတ်လုံး ကျင်းပလေသည်၊ စာပြန်ပွဲတော်ကြီး ကျင်းပသည့်ရက်အတွင်း စာရေးတံမဲချ၍ သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်းလေသည်၊ မဲချရာဌာနမှာ မိတ္ထီလာကျောင်းပင် ဖြစ်၏၊ စာပြန်ပွဲတော်ကြီးအတွင်း သံဃာတော်တို့သည် မဲကျရာ ဆွမ်းဒါယကာများ အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူကြရလေသည်၊ စာပြန်ဆိုသည့် အခမ်းအနား ကိုမူ နေ့လယ်အချိန်၌သာ ကျင်းပလေသည်။

၁၂၇၆-ခုနှစ်၊ နယုန်လ ပထမဆုံးအကြိမ် ကျင်းပသော ပထမပြန် အာဂုမ်ဆောင်စာပြန်ပွဲတော်ကြီး၌ နာယက အကျိုးတော်ဆောင်စသော ဆရာတော်, သံဃာတော်ပေါင်း အပါး (၆၀) ကျော်ပါဝင်တော်မူခဲ့လေသည်၊ စာပြန်ပွဲတော် အောင်မြင်တော်မူကြသည့် အရှင်သူမြတ်တို့အား ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင် အမှူးရှိသော ညောင်ရွှေမြို့သူ-မြို့သား, နယ်သူ နယ်သားအပေါင်းတို့က သီးမျိုးစုံပဒေသာပင်များဖြင့် ချီးမြှောက်လှူဒါန်း ပူဇော်ခဲ့ကြလေသည်။

## ဒုတိယအကြိမ် စာပြန်ပွဲတော်ကြီး

၁၂၇၇-ခုနှစ်၊ နယုန်လတွင် ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီးကို ဒုတိယအကြိမ် ဆက်လက်၍ ကျင်းပလေသည်၊ အတန်းနှင့် ပြဋ္ဌာန်းချက် ကျမ်းစာများမှာ ယခင်နှစ်အတိုင်းပင် ဖြစ်၏၊ ဤနှစ်တွင်သာမဏေ ပထမကြီးတန်း၌ ''ပထမကျော်ပြန်''ပုဂ္ဂိုလ်များ မပေါ်ထွက်ခဲ့ပေ။

ရဟန်းတော် ပထမကြီးတန်း၌မူ-

၁။ လင်းကင်းကျောင်းမှ ရဟန်းတော် ဦးရေဝတ၊

၂။ အင်းလေးသမြေပြင် ပထမကျောင်းဘုန်းကြီး ဦးဇဝန၊

၃။ ညောင်ရွှေမြို့မ၊ ကျောင်းခမ်းကျောင်းမှ ရဟန်းတော် ဦးသုန္ဒရ၊ ပေါင်း ရဟန်းတော်သုံးပါး ပြန်ဆိုတော်မူကြရာ လင်းကင်းကျောင်းမှ ဦးရေဝတက ပြဋ္ဌာန်းချက်ကျမ်းစာများအပြင် ''ကစ္စည်းသဒ္ဒါကြီးပါဠိ ရှစ်စောင်''ကို အပိုပြန်ဆိုနိုင်ခြင်းကြောင့် (ယခင်နှစ်က ပထမကျော် အောင်ပန်း ရခဲ့သည့် ဦးရေဝတပင်လျှင်) ''ပထမကျော်ပြန် ရဟန်းတော်အဖြစ်'' ထပ်မံ၍ အသိအမှတ်ပြုခံရပြန်လေသည်။

ဤနှစ် ပထမပြန် အာဂုမ်ဆောင်စာပြန်ပွဲတော်ကြီး ကျင်းပသည့်အချိန်တွင် ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင် မရှိပေ၊ အကြောင်းမှာ နယ်ချဲ့အင်္ဂလိပ်လက်သို့ ပါတော်မူခဲ့ရသော သီပေါမင်းတရားကြီး အိန္ဒိယပြည် ရတနာဂီရိ၌ နတ်ရွာစံ ကံတော်ကုန်ခြင်းကြောင့် အလောင်းတော်ကို မြန်မာနိုင်ငံသို့ ပြန်ယူသင့်မသင့် ဆွေးနွေးတိုင်ပင်ရန် ကိစ္စဖြင့် ရန်ကုန်မြို့သို့ သွားလိုက်ရသောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် စော်ဘွားကြီးမရှိသော်လည်း နာယကဆရာတော်ကြီးများ၊ အကျိုးတော်ဆောင် ဆရာတော်များ ကြီးမှူးလျက် မြို့သူ၊ မြို့သား၊ နယ်သူနယ်သားများနှင့်တကွ မှူးကြီးမတ်ရာ၊ဟိန်၊ ထမုန်၊ မြို့စား၊ နယ်စားတို့က ယခင်နှစ်က ကျင်းပခဲ့သည့် အစီအစဉ်အတိုင်း စာပြန်ပွဲတော်ကြီးကို ဆက်လက် ကျင်းပခဲ့ကြလေသည်၊ ဤနှစ်စာပြန်ပွဲတော်ကြီး၌ သံဃာတော်ပေါင်း အပါး (၁၀၀)ကျော် ပါဝင်တော်မူခဲ့လေသည်။

ယင်းသို့ဖြင့် ပထမပြန် အာဂုမ်ဆောင်စာပြန်ပွဲတော်ကြီးကို ၁၂၇၇-ခုနှစ်၊ နယုန်လတွင် ဒုတိယအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးနောက် ဆက်လက်၍ မကျင်းပနိုင်ခဲ့ပေ။

ဤသို့လျှင် ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင် လက်ထက် ညောင်ရွှေမြို့၌ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီးကို(၁၂၇၆-၇၇)နှစ် နှစ်တာ ကာလ နှစ်ကြိမ်မျှသာ ကျင်းပနိုင်ခဲ့သော်လည်း ယင်းစာပြန်ပွဲတော်ကြီး၏ ဥပနိဿယသတ္တိကား ကြီးမားလှပေသည်၊ နောင် ၁၇-နှစ်ကာလအကြာတွင် ကျင်းပသတ္တံ့ဖြစ်သော ဝိနယာဒိနိဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး၏ ရှေ့ပြေးနိမိတ် အရုဏ်ဦး လင်းဆောင်ခြည်သဖွယ် ဖြစ်ခဲ့လေသည်သာကား။

ကမ္ဘောဇရှမ်းပြည် ညောင်ရွှေမြို့၌ ပထမပြန်အာဂုမ်ဆောင် စာပြန်ပွဲတော်ကြီးကို အာဒိကမ္မိက အစပကတူး ဦးဦးဖျားဖျားကျင်းပကာ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကြီးကို ပြုစုချီးမြှောက်တော်မူ၍ တိုင်းကျိုး ပြည်ကျိုး သာသနာ့အကျိုးကို ဆောင်ရွက်တော်မူသော သာသနဒါယကာ မဟာရာဇာ ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်သည် သက်တော် ၇၆-နှစ် အရ ၁၂၈၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၃) ရက် ညဉ့် စက် (၁) နာရီ (၄၅) မိနစ်အချိန်တွင် လူ့ပြည်ငြီး၍ နတ်ထီးခိုလှုံတော်မူခဲ့လေသတည်း။

## ဗုဒ္ဓသာသနဟိတ အကျိုးဆောင်အသင်းကြီး

သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်၊ (၁၈၈၅-ခု၊ နိုဝင်ဘာလ ၂၈) နေ့တွင် မန္တလေးရတနာပုံ နေပြည်တော်ကြီးမှ မြန်မာတို့၏ ကုန်းဘောင်မင်းဆက် သာသနဒါယကာ မာရ်အောင် ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရွှေဘုံ ရွှေနန်းကို စွန့်ခွါ၍ အိန္ဒိယပြည် ရတနာဂီရိသို့ ဗြိတိသျှလက်တွင်း ပါတော်မူကြရပြီးနောက် ဗုဒ္ဓသာသနာတော်မှာ ပြုစုသူ ဒါယကာ ကင်းမဲ့နေသည်ဖြစ်ရကား မန္တလေးရွှေမြို့တော်သူ-ရွှေမြို့တော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် မြန်မာသက္ကရာဇ် ၁၂၆၁ ပြည့်နှစ်တွင် ''မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး''ကို ဖွဲ့စည်းတည်ထောင်ကာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဆက်လက်၍ ပြုစုစောင့်ရှောက် ချီးမြှောက်ခဲ့ကြလေသည်။

ထိုနည်းအတူ ၁၂၈၈-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၃-ရက် ညဥ့်တွင် ညောင်ရွှေမြို့ ရတနာမာရ်အောင် စေတီတော် ဒါယကာ, သာသနဒါယကာ ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင် နတ်ရွာစံ ကံတော်ကုန်ပြီးသည့်နောက်၌လည်း ညောင်ရွှေမြို့နယ် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တိုးတက်ကြီးပွား စည်ကားစိမ့်သောငှာ သက္ကရာဇ် ၁၂၈၉-ခုနှစ်၊ ကဆုန်လဆန်း ၁၅-ရက်၊ (၁၉၂၇-ခု၊ မေလ ၁၅)နေ့တွင် *''ညောင်ရွှေမြို့နယ် ဗုဒ္ဓသာသနဟိတ အကျိုးဆောင်အသင်းကြီးကို'' ဖွဲ့စည်းတည်ထောင်လျက် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဆက်လက်၍ ပြုစုစောင့်ရှောက် ချီးမြှောက်ခဲ့ကြလေသည်။

## ၃၃-ဆက်မြောက် နောက်ဆုံး ညောင်ရွှေစော်ဘွား

ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင် နတ်ရွာစံ ကံတော်ကုန်ပြီးနောက် ကောဇာသက္ကရာဇ် ၁၂၈၉-ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်၊ (၁၉၂၇-ခုနှစ်၊ စက်တင်ဘာလ ၁-ရက်)နေ့တွင် စော်ဘွားကြီး (ဆာ) စဝ်မောင်၏တူတော် စဝ်ရွှေသိုက်က ဘကြီးတော်၏ အရိုက်အရာ ထီးမွေနန်းမွေကို ဆက်ခံ၍ ညောင်ရွှေစော်ဘွားအဖြစ် စိုးစံအုပ်ချုပ်ခဲ့လေသည်။

စော်ဘွားသစ် စဝ်ရွှေသိုက်သည် ကောဇာသက္ကရာဇ် ၁၂၅၀-ခုနှစ်-သီတင်းကျွတ်လဆန်း (၁၀) ရက်၊ (၁၈၉၆-ခုနှစ်၊ အောက်တိုဘာလ ၁၆-ရက်

---

* မူလရှိရင်း အသင်း၏နာမည်မှာ ''ညောင်ရွှေမြို့နယ် ဗုဒ္ဓါဒိသာသနဟိတ အကျိုးဆောင် အသင်းကြီး''ဟု ရှိသည်။

သောကြာနေ့တွင် ဖွားမြင်တော်မူ၍ ၁၂၈၉–ခုနှစ် (၁၊ ၉၊ ၂၇–ခုနှစ်) သက်တော် ၃၁–နှစ်တွင် ၃၃·ဆက်မြောက် ညောင်ရွှေစော်ဘွား အဖြစ် ဆက်ခံရခြင်း ဖြစ်လေသည်။

ညောင်ရွှေစော်ဘွားသစ်စဝ်ရွှေသိုက်သည် ဘကြီးတော်ဘုရား၏ ထီး မွေ နန်းမွေဟူသော လေးကီအမွေသက်သက်ကိုသာ ဆက်ခံခဲ့သည့် ပုဂ္ဂိုလ် မဟုတ်ပေ၊ ဘကြီးတော် ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်သည် ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ သာသနာပြုစိတ်ဓာတ် အမွေမြတ် ကိုပါ ဆက်ခံရရှိခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သကဲ့သို့ ဘကြီးတော်ဘုရား၏ သာသနာ ပြုစိတ်ဓာတ် အမွေမြတ်ကိုလည်း ဆက်ခံရရှိခဲ့သည့်ပုဂ္ဂိုလ် ဖြစ်ပေသည်။

အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သီရိဓမ္မာသောကမင်း၊ ဒုဋ္ဌ ဂါမဏိမင်း၊ အနော်ရထာမင်းစော၊ မင်းတုန်းမင်းတရားကြီး အစရှိသော ရှေးရှေးသော ပင်းကောင်းမင်းမြတ်တို့သည်၎င်း၊ ဘေးလောင်းတော်၊ ဘိုး လောင်းတော် မင်းကောင်း မင်းမြတ်တို့သည်၎င်း တိုင်းကျိုး ပြည်ကျိုးနှင့် တကွ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏အကျိုးကို သည်ပိုးရွက်ဆောင်တော် မူခဲ့ကြသကဲ့သို့ ထို့နည်းအတူ ညောင်ရွှေစော်ဘွားသစ် စဝ်ရွှေသိုက်သည်လည်း တိုင်းကျိုး ပြည်ကျိုးနှင့်တကွ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသုံးရပ် အဓွန့် ရှည်ကြာ တည်တံ့တိုးတက်ကြီးပွားရေးကို ဆောင်ရွက်လေ့ရှိသည့် ဗုဒ္ဓသာ သာနပြု စော်ဘွားတဦး ဖြစ်လေသည်။

## ဗုဒ္ဓသာသနာ့အရေး အစည်းအဝေးကြီး

၁၂၉၂·ခုနှစ်၊ ဝါခေါင်လဆုတ် (၅) ရက်နေ့ (၁၁) နာရီအချိန်တွင် ညောင်ရွှေမြို့မ–လှိုင်ကြူကျောင်း၌ ညောင်ရွှေမြို့–နယ် လေးရပ်လုံးဆိုင်ရာ သံဃ ရာဇာဂိုဏ်းချုပ်(လှိုင်ကြူ)ဆရာတော်ဘုရားကြီးကို အမှူးထား၍ ဗုဒ္ဓသာသနာ တော်အရေးအတွက် အစည်းအဝေးကြီးတရပ်ကို ကျင်းပခဲ့လေသည်။

ယင်း အစည်းအဝေးကြီး၌ ပါဝင်သည့် ပုဂ္ဂိုလ်များမှာ–

၁။ ညောင်ရွှေမြို့မ၊ လှိုင်ကြူကျောင်း သံဃရာဇာဂိုဏ်းချုပ် ဆရာ တော် ဦးဇဝန၊

၂။ ညောင်ရွှေမြို့မ၊ ကန်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ။

၃။ ညောင်ရွှေမြို့မ၊ တိတ်နမ့်ကျောင်းဆရာတော် ဦးတိက္ခ။

၄။ ညောင်ရွှေမြို့မ၊ အုံတော်ရ (ရန်ကုန်) ကျောင်းဆရာတော် (ကိုယ်စား) ဦးသြဘာသ။

၅။ ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်း ဆရာတော် ဦးအာစရ။

၆။ ညောင်ရွှေမြို့မ၊ ရွှေရေကျကျောင်း ဆရာတော် ဦးသြဘာသ။

၇။ ညောင်ရွှေမြို့နယ်၊ ရွှေရန်ပြေကျောင်း ဆရာတော် ဦးမုနိန္ဒ။

၈။ ညောင်ရွှေမြို့နယ်၊ သန်းတောင်ဘုရားငါးဆူကျောင်း ဆရာတော် ဦးပညာသီဟ။

၉။ ညောင်ရွှေမြို့နယ်၊ လင်းကင်းကျောင်းဆရာတော် (ကိုယ်စား) ဦးသကျဝံသ။

၁၀။ ညောင်ရွှေမြို့နယ်၊ အင်းပေါ့ခုံကျောင်း နမ့်ပန်ဂိုဏ်းထောက် ဆရာတော် ဦးသူရိယ။

၁၁။ ညောင်ရွှေမြို့နယ်၊ နမ့်ပန်မြောက်ကျောင်းဆရာတော် ဦးကောလာသ။

၁၂။ ညောင်ရွှေမြို့နယ်၊ ဟဲယာရွာမ ကျောင်းနီကျောင်း ဟဲယာရွာမ ဂိုဏ်းအုပ်ဆရာတော် ဦးဂန္ဓမာ (ကိုယ်စား) ဦးစန္ဒိမာ။

၁၃။ ညောင်ရွှေမြို့နယ်၊ ဟဲယာရွာမ ဗိန္ဒောကျောင်း ဆရာတော် ဦးကဝိန္ဒ။

၁၄။ ညောင်ရွှေမြို့နယ်၊ မိုင်းသောက်တောရကျောင်း မိုင်းသောက်ဂိုဏ်းထောက်ဆရာတော် ဦးဒေဝိန္ဒ။

၁၅။ ညောင်ရွှေမြို့နယ်၊ ရွှေကျောင်းဆရာတော် ဦးကလျာဏ။

၁၆။ ညောင်ရွှေမြို့နယ်၊ ရွှေခေါ့ကျောင်း ဆရာတော် (ကိုယ်စား) ဦးနာယက–

စသော ဆရာတော်သံဃာတော်များနှင့် ညောင်ရွှေမြို့ သာသနဒါယကာ မဟာရဇာစော်ဘွားကြီးစပ်ရွှေသိုက်၊ ညောင်ရွှေမြို့ဗုဒ္ဓသာသနဟိတ အကျိုးဆောင်အသင်းဘုရားလူကြီးများ၊ ရပ်ကွက်လူကြီးများ ဖြစ်ကြလေသည်။

## အစည်းအဝေးဆုံးဖြတ်ချက်များ

ယင်း အစည်းအဝေးကြီးမှ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်ခန့်၍ ပွင့်လင်းထွန်းတောက်စေခြင်းအကျိုးငှာ အောက်ပါဆုံးဖြတ်ချက်များကို သဘောတူချမှတ်တော်မူခဲ့ကြလေသည်။

၁။ ကမ္ဘောဇတိုင်းရင်းသား သာသနာဘောင်ထပ်း ရဟန်း သာမဏေ များအဘက် ၁၂၉၃–ခုနှစ် တန်ဆောင်မုန်းလတွင် အာဂုမ်စာပြန်ပွဲ တော်ကြီးကျင်းပရန်။

၂။ ကျင်းပမည့် စာပြန်ပွဲတော်ကြီးကို "ညောင်ရွှေမြို့ ကမ္ဘောဇ တိုင်း ရင်းသား ဝိနယာဓိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်"ဟု ခေါ် ဝေါ် သမုတ်ရန်။

၃။ စာပြန်ပွဲတော်ကြီးတွင် (က) ဥက္ကဋ္ဌဆရာတော်နှစ်ပါး၊ (ခ) နာယက ဆရာတော်လေးပါး၊ (ဂ) စာကြည့်စာထောက်နှင့် အတိုင်ပင်ခံဆရာ တော် ၃၂–ပါးရွေးကောက်တင်မြှောက်ရန်။

၄။ စာပြန်ပွဲတော်ကြီး၏အတန်းနှင့် ပြဋ္ဌာန်းချက်ကျမ်းစာများကို ရဟန်း တော်များအတန်း၊ သာမဏေများအတန်းဟု သီးခြားခွဲ၍ သတ်မှတ် ပြဋ္ဌာန်းရန်။

အထက်ပါ ဆုံးဖြတ်ချက် အမှတ်(၃) အရ–

ဥက္ကဋ္ဌ ဆရာတော်ကြီး(၂)ပါးမှာ-

၁။ ပဌမဥက္ကဋ္ဌ ညောင်ရွှေမြို့ မြို့မ လှိုင်ကြူကျောင်း၊ ညောင်ရွှေနယ် လေးရပ်လုံးဆိုင်ရာ သံဃာဇာဂိုဏ်းချုပ်ဆရာတော်ဦးဇဝန။

၂။ ဒုတိယဥက္ကဋ္ဌ၊ဟဲယာရွာမ ကျောင်းနီကျောင်း၊ ဟဲယာရွာမ ဂိုဏ်းအုပ် ဆရာတော် ဦးဂန္ဓမာ။

နာယက ဆရာတော်ကြီး ၄-ပါးမှာ–

၁။ ညောင်ရွှေမြို့နယ်၊လင်းကင်းကျောင်း ဆရာတော် ဦးကေလာသ။

၂။ ညောင်ရွှေမြို့မ ကန်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ။

၃။ ညောင်ရွှေမြို့နယ်၊ ရွှေရန်ပြေကျောင်းဆရာတော် ဦးမုနိန္ဒ။

၄။ ဟဲယာရွာမ၊ ဗိန္ဒောကျောင်းဆရာတော် ဦးကဝိန္ဒ။

---

မှတ်ချက်။ ။နာယက၊ ဥက္ကဋ္ဌဟု အသုံးအနှုန်း ရှိသော်လည်း စာပြန်ပွဲ တော်ကြီးအတွက် အစည်းအဝေးကျင်းပစဉ်က ဥက္ကဋ္ဌ ဆရာ တော်များ၊ နာယက ဆရာတော်များဟု အစဉ်ပြု၍ သုံးစွဲခဲ့ သည့်အစဉ်အတိုင်း ဤသမိုင်းအစပိုင်းတွင် အစဉ် ပြုထားပါ သည်။

စာကြည့်စာထောက်နှင့် အတိုင်ပင်ခံဆရာတော်များမှာ–

၁-ညောင်ရွှေမြို့မ ရွှေရေကျ၊ ၂-မြို့မ ရွှေဂူ၊ ၃-မြို့မတိဘ်နမ့်၊ ၄-ရွှေခေး၊ ၅-ရွှေကျောင်း၊ ၆-မိုင်းသောက် ဂိုဏ်းထောက်၊ ၇-နမ့်ပန်ဂိုဏ်းထောက်၊ ၈-သာလေးမြောက်၊ ၉-တောင်ကြီး မင်္ဂလာရာမ၊ ၁၀-တောင်ကြီးနဂါးပတ်၊ ၁၁-တောင်ကြီးကံဦး၊ ၁၂-နမ့်ပန်မြောက်၊ ၁၃-မြို့မရွှေဂူဦးရေဝတ၊ ၁၄-မြို့မရွှေရေကျ ဦးသုန္ဒရ၊ ၁၅-ခေါင်တိုင်တောင်၊ ၁၆-ဟဲယာရွာမ ပထမ၊ ၁၇-မြို့မအံတော်ရ၊ ၁၈-သိန်းတောင် ဘုရားငါးဆူ၊ ၁၉-သုန်းတောင်ဂိုဏ်းထောက်၊ ၂၀-မိုင်းပျိုးဂိုဏ်းထောက်၊ ၂၁-အင်းတိမ်ဂိုဏ်းထောက်၊ ၂၂-ကျောက်တိုင်ဂိုဏ်းထောက်၊ ၂၃-လုံကားဂိုဏ်းထောက်၊ ၂၄-နားတီးဂိုဏ်းထောက်၊ ၂၅-ကုန်းဆွတ်ဂိုဏ်းထောက်၊ ၂၆-ထီသိမ်ဂိုဏ်းထောက်၊ ၂၇-စလဲဂိုဏ်းထောက်၊ ၂၈-ထဲဟိုးဂိုဏ်းထောက်၊ ၂၉-ကျောက်ထပ်ဂိုဏ်းအုပ်၊ ၃၀-ဘော်ဆိုင်းဂိုဏ်းအုပ်၊ ၃၁-ဘိကျစ်ဂိုဏ်းအုပ်၊ ၃၂-လွယ်မောဂိုဏ်းအုပ်ဆရာတော်တို့ဖြစ်ပေသည်။

ဆုံးဖြတ်ချက်အမှတ် (၄) အရ စာပြန်ပွဲတော်ကြီး၏ အတန်းများကို (က) ရဟန်းတော် ပထမငယ်တန်း၊ (ခ) ပထမလတ်တန်း၊ (ဂ) ပထမကြီးတန်း၊ (ဃ) ပထမကျော်တန်းဟု ၄-တန်းသတ်မှတ်ပြီးလျှင် ဝိနည်းငယ်လေးစောင်၊ ကစ္စည်းသဒ္ဒါကြီးရှစ်စောင်၊ သင်္ဂြိုဟ်ကိုးပိုင်းတို့ကို အတန်းလိုက် ခွဲခြားပြဋ္ဌာန်းထားလေသည်။

သာမဏေများအတွက်လည်း (က) သာမဏေ ပထမငယ်တန်း၊ (ခ) ပထမလတ်တန်း၊ (ဂ) ပထမကြီးတန်း၊ (ဃ) ပထမကျော်တန်းဟု ၄-တန်းပင်သတ်မှတ်၍ ရှင်ကျင့်ဝတ်ပါဠိအနက်၊ ပရိတ်ကြီးပါဠိတော်၊ သင်္ဂြိုဟ်ကိုးပိုင်း၊ ကစ္စည်းသဒ္ဒါကြီးပါဠိအောက် ၄ စောင်၊ ဘိက္ခုပါတိမောက် ပါဠိတော်များကို အတန်းလိုက်ခွဲခြားပြဋ္ဌာန်းထားလေသည်။

ယင်း ပြဋ္ဌာန်းချက်များအပြင် စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ, နာယက, စာကြည့် စာထောက်နှင့် အတိုင်ပင်ခံ ဆရာတော်များ လိုက်နာတော်မူရန် စည်းမျဉ်းဥပဒေများကိုလည်း ပြဋ္ဌာန်းထားလေသည်။

၁။ ဥက္ကဋ္ဌ နာယကစသော ဆရာတော်တို့တည်း အဂတိလေးပါး မလိုက်စားကြပဲ သာသနာ့အကျိုးကိုးမျှော်ကိုးလျက် ကြီးမားသော သမာဓိတရားဖြင့် စီမံဆောင်ရွက်တော်မူကြရန်။

၂။ ဝိနည်းကံနှင့် လျော်ညီသဖြင့် သုဒ္ဓိသဘောသို့သက်စေရန်။

၃။ ဤစာပြန်ပွဲတော်ကြီးကို တပါးတည်းသော ပုဂ္ဂိုလ်သဘောဖြင့် စီမံဆောင်ရွက်မှုမရှိစေရ၊ ဥက္ကဋ္ဌ, နာယက, အတိုင်ပင်ခံဆရာတော်ကြီးများနှင့် ကြွရောက်လာသမျှကျောင်းထိုင်ဆရာတော်များ ကြီးမှူးကျင်းပ စီမံဆောင်ရွက်သောစာပြန်ပွဲတော်ဖြစ်စေရမည်။

ထို့ပြင် တာဝန်ကိုလည်းခွဲခြား သတ်မှတ်ထား၏၊ ဥက္ကဋ္ဌဆရာတော်တို့၏တာဝန်မှာ စာပြန်ပွဲတော်ဝင် သံဃာတော်များ၏ အဆောင်အရွက်ကို နာယကဆရာတော်များနှင့်တိုင်ပင်၍ အဆုံးအဖြတ် ပေးတော်မူရန် ဖြစ်ပေကည်၊ နာယကဆရာတော်တို့၏တာဝန်မှာကား စာပြန် ပွဲတော်ကြီး၌ စီမံဆောင်ရွက်ရန်ကိစ္စဟူသမျှကို အထူးတာဝန်ယူ၍ ဆောင်ရွက်တော် မူကြရန်ဖြစ်ပေသည်။

သည်မျှသာမကသေး၊ သတ်မှတ်ထားပြီးသည့်အတန်းအလိုက် ပြဋ္ဌာန်းချက်ကျမ်းစာများ ပြောင်းလဲတိုးချဲ့ပြဋ္ဌာန်းရန် အမိန့်အစဉ်ကိုလည်း ရေးဆွဲထားပေသည်၊ အတန်းလိုက်ပြဋ္ဌာန်းချက်ကျမ်းစာများကို ပြောင်းလဲ တိုးချဲ့ပြဋ္ဌာန်းရန်ရှိသောအခါ ရှေးဦးစွာ စာပြန်ပွဲတော်ကြီး၏ နာယကဆရာတော်များက ပြောင်းလဲတိုးချဲ့ပြဋ္ဌာန်းသင့်သော ကျမ်းစာများကို စိစစ်ရွေးချယ်၍ စာပြန်ပွဲတော်ကြီး၏ဥက္ကဋ္ဌဆရာတော်ကြီးများထံ တင်ပြရပေသည်။ ယင်းတင်ပြချက်များကို ဥက္ကဋ္ဌဆရာတော်ကြီးများက နှစ်သက် ကျေနပ်တော်မူလျှင် ဒကာတော်ညောင်ရွှေစော်ဘွားစစ်ရွေသိုက်ထံသို့ဆက်သွင်း၍အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ကြေငြာစေရလေသည်။

အခြားအကြောင်းထူးမရှိက စာပြန် ပွဲတော်ကြီးကို ၁၂၉၃–ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့မှအစပြု၍ ကျင်းပရန် ဟူသော ဆုံးဖြတ်ချက်များကို အထက်ပါ အစည်းအဝေးကြီး၌ အများသဘောတူ ဆုံးဖြတ်တော်မူခဲ့လေသည်။

**စာပြန်ပွဲကျင်းပရက်ရွှေ့ရခြင်း။**

၁၂၉၂–ခုနှစ် ဝါခေါင်လဆုတ် ၅ ရက်နေ့ (လှိုင်ကြို) အစည်းအဝေးမှ "အခြားအကြောင်းထူးမရှိက ဤစာပြန်ပွဲတော်ကြီးကို ၁၂၉၃-ခုနှစ် တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့မှအစပြု၍ ကျင်းပရန်"ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သော်လည်း အကြောင်းထူး နှစ်ရပ်ကား ပေါ်ပေါက်လာလေသည်။

ယင်း အကြောင်းထူးနှစ်ရပ်မှာ ၁၂၉၂–ခုနှစ် တော်သလင်းလတွင် စာပြန်ပွဲတော်ကြီး၏ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ် လေးရပ်လုံးဆိုင်ရာ သံဃရာဇာ ဂိုဏ်းချုပ် (လှိုင်ကြို) ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ထို့ပြင် သာသနဒါယကာ မဟာရာဇာစော်ဘွားကြီး စဝ်ရွှေသိုက်မှာလည်း ထို တော်သလင်းလတွင်ပင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ခရီးထွက်ရန် ကိစ္စတရပ် ပေါ်ပေါက်ခဲ့လေသည်။

ယင်းအကြောင်းထူး နှစ်ရပ်ကြောင့် ၁၂၉၃–ခုနှစ် တော်သလင်းလဆန်း ၈–ရက်နေ့တွင် ညောင်ရွှေမြို့ အဌဒိသာ ဓမ္မဝိဟာရ ဒေသစရီကျောင်းတော်ကြီး၌ ၁-အငြိမ်းစားအမတ်ကြီးဦးချန်၊ ၂–အငြိမ်းစားအမတ်ကြီးဦးငို၊ ၃–ငွေတိုက်အမတ်ကြီးဦးငြိမ်း၊ ၄–အတွင်းဝန်ဦးချို၊ ၅–ကျည်ဝန်အမတ်ထောက် ဦးထွန်းအောင်၊ ၆–ပန်းထိမ်ဆရာ ဘုရားဒကာတိုး၊ ၇–ဟိန်–ဦးဘအို၊ ၈–တာမိုင်းဆရာချစ်၊ ၉–ဘုရားဒကာ ဦးလောကွေ၊ ၁၀–ဘုရားဒကာ ဦးညွာနှင့် ၁၁–မဟာဒါန်ဝန်မင်း ဦးထွန်းလှိုင်တို့ပါဝင်သော အရေးပေါ်အစည်းအဝေးတရပ်ကျင်းပပြီးလျှင်–

"×××သာလွန် မင်းတရားကြီးစသော ရှေးရှေးသော မြန်မာ့သာသနာပြုမင်းတို့သည်လည်းကောင်း၊ ယခု အုပ်ချုပ်ဆဲ ဖြစ်သော အင်္ဂလိပ်မင်းတို့သည်လည်းကောင်း၊ စာပြန်ပွဲတော်များကို နယုန်(ဇွန်)လ၌သာ ကျင်းပခဲ့သည့်အစဉ်အလာရှိသည်တကြောင်း၊ စာပြန်ပွဲတော်ကြီး၏ဥက္ကဋ္ဌ (လှိုင်ကြို) ဆရာတော် ပျံလွန်တော်မူသည့်အပြင်၊ သာသနဒါယကာ စော်ဘွားကြီးမှာလည်း အင်္ဂလန်နိုင်ငံကို ခရီးထွက်ရန်ရှိသည်တကြောင်း၊ ဤ အကြောင်းများ ကြောင့် ၁၂၉၃–ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈–ရက်နေ့တွင် စာပြန်ပွဲတော်ကြီးကိုကျင်းပ

ရန် အတည်ပြု ဆုံးဖြတ်ထားချက်ကို ဖျက်သိမ်း၍ ၁၂၉၄-ခုနှစ် နယုန် (ဇွန်) လအတွင်း ရွှေ့ပြောင်း၍ ကျင်းပတော်မူရန် ××" ဟူသော မေတ္တာရပ်ခံစာကို မဟာဒါန်ဝန် ဦးထွန်းလှိုင်မှတဆင့် ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက်ထံသို့ တင်ဆက်လေသည်။

ထို့နည်းအတူပင် ၁-ဟဲယဲဂိုဏ်းအုပ်ဆရာတော်၊ ၂-လင်းကင်းဆရာတော်၊ ၃—ကန်ကြီးဆရာတော်၊ ၄—ရွှေရန်ပြေဆရာတော်၊ ၅—ဟဲယာရွာမ ဇိုးနန္ဒာဆရာတော် စသည်တို့ကလည်း—

"××ရှေးရှေးသာသနာပြုမင်းများသည် သာသနာတော်ကြီးကို ချီးမြှောက်ရာ၌ သမ္မုခါန္နဂ္ဂဟ မျက်မှောက် အားဖြင့် ချီး မြှောက်တော်မူကြသည့် အစဉ်အလာရှိခဲ့သောကြောင့် ဒကာတော် စော်ဘွားကြီးမရှိခိုက် စာပြန်ပွဲတော်ကြီးကို မကျင်းပလေးပဲ ဒကာတော်ဘိလပ်မှ ပြန်လာသည့်အခါကျမှ ကိုယ်တိုင်ကိုယ်ကျ ကြီးမှူးကျင်းပ သင့်ကြောင်း၊ ယင်းသို့ ကျင်းပရန်ကိုလည်း ဆရာတော်တို့ သဘောတူကြောင်း××"

စသည်ဖြင့် သာသနဒါယကာ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်ထံ မေတ္တာ ရပ်ခံစာ ဆက်သွင်းတော်မူကြလေသည်။

ယင်းသို့ မြို့နယ်အတွင်းရှိ ဗုဒ္ဓသာသနဟိတ အကျိုးဆောင် အသင်း ဘုရားလူကြီးများနှင့် စာပြန်ပွဲတော်၏ဥက္ကဋ္ဌ, နာယကစသော သရာတော်ကြီးများကပါ စာပြန်ပွဲတော်ကြီးကို ရက်ရွှေ့ပြောင်းကျင်းပရန် မေတ္တာရပ်ခံချက်အရ ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက်က (၂၀·၉–၃၁) နေ့စွဲဖြင့် အောက်ပါကြေငြာချက်တရပ်ကို ထုတ်ပြန်ကြေငြာခဲ့လေသည်။

"××ဝိနယာဒိန္နဂ္ဂဟ ပထမအာဂုမ်ပြန်ပြဋ္ဌာန်းချက်တွင်ပါရှိသော ၁၂၉၃—ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈—ရက်နေ့မှအစပြု၍ စာပြန်ပွဲ ကျင်းပမည်ဟု အတည်ပြုပြဋ္ဌာန်းဝေငှထားရာ ××ပ××သံဃာတော် အရှင်သူမြတ်များနှင့် ဘုရားလူကြီးတို့စာသွင်းကြသည်ကို သဘောတူ ဘော်မူ၍ မူလပြဋ္ဌာန်းထားသည့်ရက်ကိုဖျက်သိမ်းပြီးလျှင် ၁၂၉၄—ခုနှစ် နယုန်လဆုတ် ၁-ရက်နေ့မှ အစပြု၍ ကျင်းပရန် ရွှေ့ပြောင်း ပြဋ္ဌာန်းလိုက်ပါကြောင်း၊ မူလ ပြဋ္ဌာန်းထားသော စာဝါ(ကျမ်းစာ) များထက် စာဝါ(ကျမ်းစာ)များကို တိုးတက်ဖြည့်စွက်လောင်း ပြဋ္ဌာန်း လိုက်ပါကြောင်း—"

ယင်းထုတ်ပြန် ကြေငြာချက်ဖြင့် စော်ဘွားကြီး စဝ်ရွှေသိုက်သည် ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲတော်ကြီးကို ၁၂၉၄–ခုနှစ် နယုန်လပြည့်ကျော် ၁– ရက်နေ့မှ စတင်ကျင်းပရန် ရက်ရွေ့ပြောင်း သတ်မှတ်ခဲ့ပေသည်၊ မူလပြဋ္ဌာန်းချက်ကျမ်းစာများကိုလည်း အတန်းလိုက်တိုးချဲ့ပြဋ္ဌာန်းခဲ့လေသည်။ အထက်ပါအတိုင်း ကြေငြာချက်ထုတ်ပြန်ပြီးနောက် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည် ၁၂၉၃-ခုနှစ် တော်သလင်း လကွယ်နေ့တွင် မျက်နှာစုံညီအစည်းအဝေးတက်ရန် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ခရီးထွက်ခဲ့လေသည်။

## ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး

ဤနေရာ၌ ညောင်ရွှေမြို့နယ် ဗုဒ္ဓသာသနဟိတ အကျိုးဆောင်အသင်းလူကြီးများ၊ ညောင်ရွှေမြို့ သာသနဒါယကာ မဟာရာဇာ စော်ဘွားကြီးနှင့် စာပြန်ပွဲတော်ကြီး၏ဥက္ကဋ္ဌနာယကအကျိုးတော်ဆောင်စသောရှေးဆရာတော်ကြီးတို့က ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ပထမပြန် စာပြန်ပွဲတော်ကြီးကို "ဝိနယာဒိနုဂ္ဂဟ-စာပြန်ပွဲတော်ကြီး" ဟု ဘွဲ့အမည်ပေးခဲ့ခြင်း၏ အကြောင်းရင်း ဗျူပ္ပတ်ကို ဖော်ပြရန်လိုပေသည်။

ယင်း အကြောင်းကို ၁၂၉၇–ခုနှစ်ထုတ် စာပြန်ပွဲတော်ကြီး၏ စည်းမျဉ်းဥပဒေစာအုပ် နိဒါန်း (နှာ-၅၊ ၆)တို့တွင်—

> "ထို ပရိယတ်သည်လည်း ဝိနည်းပိဋက, အဘိဓမ္မာပိဋက, သုတ္တန်ပိဋက ၃–ပါးရှိသည်တို့တွင် ဝိနည်းမည်သည် သာသနာတော်၏ အသက်မည်ကြောင်း၊ ထိုဝိနည်းပိဋကတည်းမှ သာသနာတော်တည်ကြောင်းကို [ပါရာဇိကကဏ် အဋ္ဌကထာ၌] 'ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ' ဟု မိန့်ဆိုသည်ဖြစ်သောကြောင့် ဤပထမပြန် အာဂုမ်စာပြန်ပွဲတော်နှင့် စာမေးပွဲတော်ကို ဝိနည်းတရား အစအဦးထား၍ 'ဝိနယာဒိနုဂ္ဂဟ ပထမပြန် အာဂုမ် စာပြန်ပွဲတော်' ဟု အမည်ခေါ်ဆိုလာကြသည်"

ဟု ရေးသားဖော်ပြထားလေသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည်ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပရိယတ္တိသာသနာဟူသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ၄၅-ဝါ ကာလပတ်လုံး လူ နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဟောကြား

ပညတ် ဆုံးမတော်မူအပ်သော သာမုက္ကံသိကဒေသနာ ဗုဒ္ဓဝစနတို့ပင်ဖြစ်ပေသည်၊ ယင်း ဗုဒ္ဓဝစနသည် ပိဋကအပြားအားဖြင့် ဝိနယပိဋက, သုတ္တန္တပိဋက, အဘိဓမ္မပိဋကအားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် အရှင်မဟာကဿပ အမှူးရှိသော ပထမ သံဂါယနာတင် ရဟန္တာမထေရ်မြတ်ငါးရာတို့သည် ပထမ မဟာသံဂါယနာတင်တော်မူစဉ်အခါ၌—

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" (ဝိနည်းရွှေစာ၊ သာသနာသက်၊ မိန့်တော်စက်၊ ဝိနည်းတည်မှ၊ မြင့်ရှည်သာသနာ၊တည်တံ့ပါ၏။)ဟုအလေးအနက် ခံယူမိန့်မြွက်တော်မူကြပြီးလျှင် ဝိနည်းပိဋကကို အစပကတွး ရှေးဦးပထမ သံဂါယနာတင်တော်မူခဲ့ကြလေသည်၊ ယင်းသို့ဖြစ်ရကား-ဝိနယာဒိနုဂ္ဂဟာကို [ဝိနယ+အာဒိ+အနုဂ္ဂဟာ] ဟု သုံးပုဒ်ခွဲ၍ ဗျုပ္ပတ်နှင့်အညီ (အစိတ်-အပေါင်းအားဖြင့်) ဝိဂ္ဂြိုဟ်ဝစနတ်လှစ်ဆိုအပ်သည်ရှိသော်—

## ဝိနယ

ကာယံ ဝါစဥ္စ ဝိနေတီတိ ဝိနယော၊ သော—သံဝရဝိနည်း, ပဟာနဝိနည်းဟု ဆိုအပ်သော ဤပါဠိတော်အစဉ် အတ္တပညတ်ဝိနည်းသည်၊ ကာယဥ္စ-ကိုယ်ကိုရင်း၊ (ဝါ) ကိုယ်၌ဖြစ်သော လွန်ကျူးခြင်းကိုရင်း၊ ဝါစဥ္စ-နှုတ်ကိုရင်း၊ (ဝါ) နှုတ်၌ဖြစ်သော လွန်ကျူးခြင်းကိုရင်း၊ ဝိနေတိ-ကန့်မြစ်ဆုံးမတတ်၏၊ ဣတိ တသ္မာ-ထိုသို့ ကိုယ်၌ဖြစ်သော လွန်ကျူးခြင်း, နှုတ်၌ဖြစ်သော လွန်ကျူးခြင်းကို ကန့်မြစ်ဆုံးမတတ်သည်၏အဖြစ်ကြောင့်၊ ဝိနယော-ဝိနည်း မည်၏။

ဤဝစနတ္ထနှင့်အညီ "ဝိနယ-ဝိနည်း"ဟူသည် ကိုယ်, နှုတ်နှစ်ပါး-(ကာယဒွါရ, ဝစီဒွါရ)၌ဖြစ်သော လွန်ကျူးမှု(အပြစ်)များကို ကန့်မြစ်ဆုံးမတတ်သော "ဒွေမာတိကာ" အစလာသည့် ဝိနည်းပိဋကပါဠိတော် ဖြစ်ပေသည်။

## ဝိနယာဒိ

ဝိနယော အာဒိ ယေသန္တိ ဝိနယာဒီနိ၊ ယေသံ-ပရိယတ္တိသဒ္ဓမ္မအမည်ရသည့် အကြင်ပိဋကသုံးပုံတို့အား၊ ဝိနယော-ဝိနယပိဋကဟု ဆိုအပ်

သော၊ အာဒိ-သံဂါယနာတင်စဉ် အစသည်၊ အတ္ထိ-ရှိ၏၊ (တနည်း) ယေသံ-ပရိယတ္တိသဒ္ဓမ္မ အမည်ရသည့် အကြင်ပိဋကသုံးပုံတို့၏၊ အာဒိ-သံဂါယနာတင်စဉ် အစကား၊ ဝိနယော-ဝိနယပိဋကပင်တည်း၊ တ္လတိ-တသ္မာ-ထိုသို့ ဝိနယပိဋကဟု ဆိုအပ်သော သံဂါယနာတင်စဉ် အစရှိသည်၏အဖြစ်ကြောင့်၊ တာနိ ပရိယတ္တိသဒ္ဓမ္မ အမည်ရသည့် ထိုပိဋကသုံးပုံတို့သည်၊ ဝိနယာဒိနိ-ဝိနယာဒိတို့ မည်၏။

ဤဝစနတ္ထနှင့်အညီ ပိဋကသုံးပုံတို့တွင် ပဌမမဟာသံဂါယနာတင်စဉ်အခါက အရှင်မဟာကဿပအမှူးရှိသော ရဟန္တာမထေရ်မြတ်တို့၏ သံဂါယနာတင် အစဉ်အားဖြင့် ဝိနယပိဋကသည် အဦးအစဖြစ်သောကြောင့် ပိဋကသုံးပုံတို့သည် "ဝိနယာဒိ" မည်ကုန်၏။

## ဝိနယာဒိနိဂ္ဂဟ

ဝိနယာဒိနိ အနုဂ္ဂဏှန္တိ ဧတ္ထ ဧတေနာတိ ဝါ ဝိနယာဒိနိဂ္ဂဟော၊ ဧတ္ထ-ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဤပထမပြန် စာပြန်ပွဲတော်ကြီး၌၊ ဝါ-တနည်းကား၊ ဧတေန-ဤရှမ်းပြည်နယ်လုံးဆိုင်ရာ ပထမပြန် စာပြန်ပွဲတော်ကြီးဖြင့်၊ သဒ္ဓမ္မမာမကာ-ဘုရားမြတ်စွာ သာသနာတော်ကြီးကို သဒ္ဓါရှိန်းစိ ကြည်ညိုမြတ်နိုးကြသူ ရှင်-လူ-ရဟန်းတို့သည်၊ ဝိနယာဒိနိ-သံဂါယနာတင်နည်း အစဉ်မှီး၍ ဝိနည်းပိဋက အစရှိတဲ့ ပိဋကသုံးပုံတို့ကို၊ အနုဂ္ဂဏှန္တိ-ပဂ္ဂယ်နှင့် ဓမ္မ အနုဂ္ဂဟနှစ်တန် ကိုယ်သန်ရာ ရွေးကောက်၍ ချီးမြှောက်ပူဇော်ကြကုန်၏၊ တ္လတိ-တသ္မာ-ထိုသို့ ပရိယတ္တိသဒ္ဓမ္မအမည်ရသည့် ပိဋကသုံးပုံတို့ကို ချီးမြှောက်ပူဇော်ရာ ချီးမြှောက်ပူဇော်ကြောင်း၏ အဖြစ်ကြောင့်၊ အယံ ပထမုဿဝေါ-ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဤ ပထမပြန် စာပြန်ပွဲတော်ကြီးသည်၊ ဝိနယာဒိနိဂ္ဂဟော-ဝိနယာဒိနိဂ္ဂဟ မည်၏။

ဤ ဝစနတ္ထနှင့်အညီ "ဝိနယာဒိနိဂ္ဂဟ" ဟူသည် သူတော်ကောင်းတရားမြတ်ကို သဒ္ဓါရှိန်းစိ ကြည်ညိုမြတ်နိုးကြကုန်သော သပ္ပုရိသနွယ်ဝင် သူတော်စင် ရဟန်း ရှင်လူတို့ မြတ်စွာစောထိန်း၍ ဝိနည်းတော်ပညတ် ဓမ္မသတ်အထူးလျှင် (သံဂါယနာတင် အစဉ်အားဖြင့်) အစအဦးရှိသော ပရိယတ္တိသဒ္ဓမ္မအမည်ရသည့် ပိဋကသုံးပုံတို့ကို ချီးမြှောက်ပူဇော်ရာ ချီးမြှောက်ပူဇော်ကြောင်းဖြစ်သော ပထမပြန် စာပြန်ပွဲတော်ကြီးဟု အနက်သညာ ပေါ်ထွက်လာပေသည်။ မှန်၏၊ ဤ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးတွင် အောက်ပါ

အတန်းမှ ထိပ်ဆုံးအတန်းအထိ သတ်မှတ်ထားသည့်အတန်းတိုင်း၌ ပြဋ္ဌာန်းထားသည့် ကျမ်းစာများမှာ ရှင်ကျင့်ဝတ်၊ ဒွေမာတိကာ အစရှိသော ဝိနည်းဆိုင်ရာ ကျမ်းစာများကိုသာ အဦးအစ ပဓာနထား ဦးစားပေး၍ ပြဋ္ဌာန်းထားပေသည်၊ ယင်း၏နောက်မှ ကစ္စည်းသဒ္ဒါ၊ ပုဒ်စစ်၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါငယ်ကျမ်းများနှင့် သင်္ဂဟ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော အဘိဓမ္မာဖက်ဆိုင်ရာ ကျမ်းစာများကို ပြဋ္ဌာန်းထားပေသည်၊ ထို့ကြောင့် ဤစာပြန်ပွဲတော်ကြီး၏ ဝိနယာဝိနိစ္ဆယဟူသော အမည်သည် တင်စားထားသည့် ရုဋ္ဌီသညာမဟုတ်၊ ဗျုပ္ပတ်နှင့်အညီ မှည့်ခေါ်ထားအပ်သည့် အန္တတ္ထအမည်သညာ ဖြစ်ပေသတည်း။

## စာပြန်ပွဲတော်ကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်

ထို့ပြင် ဤဝိနယာဝိနိစ္ဆယ ပထမအာဂုမ် စာပြန်ပွဲတော်ကြီး ကျင်းပ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ဖော်ပြသင့်ပေသည်၊ ယင်းရည်ရွယ်ချက် ကိုလည်း အထက်ဖော်ပြပါ စာပြန်ပွဲတော်ကြီး၏ စည်းမျဉ်းဥပဒေစာအုပ် နိဒါန်း (နှာ ၃၊ ၄)၌ပင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

"ထိုမြတ်စွာဘုရားသခင်၏ အဆုံးအမ သာသနာတော်သည် (၁) ပရိယတ္တိသာသနာ၊ (၂) ပဋိပတ္တိသာသနာ၊ (၃) ပဋိဝေဓ သာသနာဟူ၍ သုံးပါးအပြားရှိလေသည်၊ ထိုသုံးပါးသော သာသနာ တော်တို့တွင် ပရိယတ္တိသာသနာတော်သည်သာ အရင်းမူလ ပဓာန အစေ့အမှုန့် ဖြစ်၏၊ ပရိယတ္တိသာသနာ ထင်ရှားရှိက ကျန်သာသနာ တော်နှစ်ပါးလည်း ထင်ရှားစည်ပင်၍ ပရိယတ္တိသာသနာ ဆုတ်ယုတ် ကွယ်ပင်ခဲ့လျှင် ကျန်သာသနာတော် နှစ်ပါးလည်း ဆုတ်ယုတ်ကွယ်ပ ပျောက်သည်သာတည်း၊ ထို့ကြောင့် "န ဟိ ပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ"ဟု ကျမ်းဂန်၌ လာသည်၊ ထိုအကြောင်းရင်း မူလဖြစ်သော ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲစေရန် ရည်သန် ပြီးလျှင် "ဝိနယဝိနိစ္ဆယ ပထမအာဂုမ်ပြန် စာပွဲတော်ကြီး"ကို ၁၂၉၃-ခုနှစ်ကစ၍ တည်ထောင်ဖွင့်လှစ် ကျင်းပခဲ့သည်ဖြစ်ပေ ကြောင်း

ယင်းသို့ ဖော်ပြထားသော ရည်ရွယ်ချက်အားလျော်စွာ ဤ "ဝိနယာ ဝိနိစ္ဆယ ပထမအာဂုမ်ပြန် စာပွဲတော်ကြီး" သည် ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီးသုံးရပ်အနက် အရင်းမူလဖြစ်သော "ပရိယတ္တိသာသနာတော်ကြီး"

ကို အလေးထား၍ ကိုယ်ကျင့်တရားဟည်းဟူသော "ပဋိပတ္တိသာသနာတော်ကြီး"ကိုပါ အားပေးချီးမြှင့်ရန် ရည်သန်ကျင်းပသော စာပြန်ပွဲတော်ကြီး ဖြစ်ပေသည်။

## ဝိနယာဓိနုဂ္ဂဟ ပထမဆုံးအကြိမ်

ရဟန်း ရှင် လူ ပြည်သူတို့၏အကျိုးငှာ အင်္ဂလန်နိုင်ငံ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သွားသော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ၁၂၉၃-ခုနှစ်၊ ပြာသိုလတွင် အင်္ဂလန်နိုင်ငံမှ ညောင်ရွှေမြို့သို့ ပြန်လည်ရောက်ရှိလာပေသည်၊ ထိုအခါ မိမိ အင်္ဂလန်သို့ ခရီးမထွက်မီ ရွှေ့ပြောင်းသတ်မှတ်ထားခဲ့သည့် ရက်အတိုင်း စာပြန်ပွဲတော်ကြီးကို ကျင်းပနိုင်ရန် စီမံဆောင်ရွက်လေသည်။

၁၂၉၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ယခင် ၁၂၉၂-ခုနှစ်၊ ဝါခေါင်လဆန်း (၅) ရက်နေ့ အစည်းအဝေးကြီးမှ တင်မြှောက်ထားသည့် စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ, နာယက, စာကြည့်စာထောက်, အတိုင်ပင်ခံဆရာတော်တို့အား ညောင်ရွှေမြို့ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ပင့်လျှောက်၍ အစည်းအဝေးတရပ် ကျင်းပပြီးလျှင် ပြန်လွန်တော်မူပြီးသော စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ (လှိုင်ကြူ) ဆရာတော်၏ နေရာတွင် ဥက္ကဋ္ဌဆရာတော် အသစ်တပါး လေ်မ်ရွေးကောက် တင်မြှောက်တော်မူရန် စော်ဘွားကြီး၏ လျှောက်ထားချက်အရ "ညောင်ရွှေမြို့မ၊ ကန်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ"ကို စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌဆရာတော်အဖြစ် အစည်းအဝေးပါ ဆရာတော်များက သဘောတူ ရွေးကောက် တင်မြှောက်တော်မူကြလေသည်။

တဆက်တည်းပင် အဆိုပါ ဝါခေါင်လ အစည်းအဝေးကြီးမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အရ၊ ဥက္ကဋ္ဌဆရာတော် (၂) ပါ၊ နာယကဆရာတော် (၄) ပါး၊ ရွေးကောက်တင်မြှောက်ထားပြီးဖြစ်သော်လည်း ယခုအစည်းအဝေးကြီးတွင် ဥက္ကဋ္ဌဆရာတော် (၂) ပါး၊ နာယကဆရာတော် (၂) ပါးဟု ပြောင်းလဲပြင်ဆင်၍ တင်မြှောက်တော်မူခဲ့သေသည်။

ဤ ဒုတိယ အစည်းအဝေးကြီးက တင်မြှောက်သည့်—

ဥက္ကဋ္ဌဆရာတော် (၂) ပါးမှာ

၁။ ညောင်ရွှေမြို့မ၊ ကန်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ။

၂။ တဲယာရွာမ၊ ကျောင်းနီကျောင်း ဂိုဏ်းအုပ်ဆရာတော် ဦးဂန္ဓမာ၊

## နာယကဆရာတော် (၂) ပါးမှာ

၁။ ညောင်ရွှေမြို့နယ်၊ လင်းကင်းကျောင်းဆရာတော် ဦးကေလာသ။

၂။ ဟဲယာရွာမ၊ ဗိန္ဒောကျောင်းဆရာတော် ဦးကဝိန္ဒတို့ ဖြစ်ပေသည်။

ဥက္ကဋ္ဌ, နာယကဆရာတော်များ, စာထောက်အတိုင်ပင်ခံ ဆရာတော်များအပြင် အောက်ပါ ဆရာတော် (၄) ပါးကိုလည်း စာပြန်ပွဲတော်ကြီး၏ "အကျိုးတော်ဆောင် ဆရာတော်များ"အဖြစ် ဆောင်ရွက်တော်မူကြရန် ရွေးချယ် တင်မြှောက်ကြလေသည်။

## အကျိုးတော်ဆောင် ဆရာတော် ၄-ပါးမှာ

၁။ ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်း ရဟန်းတော် ဦးဝိမလ (ပြန်လွှန်)

၂။ " " " ဦးသောဘိတ (ပြန်လွှန်)

၃။ ညောင်ရွှေမြို့နယ်၊ လင်းကင်းကျောင်း ရဟန်းတော် ဦးသကျဝံသ (ပြန်လွှန်)

၄။ ဟဲယာရွာမ၊ ဗိန္ဒောကျောင်း ရဟန်းတော် ဦးတေဇဝန္တ။

[(ယခု မိုင်းသောက် ဂုဏ်းဝောက် သလဲဦးခွဲခြမ်းဆရာတော်) တို့ ဖြစ်ကြပေသည်။

ယင်းသို့ဖြင့် စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင် ဆရာတော်များနှင့်တကွ သာသနဒါယကာ မဟာရာဇာ စော်ဘွားကြီးသည် စာပြန်ပွဲတော်ကြီး၏ ပုဗ္ဗကိစ္စအဝဝကို စီမံဆောင်ရွက်တော်မူပြီးနောက် ၁၂၉၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်နေ့မှစ၍ ၎င်းလပြည့်ကျော် (၄) ရက်နေ့အထိ၊ လေးရက်ပတ်လုံး ညောင်ရွှေမြို့ အဌဒီသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၌ [နေ့စဉ် နံနက် ၇း၃၀-မှ ၁၀း၃၀-နာရီအထိ တကြိမ်၊ နေ့လယ် ၁၂း၃၀ နာရီမှ ၄း၃၀ နာရီအထိ တကြိမ်၊ တနေ့လျှင် နှစ်ကြိမ်ကျ] "ညောင်ရွှေမြို့ ဝိနယာဝိနိစ္ဆယ ပထမအာဂုမ်စာပြန်ပွဲတော်ကြီး"ကို အစပထမဦးဆုံးအကြိမ် ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပတော်မူခဲ့လေသည်။

## ဝိနယာဝိနိစ္ဆယ အာဒိကမ္မိက ပထမကျော်

ယင်းသို့ ဝိနယာဝိနိစ္ဆယ ပထမအာဂုမ် စာပြန်ပွဲတော်ကြီးကို ၄-ရက်ပတ်လုံး ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပပြီးလျှင်၊ ယင်းနှံ့နယုန်လဆုတ်

၅-ရက်နေ့တွင် စာပြန်ပွဲတော်အောင် သံဃာတော်တို့အား အောင်လက်မှတ်နှင့် ဓမ္မပူဇာဆုတော်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်စသော ဆရာတော် သံဃာတော်တို့အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ တရားတော်နာ, ရေစက်ချအမျှဝေခြင်းစသည်ဖြင့်"အောင်ပွဲသဘင်ကြီး"ကိုလည်း ဆရာနှင့်ဒကာ, မင်းနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြလေသည်။

၁၂၉၄-ခုနှစ်၊ နယုန်လတွင် အစဦးဆုံးကျင်းပသည့် "ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ ပထမအာဂုံ စာပြန်ပွဲတော်ကြီး"၌ ဝင်ရောက်ပြန်ဆိုတော်မူကြသော ရဟန်းတော် (၂၇) ပါး၊ သာမဏေ (၇၁) ပါး၊ နှစ်ရပ်ပေါင်း (၉၈) ပါးအနက်—

| | | |
|---|---|---|
| (က) | ရဟန်းတော် ပထမကျော်တန်း | ၁-ပါး။ |
| (ခ) | ရဟန်းတော် ပထမကြီးတန်း | ၃-ပါး။ |
| (ဂ) | ရဟန်းတော် ပထမလတ်တန်း | ၉-ပါး။ |
| (ဃ) | ရဟန်းတော် ပထမငယ်တန်း | ၁၁-ပါး။ |
| | ပေါင်း— | ၂၄-ပါး။ |

| | | |
|---|---|---|
| (က) | သာမဏေ ပထမကျော်တန်း | မရှိ။ |
| (ခ) | သာမဏေ ပထမကြီးတန်း | ဂ-ပါး။ |
| (ဂ) | သာမဏေ ပထမလတ်တန်း | ၅-ပါး |
| (ဃ) | သာမဏေ ပထမငယ်တန်း | ၅၃-ပါး။ |
| | ပေါင်း— | ၆၆-ပါး။ |

ရဟန်းသာမဏေ နှစ်ရပ်ပေါင်း အပါး (၉၀) အောင်မြင်တော်မူကြ၍ ရဟန်းတော် (၃) ပါး၊ သာမဏေ (၅) ပါး၊ ပေါင်း (ဂ) ပါးသာ စာပြန်ပွဲတော်ကြီးမှ ကျရှုံးတော်မူလေသည်။

အာဒိကမ္မိက အစဦးဆုံးကျင်းပသော ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ ပထမ အာဂုံစာပြန်ပွဲတော်ကြီး၌ "အာဒိကမ္မိက ပထမကျော်အောင်ပန်း" ကို ဆွတ်လှမ်းပန်ဆင်တော်မူသည့် ရဟန်းတော်ကား အင်းလေးဒေသ၊

သရက်သုံးပင်ကျောင်းမှ ဦးတိလောက အရှင်မြတ် ဖြစ်ပေသည်၊ ဤသည်မှာ ဝိနယာဒိနုဂ္ဂဟ ပထမ အာဂုမ်စာပြန်ပွဲတော်ကြီး၏ သမိုင်းအစ ''အာဒိကမ္မိက မှတ်တိုင်ပင်'' ဖြစ်ပေသည်တကား။

## ဒုတိယနှစ်တွင် အတန်းပြင်

၁၂၉၄–ခုနှစ်၊နယုန်လ အာဂုမ်စာပြန်ပွဲတော်ကြီးအပြီးတွင် လာမည့် ၁၂၉၅-ခုနှစ် ဆက်လက်ကျင်းပရန် စာပြန်ပွဲတော်ကြီး၏ အတန်းနှင့်ပြဋ္ဌာန်း ချက်ကျမ်းစာများကို ပြောင်းလဲသတ်မှတ်ပြဋ္ဌာန်းကြောင်း ကျေညာချက်ထုတ် ပြန်လေသည်၊ ယင်း ကျေညာချက်အရ ၁၂၉၅–ခုနှ၊ စာပြန်ပွဲတော်ကြီး၌ ရဟန်းတော်များအတွက် ပထမငယ်အောက်တန်း၊ ၎င်းအထက်တန်း၊ ပထမ လတ်အောက်တန်း၊ ၎င်းအထက်တန်း၊ ပထမကြီးအောက်တန်း၊ ၎င်း အထက်တန်း၊ ပထမကြီးကျော်တန်းဟု (၇) တန်းခွဲခြားသတ်မှတ်ပြီးလျှင် ပထမငယ်အောက်တန်းမှ အကြီးအထက်တန်းအထိ ဝိနည်းငယ် လေးစောင်၊ ကစ္စည်းသဒ္ဒါကြီးရှစ်စောင်ပါဠိ၊ သင်္ဂြိုဟ် ကိုးပိုင်းပါဠိ၊ ပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာ၊ အဘိဓာန်ပါဠိ၊ ဘေဒစိန္တာ၊ ဝစ္စဝါစက၊ ဝိဓိလက်ရိုး၊ မာတိကာ၊ ဓာတုကထာကျမ်းစာများကို အတန်းလိုက် ပိုင်းခြားသတ်မှတ်၍ ပြဋ္ဌာန်းတော် မူပြီးလျှင် ပထမကြီးကျော် တန်း၌မူ ကင်္ခါဝိတရဏီအဋ္ဌကထာပါဠိ တကျမ်းလုံးကို ပြဋ္ဌာန်းတော် မူခဲ့လေသည်။

သာမဏေများ အတွက်မှာမူ အထက်ပါ နည်းအတိုင်း ပထမငယ် အောက်တန်းမှ ပထမကြီးအထက်တန်းအထိ (၆) တန်းသာ သတ်မှတ်ပြီးလျှင် ဝိနည်းငယ်လေးစောင်အစား ရှင်ကျင့်ဝတ် ပါဠိအနက်နှင့် ပရိတ်ကြီးပါဠိ တော်ကိုထည့်သွင်းပြဋ္ဌာန်းတော်မူလေသည်။ ကျမ်းစာများမှာ ရဟန်းတော် တို့အတန်းများ၌ ပြဋ္ဌာန်းထားသည့်ကျမ်းစာများအတိုင်းပင်ဖြစ်ပေသည်။

ဤနှစ်တွင် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည် ညောင်ရွှေနယ် မှ ရပ်ဝေးသို့ကြွ၍ ပရိယတ္တိစာပေသင်ကြားနေကြသည့် ရဟန်းတော်များကို စာပြန်ပွဲတော်ကြီး ကျင်းပချိန်၌ ညောင်ရွှေမြို့သို့ ပြန်လည် ပင့်ဆောင်ကာ စာပြန်ပွဲတော်ကြီး၌ ပါဝင်ကူညီဆောင်ရွက်စေလေသည်။ ယင်း ပင့်လျှောက် ချက် အရမော်လမြိုင်မြို့မှ ဦးသောဘိတ (ယခု ဟံသာဝတီ ရွာမ ကျောင်းနီကျောင်း ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ ဝိသုဒ္ဓိဂဏ သံဃာသမ္မုတိ ဂိုဏ်းချုပ်ဆရာ တော်)နှင့် မန္တလေးမြို့မှ အရှင်နေမိန္ဒာဘိဝံသ (သာလေးတောင်ကျောင်း၊ အင်းတိမ်ဂိုဏ်းထောက်မန္တလေးမြို့ပရိယတ္တိ သာသနဟိတဓမ္မာစရိယဆရာတော်)

တို့သည် မူလအကျိုးတော်ဆောင် လေးပါးတို့နှင့်အတူ စာပြန်ပွဲတော်ကြီး၏ အကျိုးတော်ဆောင်များအဖြစ် ပါဝင် ဆောင်ရွက်တော် မူကြလေသည်။

ဤနှစ်စာပြန်ပွဲတော်ကြီး၌ ရဟန်းတော် (၅၉) ပါး၊ သာမဏေ (၃၄၄) ပါး၊ စုစုပေါင်း (၄၀၃) ပါး ဝင်ရောက် ပြန်ဆိုတော်မူကြရာ....

| | | |
|---|---|---|
| ရဟန်း ပထမလတ် | အထက်တန်း | ၁-ပါး |
| ။ | အောက်တန်း | ၂-ပါး |
| ရဟန်း ပထမငယ် | အထက်တန်း | ၁၂-ပါး |
| ။ | အောက်တန်း | ၄၄-ပါး |
| | | ပေါင်း (၅၉) ပါး |
| သာမဏေ ပထမလတ် | အထက်တန်း | ၂-ပါး |
| ။ | အောက်တန်း | ၃၈-ပါး |
| သာမဏေ ပထမငယ် | အထက်တန်း | ၆၂-ပါး |
| ။ | အောက်တန်း | ၂၃၃-ပါး |
| | | ပေါင်း (၃၃၅) ပါး |

နှစ်ရပ်ပေါင်း ၃၉၄၊ သုံးရာ့ကိုးဆယ့်လေးပါး အောင်မြင်တော်မူလေသည်။ ဤသို့လျှင် ယခုနှစ် စာပြန်ပွဲတော်သဘင်၌ စာပြန်ပွဲတော်ဝင် သံဃာ ၄၀၃-ပါး၊ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်, စာထောက်, အတိုင်ပင်ခံ၊ တပည့်အုပ်ဆရာတော်အပါး ၁၀၀၊ မြို့တွင်းရှိ သံဃာ တော်အပါး ၁၀၀၊ စုစုပေါင်း သံဃာတော်အပါး ၆၀၃- ပါးတို့အားမင်းနှင့်ပြည်သူတို့သည် ကြည်ဖြူသဒ္ဓါ,စေတနာဗလဝ သဟာယုညကာရီ လက်ကျညီလျက် စည်စည်ကျင်းပ ဓမ္မသဘင်ပွဲကြီး ဆင်ယင်ကာ ဒုတိယအကြိမ် ပူဇော်ခဲ့ကြလေသတည်း။

× × ×

ပညာတော်သင်ဆုများ ပြဋ္ဌာန်းထား။

ယင်း (၁၂၉၅-ခု) နှစ်မှစ၍ညောင်ရွှေမြို့ သာသနဒါယကာ မဟာရဇာစော်ဘွားကြီးက ရဟန်းတော်များအတွက် ''ပညာတော်သင် အထူးဆု

တော်များ” လှူဒါန်းတော်မူမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ကြေငြာလေသည်။

“အထူးမှာ ယာပမကြီးအောက်တန်း အောင်မြင်သော ရဟန်းတော်များအား မန္တလေးမြို့သို့ကြွမြဲ ပညာတော်သင်လျှင် တလ (၅၀)ငါးကျပ်ကျစီလစဉ် ပညာတော်သင် အထူးဆုကို (၃)နှစ်တိုင် သာသနဒါယကာ မဟာရာဇာစော်ဘွားကြီးက လှူဒါန်းထောက်ပံ့ရန်။

နောက်ထပ် ပထမကြီးအထက်တန်းကို ဝင်ရောက်ပြန်ဆိုအောင်မြင်ပါကလည်း နောက်ထပ်(၃)နှစ်တိုး၍ ဆက်ကပ်လှူဒါန်းတော်မူရန်၊ ထို့အတူ ပထမကြီးကျော်တန်းကို ဝင်ရောက်ပြန်ဆိုအောင်မြင်ပါကလည်း နောက်ထပ်(၃)နှစ်တိုး၍ ဆက်လက် လှူဒါန်း ထောက်ပံ့တော်မူရန် ပြဋ္ဌာန်းတော်မူသည်။

ယင်းသို့ ပြဋ္ဌာန်းထားသော်လည်း ၁၂၉၇-ခုနှစ် ဒုတိယ အကြိမ်ကျင်းပသော ဝိနယာဒိနိဂ္ဂဟ ပထမပြန် အာဂုံစာပြန်ပွဲတော်ကြီးတွင် ရဟန်းတော် ပထမကြီးအောက်တန်းနှင့် သာမဏေပထမကြီးအထက်တန်း၊ ပထမကြီး အောက်တန်းတို့၌ ဝင်ရောက် ပြန်ဆိုတော်မူကြသည့် ရဟန်း သာမဏေများမရှိခဲ့ပေ။

၁၂၉၆—ခုနှစ်မှာ ဝါထပ်သဖြင့် တတိယအကြိမ် “ဝိနယာဒိ နိဂ္ဂဟ အာဂုံစာပြန်ပွဲတော်ကြီး”ကို နယုန်လတွင် မကျင်းပပဲ ပထမ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ၎င်းလပြည့်ကျော် ၇-ရက်နေ့အထိ ခုနစ်ရက်ပတ်လုံး ယခင်နှစ်က သတ်မှတ်ပြဋ္ဌာန်းထားသည့်အတန်းနှင့် ကျမ်းစာများ အတိုင်း ဆက်လက်ပြဋ္ဌာန်း၍ မပျက်မကွက်ကျင်းပခဲ့ပေသည်။

ဤနှစ်စာပြန်ပွဲတော်ကြီး၌ ရဟန်းတော် ၈၄-ပါး၊ သာမဏေ အပါး ၂၃၀၊ နှစ်ရပ်ပေါင်း ၃၁၄—ပါး ပြန်ဆိုတော်မူကြရာ ရဟန်းတော် ၇၉-ပါး၊ သာမဏေအပါး ၂၂၀၊ ပေါင်း ၂၉၉-ပါး အောင်မြင်တော်မူခဲ့လေသည်။

စာပြန်ပွဲဝင် သံဃာ ၃၁၄-ပါး၊ ဥက္ကဋ္ဌ, နာယကစသည် ၁၅၉-ပါး နှင့်ရပ်ပေါင်းသံဃာတော် ၄၁၇-ပါးတို့အား ညောင်ရွှေစော်ဘွားကြီးအမှူးပြုသော ညောင်ရွှေမြို့သူ မြို့သား၊ နယ်သူ နယ်သား အပေါင်းတို့က ဆွမ်း

စသော ပစ္စည်းလေးပါးနှင့် ဓမ္မပူဇာ အလှူတော်များကို ရှင် ပျော် အားရ လှူဒါန်းပူဇော်ခဲ့ကြလေသတည်း။

× × ×

## စာပွဲတော်ကြီးနှစ်ပွဲ တူယှဉ်နွဲ

၁၂၉၆-ခုနှစ်၊ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုမ် စာပြန်ပွဲတော်ကြီးအပြီးတွင်စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်ဆရာတော်များနှင့် သာသနဒါယကာ မဟာရာဇာစော်ဘွားကြီးတို့ ကြို တင် ဆွေးနွေးစည်းဝေးဆုံးဖြတ်ထားကြပြီးသည့်အတိုင်း လာမည့် ၁၂၉၇ ခုနှစ်တွင် အာဂုမ်စာပြန်ပွဲတော်ကြီးနှင့် စာလျှောက်မေးပွဲတော် ကြီးကို ပူးတွဲ တိုးချဲ့၍ ကျင်းပမည်ဖြစ်ကြောင်း၊ စာသင်သားသံဃာတော်တို့သည် ပြ ဋ္ဌာန်း ချက်ပါ ကျမ်းစာများကို ပါဠိ,အနက်,အဓိပ္ပာယ်,သရုပ်,သဘောများပါ လေ့လာ ကျက်မှတ်ကြရန်လိုအပ်ကြောင်း အထူးကြေငြာချက်တရပ် ထုတ်ပြန်ကြေငြာခဲ့လေသည်။

ထို့ပြင် "ဝိနယာဒိနုဂ္ဂဟ စာလျှောက်မေးပွဲတော်ကြီး"ကို တိုးချဲ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးများကိုလည်း ၁၂၉၇-ခု၊ စည်းမျဉ်းဥပဒေစာအုပ် နိဒါန်း(နှာ—၅)တွင် အောက်ပါအတိုင်းဖော်ပြထားပေသည်။

> "ထိုသို့ အာဂုမ်စာပြန်ပွဲတော်ကြီး ကျင်းပ ပြုလုပ်ခြင်းအားဖြင့် သာသနာတော်ထမ်း ရဟန်းသာမဏေတို့အား (၁) ပရိယတ္တိဓမ္မကို နေ့ညမစဲ ခဲ့ယဉ်းငြိုငြင်စွာ(စွဲမြဲစွာ)အားထုတ်ကျက် မှတ်တော်မူကြရခြင်း၊(၂)ကျက်မှတ်ပြီးသည်တို့ကို မပျောက်မပျက်ရအောင် ဆောင်ရွက် ထားတော်မူကြရခြင်း၊ ဤနှစ်ပါးနှင့် ပြည့်စုံနိုင်ပေကြောင်း၊
>
> ယင်းသို့ကျက်မှတ်ဆောင်ရွက်ပြီးသော ပရိယတ္တိ ဓမ္မ၏ သဘောသဘာဝတ္ထတို့ကို သိရှိနားလည်၍ ဖြောင့်မတ်စွာကျင့်ကြံအားထုတ်နိုင်ကြစေရန်ရည်သန်ပြီးလျှင် တဖန် "ဝိနယာဒိနုဂ္ဂဟ စာလျှောက်မေးပွဲတော်ကြီး"ကို ၁၂၉၇-ခုနှစ်ကစ၍ တည်ထောင် ကျင်း ပ ရ ပေကြောင်း၊ ယင်းသို့ စာလျှောက်မေးပွဲတော်ကြီး ကျင်းပ ပြုလုပ်ပေးခြင်းအားဖြင့် စာချ,စာသင် ပေါများ, တပည့်အဆက်ဆက် တိုးပွားပြီးလျှင် ပရိယတ္တိ သာသနာတော်ကြီး စည်ကား ထွန်းလင်းလိမ့်သတည်း။

ဤစာလျှောက်မေးပွဲတော်ကြီး၏ အမည်ကိုလည်း "ဝိနယာဒိနုဂ္ဂဟ ပထမပြန်စာမေးပွဲ" ဟုခေါ်တွင်စေရမည်-ဟု ဆုံးဖြတ်တော်မူကြပြီးလျှင်စာမေးပွဲတော်ဆိုင်ရာစည်းမျဉ်းဥပဒေများကိုလည်း ရေးဆွဲ၍အတည်ပြု ပြဋ္ဌာန်းထားတော်မူကြလေသည်။

ထိုမှတပါး အာဂုမ်စာပြန်ပွဲတော်ကြီး၌ တိုးချဲ့မှုတခုလည်း ရှိပေသေး၏၊ ယင်းတိုးချဲ့မှုမှာ သာမဏေများအတွက် ၁၂၉၄-ခုနှစ်ကသတ်မှတ်ထားသည့် (အငယ်အောက်တန်းမှ အကြီးအထက်တန်းအထိ) ခြောက်တန်းထက်ပို၍ "ပထမကြီးကျော်တန်း" တတန်းကို တိုးချဲ့ကာခုနစ်တန်းအထိသတ်မှတ်ပြီးလျှင် ယင်းအတန်း၌ပြန်ဆိုရန် "အဘိဓမ္မတ္ထဝိဘာဝနီ(ခေါ်)ဋီကာကျော်" တကျမ်းလုံးကို ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ယင်းသို့ဖြင့် ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်ပြန်စာပွဲတော်ကြီး၌ ရဟန်းတော်များအတွက်ရော သာမဏေများအတွက်ပါ ခုနစ်တန်းစီ ခွဲခြားသတ်မှတ်ထားသော်လည်း ဝိနယာဒိနုဂ္ဂဟ ပထမပြန်စာမေးပွဲတော်ကြီး၌မူ ရဟန်းတော်များအတွက် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းဟု သုံးတန်းသာ သတ်မှတ်ပြီးလျှင် ပိဋကတ်အခြေခံဖြစ်သည့် ဝိနည်းငယ်လေးစောင်၊ ကစ္စည်း၁ ဒ္ဒါကြီးရှစ်စောင်၊ သဒ္ဒါကြီးပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာ၊အဘိဓာန်၊ ဆန်း၊ အလင်္ကာ၊ဘေဒစိန္တာ၊ကစ္စာယနသာရ၊ ဝစ္စဝါစက၊ ဂန္ထာဘရဏနှင့် သင်္ဂဟ၊ မာတိကာအရကောက်ကျမ်းများကို အတန်းလိုက်ခွဲခြား၍ ပြဋ္ဌာန်းထားလေသည်။

သာမဏေများအတွက်လည်း အထက်ပါ နည်းအတိုင်း သုံးတန်းပင် သတ်မှတ်၍ ဝိနည်းငယ် လေးစောင်အစား ရှင်ကျင့်ဝတ်ကို လဲလှယ်ပြဋ္ဌာန်းသည်မှတပါး အခြားကျမ်းစာများမှာ ရဟန်းတော်များနှင့် အတူတူပင်ဖြစ်ပေသည်။

စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ။

"ဝိနယာဒိနုဂ္ဂဟ ပထမပြန်စာမေးပွဲတော်ကြီး" ကို ယခု ၁၂၉၇-ခုနှစ်မှ ရှေးဦးအစ ပထမဆုံးကျင်းပရမည်ဖြစ်၍ ညောင်ရွှေစော်ဘွားကြီးနှင့်တကွ ဥက္ကဌ,နာယက,အကျိုးတော်ဆောင်ဆရာတော်တို့မှာ ကြိုတင်ပြင်ဆင်မှုများနှင့် စီစဉ်မှုများကို သူ့ထက်ငါကဲ့ရဲ့အပြစ်တင်မှုကင်း အစစ သန့်ရှင်း၍

မလစ်ဟင်းရအောင် ကြီးမားသော သတိ ဝီရိယတို့ဖြင့် ဆောင်ရွက်တော်မူကြရလေသည်။

စာမေးပွဲတော်ကြီးအတွက် စီမံဆောင်ရွက်တော်မူကြရန် ဥက္ကဋ္ဌ ဆရာတော် ၂-ပါး၊ နာယကဆရာတော် ၂-ပါး၊ အကျိုးတော်ဆောင်ဆရာတော် ၆-ပါးနှင့် ပုစ္ဆက (ပုစ္ဆာထုတ်) ဆရာတော်များကို နယုန်လဆန်း ၇-ရက်နေ့ကပင် ညောင်ရွှေမြို့သို့အရောက် စော်ဘွားကြီးက ကြိုတင် ပင့်လျှောက်ထားပေသည်။

ဥက္ကဋ္ဌ,နာယက, အကျိုးတော်ဆောင်ဆရာတော်တို့မှာ အင္ဂဒိသာခမ္ပဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၏ အရှေ့မြောက်ဖက်ရှိ နာယကတည်းကျောင်း၌ တည်းခိုသီတင်းသုံးတော်မူကြပြီးလျှင် စာမေးပွဲတော်ကြီး၏ ပုဗ္ဗကိစ္စဟူသမျှကို ကြိုတင်စီမံဆောင်ရွက်တော်မူကြလေသည်။

ပုစ္ဆက ဆရာတော် တို့မှာကား ညောင်ရွှေ ဟော်နန်းတော်ကြီး၏ အရှေ့ဖက်ဥယျာဉ်တော်အတွင်းရှိ ယာယီ ပုစ္ဆကတည်းကျောင်းငယ်များ၌ တပါးတကျောင်းစီ တည်းခိုသီတင်းသုံးတော်မူကြရလေသည်၊ ယင်း ပုစ္ဆက တည်း ကျောင်းများကို လုံခြုံစွာ ဝင်းခတ်၍ တံခါးအလုံပိတ်ပြီးလျှင် အစောင့်အရှောက်လည်း တင်းကြပ်စွာ ချထားလေသည်၊ ပုစ္ဆကဆရာတော်တို့သည် နေ့လယ် ၁၂–နာရီမှစ၍ ယင်း တည်းကျောင်း အတွင်း၌သာ တပါးတည်း မိမိတာဝန်ကျရာ အဘန်းအတွက် ပြဋ္ဌာန်းချက် ကျမ်းစာများမှ ပုစ္ဆာများကို အဖြေနှင့်တကွ ဆင်ထုတ်ပေးကြရပေသည်။

တည်းကျောင်းများအတွင်း၌ ပုစ္ဆကဆရာတော်များ ပုစ္ဆာထုတ်နေကြသည့်အချိန်တွင် ပုစ္ဆကအချင်းချင်းသော်လည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သူနှင့်မျှ စကားပြောဆိုခွင့်, ကူးလူးဆက်ဆံခွင့်မရှိရပေ၊ ပုစ္ဆကဆရာတော်တို့သည် တည်းကျောင်းအတွင်းမှ အပြင်ပသို့ ထွက်ခွင့်မရကြ၊ ပြင်ပပုဂ္ဂိုလ်များလည်း ထိုနေရာသို့ မည်သူမျှ သွားခွင့် မရကြပေ။

ညနေ (၄)နာရီကျမှ စော်ဘွားကြီး စဝ်ရွှေသိုက်ကိုယ်တိုင် ပုစ္ဆကတည်းကျောင်းများသို့သွား၍ ပုစ္ဆကဆရာတော်တို့ထံမှ ပုစ္ဆာများကိုတောင်းယူပြီးလျှင် လုံခြုံစွာ သိမ်းဆည်းထားလေသည်၊ နောက်တနေ့ နံနက်တွင် စော်ဘွားကြီးက ထိုပုစ္ဆာများကို ဥက္ကဋ္ဌ,နာယက,အကျိုးတော်ဆောင် ဆရာ

တော်များထံ ဆက်ကပ်လေသည်၊ ဆရာတော်များက သင့်လျော်သည့် ပုစ္ဆာများကို စိစစ်ရွေးချယ်ပြီးလျှင် စော်ဘွားကြီးထံ တဖန်ပြန်လည် ပေးအပ်လေသည်၊ ထိုပုစ္ဆာများကို စော်ဘွားကြီးက ဟော်တော်ကြီး၏တောင်(ထားဝယ်) ဆောင်၌ ကိုယ်တိုင်စောင့်ကြပ်လျက် ရိုက်ကူးစေပြီး စော်ဘွားကြီးကိုယ်တိုင်ပင် ပြန်လည် သိမ်းဆည်းထားလေသည်။

ထိုစဥ်က ဝိနယဓာဒိနုဂ္ဂဟ ပထမပြန်စာမေးပွဲတော်ကြီးကို အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီး၏မြောက်ဘက်ရှိ စတုဒိသာဇရပ်ကြီး အတွင်း၌ကျင်းပတော်မူလေသည်။

နေ့လယ်(၁၂)နာရီ စာဖြေချိန် ရောက်သည့်အခါ စော်ဘွားကြီး ကိုယ်တိုင် ပုစ္ဆာများကိုယူလာပြီးလျှင် စာဖြေရာဌာန၌ အဆင်သင့် စောင့်ဆိုင်းနေတော်မူသည့် ဥက္ကဋ္ဌ,နာယက,အကျိုးတော်ဆောင် ဆရာတော်များထံ ဆက်ကပ်လေသည်၊ ဆရာတော်များက ထပ်မံစိစစ်တော်မူကြပြီးလျှင် စာဖြေသံဃာတော်တို့အား ဝေငှတော်မူကြလေသည်။

ထိုစဥ်က ပုစ္ဆကဆရာတော်များမှာ-

၁။ မိုင်းသောက်ဘုရား အနောက်တောင်ကျောင်း ဆရာတော်။

၂။ ဟဲယာရွာမ ပထမကျောင်းဆရာတော် ဦးနေမိန္ဒ။

၃။ ။ ရွှေပြင်သာကျောင်းဆရာတော် ဦးရေဝတ။

၄။ ။ နမ့်ပန်ကျောင်းဆရာတော် ဦးသုမန။

၅။ သာလေးတောင်ကျောင်းမှ ရဟန်းတော် ဦးနေမိန္ဒာဘိဝံသတို့ ဖြစ်တော်မူကြပေသည်။

ရှေးဦးအစ စာမေးပွဲအောင်ပန်းရ ပုဂ္ဂိုလ်များ။

ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီးမှာ ယခုနှစ်မှ ရှေးဦးအစ ပထမဆုံးကျင်းပသော စာမေးပွဲတော်ကြီးဖြစ်၍ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းဟု သုံးတန်းသတ်မှတ်ထားသော်လည်း ပထမကြီးတန်း၌ ဝင်ရောက်ဖြေဆိုသည့်ပုဂ္ဂိုလ်မရှိသေးပေ၊ ပထမငယ်တန်း နှင့်ပထမလတ်တန်း၌သာ ဝင်ရောက်ဖြေဆိုသည့်ပုဂ္ဂိုလ်များရှိလေသည်၊ ထို့ကြောင့် ပထမလတ်တန်း စာမေးပွဲကို ၁၂၉၇-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့မှ ၁၄-ရက်နေ့အထိ

၅—ရက်ကျင်းပ၍ ပထမငယ်တန်းစာမေးပွဲကို ၄င်းလဆန်း ၁၂— ရက်နေ့မှ ၁၄-ရက်နေ့အထိ ၃-ရက်ကျင်းပလေသည်။

ပထမလတ်တန်း၌ ရဟန်း ၂-ပါး၊ သာမဏေ ၃-ပါး၊ ပေါင်း ၅-ပါး၊ ပထမငယ်တန်း၌ ရဟန်း ၇—ပါး၊ သာမဏေ ၁-ပါး၊ ပေါင်း ၈— ပါး၊ နှစ်ရပ်ပေါင်း ၁၃—ပါး ဖြေဆိုတော်မူကြရာ ပထမလတ်တန်းရဟန်း ၂-ပါး၊ သာမဏေ၁-ပါး၊ ပေါင်း၃—ပါး၊ပထမငယ်တန်း ရဟန်း ၃-ပါး၊ သာမဏေ ၁—ပါး၊ ပေါင်း ၄—ပါး၊ နှစ်ရပ်ပေါင်း ၇-ပါးသာလျှင် ''ဝိနယာဒိ နုဂ္ဂဟ ရှေးဦးအစ စာမေးပွဲအောင်ပန်းရ ပုဂ္ဂိုလ်များ''ဖြစ်ကြပေသည် ယင်းပုဂ္ဂိုလ်များကို ဤနေရာ၌ မှတ်တမ်းဘင် ဖော်ပြအပ်ပေသည်။

### ပထမလတ်တန်းအောင် ပုဂ္ဂိုလ် (၄) ပါးမှာ

၁။ တဲယာရွာမ ရွှေဘုံသာကျောင်း ဦးပဏ္ဍိဝ။

၂။ အင်းတိမ် သာလေးမြောက်ကျောင်း ဦးသီလာစာရ။

၃။ ညောင်ရွှေမြို့မ ရွှေဂူကျောင်း ရှင်ဝမ္မပါလ။

### ပထမငယ်တန်းအောင် ပုဂ္ဂိုလ် (၄) ပါးမှာ

၁။ မိုင်းပျိုး သိမ်ထောင့်ကျောင်း ဦးသောဘိတ။

၂၊ ညောင်ရွှေမြို့မ ရွှေဂူကျောင်း ဦးကေသရ။

၃။ အင်းတိမ်- သာလေးတောင်ကျောင်း ဦးကုသလ။

၄။ အင်းတိမ်- ရေသာကျောင်း ရှင်ဝါယမတို့ဖြစ်ကြလေသည်။

**တိုးတက်နှစ်စဉ်-စာသဘင်။**

၁၂၉၇-ခုနှစ်တွင် ''ဝိနယာဒိနုဂ္ဂဟ ပထမပြန် စာမေးပွဲတော်ကြီးမှာ အာဒိကမ္မိက အစဦးဆုံးကျင်းပသည့်စာမေးပွဲကြီးဖြစ်သော်လည်းဝိနယာဒိနုဂ္ဂဟပထမအာဂုမ်စာပြန်ပွဲတော်ကြီးမှာကားလေးနှစ်မြောက်(လေးကြိမ်မြောက်) ကျင်းပသည့်စာပြန်ပွဲတော်ကြီးဖြစ်ပေသည်၊ သို့ဖြစ်၍ အာဂုမ်စာပြန်ပွဲတော်ကြီး၌ ရဟန်းတော် ၁၁၁—ပါး၊ သာမဏေ ၂၆၅-ပါး၊ နှစ်ရပ်ပေါင်း အာဂုမ်ပြန်သံဃာတော် ၃၇၆-ပါးအထိ တိုးတက် များပြားလာလေသည်။

စာပြန်ပွဲတော်ဝင်သံဃာတော်များ တိုးတက် များပြားလာသည့်အား လျော်စွာ သာသနာပြု သာသနာဒါယကာ မဟာရာဇာ ညောင်ရွှေစော်ဘွား ကြီးစဝ်ရွှေသိုက်နှင့် ညောင်ရွှေ မြို့သူမြို့သား၊ နယ်သူ နယ်သား၊ ဒါယကာ-ဒါယိကာမများမှာလည်း စေတနာသဒ္ဓါတရား ဆတက်ထမ်းပိုး တိုးတက်ပွား များခဲ့ကြလေသည်၊ "တရားတော်ကို ပူဇော်လိုမူပရိယတ္တိ ဂန္ထန္တရဗဟုသုတရှိသူ ကိုပူဇော်ကြ" ဟူသော မြတ်စွာဘုရား၏ စကားတော်နှင့်အညီ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲတော်ကြီးကို လွန်ခဲ့သည့် သုံးနှစ်ကထက် ပိုမိုထူးခြား ခမ်းနားစွာ ဆင်ယင်ကျင်းပပူဇော်ကြလေသည်၊

အင္ဒဝိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးအတွင်း၌ စာပြန်ခုံ ပေါင်း ၂၁-ခုံကို ခင်းကျင်းထားပြီးလျှင် စာခုံတိုင်း၌ သင်ဖြူးဖျာ ခင်းပြီး လျှင် ရွှေထီးတလက်စီဖွင့်မိုးစိုက်ထူ၍ ပရိယတ္တိ အာဂုမ်ပြန် သံဃာတော်တို့ အားပူဇော်ခြင်းဖြင့် တရားတော်ကိုပူဇော်ကြလေသည်၊ ဒေသစာရီကျောင်း တော်ကြီး၏တောင်ဘက်ရှိ အာဂုမ်ပြန်သံဃာတော်များ ခေတ္တ နား နေ ရာ ဇရပ်ကြီးမှ ဒေသစာရီ ကျောင်းတော်ကြီး၏ အရှေ့ဘက်မုခ်ဦးအထိ စီခံ ဆောက်လုပ်ထားသည့် နတ် (ဧကြံ့န်) လမ်းအင်္ကျင်း ကျောင်းတော်ကြီး အတွင်းသို့ အာဂုမ်ပြန် သံဃာတော်များ ကြွဝင်တော်မူကြသည့်အခါ၌လည်း ထီးတော်မိုးအဖွဲ့သားများက တပါးတပါးလျှင် ရွှေထီးတလက်စီ တလက်စီ အုပ်မိုး၍ ပို့ဆောင်ကြလေသည်။

စာပြန်ခုံတိုင်း၌ စာထောက်,စာမ ဆရာတော်တို့သည် စာပြန်ပုဂ္ဂိုလ် များလာရောက်ပြန်ဆိုကြသည့်ကျမ်းစာများကို ယင်းတို့၏ ဝင်ခွင့်လက်မှတ်၌ သတ်မှတ်ပေးထားသည့် ကျမ်းစာအပိုင်း အခြားအဟိုင်းပြန်ဆိုစေ၍ စည်း ကမ်းချက်များနှင့်အညီ မှတ်ချက်ချမှတ်ပေးတော်မူကြရလေသည်။ စာပြန်ခုံ ၂၁-ခုံခင်းထားသဖြင့် စာပြန်ပုဂ္ဂိုလ်များကို တကြိမ်တကြိမ်လျှင် ၂၁-ပါးစီ တွဲ၍ တပြိုင်နက်ပြန်ဆိုစေလေသည်၊ ဤ ၁၂၉၇-ခုနှစ် အာဂုမ်စာပြန်ပွဲ တော်ကြီး၌ သံဃာတော် ၃၇၆-ပါးပြန်ဆိုတော်မူကြရာ ရဟန်း ၁၀၅-ပါး၊ သာမဏေ ၂၃၇-ပါး၊ နှစ်ရပ်ပေါင်း ၃၄၂-ပါး အောင်မြင်တော် မူကြ လေသည်။

နယုန်လဆန်း ၁၀-ရက်နေ့မှစ၍ ဝါဆိုလဆန်း ၁၅- ရက်နေ့အထိ ကျင်းပသောစာမေးပွဲတော်ကြီး၌ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင် ပုစ္ဆကဆရာတော်များနှင့် စာဖြေသံဃာတော်တို့အား ညောင်ရွှေစော်ဘွား ကြီး စဝ်ရွှေသိုက်က နေ့စဉ်နံနက်ဆွမ်း, နေ့ဆွမ်း, ခဲဖွယ်များကို ဆက်ကပ် လှူဒါန်းလေသည်။

နယုန်လပြည့်ကျော် (၁)ရက်နေ့မှရင်းလပြည့်ကျော်(၇)ရက်နေ့အထိ ကျင်းပသောအာဂုမ် စာပြန်ပွဲတော်ကြီး၌မူ အောက်ပါမြို့ရွာ ရပ်ကွက်အသီးသီးတို့မှစေတနာရှင် ဒကာ-ဒကာမများက ဉက္ကဋ္ဌ, နာယကစသော ဆရာတော်များနှင့် စာဖြန်ပွဲတော် (ပြန်+ဖြေ)ဝင် သံဃာတော် အားလုံးတို့အား ရတနာမာရ်အောင် စေတီတော်ကြီး၏ အာရုံခံဓာန်ဆောင်းအတွင်း၌ နံနက်ဆွမ်း,နေ့ဆွမ်း, ခဲဖွယ်များဆက်ကပ်လှူဒါန်းကြလေသည်။

## ရက်စဉ်နှင့်ဆွမ်းဒါယကာ—ဆွမ်းဒါယိကာမများ။

၁။ နယုန်လဆုတ် ၁-ရက်နေ့ ညောင်ရွှေမြို့-မြို့လယ်ရပ် အရှေ့ပိုင်းနှင့် အင်းလျားရွာ၊ လွိုင်ကော်မြို့တို့မှ ဒကာ-ဒကာမများ။

၂။ နယုန်လဆုတ် ၂-ရက်နေ့ ညောင်ရွှေမြို့-မြို့လယ်ရပ် အနောက်ပိုင်းနှင့် အင်းလျားရွာ၊ လွိုင်ကော်မြို့တို့မှ ဒကာ-ဒကာမများ။

၃။ နယုန်လဆုတ် ၃-ရက်နေ့ ညောင်ရွှေမြို့ တောင်ရပ်၊ ဒကာ-ဒကာမများ။

၄။ နယုန်လဆုတ်၄-ရက်နေ့ ညောင်ရွှေမြို့ နန္ဒဝန်ရပ်နှင့် ဖဲဟိုးမြို့စား အမျိုးရှိသော ဖဲဟိုးမြို့ကုန်သည်ကြီးငယ်တစု။

၅။ နယုန်လဆုတ် ၅-ရက်နေ့ ညောင်ရွှေမြို့ကန်သာရပ်နှင့် သာစည်ရပ် ဒကာ-ဒကာမများ။

၆။ နယုန်လဆုတ် ၆-ရက်နေ့ ညောင်ရွှေမြို့ ကန်သာရပ်နှင့်အင်းတိမ်မြို့စားသခင်။

၇။ နယုန်လဆုတ် ၇-ရက်နေ့ ညောင်ရွှေမြို့ မင်္ဂလာရပ်၊ မိုင်းလီရပ်နှင့် အင်းပေါ့ခုံ ဟိန် အမျိုးရှိသော နယ်သူနယ်သားများ။

၈။ နယုန်လဆုတ် ၈-ရက်နေ့ ညောင်ရွှေမြို့ သာသနာပြု၊ သာသနဒါယကာ မဟာရာဇာစော်ဘွားကြီး စပ်ရွှေသိုက်က ဟော်တော်ဦး၌ နံနက်ဆွမ်း,နေ့ဆွမ်းနှင့် ခဲဖွယ်များ လှူဒါန်းဆက်ကပ်တော်မူလေသည်။

×

**အာဂုမ်ပွဲတွင်—အတန်းပြင်။**

၁၂၉၈-ခုနှစ် ဒုတိယအကြိမ် ဝိနယာဒိနုဂ္ဂဟ စာ မေး ပွဲ တော် ကြီး ကို ယခင် ၁၂၉၇-ခုနှစ်က အတန်းနှင့် ပြဋ္ဌာန်းချက် ကျမ်းစာများ အတိုင်း ပင် ဆက်လက်ပြဋ္ဌာန်း၍ ကျင်းပလေသည်၊ ဤနှစ်တွင် ဥက္ကဋ္ဌ,နာယက, အကျိုးတော်ဆောင် ပုဂ္ဂိုလ်ကဆရာတော်များကို နယုန်လဆန်း ၈-ရက်နေ့ ညောင်ရွှေမြို့သို့ အရောက်ပင့်လျှောက်ပြီးလျှင် ယခင်နှစ်က အစီအစဉ်အတိုင်း ပုစ္ဆာထုတ်ခြင်း စသော ပုဗ္ဗကိစ္စများကို ဆောင်ရွက်စေလေသည်၊ စာဖြေရဋ္ဌာနမှာလည်း ယခင်နှစ်က ကျင်းပခဲ့သည့်ဋ္ဌာနပင်ဖြစ်သည်။

နယုန်လဆန်း ၁၀—ရက်နေ့မှ ၁၄—ရက်နေ့အထိ ၅—ရက်ပတ်လုံး စာမေးပွဲတော်ကြီးကို ကျင်းပလေသည်၊ ဤနှစ်တွင် သံဃာတော် ၁၆—ပါး ဖြေဆိုတော်မူကြသည့်အနက်—

၁။ အကြီးတန်း၌ ရဟန်း ၁-ပါး၊

၂၊ အလတ်တန်း၌ ရဟန်း ၂-ပါး၊

၃။ အငယ်တန်း၌ ရဟန်း ၂-ပါး၊ သာမဏေ ၂-ပါး၊

ပေါင်း ၇—ပါးသာ စာသဘင်အောင်ပွဲကို ဆင်နွှဲကြလေသည်။

ဤနှစ် နှစ်ကြိမ်မြောက်ကျင်းပသည့် ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ အတန်းနှင့် ပြဋ္ဌာန်းချက်ကျမ်းစာများ ပြောင်းလဲမှုမရှိသော်လည်း ငါးကြိမ်မြောက်ကျင်းပသည့် အာဂုမ် စာပြန်ပွဲတော်ကြီး၌မူ အနည်းငယ် ပြောင်းလဲမှုရှိသည်ကို တွေ့ရလေသည်၊ သာမဏေများအတွက် ပထမငယ် အောက်တန်းနှင့် ပထမငယ်အထက်တန်းကို အတန်းရော ကျမ်းစာများပါ ပူးပေါင်း၍ ''ပထမငယ်တန်း''ဟု တတန်းတည်း သတ်မှတ်လိုက်လေသည်၊ ကျန်အတန်းများနှင့် ရဟန်းတော်များအတွက်မှာကား ယခင် ၁၂၉၇-ခုနှစ်က သတ်မှတ်ပြဋ္ဌာန်းထားချက်များအတိုင်းပင် ဖြစ်ပေသည်။

၁၂၉၈-ခုနှစ်တွင် နယုန်လဆုတ် ၁—ရက်နေ့မှ ၆-ရက်နေ့အထိ၊ အာဂုမ်စာပြန်ပွဲတော်ကြီးကိုကျင်းပရာ အာဂုမ်ပြန်ရဟန်းတော် ၁၁၃—ပါး၊ သာမဏေ ၈၉-ပါး၊ ပေါင်း ၂၀၂—ပါးဖြစ်၍၊ ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် အနည်းငယ် ယုတ်လျော့မှုရှိသည်ကို တွေ့ရ၏၊ သို့ရာတွင် ''အာဂုမ်စာပြန်ပွဲတော်ကြီး''ဆင်ယင်ကျင်းပပုံ အခမ်းအနားမှာကား ယခင်နှစ်ကထက် ပိုမိုတင့်တယ်ကြီးကျယ်လှပေသည်။

**"ကြီးကျယ်ခမ်းနား–ဆင်ယင်ထား"**

"ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်ပြန်ပွဲတော်ကြီး" ကျင်းပပုံ အခမ်းအနားမှာ အင္ဒဒိသာဓမ္မဝိဟာရဒေသစာရီ ကျောင်းတော်ကြီးအတွင်း၌ အလယ်ဗဟိုတွင် မြတ်စွာဘုရား၏ ကိုယ်စားတော်သည် ရွှေပလ္လင်ထက်ဝယ် တင့်တယ်စွာစံမြန်းတော်မူလျက်ရှိ၏၊ ဗုဒ္ဓါသနပလ္လင်တော်၏ ပတ်ဝန်းကျင်၌ ကား စာပြန်ပွဲတော်ကြီး၏ဥက္ကဋ္ဌ, နာယက, အတိုင်ပင်ခံ,တပည့်အုပ် စသော ဆရာတော်ကြီးများ သီတင်းသုံးတော်မူကြရန် ကတ္တီပါကော်ဇောကြီး မှိုအုံး ကြီးတို့ဖြင့် "ထေရာသန" ကို ပြင်ဆင်ထားပေသည်၊ ယင်း၏အောက်အဆင့် များ၌မူ ကျောင်းတော်ကြီး၏ရှစ်မျက်နှာကို ရစ်ပတ်လျက် စာပြန်ခုံပေါင်း ၁၉–ခုံကို ခင်းထားပြီးလျှင်၊ ယင်းခုံများ၌ တခုံတခုံလျှင် ကတ္တီပါထိုင်ဖုံ (မွေ့ရာ)လေးမြောင့်ကတ္တီပါမှိုအုံးနှင့်တကွ ပုစွန်ဆီရောင်ထီးတလက်စီ အုပ်မိုး ပူဇော်ထား ပေ သည်။ [ဤအဆင်အပြင်များကို ညောင်ရွှေစော်ဘွားကြီး စစ်ရွှေသိုက်၏ ပထမ မဟာဒေဝီကြီးက စေတနာထက်သန်စွာဖြင့် စီမံခြင်း ဖြစ်ပေသည်၊] စာခုံများအပေါ်၌ ခုံနံပါတ်ကပ်ပြားနှင့်အတူ ပန်းပူဇော်ရန် လင်ပန်းတချပ်စီ တင်ထားပေသည်၊ သံဃာတော်များစာပြန်ဆိုတော်မူကြသည့် အချိန်တွင် စေတနာရှင် ဒါယကာ–ဒါယိကာမများက ပရိယတ္တိသဒ္ဓမ္မကို ပန်းမျိုးစုံဖြင့် ထုံမွှမ်းပူဇော်ကြလေသည်။

စာပြန်ရန်အချိန်ကျ၍ အချက်ပေးအမြောက် ပစ်ဖောက်သောအခါ ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်, စာထောက်စာမ, တပည့်အုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်များနှင့် အာဂုမ်ပြန်သံဃာတော်တို့သည် မိမိတို့တည်းခို ရာ ကျောင်းအသီးသီးမှ ဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီတော်မူကြပြီး လျှင် မိမိတို့အား ခလျာက်ပတ်သောနေရာအသီးသီး၌ သီတင်းသုံးတော်မူကြ လေသည်။

စာထောက်စာမ ဆရာတော်တို့မှာ စာပြန်ပွဲတော် အကျိုးတော်ဆောင် ဆရာတော်များ စီစဉ်ချမှတ်ပေးသည့် စာပြန်ခုံများ၌ တခုံလျှင် ၃–ပါးစီ သီတင်းသုံးတော်မူကြရလေသည်၊ ယင်းသုံးပါးအနက် တပါးက ခုံနာယက ပြုလုပ်၍ တပါးက မိမိတို့ခုံ၌ လာရောက်ပြန်ဆိုကြသည့် စာပြန်ပုဂ္ဂိုလ်များ၏ စာတွဲနံပါတ်၊ ခုံနံပါတ်၊ လက်မှတ်နံပါတ်၊ ပြန်ဆိုသည့် ကျမ်းစာအပိုင်းအခြား စသည်များကို စာထောက်မှတ်ချက်ကြီးစာရွက်ပေါ်၌ ရေးမှတ်မှုပြုရလေသည်၊ ကျန်တပါးကမူ စာပြန်ပုဂ္ဂိုလ်ထံမှ စာအုပ်ကိုယူ၍ ပြန်ဆိုသည့်စာကို ကြားနာ

ထောက်မပေးရလေသည်၊ စာပြန်ပုဂ္ဂိုလ် စာပြန်ဆို၍ ပြီးဆုံးသောအခါ စာကို ကြေကြေညက်ညက်ရ-မရ၊ ဌာန်ကရိုဏ်းကျ-မကျ၊ ပိပိသသ ပြန်ဆိုနိုင်မှုရှိ-မရှိ စသည့်အချက်များကို မူတည်၍ သုံးပါးညှိနှိုင်းကာ "အလွန်ကောင်း၏" "ကောင်း၏"စသော မှတ်ချက်များ ချမှတ်ပေးကြရလေသည်။

စာပြန်သံဃာတော်များမှာကား ကျောင်းတော်ကြီး၏ တောင်ဘက်ရှိ တည်းခိုရာဇရပ်ကြီးပေါ်သို့ကြွ၍ ခေတ္တသီတင်းသုံးနေကြရလေသည်၊ ယင်းမှ တဆင့် အကျိုးတော်ဆောင်ဆရာတော်များက စာတွဲနံပါတ်အလိုက်ခေါ်သည့် အခါ စီမံဆောက်လုပ်ထားသည့် နတ်(စကြံ)လမ်း၌ စီစဉ်ချထားသော မိမိတို့ ခုံနံပါတ်တပ်ထားသည့် ကုလားထိုင်များ၌ ခေတ္တဆိုင်းငံ့ထိုင်နေကြရလေသည်၊ ထိုကုလားထိုင်များ၌လည်း စာပြန်သံဃာတော်တို့အား ပုစွန်ဆီရောင် ထီး တလက်စီဖြင့် အုပ်မိုးပူဇော်ထားသေး၏၊ ယင်း ထီးများကို ကတ္တီပါထိုင်မသိမ်း အင်္ကျီ၊ ကတ္တီပါဘောင်းဘီဆင်တူဝတ်ပြီး ခေါင်းပေါင်းဝါဆင်တူပေါင်းထား ကြသည့် ထီးတော်မိုးအဖွဲ့သားများက ထိန်းသိမ်းကြရလေသည်။

စာပြန်ချိန်သင့်—ခမ်းနားဖွင့်

နယုန်လဆုတ် ၁-ရက်နေ့ နံနက် (၇) နာရီအချိန်တွင် ဝိနယာဒိနုဂ္ဂဟ အာဂုံမ် စာပြန်ပွဲတော်ကြီးကို စတင်ကျင်းပသည်၊ စာပြန်ပွဲတော်ကြီးကျင်းပ ရာ အဌပိသာ မဟာဝိဟာရ ဒေသစာရိကျောင်းတော်ကြီး၌ ဥက္ကဋ္ဌ၊ နာယက၊ အကျိုးတော်ဆောင်၊ စာထောက် စာမဆရာတော်များနှင့် စာပြန် သံဃာ တော်များစုံညီသောအခါ "ဝိနယာဒိနုဂ္ဂဟ ပထမအာဂုံမ်စာပြန်ပွဲတော်ကြီး" ဖွင့်လှစ်ပေးတော်မူပါရန်ဥက္ကဋ္ဌ၊နာယက၊ဆရာတော်ကြီးတို့အားမဟာဒါန်ဝန် က အခါတော်ကြား လျှောက်ထားလှာဖြင့် လျှောက်ထားရလေသည်။

ယင်းသို့ လျှောက်ထားသောအခါ စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ ဆရာတော် က အချက်ပေးခေါင်းလောင်းတီးစေ၍ စာပြန်ပွဲတော်ကြီးကိုဖွင့်လှစ်ပေးရလေ သည်၊ ယင်းအချက်ပေးခေါင်းလောင်းတီးသည်နှင့်တပြိုင်နက် မင်္ဂလာ ရွှေ မောင်းကြီးကိုလည်း တီးရလေသည်၊ ကျောင်းတော်ကြီး၏ အရှေ့မုခ်လှေခါး အနီးရှိ မင်္ဂလာစည်တော်ကြီးအဖွဲ့သားတို့ကလည်း မင်္ဂလာစည်တော်ကြီးကို ဆော်ရွှမ်းကြလေသည်၊ ထိုနှင့် တချိန်တည်းမှာပင် ထီးတော်မိုးအဖွဲ့သားတို့ ကလည်း စာပြန်ခုံများ၌ စိုက်ထူထားသော ပုဇွန်ဆီရောင် ထီးတော်များကို တပြိုင်နက် ဖွင့်မိုးပူဇော်ကြရလေသည်။

ယင်းသို့ အခမ်းအနား ဖွင့်လှစ်ပြီး၍ ဥက္ကဋ္ဌ ဆရာတော်က နောက်တကြိမ်အချက်ပေးခေါင်းလောင်းတီးစေသောအခါ မင်္ဂလာစည်တော်ကြီးအဖွဲ့သားများက စည်တော်ရှမ်းလျက် စာပြန်ပွဲဝင်သံဃာတော်တို့ကိုမစောင့်ကြိုရပေသည်၊ စီမံဆောက်လုပ်ထားသည့် နတ်(စကြံ)လမ်း ကုလားထိုင်များ၌ ခုံနံပါတ်စဉ်ဖြင့်စီစဉ်၍ အဆင်သင့်နေရာချထားပြီးဖြစ်သော စာပြန်ပုဂ္ဂိုလ်တို့ကလည်း ပြန်ဆိုရန်ကျမ်းစာအုပ်များကိုယူဆောင်လျက် အစဉ်အတိုင်း ကျောင်းတော်ကြီးထဲသို့ကြွဝင်ကြရလေသည်၊ ထိုစာပြန်ပွဲဝင် သံဃာတော်တို့အား ထီးတော်မိုးအဖွဲ့သားများက တပါးလျှင် ပုဇွန်ဆီရောင်ထီးတလက်ကျ အုပ်မိုးကာ ထိုင်ခုံများမှ ကျောင်းတော်ကြီးအရှေ့မုခ်ဦးအထိ လိုက်ပါပို့ဆောင် ကြရလေသည်။

ကျောင်းတော်ကြီး၏ အရှေ့ဘက် တံခါးထိပ်မှ မဟာဒါနဝန်က စောင့်၍ စာတွဲနံပါတ်,ခုံနံပါတ်,စာပြန်ပုဂ္ဂိုလ်တို့၏ ဘွဲ့တော်များကို ဖတ်ကြားလျှောက်ထားရလေသည်၊ စာပြန်ပုဂ္ဂိုလ်များ မိမိတို့ခုံနံပါတ်ရှိရာခုံများ၌အသီးသီးထိုင်မိပြီးသောအခါ တဖန် ဥက္ကဋ္ဌဆရာတော်က ခေါင်းလောင်းတီးစေ၍အချက်ပေးလျှင် စာပြန်ပုဂ္ဂိုလ်တို့တပြိုင်နက် စာပြန်ဆိုကြရလေသည်၊ စာပြန်ပုဂ္ဂိုလ် ၁၉-ပါးပါ၊ စာတွဲတတွဲတကြိမ်ပြန်လျှင် ယေဘုယျ အားဖြင့် မိနစ် ၂၀-မျှ အချိန်ပေးထားလေသည်။

သံဃာတော်များ စာပြန်တော်မူကြသည့်အချိန်တွင် လေညှင်းခတ်၍ တလျပ်လျပ်ကွန့်မြူးနေသည့် ပုဇွန်ဆီရောင်ထီးတော်များအရိပ်ဝယ် စံပယ်, ကြက်ရိုး,ဂမုန်း,ခတ္တာ,နှင်းဆီ,ဒေါနု,သော်ကဇ,ဇီဇဝါနှင့် ရွှေကြာပဒုမ်ပန်းမျိုးစုံတို့၏ ဝတ်မှုန်ကြဲဖြန့် ရနံ့ပွေးကြိုင် သင်းပျံ့လှိုင်လျက်ရှိသော ဒေသစာရီ ကျောင်းတော်ကြီးအတွင်းမှ ပရိယတ္တိအာဂုမ်ပြန် စာသံပေသံတို့ကား သာယာတင့်မြူး ဘဝင်ကြည်နူးဖွယ်အတိ ဖြစ်ပေသည်။

သံဃာတော်တို့၏ သင်္ကန်းတော်ရောင်နှင့် ပုဇွန်ဆီ ထီးတော်ရောင်၊ ပုဇွန်ဆီထီးတော်ရောင်နှင့် သင်္ကန်းရောင်တို့သည်ရင်း, ပန်းရနံ့နှင့်စာပြန်သံ၊ စာပြန်သံနှင့် ပန်းရနံ့တို့သည်ရင်း အချင်းချင်းထွေးယှက်၍ သာသနာ၏ ကျက်သရေ, ညောင်ရွှေမြို့၏ ကျက်သရေမင်္ဂလာအဖြာဖြာကို ဝေဆာတင့်ဖြိုး အဆင့်ဆင့်တိုးစေပါတော့သတည်း။

ယင်းသို့ဖြင့် နံနက် ၇-နာရီမှ ၁၀-နာရီထိတချိန်၊ နေ့လယ် ၁၂-နာရီမှ ၄-နာရီထိတချိန်၊ တနေ့နှစ်ချိန်ခွဲ၍ စာပြန်ပွဲတော်ကြီးကို ကျင်းပ

လေသည်၊ တနေ့တာစာတွဲများကုန်သောအခါ မဟာဒါန်ဝန်က အာဂုံမ်ပြန် ပွဲတော်ကြီးကို ဝေတ္တာရပ်ဆိုင်းပေးရန် အခါကြား လျှောက်ထား၍ ဥက္ကဋ္ဌ ဆရာတော်က တနေ့တာစာပြန်ပွဲကို ရပ်ဆိုင်းပေးရလေသည်။

"အခမ်းအနားပိတ်ရန်-ခွင့်တောင်းပန်"

ယင်းသို့ဖြင့် နယုန်လပြည့်ကျော် ၁-ရက်နေ့မှ ငုင်းလပြည့်ကျော် ၆-ရက်နေ့အထိ၊ ခြောက်ရက်ပတ်လုံး (နံနက် ၇-နာရီမှ ၁၀-နာရီအထိ၊ နေ့ ၁၂-နာရီမှ ၄-နာရီအထိ)တနေ့နှစ်ချိန်ခွဲ၍ အာဂုံမ်စာပြန်ပွဲတော်ကြီးကို ခမ်းနားစွာကျင်းပလေသည်၊ လပြည့်ကျော် ၆-ရက်နေ့ စာတွဲများအားလုံး ပြီးဆုံးသောအခါ ထိုဒွေးသစာရိကျောင်းတော်ကြီး၌ပင် ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်, စာထောက်စာမ, တပည့်အုပ် စသော ဆရာတော် သံဃာတော်များသည် သံဃာ့အစည်းအဝေးကြီးတရပ် ကျင်းပတော်မူကြ လေသည်၊ ထိုသံဃာ့အစည်းအဝေးကြီးမှာ "ဝိနယာဒိနဂ္ဂဟာစာပြန်ပွဲတော်ကြီး တိုးတက်ရာတိုးတက်ကြောင်း အကြံကောင်းများပေးတော်မူကြရန်" အကြံ ဉာဏ်တောင်းခြင်းနှင့် နောက်တနေ့ အောင်ပွဲသဘင်ကျင်းပမည့် အစီအစဉ် များကို ကြိုတင်အသိပေးကြေငြာသည့် အစည်းအဝေးကြီးဖြစ်လေသည်။

သံဃာ့အစည်းအဝေးကြီးပြီးသောအခါ အာဂုံမ်ပြန်သံဃာတော်များ ပြဋ္ဌာန်းချက်ကျမ်းစာအားလုံး ပြန်ဆိုခြင်းကိစ္စပြီးဆုံးပြီဖြစ်၍ "ဝိနယာဒိနဂ္ဂဟာ ပထမအာဂုံမ်စာပြန်ပွဲတော်ကြီးကို တနှစ်တာအပြီးသတ်၍ ရပ်တန့်ခွင့်ပေးပါ ရန်" မဟာဒါန်ဝန်က ဥက္ကဋ္ဌ, နာယက စသော ဆရာတော်တို့အား လျှောက်ထား တောင်းပန်လေသည်၊ ဥက္ကဋ္ဌဆရာတော်က အချက်ပေးခေါင်း လောင်း တီးစေ၍ စာပြန်ပွဲတော်ကြီး၏ အခမ်းအနားကို ပိတ်ရလေသည်၊ ဥက္ကဋ္ဌဆရာတော် အချက်ပေးစေသည်နှင့်တပြိုင်နက် မင်္ဂလာဗျော်မောင်းကြီးကို ငုင်း, မင်္ဂလာစည်တော်ကြီးကိုငုင်း တီးခတ်ဆော်ရှမ်းလေသည်၊ စာပြန်ခုံ များ၌ စိုက်ထူဖွင့်မိုးပူဇော်ထားသည့် ပဉ္စနိသိရောင်ထီးများကိုလည်း ထီးတော် မိုးအဖွဲ့သားများက တပြိုင်နက်ပိတ်ကြလေသည်၊ ယင်းသို့အခမ်းအနား ပိတ် ပြီးသောအခါ ဝိနယာဒိနဂ္ဂဟာအာဂုံမ်စာပြန်ပွဲတော်ကြီးသည် တနှစ်တာအပြီး သတ်၍ ရပ်နားခွင့်ရလေသည်၊ ဤအစီအစဉ်အတိုင်း ညောင်ရွှေမြို့ ဝိနယာဒိ နဂ္ဂဟာ ပထမအာဂုံမ်စာပြန်ပွဲတော်ကြီးကို ခမ်းနားကြီးကျယ်စွာ နှစ်စဉ်ကျင်းပ ပူဇော် ပြီးမြောက်ကြလေသည်။

ဤသည်ကား-ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟပထမအာဂုမ်စာပြန်ပွဲတော်ကြီးကျင်းပပုံ အခမ်းအနား ဖြစ်ပေသတည်း။

**ငါးနှစ်အတွင်း စာရင်းအချုပ်။**

၁၂၉၈-ခုနှစ် စာပြန်ပွဲတော်ကြီးတွင် (၁၂၉၄—ခုနှစ်မှစ၍ ၁၂၉၈-ခုနှစ်အထိ) ငါးနှစ်အတွင်း ဂိုဏ်းအသီးသီးမှ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲတော်ကြီးသို့ ဝင်ရောက် ဖြေဆိုကြသည့် သံဃာတော် ပါးရေ နှစ်ချုပ်စာရင်းကို ထုတ်ပြန်ကြေငြာခဲ့ပေသည်။

၁၂၉၄—ခုနှစ်ကစ၍ ၁၂၉၈—ခုနှစ်အထိ ငါးနှစ် အတွင်း ဂိုဏ်းအသီးသီးမှ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲတော်ကြီးသို့ ဝင်ရောက်ပြန်ဆိုသည့် တနှစ်စီ သံဃာပေါင်းစာရင်းကို သာဓုခေါ်ယူနိုင်ကြပါရန် ပုံနှိပ်၍ ဝေငှလေသည်။

| ဂိုဏ်း | ၁၂၈၄၊ ရဟန်း | ၁၂၈၄၊ သာမဏေ | ၁၂၈၅၊ ရဟန်း | ၁၂၈၅၊ သာမဏေ | ၁၂၈၆၊ ရဟန်း | ၁၂၈၆၊ သာမဏေ | ၁၂၈၇၊ ရဟန်း | ၁၂၈၇၊ သာမဏေ | ၁၂၈၈၊ ရဟန်း | ၁၂၈၈၊ သာမဏေ | ၅–နှစ်ပေါင်း ရဟန်းပေါင်း | ၅–နှစ်ပေါင်း သာမဏေပေါင်း | ၅-နှစ် သံဃာပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မြို့မ | ၇ | ၇ | ၁၀ | ၃၄ | ၂၀ | ၂၈ | ၁၃ | ၆၂ | ၁၀ | ၁၇ | ၆၀ | ၁၄၈ | ၂၀၆ |
| ကုန်းဆွတ် | | | | | | | | ၁ | | | | ၁ | ၁ |
| နားဟီး | | | ၈ | ၁၅ | ၁ | | ၂ | | | | ၁၁ | ၁၅ | ၂၆ |
| လုံကား | | | ၂ | ၁ | | | ၂ | ၄ | ၁ | | ၅ | ၅ | ၁၀ |
| တောင်ကြီး | | ၅ | ၁ | ၁၀ | ၅ | ၁၄ | ၂ | ၃ | | | ၈ | ၃၂ | ၄၀ |
| ဇလဲ | | | ၃ | | ၁ | ၁ | ၂ | ၁ | ၁ | | ၇ | ၂ | ၉ |
| ထီးသိန် | | | | | | | | | ၁ | | ၁ | | ၁ |
| တာရေပုံပုံး | | | | ၂ | ၁ | ၁ | ၃ | ၂ | | ၁ | ၄ | ၆ | ၁၀ |
| ဟဲဟိုး | | | ၉ | ၅ | ၇ | ၂ | ၆ | ၁ | ၁ | | ၂၃ | ၈ | ၃၁ |
| ကျောက်ထပ် | | | | ၄ | | ၁ | ၃ | ၅ | | | ၃ | ၁၀ | ၁၃ |
| ဘော်တွင်း | | | | | | | ၁ | ၂ | | ၂ | ၁ | ၄ | ၅ |
| သီကျစ် | | | | | | | ၃ | ၁ | ၃ | | ၆ | ၁ | ၇ |
| လွယ်မော | | | ၁ | ၉ | | | ၇ | ၁၇ | ၈ | | ၁၆ | ၂၆ | ၄၂ |
| မိုင်းသောက် | ၁ | ၆ | ၃ | ၂၉ | ၄ | ၁၈ | ၆ | ၁၃ | ၂ | ၄ | ၁၆ | ၇၀ | ၈၆ |
| သန်းတောင် | ၁ | | ၅ | ၂၆ | ၅ | ၂၅ | ၆ | ၄၇ | ၄ | ၁၂ | ၂၁ | ၁၁၀ | ၁၃၁ |
| ဟဲယာ | ၁၄ | ၂၆ | ၇ | ၁၁၈ | ၁၀ | ၈၂ | ၆ | ၅၄ | ၆ | ၂၅ | ၄၃ | ၃၀၅ | ၃၄၈ |
| အင်းပိမ် | ၃ | ၂၃ | ၃ | ၆၃ | ၄ | ၃၁ | ၄ | ၁၆ | ၇ | ၄ | ၂၁ | ၁၃၇ | ၁၅၈ |
| နမ့်ပန် | | | | ၁ | ၄ | ၁၁ | ၄ | ၁၄ | ၄ | ၄ | ၁၂ | ၂၉ | ၄၁ |
| မိုင်းပျဲ | | | ၃ | ၈ | ၉ | ၉ | ၁၀ | ၁၂ | ၃ | ၁ | ၂၅ | ၃၀ | ၅၅ |
| ကျောက်တိုင် | ၁ | ၄ | ၁ | ၁ | ၂ | ၂ | ၈ | ၃ | ၂၅ | ၂ | ၃၇ | ၁၂ | ၄၉ |
| သထုံပင်စုံ | | | ၁ | ၂ | | ၁ | | ၂ | | | ၁ | ၅ | ၆ |
| လွယ်ကော် | | | ၂ | ၁၆ | ၃ | ၃ | | | | | ၅ | ၁၉ | ၂၄ |
| စကား | | | | | ၄ | ၂ | ၅ | ၃ | | | ၉ | ၅ | ၁၄ |
| ပင်းတယ | | | | | ၄ | | ၁၅ | ၂ | ၁၃ | ၂ | ၃၂ | ၄ | ၃၆ |
| ဘိုပုံး | | | | | | | ၂ | | ၂ | | ၄ | | ၄ |
| ပွေးလှ | | | | | | | ၁ | | | | ၁ | | ၁ |
| မောက်မယ်-သင်းခေါ | | | | | | | | | ၃ | ၁ | ၃ | ၁ | ၄ |
| ပေါင်း.... | ၂၇ | ၇၁ | ၅၉ | ၃၄၄ | ၈၄ | ၂၃၀ | ၁၁၁ | ၂၆၅ | ၂၀၂ | ၇၅ | ၃၈၃ | ၉၈၅ | ၁၃၆၈ |

## ပရိယတ္တိသာသနာ့ရန်ပုံငွေ အလှူတော်

၁၂၉၄–ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာသည့် ဝိနယာဒိနုဂ္ဂဟ ပထမ အာဂုမ် စာပြန်ပွဲတော်ကြီးမှာ တနှစ်ထက်တနှစ် စာပြန်ပွဲဝင် သံဃာတော်များ တိုးတက်များပြားလာခဲ့ပေသည်၊ ထို့ပြင် ၁၂၉၇–ခုနှစ်မှစ၍ "ဝိနယာဒိနုဂ္ဂဟ ပထမပြန် စာမေးပွဲတော်ကြီး"ကိုပါ ပူးတွဲကျင်းပပေးသဖြင့် အဖက်ဖက်မှ ကုန်ကျစရိတ်များ ပိုမိုလာပေသည်၊ ထို့ကြောင့် ၁၂၉၈–ခုနှစ်တွင် "ပရိယတ္တိသာသနာ့ရန်ပုံငွေ" ဖွင့်လှစ်ကာ အလှူခံခဲ့ပေသည်။

ထိုနှစ် ပြာသိုလဆန်း (၁၃) ရက်နေ့စွဲဖြင့် ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ကျောင်းထိုင်ဆရာတော်များနှင့် ဟဲန်, ထမုန်, ကျော့, စသော ရပ်ရွာလူကြီးများထံသို့ မိမိတို့မြို့ရွာအတွင်း၌ ရှင်ပြုစသော အလှူပွဲများ ပြုလုပ်သောအခါ ကျောင်းလှူရန် ပဒေသာပင်နည်းတူ ပရိယတ္တိသာသနာ့ရန်ပုံငွေအဖြစ် စာပြန်ပွဲအတွက် ပဒေသာတပင်ကိုလည်း သီးခြားထည့်၍ လှူဒါန်းရန် အလှူရှင်တို့အား တိုက်တွန်းနှိုးဆော်ပါမည့်အကြောင်း သာသနဒါယကာ စော်ဘွားကြီး စဝ်ရွှေသိုက်၏ အမိန့်အရ မဟာဒါန်ဝန် ဦးထွန်းလှိုင်က ကျေညာချက်ထုတ်ပြန်ကာ မေတ္တာရပ်ခံခဲ့လေသည်။

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးနှစ်ပွဲကို ဝါမထပ်သည့်နှစ်တွင် နယုန်လအတွင်းကျင်းပ၍ ဝါထပ်သည့်နှစ်တွင် ပထမဝါဆိုလအတွင်း နှစ်စဉ် ကျင်းပမြဲဖြစ်လေသည်။

### တဆယ့်ငါးနှစ်အတွင်း ပြောင်းလဲခြင်းများ

ကောဇာသက္ကရာဇ် ၁၂၉၄–ခုနှစ်မှစ၍ ၁၃၀၈-ခုနှစ်အထိ၊ (၁၅) နှစ်အတွင်း စာပြန်ပွဲတော်ကြီးနှစ်ပွဲစလုံး၌ အတန်းနှင့် ပြဋ္ဌာန်းချက် ကျမ်းစာများ ထူးထူးခြားခြား ပြုပြင်ပြောင်းလဲမှု မရှိသော်လည်း စာပြန်ပွဲတော်ကြီး၏ စည်းကမ်းဥပဒေအချို့ ပြောင်းလဲပြဋ္ဌာန်းသည်ကို တွေ့ရပေသည်။

၁၃၀၀–ပြည့်နှစ်၊ နယုန်လဆုတ် (၃) ရက်နေ့တွင် အတည်ပြု၍ ထုတ်ပြန်ကျေညာသည့် ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းကမ်းဥပဒေပုဒ်မ (၃) တွင်–

"အထူးမှာ ပထမကြီးအောက်တန်း အောင်မြင်ပြီးသော ညောင်ရွှေနယ်ဇာတိ ရဟန်းတော်များကိုလည်းကောင်း၊ ပထမကြီး အထက်တန်းအောင်မြင်ပြီးသော ညောင်ရွှေနယ်ဇာတိ ရဟန်းတော် နှင့် သာမဏေများကိုလည်းကောင်း၊ အာဂုံမ်ပြန် ပထမကျော်တန်း အောင်မြင်ပြီးသော ရဟန်းတော်နှင့် သာမဏေများကိုလည်းကောင်း၊ မန္တလေးသို့ကြွ၍ ပညာတော်သင်လျှင် တလ (၅၀) ငါးကျပ်ကျစီ လစဉ် အောင်မြင်သောအဆိုပါအတန်းများ အတွက် တတန်းလျှင် နှစ် နှစ်ကျစီ ကာလပိုင်းခြား၍ သာသနာပြု သာသနဒါယကာ မဟာ ရာဇာ စော်ဘွားကြီးက ထောက်ပံ့လှူဒါန်းလိမ့်မည်ဖြစ်ပါကြောင်း" ဟု–

၁၂၉၅-ခုနှစ်က အတည်ပြု ပြဋ္ဌာန်းထားသော ပညာတော်သင် အထူးဆုများထောက်ပံ့ရန် စည်းကမ်းချက်ကို အနည်းငယ် တိုးချဲ့ပြုပြင်၍ ပြဋ္ဌာန်းခဲ့ပေသည်။

ထို့ပြင် ၁၂၉၇–ခုနှစ်က အတည်ပြု ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် ကျမ်းစာများနှင့် စည်းကမ်းချက်များ ပုဒ်မ (၃) တွင်–

"ပထမကျော်တန်း ဝင်ရောက်ပြန်ဆိုအောင်မြင်လျှင် ဆရာ တော်အဖြစ် အသိအမှတ်ပြု၍ ကိုးကွယ်တော်မူမည့်အပြင် ၎င်းအကျော် တန်းအောင် ပုဂ္ဂိုလ်၏ အမိအဘတို့ကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူရန်"ဟု ပြဋ္ဌာန်းထားသော်လည်း–

"၁၃၀၀-ပြည့်နှစ်၊ နယုန်လဆုတ်(၃)ရက်နေ့တွင် (၁၃၀၁ ခုနှစ်၊ စာပြန်ပွဲတော်ကြီးအတွက်) အတည်ပြု ပြဋ္ဌာန်းထုတ်ဝေသည့် ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းကမ်းချက်များ ပုဒ်မ (၃) တွင်–

"ပထမကျော်တန်း အာဂုံမ်ပြန်ပွဲနှင့် ၎င်းအတန်း မေးဖြေပွဲ- (၂) ပွဲစလုံး အောင်မြင်သော ပုဂ္ဂိုလ်တို့ကို ဆရာတော်အဖြစ်ဖြင့် အသိအမှတ်ပြု၍ ကိုးကွယ်ချီးမြှောက်တော်မူမည့်အပြင်၊ ၎င်းပုဂ္ဂိုလ် တို့၏ မိဘအရင်းတို့ကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန် တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူရန်"ဟု ပြောင်းလဲ တိုးချဲ့၍ ပြဋ္ဌာန်းခဲ့လေသည်။

## ဝိနယာဒိနုဂ္ဂဟ အာဂုမ်ပြန် ပထမကျော်အောင် ပုဂ္ဂိုလ်များ

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ ပထမကျော်တန်းကို အာဂုမ်ပြန်ဆိုအောင်မြင်တော်မူကြသော ပုဂ္ဂိုလ်များမှာ–

၁။ ညောင်ရွှေနယ်၊ ကျောက်တိုင်ဂိုဏ်း၊ ကျိုင်းခန်းတောင်ကျောင်းမှ ဒေါ်ရွှေဥ၏သား သက်တော် (၃၄) နှစ်၊ သိက္ခာ (၁၄) ဝါရ ဦးသောဘိတ၊ (၁၃၀၁–ခုနှစ်)။

၂။ ညောင်ရွှေနယ်၊ သန်းတောင်ဂိုဏ်း၊ မင်းချောင်း ကျောင်းမှ ဒေါ်ရွှေမယ်၏သား သက်တော် (၂၅) နှစ်၊ သိက္ခာ (၆) ဝါရ ဦးရေဝတ၊ (၁၃၀၄-ခုနှစ်)။

၃။ ညောင်ရွှေနယ်၊ ဟဲ့ယာရွာမဂိုဏ်း၊ အင်းခြုံရွာ သဒ္ဓမ္မာလင်္ကာရကျောင်းမှ ဦးထွန်းစိန်၏သား အသက် (၁၉) နှစ်ရှိ ရှင်ဥက္ကဋ္ဌ၊ (၁၃၀၇-ခုနှစ်) တို့ ဖြစ်ပေသည်။

၁၃၀၆-ခုနှစ်တွင်မူ စာပြန်ပွဲတော်ကြီးအတွက် ထူးခြားစွာပြောင်းလဲမှုတခုကို တွေ့ရလေသည်၊ ယခင့်ယခင်နှစ်များက "ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး"ကို နယုန်လဆန်း (၁၀) ရက်နေ့မှ (၁၄) ရက်နေ့အထိ (၅) ရက်ပတ်လုံး၊ "အာဂုမ်စာပြန်ပွဲတော်ကြီး"ကို နယုန်လပြည့်ကျော် (၁) ရက်နေ့မှ (၆) ရက်နေ့အထိ၊ (၆) ရက်ပတ်လုံး ကျင်းပခဲ့သော်လည်း (၁၃၀၆)ခုနှစ်တွင်မူ ခေတ်ကာလ အခြေအနေအားလျော်စွာ ရက်ကိုလျော့၍ ကျင်းပခဲ့လေသည်။

ထိုနှစ်တွင် စာမေးပွဲတော်ကြီးကို နယုန်လဆန်း ၁၂-ရက်နေ့မှ ၁၅-ရက်နေ့အထိ ၄-ရက်၊ အာဂုမ်စာပြန်ပွဲတော်ကြီးကို နယုန်လဆုတ် ၁-ရက်နေ့မှ ၄-ရက်နေ့အထိ ၄-ရက်သာကျင်းပပြီးလျှင် ၎င်းလဆုတ် ၅-ရက်နေ့တွင် အောင်ပွဲသဘင်ကြီးကို တဆက်တည်း ဆင်ယင်ကျင်းပခဲ့လေသည်။

ယင်းသို့ဖြင့် ခေတ်ကာလအခြေအနေအားလျော်စွာစာပြန်ပွဲတော်ကြီးအစွန့်ရှည်ကြာတည့်တန့်ရေးကို မြော်တွေးဆင်ခြင်တော်မူကြ၍ ကျင်းပရက်ကို လျော့ချလိုက်ငြားသော်လည်း အတန်းနှင့် ကျမ်းစာတို့မှာမူကား ယုတ်လျော့မှုမရှိ ယခင်နှစ်ကအတိုင်းပင် ဖြစ်လေသည်။

**မမေ့နိုင်သည့် သမိုင်းမှတ်တိုင်ကြီး။**

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲယှဉ်တွဲ၍ ဆင်နွှဲချီတက်ခဲ့ရာ သာသနာ့ရေးတလျှောက်တွင် ၁၃၀၇-ခုနှစ်၌ ပြုလုပ် ကျင်းပရသည့် စာပွဲတော်ကြီးနှစ်ပွဲသည်ကား ရဟန်းရှင်လူတို့ မေ့ပျောက်၍ မရနိုင်သော သမိုင်းမှတ်တိုင်ကြီး နှစ်တိုင်ပင်ဖြစ်ပေသည်။

ထိုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းဖြစ်၍ ခေတ်ပျက်, အခါပျက်, ကာလပျက်ကြီးဖြစ်ပေသည်၊ အရှေ့အာရှစစ်မြေပြင်ဝယ် အနောက် ဥရောပ မဟာမိတ် (လိပ်၊ ကန်၊ သစ်)တို့ ထိုးစစ်အရှိန်အမြင်ဆုံး ဆင်နွှဲနေကြသည့်အချိန်ပင်၊ မဟာမိတ်တို့၏ထိုးစစ်ဒဏ်ကြောင့်ရင်း၊ မြန်မာပြည် အတွင်းမှ ဖက်ဆစ်တော်လှန်ရေးကြောင့်ရင်း၊ ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံတဝှမ်းလုံးမှ နောက်ဆုံးဆုတ်ခွာထွက်ပြေးကြရသည့်အခါသမယတွင် ရှမ်းပြည်တောင်ပိုင်းမှ ဆုတ်ခွာကြသောဂျပန်တို့သည် ညောင်ရွှေမှတဆင့် ကုန်းလမ်းဖြင့်တမျိုး, ရေလမ်းဖြင့်တသွယ် ကယားပြည်နယ်ဘက်သို့ထိုမှတဆင့် ထိုင်းနိုင်ငံဘက်သို့အပြေးအလွှားဆုတ်ခွာကြရလေသည်။

ဂျပန်တို့ ဆုတ်ခွာရာလမ်းတလျှောက်တွင် မဟာမိတ်တို့၏စစ်လေယာဉ်များက နေ့ရောညဥ့်ပါ နာရီမလပ် ပျံဝဲစောင့်ကြပ်လျက် မြင်မြင်သမျှ ဗုံးကြဲချ၊ စက်သေနတ်ဖြင့်ပစ်ခတ်ကာ လိုက်လံတိုက်ခိုက် နေကြလေသည်၊ ညောင်ရွှေမြို့မှာလည်း မဟာမိတ်တို့၏ ဗုံးဒဏ်, စက်သေနတ်ဒဏ်ကို အပြင်းအထန်ခံရသဖြင့် မြို့သူမြို့သားများနှင့်တကွ နယ်ရှင်စော်ဘွားပါ မိမိတို့ မြို့ရွာအိုးအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်မည်ထင်ရာသို့ ပြေးလွှားတိမ်းရှောင်နေကြရလေသည်။

ထိုနှစ်မှာ ဝိပတ္တိခေတ်ကြီးအတွင်း ကြုံကြိုက်နေရသည့်နှစ်ဖြစ်သောကြောင့် စာပွဲတော်ကြီးနှစ်ပွဲ ကျင်းပ ပူဇော်ရေးအတွက် အစည်းအဝေးကို ညောင်ရွှေမြို့၌မကျင်းပနိုင်ပဲ ညောင်ရွှေနယ် အင်းလေးဒေသ ကျွန်းကြီးတိုက် (သန်း တောင် ဂိုဏ်း ထောက် ဆရာတော်၏) မင်းချောင်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရပေသည်၊ အစည်းအဝေးကျင်းပပြီးနောက် စာပွဲတော်ကြီးနှစ်ပွဲကျင်းပရေးအတွက် ညောင်ရွှေမြို့ သာသနာရေးဌာနရုံးတော်က ညောင်ရွှေနယ် ဟိန်း,ထမုန်,တိုက်နယ်သမာဓိလူကြီး ကျောင်းဦး ဘုရားဒကာတို့အား တိုက်တွန်းနှိုးဆော်သည့်စာတွင်....

"××၁၂၉၄–ခုနှစ်မှစ၍ မပျက်မကွက် နှစ်စဉ်ဆက်၍ ကျင်းပပြုလုပ်လာခဲ့သော ညောင်ရွှေမြို့ စာပြန်ပွဲတော်ကြီးမှာ သဒ္ဓါပညာနှစ်ဖြာရှိသူတို့၏ အားပေးကူညီမှုဖြင့် (၁၃) နှစ်တိုင်တိုင် ထမြောက်အောင်မြင်ခဲ့ပေပြီ၊ ဤသို့ကျင်းပပြုလုပ်လာခဲ့ကြသည့်အတွက် ငါတို့သာသနာတော်ကြီး၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် မြို့ရွာနယ်ပယ်၏ ကျက်သရေမင်္ဂလာတို့သည် အဘယ်မျှတိုးတက်ပွားစီးလာခဲ့ကြသည်ကိုလည်း စဉ်းစားမိသူတိုင်း အသိပင်ဖြစ်ပါကြောင်း၊

ၵင်းစာမေးပွဲတော်ကြီးကို အကြောင်းပြု၍ နေရာကောင်း နေရာမှန်၌ ထူးမြတ်မှန်ကန်သော ဒါနမျိုးစေ့ကို စိုက်ပျိုးချထားရပေပြီဟု တွေးမိသူတိုင်း ဝမ်းမြောက်ကြရလေသည်××"စသည်ဖြင့် ထည့်သွင်းနှိုးဆော်ခဲ့လေသည်။

ယင်းသည့်ကာလမျိုးမှာပင် ညောင်ရွှေမြို့ သာသနဒါယကာ မဟာရာဇာစော်ဘွားကြီးစဝ်ရွှေသိုက်သည် ဗုဒ္ဓမြတ်စွာသာသနာအပေါ်၌ တုန်လှုပ်ချောက်ချားမှုကင်းသည့် အစလသဒ္ဓါတရားကို ကြီးမား ခိုင်ခန့်စွာ ထားနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ပေသည်၊ အကြောင်းသော်ကား ယင်းသည့် အချိန်တွင် ညောင်ရွှေမြို့မှာစစ်ပြေးဂျပန်များရှိနေကြသေးသဖြင့်စာပြန်ပွဲတော်ကြီးကျင်းပရန်ကိုမဆိုထားဘိ၊ မည်သူမျှ မြို့ပေါ်သို့ခြေဦး မလှည့်ဝံ့ကြသေးပေ၊ ယင်းသို့ဖြင့် ဖက်ဆစ်ဂျပန်တို့၏ ဘေးအန္တရာယ်ကိုလည်း ရှောင်ရ လွှဲရ၊ မဟာမိတ်စစ်လေယာဉ်တို့၏အန္တရာယ်မှလည်း ပုန်းကြရ, အောင်းကြရနှင့် အသက်ဆံဖျား ပြေးလွှားနေကြရသည့် အခါသမယမျိုးပင် ဖြစ်သော်လည်း ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် (၁၁) ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီးနှင့် (၁၄) ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟ အာဂုမ် စာပြန်ပွဲတော်ကြီးကို မဆုတ်မနစ်သောဆန္ဒ, ထက်သန်သော ဝီရိယ, ကြံ့ခိုင်သော သမာဓိ, ရဲရင့်သော သူရသတ္တိတို့ဖြင့် မဖြစ်မနေ အောင်မြင်စွာ ကြီးမှူးကျင်းပနိုင်သောကြောင့် ဖြစ်ပေသတည်း။

ထို (၁၃၀၇-ခု) နှစ်တွင် ဝိနယာဒိနုဂ္ဂဟ စာမေး ပွဲတော်ကြီးကို ပထမဝါဆိုလဆန်း ၉-ရက်မှ ၁၅-ရက်နေ့အထိ၊ အာဂုမ်စာပြန်ပွဲတော်ကြီးကို ၵင်းလဆုတ် ၁-ရက်နေ့မှ ၅–ရက်နေ့အထိ ညောင်ရွှေမြို့နယ် အင်းလေးဒေသ မင်းချောင်းကျောင်းကြီး၌ ရွှေ့ပြောင်းကျင်းပခဲ့ရလေသည်။

စစ်အတွင်း ကာလတွင် ဆန် ဆီ ဆေး ဆားအစ လူသုံးကုန်ပစ္စည်းမှန်သမျှ ရှာမရလောက်အောင် ရှားပါးလှသည်မှာ ဓမ္မတာပင်ဖြစ်၏၊ သို့ရာတွင် စာပြန်ပွဲတော်ကြီးကျင်းပနေသည့်ကာလ ဝယ်သံဃာတော်အရှင်မြတ်တို့၏ဆွမ်း စသောပစ္စည်းလေးပါးတို့မှာမူ ရှားပါးမှုမရှိ ပေါများ ပြည့်စုံ လှပေသည်၊ ညောင်ရွှေနယ်ဆိုင်ရာ အရှေ့လက် နောင်ပါလုံ၊ အနောက်လက်ဟဲဟိုး သိကျစ် စသောဌာနပေါင်းစုံတို့မှရင်း၊ အင်းလေးဒေသ ဝဲ ယာ ကျေးရွာများမှရင်း၊ ပတ် ဝန်းကျင်တောင်ပေါ်ဒေသကျေးရွာများမှရင်း၊ စေတနာရှင်သဒ္ဓါရှင်ဒါယကာ ဒါယိကာမတို့သည် သံဃာတော်များအတွက် ဆွမ်းဆန်, အာလူး, ပဲ, ငြုတ် ကြက်သွန် စသောဆွမ်း ပစ္စည်းများအပြင် ဓမ္မပူဇာအလှူတော်များကိုလည်း ခက်ခဲသည့်ခရီးလမ်းပန်း အဆက်အသွယ်, ဘေးအန္တရာယ် အဝဝတို့အကြားမှ အသက်ကို ပမာဏမထားပဲ စွန့်စွန့်စားစား ထိုအရပ်သို့ သွားရောက်လှူဒါန်း ကြလေသည်။

"ကမ္ဘာမီးလောင်- သားကောင်ချနင်း" ဟူသော ဝိပတ္တိခေတ်ကြီးအ တွင်းမှာ စေတနာ သဒ္ဓါ ပညာနှင့် ဥစ္စာစနပင် ပြည့်ဝစုံလင်ပါသော်လည်း သူရသတ္တိပါယှဉ်တွဲ၍ဇွဲကောင်းလုံ့လ သမ္မာဝါယာမ ရှိကြသူတို့သာ အလှူဒါန အရာ၌ ရရှင့်နိုင်ကြပေသည်။

ယခုနှစ် စာပြန်ပွဲတော်ကြီး၌ အထက်ပါဂုဏ်အင်္ဂါနှင့် ပြည့်စုံကြသည့် ဆွမ်းခဲဖွယ် ဘောဇဉ် ဓမ္မပူဇာစသောစတုပစ္စယနှင့် သံဃာ့ဝေယျာဝစ္စပြုလုပ် ကြသည့်အလှူရှင်ဒါယကာ ဒါယိကာမများကို မှတ်တမ်းတင်အပ်ပေသည်။

၁၃၀၇– ခုနှစ်၊ ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ လှူဒါန်းကြသည့် ဆွမ်းဒါယကာ ဆွမ်းဒါယိကာမများ

၁။ ၁၃၀၇-ခု၊ ပထမဝါဆိုလန်း (၉) ရက်နေ့ (နံနက်ဆွမ်း၊ နေ့ဆွမ်း) မင်းချောင်းတိုက်၊ နွားဓမ္မတောင်ရွာ ဒကာ ဒကာမများ။

၂။ ၎င်း (၁၀) ရက်နေ့ (နံနက်ဆွမ်း- နေ့ဆွမ်း) မင်းချောင်းတိုက်၊ မင်း ချောင်းအနောက်ရွာ ဒကာ ဒကာမများနှင့် ဆင်ဝင်ဒကာမ ဒေါ် ကြွယ်။

၃။ ၎င်း (၁၁) ရက်နေ့ (နံနက်ဆွမ်း–နေ့ဆွမ်း) မင်းချောင်းတိုက်၊ မင်း ချောင်းအရှေ့ရွာ ဒကာ ဒကာမများ။

၄။ ငင်း (၁၂) ရက်နေ့ (နံနက်ဆွမ်း— နေ့ဆွမ်း၊) ကျွန်းကြီးတိုက်၊ ကျွန်းကြီးမြောက်ရွာ ဒကာ ဒကာမများနှင့် ကျောင်းဒကာကြွယ် ဒေါ်ရွှေအိမ်၊ ကျောင်းဒကာငြိမ်း- ဒေါ်ကြွယ်။

၅။ ငင်း (၁၃) ရက်နေ့၊ (နံနက်ဆွမ်း- နေ့ဆွမ်း) ညောင်ရွှေမြို့ပွဲစားဦးကိုင်း- ဒေါ်စောမြနှင့် ကျွန်းကြီးတိုက်၊ ကျွန်းကြီးတောင်ရွာ ဒကာ ဒကာမများ။

၆။ ငင်း (၁၄) ရက်နေ့၊ (နံနက်ဆွမ်း — နေ့ဆွမ်း) နှင့်

၇။ ငင်း (၁၅) ရက်နေ့၊ (နံနက်ဆွမ်း နေ့ဆွမ်း) မင်းချောင်းတိုက်၊ ထမုန်နှင့် သားသမီးများ။

**ဝိနယာဒိနဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး၌ လှူဒါန်းကြသည့်**

**ဆွမ်းဒါယကာ— ဆွမ်းဒါယိကာမများ**

၁။ ၁၃၀၇—ခုနှစ်၊ ပထမဝါဆိုလဆုတ် (၁)ရက်နေ့၊

အင်းလေးဒေသ၊ မြေနီကုန်းကျောင်း ဒကာ ဒကာမများ၊ ရေမဲပင်ကျောင်းဒကာ- ဒကာမများ၊ နံနက်ဆွမ်း- နေ့ဆွမ်း။

၂။ ငင်း (၂)ရက်နေ့၊
အင်းလေးဒေသ၊ ကြေးစားကုန်းမြောက်ရွာ ဒကာ ဒကာမများ၊ နံနက်ဆွမ်း- နေ့ဆွမ်း။

၃။ ငင်း (၃)ရက်နေ့၊

အင်းလေးဒေသ၊ မင်းချောင်းရွှေရွာ၊ ဒကာ ဒကာမများ နံနက်ဆွမ်း နေ့ဆွမ်း။

၄။ ငင်း (၄)ရက်နေ့၊

အင်းလေးဒေသ၊ ကျွန်းကြီးတောင်ရွာ၊ မြောက်ရွာ ဒကာ ဒကာမများနှင့် လင်းကင်း ထမုန် အမှူးရှိသော ရွာသူရွာသားများ၊ နံနက်ဆွမ်း— နေ့ဆွမ်း။

၅။ ငင်း (၅)ရက်နေ့၊
အင်းလေးဒေသ၊ မင်းချောင်းနောက်ရွာ၊ တိုက်ဒကာမ ဒေါ်ဖုံးနှင့် မင်းချောင်းနောက်ရွာ၊ ငင်းအသယ်ရွာ၊ နွားဓမ္မတောင်ရွာ၊ ပွဲစားကုန်း

တောင်ရွာ၊ ရှင်းလယ်ပြင်ရွာ၊ ကြေးစားကုန်း (ထက်+အောက်) ရွာ ဒကာ ဒကာမများ၊ နံနက်ဆွမ်း— နေ့ဆွမ်း။

ပထမ ဝါဆိုလဆန်း (၉)ရက်နေ့မှ စ၍ ဝါဆိုလဆုတ် (၅) ရက်နေ့ အထိ၊ (၁၂) ရက်တိုင် တိုင် ကျင်း ပ သော ဝိ န ယာ ဒိ နိ ဂ္ဂ ဟ စာမေးပွဲ တော်ကြီး, စာပြန်ပွဲတော်ကြီးသို့ ကြွရောက်ချီးမြှင့်တော် မူကြသည့် ဆရာ တော်များနှင့် သံဃာတော်တို့အား ညောင်ရွှေမဟာဒေဝီ သခင်မကြီးနှင့်သား တော်သမီးတော်တို့က ခဲဖွယ်များကို ကိုယ်တိုင်ပြုလုပ်၍ သာဟတ္ထိကမြောက် နေ့စဉ်ဆက်ကပ်လှူဒါန်း ကြလေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ မည်မျှဆိုးဝါးသော အခြေအနေမျိုးနှင့်ပင် ရင်ဆိုင်ရစေကာမူ မိမိတို့ယုံကြည် ကိုးကွယ်ကြသည့် ဗုဒ္ဓဘာသာ တရားတော်ကိုမူကား လေးစားယုံကြည်မှု မလျော့၊ အပြည့်အဝ ရှိကြလေသည်၊ "အသက်နှင့်ခန္ဓာကိုယ်ကိုပင် စွန့်လွှတ်ကြရစေကာမူ ဘာသာ တရားနှင့် သာသနာတော်ကိုမူကား မစွန့်" ဟူသောအစလသဒ္ဓါ, ဩကပ္ပနသဒ္ဓါတရား ကြီးမားခိုင်ခံ့ကြသည့် ဘာသာဝင်သူရဲကောင်းကြီးများအဖြစ်ကို ဤ ၁၃၀၇ ခုနှစ်၊ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီး နှစ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းက ထင်ရှားစေခဲ့ပေသည်။

ဤနှစ်ကျင်းပသည့်စာပွဲတော်ကြီး နှစ်ပွဲမှာ စစ်ဘေးစစ်အန္တရာယ်တို့အ ကြားဝယ်ခက်ခက်ခဲခဲ ငွေနဘဲကြီးစွာဖြင့် အသက်ဆံဖျား စွန့်စွန့်စားစားကျင်းပ ရသော စာပြန်ပွဲတော်ကြီး ဖြစ်ခြင်းကြောင့် စာပြန်ပွဲတော်ကြီး ချီတက်ရာခရီး တလျှောက်တွင် မေ့ပျောက်၍ မရနိုင်၊ ယှဉ်ပြိုင်ဒွန်တွဲ ခိုင်မြဲစွာစိုက်ထူခဲ့သည့် "သမိုင်းမှတ်တိုင်ကြီး နှစ်တိုင်" ပင်ဖြစ်တော့သတည်း။

**အာဒိကမ္မိက ဝိသေသ - ပထမကျော် ဆရာတော်**

၁၃၀၀– ပြည့်နှစ်၊ နယုန်လဆုတ် (၃) ရက်နေ့က အတည်ပြုပြဋ္ဌာန်း ခဲ့သည့် ဝိနယာဒိနိဂ္ဂဟာစာပြန်ပွဲတော်ကြီး၏ စည်းမျဉ်းဥပဒေပုဒ်မ (၃)တွင်—

> "ပထမကျော်တန်း အာဂုမ်ပြန်နှင့် ရှင်းအတန်း မေးဖြေ ပွဲနှစ်ပွဲ စလုံး အောင်မြင်သော ပုဂ္ဂိုလ်တို့ကို ဆရာတော်အဖြစ် အသိအမှတ် ပြု၍ ကိုးကွယ်ချီးမြှောက်တော် မူမည့်အပြင်၊ ရှင်းပုဂ္ဂိုလ်တို့၏ မိဘ အရင်းတို့ကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ် အခွန်တော် တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူရန်ကိုလည်း ပြဋ္ဌာန်းတော်မူသည်"

ဟူသော ပရိယတ္တိ သာသနာတော်ထမ်း ရဟန်းသာမဏေတို့အား အထူးချီး မြှောက်ရန် စည်းမျဉ်းဥပဒေတရကို ထည့်သွင်းပြဋ္ဌာန်းခဲ့သော်လည်း အကျော် တန်းဝယ် အာဂုမ်ပြန်ပွဲရော အမေးအဖြေပွဲပါ နှစ်ပွဲလုံး အောင်ပန်းကိုရ၍ "ဝိသေသ ပထမကျော်" ဟူသော ဂုဏ်ထူးကို ဆွတ်ခူးနိုင်သည့် ပုဂ္ဂိုလ်မှာ ၁၃၀၇- ခုနှစ် စာပြန်ပွဲတော်ကျမှ ပေါ်ထွက်လာပေသည်။

ယင်းပုဂ္ဂိုလ်ကျော်ကား ညောင်ရွှေနယ်၊ အင်းလေးဒေသ, သာလေး ရွာ သာလေးတောင်ကျောင်းမှ ဆရာတော် ဦးနေမိန္ဒာဘိဝံသ (မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ မွေးငရိယ)၏တပည့် သက်တော် (၂၄)နှစ်၊ သိက္ခာ (၅) ဝါရ ဦးကေဝိက အရှင်မြတ် ဖြစ်ပေသည်။

ဦးကေဝိက အရှင်သူမြတ်သည် ၁၃၀၅- ခုနှစ်က ညောင်ရွှေမြို့ ဝိန ယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ ပထမကျော်တန်းကို ဖြေဆိုအောင်မြင်တော် မူခဲ့ပြီးလျှင် ၁၃၀၇- ခုနှစ်၊ စာပြန်ပွဲတော်ကြီး၌ ပထမကျော်တန်းကိုပြန်ဆို အောင်မြင် တော်မူကြောင်းလက်နက်ကိုင်စွဲ စစ်ဆင်နွှဲရာ စစ်မြေပြင်ဝယ်အောင်ပွဲ ရ သူရဲကောင်းစစ်သူကြီးကဲ့သို့ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပွဲတော် ကြီးနှစ်ပွဲ၏ ဖြစ်ပေါ်တုံးတက်မှု သမိုင်းတွင် ပထမကျော်တန်း အာဂုမ်ပြန် နှင့် ရေးဖြေ ဟူသော နှစ်ပွဲလုံး၌ ရှေးဦးအစ ပထမဆုံးအတန်းကုန် ကျမ်းစုံ အောင်မြင်တော်မူသော "အာဒိတမ္ပိက ဝိသေသပထမကျော်အောင်" ပုဂ္ဂိုလ် ထူး ပုဂ္ဂိုလ်ချွန် သာသနာ့အာဇာနည်တပါး ဖြစ်တော်မူပေသတည်း။

ယင်းသို့ဖြစ်၍ ဦးကေဝိကအရှင်သူမြတ်သည် ၁၃၀၀- ပြည့်နှစ်ဝိနယာ- ဒိနုဂ္ဂဟ ပြဋ္ဌာန်းချက် စည်းမျဉ်းဥပဒေပုဒ်မ (၃)နှင့်ညီညွတ်ကြောင်း- ညောင် ရွှေမြို့ သာသနာပြု သာသနဒါယကာ စကားတော်စော်ဘွားကြီး စဝ်ရွှေ သိုက်၏ "ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်မှုကို ခံယူရရှိတော် မူပေသည်။

ဦးကေဝိက အရှင်သူမြတ်၏ ဓိဘအရင်းများဖြစ်ကြသော ညောင်ရွှေ နယ်၊အင်းလေးဒေသ ဟဲယားရွာမ ရှေ့ရပ်ငယ်နေ ဘုရားဒကာ ဦးထွန်းစံ,ဘုရား အမဒေါ်ချိန် တို့သည်လည်း ထမ်းဆောင်မြဲဖြစ်သော အိမ်ခွန်တော်နှင့်(၁၂) တဆယ့်နှစ်မှု မင်းတိုင်းမှ လွတ်ငြိမ်းချမ်းသာခွင့် ရကြလေသည်။

တဆယ့်နှစ်မှ မင်းတိုင်းလွတ်ငြိမ်း ချမ်းသာခွင့်လက်မှတ်

ဝိသေသ ပထမကျော်အောင်ပန်းကို ဆင်မြန်းရရှိတော်မူပြီးသော သာသနာ့အာဇာနည်ဦးကရဝိက အရှင်သူမြတ်၏မိဘအရင်းတို့အား ညောင်ရွှေ စော်ဘွားကြီး စပ်ရွှေသိုက်က ချီးမြှင့်တော်မူအပ်သော ၁၂-မှု မင်းတိုင်းလွတ် ငြိမ်းချမ်းသာခွင့်လက်မှတ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၁၃၀၇-ခုနှစ်
ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ပထမပြန်ပွဲတော်၌
ဝိသေသပထမကျော်အောင် ပုဂ္ဂိုလ်၏
မိဘတို့အားချီးမြှင့်တော်မူသော

## ချမ်းသာခွင့်လက်မှတ်

နေ့စွဲ။ ။ ၁၃၀၇-ခု၊ ပထမဝါဆိုလဆုတ် (၅)ရက်နေ့။

ညောင်ရွှေမြို့ဝိနယာဒိနုဂ္ဂဟပထမပြန်စာလျှောက်မေးပွဲတော်နှင့် အာဂုမ်ပြန်ပွဲတော် (၂)ပွဲစလုံး၌ "ဝိသေသ ပထမကျော်တန်း"အထိ၊ အောင်မြင်တော်မူသောကြောင့် ၁၃၀၇-ခု၊ ပထမဝါဆိုလဆုတ် (၅) ရက်နေ့မှအစပြု၍ ကျွန်ုပ်၏ဆရာတော်အဖြစ် အသိအမှတ်ပြုလျက် ကိုးကွယ်ခြင်းကို ခံယူတော်မူရသော အသက် (၂၄)နှစ်၊ သိက္ခာ (၅)ဝါရ အရှင် ဦးကရဝိကပုဂ္ဂိုလ် သူမြတ်၏ မိဘနှစ်ပါးဖြစ်သော ဟဲသာရွာမ ရွေရပ်ငယ်နေ ဘုရားဒကာစံနှင့် ဘုရားအမ ဒေါ်ချိန်တို့အား သာသနာတော်စောင့် သာကောင်းသားမြတ် တပါး၏ မိခင်ဖခင် အရင်းအချာများ ဖြစ်ကြသည့်အတိုင်း ၎င်းတို့ ထမ်းဆောင်မြဲဖြစ်သော အိမ်ခွန်တော်နှင့် ၁၂-မှု မင်းတိုင်းလွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူသည်။

(ပုံ) စဝ်ရွှေသိုက်
သာသနာပြု သာသနဒါယကာ တကာတော်
စော်ဘွားကြီး
(၂၉၊၆၊၄၅) ညောင်ရွှေမြို့

၁၃၀၇–ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး၏ ဘေးအန္တရာယ်အသွယ်သွယ်တို့အကြား ဆိုးဝါးလှသည့်ခေတ်, အစစအရာရာ ရှားပါးလှသည့် အခါသမယ, ဆုတ်ယုတ်ပျက်ပြားနေသည့် စီးပွားရေးအခြေအနေ စားဝတ်နေရေးဟူသော လူ့ဘဝအဆင့်အတန်းများ သုညအခြေထိအောင် ကျဆင်းနေသည့် ကာလပင်ဖြစ်သော်လည်း "မီးပုံထဲမှ ပဒုမ္မာရွှေကြာပန်း ပွင့်ထွန်း ပေါ်ပေါက်လာဘိသကဲ့သို့ "ဗုဒ္ဓမြတ်စွာ သာသနာရေးဘက်တွင် အားတက်ဖွယ်ရာ ဝမ်းမြောက်ဖွယ်ရာ တိုးတက်လာသော ကောင်းကွက်များကို မြင်တွေ့ကြရသဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့မှာ "အရှုံးထဲမှ အမြတ်" ဟု တွက်ကာ ဆင်းရဲခဲ့သမျှ အတိုးချ၍ ဖြေသိမ့်နိုင်ခဲ့ကြပေသည်။

ထိုနှစ်မှာ ညောင်ရွှေမြို့ ဝိနယာဒိန္နဂုဟ စာပွဲတော်ကြီးနှစ်ပွဲ၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းတွင် အမြင့်ဆုံးစံချိန်ဖြစ်သော "အာဒိကမ္မိကဝိသေသ ပထမကျော်" သာသနာ့အာဇာနည် ဆရာတော်တပါး ထူးထူးခြားခြား ထွန်းကားပေါ်ပေါက်လာမှုသည်ကား "အရှုံးထဲမှ အမြတ်အဖြစ်" ကြီးကျယ်ထင်ရှားသော သာဓကတခုပင် ဖြစ်ပေတော့သတည်း။

ဤနှစ် စာပွဲတော်ကြီးနှစ်ပွဲကို ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီး ခေတ်ဆိုး ခေတ်ပျက်ကြီးအတွင်း ပြေးရင်းလွှားရင်း မှုရင်းဌာနမှ အခြားဒေသ၌ ကျင်းပခဲ့ရသောကြောင့် ဤနေရာတွင် ခေတ်ဆိုး ခေတ်ပျက်ကြီးနှင့်အတူ ဤသမိုင်း ပထမပိုင်းကို တခန်းရပ်၍ အတိတ်၏ကဏ္ဍတခုအဖြစ် ထားရစ်ခဲ့ရန် သင့်ပေသည်၊ သို့သော်လည်း လာမည့် ၁၃၀၉–ခုနှစ်မှစ၍ ခေတ်သစ်အစတွင် စာပြန်ပွဲတော်ကြီး၏ အဆင့်အတန်းများ၊ ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းကမ်းဥပဒေများကို အသစ်ပြုပြင်ပြောင်းလဲ၍ ပြဋ္ဌာန်းရည်ဖြစ်သောကြောင့်လည်းကောင်း၊ ခေတ်ဆိုး ခေတ်ပျက်ကြီးအတွင်း ဝမ်းနည်းဖွယ်ရာများနှင့်အတူ တခန်းရပ်ထားလိုခြင်းထက် ယင်းတို့ကိုကျော်လွန်၍ ခေတ်ကောင်း ခေတ်သစ်၏အစတွင် ဝမ်းမြောက်ဝမ်းသာ ပီတိပါမောဇ္ဇ ဝေဝေဆာဆာဖြင့် တခန်းရပ်လိုသောကြောင့်လည်းကောင်း၊ ၁၃၀၈-ခုနှစ်၊ စာပြန်ပွဲတော်ကြီးအပြီးတွင်မှ ဤ ဝိနယာဒိန္နဂုဟ စာပြန်ပွဲတော်ကြီးသမိုင်း ပထမပိုင်းကို တခန်းရပ်လိုပေသည်။

**ခေတ်သစ်အစ ပထမ သံဃာ့အစည်းအဝေးကြီး**

ကောဇာသက္ကရာဇ် ၁၃၀၇–ခု (၁၉၄၅–ခု)နှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ၁၃၀၈-ခု (၁၉၄၆–ခု) နှစ်မှာ ခေတ်သစ်၏အစဖြစ်ပေသည်၊

ထိုနှစ် ခေတ်သစ်အာ နယုန်လဘွင် ကျင်းပမြဲဖြစ်သော "ညောင်ရွှေမှို ဒိနယာ ဒိနုဂ္ဂဟ စာပွဲတော်ကြီး" နှစ်ပွဲကို ကျင်းပရန် ကဆုန်လဆန်း (၈)ရက်နေ့ ကပင် ကြိုတင်၍ ညောင်ရွှေမြို့ အဋ္ဌဒိသာ စမ္မဝိဟာရ ဒေသစာရီကျောင်းတော် ကြီး၌ သံဃာ့အစည်းအဝေးကြီးတရပ်ကို ကျင်းပခဲ့ပါသည်။

ထိုသံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်ချီးမြှောက်တော် မူကြသည့် ဆရာတော်များမှာ—

ဥက္ကဋ္ဌဆရာတော် (၂) ပါး

၁။ ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ လင်းကင်းဆရာတော် ဦးကောလာသ။

၂။ ညောင်ရွှေနယ်၊ ရွှေခွားဆရာတော် ဦးဝါယမ။

နာယကဆရာတော် (၂) ပါး

၃။ ညောင်ရွှေမြို့မ၊ ရွှေဂူဆရာတော် ဦးအာစရ။

၄။ ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ ဟဲယာရွာမကျောင်းနီကျောင်း ဆရာတော် ဦးသောဘိတ။

အကျိုးတော်ဆောင် ဆရာတော် (၇) ပါး

၅။ ညောင်ရွှေနယ်၊ သလဲဦးခဲ့ခြမ်းဆရာတော် ဦးဘေဇဝန္တ။

၆။ ညောင်ရွှေမြို့မ၊ လှိုင်ကြူဆရာတော် ဦးဝိမလ။

၇။ ညောင်ရွှေနယ်၊ လင်းကင်းကျောင်း ရဟန်းတော် ဦးသကျဝံသ၊

၈။ ။ သာလေးဘောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသ။

၉။ ။ သာလေးမြောက်ကျောင်း ဆရာတော် ဦးသီလာစာရ။

၁၀။ ။ အင်းခြံ သဒ္ဓမ္မာလင်္ကာရဆရာတော် ဦးပဏ္ဍာဘိဝံသ။

၁၁။ ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်း ရဟန်းတော် ဦးကေသရ။

## အတိုင်ပင်ခံ ဆရာတော် (၅) ပါး

၁၂။ ညောင်ရွှေနယ်၊ မိုင်းသေးကိုဏ်းထောက် ကျောက်နီတောရ ဆရာတော် ဦးဒေဝိန္ဒ။

၁၃။ ညောင်ရွှေနယ်၊ သန်းတောင်ဂိုဏ်းထောက်၊ မင်းချောင်းကျောင်း ဆရာတော် ဦးသိဿမ။

၁၄။ ညောင်ရွှေနယ်၊ နမ့်ပန်ဂိုဏ်းထောက်၊ အင်းပေါ့ခုံကျောင်း ဆရာတော် ဦးသူရိယ။

၁၅။ ညောင်ရွှေနယ်၊ မိုင်းပျိုးဂိုဏ်းထောက်၊ မိုင်းပျိုး ထေမကျောင်း ဆရာတော် ဦးပဏ္ဍိတ။

၁၆။ ညောင်ရွှေနယ်၊ တောင်တိုဂိုဏ်းထောက်၊ တောင်တိုရေလယ်ကျောင်း ဆရာတော်။

## စည်းမျဉ်း ကော်မတီဝင် ဆရာတော် (၃) ပါး

၁၇။ ညောင်ရွှေနယ်၊ အင်းလေး၊ ကျိုင်းခန်းတောင်ကျောင်း ဆရာတော် ဦးတေဇဝန္တ။

၁၈။ ညောင်ရွှေနယ်၊ ကြေးစားကုန်းကျောင်းဆရာတော်ဦးပဏ္ဍိတာဓေ။

၁၉။ ညောင်ရွှေနယ်၊ နမ့်ပန်မြောက်ကျောင်း ဆရာတော်ဦးကေလာသ ပေါင်း (၁၉) ပါး ဖြစ်ပေသည်။

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် အမျိုးရှိသော ဌာန ဆိုင် ရာအကြီးအကဲများ၊ ညောင်ရွှေမြို့မ ရှစ်ရပ်ကွက်လူကြီးများ၊ ကျေးရွာ လူကြီးများ၊ ကျောင်းဦးဘုရားဒကာများ၊ ကုန်သည်ပွဲစားများလည်း ယင်းအစည်းအဝေးကြီး၌ ပါဝင်ကြပေသည်။

ယင်းအစည်းအဝေးကြီး၌ မဟာဒါန်ဝန် ဦးထွန်းလှိုင်က–

''မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကြီး မပျောက်မပျက် မတိမ်းမစောင်းပဲ ရှည်ကြာမြင့်စွာ တည်တံ့စိမ့်သောငှာ ညောင်ရွှေ မြို့ သာသနာပြု သာသန ဒါယကာ မဟာရာဇာ စော်ဘွားကြီးနှင့် ဥက္ကဋ္ဌ,နာယက,အကျိုးတော်ဆောင်,အတိုင်ပင်ခံ စသောဆရာတော် သံဃာတော် အပေါင်းတို့သည် သောတုဇနဲ့ စာ သင် သားတို့အား

ပရိယတ္တိ သဒ္ဓမ္မဌ္ဌိ အခြေပါဒ ရကြစေရန် ရည်သန်တော် မူကြလျက် ၁၂၉၄-ခုနှစ်မှအစပြု၍ ဝိနယာဒိနုဂ္ဂဟသမအာဂုမ် စာပြန်ပွဲတော်ကြီးကို ကျင်းပတော်မူခဲ့ကြရာ ၁၄-နှစ်တိုင်တိုင် ၁၄-ကြိမ်တိတိ ပြီးစီးအောင်မြင်ခဲ့ပါပြီ။

ယခု ၁၃၀၈-ခုနှစ်၊ နယုန်လတွင်သည်း ညောင်ရွှေစော်ဘွားကြီးအမှူးရှိသော မြို့သူမြို့သား, နယ်သူနယ်သား အပေါင်းတို့ သည် (၁၂) ကြိမ်မြောက်ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီးနှင့် (၁၅)ကြိမ်မြောက် အာဂုမ် စာပြန်ပွဲတော်ကြီးနှစ်ပွဲကို ဆက်လက်ကျင်းပလိုကြပါသောကြောင့် စာပွဲတော်ကြီးမကျင်းပမီ ဆရာတော်ဘုရားများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆရာတော်ဘုရားများ၏ အဆုံးအမ ဩဝါဒနှင့် ညွှန်ကြားတော်မူချက်များကို ခံယူလိုပါကြောင်း” စသည်ဖြင့် သံဃာတော်ဘိုအား လျှောက်ထားခဲ့လေသည်။

ထိုအစည်းအဝေးကြီးမှ အောက်ပါဆုံးဖြတ်ချက်များကို အားလုံးသဘောတူ ချမှတ်တော်မူခဲ့ကြလေသည်။

၁။ ၁၃၀၈—ခုနှစ် (၁၂) ကြိမ်မြောက် ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီးကို နယုန်လဆန်း (၉) ရက်နေ့မှ ဝှင်းလဆန်း (၁၄) ရက်နေ့အထိလည်းကောင်း (၁၅) ကြိမ်မြောက်အာဂုမ်စာပြန်ပွဲတော်ကြီးကိုနယုန် လပြည့်ကျော် ၁-ရက်နေ့မှ ၅—ရက်နေ့အထိ လည်းကောင်း ကျင်းပရန်။

၂။ စာမေးပွဲတော်ကြီးကို ညောင်ရွှေမြို့ သဒ္ဓမ္မဋ္ဌိတိ ဓမ္မသိမ်တော်ကြီး၌ ကျင်းပ၍ ထိုစာမေးပွဲတော်ကြီးကို ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်ဆရာတော်များနှင့် ဦးကရဝိက စသော ဆရာတော်တို့က ကြီးကြပ်တော်မူကြရန်။

၃။ အောက်ပါဆရာတော်များကို ပုစ္ဆကဆရာတော်များအဖြစ် ဤသံဃာ့အစည်းအဝေးကြီးက ရွေးချယ်တော်မူသည်။

၁။ ဟဲယာရွာမ ကျောင်းနီကျောင်း ရဟန်းတော် ဦးမေဓာဝီ။
၂။ ညောင်ရွှေမြို့မ လှိုင်ကြူကျောင်း ရဟန်းတော် ဦးမေဓိယာဓ။
၃။ အင်းခြံရွာ သဒ္ဓမ္မာလင်္ကာရကျောင်း ဆရာတော် ဦးပဏ္ဍာဝါဘိဝံသ။
၄။ ။ ။ ရဟန်းတော် ဦးသူရိယ။
၅ ။ ဟဲယာရွာမ ကျောင်းနီကျောင်းရဟန်းတော် ဦးကာရဝိက။

၆။ အင်းလျှားကျောင်း ရဟန်းတော် ဦးကဝိန္ဒ။

၇။ သာလေးတောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသ။

၈။ သာလေးမြောက်ကျောင်း ဆရာတော် ဦးသီလာစာရ။

၉။ ညောင်ရွှေမြို့မ ရွှေဂူကျောင်း ရဟန်းတော် ဦးကဝိန္ဒ။

၁၀။ ။ ။ ။ ဦးကေသရ။

၄။ ပုဏ္ဏကဆရာတော်များကို ၁၃၀၈—ခုနှစ် နယုန်လဆန်း (၇)ရက်နေ့ ညောင်ရွှေမြို့သို့ အရောက်ပင့်ဆောင်ရန်။

အထက်ပါ အစည်းအဝေး ဆုံးဖြတ်ချက်များအပြင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏အမိန့်အရ မဟာဒါန်ဝန်မင်း ဦးထွန်းလှိုင်က မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် ရမည်းသင်းကျောင်းရဟန်းတော် ဦးဝိမလာဘိဝံသ (ယခု ကန်ကြီးဆရာတော်) ကိုလည်း ဝိနယာဒိ နဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ၌ လွန်ခဲ့သော နှစ်များကကဲ့သို့ ပါဝင်ကူညီဆောင်ရွက်တော်မူရန် ၁၃၀၈—ခုနှစ် နယုန်လဆန်း ၇-ရက်နေ့ ညောင်ရွှေမြို့သို့အရောက် ပင့်လျှောက်ခဲ့လေသည်။

ထိုနည်းအတူ အင်းလေးဒေသ၊ ငါးဖယ်ချောင်းကျောင်း၌ (ခေတ္တ) သီတင်းသုံးနေတော်မူသော လားရှိုးမြို့ ရှမ်းရိုးမ ဂဏသမူဟ သံဃာအဖွဲ့ချုပ် မဟာနာယကဆရာတော်ဘုရားကြီးကိုလည်း နယုန်လဆန်း ၁၄-ရက်နေ့အတွင်း ညောင်ရွှေမြို့သို့ ကြွရောက်၍ ဝိနယာဒိနဂ္ဂဟ စာပြန်ပွဲတော်ကြီးကို ချီးမြှောက်တော်မူပါရန် မဟာဒါန်ဝန်မင်းက ပင့်လျှောက်ခဲ့ပေသည်။

## ညောင်ရွှေစော်ဘွားကြီး၏ သမ္မောဒနီယစကား။

အထက်ပါ စည်းဝေး ဆုံးဖြတ်ချက်များအရ ၁၃၀၈—ခုနှစ် နယုန်လဆန်း ၉—ရက်နေ့မှ ၎င်းလဆန်း ၁၄—ရက်နေ့အထိ (၁၂) ကြိမ်မြောက် ဝိနယာဒိနဂ္ဂဟ စာမေးပွဲတော်ကြီးကိုကျင်းပပြီးလျှင် ယင်းနယုန်လဆန်း(၁၅) ရက် (လပြည့်) ည မဟာသမယအခါတော်နှင့် ဝိနယာဒိနဂ္ဂဟသံဃာ့အစည်းအဝေးကြီးတွင် သာသနာပြု သာသနဒါယကာ မဟာရာဇာ စော်ဘွားကြီး စဝ်ရွှေသိုက်က—

''လွန်ခဲ့သော ၁၃၀၇- ခုနှစ်က စစ်လေယာဉ်ပျံများ အောက်မှာ ဝိနယာဒိ နဂ္ဂဟ စာ ပွဲ တော် ကြီး နှစ် ပွဲ ကို မပျက်မ ကွက်

ခေပဲ အင်းလေးဒေသ၊ မင်းချောင်း ကျောင်း သို့ ရွှေ့ ပြောင်း ၍ ကျင်းပခဲ့သော ပြုနိုင်ခဲ့သောအမှုကို ပြုလုပ်ခဲ့ရသဖြင့် လည်းကောင်း၊ ရဟန်းရှင်လူအပေါင်းတို့ ဘေးအန္တရာယ်များမှ လွတ်ကင်းခဲ့ကြရသဖြင့် လည်းကောင်း၊ ဘုရားတပည့်တော် အလွန်ပင် နှစ်သောင်းအားရ ဝမ်းမြောက်လှပါသည်ဘုရား။

ထို့ပြင် ယခုနှစ် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသို့ ဝင်ရောက်ပြန်+ဖြေတော်မူကြသည့် သံဃာတော်များအနက် သာမဏေထက် ရဟန်းတော်က ပိုမိုများပြားလာသည်ကို တွေ့ရပါသည်၊ ဤကဲ့သို့ ရဟန်းတော်များက ပိုမိုတိုးတက်များပြားလာခြင်းမှာ သာသနာတော်ကြီး မြဲမြံခိုင်ခံ့ တည့်တံ့လာကြောင်း ထင်ရှားပါသည်ဘုရား”

ဟု ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ခဲခဲယဉ်းယဉ်း ကျင်းပခဲ့ရသော စာပြန်ပွဲတော်ကြီးနှစ်ပွဲ ဘေးမသိ ရန်မခ အောင်မြင်စွာ ပြီးစီးခဲ့ရသောကြောင့်လည်းကောင်း၊ စာပြန်ပွဲတော်ဝင် ရဟန်းတော်များ တိုးတက်များပြားလာသောကြောင့်လည်းကောင်း သမ္မောဒနီယ ဥဒါန်းစကားကို ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခဲ့လေသည်။

ထို့မှတပါး သံဃာတော်များနှင့် ဆက်ဆံရေးတွင် ဆရာဒကာအဖြစ် ဆက်ဆံရရုံမျှဖြင့် အားမရ၊ တင်းမတိမ်နိုင်သေးပဲ ပိုမိုရင်းနှီးနီးကပ်၍ အကျွမ်းတဝင် ဆက်ဆံလိုလှသောကြောင့် အောက်ပါစကားကိုလည်း လျှောက်ထားခဲ့လေသည်။

“ဘုရားတပည့်တော် အထူးလျှောက်ထား တောင်းပန်လိုသည်မှာ ယခုအခါ တပည့်တော်အား သာသန ဒါယကာဟု မှတ်ယူတော်မမူပဲ ဆရာတော် သံဃာတော်တို့၏ “ကပ္ပိယကာရက”ဟု မှတ်ယူတော်မူပါရန် ရိုသေစွာ လျှောက်ထားခဲ့ပါသည် ဘုရား”

ယင်းသို့ သာရဏီယစကားကို လျှောက်ထားခြင်းဖြင့် ညောင်ရွှေစော်ဘွားကြီး စင်ရှိသိုက်သည် သာသနဒါယကာ အမည်ခံ၍ လေးစားမှုကို ရယူလိုခြင်းထက် ကပ္ပိယကာရက အမည်ခံကာ ဆရာတော် သံဃာတော်တို့အား ရင်းရင်းနှီးနှီးနီးနီးစပ်စပ် ဆည်းကပ်လုပ်ကျွေးလိုသော သံဃပဋ္ဌက ကုသလစ္ဆန္ဒရှိ၍ ဂါရဝနိဝါတမင်္ဂလာနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားပေသည်။

၁၃၀၉-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှစ်ပွဲနှင့် ပတ်သက်၍လည်း အောက်ပါစကားကို ဆက်လက်၍ လျှောက်ထားခဲ့လေသည်။

> "လာမည့် ၁၃၀၉-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှစ်ပွဲအတွက် အသစ်ပြုပြင်ပြဋ္ဌာန်းမည့် ပြဋ္ဌာန်းချက် ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေများကို သံဃာတော်များ မျက်မှောက်မှာ ဖတ်လျှောက်အတည်ပြုပြီး ပုံနှိပ်လှူဒါန်းပါမည်ဘုရား....."။

**ခေတ်သစ်အစ ဝိသေသပထမကျော်။**

၁၃၀၈—ခုနှစ် ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်အောင် သံဃာတို့အား အောင်လက်မှတ်ထဲ၌ **အောက်ပါအတိုင်း** အဘန်းလိုက် ဂုဏ်ထူးဘွဲ့ထူးအမည်များကို ထည့်သွင်း၍ ချီးမြှင့်တော်မူခဲ့သည်။

| | | |
|---|---|---|
| ၁။ | အငယ်တန်း | ပရိယတ္တိသာသနမာမကဘွဲ့။ |
| ၂။ | အငယ်(ထက်×အောက်) | ပရိယတ္တိသာသနမာမကဘွဲ့။ |
| ၃။ | အလတ်(ထက်×အောက်) | ပရိယတ္တိသာသနပါလကဘွဲ့။ |
| ၄။ | အကြီး(ထက်×အောက်) | ပရိယတ္တိသာသနရက္ခိတဘွဲ့။ |
| ၅။ | အကျော်တန်း | ပရိယတ္တိသာသန ဝေပုလ္လဘွဲ့။ |

ဤနှစ် ၁၂—ကြိမ်မြောက် စာမေးပွဲတော်ကြီး၌သံဃာတော် ၂၇—ပါး၊ ၁၅-ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီး၌ သံဃာတော် ၁၄၂—ပါး၊ နှစ်ရပ်ပေါင်း သံဃာတော် ၁၆၉-ပါး ဝင်ရောက်ရေးဖြေ ပြန်ဆိုစော် မူကြရာ စာမေးပွဲတော်ကြီး၌ ၂၁-ပါး၊ အာဂုမ် စာပြန်ပွဲတော်ကြီး၌ ၁၂၈- ပါးတို့ ဝိဇယအောင်ပန်းကို ဆွတ်ခူးဆင်မြန်းတော်မူကြလေသည်။

ယင်းတို့တွင် "ဝိသေသ ပထမကျော်" ဟူသော အောင်ပန်းမကိုဋ်ရတနာကို ဆင်မြန်းတော်မူလျက် ဝိသိဋ္ဌာဘိသေက ဝိဇယမင်္ဂလာ သဘင်ကို ဆင်ယင်တော်မူရသည့် သာသနာ့အာဇာနည် ရဟန်းတော် တပါးလည်း ထူးခြားစွာပါဝင်တော်မူလေသည်။

ယင်းပုဂ္ဂိုလ်ကျော်ကား—ညောင်ရွှေနယ် အင်းလေးဒေသ အင်းခြံ့ရွာ သဒ္ဓမ္မာလင်္ကာရကျောင်းမှ ဆရာတော် အရှင်ပဏ္ဍဝါဘိဝံသ၏တပည့် သက်တော် (၂၇) နှစ်၊ ဝါတော် (၈) ဝါရ ဦးအာစရ အရှင်သူမြတ် ဖြစ်ပေသည်။

ဦးအာစရ အရှင်သူမြတ်သည် ၁၃၀၇-ခုနှစ် ညောင်ရွှေမြို့ ဝိနယာဒိ နိဂ္ဂဟ စာမေးပွဲတော်ကြီး၌ "ပထမကျော်တန်း"ကို ဖြေဆို၍ အောင်မြင်တော်မူခဲ့ပြီးလျှင် ၁၃၀၈-ခုနှစ် စာပြန်ပွဲတော်ကြီး၌ "ပထမကျော် တန်း"ကို ပြန်ဆိုအောင်မြင်တော်မူရကား၊ ဘော်သစ်အစတွင် "ပွင့်သစ်စ ရွှေပဒုမ်ကဲ့သို့" ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ၏ သတ်မှတ်ပြဋ္ဌာန်းချက် အတန်းကုန်, ကျမ်းဂုဏ်အောင်မြင်တော်မူသော "ဒုတိယ ဝိသေသ-ပထမကျော် သာသနာ့ အာစာရိယ အရှင်မွန်ဘွဲ့ပါးဖြစ်ပေသည်၊

ယင်းသို့ဖြင့် ဦးအာစရ အရှင်သူမြတ်သည် ၁၃၀၁-ခုနှစ် ဝိနယာဒိ နိဂ္ဂဟ စည်းမျဉ်းဥပဒေပုဒ်မ(၃)နှင့်ညီညွတ်ရကား-ညောင်ရွှေမြို့ သာသနာပြု သာသနဒါယကာ မဟာရာဇာခေါ်ဘွားကြီးစဝ်ရွှေသိုက်၏"ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်မှုကို ခံယူရရှိတော်မူလေသတည်း။

ဦးအာစရ အရှင်သူမြတ်၏ မိဘအရင်းများဖြစ်သော ညောင်ရွှေနယ် အင်းလေးဒေသ၊ ဟဲယာရွာမရေ့ရပ်ငယ်နေ ကျောင်းဒကာ ဦးဘိုးလုံး, ကျောင်းအမ ဒေါ်အိုက်ိုသည်လည်း ထမ်းဆောင်မြဲဖြစ်သော အိမ်ခွန်တော်နှင့် ၁၂- မှူမင်းတိုင်းမှ လွတ်ငြိမ်းချမ်းသာခွင့် ရကြလေသည်။

ဤသို့လျှင် ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ အာဒိကမ္မိက ဝိသေသပထမကျော် ဆရာတော် ဦးအရိယ အရှင်သူမြတ်သည်လည်းကောင်း၊ ဝိနယာဒိ နိဂ္ဂဟ ဒုတိယဝိသေသ ပထမကျော် ဆရာတော်ဦးအာစရ အရှင်သူမြတ်သည် လည်းကောင်း၊ ရွှေနှင့်မြတို့သည် ကမ္ဘာ၏အမြတ်ရတနာ, လူတို့၏အလှတန်ဆာများဖြစ်ကြဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်၏ အမြတ်ရတနာ, ဝိနယာဒိ နိဂ္ဂဟစာပြန်ပွဲတော်ကြီး၏ အလှတန်ဆာများဖြစ်ကြသည့်အပြင် ခေတ်ဟောင်း၏ အဆုံးနှင့် ခေတ်သစ်၏ အစကို နယ်ခြားသတ်မှတ်ပြဘိသကဲ့သို့ သမိုင်းကဏ္ဍ တနေရာစီဝယ် ရှေ့နောက်စဉ်ကာ ခိုင်ခံ့စွာ စိုက်ထူအပ်သော ကျက်သရေမင်္ဂလာရှိလှသည့် "မှတ်တိုင်ကြီး နှစ်တိုင်ပင်" ဖြစ်ပေတော့သတည်း။

**စာပြန်ပွဲတော်ကြီး ရန်ပုံငွေ အလှူရှင်များ**

၁၃၀၈-ခုနှစ်၊ ညောင်ရွှေမြို့ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးကျင်းပနေသည့်အချိန်တွင် ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ အင်းပေါ့ခုံရွာ အလယ်ရပ်နေ ကျောင်းအမ ဒေါ်ဥနှင့် သမီးမသဲနဲ့ သားမြေးတစုတို့က ပရိယတ္တိ စာပြန်ပွဲတော်ကြီးအတွက် ငွေပင် ငွေရင်း ၆၀၀/ (ခြောက်ရာကျပ်)ကို ထည့်ဝင်လှူဒါန်းခဲ့ပေသည်။

## တဆယ့်ငါးနှစ်တာ ကာလကြာသော်

ဤနေရာ၌ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုံမ်စာပြန်ပွဲတော်ကြီးကို စတင်ကျင်းပခဲ့သော (၁၂၉၄) ခုနှစ်မှ (၁၃၀၈) ခုနှစ်အထိ၊ (၁၅) တဆယ့်ငါးနှစ်တာကာလအတွင်း နှစ်စဉ် စာဖြေသံဃာ, စာပြန်သံဃာ, ဥက္ကဋ္ဌ, နာယက, အကျိုးတော်ဆောင်, ပုစ္ဆာ, စာဆောက် စာမ, အတိုင်ပင်ခံ, တပည့်အုပ်, ဝေယျာဝစ္စကရ-စသော သံဃာတော်တို့၏ စာရင်းအချုပ်ကို ဇယားလုပ်၍ ဖော်ပြအပ်ပေသည်။

### စာပြန်ပွဲတော်ကြီး (၁၅) နှစ်တာ သံဃာဇယားချုပ်

| အမှတ်စဉ် | သက္ကရာဇ် | ဖြေ (အကြိမ်) | ပြန် (အကြိမ်) | ဖြေသံဃာ | ပြန်သံဃာ | နှစ်ရပ်ပေါင်း | ဥက္ကဋ္ဌစသည် | စုစုပေါင်းသံဃာ | အကြောင်းအထူး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၂၉၄ | × | ၁ | × | ၉၈ | × | ၁၀၀ | ၁၉၈ | |
| ၂ | ၁၂၉၅ | × | ၂ | × | ၄၀၃ | × | ၂၀၀ | ၆၀၃ | အတန်းပြင် |
| ၃ | ၁၂၉၆ | × | ၃ | × | ၃၃၄ | × | ၁၅၇ | ၄၇၁ | |
| ၄ | ၁၂၉၇ | ၁ | ၄ | ၁၃ | ၃၇၆ | ၃၈၉ | ၁၀၀ | ၄၈၉ | ပြန်-ဖြေစတဲ့ |
| ၅ | ၁၂၉၈ | ၂ | ၅ | ၁၆ | ၂၇၇ | ၂၉၃ | ၁၀၀ | ၃၉၃ | ပြဋ္ဌာန်းချက်ပြင် |
| ၆ | ၁၂၉၉ | ၃ | ၆ | ၁၅ | ၂၃၅ | ၂၅၀ | ၁၅၀ | ၄၀၀ | |
| ၇ | ၁၃၀၀ | ၄ | ၇ | ၅ | ၁၇၈ | ၁၈၃ | ၁၅၁ | ၃၃၄ | |
| ၈ | ၁၃၀၁ | ၅ | ၈ | ၁၉ | ၂၁၉ | ၂၃၈ | ၁၇၀ | ၄၀၈ | ပြဋ္ဌာန်းချက်ပြင် |
| ၉ | ၁၃၀၂ | ၆ | ၉ | ၁၅ | ၁၉၇ | ၂၁၂ | ၁၅၀ | ၃၆၂ | |
| ၁၀ | ၁၃၀၃ | ၇ | ၁၀ | ၁၃ | ၁၆၉ | ၁၈၂ | ၁၃၂ | ၃၃၄ | |
| ၁၁ | ၁၃၀၄ | ၈ | ၁၁ | ၃၃ | ၁၁၃ | ၁၄၆ | ၁၅၀ | ၂၉၆ | |
| ၁၂ | ၁၃၀၅ | ၉ | ၁၂ | ၂၄ | ၁၀၉ | ၁၃၃ | ၂၁၅ | ၃၄၈ | |
| ၁၃ | ၁၃၀၆ | ၁၀ | ၁၃ | ၂၀ | ၁၈၃ | ၂၀၃ | ၁၆၂ | ၃၆၅ | ရက်လျှော့ကျင်းပ |
| ၁၄ | ၁၃၀၇ | ၁၁ | ၁၄ | ၂၃ | ၇၉ | ၁၀၂ | ၁၀၇ | ၂၀၉ | မင်းချောင်း၌ကျင်းပ |
| ၁၅ | ၁၃၀၈ | ၁၂ | ၁၅ | ၂၇ | ၁၄၂ | ၁၆၉ | ၁၂၈ | ၂၉၇ | |

ဤတွင် ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးသမိုင်း ပထမပိုင်း တခန်းရပ်

# ဒုတိယပိုင်း

## (၁၃၀၉-ခုနှစ်မှ၊ ၁၃၂၃- ခုနှစ် အထိ)

**သာသနာ့အတွက် တိုးတက်ဖို့ရာ နည်းလမ်းရှာ**

၁၃၀၇—ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆၊ ၇၊ ၈) ရက်နေ့များတွင် ညောင်ရွှေမြို့သာသနာဒါယကာ မဟာရာဇာ စော်ဘွားကြီး စဝ်ရွှေသိုက်၏ ပင့်လျှောက်ချက်အရ ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ သံဃာ့ရာဇာဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်၊ ဝိနည်းဓုိရ်ဆရာတော်, သံဃာတော်တို့သည် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ ဟော်နန်းတော်ဦး၌ သံဃာ့အစည်းအဝေးကြီးကို ကျင်းပတော်မူကြလေသည်။ ထို သံဃာ့အစည်းအဝေးကြီး၌——

"ကမ္ဘာအသခေ်ျ လွန်လေငြားသော်လည်း အလွန်တရာ ရခဲ ကြုံကြိုက်ခဲလှစွာသော မြတ်စွာဘုရားသခင်၏ သာသနာတော်ကြီး ရှမ်းရိုးမနယ်တဝှမ်းလုံး၌ တဖြေးဖြေး တိုးတက်ကြီးပွားလျက် ရှည်ကြာလေးမြင့် တည်တံ့စိမ့်သောငှါ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲကို နှစ်စဉ် ကျင်းပပြုလုပ်ခဲ့ပါသော်လည်း ပရိယတ္တိသာသနာတော်ကြီး တိုးတက် ကြီးပွားရေးအတွက် ရောင့်ရဲတင်းတိမ် အားရခြင်းမရှိသေးပါ၊ သို့အတွက် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့်တကွ ပရိယတ္တိသာသနာတော်ကြီး ယခုအခြေအနေထက် တိုးတက်လာအောင် နည်းလမ်းကောင်းများကို ညွှန်ကြားတော်မူပါဘုရား"

ဟု ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ဆရာတော် သံဃာတော်တို့အား လျှောက်ထားလေသည်၊ ယင်းသို့ လျှောက်ထားချက်အရ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲနှင့် ပရိယတ္တိသာသနာ့အခြေ ယခုအနေထက်တိုးတက်လာရေး အတွက်နည်းလမ်းကောင်းများကို စူးစမ်းရှာဖွေတော်မူကြရန်—

၁။ ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်း မြို့မဂိုဏ်းအုပ်ဆရာတော် ဦးအာစရ။

၂။ လှိုင်ကော်မြို့၊ မင်္ဂလာဈေးသစ်ကျောင်း အနုနာယက ဆရာတော် ဦးကောသလ္လ။

၃။ အင်းလေး၊ ကျိုင်းခန်းဘောင်ကျောင်း ဘောင်တိုဂိုဏ်း ဝိနည်းမိုရ် ဆရာတော် ဦးတေဇဝန္တ။

၄။ အင်းလေး၊ ကြေးသားကုန်းကျောင်း ယန်းတောင်ဂိုဏ်း ဝိနည်းမိုရ်ဆရာတော် ဦးပဏ္ဍိတာဓ။

၅။ အင်းလေး၊ ဟဲယာရွာမ ကျောင်းနီကျောင်း၊ ဟဲယာရွာမဂိုဏ်း အုပ်ဆရာတော် ဦးသောဘိတ။

၆။ အင်းလေး၊ အင်းခြံကျောင်း၊ ဟဲယာရွာမဂိုဏ်း ဝိနည်းမိုရ်ဆရာတော် ဦးပဏ္ဍဝါဘိဝံသ။

၇။ အင်းလေး၊ သာလေးဘောင်ကျောင်း၊ အင်းတိမ်ဂိုဏ်းထောက် ဆရာတော် ဦးနေမိန္ဒာဘိဝံသ။

ပေါင်းဆရာတော် (၇) ပါးတို့အား သံဃာ့အစည်းအဝေးကြီးက တာဝန်ပေးလွှဲအပ်တော် မူခဲ့လေသည်။

ယင်းသို့လွှဲအပ် တာဝန်ပေးချက်အရ အဆိုပါ ဆရာတော်တို့သည် ကြိမ်ဖန်များစွာ စည်းဝေးတိုင်ပင် ဆွေးနွေးတော်မူကြပြီးလျှင် ညောင်ရွှေမှို ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ၌ ဝင်ရောက် (ဖြန် × ဖြေ) တော်မူကြသော စာသင်သား ရှင်ငယ် ရဟန်းငယ်များအတွက် ကျစ်လစ်ခိုင်ခံ့သည့် ပရိယတ္တိအခြေဖြစ်ပေါ် တိုးတက်ရေးကို ရှာဖွေတော်မူခဲ့ကြလေသည်။

## နည်းညွှန်လမ်းပြ–ဥပဒေသများ

ယင်းသို့ ရှာဖွေတော်မူကြရာဝယ် ရှေးဆရာတော်ကြီးများ ရှေးဦးမဆွကပင် သိမှတ်လေးစား လက်ခံသားခဲ့ကြပြီးဖြစ်သည့်–

(၁) ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊
ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။

(ဝိနည်း ရှေစာ, သာသနာသက်, မိန့်တော်စက်။
ဝိနည်းတည်မှ, မြင့်ရှည်သာသနာ, တည်ဘိ ပါ၏။) ဟူသော (သမန္တပါသာဒိက အဋ္ဌကထာလာ) စကားကိုလည်းကောင်း၊

(၂) ယော သဒ္ဒ သတ္တကုသလော ကုသလော နိဿက္က၊
ဆန္ဒော အလင်္ကတိသု နိစ္စကတာဘိ ယောဂေါ၊
သောယံ ကဝိတ္တ ဝိကလောပိ ကဝိသု သင်္ချံ၊
မောဂ္ဂယှ ဝိန္ဒတိ တိ ကိတ္တိမနန္တရူပံ။ =

(နည်းနာကျယ်ဝန်း, သဒ္ဒါကျမ်းနှင့်, ဆန်းအလင်္ကာ, ဘိဓာနိဿယ်, ကျမ်းလေးတန်ကို, နိယံမပြတ်, သင်ကျက်မှတ်၍, ထပ်ထပ်လေ့လာ, နေသူမှာကား, ဇာဗျာတတ်သိ, ညာဏ်ရှိ(ကု), သိမှတ်စိတ်စေး, ကျမ်းစာရေးသား, မန့်ပြောလည်း, လေးစားလောက်လို့, ကဝိဂုဏ်ဖြင့်၊ ဝသုန်မြေပြင်၊ ကျော်စောထင်သည်၊ ပညာရှိဂိုဏ်း၊ စံတုနှိုင်း။)

ဟူသော (သုဗောဓာလင်္ကာရ ကျမ်းဆရာ၏) စကားကိုလည်းကောင်း အလေးဂရုပြုကာ ဦးထိပ်ရွက်ပန်ဆင်တော်မူကြလျက် စာသင်သား ရှင်ငယ် ရဟန်းငယ်များ ပရိယတ္တိအခြေ ကျစ်လစ်ခိုင်မာရေးအတွက်—

(က) ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးဝယ် ရှင်ငယ် ရဟန်းငယ်များနှင့် သင့်လျော်သည့် အခြေခံကျမ်းစာများကို ရှေးဦးပထမ ပြဋ္ဌာန်း၍ သင်ကြားစေရန်။

(ခ) ကိုယ်ကျင့်ဝိနည်း၊ သဒ္ဒါ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ ဤငါးခန်းသော ပညာရပ်များကို အလွယ်တကူ သင်ယူတတ်မြောက်စေရန်။

(ဂ) ထို့နောက်မှ အဘိဓမ္မာ၏ အခြေခံကျမ်းစာများ၊ ပါဠိ အဋ္ဌကထာ၊ ဋီကာ တို့၏အခြေခံကျမ်းစာများကို ပြဋ္ဌာန်း၍သင်ကြားစေရန်။—

ဟူသော နည်းညွှန်လမ်းပြ ဥပဒေသများကို သဘောတူချမှတ်တော်မူကြပြီးလျှင် ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲအတွက် အဆင့်အတန်းပြဋ္ဌာန်းချက် ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေများကို ၁၃၀၈- ခုနှစ်တွင် အသစ်တဖန် ပြုပြင်ကာ စီစဉ်ရေးဆွဲ၍ အတည်ပြုတော် မူခဲ့ကြလေသည်။

## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ

စာပြန်ပွဲတော်ကြီးစတင်ကျင်းပခဲ့သည့် (၁၂၉၄-ခု) နှစ်မှ စ၍(၁၃၀၈-ခု) နှစ်အထိ (၁၅) နှစ်တာ ကာလပတ်လုံး စာပြန်ပွဲတော်ကြီး၏ အမည်ကို "ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး"ဟုအမည်းတပ်၍ ခေါ်ဝေါ်

ပညတ်ခဲ့လေသည်၊ သို့ရာတွင် ၁၃၀၉– ခုနှစ် စာပြန်ပွဲတော်ကြီးမှစ၍ စာပြန်ပွဲတော်ကြီး၏အမည်မှာ ရှေ့က ဝိသေသနတမျိုး ထိုးလာပေသည်။

“ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး”ကို စတင်ကျင်းပချိန်က ညောင်ရွှေနယ်အတွင်းရှိ စာသင်သားရဟန်း, သာမဏေများသာဝင်ရောက် (ပြန် × ဖြေ) ခဲ့ကြလေသည်၊ သို့ရာတွင် တစတစကျယ်ပြန့်လာကာ ညောင်ရွှေနယ်မျှသာမက အောင်ပန်း၊ ကလော၊ ပွေးလှ၊ ပင်းတယ၊ ရပ်စောက်၊ ဘော်၊ ရွာငံ၊ ပင်လောင်းမြို့နယ်များ၊ ဘောင်ကြီး၊ ဟိုပုံး၊ လွိုင်လင်၊ ပင်လုံ၊ လင်းခေး၊ ဘန်းဟပ်၊ မောက်မယ်၊ လဲချား၊ ဆီဆိုင်၊ ကျောက်မဲ စသော ရှမ်းပြည်နယ် အနံ့အပြား မြို့နယ်ပေါင်းများစွာ တို့မှလည်းကောင်း၊ ကယားပြည်နယ် (လွိုင်ကော်) မှလည်းကောင်း စာသင်သားရဟန်း သာမဏေများလည်း လာရောက် (ပြန် × ဖြေ) တော်မူကြလေသည်။

ယင်းသို့ဖြစ်ရကား– ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ နယ်ပယ်မှာ- “ရှမ်းပြည်နယ် တဝှမ်းလုံးနှင့် ကယားပြည်နယ်” အထိ၊ ပရိယတ္တိသာသနာ အနေအားဖြင့် ကျယ်ပြန့်ခဲ့ပေသည်၊ ထို့ကြောင့် စာပြန်ပွဲတော်ကြီး၏ မူလအမည်ရှေ့တွင် “ရှမ်းပြည်လုံးဆိုင်ရာ” ဟူသော ဝိသေသနကို ကူမ၍ “ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး” ဟု ခေါ်ဝေါ်ပညတ် ကမ္ပည်းတပ်ခဲ့ပေသည်။

ထို့ပြင်လွန်ခဲ့သော (၁၅) နှစ်က စာပြန်ပွဲတော်ကြီး၏ အဆင့်အတန်းများကို ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ပထမကျော်တန်းဟုသတ်မှတ်လျက်၊ အတန်းလိုက်ကျမ်းစာများကို ပြဋ္ဌာန်းခဲ့သော်လည်း ၁၃၀၉–ခုနှစ်၊ စာပြန်ပွဲတော်ကြီးမှစ၍ ပြန်ဖြေကြရန် အဆင့်အတန်းသတ်မှတ်ပုံနှင့် ကျမ်းစာများပြဋ္ဌာန်းပုံမှာ ရှေးကနှင့်မတူဘဲထူးခြားလာပေသည်။

အာဂုမ်စာပြန်ပွဲတော်ကြီး အတွက် ရဟန်းတော် မူလတန်း၊ ပထမတန်း၊ ဒုတိယတန်း၊ သာမဏေ မူလတန်း၊ ပထမတန်း၊ ဒုတိယတန်း ဟု (မူလ၊ ပထမ၊ ဒုတိယတန်း တို့ကိုသာ) ရဟန်းနှင့်သာမဏေများ သီးခြားခွဲခြား၍ သတ်မှတ်ပြီးလျှင် တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ အကျော်တန်း တို့ကိုမူ ရဟန်းနှင့် သာမဏေ မခွဲခြားပဲ ပူးတွဲသတ်မှတ်လျက် အတန်းလိုက် ကျမ်းစာများ ပိုင်းခြားပြဋ္ဌာန်းထားပုံမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**အတန်းသစ်အတွက်— ပြဋ္ဌာန်းချက် ကျမ်းစာများ**

## မူလတန်း ပြန် × ဖြေ

ရဟန်းမူလတန်း၌ အာဂုမ်ပြန်ရန် ဘိက္ခုပါတိမောက် ပါဠိတော် အကုန် ပြဋ္ဌာန်း၍ ရေးဖြေတန်းဟူ၍ မထားရှိတော့ပေ။

**သာမဏေ**အာဂုမ်ပြန်ပွဲအတွက် ရှင့်ကျင့်ဝတ် ပါဠိအနက်အကုန်၊ ပရိတ်ကြီးပါဠိတော် (အောက်သုံးသုတ်)၊ သင်္ဂါလောဝါဒသုတ် ဆောင်ပုဒ်လင်္ကာများ၊ လောကနီတိအနက် (အောက်ငါးကဏ္ဍ) အကုန် ပြဋ္ဌာန်းထား၍၊ မေးဖြေပွဲအတွက်မှာ ပရိတ်ကြီးသုံးသုတ်မှတပါး ကျန်ကျမ်းစာအားလုံး၏ ပါဠိ အနက်၊ အဓိပ္ပါယ်၊ သရုပ်များကို မေးမြန်းရန် ပြဋ္ဌာန်းထားပေသည်။

## ပထမတန်း အာဂုမ်ပြန်

ရဟန်းများအတွက် ဒွေမာတိကာ ပါဠိတော်အကုန်၊ သာမဏေများ အတွက် ပရိတ်ကြီးပါဠိအကုန်နှင့် လောကနီတိ (အထက် နှစ်ကဏ္ဍ) အကုန်၊ ဤမျှသာ ခွဲခြားပြီးလျှင် ကစ္စည်းသဒ္ဒါကြီးပါဠိ သန္ဓိနာမ် အကုန်၊ နာမပဒမာလာပါဠိ အကုန်၊ အဘိဓာန်ပါဠိ သဂ္ဂကဏ္ဍ (၁၈၈-ဂါထာ) အကုန်၊ ဤကျမ်းစာ များကိုမူ ရဟန်းများရော သာမဏေတို့ပါ အာဂုမ်ပြန်ဆိုရန် ပြဋ္ဌာန်း ထားပေသည်။

## ဒုတိယတန်း အာဂုမ်ပြန်

ရဟန်းများအတွက် ခုဒ္ဒသိက္ခာပါဠိ ပဌမ ဘာဏဝါရ အကုန်၊ သာမဏေများအတွက် ဘိက္ခုပါတိမောက် ပါဠိတော်အကုန်၊ ဤမျှသာ ခွဲခြားပြီးလျှင်၊ ကစ္စည်းသဒ္ဒါကြီးပါဠိ(အာချာတ်၊ ကိတ်၊ ဥဏာဒ်) သုံးဆောင် အကုန်၊ အာချာတပဒမာလာပါဠိ အကုန်၊ ကစ္စာယနဓာတုမဉ္ဇူသာပါဠိ အကုန်၊ အဘိဓာန်ပါဠိ ဘူမိဝဂ်မှ စ၍ တေဒုက္ခဝဂ်အချို့ (၃၂၉-ဂါထာ)။ ဤကျမ်းစာတို့ကိုမူ ရဟန်း သာမဏေအားလုံး ပြန်ဆိုရန် ပြဋ္ဌာန်းထားပေ သည်။

## တတိယတန်း အာဂုမ်ပြန်

ရဟန်းများအတွက် ခုဒ္ဒသိက္ခာပါဠိ တစောင်လုံးအကုန်၊ သာမဏေ များအတွက် ဒွေမာတိကာ ပါဠိအကုန်၊ ဤမျှသာခွဲခြားပြီးလျှင်၊ ကစ္စည်း သဒ္ဒါကြီးပါဠိ (ကာရက၊ သမာသ်၊ တဒ္ဓိတ်) သုံးစောင်အကုန်၊ ကစ္စာယန

သာရပါဠိ အကုန်၊ ဂန္ထာဘရဏ ပါဠိအကုန်၊ အဘိဓာန်ပါဠိ စတုဗ္ဗဏ္ဏ ဝဂ်အချို့မှ ဝိသေသျာဓိနဝဂ် အကုန် (၃၅၁) ဂါထာ၊ ဤကျမ်းစာများ ကိုကား ရဟန်း သာမဏေများအားလုံး ပြန်ဆိုရန် ပြဋ္ဌာန်းထားပေသည်။

## စတုတ္ထတန်း အာဂုမ်ပြန်

ဤ အတန်း၌ ရဟန်းနှင့်သာမဏေ မခွဲခြားပဲ ပြန်ဆိုရန် ဝုတ္တောဒယ ဆန်းပါဠိ အကုန်၊ သုဗောဓာလင်္ကာရပါဠိ အကုန်၊ အဘိဓာန်ပါဠိ သံကိဏ္ဏ ဝဂ်မှ နိဂုံးအထိ (၄၅၅-ဂါထာ) တို့ကို ပြဋ္ဌာန်းထားပေသည်။

## ပဉ္စမတန်းအာဂုမ်ပြန်

ဘေဒစိန္တာပါဠိ အကုန်၊ နည်းလေးဆယ်နှင့် သံဝဏ္ဏနာ ဆိုရိုးအကုန်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ် (၉)ပိုင်းပါဠိ အကုန်၊ ပဋ္ဌာန်းသုံးချက်စု ဆိုရိုးအကုန်၊ ဤကျမ်းစာများကို ရဟန်း သာမဏေအားလုံး ပြန်ဆိုရန် ပြဋ္ဌာန်းထားပေ သည်။

## ပထမကျော်တန်း အာဂုမ်ပြန်

ကင်္ခါဝိတရဏီပါဠိ တကျမ်းလုံးအကုန်ကို ရဟန်း သာမဏေအားလုံး ပြန်ဆိုရန် ပြဋ္ဌာန်းထားပေသည်။

**စာမေးပွဲအတွက်— ထူးခြားချက်များ**

စာမေးပွဲတော်အတွက် ပြဋ္ဌာန်းချက်ကျမ်းစာများမှာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း(၃) တန်းတို့၌ အာဂုမ်ပြန်ပြဋ္ဌာန်းချက် ကျမ်းစာများ အတိုင်းပင် ဖြစ်သော်လည်း ယင်းကျမ်းများ၏ ပါဠိသက်သက်သာ မဟုတ် တော့ပဲ၊ အနက်, အဓိပ္ပါယ်, ရုပ်,သရုပ်, သဘောသဘာဝတ္ထ များကိုပါ မေးမြန်းရန် ပြဋ္ဌာန်းထားပေသည်။

ထူးခြားချက်မှာ ဤ (၃) တန်း၌ အတန်းလိုက်ပိုင်းခြား ပြဋ္ဌာန်းထား သည့် ကစ္စည်းသဒ္ဒါကြီး၏ အပိုင်းကဏ္ဍအတိုင်း သဒ္ဒါကြီးပုဒ်စစ် ကျမ်းကို လည်း ပိုင်းခြား၍ ဖြည့်စွက်ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

ဒုတိယတန်းနှင့် တတိယတန်းအတွက် သီးခြားရက်သတ်မှတ်၍ ဓမ္မပဒ ပါဠိတော်နှင့် အဋ္ဌကထာကို အတန်းအားလျော်စွာ ပြဋ္ဌာန်းထားပြီးလျှင်၊

သက်ဆိုင်ရာအတန်းနှင့် ယင်း အောက်အတန်းများဆိုင်ရာ သဒ္ဒါကြီးနှင့် အဘိဓာန်တို့ကို မူတည်၍ ပါဠိဝါကျကို မြန်မာပြန်ခြင်း၊ မြန်မာဝါကျကို ပါဠိစီကုံးခြင်းများကို စီစဉ်မေးမြန်းရန် ပြဋ္ဌာန်းထားပေသည်။

စတုတ္ထတန်း၌လည်း အထက်ပါနည်းအတိုင်း အာဂုမ်ပြန် ကျမ်းစာများကိုပင် ပါဠိ, အနက်, အဓိပ္ပါယ်, ရုပ်,သရုပ်, သဘော သဘာဝတ္ထများကို မေးမြန်းရန် အပြင် ဘာသာပြန်အတွက်လည်း ဓမ္မပဒပါဠိ အဋ္ဌကထာကိုပင် ပိုင်းခြားပြဋ္ဌာန်းထားပေသည်။

ပဉ္စမတန်း၌မူ အထက်ပါနည်းအတိုင်း ပြဋ္ဌာန်းထားသည့်အပြင် မာတိကာ၊ ဓာတုကထာ အရကောက်ကျမ်းများနှင့် ဥပစာတင်နည်းများကိုလည်း ဖြည့်စွက်၍ ပြဋ္ဌာန်းထားပေသည်၊ ဘာသာပြန်အတွက် ဓမ္မပဒပါဠိအဋ္ဌကထာပါပဝဂ်မှ ဗြာဟ္မဏဝဂ် အထိ (၁၀) ဝဂ်ကို ပြဋ္ဌာန်းထားပေသည်။

စတုတ္ထတန်း၊ ပဉ္စမတန်းဘာသာပြန် မေးမြန်းရာ၌ ဤ နှစ်တန်းနှင့် အောက်တန်းများဆိုင်ရာ သဒ္ဒါ၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာနည်းများကိုလည်းထည့်သွင်းမေးမြန်းရန် ပြဋ္ဌာန်းထားပေသည်။

အကျော်တန်း (ခေါ်) ဆဋ္ဌမတန်း၌ ကခ်ါင်တရဏီ အဋ္ဌကထာ တကျမ်းလုံးကိုပင် ပါဠိ၊ အနက်၊ အဓိပ္ပါယ်၊ သရုပ်၊ သဘော စသည်များကို မေးမြန်းရန် ပြဋ္ဌာန်းထားပြီးလျှင်၊ ယင်းကိုအောက်ဝါကျမ်း ပါဠိ+အနက်၊ အရကောက်၊ အဓိပ္ပါယ်များကိုလည်းကောင်း၊ ဘာသာပြန်အတွက် ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်းကို လည်းကောင်း ဖြည့်စွက်၍ ပြဋ္ဌာန်းထားပေသည်။

## စည်းမျဉ်းဥပဒေပုဒ်မ (၁၀)

ဤစာမေးပွဲတော်, စာပြန်ပွဲတော် (ပ၊ ဒု၊ တ) အတန်းများ၌ သဒ္ဒါကြီးအစား၊ (က) ကစ္စည်းသုတ်ငယ်ပါဠိ, အနက်, ပြယုဂ်သုံးမျိုး၊ (ခ) ဗာလာဝတာရပါဠိ၊ (ဂ) ကစ္စာယနသံခိပ်၊ ၎င်းသုံးကျမ်းတို့တွင် တကျမ်းကျမ်းဖြင့် (ကစ္စည်းသဒ္ဒါကြီးကို အတန်းလိုက်ပိုင်းခြားထားသည့် အပိုင်းအခြား အတိုင်း) လဲလှယ်ပြန်ဖြေရန် ခွင့်ပြုထားလေသည်။

## အထူးဆုံတော် ချီးမြှင့်ရန် စည်းမျဉ်းဥပဒေသများ

စည်းမျဉ်းဥပဒေပုဒ်မ (၁၂) နှင့် (၁၃) တို့သည် ညောင်ရွှေမြို့သာသနဒါယကာ မဟာရာဇာ စော်ဘွားကြီး စစ်ရွှေသိုက်က စာသင်သား သံဃာ

တော်တို့အားလည်းကောင်း၊ ကျောင်းထိုင်နာယက စာချဆရာတော်တို့အား လည်းကောင်း အထူးဆုတော်များ ချီးမြှင့်လှူဒါန်းရန် ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေသများ ဖြစ်ပေသည်။

ထိုဘွင် စည်းမျဉ်းဥပဒေ ပုဒ်မ (၁၂) ၏အဓိပ္ပါယ်မှာ ဝိနယာဒိနုဂ္ဂဟ ပြေပွဲတော်ကြီး ပထမတန်းမှစ၍ အကျော်တန်း (ခေါ်) ဆဋ္ဌမတန်းအထိ (၆)တန်းတို့တွင် တတန်းတန်း၌ တနှစ်တည်းဖြင့် အာဂုမ်ပြန်× ရေးဖြေ နှစ်ပွဲလုံး အောင်မြင်တော်မူသော ရဟန်းသာမဏေတို့အား အထူးဆုတော် များ လှူဒါန်းမည်။

ထို့ပြင် စေတုတ္ထ၊ ပဉ္စမ၊ အကျော် (၃) တန်းအနက် တတန်းတန်း ကို ပြန်ဆို အောင်မြင်၍၊ပထမစသော အထက်အထက်တန်းတို့ဘွင် တတန်း တန်း ဖြေဆိုအောင်မြင်သော ညောင်ရွှေနယ် ဇာတိ ရဟန်း သာမဏေတို့ အား လစဉ်ပညာတော်သင် အထူးဆုများ လှူဒါန်းချီးမြှင့်မည်။

ပထမကျော်တန်း၌မူ တနှစ်တည်းဖြင့် အာဂုမ်ပြန်နှင့် ရေးဖြေနှစ်ပွဲစ လုံး အောင်မြင်တော်မူသော ပုဂ္ဂိုလ်များကို စည်းမျဉ်းဥပဒေပုဒ်မ နံပါတ် (၁၁) အရ– သာမည ပထမကျော်, ဝိသေသပထမကျော်– ဟုနှစ်မျိုးခွဲခြား ၍ ဝိသေသပထမကျော်အောင် ညောင်ရွှေနယ်ဇာတိ ပုဂ္ဂိုလ်တို့၏ မိဘအရင်း တို့အား ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းခွင့် ပေးမည်– ဟုဆိုလိုပေသည်။

ပုဒ်မ (၁၃) ၏ အဓိပ္ပါယ်ကား– ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲ တော်ကြီးတွင် တနှစ်တည်း၌ အယုတ်ဆုံး ပထမတန်းအောင် ပုဂ္ဂိုလ်ရှစ်ပါး၊ (သို့မဟုတ်) ယင်းရှစ်ပါးနှင့် ဆပွားနည်းအားဖြင့် အရေအတွက်ညီမျှသော အထက်တန်းအောင် ပုဂ္ဂိုလ်များပါဝင်၍ မေး ဖြေပွဲ၌ အယုတ်ဆုံးတပါး အောင်မြင်သော, စာသင်သားရှစ်ပါးအောက်မယုတ် ပရိယတ္တိစာပေ ပို့ချ ပေးနေသည့် ကျောင်းတိုက်၏ ကျောင်းထိုင်နာယကဆရာတော်အား အထူး ဆုတော်များကိုချီးမြှင့်မည်– ဟုဆိုလိုပေသည်။

**ဓမ္မာစရိယတန်း (ခေါ်) စာချတန်း**

ယင်း ၁၃၀၉– ခုနှစ်၊ ပြဋ္ဌာန်းချက်စည်းမျဉ်းဥပဒေတွင် မူလတန်းမှစ ၍ ဆဋ္ဌမတန်း (ခေါ်) အကျော်တန်းအထိ (၇) ခုနှစ်တန်းတို့ကိုသာသတ် မှတ်ပေးရှိမျှ မကသေး၊ အထူးခြားဆုံး, အမြင့်မားဆုံး သတ်မှတ်ပေးချက် တခုကိုလည်း တွေ့ရပေသည်၊ ယင်းသက်မှတ်ပေးချက်မှာကား– လွန်ခဲ့သော

(၁၅) နှစ်က လုံးဝမသဘ်မှတ်ပေးခဲ့ဘူးသေးသည့် **"ဓမ္မာစရိယတန်း(ခေါ်) စာချတန်း"** ကို တိုးချဲ့၍ သတ်မှတ်ပေးခြင်းပင် ဖြစ်ပေသည်။

အဆိုပါ ဓမ္မာစရိယတန်း (ခေါ်) စာချတန်း၌ ဖြေဆိုရန် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ကျမ်းစာများမှာကား––

(က) ပါရာဇိကကဏ္ဍအဋ္ဌကထာ၊

(ခ) သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊

(ဂ) အဋ္ဌသာလိနီ အဋ္ဌကထာ၊

ဟူသော အဋ္ဌကထာကြီးသုံးကျမ်းတို့ပင် ဖြစ်ပေသည်။ ယင်းအဋ္ဌကထာကြီးသုံးကျမ်းကို မန္တလေးမြို့ပရိယတ္တိသာသနဟိတ အသင်းကြီး၏သီးခြားစာချတန်း ပုစ္ဆာ ထုတ်စည်းမျဉ်းဥပဒေများကို အမှီပြု၍ မေးမြန်းလိမ့်မည် ဖြစ်ကြောင်း [စည်းမျဉ်း ဥပဒေစာအုပ် စာမျက်နှာ ၁၇-၌] ဖော်ပြထားပေသည်။

ယင်းသို့ဖြင့် (၁၃၀၉-ခုနှစ်) တွင် အတည်ပြု သတ်မှတ်ထားသော အဆင့်အတန်းများ၊ ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေများမှာ လွန်ခဲ့သော (၁၅) နှစ်က အဆင့်အတန်းများ၊ ပြဋ္ဌာန်းချက်ကျမ်းစာများ၊ စည်းမျဉ်းဥပဒေများနှင့် မတူ၊ တမကူးခြားလာသည့် အဆင့်အတန်း, ပြဋ္ဌာန်းချက်ကျမ်းစာနှင့် စည်းမျဉ်းဥပဒေများဖြစ်ပေသတည်း။

## ပြည်ထောင်စုကြီး- ဖွဲ့စည်းသောအခါ

အချိန်မှာ "အောင်ဆန်းအက်တလီ စာချုပ်ပါ" သဘောတူညီချက်နှင့် ပြဋ္ဌာန်းချက်များအရ၊ ၁၉၄၇-ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံတိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ကျင်းပပြီးသည့်ကာလ ဖြစ်ပေသည်။

ညောင်ရွှေစော်ဘွားကြီး စပ်ရွှေသိုက်သည် ၁၃၀၈-ခုနှစ် နယုန်လ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီး နှစ်ပွဲ ကျင်းပပြီးသောအခါ တိုင်းပြည်နှင့်လူမျိုး ဘာသာနှင့် သာသနာတော်အတွက် တိုင်းပြုပြည်ပြု လွှတ်တော်၌ "ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ"ကို ရေးဆွဲခြင်းစသော ကိစ္စများ ဆောင်ရွက်ရန် ညောင်ရွှေမြို့မှ ရန်ကုန်မြို့တော်သို့ သွားရောက်နေထိုင်ရလေသည်။

၁၉၄၇–ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့မှစ၍ မြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်ကို ရန်ကုန်မြို့၌ ကျင်းပလေသည်၊ "ပြည်ထောင်စု မြန်မာ

နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ''ကို ညောင်ရွှေစော်ဘွားကြီး ဦးဆောင်ပါဝင်သော သိုတိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲလေသည်။ ၁၉၄၇-ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့၊ (၁၃၀၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့)တွင် ထိုအခြေခံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်၌ အများသဘောတူ လက်ခံ၍ ဥပဒေအဖြစ် အတည်ပြုပြီးလျှင် နိုင်ငံတော်သူ နိုင်ငံတော်သားတို့အား အပ်နှင်းလေသည်၊ ထိုအခါ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏(ယာယီ)သမ္မတ ဖြစ်လာပေသည်။

၁၉၄၇-ခုနှစ်၊အောက်တိုဘာလ (၁၇)ရက်နေ့တွင် "နု-အက်တလီ" သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆို၍ ဗြိတိသျှအစိုးရက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အား လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံအဖြစ် အသိအမှတ်ပြုပြီးလျှင် ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့(၁၃၀၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉—ရက်နေ့)တွင် လွတ်လပ်ရေး ပေးလေသည်၊ ထိုကာလတွင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် မြန်မာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်းအားဖြင့် ပြည်မ ပြည်နယ် ခြောက်ခု ပေါင်းစုကာ ဖွဲ့စည်းတည်ဆောက်သည့် "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်"၌ နိုင်ငံတော်သူ နိုင်ငံတော်သား အားလုံးတို့၏ အထွတ်အထိပ်ဖြစ်သော လက်မွန်မဆွ ပထမဆုံး (ယာယီ)"နိုင်ငံတော်သမ္မတ" အဖြစ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ကမ္ဘာသို့ ကြေညာခဲ့ပေသည်။

## ကိုယ်စားလွှဲအပ် စာပွဲတော်နှစ်ရပ်

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ၁၂၉၄—ခုနှစ်မှစ၍ ၁၃၀၈-ခုနှစ်အထိ (၁၅) နှစ်ပတ်လုံး ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲကို ငွေကြေးအားဖြင့် မ တည်လှူဒါန်း၍လည်းကောင်း၊ ကိုယ်တိုင် ကြီးမှူး၍လည်းကောင်း နှစ်စဉ်မပျက် ကျင်းပခဲ့လေသည်။

သို့ရာတွင် ၁၃၀၈-ခုနှစ်၊ နယုန်လ စာပွဲတော်ကြီးနှစ်ပွဲ ကျင်းပပြီး၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေး ဆွဲရေးနှင့် တိုင်းကျိုး ပြည်ကျိုးဆောင်ရွက်ရန် ရန်ကုန်မြို့သို့ သွားရောက်နေထိုင်ရမည် ဖြစ်ရကား မသွားမီကပင် နယ်ပယ်အုပ်ချုပ်ရေးနှင့် စာပွဲတော်ကြီးနှစ်ပွဲ နှစ်စဉ်မပျက် ကျင်းပနိုင်ရေးကို ကြိုတင်၍ စီမံခဲ့လေသည်။

မိမိရန်ကုန်မြို့သို့ သွားရောက်နေထိုင်ရစဉ် ညောင်ရွှေနယ် အုပ်ချုပ်ရေးကို သားတော်ကြီး စဝ်ဆိုင်ဖအား ကိုယ်စားလှယ်တော်အဖြစ် လွှဲအပ်ခဲ့၍၊ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီး နှစ်ပွဲကိုလည်း ကိုယ်စားလှယ်တော် သားတော်ကြီး စဝ်ဆိုင်ဖနှင့် ညောင်ရွှေနယ်အမတ်ချုပ်ကြီး ဦးမောင်မောင်လတ်တို့အား စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်များ၊ မြို့နယ်အတွင်းရှိ လူကြီးများနှင့် ညှိနှိုင်းတိုင်ပင်၍ ကြီးမှူးကျင်းပရန် လွှဲအပ်ခဲ့လေသည်။

ထို့ကြောင့် ၁၃၀၉—ခုနှစ်၊ နယုန်လစာပွဲတော်ကြီးနှစ်ပွဲမှစ၍ ကိုယ်စားတော် သားတော်ကြီး စဝ်ဆိုင်ဖနှင့်၊ အမတ်ချုပ်ကြီး ဦးမောင်မောင်လတ်တို့က တာဝန်ယူကြပြီးလျှင်၊ အမတ်ချုပ်ကြီးရုံးနှင့် သာသနာရေးဌာနရုံးတို့အချင်းချင်းညှိနှိုင်းလျက် ညောင်ရွှေနယ်အတွင်းရှိ စာပြန်ပွဲတော်ကြီး၏ နာယက,ဥက္ကဋ္ဌ,အကျိုးတော်ဆောင် ဆရာတော်များနှင့်လည်းကောင်းလူကြီးများနှင့်လည်း ကောင်း ဆွေးနွေးတိုင်ပင်ကြကာ"ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာ ပွဲတော်ကြီး"နှစ်ပွဲကိုနှစ်စဉ်မပျက်ဆက်လက်၍ကျင်းပနဲ့ကြလေသည်။

[မှတ်ချက်။ ။ ဤနေရာမှစ၍ သုံးနှုန်းရိုးအစဉ်အတိုင်း နာယက, ဥက္ကဋ္ဌ- ဟု သုံးနှုန်းထားသည်]

### ဟော်နန်းဦးမှာ- စာဖြေရာ

ပုံပြင်ပြောင်းလဲမှု၏အစဖြစ်သော ၁၃၀၉- ခုနှစ်ဝယ် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ အမည်မှာ "ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး" ဟူသောအမည်ဟောင်းမှ "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး" ဟူသောအမည်နာမ ဝေါဟာရသို့ ဝင်ရောက်သည့် ပုဂ္ဂိုလ်အရေအတွက်, နယ်ပယ်အတိုင်းအတာစသည့်အနေအားဖြင့် ပြောင်းလဲ တိုးတက်ခဲ့ပေသည်။

စာပြန်ပွဲတော်ဝင် ပုဂ္ဂိုလ်အနေအားဖြင့် လွန်ခဲ့သော (၁၃၀၈—ခု) နှစ်က စာမေးပွဲဖြေသံဃာတော် (၂၇) ပါး၊ အာဂုမ်ပြန်ပွဲဝင် သံဃာတော်အပါး (၁၄၀) သာရှိခဲ့သော်လည်း၊ ဤနှစ်တွင်စာမေးပွဲဖြေ သံဃာတော် ၆၉- ပါး အာဂုမ်ပြန်ပွဲဝင် သံဃာတော်(၃၃၇) ပါးအထိ တိုးတက်များပြားလာပေသည်။

ထို့ပြင် အဆင့်အတန်းပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းကမ်းဥပဒေများ ကို အသစ်ပြုပြင်ခြင်း၊ ဓမ္မာစရိယ စာချတန်းကို တိုးချဲ့ပြဋ္ဌာန်း ပေးခြင်း မပေးစဖူး ၊အခွင့်ထူးများပေးခြင်း စသော အခြင်းအရာအားဖြင့်လည်း ထူး ထူးခြားခြား အသွင်ပြောင်းခဲ့လေသည်၊

ယင်းသို့ အစစပြောင်းလဲ လာသည့်နည်းတူ စာမေးပွဲတော်ကြီး ကျင်းပရာဌာနမှာလည်း နေရာဟောင်းမှ နေရာသစ်သို့ ပြောင်းလဲခဲ့ပေသည်၊ ထိုနှစ် "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ တော်ကြီး" ကို ညောင်ရွှေမြို့"ဟော်နန်းဘော်ဦး" ၌နယုန်သဆန်း (၁၀)ရက် နေ့မှဝါဆိုလဆန်း(၁၄) ရက်နေ့အထိ ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပ ခဲ့ပေသည်၊ စာပြန်ပွဲတော်ကြီးကိုကား မူလကျင်းပရာဖြစ်သည့် ညောင်ရွှေမြို့ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရိကျောင်းဘော်ကြီး၌ပင် နယုန်လပြည့် ကျော် (၁) ရက်နေ့မှ (၅)ရက်နေ့အထိ ကျင်းပခဲ့ပေသည်။

ဤနှစ်မှစတင်၍ အဘည်ပြုပြဋ္ဌာန်းသည့် စည်းဥပဒေများတွင် အခြား အခြားသော စာမေးပွဲ စာပြန်ပွဲ ကြီးငယ်တို့၌လည်းကောင်း၊ ဤဝိနယာဒိ နုဂ္ဂဟစာပွဲတော်ကြီး နှစ်ပွဲ၌လည်းကောင်း၊ ယခင်ကဘယ်ကြိမ်ဘခါမျှ မပေးစဖူး အခွင့်ထူးတရပ်ကို စည်းကမ်းဥပဒေသ တခုဖြင့် ထည့်သွင်းပြဋ္ဌာန်းခဲ့ ပေသည်။

**မပေးစဖူး— အခွင့်ထူးတရပ်**

စာသင်သား သံဃာတော်တို့အား ယခင့် ယခင် နှစ်များက မပေးခဲ့ စဖူးသော အခွင့်ထူး တရပ်ကို [ ၁၃၁၃–ခု၊ စည်းမျဉ်း ဥပဒေပုဒ်မ နံပါတ် (၃) (၆)တို့တွင်] အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထား ပေ သည်။

> "အထူးခွင့်ပြုချက်။ ဉာဏ်းစွမ်းသတ္တိအထူးရှိသော ပုဂ္ဂိုလ်တို့အား ပထမတန်းမှစ၍ ဆဋ္ဌမတန်း (ခေါ်) အကျော်တန်းအထိ (၆) တန်း တို့တွင် မိမိမအောင်မြင်သေးသော အောက်ဆုံးအထန်းမှစ၍ တနှစ် တည်း၌ အစဉ်အတိုင်း (၂) တန်းပူးတွဲ၍ ဝင်ရောက် (ပြန် × ဖြေ) ရန် ခွင့်ပြုသည်"

အထက်ပါ စည်းမျဉ်းဥပဒေပုဒ်မ (၃) (၆) တို့အရ– မိမိမအောင် မြင်သေးသော အတန်းကို ခုန်ကျော်၍ ပြန်– ဖြေခြင်းကို လည်းကောင်း၊ အောင်မြင်ပြီးသော အတန်းနှင့် ယင်း အောက်ငယ်သောအတန်းများ ကို တဖန်ဝင်ရောက် ပြန်ဖြေခြင်းကိုလည်း၊ ခွင့်မပြုပေ။

သို့သော် အထူးခွင့်ပြုချက်တရပ်အနေဖြင့် ပထမတန်းမှစ၍ ဆဋ္ဌမတန်းအထိ (၆)တန်းတို့တွင် အာဂုမ်ပြန် သက်သက်ဖြစ်စေ၊ သဘောရေးဖြေသက်သက်ဖြစ်စေ၊ အာဂုမ်ပြန်ရေးဖြေနှစ်ပွဲ တွဲဖက်၍ဖြစ်စေ၊ မိမိမအောင်မြင်သေးသော အောက်ဆုံးအတန်းမှစ၍ တနှစ်တည်းမှာ အတန်းစဉ်အတိုင်း (၂)တန်းပူးတွဲ၍ ပြန် + ဖြေလိုက ပြန် + ဖြေရန် ခွင့်ပြုခြင်း ဖြစ်ပေသည်။

သို့ရာတွင် ယင်းသို့ (၂) တန်းပူးတွဲ၍ ပြန်ဖြေရာ၌ အပြန်ဖြစ်စေ၊ အဖြေဖြစ်စေ၊ နှစ်တန်းစလုံး အောင်မြင်မှသာ အောင်ဆုလက်မှတ်များအပြည့်အစုံဆက်ကပ်လေသည်၊ အထက်တန်းသာ အောင်မြင်၍၊ အောတန်းကိုမအောင်မြင်မူကား "တန်းကျော်အောင်" ဟုသတ်မှတ်ကာ အောင်ဆုလက်မှတ် မဆက်ကပ်သေးပဲ ဆိုင်းငံ့ထားပြီးလျှင်၊ အောက်တန်းကို အောင်မြင်သည့်အခါကျမှ နှစ်တန်းစလုံးအတွက် အောင်ဆုလက်မှတ် အပြည့်အစုံဆက်ကပ်ပေသည်၊ အထက်တန်းမအောင်မြင်သော်လည်း အောက်တန်းအောင်မြင်က ယင်းအတန်းအတွက် အောင်ဆုလက်မှတ် ဆက်ကပ်လေသည်။

## အခွင့်ထူးကို လက်ဦးရယူသည့်ပုဂ္ဂိုလ်

အထက်ပါ အထူးခွင့်ပြုချက်အရ တနှစ်တည်းမှာ နှစ်တန်းပူးတွဲ၍ စာမေးပွဲ ဖြေဆိုသည့်အခါ တတန်းလျှင် ဘာသာတမျိုးစီဖြစ်၍ နှစ်တန်းအတွက် မေးခွန်းပုစ္ဆာနှစ်မျိုး(မေးခွန်း ၂၀- ပုဒ်) ကိုအဖြေလွှာနှစ်အုပ်ဖြင့် တပြိုင်နက်တည်း ဖြေဆိုရပေသည်၊ ဖြေဆိုရန်ခွင့်ပြုသည့် အချိန်မှာလည်း အခြားပုဂ္ဂိုလ်များနည်းတူ (၄) နာရီ၊ (နေ့ ၁၂- နာရီမှ ညနေ၄- နာရီအထိ) သာ ခွင့်ပြုလေသည်၊နှစ်တန်းပူးတွဲဖြေဆိုခြင်းကြောင့် အချိန်ပိုမပေးပေ။

ထိုနည်းအတူ နှစ်တန်းပူးတွဲ၍ အာဂုမ်ပြန်ဆိုရာ၌လည်း နှစ်တန်းအတွက် ဝင်ခွင့်လက်မှတ် နှစ်မျိုးဖြင့် နှစ်တန်းအတွက် ပိုင်းခြားပေးထားသော ပြဋ္ဌာန်းစာများကို သတ်မှတ်ပေးထားသည့် အချိန်အတိုင်း အကုန်အစင်ပြန်ဆိုရလေသည်။

ဤကဲ့သို့ မပေးစဖူး အခွင့်ထူးကို အမိအရ ရယူနိုင်သည့် စွမ်းရည်သတ္တိထူးရှိသော ပုဂ္ဂိုလ်မျိုးလည်း ဤနှစ်မှာပင် ပေါ်ပေါက်ခဲ့ပေသည်၊ ရေးဖြေပွဲနှစ်တန်းတွဲအောင်မြင်ရုံမျှ၊ အာဂုမ်ပြန်ပွဲနှစ်တန်းတွဲ အောင်မြင်ရုံမျှလည်း မဟုတ်၊ ရေးဖြေပွဲနှစ်တန်းတွဲ, အာဂုမ်ပြန်ပွဲနှစ်တန်းတွဲပေါင်း(၄) ပွဲစလုံး၌သာမန်အောင်မြင်ရုံမျှလည်းမက၊ ရေးဖြေပွဲနှစ်တန်းတွဲ, အာဂုမ်ပြန်ပွဲနှစ်တန်း

တွဲ ပေါင်း (၄) ပွဲစလုံး၌ အမှတ်အများဆုံးရကာ အောင်စဉ်နံပါတ် (၁) ချည်းဖြင့် တစ်ဂဏန်းလေးလုံး အောင်ပန်းကို ဆွတ်ခူးပန်ဆင် နိုင်သည့် ပုဂ္ဂိုလ်ကား—

ညောင်ရွှေနယ်, အင်းလေးဒေသ, သာလေးတောင်ကျောင်းမှ သာလေးတောင်ကျောင်းဆရာတော်ဦးနေမိန္ဒာဘိဝံသ (မန္တလေးမြို့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ) ၏တပည့် ညောင်ရွှေမြို့ မြို့လယ်ရပ်နေ ပွဲစား ဦးဝိုင်း, ဒေါ်လှတင်တို့၏သား သက်တော်(၂၁)နှစ်၊ သိက္ခာ (၂)ဝါရ ဦးဝိလာသ အရှင်သူမြတ်ဖြစ်ပေသည်။

ဦးဝိလာသ အရှင်သူမြတ်သည် ဤဘဒ္ဒကမ္ဘာဝယ် သစ္စာလေးပါးပိုင်းခြားသိမြင် မုနိထွတ်တင် ဘုရားရှင်လေးဆူတို့အား တပါးသစ္စာ, ရွှေကြာတပွင့်, မြွေချင့်ကော်ရော်, ပူဇော်ဘိသကဲ့သို့၊ ထို (၁၃၀၉- ခု) နှစ်ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟာ စာပွဲတော်ကြီး နှစ်ပွဲတွင် ဒုတိယတန်း အာဂုမ်ပြန်နှင့် ရေးဖြေ၊ တတိယတန်းအာဂုမ်ပြန်နှင့် ရေးဖြေဟူသောလေးပွဲစလုံး၌ အောင်စဉ်နံပါတ်တစ်ချည်းဖြင့် အောင်မြင်တော်မူကာ တစ်ဂဏန်းလေးဆင့် ရွှေကြာပွင့်တို့ဖြင့် သဘင်ထွတ်ဖူး, သုံးလူ့မျှူးတို့အား ညွတ်နူးချင့်မြွေပူဇော်နိုင်သည့် စွမ်းရည်သတ္တိထူးရှိသူ ဖြစ်ရကား ဤစာပွဲတော်ကြီးနှစ်ပွဲ၏ သမိုင်းကဏ္ဍတနေရာတွင် အသွင်တမျိုးဖြင့် စိုက်ထူအပ်သော "မှတ်တိုင်"တခုပင် ဖြစ်ပေသည်တကား။

## ၁၃၀၉-ခုနှစ်၊ ပထမကျော်အောင်ပုဂ္ဂိုလ်များ

၁၃၀၉- ခုနှစ်တွင် အသစ်တိုးချဲ့ပြဋ္ဌာန်းသည့် ဓမ္မာစရိယ စာချတန်း (ခေါ်) သတ္တမတန်း၌ အောင်မြင်သည့်ပုဂ္ဂိုလ်များမရှိသေးသော်လည်း၊ ပထမကျော်တန်း (ခေါ်) ဆဋ္ဌမတန်း၌မူကား အောင်မြင်သည့် ရဟန်းတော်နှစ်ပါးထွန်းကား ပေါ်ပေါက်ခဲ့လေသည်။ ယင်းရဟန်းတော်နှစ်ပါးမှာကား-

၁။ ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ သာလေးရွာ၊ သာလေးတောင်ကျောင်းမှ သာလေးတောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသ (မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ)၏ တပည့်၊ ညောင်ရွှေမြို့၊ ကန်သာရပ်နေ ဆရာလုံ့ ဒေါ်တုပ်တို့၏သား သက်တော်(၃၀)နှစ်၊ သိက္ခာ (၁၀) ဝါရ ဦးဓမ္မပါလ အရှင်သူမြတ်နှင့်—

၂။ ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ ဟယ်ယာရွာမ၊ ကျောင်းနီကျောင်းမှ ဟယ်ယာရွာမဂိုဏ်းအုပ်, ကျောင်းနီကျောင်းဆရာတော် ဦးသော

ဘိတ၏ တပည့် အင်းလေးဒေသ, အင်းပေါ့ခုံရွာနေ ဒေါ်သဲနု၏သား သက်တော် (၂၁) နှစ်၊ သိက္ခာ(၁) ဝါရ ဦးကုလနန္ဒာဘာသ အရှင်သူမြတ်တို့ ဖြစ်ပေသည်။

ဦးဓမ္မပါလ အရှင်သူမြတ်သည် ဤနှစ်ကျင်းပသည့် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဓိုနိဂ္ဂဟ စာမေးပွဲတော်ကြီး၌ ပထမကျော်တန်းကို အောင်စဉ်နံပါတ် (၁) ဖြင့် ဖြေဆိုအောင်မြင်တော် မူခဲ့ပေသည်။

ဦးကုလနန္ဒာဘာသ အရှင်သူမြတ်မှာကား- ဤနှစ်ကျင်းပသည့် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနိဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး၌ ပထမကျော်တန်းကို အောင်စဉ်နံပါတ် (၁) ဖြင့် ပြန်ဆိုအောင်မြင်တော် မူပြီးနောက်၊ ၁၃၁၀-ခုနှစ်စာမေးပွဲတော်ကြီး၌ ညောင်ရွှေမြို့မ၊ ကန်ကြီး ပရိယတ္တိစာသင်တိုက်မှ ကန်ကြီး ပရိယတ္တိ နာယကဆရာတော် ဦးဝိမလာဘိဝံသ (မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ နိုင်ငံတော်အစိုးရ သာသနဓဇသိရိပဝရ ဓမ္မာစရိယ) ၏ တပည့် အဖြစ်ဖြင့် ပထမကျော်ဘန်းကို အောင်စဉ်နံပါတ် (၁) ဖြင့် ပင်ဆက်လက်၍ ဖြေဆိုအောင်မြင်တော် မူခဲ့ပေသည်။

စိမ်းလဲ့ကြည်ပြာ မြကန်သာဝယ် ရွှေဟသာ်ညီနောင်တို့သည် တောင်ပံကိုဝင့်ကာ တင့်တယ်စွာ ကွန့်မြူးကြဘိသကဲ့သို့၊ ဤအရှင်မြတ် နှစ်ပါးတို့သည်လည်း ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးတည်း ဟူသော မြကန်သာဝယ် အခြေခံ ခိုင်ကြံ့စွာ တိုးတက်လာသည့် ပရိယတ္တိစွမ်းရည်ထူးတို့ဖြင့် ကွန့်မြူးစံပယ်ကြကာ စာပြန်ပွဲတော်ကြီးကို တန်ဆာဆင်ကြသည့် သမိုင်း၏ "မှတ်တိုင် နှစ်ဆူအဖြစ်" စိုက်ထူအပ်သော ပထမကျော် နောင်ညီတော်တို့ပင် ဖြစ်ကြသည်တမုံ့။

## အနာဂတ်အရေး- မြှော်ထောက်တွေး

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဓိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးမှာ ၁၃၁၀- ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သောအကြိမ်ပေါင်း (၁၇) ကြိမ်တိတိ ရှိခဲ့လေပြီ၊ စာမေးပွဲတော်ကြီးမှာကား (၁၄)ကြိမ်တိတိရှိခဲ့လေပြီ၊ ယင်းသို့ဖြစ်၍ ကျင်းပခဲ့သော နှစ်လည်းများ၊ အကြိမ်လည်းများ၊ စာပွဲဝင်သံဃာတော် တို့သည်လည်း တနှစ်ထက်တနှစ်တိုးပွား ခဲ့ပေသည်။

ယင်းသို့နှစ်များ၊ အကြိမ်များ၊ သံသာတိုးပွားခဲ့သော်လည်း အောင်မြင်မှုကား ယုတ်လျော့သည်မရှိ၊ အဖက်ဖတ်မှ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိခဲ့ပေသည်၊ သို့ရာတွင် စာပွဲတော်ကြီးနှစ်ပွဲကို ဦးစီးဆောင်ရွက်တော်မူကြသော နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်တို့သည်လည်းကောင်း၊ ကိုယ်စားလှယ်တော် နယ်ချုပ်ကြီး စစ်ဆိုဘ၊ အမတ်ချုပ်ကြီး ဦးမောင်မောင်လတ် စသော လူကြီးတို့သည်လည်းကောင်း စာပွဲတော်ကြီးနှစ်ပွဲအစွန့်ရှည်စွာ တည်တံ့၍ နှစ်စဉ်မပျက် ကျင်းပနိုင်ရေးကို မြော်တွေးတော်မူကြပေသည်။

ထိုကြောင့် ၁၃၁၁- ခုနှစ်၊ နယုန်လ စာပွဲတော်ကြီး နှစ်ပွဲကျင်းပရေးအတွက် ယင်းနှစ်ကဆုန်လဆန်း (၈) ရက်နေ့တွင် ညောင်ရွှေမြို့ ဒေသစာရီ ကျောင်းတော်ကြီး၌ စာပြန်ပွဲတော်တော်ကြီး၏ နာယက, ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ကျောင်းထိုင်နာယက ဆရာတော်များနှင့် ကိုယ်စားလှယ်တော်ကြီး၊ အမတ်ချုပ်ကြီး စသော လူကြီးများပါဝင်သည့် အစည်းအဝေးကြီးတခုကို ကျင်းပ၍ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်တော်မူကြလေသည်။

## အစည်းအဝေး ဆုံးဖြတ်ချက်များ

၁။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ''ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲကို ၁၃၁၁- ခုနှစ်၊ နယုန်လတွင် ကျင်းပရန်။

၂။ စာပြန်ပွဲတော်ကြီးကို နေ့ရော ညဉ့်ပါ ကျင်းပရန်။

၃။ စာပြန်ပွဲတော်ကြီးအတွက် ငွေပေး ငွေရင်း (သီးသန့် ရန်ပုံငွေ)ကောက်ခံရေး အဖွဲ့ယဘွဲ့ ဖွဲ့၍၊ ရန်ပုံငွေကောက်ခံရန်၊

**အာဂုမ်ပြန်ပွဲ- နေ့ညဉ့်နှစ်**

အထက်ပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ ၁၃၁၁— ခုနှစ် (၁၅) ကြိမ်မြောက် ''ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး'' ကိုယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း နယုန်လဆန်း (၁၀) ရက်နေ့မှ (၁၄) ရက်နေ့အထိ ညောင်ရွှေဟော်နန်းတော်ဦး၌ ကျင်းပခဲ့ပေသည်။

စာပြန်ပွဲတော်ကြီးကိုမူ ယင်းနယုန်လဆုတ် (၁) ရက် (၂) ရက်နေ့တို့တွင် နံက်( ၇— နာရီမှ ၁၀— နာရီအထိ) တကြိမ်။ နေ့လယ် (၁၂- နာရီမှ

၄-နာရီအထိ) တကြိမ်၊ ည (၇-နာရီမှ ၁၀-နာရီအထိ) တကြိမ်ကျင်းပ၍ (၃) ရက်နေ့တွင် နံနက်တကြိမ်၊ နေ့တကြိမ်သာ၊ ကျင်းပပြီးလျှင်၊ ညဥ့်ပိုင်းတွင်ကား စာပွဲတော်ကြီးနှစ်ပွဲ၏ အောင်စာရင်းထုတ်ပြန်နိုင်ရေးနှင့် (၄)ရက်နေ့ အောင်ဆုနှင်းသဘင်ကြီး ကျင်းပနိုင်ရေးအတွက် နာယက ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်များနှင့် တာဝန်ရှိလူပုဂ္ဂိုလ်များက ပဋ္ဌာကိစ္စများကို ဆောင်ရွက်ကြလေသည်။

နယုန်လဆုတ် (၄) ရက်နေ့တွင် စာပွဲတော်ကြီးနှစ်ပွဲအတွက် အောင်စာရင်း ထုတ်ပြန်ပြီးလျှင်၊ နေ့လယ် (၁၂) နာရီ မှစ၍ အောင်ဆုနှင်းသဘင် အခမ်းအနားကြီး ဆက်လက်ကျင်းပလေသည်။

ယင်းသို့ဖြင့် ဆုံးဖြတ်ချက် အမှတ် ( ၁၊ ၂ ) တို့ကို ဆရာနှင့်ဒကာလက်တွဲ၍ အကောင်အထည်ပေါ်အောင် ညှိနှိုင်းဆောင်ရွက်ကြပြီးလျှင်၊ ဆုံးဖြတ်ချက်အမှတ် (၃)ကိုလည်း အောက်ပါအတိုင်း အကောင်အထည် ဖော်နဲ့ကြလေသည်။

စာပြန်ပွဲတော်ကြီး ရန်ပုံငွေ ကောက်ခံရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | အမတ်ချုပ်-ဦးမောင်မောင်လတ် | သာစည်ရပ် | ညောင်ရွှေမြို့ |
| ၂။ | ဘုရားဒကာ ဦးထွန်းအေး | မြို့လယ်ရပ် | ။ |
| ၃။ | ဘုရားဒကာ ဦးကြွယ် | ကန်သာရပ် | ။ |
| ၄။ | ရေအိမ်ဒကာ ဦးအောင် | ။ | ။ |
| ၅။ | ပွဲစား ဦးဆိုင်း | တောင်ရပ် | ။ |
| ၆။ | ပွဲစား ဦးဘိုးတင့် | ကန်သာရပ် | ။ |
| ၇။ | ဆရာ ဦးမျှင် | ဝင်းရပ် | ။ |
| ၈။ | ပွဲစား ကိုလေးအုံ | ။ | ။ |

အဖွဲ့ဝင်ပေါင်း (၈) ဦးပါဝင်သော ဤအဖွဲ့ငယ်သည် မြို့နယ်တွင်း မြို့နယ်ပရှိ စေတနာရှင်,သဒ္ဓါရှင် ဒါယကာ, ဒါယိကာမများထံမှ "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ" အတွက်ငွေပေါ် ငွေရင်း (သီးသန့်ရန်ပုံ)အလှူတော်ငွေများကို ကောက်ခံခဲ့လေသည်၊ ယင်းအဖွဲ့ငယ်၏ စေတနာဝန်ထမ်း ကြိုးပမ်းဆောင်ရွက်မှုသည်လည်း ဤစာပွဲတော်ကြီးနှစ်ပွဲအား တန်ဖိုးရှိလှသည့် ကျေးဇူးပြုမှု အထောက်အပံ့ကြီးတခု ဖြစ်ခဲ့လေသည်။

**နိုင်ငံတော်သမ္မတ– စာပြန်ပွဲတော်သို့ကြွလာခြင်း**

၁၃၁၁ - ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့ ဝိနယာဒိနုဂ္ဂဟ သံဃာ့အစည်းအဝေးကြီးမှ ချမှတ်တော်မူသည့် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ

တော် (ယာယီ) သမ္မတ စစ်ဌေးသိုက်အား ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်သို့ ကြွရောက်ကြည်ညိုရန်မေတ္တာရပ်ခံ ဖိတ်မန္တက ပြုရန်'' ဟူသောဆုံးဖြတ်ချက်အရ၊ သံဃာ့အစည်းအဝေးကြီး၏ ပေးအပ်သည့်တာဝန်ဖြင့် စာပြန်ပွဲတော်ကြီး၏ နာယက ဟဲယာရွာမ ဂိုဏ်းအုပ်ကျောင်းနီကျောင်း ဆရာတော်က နိုင်ငံတော်သမ္မတကြီးအား မေတ္တာရပ်ခံ ဖိတ်မန္တက ပြုခဲ့လေသည်။

ထိုနှစ်တွင် နိုင်ငံတော်သမ္မတကြီးသည် ''ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး''သို့ ကြွရောက်ကြည်ညိုကာ စာပြန်ပွဲတော်အောင် သံဃာတော်တို့အား ကိုယ်တိုင် အောင်လက်မှတ် ဆက်ကပ်ခြင်း၊ တရားတော်ကို နာယူခြင်း၊ ရေစက်ချ အမျှဝေခြင်းစသော သာသနာပြုကောင်းမှုများကို မြို့သူ-မြို့သား, နယ်သူ-နယ်သားတို့နှင့်အတူ ပြုလုပ်တော်မူခဲ့လေသတည်း။

**ကျမ်းစာချင်း လဲလှယ်ဖို့ရာ ခွင့်လမ်းသာ**

၁၃၁၂-ခုနှစ်၊ စာပြန်ပွဲတော်ကြီးတွင် (၁၃၁၀ ခုနှစ်) ပြဋ္ဌာန်းချက် ကျမ်းစာများကိုပင် ဆက်လက်၍ ပြဋ္ဌာန်းထားပေသည်၊ သို့ရာတွင် အနည်းငယ်ဖြည့်စွက်ခြင်း, နုတ်ပယ်ခြင်းများနှင့် မှတ်ချက်များ, အထူးခွင့်ပြုချက်များ ထပ်မံထည့်သွင်းထားသည်ကို တွေ့ရပေသည်။

သာမဏေမူလတန်း၌ အာဂုံပြန်ရန် ပရိတ်ကြီးပါဠိ အောက်သုံးသုတ်အစား ပရိတ်ကြီးပါဠိတစောင်လုံး အကုန်ဟုလည်းကောင်း၊ လောကနီတိအနက် အောက်ငါးကဏ္ဍအစား သောကနီတိ အနက် (၇) ကဏ္ဍလုံး အကုန်ဟုလည်းကောင်း ဖြည့်စွက်ထားပေသည်၊ ၎င်းအဖြေတန်း၌မူ လောကနီတိအောက်ငါးကဏ္ဍအစား (၇) ကဏ္ဍလုံး အကုန်ဟုသာ ဖြည့်စွက်ခဲ့ပေသည်။

သာမဏေ ပထမတန်းအာဂုံပြန်ကျမ်းစာများအနက် ပရိတ်ကြီးပါဠိအကုန်နှင့် သောကနီတိအထက် (ဆာဒနှင့် ပကိဏ္ဏက) နှစ်ကဏ္ဍကို နုတ်ပယ်လိုက်ပေသည်။

ထိုမှတပါး မှတ်ချက်များ၏နောက်တွင် အထူးခွင့်ပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားပေသည်။ ယင်းတို့ကား—

(က) ၁၃၀၉-ခုနှစ်၊ စာပြန်ပွဲတော်မှစ၍ သုံးနှစ်အတွင်း ပြန်ဖြေအောင်မြင်တော်မူပြီးသော ရဟန်းသာမဏေများအား မိမိတို့ အောင်မြင်ပြီးသော အတန်းမှ ဆက်လက်၍ အထက်သို့ အစဉ်အတိုင်း တိုးတက်ပြန်ဖြေရန်သာ ခွင့်ပြုသည်။

(ခ) အာဂုမ်ပြန် သာမဏေမူလတန်း၌ ပရိတ်ကြီးပါဠိတစောင်လုံး အစဉ်း၊ နမက္ကာရ၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်တို့ကို စုပေါင်း၍ ၎င်းလေးမျိုးစလုံး၏ အနက်သက်သက်တို့ဖြင့် လဲလှယ်ပြန်ဆိုရန် ခွင့်ပြုသည်။

ယခင် ၁၃၁၁-ခုနှစ်က စာမေးပွဲတော်ကြီးကို နယုန်လဆန်း (၁၀) ရက်နေ့မှ (၁၄) ရက်နေ့အထိ ကျင်းပခဲ့သော်လည်း၊ ယခု (၁၃၁၂-ခု)နှစ်၌မူ နယုန်လဆန်း (၁၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ နောက်သို့ တရက်ဆုတ်၍ ကျင်းပခဲ့ပေသည်၊ အာဂုမ်စာပြန်ပွဲတော်ကြီးကိုမူ ယခင်နှစ်က အစီအစဉ်အတိုင်းပင် နေ့ရောညဉ့်ပါ ကျင်းပခဲ့လေသည်။

**တဆင့်တဆင့်-စွမ်းရည်မြှင့်**

၁၂၉၀-ခုနှစ်ထုတ် စည်းမျဉ်းဥပဒေပုဒ်မ နံပါတ် (၃)၌ ပထမကျော်တန်း ဝင်ရောက်ပြန်ဆိုအောင်မြင်လျှင် "ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်တော်မူမည့်အပြင် ၎င်းအကျော်တန်းအောင် ပုဂ္ဂိုလ်၏ အမိအဘများကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပြဋ္ဌာန်းခဲ့ပေသည်။

တဖန် ၁၃၀၀-ပြည့်နှစ်ထုတ် စည်းမျဉ်းဥပဒေပုဒ်မ နံပါတ် (၃)၌မူ ပထမကျော်တန်း အာဂုမ်ပြန်နှင့် ၎င်းအတန်း ေးဖြေပွဲပါ နှစ်ပွဲစလုံး အောင်မြင်မှသာ "ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်တော်မူမည့် အပြင် ၎င်းတို့၏ အမိအဘရင်းများကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်-ဟု တဆင့်မြှင့်၍ ပြုပြင် ပြဋ္ဌာန်းခဲ့ပေသည်။

နောက်တဖန် ၁၃၀၉-ခုနှစ်၊ အတည်ပြုပြဋ္ဌာန်းသော စည်းမျဉ်းဥပဒေပုဒ်မ နံပါတ် (၁၂) (ဂ)၌မူကား-ထို့ထက်တဆင့် တိုးမြှင့်ကာ ပြောင်းလဲပြဋ္ဌာန်းခဲ့ပေသည်။

(ဂ) ၎င်းပြင် ပထမကျော်တန်း အာဂုမ်ပြန်ပွဲနှင့် ၎င်းအတန်း အဖြေပွဲနှစ်ပွဲစလုံးတို့၌ "ဝိသေသပထမကျော်"အဖြစ် အောင်မြင်သော ညောင်ရွှေနယ်ဇာတိ ပုဂ္ဂိုလ်တို့၏ မိဘအရင်းတို့ကိုလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ် အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိမ့်မည်။

စာချတန်း (ခေါ်) သဒ္ဓမ္မတန်း၌ ကျမ်းကုန်အောင်မြင်သော ပုဂ္ဂိုလ်အားလုံးတို့ကို သင့်လျော်သော( )တံဆိပ်တော်ကို လှူဒါန်း၍ "ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်ချီးမြှောက်တော်မူလိမ့်မည်။

ညောင်ရွှေနယ် ဇာတိပုဂ္ဂိုလ်အားလုံးတို့၏ မိဘအရင်းတို့အားလည်း ထမ်းဆောင်မြဲ ဖြစ်သောအရပ်ရပ် အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိမ့်မည်။

ယင်း စည်းမျဉ်းဥပဒေအရ၊ ပထမကျော်တန်း အာဂုမ်ပြန်ပွဲနှင့် ရေးဖြေပွဲ နှစ်ပွဲစလုံးတို့၌(စည်းမျဉ်းဥပဒေပုဒ်မ ၁၁-နှင့်အညီ) ''ဝိသေသပထမကျော်'' အဖြစ် အောင်မြင်လျှင် ညောင်ရွှေနယ်ဇာတိပုဂ္ဂိုလ်ဖြစ်မူ ၎င်းပုဂ္ဂိုလ်တို့၏ မိဘအရင်းတို့အားသာ ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းသာခွင့် ပေးမည်ဖြစ်သော်လည်း ''ဆရာတော်အဖြစ်'' အသိအမှတ်ပြု၍ ကိုးကွယ်မှုကိုကား မပြုသေးပေ။

ဓမ္မာစရိယစာချတန်း(ခေါ်)သတ္တမတန်း၌ ကျမ်းကုန်အောင်မြင်သည့်ပုဂ္ဂိုလ်များကိုသာ ''ဆရာတော်အဖြစ်'' အသိအမှတ်ပြု၍ ကိုးကွယ်မည့်အပြင် ညောင်ရွှေနယ်ဇာတိပုဂ္ဂိုလ်ဖြစ်မူကား-ယင်းပုဂ္ဂိုလ်တို့၏ မိဘအရင်းတို့အားလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ကိုပါ ပေးမည်ဖြစ်ပေသည်။

ဤသို့လျှင် အဆင့်အတန်း ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေသများကို အဆင့်ဆင့်တိုးမြှင့်၍ သတ်မှတ်ပြဋ္ဌာန်းခြင်းသည် စာသင်သားတို့၏ ပရိယတ္တိအခြေနှင့် စွမ်းရည်သတ္တိများ မြင့်မားလာစေရန် မြေတောင်မြှောက်ပေးခြင်းပင် ဖြစ်ပေသတည်း။

**ဝိနယာဒိဂ္ဂနုဟ-ဓမ္မာစရိယ ဆရာတော်များ**

ယင်းသို့ မြှင့်တင်ပေးခြင်းဖြင့် ''ရေမြင့်ကြာတင့်''ဟူဘိသကဲ့သို့ ''ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး''ဟူသော မင်္ဂလာကန်တော်ကြီးမှ စွမ်းပကားသတ္တိ ပရိယတ္တိဂုဏ်ရည်မြင့်မား ငွားငွားစွင့်စွင့် ပွင့်ပေါ်တော်မူခဲ့ကြသော အဆင်းရန့် သင်းပျံ့ကြိုင်လှိုင် ညောင်ရွှေနယ်ဇာတိ ''ဓမ္မာစရိယ-ရွှေကြာပန်းခိုင်များ''ကိုလည်း အားရရွှင်မြူး ညွတ်နူးသဒ္ဓါ ကြည်ညိုနိုင်ကြပါသည်။

၁။ ၁၃၁၀-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ သာလေးဘောင်ကျောင်းမှ သာလေးဘောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသ (မန္တလေးမြို့ ပရိယတ္တိသာသနဟိတ

ဓမ္မာစရိယ)၏တပည့်၊ အင်းလေးဒေသ၊ ဟဲယာရွာ၌၊ ရှေ့ရပ်ငယ်နေ ဘုရားဒကာ ဦးထွန်းစံ-ဘုရားအမ ဒေါ်ချိန်တို့၏သား သက်တော် ၂၇-နှစ် သိက္ခာ (၈) ဝါရ ဦးဇာရဝိက အရှင်သူမြတ်သည်လည်းကောင်း၊

၂။ ၁၃၁၁-ခုနှစ် ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ ညောင်ရွှေမြို့မ၊ ကန်ကြီး ပရိယတ္တိစာသင်တိုက်မှ ကန်ကြီး ပရိယတ္တိ နာယကဆရာတော် ဦးဝိမလာဘိဝံသ (မန္တလေးမြို့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ နိုင်ငံတော် အစိုးရ သာသနဓဇသိရီပဝရဓမ္မာစရိယ)၏ တပည့်၊ အင်းလေးဒေသ၊ အင်းပေါခုံရွာ၊ ဒေါ်သဲနု၏သား သက်တော် (၂၃) နှစ်၊ သိက္ခာ (၃) ဝါရ၊ ဦးကုလန္ဒောဘာသ အရှင်သူမြတ်သည်လည်းကောင်း၊

၃။ ၁၃၁၂-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ ညောင်ရွှေမြို့မ၊ ရွှေဂူကျောင်းတိုက်မှ ညောင်ရွှေ နယ်လေးရပ်လုံးဆိုင်ရာ သံဃရာဇာ ဂိုဏ်းချုပ် (ရွှေဂူ) ဆရာတော် ဦးအာစရ၏တပည့်၊ ညောင်ရွှေမြို့၊ ကန်သာရပ် ဆရာလုံ-ဒေါ်တုပ်တို့၏သား သက်တော်(၃၃) နှစ်၊ သိက္ခာတော် (၁၃)ဝါရ ဦးဓမ္မပ ာလ အရှင်သူမြတ်သည်လည်းကောင်း။

ဓမ္မာစရိယစာချတန်း (ခေါ်) သတ္တမတန်းကို ကျမ်းကုန် အောင်မြင်တော်မူကြသောကြောင့် ဖော်ပြပါ စည်းမျဉ်း ဥပဒေပုဒ်မ ၁၂ (၈)နှင့် ညီညွတ်ရကား "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူကြလျက် ညောင်ရွှေမြို့ သာသနဒါယကာ မဟာရာဇာ စော်ဘွားကြီး စဝ်ရွှေသိုက်၏ "ဆရာတော်အဖြစ်" အသိအမှတ်ပြု၍ ကိုးကွယ်ချီးမြှောက်မှုကို ခံယူရရှိတော်မူခဲ့ကြလေသည်။

ထို ဓမ္မာစရိယ အရှင်မြတ်သုံးပါးတို့မှာ ညောင်ရွှေနယ်ဇာတိသားချည်း ဖြစ်ကြသောကြောင့် ၎င်းတို့၏ မိဘအရင်းများမှာလည်း ထမ်းဆောင်မြဲဖြစ်သော အရပ်ရပ်အခွန်တော်တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိခဲ့ကြလေသည်။

အဇဋ္ဌာဝေဟင် ထက်ကောင်းကင်ဝယ် သုံးလုံးစင်ကြယ်တို့သည် ရှေ့နောက်စဉ်ဆင့် အလှမ်းသင့်လျက် ထွန်းတင့်သော ရောင်ဝါတို့ဖြင့် အာကာသနှင့် ကမ္ဘာလောကတခွင်ကို တန်းဆာဆင်ကာ သမုဒ်ပြင်ကျယ် ပင်လယ်ခရီးသွား လူအများတို့၏ မှတ်သားဖွယ်ရာ လမ်းညွှန်တာရာများ ဖြစ်ကုန်သကဲ့သို့ ဝိနယာဒိနုဂ္ဂဟ စာချတန်းအောင် ဓမ္မာစရိယ အရှင်မွန်သုံးပါးတို့သည်လည်း

သုံးလူ့ဖျားရှင်ပင်၏ သာသနာတော်ကြောင်းကင် သုံးအင်သော တာရာပထဝယ် ပရိယတ္တိသဒ္ဓမ္မဟူသော မူလ ဝိထိ ဝိနယာဝိနိစ္ဆယကလပ်တသွယ်မှ ထကြွင့်တယ် ဆုံး ထွန်းတောက်ကာ သျှာမရဋ္ဌကမ္ဘာဇနှင့် ဝိနယာဝိနိစ္ဆယ ပထမုဿာဝခေါ် စာပွဲတော်မဟာကို လှုပစ္စာ တန်းဆားဆင်ဘော်မူကြလျက် နိကာယဏ္ဍဝ ပိဋ္ဋက သမုဒ်ပြင်ကျယ် ပင်လယ်ခရီးသွား နောင်ညီတော် သောတုဇနအများတို့၏ မှတ်သားစံပြု အတုယူဖွယ် "သုံးလုံးစဉ်-လမ်းညွှန်ကြယ်များ" ဖြစ်ကြပေ သတည်း။

## ရှမ်းပြည်နယ် အစိုးရ အချီးကျူကူညီ

၁၃၁၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇၊ ၈၊ ၉) ရက်များမှာ အင်လေးဒေသ နမ့်ဟူးကျောင်းတော်မှ ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီ ကြွချီတော်မူ၍ ညောင်ရွှေမြို့ အဋ္ဌဒီသာဝမ္ဘဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီး၌ ညဉ့်ကျိန်းစက်စံပယ်တော်မူသည့်အချိန် ဖြစ်ပေသည်။

ထိုအချိန်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ "နိုင်ငံတော် (ယာယီ)သမ္မတ ညောင်ရွှေစော်ဘွားကြီး စင်ရှေသိုက်သည် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များကို ဖူးမျှော်ရန်အတွက်လည်းကောင်း၊ ဆရာတော် သံဃာ တော်တို့အား ဖူးမျှော်ကန်တော့ရန် နှင့် ဆွေးနွေးလျှောက်ထားရန် အတွက် လည်းကောင်း၊ ရန်ကုန်မြို့တော်မှ ညောင်ရွှေမြို့သို့ ခေတ္တပြန်လည်ရောက်ရှိနေ ပေသည်။

နိုင်ငံတော်သမ္မတကြီး၏ ပင့်လျှောက်ချက်အရ ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဝိနည်းဓိုရ်ဆရာတော်များ၊ ဝိနယာဝိ နိစ္ဆယ စာပြန်ပွဲတော်ကြီး၏ တာဝန်ခံ ဆရာတော်များသည် ယင်းလဆန်း (၁၀)ရက်နေ့တွင် ညောင်ရွှေမြို့သို့ ကြွရောက်တော်မူလာကြပြီးလျှင် "ရှမ်းပြည် နယ်လုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး"ကို ညောင်ရွှေဟော်နန်းတော်ဦး၌ ကျင်းပတော်မူကြလေသည်။

ထိုအစည်းအဝေးကြီး၌ နိုင်ငံတော်သမ္မတကြီးနှင့်အတူ နယ်ဖက်ဆိုင်ရာ လူကြီးများ၊ သာသနာရေးဖက်ဆိုင်ရာ လူကြီးများ၊ ရပ်ကွက်လူကြီးများ၊ ကျေးရွာလူကြီးများလည်း ပါဝင်ကြလေသည်။

သံဃာတော်များ၏ အဓိက ဆွေးနွေးတော်မူချက်သည်လည်းကောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် မြို့ရွာလူကြီးများ၏ အဓိက ဆွေးနွေးချက်သည်

လည်းကောင်း၊ ရှမ်းပြည်နယ် တဝှန်းလုံး၌ ပရိယတ္တိ သာသနာတော်ကြီး တိုးတက်ပြန့်ပွါးရေးနှင့် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ နှစ်စဉ်မပျက် ကျင်းပနိုင်ရေးပင် ဖြစ်ပေသည်။

ယင်းသို့ သဘောရှိသော ပရိယတ္တိသာသနာရေးအတွက် နိုင်ငံတော် သမ္ဗုတကြီး၏ အကြံပေးချက်တရပ်မှာ—

> "၁၃၁၂-ခု (၁၉၅၀) ခုနှစ်တွင် ရန်ကုန်မြို့၌ နိုင်ငံတော် ဗုဒ္ဓ သာသနအဖွဲ့ "အက်ဥပဒေများ"ကို အတည်ပြုထားပြီး ဖြစ်ကြောင်း၊ သို့အတွက် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပွဲတော် ကြီးနှစ်ပွဲ၏ အခြေအနေများကို တင်ပြ၍ အကူအညီပေးရန် မေတ္တာ ရပ်ခံသင့်ကြောင်း"

စသည်များ ဖြစ်ပေသည်။

ယင်းအကြံပေးချက်အရ၊ ၁၉၅၁-ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့စွဲပါ စာအမှတ်(၁၄၄၆) ဖြင့် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲအတွက် အကူအညီပေးရန် စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌ၊ ကိုယ်စားလှယ်တော် သားတော်ကြီး စဝ်ဆိုင်ဖ၏ကိုယ်စား ဒုတိယဥက္ကဋ္ဌ အမတ်ချုပ်ကြီး ဦးမောင်မောင်လတ်က တောင်ကြီးမြို့ မဇ္ဈိမဝန်ထောက်မင်း နှင့် အရေးပိုင်မင်းထံမှတဆင့် ရှမ်းပြည်နယ်အစိုးရ သာသနာပြုစုစောင့်ရှောက် ရေးအဖွဲ့ သဘာပတိထံသို့ လွန်ခဲ့သော ငါးနှစ်အတွင်း ကျင်းပပြီးစီးခဲ့သော ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟစာပွဲတော်ကြီးနှစ်ပွဲ၏ တနှစ် တနှစ်ကုန်ကျခဲ့သည့် "အရ-အသုံး စာရင်းရှင်းတမ်းများ"ကို ဖော်ပြ၍ အကူအညီပေးရန် မေတ္တာရပ်ခံခဲ့လေသည်။

ယင်းသို့ မေတ္တာရပ်ခံချက်အရ၊ ရှမ်းပြည်နယ်အစိုးရ သာသနာပြုစု စောင့်ရှောက်ရေးအဖွဲ့ကလည်း ထိုနှစ်မှစ၍ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေ မြို့ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်ကြီးအတွက် နဝကမ္မအလှူတော်များကို နှစ်စဉ် အချိုးကျ ကူညီလှူဒါန်းခဲ့လေသည်။

**နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ညီလာခံကြီး၌**

၁၉၅၀-ခုနှစ်၊ အောက်တိုဘာလ ၃-ရက်၊ (၁၃၁၂-ခုနှစ်၊ တော်သ လင်းလဆုတ်-၇ရက်) အင်္ဂါနေ့တွင် ၁၁-ကြိမ်မြောက် မြန်မာနိုင်ငံ တိုင်းပြု ပြည်ပြုလွှတ်တော် ညီလာခံကြီး၌ သာသနာရေးဌာနဝန်ကြီး ဦးထွန်းဖေက

တင်သွင်း၍ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်များအားလုံး သဘောတူ ထောက်ခံ အတည်ပြုပေးခဲ့သော "နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ" အရ-၁၉၅၁-ခုနှစ် ဩဂုတ်လ ၂၆ ရက်၊ (၁၃၁၃-ခုနှစ်၊ ဝါခေါင်လဆုတ် ၉-ရက်)တနင်္ဂနွေနေ့ တွင်ပထမဆုံးအကြိမ်နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ညီလာခံ ကြီးကို ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပလေသည်။

ယင်းညီလာခံကြီးသို့ သာသနာရေးဌာန ဝန်ကြီးသစ်ဦးဝင်း၊ သတိုးသီရိသုဓမ္မ သရေကြီးဆရာ-ဦးသွင်၊ တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီး သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး ဦးချန်ထွန်း အစရှိသော ပုဂ္ဂိုလ်ကြီးများ၊ ခရိုင်အသီးသီးမှ ဗုဒ္ဓသာသနာအဖွဲ့ ကိုယ်စားလှယ်တော်ပေါင်း (၅၁)ဦး တက်ရောက်လေသည်၊ ယင်းညီလာခံကြီး၌ပင် အဖွဲ့ဝင်ပေါင်း(၆၇)ဦးပါဝင်သည့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးကို ဖွဲ့စည်း၍ သရေကြီးဆရာ-ဦးသွင်က ဥက္ကဋ္ဌ၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီး ဦးသိမ်းမောင်က ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်လူကြီး (၂၇)ဦးကိုလည်း ရွေးကောက်တင်မြှောက်ကြလေသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၌ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်တော် (၅)ဦး ပါဝင်ရာ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဓိနိဂ္ဂဟ စာပြန်ပွဲ တော်ကြီး၏ ကိုယ်စားလှယ်တော်အဖြစ် ညောင်ရွှေနယ်ချုပ်, သားတော်ကြီး စပ်ဆိုင်ဖကို ရွေးချယ်ထားသော်လည်း သားတော်ကြီးစပ်ဆိုင်ဖမှာ မကျန်းမာသဖြင့်ယင်း၏ကိုယ်စားညောင်ရွှေနယ်အမတ်ချုပ်ကြီးဦးမောင်မောင်လတ်က အဆိုပါညီလာခံကြီးသို့ တက်ရောက်ခဲ့လေသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အက်-ဥပဒေအရ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ပရိယတ္တိအဖွဲ့ငယ်မှ ဆောင်ရွက်ရန် ဆုံးဖြတ်ချမှတ်ထားသော လုပ်ငန်းစဉ်(၁၀)မျိုးအနက် "ဘုန်းတော်ကြီးများအတွက် အမြို့မြို့တွင် ကျင်းပလျက်ရှိသော ပရိယတ္တိစာမေးပွဲများကို အားပေးရန်" ဟူသော အမှတ် (၇)ဆုံးဖြတ်ချက်နှင့်အညီ-ရှမ်းပြည်လုံးဆိုင်ရာညောင်ရွှေမြို့ဝိနယာဓိနိဂ္ဂဟ စာပွဲ တော်ကြီး နှစ်ပွဲ၏အခြေအနေနှင့် နှစ်စဉ်အလိုက် ပြန်×ဖြေတော်မူကြသည့် သံဃာတော်များစာရင်းကို အထက်ပါညီလာခံကြီး၌ပင် အမတ်ချုပ်ကြီး ဦးမောင်မောင်လတ်က တင်ပြခဲ့လေသည်။

ဦးမောင်မောင်လတ်သည် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဓိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးကို စတင်ကျင်းပခဲ့သည့် ၁၂၉၄-ခုနှစ်မှစ၍ ညောင်

ရွှေနယ်အမတ်ချုပ်ကြီးရာထူးမှ ပင်စင်အငြိမ်းစားယူသည့်-၁၃၁၇-ခုနှစ် အထိ (၂၃) နှစ်ဆဲ့သုံးနှစ်ကျော်ကာလပတ်လုံး ညောင်ရွှေစေတ်ဘုရားကြီးစင်ရွှေသိုက် နှင့်လည်းကောင်း၊ သားတော်ကြီး စပ်ဆိုင်ဖနှင့်လည်းကောင်း အတူဘက္က ဘဝမကွာ ပါဝင်ဆောင်ရွက်ခဲ့သည့် သာသနာ့အကျိုးတော်ဆောင် ပုဂ္ဂိုလ် ကြီးတဦးဖြစ်ပေသည်၊ ၁၉၅၁၊၅၂-ခုနှစ် ကိုယ်စားလှယ်တော် သားတော် ကြီး ခွင့်ရက်ရှည်ယူသည့်အခိုက်တွင် ညောင်ရွှေနယ်ချုပ် အဖြစ်ဖြင့်လည်း စာပြန်ပွဲတော်ကြီးကိစ္စများကို ဆောင်ရွက်ခဲ့ပေသည်။

လွှတ်တော် နာယက စာပြန်ပွဲတော်သို့ကြွလာခြင်း

၁၉၅၁-ခုနှစ်၊(ဇွန်လမှ နိုဝင်ဘာလအထိ) ခြောက်လခန့်ကြာ ကျင်းပ ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်လုံးကျွတ် အထွေ ထွေရွေးကောက်ပွဲကြီး ပြီးသောအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ (၁) ပြည်သူ့လွှတ်တော်၊ (၂) လူမျိုးစုလွှတ်တော်-ဟု လွှတ်တော်နှစ်ရပ် ပေါ်ပေါက်လာလေသည်။

ထိုအခါ ညောင်ရွှေစေတ်ဘုရားကြီး စင်ရွှေသိုက်မှာ လူမျိုးစုလွှတ်တော် နာယကကြီးဖြစ်လာပေသည်။

၁၃၁၄-ခုနှစ်၊ကဆုန်လဆန်း (၁၂)ရက်နေ့ ညောင်ရွှေမြို့ရတနာမာရ် အောင်စေတီတော်ကြီး၏ အရှေ့မုခ်အာရုံခံအတွင်း၌ ညောင်ရွှေမြို့နယ်ဖက် ဆိုင်ရာလူကြီးများ၊ သာသနာရေးဖက်ဆိုင်ရာ လူကြီးများ၊ ရပ်ကွက်လူကြီး များ၊ ကျောင်းဦးဘုရားဒကာများ အစည်းအဝေးတရပ် ကျင်းပကြလေ သည်။

ယင်းအစည်းအဝေးကြီး၏ တခဲနက်ပေးချက်အရ၊ ညောင်ရွှေနယ် အမတ်ချုပ်ကြီးရုံးမှ စာရေးကြီးဦးခင်၊ ညောင်ရွှေမြို့-မြို့လယ်ရပ် ကျောင်းအုပ် ဆရာကြီး ဦးညွှာ၊ ကန်သာရပ် ဘုရားဒကာဦးကြွယ်နှင့် သာသနာရေးဌာနရုံး တော်မှ မဟာဒါန်ဝန် ဦးထွန်းလှိုင်တို့က လူမျိုးစုလွှတ်တော် နာယကကြီး အား ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနဂ္ဂဟ စာပြန်ပွဲတော်ကြီးသို့ ကြွရောက်ကြည့်ရှုရန် တာဝန်ခံ၍ ဖိတ်မန္တကပြုကြလေသည်။

လူမျိုးစုလွှတ်တော်နာယကကြီး စင်ရွှေသိုက်သည် ၁၃၁၄-ခုနှစ် စာ ပြန်ပွဲတော်ကြီးမကျင်းပမီကပင် ရန်ကုန်မြို့တော်မှ ညောင်ရွှေမြို့သို့ပြန်လာပြီး လျှင် နယုန်လဆန်း (၅)ရက်နေ့တွင် ညောင်ရွှေမြို့ဟော်နန်းတော်ဦး၌ သံဃာ တော်တို့အား ပင့်ပန်ကာဆွမ်းကမ်လှူဒါန်းခြင်း၊ စာပြန်ပွဲတော်ဆိုင်ရာ လူကြီး

များ၊ ရပ်ကွက်လူကြီးများအားဖိတ်မံကာ ထမင်းစသည်ဖြင့် ကျွေးမွေးခြင်း၊ တရား ဆွေးနွေးခြင်း၊ တရားတော်နာခြင်းစသည်များကို ပြုလုပ်လေသည်။

ထိုနှစ် နယုန်လဆန်း(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ ကျင်းပသော (၁၀)ကြိမ်မြောက် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီးနှင့် (၂၁) ကြိမ်မြောက် အာဂုံစာပြန်ပွဲတော်ကြီး နှစ်ပွဲ၌လည်း ကြွရောက်တော်မူလာကြသည့် သံဃာတော်(၆၃၀) ကျော်တို့အား ကြည်ညိုလေးစားယံပါးနိုကပ် ပျပ်ဝပ်လုပ်ကျွေးခဲ့လေသည်၊ နယုန်လဆုတ် (၄) ရက်နေ့ အောင်ဆုနှင်းသဘင်ကြီး၌ စာပြန်ပွဲတော်အောင် သံဃာတော်တို့အား ကိုယ်တိုင် အောင်လက်မှတ်များ ဆက်ကပ်ပြီးလျှင် ကြွရောက်လာကြသည့် ဧည့်ပရိသတ်များနှင့်အတူ တရားတော်ကိုနာယူခဲ့လေသည်။

၁၃၁၅-ခုနှစ် စည်းဝေးဆုံးဖြတ်ချက်များ

လူမျိုးစုလွှတ်တော် နာယကညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲအတွက် စီမံဆောင်ရွက်ရန် ၁၃၁၅-ခုနှစ် ကဆုန်လတွင် ရန်ကုန်မြို့တော်မှ ညောင်ရွှေမြို့သို့ ဒုတိယအကြိမ် ပြန်လာလေသည်။

ယင်းနှစ် နယုန်လဆန်း (၁)ရက်နေ့ (၁၂)နာရီအချိန်တွင် စာပွဲတော် တော်ကြီး နှစ်ပွဲ၏ နာယကဆရာတော်ကြီးများ, ဥက္ကဋ္ဌဆရာတော်ကြီးများ,အကျိုးတော်ဆောင် ဆရာတော်များ, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်အချို့နှင့် စာပြန်ပွဲတော်ဆိုင်ရာ လူကြီးများကို ဖိတ်မန္တကပြုပြီးလျှင် ညောင်ရွှေမြို့ အဠဒိသာဓမ္မဝိဟာရဒေသစာရီ မကျောင်းတော်ကြီး၌ အစည်းအဝေးကြီးကို ကျင်းပလေသည်၊ ယင်းအစည်းအဝေးကြီးက ၁၃၁၅-ခုနှစ်ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲအတွက် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်တော်မူခဲ့လေသည်။

၁။ စာမေးပွဲတော်ကြီးကို ၁၃၁၅-ခုနှစ် နယုန်လဆန်း (၁၂) ရက်နေ့မှ ၎င်း (၁၅) ရက်နေ့အထိ ညောင်ရွှေဟော်ဦး၌ ကျင်းပပြီးလျှင် စာပြန်ပွဲတော်ကြီးကို နယုန်လပြည့်ကျော် (၁) ရက်နေ့မှ (၃) ရက်နေ့အထိ ဒေသစာရီကျောင်းတော်ကြီး၌ နေ့ရောညဥ့်ပါ ကျင်းပရန်။

၂။ စာမေးပွဲတော်ကျင်းပသည့် (၄)ရက်၊ စာပြန်ပွဲတော်ကျင်းပသည့် (၄)ရက်၊ ပေါင်း (၈) ရက်ပတ်လုံး သံဃာတော် (၅၀၀)

ကျော်တို့အား ညောင်ရွှေ မြို့မ ရှစ်ရပ်ကွက်ရှိ ဆွမ်းဒါယကာ-ဒါယိကာမများက တာဝန်ခံ၍ ဆွမ်းခဲဖွယ်များ ဆက်ကပ်ရန်။

၃။ စာပြန်ပွဲကော်ကြီး အရှည်တည်တံ့ရေးအတွက် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များက မိမိတို့ ဂိုဏ်းအတွင်းရှိ ကျောင်းတိုက် နာယကဆရာတော်များထံမှတဆင့် ဒကာ ဒကာမတို့အား ပရိယတ္တိ ရံပုံငွေပင်ငွေရင်းများ လှူဒါန်းရေးအတွက် ဟောပြောတော်မူကြရန်။

၄။ စာပွဲတော်ကြီးနှစ်ပွဲ ကျင်းပနေသည့်ရက်အတွင်း သံဃာတော် (၅၀၀) ကျော်တို့အား သီးသန့် ဆွမ်းကပ်လိုသည့် ဒကာများရှိက သံဃာတော်အပါး (၅၀၀) အတွက် တရက်လျှင် ပျမ်းမျှ ငွေ (၁၅၀၀) (တထောင့်ငါးရာကျပ်) ဖြင့် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း ဟောပြောတိုက်တွန်းတော်မူရန်။

၅။ သီးသန့် ဆွမ်းကပ်လှူဒါန်းလိုသော ဒကာ-ဒကာမများပေါ်ပေါက်လာလျှင် ယခင်နှစ်များကကဲ့သို့ ညောင်ရွှေမြို့မ (၈) ရပ်ကွက်နှင့် တွဲဖက်၍ ဆက်ကပ်လှူဒါန်းရန်။

၆။ နောင်လာမည့်နှစ်များ၌ ဤဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး အစည်းအဝေးသို့ သက်ဆိုင်ရာဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်များအားလုံးကို ပင့်လျှောက်ရန်။

## အတိတ်ကာလနှင့် ပစ္စက္ခအခြေအနေ

အထက်ပါ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အတိတ်ကာလက ဆောင်ရွက်ခဲ့ကြသည်ကို ပြန်လည်ဖော်ပြရန် လိုအပ်ပေသည်၊ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကို စတင်ကျင်းပစဉ်က ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ကိုယ်တိုင် ကြီးမှူး၍ ကျင်းပလေသည်၊ စာပြန်ပွဲတော်ကြီး ကျင်းပရေးအတွက် ကုန်ကျသည့် ငွေကြေးများကိုလည်း စော်ဘွားကြီးစဝ်ရွှေသိုက်ကသာ မဟုတ်ဘဲ မယ်တော်ဘုရား၊ မဟာဒေဝီ သခင်မကြီး အစရှိသော ဆွေတော်မျိုးတော်များ၊ ညောင်ရွှေမြို့မဌာန၊ ဆင်ခြေဖုံးဌာန၊ ညောင်ရွှေနယ် အရွှေသက်ဌာန၊ အနောက်လက် ဟဲဟိုးဌာန၊ သီကျစ်ဌာန၊ အင်းတိမ်ဌာန အစရှိသော ဌာနပေါင်းစုံမှ ထည့်ဝင်လှူဒါန်းကြသည့်

ငွေများ၊ ညောင်ရွှေမြို့မ ရှစ်ရပ်ကွက်မှ ထည့်ဝင်လှူဒါန်းသည့် ငွေများဖြင့် စာပွဲတော်ကြီးနှစ်ပွဲကို တင့်တင့်တယ်တယ် ကျင်းပနိုင်ခဲ့ပေသည်။

စာမေးပွဲတော်ကြီးနှင့် စာပြန်ပွဲတော်ကြီးနှစ်ပွဲ ပူးတွဲကျင်းပသည့်အခါ စာမေးပွဲတော်ကြီး ကျင်းပသည့်ရက်များ၌ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင်, ပုစ္ဆကစသော ဆရာတော်များနှင့် စာဖြေသံဃာတော်တို့အား ညောင်ရွှေစော်ဘွားကြီး ဇင်ရွှေသိုက်ကငင် နေ့စဉ် နံနက်ဆွမ်း၊ နေ့ဆွမ်းနှင့် ခဲဖွယ်များကို ဆက်ကပ်လှူဒါန်းပေသည်။

စာပြန်ပွဲတော်ကြီး ကျင်းပသည့် ရက်များ၌မူကား- ညောင်ရွှေမြို့မ ရှစ်ရပ်ကွက်မှ ဒကာ-ဒကာမများက သံဃာတော်အားလုံးအား နေ့စဉ် နံနက်ဆွမ်း၊ နေ့ဆွမ်း ခဲဖွယ်များ ဆက်ကပ်လှူဒါန်းကြစမြဲ ဖြစ်ပေသည်၊ သည်မျှသာမကသေး၊ ညနေပိုင်းနှင့် ညဉ့်ဦးပိုင်းအချိန်၌လည်း သံဃာတော်တို့အား ဧတုမဓူဆေး၊ ခြောက်ပါးဆေးရည်၊ ရှင်ဗာကူဆေးရည်၊ သကြား၊ ကြံသကာ၊ ချင်းသုပ်၊ ထန်းလျက်စသော ဆေးများ၊ ဥသျှစ်၊ ပန်ကျည်း၊ ဇီးဖျော်ရည်၊ ရှာလဘတ်ရည်၊ ချင်းရည်စသော အဖျော်ယမကာများအပြင်၊ သောက်တော်ရေ, သုံးတော်ရေများကို သံဃာတော်များ တည်းခိုရာ ကျောင်းများသို့ စုပေါင်းသွားရောက်၍ ဆက်ကပ်ကြလေသည်၊ သံဃာတော်တို့၏ ဝေယျာဝစ္စများကို နေ့ညမရွေး လေးလေးစားစား ဆောင်ရွက်ကြပေသည်။

စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင် ဆင်ယင်ပြီးသည့် နောက်ဘရက်မှာလည်း ညောင်ရွှေစော်ဘွားကြီးသည် စာပွဲတော်ကြီး နှစ်ပွဲသို့ ကြွရောက်တော်မူလာကြသည့် သံဃာတော်အားလုံးတို့အား ဟော်နန်းတော်၌ နံနက်ဆွမ်း, နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းလေသည်။

ဤကဲ့သို့ ပြုစုလှူဒါန်းကြခြင်းမှာ တနှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ်၊ စာပြန်ပွဲတော်ကြီး စတင်ကျင်းပခဲ့သည့်နှစ်မှစ၍ နှစ်စဉ်မပြတ်လှူဒါန်းပြုစုမြဲ နိစ္စဗဒ်ဝတ်ကြီးပင် ဖြစ်ပေသည်။

သို့ရာတွင် မျက်မှောက်ခေတ် အခြေအနေများမှာ ယခင်ယခင်နှစ်များ၏ အခြေအနေများနှင့်မတူ အဖက်ဖက်မှ ပြောင်းလဲမှု, တိုးတက်မှုများရှိလာပေသည်၊ မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်လာသည်နှင့်အတူ ညောင်ရွှေနယ်ပါဝင်သည့် ရှမ်းပြည်

သည်လည်း လွှတ်လပ်သော ပြည်ထောင်စုတွင် ပါဝင်သည့် "ပြည်နယ်ကြီး တခု" အဖြစ် တိုးတက်လာပေသည်။

ရှမ်းပြည်နယ်အတွင်းရှိ သံဃာတော်တို့၏ ပရိယတ္တိစာပေ သင်ကြားရေးသည်လည်း ယခင်ကအခြေချ၍ မြှော်မှန်းခဲ့ကြသည့်အတိုင်း များစွာတိုးတက်လာပေသည်၊ ယင်းသို့ တိုးတက်လာသည်နှင့်အမျှ စာပွဲတော်ကြီးနှစ်ပွဲသို့ ဝင်ရောက် ပြန်-ဖြေတော်မူကြသည့် သံဃာတော်တို့၏ အရေအတွက်မှာလည်း ယခင်ကထက် အဆပေါင်းများစွာ တိုးတက်များပြားလာလေသည်၊ အရေအတွက်သာမက အရည်အချင်းပါ တိုးတက်လာကြောင်းကို လွန်ခဲ့သောအခန်းများ၌ ဖော်ပြခဲ့ပြီးဖြစ်သည့် အောင်မြင်မှုများကို ထောက်ဆ၍ သိနိုင်ပေသည်။

စာပြန်ပွဲတော်ကြီးသည်လည်း ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးမျှသာမကတော့ "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်ကြီး"ဟူသော အဆင့်သို့ပင် တိုးတက်ပြောင်းလဲခဲ့လေပြီ၊ ထို့ပြင် စာပွဲတော်ကြီးနှစ်ပွဲကို လက်မှန်မဆွဲ အစပကာတူး ကြီးမှူးကာ တည်ထောင်ကျင်းပခဲ့သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည်လည်း "နိုင်ငံတော်(ယာယီ)သမ္မတကြီး" အဖြစ်သို့လည်းကောင်း၊ "လူမျိုးစုံ လွှတ်တော်နာယကကြီး"အဖြစ်သို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အထွတ်အထိပ်သို့ရောက်အောင် တိုးတက်ခဲ့လေပြီ။

ယင်းသို့ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အထွတ်အထိပ်သို့ရောက်ခဲ့သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ရန်ကုန်မြို့တော်ကြီး၌ နှစ်ရှည်လများ နေထိုင်ကာ တိုင်းပြည်၏အကျိုးကို ဆောင်ရွက်နေသည်ဖြစ်ရကား ညောင်ရွှေမြို့၌ စော်ဘွားကြီးတည်ထောင်ခဲ့သော စာပွဲတော်ကြီးနှစ်ပွဲကို ယခင်ကကဲ့သို့ ကိုယ်တိုင် ကိုယ်ဖိရင်ဖိ ဝါယာမစိုက်ကာ ကြီးမှူးကျင်းပရန် မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် ရှိပေသည်။

သို့ရာတွင် စော်ဘွားကြီး စဝ်ရွှေသိုက်သည် စာပွဲတော်ကြီးနှစ်ပွဲကို ကိုယ်တိုင်ကြီးမှူး၍ မကျင်းပနိုင်သော်လည်း စာပွဲတော်ကြီး အမြဲရှည်ကြာတည်တံ့ရေးနှင့် ရှမ်းပြည်နယ်တဝှမ်း ပရိယတ္တိသာသနာတော်ကြီး ပြန့်ပွါးတိုးတက် ထွန်းလင်းရေးကိုမူ အစဉ်ထာဝရ လိုလားတောင့်တသည့် ဆန္ဒမွန်ရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်၊ ထို့ကြောင့် ဖော်ပြပါ အစည်းအဝေးကြီးကို

ပင့်ဖိတ်၍ ဆွေးနွေးခဲ့ရာမှ အထက်ပါ ဆုံးဖြတ်ချက်များ ပေါ်ထွက်လာ လေသည်။

ယင်း စည်းဝေးဆုံးဖြတ်ချက်အပိုဒ် (၃) အရ၊ ထိုနှစ်မှာပင် လူမျိုးစု လွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ရှမ်းပြည်လုံး ဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ အရှည်တည်တံ့တိုး တက်ရေးအတွက် "ပရိယတ္တိ သီးသန့်ရံပုံ" ငွေပင်ငွေရင်း ၂၀၀၀၀ိ/(ကျပ် နှစ်သောင်း)ကို ထည့်ဝင်လှူဒါန်းခဲ့ပေသည်။

၁၃၁၅-ခုနှစ် စာပြန်ပွဲတော်ကြီး၌ သီးသန့်ဆွမ်းလှူသည့် ဂိုဏ်းများ

၁။ အင်းလေး၊ ဟဲယာရွာမဂိုဏ်း ဆွမ်းတရက် ၁၅၀ိ။

၂။ အင်းလေး၊ မိုင်းပျိုးဂိုဏ်း၊ တောင်တိုဂိုဏ်း၊ နမ့်ဒုံဂိုဏ်း ၁၅၀ိ။

၃။ အင်းလေး၊ အင်းပော်မ်ဂိုဏ်းနှင့် လွယ်မောဂိုဏ်း ၁၅၀ိ။

၄။ ရွှေမောဆရာတော်ဘုရားကြီးအမှူးရှိသော ညောင်ရွှေ မြို့မဂိုဏ်း (ဆင်ခြေဖုံး) ၁၅၀ိ။

မော်ကွန်းတင်အပ်-မှန်မြတ်စေတနာ

၁၃၁၆-ခုနှစ်မှာ ဝါထပ်သဖြင့် ပထမဝါဆိုလဆန်း (၁၂) ရက်မှ စ၍ရှင်း လပြည့်ကျော် (၄)ရက်နေ့အထိ၊ စာပွဲတော်ကြီး နှစ်ပွဲကို ယခင် နှစ်က ချမှတ်ခဲ့သည့် အစီအစဉ်အတိုင်းကျင်းပလေသည်၊ သို့ရာတွင် သံဃာ တော်တို့အားဆွမ်းကပ်ဆာ္ဍာနနှင့် ပတ်သက်၍ အနည်းငယ်ထူးခြားမှုရှိသည်ကို တွေ့ရပေသည်။

စာပြန်ပွဲတော်ကြီးကို ဟော်နန်းတော်ဦး၌ စတင်ကျင်းပသည့် ၁၃၀၉- ခုနှစ်မှစ၍ နာယက၊ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ ပုစ္ဆကဆရာတော်များနှင့် အတူ စာမေးပွဲဝင်သံဃာတော်အားလုံးတို့ကို ဟော်နန်းတော်ဦး၌ပင် နံနက် ဆွမ်း၊ နေ့ဆွမ်းခဲဖွယ်များဆက်ကပ်ခဲ့သော်လည်း ယခုနှစ်မှာမူ နာယက၊ဥက္က ဋ္ဌ၊ အကျိုးတော်ဆောင်၊ ပုစ္ဆကဆရာတော်တို့ကိုသာ ဟော်နန်းတော်ဦး၌ ဆွမ်း ခဲဖွယ်များဆက်ကပ်၍ စာဖြေသံဃာတို့ကိုမူ ရတနာမာရ်အောင် စေတီတော် ကြီး၏ အာရုံခံအတွင်း၌ ဆွမ်းခဲဖွယ်များဆက်ကပ်လေသည်။

ယင်းသို့ နှစ်ဌာနခွဲ၍ ဆွမ်းခဲဖွယ်များဆက်ကပ်ရန် တာဝန်ကိုညောင်ရွှေမြို့မ ရှစ်ရပ်ကွက်မှ အရပ်လူကြီးများနှင့် ရပ်ကွက်သူ-ရပ်ကွက်သားများက အလှည့်ကျတာဝန်ယူကာ ဆောင်ရွက်ခဲ့ကြလေသည်၊ယင်းသို့ နှစ်ဌာနခွဲ၍ ဆောင်ရွက်ခဲ့ကြ ရသောကြောင့် ၁၃၁၇–ခုနှစ် စာပွဲတော်ကြီးနှစ်ပွဲ ကျင်းပရေး အစည်းအဝေးကြီးက ညောင်ရွှေမြို့မ ရှစ်ရပ်ကွက်ရှိ အရပ်လူကြီးများနှင့် အရပ်သူ– အရပ်သားတို့၏ မွန်မြတ်လှသည့်စေတနာများကို အောက်ပါအတိုင်း မှတ်တမ်းတင် ထားပေသည်။

"ယခင်(၁၃၁၆-ခု) နှစ်စာပြန်ပွဲတော်ကြီး ကျင်းပစဉ်က စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင်, ပုစ္ဆကဆရာတော်တို့အား ဟော်နန်းတော်ဦး၌လည်းကောင်း၊စာဖြေသံဃာတော်တို့အား ရတနာမာရ်အောင် စေတီတော်ကြီး၏ အာရုံခံအတွင်း၌လည်းကောင်း နှစ်ဌာနခွဲ၍ နံနက်ဆွမ်း, နေ့ဆွမ်းခဲဖွယ်များ ဆက်ကပ်ခဲ့ရသော်လည်း၊ တာဝန်ကျ အရပ်လူကြီးများနှင့် အရပ်သူ– အရပ်သားတို့မှာ ပင်ပန်းမှုကိုပဓာနမထားပဲ ထက်သန်လှစွာ စေတနာအပြည့်အဝဖြင့် အဖက်ဖက်မှ လစ်ဟင်းမှုမရှိရအောင် ဆောင်ရွက်ခဲ့ကြသောကြောင့် ညောင်ရွှေ မြို့မရှစ်ရပ်ကွက် လူကြီးများနှင့် အရပ်သူ အရပ်သားတို့၏ မွန်မြတ်သည့်စေတနာ ဖြူစင်သည့် သဒ္ဒါတရားနှင့် ဝေယျာဝစ္စလုပ်အားတို့ကို ဤအစည်းအဝေးကြီးက ချီးကျူးဂုဏ်ပြုကာ ဝမ်းမြောက်စွာဖြင့် သာဓုအနုမောဒနာပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။"

၁၃၁၇–ခုနှစ်၊ စာမေးပွဲတော်ကြီးကို ပထမဝါဆိုလဆန်း (၁၂)ရက်နေ့မှ (၁၅)ရက်နေ့အထိ၊ ဒုတိယဝါဆိုလဆန်း (၁၂)ရက်နေ့မှ (၁၅)ရက်နေ့အထိ၊ သြဂုတ်စာပြန်ပွဲတော်ကြီးကို ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့မှ (၄)ရက်နေ့အတိ ကျင်းပခဲ့လေသည်။

ယခုနှစ် စာပွဲတော်ကြီး နှစ်ပွဲကျင်းပသည့်အခါ၌မူကား မြို့မရှစ်ရပ်ကွက် လူကြီးများ၏ ကြည်ဖြူစွာ သဘောတူခွင့်ပြုချက်အရ စာမေးပွဲတော်ရက်များတွင် စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင်,ပုစ္ဆကဆရာတော်တို့အား ညောင်ရွှေနယ်ချုပ် ကိုယ်စားလှယ်တော် သားတော်ကြီး စဝ်ဆိုင်ဖက ဟော်နန်းတော်ဦး၌ နံနက်ဆွမ်း, နေ့ဆွမ်း ခဲဖွယ်များကို နေ့စဉ်ဆက်ကပ်လှူဒါန်းခဲ့ပေသည်၊ ကြွင်းသောသံဃာတော်တို့ကိုမူ ညောင်ရွှေမြို့မ ရှစ်ရပ်ကွက် အရပ်သူ-အရပ်သားများနှင့် သီးသန့်ဆွမ်းဒကာ- ဒကာ

မများက ရတနာမာရ်အောင် စေတီတော်ကြီး၏ အာရုံခံအတွင်း၌ အလှည့်ကျဆက်ကပ်လှူဒါန်းကြလေသည်။

"အောင်စည်ရော့ ဝိနယာငွေရတု အောင်ပွဲပြုခါ၊
သာသနာသက် ငါးထောင်ဝက် နပ်ဟူးကျောင်းတော်တက်"

၁၃၁၇-ခုနှစ်၊ တပေါင်းလတွင် အဂ္ဂမဟာ သာရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ပြည်ထောင်စုမြန်မာ နိုင်ငံတော် လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွား ကြီး စဝ်ရွှေသိုက်သည် ရန်ကုန်မြို့တော်မှ ညောင်ရွှေမြို့သို့တကြိမ် ပြန်လာလေသည်၊ ဤအကြိမ်ပြန်လာခြင်းမှာလည်း ဗုဒ္ဓဇယန္တီသာသနာတော်ကြီးအတွက် အထူးဆောင်ရွက်ဖွယ် ကိစ္စများကြောင့် ပြန်လာခြင်းဖြစ်ပေသည်။

စော်ဘွားကြီးသည် ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းပေါင်း (၂၀) ကျော်မှ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဝိနည်းဓိုရ်စသော ဆရာတော်သံဃာတော်များကို ယင်း (၁၃၁၇-ခု)နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက် (၈၊၄၊၅၆)နေ့တွင် ညောင်ရွှေမြို့သို့ ပင့်ပန်လျှောက်လေသည်။

ယင်းပင့်လျှောက်ချက်အရ၊ ထိုနေ့နံနက် (၈)နာရီအချိန်တွင် ညောင်ရွှေမြို့ ဟော်နန်းတော်ဦး၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပပြီးလျှင်--

"လာမည့် ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်မှာ ဗုဒ္ဓပရိနိဗ္ဗာန သာသနာတော်နှစ် (၂၅၀၀) နှစ်ထောင့်ငါးရာပြည့်သည့် အခါတော်နှင့်ကြုံကြိုက်မည် ဖြစ်၍ ညောင်ရွှေမြို့၌ သာသနာတော်နှစ် (၂၅၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပရန်" ကိစ္စကိုဆွေးနွေးတော်မူကြလေသည်။

သို့ရာတွင် ထိုနှစ်ကဆုန်လပြည့်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ မြို့တော်ရန်ကုန် သင်္ဂါယနာ ကမ္ဘာ့အေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်အောင်ပွဲတော်ကြီးကိုကျင်းပမည့်နေ့ဖြစ်ပေသည်။

ဆဋ္ဌသံဂါယနာမှာ ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစတင်၍ မြန်မာ၊ထိုင်း(ယိုးဒယား)၊ ကမ္ဘောဒီးယား၊ လာအို၊ သီဟိုဠ် ဟူသော ထေရဝါဒ ငါးနိုင်ငံ စုပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ သံဂါယနာဖြစ်ပေသည်၊ ထိုသန္နိပါတ ငါးကြိမ်ခွဲ၍ ကျင်းပရာတွင် ပထမသန္နိပါတ (ရှေးဦးအစသံ

သံဃာ့အစည်းအဝေးကြီး) သံဂါယနာဖွင့်ပွဲကြီးကို ပြည်တွင်း ပြည်ပ ထေရဝါဒီ သံဃာတော်ပေါင်း ၂၅၀၀ (နှစ်ထောင့်ငါးရာ) စည်းဝေး၍ကျင်းပတော်မူခဲ့လေသည်။

၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ နောက်ဆုံးပဥ္စမသန္နိပါတ-(ငါးကြိမ်မြောက် သံဃာ့အစည်းအဝေးကြီး) ပြီးဆုံးချိန်ဖြစ်၍ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် အောင်ပွဲတော်ကြီးကို ကျင်းပရန်ရှိပေသည်၊ ယင်းအောင်ပွဲတော်ကြီးကိုလည်း သံဂါယနာ ဖွင့်ပွဲကျင်းပစဉ်ကကဲ့သို့ ပြည်တွင်းပြည်ပ ထေရဝါဒီ သံဃာတော်ပေါင်း ၂၅၀၀ (နှစ်ထောင့်ငါးရာ) စည်းဝေး၍ဗုဒ္ဓသာသနာနှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီးကိုပါ ပူးတွဲကျင်းပပူဇော်ကြရန် ဖြစ်ပေသည်။

ဆဋ္ဌသံဂါယနာတင်ပွဲတော်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဦးစီး၍ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ထောက်ပံ့သော မဟာဓမ္မသဘင်ကြီးဖြစ်သည့်အားလျော်စွာ ဤပူဇော်ပွဲတော်ကြီးကိုလည်း အစိုးရနှင့်တကွ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းပါဝင်၍ ပူဇော်ကြရန် ဖြစ်ပေသည်။

ညောင်ရွှေစော်ဘွားကြီးသည် ဗုဒ္ဓသာသနာတော်ကို ယုံကြည်လေးစားအားထားကျင့်သုံးသည့် ပုဂ္ဂိုလ်တဦးအနေဖြင့် လည်းကောင်း၊ လူမျိုးစုခေါင်းဆောင်ကြီးတဦးအနေဖြင့် လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံလူမျိုးစုံလွှတ်တော်နာယကအနေဖြင့်လည်းကောင်း ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်အောင်ပွဲတော်ကြီးနှင့် ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ပူဇော်ရန် သဒ္ဓါတရား အပြည့်အဝရှိ၍ သမ္မာဆန္ဒထက်သန်လှသည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်၊ ဤမျှသာမက ဆဋ္ဌသံဂါယနာ ဖွင့်ပွဲမှစ၍ သံဂါယနာတင်ပွဲ ကျင်းပနေဆဲကာလတွင် သန္နိပါတတိုင်း သန္နိပါတတိုင်း ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ နေ့စဉ်သွားရောက်ကြည်ညိုသည့် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ပေသည်။

ထိုစကားမှန်၏၊ "ဗမာ-ညောင်ရမ်း၊ ရှမ်း ညောင်ရွှေ"ဟူ ရှေးမြန်မာစကားပုံဟောင်းတခု ရှိခဲ့ပေသည်၊ ထိုစကားပုံမှာ—ရှေးမြန်မာဘုရင်များနှင့် ရှမ်းစော်ဘွားများလက်ထက်က ညောင်ရမ်းနှင့် ညောင်ရွှေနယ်စပ်တလျှောက်တွင် နေထိုင်ခဲ့ကြသော ဗမာလူမျိုးနှင့် ရှမ်းလူမျိုးအချို့အပေါ် သဿမေဓအခွန်တော် ကောက်ခံရေးနှင့်ပတ်သက်၍ သတ်မှတ်ချက်စကားပုံတခု ဖြစ်

ပေသည်၊ ယင်း နယ်စပ်တလျှောက်တွင် အခွန်တော်စည်းကြပ်ကောက်ခံရာ၌ ခက်ခဲမှု၊ ရှုပ်ထွေးမှု မရှိစေရန် မည်သည့်နယ်ပယ်အတွင်းမှာပင်နေနေ "ဗမာ မှန်လျှင် ညောင်ရမ်းက အခွန်တော်ကောက်၍ ရှမ်းမှန်လျှင် ညောင်ရွှေက အခွန်တော်ကောက်ခံရန်" ဟု အဓိပ္ပါယ်ရှိပေသည်။

ယင်း ရှေးစကားပုံဟောင်းမှာ ဆင္ဃသံဂါယနာတင် ပွဲတော်ကြီး၌ အဓိပ္ပါယ်တမျိုး ဆောင်ခဲ့လေသည်၊ အကြောင်းကား- ဆင္ဃသံဂါယနာတင်ပွဲ ကျင်းပစဉ်က ၊ ဆင္ဃသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းဝယ် မြောက်ဖက် သံဃာစင်၏ ဗဟိုထေရ်ပလ္လင်နေရာတော်၌ ဆင္ဃသံဂီတိနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးကို (သက်တော်ထင်ရှား ရှိတော်မူစဉ်က) နေ့စဉ်ဖူးတွေ့ရသကဲ့သို့ လိုဏ်ဂူတော်ကြီး၏အလယ် ထေရာသနနေရာ၏ ရှေ့တူရူရှိ ဥပါသကာတို့၏ နေရာ (ပရိသတ်၏ရှေ့ဟန်း လက်ျာဖက် သီးသန့်နေရာ)၌ သံဂါယနာတင် ပွဲသဘင်ကို ကြည့်ညိုနေသည့် လူမျိုးစုလွှတ်တော်နာယက၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ကိုလည်း နေ့စဉ်မြင်တွေ့ရပေသည်။

ဆင္ဃသံဂါယနာတင်ပွဲတော်ကြီးပွဲ၌ နေရာမြဲသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ဆရာတော် သံဃာတော်များဖက်မှ ညောင်ရမ်းဆရာတော်ဘုရားကြီးဖြစ်၍၊ ဒကာများဖက်မှ ညောင်ရွှေစော်ဘွားကြီး ဖြစ်ပေသည်၊ ယင်းသို့ဖြစ်ရကားထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကိုရည်စူး၍ဆင္ဃသံဂါယနာတင်ပွဲ၌နေရာမြဲသည်၊ ငွဲကောင်းသည်ဟူသော အဓိပ္ပါယ်ဖြင့် အချို့သော ဆရာတော်တို့က "ဗမာ-ညောင်ရမ်း၊ ရှမ်း-ညောင်ရွှေ" ဟူသော ရှေးစကားပုံဟောင်းကိုပင် တင်စားပြောဆိုကြခြင်း ဖြစ်ပေသည်။

အချို့သော ဆရာတော်ကြီးများကမူ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကိုပင် ရည်စူး၍ ဆင္ဃသံဂါယနာတင်ပွဲမှာ နေရာမြဲ၊ ငွဲကောင်းသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးကား "ညောင်ရမ်း-ဆရာ၊ ဒကာ-ညောင်ရွှေ" ဟု စကားပုံသစ်တခုဖြင့် မှတ်တမ်းတင် ချီးကျူးတော်မူကြလေသည်။

ဤသို့လျှင် လူမျိုးစုလွှတ်တော် နာယက ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်မှာ ဆင္ဃသံဂါယနာ မဟာမင်္ဂလာ သဘင်အောင်ပွဲတော်ကြီးသို့ မလွဲမသွေ တက်ရောက်ပူဇော်ရန် ရှိရကား၊ ယင်း ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ညောင်ရွှေမြို့၌ ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ်

ပူဇော်ပွဲကြီးကို ကျင်းပလျှင် စော်ဘွားကြီးကိုယ်တိုင် ပါဝင်၍ ကျင်းပရန် အခွင့်မသာနိုင်ပေ၊ ယင်းသို့ အခွင့်မသာခြင်းသည်ပင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးအတွက် အခါကောင်းဖြစ်လာပေသည်။

အကြောင်းသော်ကား ၁၃၁၈-ခုနှစ်၊ နယုန်လတွင် ကျင်းပမည့် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီးမှာ ၂၅-နှစ်ပြည့်ချိန်, ၂၅-ကြိမ်မြောက် ကျင်းပပူဇော်ရမည့် စာပြန်ပွဲတော်ကြီးဖြစ်ပေရာ၊ "အောင်စည်ရော, ဝိနယာငွေရတု, အောင်ပွဲပြုခါ, သာသနာသက်, ငါးထောင်ဝက်" ဟူသည့်နှင့်အညီ ခေတ်အသုံးအနှုန်းအားဖြင့် တထောင့်, သုံးရာ, တဆယ့် ရှစ်ခု၊ ငွေရတုသဘင် ဆင်ယင်ချီးဝှံ့ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိအောင်ပွဲဘော်ကြီးဖြစ်သောကြောင့် ပေတည်း။

ထို့ပြင် နှစ်ဆယ့်ငါးနှစ်ပြည့်ချိန် နှစ်ဆယ့်ငါးကြိမ်မြောက် ကျင်းပရမည့် ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီးမှာ ဗုဒ္ဓသာသနာတော်နှစ်နှစ်ထောင့်ငါးရာပြည့်သည့်အချိန်နှင့် ကြုံတောင့် ကြုံခဲ ကြုံကြိုက်လာသည်ဖြစ်ရကား ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိအာဂုမ်ပြန် စာပွဲတော်ယင် ငွေရတုသဘင် အောင်ပွဲတော်ကြီးနှင့်အတူ ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲဘော်ကြီးကို စော်ဘွားကြီးကိုယ်တိုင်ပါဝင်၍ ထူးကဲစွာ ပူးတွဲကျင်းပပူဇော်ရန် အခွင့်ကောင်း အခါမြတ်ကြီး ဖြစ်လာပေသည်။

ထို့ကြောင့် အဆိုပါ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက—

(က) ၁၃၁၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်နေ့တွင် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ၂၅-ကြိမ်မြောက် အထိမ်းအမှတ် အောင်ဆုနှင်းသဘင်ပွဲတော်ကြီးကိုလည်းကောင်း။

(ခ) ၎င်းလဆုတ် (၅) ရက်နေ့တွင် ဗုဒ္ဓသာသနာတော်နှစ်(၂၅၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကိုလည်းကောင်း၊ ညောင်ရွှေမြို့ ဒေသစာရီကျောင်းတော်ကြီး၌ ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပရန်—

သဘောတူဆုံးဖြတ်တော်မူခဲ့လေသည်။

## ပွဲတော်ကြီးသုံးပွဲ အမှုဆောင်အဖွဲ့

ထို့နောက် "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုံမ်စာပြန်ပွဲတော်ကြီး (၂၅) ကြိမ်မြောက် အထိမ်းအမှတ် ငွေရတုသဘင်

အောင်ပွဲ၊ ဗုဒ္ဓသာသနာတော်နှစ် (၂၅၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ၊ နမ့်ဟူးဖောင်တော်ဦး ရုပ်ရှင်တော်များ ကျောင်းတော်သစ်တက်ပွဲ'' ဟူသော ပွဲတော်ကြီးသုံးပွဲအတွက် ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ် (၁၆)ဦး ပါဝင်သော အမှုဆောင်အဖွဲ့ကို အထက်ပါ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဖွဲ့စည်းပေးခဲ့လေသည်။

၁။ အင်းလေးကန်၊ ဟဲယာရွာမ၊ ကျောင်းနီကျောင်းဆရာတော် ဦးသောဘိတ၊ (ဥက္ကဋ္ဌ) (ယခု ညောင်ရွှေနယ် ဂိုဏ်းချုပ်)။

၂။ အင်းလေးကန်၊ ဟဲယာရွာမ၊ ရွှေဘုံသာကျောင်းဆရာတော် ဦးပဏ္ဍဝ၊ (ယခု လူပြန်တော် ဦးခင်မြင့်)။

၃။ အင်းလေးကန်၊ သာလေးတောင်ကျောင်းဆရာတော် ဦးနေမိန္ဒာဘိဝံသ၊ (ယခု ပြန်လွန်)။

၄။ ရှင်းကျောင်း ရဟန်းတော် ဦးစန္ဒရ (လူပြန်တော် ဦးညွှန့်ဖေ)။

၅။ အင်းလေးကန်၊ သာလေးမြောက်ကျောင်းဆရာတော်၊ ဦးသီလာလင်္ကာရ၊ (အကျိုးတော်ဆောင်) ယခု အင်းတိမ်ဂိုဏ်းထောက်)။

၆။ အင်းလေးကန်၊ အင်းခြံကျောင်းဆရာတော် ဦးဓမ္မပါလ(အကျိုးတော်ဆောင်) (ယခု တောင်ကြီး မင်းကွန်း)။

၇။ အင်းလေးကန်၊ ၁ လဲဦးခဲ့ခြမ်း မွေတော်ကျောင်းဆရာတော် ဦးတေဇဝန္တ (ယခု မိုင်းသောက် ဂိုဏ်းထောက်)။

၈။ ကြေးစားကုန်းကျောင်းဆရာတော်၊ ဦးပဏ္ဍိတဓဇ(ပြန်လွန်)။

၉။ အင်းလေးကန်၊ ခေါင်တိုင်တောင်ကျောင်း ဆရာတော်ဦးသံဝရ၊ (ပြန်လွန်)။

၁၀။ ညောင်ရွှေမြို့မ ကန်ကြီးကျောင်းဆရာတော် ဦးဝိမလာဘိဝံသ၊ (ယခု ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော်။)

၁၁။ ညောင်ရွှေမြို့မ၊ ရှင်းတိုက်ကြပ်ဆရာတော် ဦးပညာသာမိ၊ (လွိုင်ကော်-ရွှေတောင်ဆရာတော်)။

၁၂။ ညောင်ရွှေမြို့မ၊ တိတ်နမ့်ကျောင်းဆရာတော် ဦးကေသရ၊

၁၃။ ညောင်ရွှေနယ်၊ သာသနာရေးဌာန မဟာဒါနိဝန် ဦးထွန်းလှိုင်၊ (ယခု ကွယ်လွန်)။

၁၄။ ညောင်ရွှေမြို့ နန္ဒဝန်ရပ်၊ အခွန်တော်အမတ် ဦးချစ်သာ၊ (ကွယ်လွန်ပြီး)။

၁၅။ ညောင်ရွှေမြို့ သာစည်ရပ်၊ စာရေးကြီး ဦးဘိုးခင်၊ (ယခု ဝိနယာဒိနုဂ္ဂဟ သံဃာ့ဩဝါဒခံ ဦးစီးအဖွဲ့ချုပ်၊ အတွင်းရေးမှူးချုပ်)

၁၆။ အင်းလေး၊ အင်းတိမ်မြို့စားမင်း၊ (ဦးအုံ အငြိမ်းစား)။

ယင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးပြီးသည့် နောက်တရက် (၁၃၁၇–ခု၊ တပေါင်းလပြည့်ကျော် (၁၄) ရက်) (၉၊ ၄၊ ၅၆) နေ့ညနေ (၄) နာရီ အချိန်၌လည်း လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီး စစ်ရွှေသိုက်က ညောင်ရွှေမြို့မ ရှစ်ရပ်ကွက်ရှိ သာသနာရေးအသင်းအဖွဲ့များ၊ ဓမ္မစကြာအဖွဲ့များ၊ အရပ်လူကြီးများနှင့် အရပ်သူ-အရပ်သားတို့အား ဖိတ်မန္တကပြု၍ ဟောနန်းတော်ဦးမှာပင် အစည်းအဝေးကြီးကို ကျင်းပလေသည်။

ထိုမြို့မ ရှစ်ရပ်ကွက် လူထုအစည်းအဝေးကြီး၌လည်း ၁၃၁၈–ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ၂၅-နှစ်ပြည့်ချိန်၊ နှစ်ဆယ့်ငါးကြိမ်မြောက် အထိမ်းအမှတ်(ငွေရတု)ဓမ္မသဘင်ပွဲကြီး ကျင်းပရန် သာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီး ကျင်းပရန်နှင့် ထိုပွဲတော်ကြီးနှစ်ပွဲ၌ သံဃာတော် အရှင်မြတ်များနှင့် ဧည့်သည်ဘော်တို့အား ဆွမ်းကွမ်းစသော ဝေယျာဝစ္စများ ပြုလုပ်ရန်ဆုံးဖြတ်ကြပြီးလျှင် လူမျိုးစုလွှတ်တော်နာယကကြီး ညောင်ရွှေစော်ဘွားကြီးနှင့်တကွ မြို့မ ရှစ်ရပ်ကွက်မှ အရပ်သူ-အရပ်သားများက အသီးအသီး တာဝန်များ ခွဲဝေယူကြသည်။

## ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး၌ ပြုပြင်ပြောင်းလဲမှု

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်တို့သည် စာပြန်ပွဲတော်ကြီး တည်တံ့ကြီးပွားရေးနှင့် စာပြန်ပွဲတော်ဝင် စာပြန်သားသံဃာတော် အရှင်တို့၏ အရည်အချင်း တိုးတက်

မြင့်မားရေးအတွက် အခြေအနေအရပ်ရပ်ကို မျက်ခြေမပြတ် အကဲခတ်လျက် စာပြန်ပွဲတော်ကြီး၌ ပြုပြင်ပြောင်းလဲရန် လိုအပ်လာလျှင် ပြုပြင်ပြောင်းလဲဖို့ လက်မနှေး ခဲ့ကြပေ။

ယခုအခြေအနေတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မကျင်းပနိုင်ပဲ ရပ်စဲထားရသော အစိုးရပါဠိ ပထမပြန်စာမေးပွဲတော်ကြီးကို ၁၃၀၈-ခုနှစ်၊ နယုန်လမှစ၍ နိုင်ငံတော်အနှံ့ ဌာနအသီးအသီး၌ နိုင်ငံတော်အစိုးရက ပြန်လည်ကျင်းပပေးနိုင်ခဲ့ပေပြီ၊ ညောင်ရွှေမြို့၌လည်း ယင်း ၁၃၀၈-ခုနှစ်ကပင် စတင်၍ အစိုးရပါဠိပထမပြန်စာမေးပွဲ ဌာနသစ်တခု သီးခြားဖွင့်လှစ်၍ နှစ်စဉ်မပျက် ကျင်းပပေးခဲ့လေသည်။

ယင်းသို့ဖြစ်ရကား ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ဝင် သံဃာတော်အရှင်မြတ်တို့ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲတော်ကြီးကိုလည်း နှစ်တိုတိုဖြင့် ဝင်ရောက်ဖြေဆိုနိုင်ကြရန် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ ပြဋ္ဌာန်းချက်ကျမ်းစာများ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လျက် ရှိလာပေသည်၊ ယင်းသို့ပြုပြင်ပြောင်းလဲရန် ၁၃၁၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၁) ရက်နေ့ ညောင်ရွှေဟော်နန်းတော်ဦး၌ ကျင်းပသော ညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ပိနည်းမိုရ်ဆရာတော်များ၏ (၆) ကြိမ်မြောက် နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးက တိုက်တွန်းခဲ့လေသည်။

ဤသို့လျှင် အခြေအနေ အရပ်ရပ်၏ တောင်းဆိုမှုအရ ၁၃၁၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၄)ရက်နေ့ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီးနှင်းပွဲ အောင်ဆုနှင်းသဘင် အခမ်းအနား၌ ၁၃၁၈-ခုနှစ်၊ (၂၂) ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟစာလျှောက်မေးပွဲတော်ကြီးနှင့်(၂၅) ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီးမှ အစပြု၍ ရေးဖြေ×ပြန်ဆိုတော်မူကြရန် စာပြန်ပွဲတော်ကြီး၏ အဆင့်အတန်း, ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေအချို့ကို ပြုပြင်ပြောင်းလဲ၍ သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်ခဲ့လေသည်။

## ပြောင်းလဲမှု၏ ဦးတည်ချက်

ယင်းပြုပြင်ပြောင်းလဲမှုမှာ ၁၃၀၉-ခုနှစ်က ချမှတ်ခဲ့သော အခြေခံမူသုံးချက်ပေါ်၌ပင် ရပ်တည်လျက် ဦးတည်ချက်အနည်းငယ် ပြောင်းလှည့်

ပေးရုံမျှ ဖြစ်လေသည်၊ မှန်၏၊ ယခင် (၁၃၀၉-ခု) နှစ်က ဦးတည်ချက်မှာ စာသင်သားရှင်ငယ်, ရဟန်းငယ်တို့အား ရှေးဦးစွာ ယင်းတို့၏ ကိုယ်ကျင့်ဝိနည်းတရားများကို တတ်သိနားလည်ကြစေပြီးလျှင် အက္ခရ, ပဒ, ဓာတု, ပစ္စယ, အတ္တ, ဝါကျဆန္ဒ, အလင်္ကာရ, ကောသလ္လဉာဏ်များရင့်သန်စေဦး၍ အခြေခံကြံ့ခိုင် အက္ခရကောသလ္လဉာဏ်စသည် ပိုင်နိုင်လောက်မှ အဘိဓမ္မာနှင့် ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏သဘော သဘာဝတ္ထများကို လိမ္မာကျွမ်းကျင်ကြစေရန် ရည်သန်ဦးတည်ခဲ့လေသည်။

ထို့ပြင်- ဤဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ပဋ္ဌမတန်းကို ပြန်+ဖြေနိုင်သည့် အရည်အချင်းရှိ ပုဂ္ဂိုလ်တို့အား ရန်ကုန်မြို့စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးမှ ကျင်းပသည့် "စေတီယင်္ဂဏစာမေးပွဲ" စာသင်တန်းနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပသည့် "သကျသီဟ စာမေးပွဲ" စာသင်တန်းသို့လည်း တက်လှမ်းနိုင်ကြစေရန် ရည်သန်ခဲ့ပေသည်။

ယခုမူ ထိုအခြေခံမှုသုံးချက်ကို မပျက်စေပဲ၊ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ဝင် အရှင်မြတ်တို့ အခြေပါဒ, သင်ဦးစမှ အစပြု၍ အဘိဓမ္မတ္ထကောသလ္လဉာဏ်မျိုးစေ့ကိုလည်း တပါတည်းရကြစေလျက်၊ နိုင်ငံတော်အစိုးရပါဠိပထမပြန် စာမေးပွဲတော်ကြီးကိုလည်း ဝင်ရောက်ဖြေဆိုနိုင်ကြစေရန် ရည်သန်၍ ဦးတည်ချက် ပြောင်းလှည့်ပေးခြင်း ဖြစ်လေသည်။

ထို့ကြောင့် ယခင် ၁၃၀၉-ခုနှစ်၊ ပြဋ္ဌာန်းချက်တွင် အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ(သဂြိုဟ် ၉-ပိုင်း) တကျမ်းလုံးကို ပဋ္ဌမတန်း၌သာ အာဂုံပြန်-ရေးဖြေကြရန်၊ ၁၃၁၂-ခုနှစ် ပြဋ္ဌာန်းချက်တွင် စတုတ္ထတန်း၌ အဘိဓမ္မတ္ထသင်္ဂဟ အောက်ငါးပိုင်းကိုလည်းကောင်း၊ ပဋ္ဌမတန်း၌ အဘိဓမ္မတ္ထသင်္ဂဟ အထက်လေးပိုင်းကိုလည်းကောင်း၊ အာဂုံပြန်+ရေးဖြေကြရန် ထည့်သွင်းပြဋ္ဌာန်းခဲ့သော်လည်း ယခု ၁၃၁၈-ခုနှစ်၊ ပြဋ္ဌာန်းချက် စည်းမျဉ်းဥပဒေသစ်တွင်မူ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို အောက်ပါအတိုင်း ပိုင်းခြား၍ ထည့်သွင်းပြဋ္ဌာန်းထားလေသည်။

(က) ပထမတန်း၌ သင်္ဂဟစိတ်၊ စေတသိက်၊ ပကိဏ်း(၃)ပိုင်း။

(ခ) ဒုတိယတန်း၌ သင်္ဂဟ-ဝီထိ၊ ဝီထိမုတ်၊ ရုပ်(၃)ပိုင်း။

(ဂ) တတိယတန်း၌ သင်္ဂဟ-သမုစ္စည်း၊ ပစ္စည်း၊ ကမ္မဋ္ဌာန်း(၃)ပိုင်း။

(ဃ) စတုတ္ထတန်း၌ သင်္ဂဟ(၉)ပိုင်းအကုန်။

ဤသို့အားဖြင့် အဘိဓမ္မတ္ထသင်္ဂဟ(၉)ပိုင်းကို ပထမ, ဒုတိယ,တတိယ သုံးတန်းတို့၌ တတန်းတတန်းလျှင် သုံးပိုင်း,သုံးပိုင်းစီမျှလျက်ထည့်သွင်းပြဋ္ဌာန်းပြီးလျှင် စတုတ္ထတန်း၌မူကား အဘိဓမ္မတ္ထသင်္ဂဟ(၉)ပိုင်း စလုံးပေါင်းချုပ်၍ တဖန်ထည့်သွင်း ပြဋ္ဌာန်းထားပေသည်။

ထို့ပြင် တတိယ,စတုတ္ထ,ပဥ္စမ သုံးတန်းတို့၌ ဘာသာပြန် ကျမ်းစာအဖြစ် ယခင်က ပိုင်းခြားပြဋ္ဌာန်းထားသော ဓမ္မ ဒပါဠိအဋ္ဌကထာ ကျမ်းစာအစား ပါဠိဒေါက်အကဋ္ဌထာကျမ်းကို နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်း,ပထမလတ်တန်း, ပထမကြီးတန်းတို့၌ ပိုင်းခြား သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း)ပြောင်းလဲ၍ ပြဋ္ဌာန်းထားလေသည်။

**ပြောင်းလဲမှုအတွက် ပေါ်ထွက်လာသည့်အကျိုး။**

ယင်းသို့ပြုပြင်ပြောင်းလဲပြဋ္ဌာန်းပေးမှုကြောင့် ဝိနယာဝိနိစ္ဆယ စာပြန်ပွဲတော်ကြီး၌ တတိယတန်းကိုဝင်ရောက် ပြန်ဖြေနိုင်သည့် အရည်အချင်းရှိ ပုဂ္ဂိုလ်တို့မှာ နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်းကိုလည်း ဖြေဆိုနိုင်စွမ်း ရှိလာပေသည်။

ဝိနယာဝိနိစ္ဆယ စတုတ္ထတန်းကို ပြန်-ဖြေနိုင်သည့် အရည်အချင်းရှိ ပုဂ္ဂိုလ်တို့မှာ နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းကိုလည်း ဖြေဆိုနိုင်စွမ်းရှိလာပေသည်။

ဝိနယာဝိနိစ္ဆယ-ဆဋ္ဌမတန်းကို ပြန်ဖြေနိုင်သည့်အရည်အချင်းရှိ ပုဂ္ဂိုလ်တို့မှာကား ရန်ကုန်မြို့ တေဝိဇ္ဇ စာမေးပွဲ 'စာသင်တန်း' ကိုလည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သက္ကျသီဟ)စာမေးပွဲ 'စာသင်တန်း' ကိုလည်းကောင်း ပြန်-ဖြေနိုင်စွမ်း ရှိလာပေသည်။

ထိုမှတပါး ၁၃၁၈-ခုနှစ် စည်းမျဉ်းဥပဒေ၏ ထူးခြားချက်များမှာ ဤစာပြန်ပွဲတော်ကြီး၏ ၁၃၀၉-ခုနှစ် ပြဋ္ဌာန်းချက် စည်းမျဉ်းဥပဒေ ပုဒ်မနံပါတ်(၆)အရ အထူးခွင့်ပြုချက်ကို ပယ်ဖျက်လိုက်ပြီး ဖြစ်သောကြောင့် လွန်ခဲ့

သောနှစ်များကကဲ့သို့ နှစ်တန်း၊ သုံးတန်းစသည် ပူးတွဲပြန်-ဖြေခွင့် မရှိ တော့ပေ။

ပုဒ်မနံပါတ်(၁၀)ကိုလည်း ပယ်ဖျက်လိုက်ပြီးဖြစ်သောကြောင့် လွန်ခဲ့ သောနှစ်များကကဲ့သို့ ကစ္စည်းသဒ္ဒါကြီးအစား အခြားအလားတူ သဒ္ဒါကျမ်း များဖြင့် လဲလှယ်ပြန်-ဖြေခွင့်လည်း မရှိတော့ပေ။

ထို့ပြင် စာပြန်ပွဲတော်ကြီး၏ အဆင့်သတန်းနှင့်ပတ်သက်၍ သတ္တမတန်း (ခေါ်)အကျော်တန်းနှင့် ဓမ္မာစရိယတန်း(ခေါ်)စာချတန်းကို ဤနှစ်မှအစ ပြု၍ ရုပ်သိမ်းနုတ်ပယ်ကာ မူလတန်းမှဆဋ္ဌမတန်းအထိ ခုနစ်တန်းသာသတ်မှတ် ထားသေသည်။

ဤသည်တို့ကား ယခုနှစ် ပြုပြင်ပြောင်းလဲ သတ်မှတ် ပြဋ္ဌာန်းလိုက် သော အဆင့်အတန်းပြဋ္ဌာန်းချက် ကျမ်းစာနှင့် စည်းမျဉ်းဥပဒေ၏ ထူး ခြားချက်များဖြစ်ပေသည်။

**ဝိနယာဒိနုဂ္ဂဟ ငွေရတုသဘင်**

"အောင်စည်ရော, ဝိနယာ-ငွေရတု, အောင်ပွဲပြုခါ, သာသနာ့သက်, ငါးထောင်ဝက်"ဟူသည်နှင့်အညီ၊တထောင်သုံးရာတဆယ့်ရှစ်ခုနှစ်တွင်(၂၅) နှစ်ပြည့်ချိန်၊ (၂၅)ကြိမ်မြောက် အထိမ်းအမှတ် ငွေရတုသဘင် အောင်ပွဲ ကြီးယင်ရမည့် "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲ တော်ကြီး"၌ ဦးတည်ချက်မြင့်မား ရည်မှန်းချက် များပြားစွာဖြင့် ပြုပြင် ပြောင်းလဲပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက် ကျမ်းစာများကို စာပြန်ပွဲဘော်ဝင် အရှင်မြတ်တို့ အာဂုံပြန်+ရေးဖြေကြရသည် ဖြစ်ပေသည်။

ထိုနှစ် နယုန်လဆန်း (၁၂-မှ၊ ၁၅-အထိ) ၂၂-ကြိမ်မြောက် စာ လျှောက်ပွဲဘော်ကြီးကို ညောင်ရွှေမြို့ ဟော်နန်းတော်ဦး၌ သံဃာတော် (၂၁၃) ပါးတို့ဖြင့်လည်းကောင်း၊ နယုန်လပြည့်ကျော် (၁-မှ၊ ၃-အထိ) ၂၅-ကြိမ်မြောက် အာဂုံစာပြန်ပွဲတော်ကြီးကို ညောင်ရွှေမြို့ အဋ္ဌဒီသာဓမ္မ ဝိဟာရ ဒေသစာရီကျောင်းဘော်ကြီး၌ သံဃာဘော် (၂၅၆) ပါးတို့ဖြင့် လည်းကောင်း ဆင်ယင်ကျင်းပခဲ့လေသည်။

ယင်းသို့ဖြင့် ခုနစ်ရက်ပတ်လုံး ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးကို ကျင်းပပြီးလျှင် နယုန်လပြည့်ကျော် (၄) ရက်နေ့ နေ့လယ် (၁၂) နာရီ

အချိန်မှ စတင်ကာ "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး (၂၅) ကြိမ်မြောက် အထိမ်းအမှတ် ငွေရတုသဘင် အောင်ပွဲတော်ကြီးကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြလေသည်။

ထိုငွေရတုသဘင်အောင်ပွဲတော်ကြီးအခမ်းအနားသို့ စာပြန်ပွဲတော်ဝင် သံဃာတော်ပေါင်း (၄၆၉) ပါး၊ နာယက, ဥက္ကဋ္ဌအကျိုးတော်ဆောင်, ပုစ္ဆက, စာထောက် စာမ, တပည့်အုပ်, ဝေယျာဝစ္စသရာတော်ပေါင်း အပါး (၁၅၀) အပြင်၊ လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ အထူးပင့်လျှောက်ချက်အရ၊ မြန်မာပြည်မ, ရှမ်းပြည်နယ်, ကယားပြည်နယ်နှင့် ညောင်ရွှေနယ်အတွင်းမှ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်ပေါင်း (၅၄၇) ပါး၊ စုစုပေါင်း သံဃာတော် (၁၁၆၆) ပါး ကြွရောက်ချီးမြှောက်တော်မူကြလေသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ပ-ပြည်နယ်ဝန်ကြီးအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ လူမျိုးစုလွှတ်တော် ဒုတိယနာယက အစရှိသော လွှတ်တော်နှစ်ရပ်မှ အမတ်များ၊ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ ဥက္ကဋ္ဌ သမ္မေးကြီးဆာဦးသွင်၊ ဒုတိယဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ, အဂ္ဂမဟာသရေစည်သူ, နိုင်ငံတော် တရားလွှတ်တော်ချုပ်၊ ကရားဝန်ကြီးချုပ် ဒေါက်တာ ဦးသိမ်းမောင် အစရှိသော ရန်ကုန်, မော်လမြိုင်, မန္တလေးမြို့များမှ အထူးဧည့်သည်တော် (၁၁၁) ဦးကိုလည်း ပွဲတော်ကြီးနှစ်ပွဲသို့ တက်ရောက်ကြည့်ညိုရန် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ဖိတ်မန္တက ပြုခဲ့လေသည်။

ထိုငွေရတုသဘင် အောင်ပွဲတော်ကြီး အခမ်းအနား၌ သာသနာပြုသာသနဒါယကာ အဂ္ဂမဟာသရေစည်သူ, အဂ္ဂမဟာသီရိသုဓမ္မ လူမျိုးစုလွှတ်တော်နာယက, ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က စာပြန်ပွဲတော်အောင် သံဃာတော်အရှင်မြတ်တို့အား ဂုဏ်ထူးဆောင် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းလေသည်။

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီဆရာတော်ဘုရားကြီးက ဩဝါဒစကားမြွက်ကြားပြီးလျှင်၊ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်နှင့် ဒေါက်တာဦးသိမ်းမောင်တို့က သာသနာတော်နှင့်ပတ်သက်သော သမ္မောဒနီယ စကားများကို သံဃာတော်တို့အား

အသီးအသီး လျှောက်ထားကြလေသည်၊ ဒေါက်တာဦးသိမ်းမောင်လျှောက်ထားရာတွင်––

"လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီတို့၏ ၂၅–ကြိမ်မြောက် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့် ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀–ပြည့် အထိမ်းအမှတ် ပွဲတော်ကြီးသို့ တက်ရောက်လေ့လာရန် ဖိတ်မန္တကပြုချက်အရ ဘုရားတပည့်တော်သည် ဆရာတော် သံဃာတော်များ၏ခြေရင်းသို့ လာရောက်ဖူးမျှော်ကန်တော့ခွင့်ကို ရသဖြင့်လည်းကောင်း၊ ညောင်ရွှေနယ်နှင့်တကွ ရှမ်းပြည်နယ်၏ သာသနာရေးကိုပါ လေ့လာခွင့်ရသဖြင့်လည်းကောင်း၊ ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီတို့အား များစွာကျေးဇူးတင်ပါသည်။

"ရှမ်းပြည်နယ်တွင် သံဃာတော်များ ဂိုဏ်းဂဏကွဲပြားမှု မရှိပဲ၊ တစည်းတလုံးတည်း ညီညီညွှတ်ညွှတ်ရှိကြသည်ကို ဖူးတွေ့ရသဖြင့် အထူးကြည်နူးဝမ်းမြောက်မိပါသည်၊ သံဃာတော်များအနေဖြင့် ဂုဏ်ယူဖွယ်ရာ ချမ်းသာသောအကျင့် ဖြစ်ပါသည်၊ ဒါယကာ–ဒါယိကာမတို့ အနေဖြင့်လည်း ဝမ်းမြောက်ကြည်သာ သဒ္ဓါတရားတိုးပွားဖွယ်ဖြစ်ပါသည် ဘုရား။

"၂၅–ကြိမ်မြောက် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့် အောင်ပွဲတော်ကြီး၌ သံဃာတော်ပေါင်း မြောက်မြားစွာ ပါဝင်တော်မူကြ၍ ရှမ်းပြည်နယ်တွင် ပရိယတ္တိသာသနာတော်ကြီး အထူးတိုးတက်ပြန့်ပွားနေသည်ကို လေ့လာတွေ့ရှိရသဖြင့် များစွာမှ နှစ်ထောင်းအားရရှိလှပါသည်၊ လာမည့်အနာဂါတ်ကာလ၌လည်း ယခုအခြေအနေထက် တိုးတက်စည်ကား ပြန့်ပွားလိမ့်ဦးမည်–ဟု မြော်လင့်ကြည်နူးမိပါသည်။

"ဤပွဲတော်ကြီး၌ နေ လသဖွယ် ထင်ရှားတော်မူကြသည့် မြန်မာပြည်, ရှမ်းပြည်, ကယားပြည်တို့မှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှောက်တော်မူကြ၍၊ မိန့်မြွက်တော်မူအပ်သော သြဝါဒစကားတော်နှင့် တရားဒေသနာတော်များကို ကြားနာမှတ်သားခွင့်ရသဖြင့် ဓမ္မသဝန မင်္ဂလာနှင့် ပြည့်စုံပါသည်ဘုရား။

"ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီအမှူးရှိသော ညောင်ရွှေ မြို့သူ-မြို့သား, နယ်သူ-နယ်သားတို့က ညှိသည်တော်တို့အား လိုလေ သေးမရှိရအောင် ညှိဝတ်ကျေပွန်စွာ ပြုစုကြသဖြင့် ကျေးဇူးဥပကာ ရတင်ရှိကာ ဤပွဲတော်ကြီးနှစ်ပွဲသို့ တက်ရောက်ကြည်ညိုခွင့် ရသဖြင့် ဂုဏ်ယူမိပါသည်ဘုရား"

ဟု ထည့်သွင်းလျှောက်ထားခဲ့လေသည်။

စစ်ကိုင်းတောင်ရိုး၊ အနီးစခန်းချောင်"အဂ္ဂမဟာပဏ္ဍိတ" အနီးစခန်း ဆရာတော်ဘုရားကြီးက မေမြို့ဇ အပြိုက်တရားကို ဟောကြားတော်မူပြီး နောက်၊ ညောင်ရွှေစော်ဘွားကြီး အမှူးရှိသော ပစ္စည်းလေးပါး ဒါယကာ ဒါ ယိကာမများ၏ ကိုယ်စား အင်းလေးဟဲယာရွာမ အထက်တန်းကျောင်းဆရာ ဦးအေးမောင်က ရေစက်ချ သြဘာစာတမ်းကို ဖတ်ကြား၍ ညောင်ရွှေစော် ဘွားကြီး အမှူးရှိသော အလှူရှင်အပေါင်းတို့က အမျှပေးဝေပြီးလျှင်၊ ပရိ သတ်အားလုံး သံဃာတော်တို့အားကန်တော့ကြကာ "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အဂုမ်စာပြန်ပွဲတော်ကြီး" (၂၅)ကြိမ် မြောက် အထိမ်းအမှတ် ငွေရတုသဘင် အောင်ပွဲတော်ကြီး အခမ်းအနားကို ရုပ်သိမ်းကြလေသည်။

မျက်နှာစုံညီ သံဃာ့အစည်းအဝေးကြီး

ဝိနယာဒိနုဂ္ဂဟ ငွေရတုသဘင် အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ထိုနေ့ညနေ (၄)နာရီအချိန်တွင် ညောင်ရွှေမြို့- မြို့မရွှေဂူကျောင်း၌ မျက်နှာ စုံညီသံဃာ့အစည်းအဝေးကြီးကို ဆက်လက်၍ ကျင်းပခဲ့လေသည်၊ယင်းအစည်း အဝေးကြီးသို့ "အဂ္ဂမဟာပဏ္ဍိတ" "နိုင်ငံတော်သြဝါဒါစရိယ" ပခုက္ကူမြို့- မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးအမှူးရှိသော ရန်ကုန်, ညောင် တုန်း, ဟင်္သာတ, ပျဉ်းမနား, ဒါးပိန်, မန္တလေး, စစ်ကိုင်း, မင်းကွန်းမြို့များ မှ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ရှမ်းပြည်-မြို့နယ်အသီး အသီးမှ ကြွရောက်တော်မူလာကြသည့် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, အစရှိသော ဆရာတော်သံဃာတော်များ စုစုပေါင်း သံဃာတော်အပါး(၈၀) ကြွချီ ချီးမြှင့်တော်မူကြလေသည်။

ယင်းသံဃာ့အစည်းအဝေးပွဲကြီး၌ လူမျိုးစုလွှတ်တော် နာယကက ညောင် ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က

"ဤသံဃာ့ အစည်းအဝေးကြီးကို ကျင်းပရန် ပင့်လျှောက်ရခြင်း အကြောင်းမှာ- ပြည်မ, ပြည်နယ်တို့မှ ကြွရောက်တော် မူလာကြသည့် ဆရာတော် သံဃာတော်များ အချင်းချင်း တွေ့ဆုံကာ ရင်းနှီးစွာ အလ္လာပ သလ္လာပစကား ပြောဆိုဆွေးနွေးတော်မူခြင်းဖြင့် သာသနာတော်အတွက် အကျိုးများလိမ့်မည်- ဟု မြော်လင့်ယုံကြည်၍၊ ယခု ကဲ့သို့ ပင့်လျှောက်ရခြင်းဖြစ်ကြောင်း"

လျှောက်ထားလေသည်။

ဆရာတော် သံဃာတော်တို့သည် သံဃာ့အစည်းအဝေးကြီး၌- သီတင်း သုံးဖော်အချင်းချင်း မျက်နှာစုံညီ တွေ့ဆုံကြရသဖြင့် သီတင်းငယ်တို့က သီတင်း ကြီးတို့အား ရှိခိုးဖူးမျှော်ခွင့်, လေးစားကော်ရော် ပူဇော်ကန်တော့ခွင့်များကို ရကြလေသည်၊ ဆရာတော်ကြီးများ၏ အကျိုးစီးပွားနှင့်စပ်သောဆုံးမဩဝါဒ များကို ခံယူခွင့်ရကြလေသည်၊ ဤအခွင့်အရေးမျိုးမှာ အလွန်ရခဲသော အ ခွင့်အရေးမျိုးဖြစ်လေသည်၊ မထေရ်မြတ်ကြီးတို့မှာကား- အချင်းချင်းအလ္လာပ, သလ္လာပစကား, သမ္မောဒနီယ, သာရဏီယစကားများ ပြောဆိုဆွေးနွေးကြ ကာ ပီတိပါမောဇ္ဇနှလုံးဖြင့် ရွှင်ပြုံးတော်မူကြလေသည်။

ကာလရှည်ကြာ ကွဲကွာနေကြသည့် သွေးရင်းသားရင်း ဆွေမျိုး အ ချင်းချင်း ပြန်လည်တွေ့ဆုံကြရသည့်အခါ တဦးပေါ်တဦး တောင့်တောင့်တတ ရှိကြ၍၊ အကျိုးစီးပွားလိုလားသည့် မေတ္တာရှေ့ရှု ပိယစက္ခုတို့ဖြင့် ကြည့်ရှုကြ ကာ ပိယဝါစာ သာယာခြင်းသော စကားများကို ပြောဆိုကြ ဆက်ဆံကြ ကုန်သကဲ့သို့၊ ပြည်မ ပြည်နယ်မြို့ရွာ အသီးအသီးတို့မှ ကြွရောက်တော်မူလာ ကြသည့် ဂုဏဝိသိဋ္ဌအကျော် ဆရာတော် မထေရ်မြတ်တို့သည်လည်း အချင်း ချင်း ဟိတဇ္ဈာသယမေတ္တာပုဗ္ဗင်္ဂမ ပိယစက္ခုတို့ဖြင့် ရှုကြည့်တော်မူကြကာ သဏှ သုခုမ ပိယဝါစာတို့ဖြင့် ကြည်သာရွှင်ပျ ဆွေးနွေးတော်မူကြသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ တရားရင်နှစ် သားတော်စစ်ကြီးများ ပီသလှပါပေ သည်။

ဝိနည်းသိက္ခာ အကျင့်မြတ် အဆင်တန်ဆာဖြင့် ဆင်ထားအပ်သည့် ကိုယ်အမူအယာ, နှုတ်အမူအယာတို့မှာလည်း ဂုတ္တဒွါရ ဣန္ဒြိယသံဝရရှိကြ သဖြင့် ပသန္နတရဖြစ်၍ ကြည်ညိုသဒ္ဓါတိုးပွားဖွယ်ရာ ဖြစ်ကြပေသည်၊ ထိုဆရာ တော် သံဃာတော်တို့သည် ပြည်မသံဃာ ပြည်နယ်သံဃာ ဟုမကွဲမပြား ကော့

ဒွေသ, ကောကမ္ဗ, သမသိက္ခတာအားဖြင့် တသားတည်း ညီညွတ်တော်မူကြလေသည်။

"နွားနို့နှင့်ရေ ရောလျှင် မကွဲမပြား ကသားတည်းရှိသကဲ့သို့" ဟု အစဉ်အလာ ဥပမာပြုဖွယ်ရှိသော်လည်း ယင်းသို့ရောလျှင်ကား ဖျဉ်ဖျဉ်ကျဲကျဲ မပျစ်မသဲ ရှိလှပေသည်၊ ဤမျက်နှာစုံညီ သံဃာ့အစည်းအဝေးကြီး၌ တွေ့ဆုံတော်မူကြသည့် သံဃာတော်တို့၏ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ နှစ်လီသော ညီညွတ်မှုမှာကား ယင်းဥပမာကိုလွန်၍ စစ်မှန်သော နွားနို့အချင်းချင်း ရောစပ်မိလျှင် မဖျဉ်မကျဲ ပျစ်ပျစ်ခဲခဲ ဖြစ်ရကဲ့သို့ သိပ်သိပ်သည်းသည်း စည်းစည်းလုံးလုံး ရှိလှပေသည်၊ သူတော်ချင်းချင်း သတင်းလေ့လေ့ - ဟူဘိသကဲ့သို့ အလွန်ပြေပြစ်မျှတ၍၊ သာသနာတော်အတွက် အားတက်ဖွယ် အကျိုးအမြတ်ကြီးတခု ဖြစ်လေသည်။

ယင်းသို့သဘောရှိသော အကျိုးမျိုးကို မြော်ကိုးလျက် လူမျိုးစုံလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ဆရာတော် သံဃာတော်တို့အား ရိုသေလေးစား လျောက်ထား ပင့်ပန်ခဲ့ခြင်းဖြစ်လေသည်။

## ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ်

## မဟာဓမ္မသဘင် ပူဇော်ပွဲတော်ကြီး

လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့အား ကြီးမားလှစွာသော မဟာကရုဏာတော်ဖြင့် သံသရာ ရေအယဉ်မှ ထုတ်နှုတ်ကယ်တင်တော် မူခြင်းငှါ လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံးဖြည့်ကျင့်ဆည်းပူးတော်မူအပ်ပြီးသော ပါရမီတော်အဟုန်တို့ကြောင့် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဘိုးတော်အဥ္စနမင်းကြီး ဖြိုကြွင်းသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အိန္ဒိယပြည် မဇ္ဈိမဒေသ ဗုဒ္ဓဂါယာ(ယခုခေတ် အိန္ဒိယပြည် ဘီဟာနယ်ဂါယာမြို့၏ တောင်ဘက် ၆-မိုင်ကွာအရပ်၌ရှိသည်) မဟာဗောဓိပင်အနီး အပရာဇိတပလ္လင်တော်၌ တရားအားလုံး သိမ်းကြုံးသိမြင်နိုင်သည့် သဗ္ဗညုတဉာဏ်တော်ကို ရ၍ လောကသုံးပါး၌ သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ယင်းသို့ ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ကောဏ္ဍညအစသဲ့ဘဒ္ဒအဆုံးရှိသော ဝေနေယျသတ္တဝါ အပေါင်းတို့အား (၄၅)ဝါကာလပတ်လုံး

တရားစည်ကြီးရိုက်တီးတော်မူ၍ ဓမ္မာဇာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင်၊ သက်တော်(၈၁)ပြည့်သောအခါ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ (ခရစ်မပေါ်မီ နှစ်ပေါင်း ၅၄၄) ကဆုန် လပြည့်နေ့တွင် ကုသိနာ ရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ခန္ဓ ပရိနိဗ္ဗာန်စံလွန်ချုပ်ငြိမ်းတော် မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သုံးလလွန်မြောက် လေးလအတွင်းသို့ရောက်သောအခါ ရာဇဂြိုဟ်ပြည်ဝေဘာရ တောင်အနီးစရည်းပင် ပေါက်ရောက်ရာ လိုဏ်ဂူဝရှိ ညီညွတ်သော မြေအပြင်ဝယ် အဇာတသတ် မင်းမြတ် ဆောက်လုပ်လှူဒါန်းအပ်သော ဓမ္မာရုံမဏ္ဍပ်ကြီး၌ အရှင်မဟာကဿပ အမှူးရှိသော တေဒဂ်ရ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇ ဆဠဘိည စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည် ဓမ္မဝိနယ ဟုဆိုအပ်သော တေပိဋက ဗုဒ္ဓဝစနကို စုပေါင်းရွတ်ဆိုကာ ပထမသံဂါယနာ တင်တော်မူခဲ့ကြ လေသည်။

## ကောဇာနှင့် သာသနာသက္ကရာဇ်

ထိုအခါအဇာတသတ်မင်းသည် အရှင်မဟာကဿပအား လျှောက်ထားတောင်ပန်၍ သာသနာတော် သက္ကရာဇ်နှင့် ကောဇာသက္ကရာဇ် တညီတညွတ်တည်းဖြစ်စေရန် ဘိုးတော်အဥ္စနမင်းကြီးဖြိုဖျက်ခဲ့ပြီးသည်မှကြွင်းသော မဟာသက္ကရာဇ် ၁၄၈-ခုကို 'နဝစန္ဒကိန်း'အရ အကုန်ဖြိုဖျက်ပြီးလျှင်၊ကောဇာ သက္ကရာဇ်ကို သာသနာတော်သက္ကရာဇ်နှင့်အညီ အသစ်တည်ကာ ၁-နှစ်၊ ၂-နှစ် စသည်ဖြင့် ရေတွက်မှတ်သားခဲ့လေသည်။

ယင်း(ကောဇာနှင့်သာသနာ)သက္ကရာဇ်တို့သည် အိန္ဒိယပြည်မှ မြန်မာပြည် သရေခေတ္တရာခေတ် ၂၅-ဆက်မြောက် သုပုဏ္ဏရိမင်း လက်ထက်တိုင်အောင် အညီအမျှဖြစ်၍ရောက်ခဲ့လေသည်၊ ထိုမင်းသည် (ကောဇာနှင့်သာသနာ)သက္ကရာဇ် ၆၁၇-ခုနှစ်တွင် သရေခေတ္တရာ၌ နန်းတက်လေသည်၊ ယင်း၏ လက်ထက် (ကောဇာနှင့်သာသနာ) သက္ကရာဇ် ၆၂၄-သို့ရောက်သောအခါ 'ဒေါဒေါရသ ကိန်း'အရ ကောဇာသက္ကရာဇ် ၆၂၂-ကိုဖြိုလျက် ၂-ခုကြွင်း ပြုကာ ယင်း ၂-ခုကို 'သရေခေတ္တရာသက္ကရာဇ် ၂-ခု'ဟု အသိအမှတ်ပြု၍ ရေတွက်မှတ်သားခဲ့လေသည်။

ထိုမင်းသည် သာသနာတော် သက္ကရာဇ်ကိုကား မဖြိုဖျက်ခဲ့ပေ၊ ထို့ကြောင့် သာသနာတော်သက္ကရာဇ်မှာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူသည့်နှစ်မှစ၍ မပြိုမပျက် ဆက်လက်တည်မြဲကာ အစဉ်အတိုင်း ဝိုးတက် ရေတွက်လာခဲ့ရလေသည်။

ထိုမှတဖန် ဆက်ကာ သရေခေတ္တရာ သက္ကရာဇ် ၅၃၅ (သာသနာသက္ကရာဇ် ၁၁၅၇)ခုနှစ်တွင် ပုဂံပြည်၌ ၂၀-ဆက်မြောက်ပုပ္ပါး စောရဟန်းမင်း နန်းတက်လေသည်၊ ထိုမင်းနန်းတက်၍ ၂၇-နှစ်ရသောအခါ ကောဇာသက္ကရာဇ် ၅၆၂(သာသနာ ၁၁၈၄)ခုနှစ်တွင် (ခန်းဆပ္ပကိန်းအရ)ကောဇာသက္ကရာဇ် ၅၆၀ ကိုဖြို၍ ၂-နှစ်ကြွင်းပြုကာ ယင်းကို'ပုဂံသက္ကရာဇ် ၂-ခု'ဟု အသိအမှတ် ပြု၍ အသစ်တဖန် ရေတွက်မှတ်သားခဲ့လေသည်။

ယခုနှစ်မှာတို ရေတွက်မှတ်သားလျက်ရှိသော ကောဇာသက္ကရာဇ်သည်ကား ထိုပုဂံသက္ကရာဇ် ၂-ခုမှအစပြု၍ ရေတွက်မှတ်သားလာခဲ့သော သက္ကရာဇ်ပင်တည်း။

ထို့ကြောင့် ဒေါ်ဒေါ်ရသ ခန်းဆပ္ပ ဖြိုကိန်းရှင့် ရောက်ထ ကောဇာနှောပေါင်းပါက သာသနာနှစ် အတိတ်ဖြစ်၏' ဟူသည်နှင့်အညီ သမုဒ္ဒရိမင်းဖြို သက္ကရာဇ်နှင့် ၆၂၂၊ ပုပ္ပါးစောရဟန်းမင်းဖြို သက္ကရာဇ် ၅၆၀၊ နှစ်ရပ်ပေါင်း(၁၁၈၂)နှင့် ယခုရောက်ဆဲ ကောဇာသက္ကရာဇ် ၁၃၁၈-ကို ပေါင်းလိုက်လျှင် အတိတ်သာသနာနှစ် ၂၅၀၀-ဖြစ်လေသည်။

တနည်းအားဖြင့် 'သက္ကရာဇ် ဒိဿ တည်ပြီးမှလျှင် ဒွေအဋ္ဌနှင့် ကေကောနှောတုံပါက သာသနာနှစ် အတိတ်ဖြစ်၏'ဟူသော ရှေးလင်္ကာအတိုင်း ရောက်ဆဲဖြစ်သော ကောဇာသက္ကရာဇ် ၁၃၁၈-ကိုတည်ကာ ၁၁၈၂-ကိုနှောပေါင်း၍ အတိတ်သာသနာနှစ်ပေါင်း ၂၅၀၀-ဟု ရေတွက်ရလေသည်။

ယင်းသို့ဖြစ်ရကား 'အောင်စည်ရော(ပ)သာသနာသက် ငါးထောင်ဝက်'ဟူသည်နှင့်အညီ ကောဇာသက္ကရာဇ် ၁၃၁၈-ခုနှစ်သည် သာသနာတော်သက္ကရာဇ် ၂၅၀၀-ပြည့်နှစ်နှင့် ကြုံကြိုက်သော နှစ်ထူးနှစ်မြတ် ဖြစ်ပေသတည်း။

**သာသနာနှစ် ၂၅၀၀ မဟာဓမ္မသဘင်**

ယင်း ၁၃၁၈-ခု၊ သာသနာ ၂၅၀၀-ပြည့် နှစ်ထူး နှစ်မြတ်ကြီးမှာ ဝိနယာဒိနိဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး ၂၅-ကြိမ်မြောက် အထိမ်းအမှတ်

ငွေရတုသဘင်ကြီးနှင့် ကြုံကြိုက်တိုက်ဆိုင်မိသည်။ ထို့ကြောင့် ထိုနှစ်နယုန် လပြည့်ကျော် (၄)ရက်နေ့က 'ဝိနယာဒိနိဂ္ဂဟ ငွေရတုသဘင် အောင်ပွဲတော် ကြီး'ကို ဆင်ယင်ကျင်းပပြီးလျှင် ယင်းလပြည့်ကျော်(၅)ရက်နေ့တွင် 'ဗုဒ္ဓသာ သနာနှစ် ၂၅၀၀ ပြည့်'အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း ဆက် လက် ကျင်းပကြလေသည်။

ယင်းဗုဒ္ဓပူဇနီယပွဲတော်ကြီး၌ကား သံဃာတော်တို့သည် ဗုဒ္ဓသာသနာ တော်ကြီး အရှည်ခိုင်ကြံ့၍ သူတော်ကောင်းတရား တည်းဟူသော အနွယ် တော်မြတ်ကို တည်တံ့စေနိုင်သည့် ပူဇော်ခြင်းဖြင့် ပူဇော်ဘော် မူကြ လေသည်။

အရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ် ငါးရာတို့သည် ဗုဒ္ဓ ပါဝစနဓမ္မဝိနယကို ပဌမသံဂါယနာ တင်တော်မူကြကုန်သကဲ့သို့ ထိုနည်း အတူညောင်ရွှေမြို့ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး၌လည်း သံဃာတော်အရှင်မြတ် တထောင်ကျော်တို့သည် ဗုဒ္ဓပါဝစန ဓမ္မဝိနယကိုပင် ထပ်ဆင့်၍အနုသံဂါယနာ တင်တော်မူကြလေသည်။

ဓမ္မဝိနယကို သံဂါယနာတင်ခြင်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်ကြံ့ခိုင်၍ သူတော်ကောင်းတရားတည်းဟူသော အနွယ်တော်မြတ်ကို တည်တံ့စေနိုင်သည့် ပူဇော်ခြင်းဖြစ်ပေသည်။

ထိုစကားသည် မှန်၏၊ အရှင်မဟာကဿပ မထေရ်မြတ်သည် ပဌမ သံဂါယနာမတင်မီက "ငါသည် ဗုဒ္ဓသာသနာတော်ကြီး မြဲမြံခိုင်ကြံ့ အရှည် ခံ၍, တည်တံ့နိုင်လောက်အောင် ဓမ္မဝိနယကို သံဂါယနာတင်ရမူ ကောင်း လေစွ" ဟု လေးလေးနက်နက် ကြံစည်တော်မူပြီးမှ ရဟန္တာငါးရာရွေး ကောက်ကာ သံဂါယနာတင်တော်မူခဲ့လေသည်။

ညောင်ရွှေမြို့ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယ ဓမ္မဝိနယ သံဂါယနာတင် မဟာဓမ္မသဘင် အခမ်းအနားကို နယုန်လပြည့် ကျော် (၅)ရက်နေ့ နံနက် (၈) နာရီအချိန်မှစ၍ ဒေသစာရီကျောင်းတော် ကြီး၌ပင် ကျင်းပကြလေသည်၊ ယင်းအခမ်းအနားသို့ ယမန်နေ့ ဝိနယာဒိနိဂ္ဂဟ ငွေရတုသဘင် အောင်ပွဲတော်ကြီး အခမ်းအနား၌ ပါဝင်တော်မူခဲ့ကြသော သံဃာတော် (၁၁၆၆) ပါးတို့သည်ပင်လျှင် သံဂီတိကာရက ပုဂ္ဂိုလ်များ အဖြစ်ဖြင့် ပါဝင်ချီးမြှောက်တော်မူကြလေသည်။

ရွှေဦးစွာ ညောင်ရွှေမြို့ မြို့မ-ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယက ဆရာတော် ဦးဝိမလာဘိဝံသ (အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ)က ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ် သံဂါယနာတင် မဟာဓမ္မသဘင် အခမ်းအနားကို ဖွင့်လှစ်ကြောင်းကျေညာပြီးလျှင်၊ ညောင်ရွှေမြို့-မြို့မရွှေဂူကျောင်း၊ ညောင်ရွှေနယ်ဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော် ဦးအာစရ ကသံဃာ့ဆန္ဒဖြင့် ပခုက္ကူမြို့-မဟာဝိသုတာရာမတိုက် မဟာနာယက "အဂ္ဂမဟာပဏ္ဍိတ" ဆရာတော်အရှင်သုန္ဒရ မဟာထေရ်မြတ်အား ဤသံဂါယနာ မဟာဓမ္မသဘင်ကြီးကို သံဃမဟာနာယကအဖြစ်ဖြင့် အုပ်ချုပ်တော်မူပါရန် တောင်းပန်လျှောက်ထားလေသည်၊ ထိုအခါ ပခုက္ကူဆရာတော်ဘုရားကြီးသည် နေရာမှ ထ၍ ထေရာသန ပလ္လင်တော်သို့ ကြွရောက် သိတင်းသုံးတော်မူလေသည်။

သံဃမဟာနာယက (ပခုက္ကူ) ဆရာတော်ဘုရားကြီးက ရန်ကုန်မြို့၊ ဗားကရာ တောရကျောင်းတိုက် "အဂ္ဂမဟာပဏ္ဍိတ" ဆရာတော် ဘဒ္ဒန္တနာဂဝံသ မထေရ်အားသံဂီတိပုစ္ဆက အဖြစ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့-သာသနာ့ရိပ်သာ "အဂ္ဂမဟာပဏ္ဍိတ" မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘန မထေရ်အား သံဂီတိဝိသဇ္ဇက အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူရန် သမုတ် ပေးတော်မူသည်။

ထိုအခါသမုတ်ရ ပုစ္ဆကမထေရ်, ဝိသဇ္ဇကမထေရ်တို့သည် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌သင်္ကန်းကို လက်ကန့်တော့၍ မထေရ်ကြီးတို့ကို ရှိခိုးပြီးလျှင် ၊ ဓမ္မာသန (ခေါ်) တရားဟောပလ္လင်၌ အသီးအသီးနေရာယူကြကာ ပုစ္ဆက မထေရ်က ပုစ္ဆနဥတ်, ဝိသဇ္ဇက မထေရ်က ဝိသဇ္ဇနဥတ် ထားကြလေသည်။

ပထမသံဂါယနာတင်စဉ်က သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်သည်"ဝိနယော နာမ ဗုဒ္ဓသာသနဿအာယု၊ ဝိနယေ ဌိတေ,သာသနံ ဌိတံ ဟောတိ"=(ဝိနည်းမည်သည်, သာသနာ့သက်, မိန့်တော်စကား၊ ဝိနည်းတည်မှ, မြင့်ရှည်သာသနာ, ကည်တံ့ပါ၏)ဟု သံဃာတော်တို့၏အကြောင်း ပြ လျှောက်ဆိုချက်အရ၊ ဝိနည်းပိဋကတော်ကို ရှေးဦးစွာ သံဂါယနာတင်ရန် အရှင်ဥပါလိ မထေရ်နှင့် အမေးအဖြေပြုလုပ်တော်မူ၍ သိက္ခာပုဒ်တို့ကိုပါရာဇိကကဏ္ဍ စသော အမည်အားဖြင့် သီးသန့်ထားပြီးမှ " တေန ခေါ ပနသမ

ယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဥ္စာယံ ဝိဟရတိ” အစရှိသည်ဖြင့် ရဟန္တာငါး ရာစလုံး ပေါင်းရုံး သရဇ္ဈာယ်ကာ သံဂါယနာတင်တော်မူကြကုန်သကဲ့သို့၊

ထိုနည်းအတူ ညောင်ရွှေမြို့ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် မဟာဓမ္မ သဘင်၌လည်း ဝိနည်းပိဋကတော်ကိုပင် ရှေးဦးစွာသံဂါယနာတင်ရန် ဘဒ္ဒန္တ နာဂဝံသ မထေရ်နှင့် ဘဒ္ဒန္တသောဘန မထေရ်တို့သည် ဝိနည်းပိဋကပါရာဇိကာ ကဏ္ဍပါဠိတော်လာ ပါရာဇိက သိက္ခာပုဒ်လေးပါးတို့၏ ဝတ္ထု နိဒါန်းပုဂ္ဂိုလ် စသည်တို့ကို အမေးအဖြေပြုလုပ်တော်မူပြီးလျှင် “ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော” အစရှိသော ပါရာဇိကသိက္ခာပုဒ် လေးပါးကို သံဃာတော်အားလုံး စုပေါင်းရွတ်ဆိုကာ သံဂါယနာတင်တော်မူခဲ့ကြလေ သည်။

ဝိနည်းကိုသံဂါယနာတင်တော်မူပြီးနောက် သုတ်, အဘိဓမ္မာကို သံ ဂါယနာတင်လိုသော အရှင်မဟာကဿပ မထေရ်သည် ရဟန်းတို့၏လျှောက် ဆိုချက်အရ၊ အရှင်အာနန္ဒာထေရ်ကို ဝန်ဆောင်အရာထား၍ ရှေးနည်းအတူ အမေးအဖြေ ပြုလုပ်တော်မူပြီးလျှင်၊ ဗြဟ္မဇာလသုတ်အမည်ရှိသော သုတ္တန် ပိဋကကို လည်းကောင်း၊ ဓမ္မသင်္ဂဏီ အစရှိသော အဘိဓမ္မာပိဋကကိုလည်း ကောင်း အစီအစဉ်တိုင်းရဟန္တာငါးရာ စုပေါင်းရွတ်ဆိုကာ သံဂါယနာတင် တော်မူကြသကဲ့သို့၊ ညောင်ရွှေမြို့ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယ နာ မဟာဓမ္မသဘင်၌လည်း အထက်ပါ မထေရ်မြတ်နှစ်ပါးတို့သည်ပင် ဆိုင်ရာ ဆိုင်ရာ အမေးအဖြေပြုလုပ်တော်မူကြပြီးသော် သုတ္တန် အဘိဓမ္မာပါဠိတော် တို့မှ ကောက်နုတ်ချက်များကိုသာ သံဃာတော်အားလုံး စုပေါင်းရွတ်ဆိုကာ ဆက်လက်၍ သံဂါယနာတင်တော်မူကြလေသည်။

ဝိနည်း,သုတ္တန်, အဘိဓမ္မာတို့ကို သံဂါယနာတင်တော်မူပြီးနောက် သံဃနာယက ပခုက္ကူဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ကို စစ်ကိုင်း တောင်ရိုး အနီးစခန်းချောင် ‘အဂ္ဂမဟာပဏ္ဍိတ’’ အနီးစခန်းဆရာတော်ဘဒ္ဒန္တ ပဏ္ဍိတ မထေရ်က ဖတ်လျှောက်တော်မူ၍ ပြီးဆုံးသောအခါ ပရိသတ်အားလုံး သာဓုသုံးကြိမ်ခေါ်ပြီးလျှင်၊ နံနက်(၁၀)နာရီအချိန် ညောင်ရွှေမြို့ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယ ဓမ္မဝိနယ သံဂါယနာတင်မဟာဓမ္မ သဘင် အခမ်းအနားကို ရုပ်သိမ်းကြလေသည်။

နံနက် ၁၀း၃၀ နာရီအချိန်တွင် သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေးတော်မူကြပြီးလျှင်၊ နေ့လယ် (၁၂) နာရီအချိန်တွင် ညောင်ရွှေမြို့မှ အင်းလေးဒေသ၊ သာလေးတိုက် နမ့်ဟူးရွာရှိ ဖောင်တော်ဦးရုပ်ရှင်တော် မြတ်များ ကျောင်းတော်သစ်တက်ပွဲတော်ကြီးသို့ ခရီးဆက် ကြွချီတော်မူကြရန် ဖြစ်လေသည်။

## ပွဲတော်မှဟာသာ သနဒါယကာများ

ကောဇာသက္ကရာဇ် ၁၃၁၈-ခုနှစ် နယုန်လဆန်း (၁၂)ရက်နေ့မှစ၍ ၎င်းလပြည့်ကျော် (၅)ရက်နေ့အထိ ကိုးရက်ပတ်လုံး ညောင်ရွှေမြို့၌ ကျင်းပသော ရှမ်းပြည်နယ်လုံးဆိုင်ရာ (၂၂)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟ စာလျှောက်မေးပွဲတော်ကြီး၊ (၂၅)ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီး၊ ငွေရတုသဘင်အောင်ပွဲတော်ကြီးနှင့် ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် သံဃဒါယနာ တင်မဟာဓမ္မသဘင် ပူဇော်ပွဲတော်ကြီးတို့၌ လူမျိုးစု လွှတ်တော်မဟာနာယက ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက် အမှူးရှိသော ညောင်ရွှေ မြို့သူ မြို့သားနယ်သူနယ်သားအပေါင်းတို့က သာသနဒါယကာ ပစ္စည်းလေးပါးဒါယကာများပြုလုပ်ကြလေသည်။

### ၁။ နယုန်လဆန်း(၁၂)ရက်နေ့ နံနက်ဆွမ်း နေ့ဆွမ်း

ညောင်ရွှေမြို့နယ်၊ ဇလဲဂိုဏ်း၊ တာရောဂိုဏ်းနှင့် ညောင်ရွှေမြို့မ နန္ဒဝန်ရပ် မိုင်းလီရပ် ဒါယကာ ဒါယိကာမများ။

### ၂။ နယုန်လဆန်း(၁၃)ရက်နေ့ နံနက်ဆွမ်း နေ့ဆွမ်း

ညောင်ရွှေနယ်အင်းလေးဒေသ ဟဲယာရွာမဂိုဏ်းနှင့် ညောင်ရွှေမြို့မ ကန်သာရပ် သာစည်ရပ် ဒါယကာ ဒါယိကာမများ။

### ၃။ နယုန်လဆန်း(၁၄)ရက်နေ့နံနက်ဆွမ်း နေ့ဆွမ်း

ညောင်ရွှေနယ်အင်းလေးဒေသ သန်းတောင်ဂိုဏ်း၊ မိုင်း သောက်ဂိုဏ်းနှင့် ညောင်ရွှေမြို့မ မြို့လယ်ရပ်၊ ဝင်းရပ် ဒါယကာ ဒါယိကာမ များ။

### ၄။ နယုန်လဆန်း(၁၅)ရက်နေ့ နံနက် ဆွမ်း နေ့ဆွမ်း

ညောင်ရွှေနယ်အင်းတိမ်ဂိုဏ်း၊ လွယ်မောဂိုဏ်း၊ သီကျစ်ဂိုဏ်းနှင့် ညောင်ရွှေမြို့မ တောင်ရပ် မင်္ဂလာရပ် ဒါယကာ ဒါယိကာမများ။

၅။ နယုန်လပြည့်ကျော်(၁)ရက်နေ့ နံနက်ဆွမ်း နေ့ဆွမ်း

ညောင်ရွှေနယ် ကျောင်းထပ်ဂိုဏ်း၊ ဘောဲတွင်းဂိုဏ်း ဟဲဟိုးဂိုဏ်းနှင့် ညောင်ရွှေမြို့မ နန္ဒဝန်ရပ်၊ မိုင်းလီရပ်။

၆။ နယုန်လပြည့်ကျော်(၂)ရက်နေ့ နံနက်ဆွမ်းနေ့ဆွမ်း

ညောင်ရွှေနယ်၊ အင်းလေးဒေသ၊ နမ့်ပန်ဂိုဏ်း၊ မိုင်းပျိုးဂိုဏ်း၊တောင်တိုဂိုဏ်းနှင့် ညောင်ရွှေမြို့ ကန်သာရပ်သာစည်ရပ်။

၇။ နယုန်လပြည့်ကျော် (၃) ရက်နေ့၊ နံနက်ဆွမ်း နေ့ဆွမ်း။

ညောင်ရွှေနယ်၊အင်းလေးဒေသ၊ နမ့်ပန်ဂိုဏ်း, မိုင်းပျိုးဂိုဏ်း, တောင်ကြီးဂိုဏ်းနှင့် ညောင်ရွှေမြို့မ- မြို့လယ်ရပ်, ဝင်းရပ်။

၈။ နယုန်လပြည့်ကျော် (၄)ရက်နေ့၊ နံနက်ဆွမ်း-နေ့ဆွမ်း။

ညောင်ရွှေနယ်၊ ရွှေဓားကျောင်းဆရာတော် အမှူးပြုသော မြို့မ (ဆင်ခြေဖုံး) ဂိုဏ်းနှင့် ညောင်ရွှေမြို့မ-တောင်ရပ်, မင်္ဂလာရပ်။

၉။ နယုန်လပြည့်ကျော်(၅)ရက်နေ့၊ နံနက်ဆွမ်း-နေ့ဆွမ်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော် နာယကကြီး, အဂ္ဂမဟာသရေစည်သူ, အဂ္ဂမဟာသီရိသုဓမ္မ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်နှင့် မဟာဒေဝီအမှူးရှိသော သားတော် သမီးတော် ဆွေတော် မျိုးတော်များ။

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃၊ ၁၄)ရက်နေ့ ညောင်ရွှေ ဟော်နန်းတော်ဦး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနှင့် မြို့မရှစ်ရပ်ကွက်လူထုအစည်းအဝေးကြီးမှ တာဝန်ပေးလွှဲအပ်ချက်ဖြင့် အဂ္ဂမဟာသရေစည်သူ, အဂ္ဂမဟာသီရိသုဓမ္မ ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်က တာဝန်ယူပင့်လျှောက်အပ်သော ပြည်မ ပြည်နယ်တို့မှ ဆရာတော် သံဃာတော်များ စာရင်း။

## အောက်မြန်မာပြည်မှ အထူးပင့်ဆရာတော်များ

၁။ ဆရာတော်ဦးခေမာစာရ၊နိုင်ငံတော်ဩဝါဒါစရိယ၊ဗဟန်းဝေဠုဝန်တိုက် ရန်ကုန်မြို့။

၂။ ဆရာတော် ဦးဘောဓညာ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

၃။ ဆရာတော် ဦးဇောတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ရန်ကုန်မြို့။

၄။ ဆရာတော် ဦးသီလက္ခန္ဓ၊ သုံးထပ်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ရန်ကုန်မြို့။

၅။ ဆရာတော် ဦးသောဘန၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ရိပ်သာ၊ ကုက္ကိုင်း ရန်ကုန်။

၆။ ဆရာတော် ဦးနာဂဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဗားကရာ တောရတိုက်၊ ရန်ကုန်။

၇။ ဆရာတော် ဦးပါလေဘာ၊ ပရိယတ္တိဓမ္မာစရိယ၊ ဗားကရာတိုက် ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၈။ ရှင်စောပု ဆရာတော်၊ ရှင်စောပုကျောင်းတိုက်၊ မြေနီကုန်း၊ ရန်ကုန်။

၉။ ဆရာတော် ဦးသုစရိတ၊ ကျွန်းတောကျောင်းတိုက်၊ ရန်ကုန်မြို့။

၁၀။ ငင်း ပစ္ဆာသမဏ ဦးဝိသုဒ္ဓ ။ ။

၁၁။ ဆရာတော် ဦးဇောတိက၊ ရဟန်းပျိုအဖွဲ့ ဉက္ကဋ္ဌ၊ အရှေ့ပိန္နဲကုန်းတိုက်၊ ရန်ကုန်။

၁၂။ ဆရာတော် ဦးသောဘန၊ အစိုးရဓမ္မာစရိယ၊ မြသိန်းတန်ကျောင်း၊ ရန်ကုန်။

၁၃။ ဆရာတော် ဦးဉာဏုတ္တရ၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ရိပ်သာ၊ ပဲခူးမြို့။

၁၄။ အဖျောက်ဆရာတော်၊ (ကိုယ်စား ဦးအမတ)၊ ဟသ်ာတ။

၁၅။ ဆရာတော် ဦးကုဝေရ၊ မူလဓမ္မာစရိယ၊ ရတနာဗိမာန်ကျောင်း၊ ဟင်္သာတ။

၁၆။ ဆရာတော် ဦးဝိမလ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေဟင်္သာ တောရတိုက်၊ ညောင်တုန်း။

၁၇။ ဆရာတော် ဦးနာဂိန္ဒ၊ ဆဋ္ဌ– သြဝါဒါစရိယ၊ ဇီးဖြူကုန်းကျောင်း၊ ဒါးပိန်မြို့။

၁၈။ ဆရာတော် ဦးဥယျ၊ ဆဋ္ဌ– ဝန်ဆောင်၊ လယ်တီစံကျောင်း၊ ပျဉ်းမနားမြို့။

၁၉။ ဝဲပြန် ဆရာတော်၊ ဝဲပြန်ကျောင်း၊ မော်လမြိုင်မြို့။

၂၀။ ဘိက္ခုအနုရုဒ္ဓါ၊ သံဂီတိကာရက၊ နီပေါပြည်။

## အထက်မြန်မာပြည်မှ အထူးပင့် ဆရာတော်များ

၁။ စံကင်း ဆရာတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင် မန္တလေးမြို့။

၂။ ၎င်း ပစ္ဆာသာမဏ ။ ။

၃၊ ဆရာတော် ဦးသူရိယ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ မစိုးရိမ်တိုက်၊ အနောက်ပြင် မန္တလေးမြို့။

၄။ ၎င်း ပစ္ဆာသမဏ ။ ။

၅။ ဆရာတော် ဦးပညာဝံသ၊ ဇမ္ဗုမော်ကျောင်း၊ ဝိသုဒ္ဓါရုံ တိုက်သစ်၊ အနောက်ပြင် မန္တလေးမြို့။

၆။ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ ပထမကျော်၊ ပရိယတ္တိဓမ္မာစရိယ၊ ဝိဇ္ဇာလင်္ကာရတိုက်။

၇။ ဆရာတော် ဦးဣန္ဒာသဘ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘုရားကြီးတိုက် တောင်ပြင်မန္တလေးမြို့။

၈။ ဆရာတော် ဦးနာရဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ။ ။

၉။ ဆရာတော် ဦးဥက္ကံသ (ဦးကြွယ်) အဂ္ဂမဟာပဏ္ဍိတ။ ။

၁၀။ ဆရာတော် ဦးသောဘိတ၊ မူလဓမ္မာစရိယ၊ ။ ။

၁၁။ ဆရာတော် ဦးနန္ဒိသေန၊ အဂ္ဂမဟာပဏ္ဍိတ၊ နန္ဒိသေနာရာမတိုက် တောင်ပြင်၊ မန္တလေးမြို့။

၁၂။ ဆရာတော် ဦးဉာဏဝံသ၊ရမည်းသင်းကျောင်း၊ အရှေ့ဝိသုဒ္ဓါရုံတိုက်၊အရှေ့ပြင် မန္တလေးမြို့။

၁၃။ ဆရာတော် ဦးဝါသန၊ ဝိဇိတာရုံတိုက်၊ နယူးစီဗီလိုင်း၊ မန္တလေး။

၁၄။ ဆရာတော် ဦးအရိန္ဒမ၊ အဂ္ဂမဟာပဏ္ဍိတ၊ မင်္ဂလချောင်၊ မင်းကွန်း။

၁၅။ ဆရာတော် ဦးဝိစိတ္တသာရ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဓမ္မနာဒတိုက်၊ မင်းကွန်း။

၁၆။ ဆရာတော် ဦးပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အနီးစခန်းချောင်၊ စစ်ကိုင်းတောင်ရိုး။

၁၇။ ဆရာတော် ဦးပညိန္ဒ ပရိယတ္တိ ဓမ္မာစရိယ၊ ဧယျာသိန်ပါဠိတက္ကသိုလ် စစ်ကိုင်း။

၁၈။ ဆရာတော် ဦးအဂ္ဂဓမ္မ၊ အောင်မြေသာစည်တိုက်၊ စစ်ကိုင်း။

၁၉။ ဆရာတော် ဦးပဏ္ဍိတ၊ မူလဓမ္မာစရိယ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်း။

၂၀။ ဆရာတော် ဦးရာဇိန္ဒ ပိဂဒါဝုန်တိုက်၊ စစ်ကိုင်း။

၂၁။ ဆရာတော် ဦးဝိမလာစာရ၊ ဓမ္မကထိက၊ ဝိပဿနာချောင်၊ စစ်ကိုင်း။

၂၂။ ဆရာတော် ဦးသုန္ဒရ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၂၃။ ၎င်း ပစ္ဆာသမဏ ဦးနေမိန္ဒ တိပိဋကဓရ, ဓမ္မဘဏ္ဍာဂါရိက၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

အထက်အောက်မြန်မာပြည်မှ အထူးပင့် ဆရာတော်ပေါင်း(၄၃)ပါး အပြင် ရှမ်းပြည်နယ်၊ကယားပြည်နယ်တို့မှ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဝိနည်းဓိုရ် အစရှိသော ဆရာတော်သံဃာတော်တို့အားလည်း လူမျိုးစု လွှတ်တော် နာယကဲ ညောင်ရွှေစော်ဘွားကြီးက အထူးပင့်လျှောက် ခဲ့လေသည်။

## ရှမ်းပြည်နယ် အသီးသီးမှ အထူးပင့်သံဃာတော်များ

| | | |
|---|---|---|
| ၁။ | ကျိုင်းတုံမြို့မှ(သီရိနေ်ဂိုဏ်းချုပ်ဆရာတော်ဦးပုညပါ) | ၄-ပါး |
| ၂။ | မိုင်းရှူးမြို့မှ ဂိုဏ်းချုပ်ဆရာတော် | ၁-ပါး |
| ၃။ | မိုင်းနောင်မြို့မှ (ဂိုဏ်းချုပ်ဆရာတော် ပါ) | ၂-ပါး |
| ၄။ | မိုင်းပန်းမြို့ ။ | ၂-ပါး |
| ၅။ | မိုင်းကိုင်မြို့မှ ။ | ၃-ပါး |
| ၆။ | မိုင်းရယ်မြို့မှ ။ | ၃-ပါး |
| ၇။ | မိုင်းပွန်မြို့မှ ဂိုဏ်းချုပ်ဆရာတော် | ၁-ပါး |
| ၈။ | မိုင်းလွန်းမြို့မှ(ဂိုဏ်းချုပ်ဆရာတော် ပါ) | ၃-ပါး |
| ၉။ | မိုးနဲမြို့မှ ။ | ၃-ပါး |
| ၁၀။ | မိုးမိတ်မြို့မှ ။ | ၃-ပါး |
| ၁၁။ | လဲချားမြို့မှ ။ | ၃-ပါး |
| ၁၂။ | မောက်မယ်မြို့မှ ။ | ၂-ပါး |
| ၁၃။ | ကြေးသီးမန်စံမြို့မှ ။ | ၂-ပါး |
| ၁၄။ | ဟိုပုံးမြို့မှ ။ | ၂-ပါး |
| ၁၅။ | နောင်မွန်နန်းခုတ်မြို့မှ ။ | ၂-ပါး |
| ၁၆။ | သထုံ ဆီဆိုင်မြို့မှ ။ | ၂-ပါး |
| ၁၇။ | ဘန်းယဉ်မြို့မှ ။ | ၂-ပါး |
| ၁၈။ | စကားမြို့မှ ။ | ၂-ပါး |
| ၁၉။ | စကွယ်မြို့မှ ။ | ၂-ပါး |
| ၂၀။ | မိုးပြဲမြို့မှ ။ | ၂-ပါး |
| ၂၁။ | ကန္တာရဝတီလွိုင်ကော်မြို့မှ ။ | ၃-ပါး |
| ၂၂။ | ဘောလခဲမြို့မှ ။ | ၂-ပါး |

| | | |
|---|---|---|
| ၂၃။ | ကြယ်ပိုးကြီးမှ ။ | ၂-ပါး |
| ၂၄။ | ပွေးလှမြို့မှ ဂိုဏ်းချုပ်ဆရာတော် | ၁-ပါး |
| ၂၅။ | ပင်းတယမြို့မှ (ဂိုဏ်းချုပ်ဆရာတော်ပါ) | ၂-ပါး |
| ၂၆။ | သာမိုင်းခမ်းမြို့မှ ။ | ၂ ပါး |
| ၂၇။ | ကျုံးမြို့မှ ။ | ၃-ပါး |
| ၂၈။ | ပင်ပိုမြို့မှ ဂိုဏ်းချုပ်ဆရာတော် | ၁-ပါး |
| ၂၉။ | ရပ်စောက်မြို့မှ (ဂိုဏ်းချုပ်ဆရာတော်ပါ) | ၄-ပါး |
| ၃၀။ | ပင်လောင်းမြို့မှ ။ | ၂-ပါး |
| ၃၁။ | ဘော်ရေဦးမြို့မှ(ဂိုဏ်းချုပ်ဆရာတော်ပါ) | ၂-ပါး |
| ၃၂။ | ရွာငံမြို့မှ ။ | ၂-ပါး |
| ၃၃။ | လွိုင်လင်မြို့မှ မြို့မကျောင်းဆရာတော် | ၁-ပါး |
| ၃၄။ | ကလောမြို့မှ သိမ်တောင်ကျောင်းဆရာတော် | ၁-ပါး |
| ၃၅။ | သိန္နီမြို့မှ (ဂိုဏ်းချုပ်ဆရာတော်ပါ) | ၄-ပါး |
| ၃၆။ | သီပေါမြို့မှ ။ | ၄-ပါး |
| ၃၇။ | လားရှိုးမြို့မှ ဗောဓိရုံဆရာတော်ဦးကေသရ | ၁-ပါး |
| ၃၈။ | တောင်ပိုင်မြို့မှ (ဂိုဏ်းချုပ်ဆရာတော်ပါ) | ၃-ပါး |
| ၃၉။ | ကိုးကန့်မှ ဆရာတော် | ၁-ပါး |

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ မြို့ပေါင်း(၃၉)မြို့မှဆရာတော် သံဃာတော်ပေါင်း (၈၆)ပါး။

ညောင်ရွှေနယ်မှ အထူးပင့်ကျောင်းများ

| | | |
|---|---|---|
| ၁။ | ကုန်းဆွတ်ဂိုဏ်းမှ | ၁၀-ကျောင်း |
| ၂။ | တောင်ကြီးဂိုဏ်းမှ | ၁၅-ကျောင်း |
| ၃။ | ဘော်တွင်းဂိုဏ်းမှ | ၁၂-ကျောင်း |

| | | |
|---|---|---|
| ၄။ | သီကျစ်ဂိုဏ်းမှ | ၁၄-ကျောင်း |
| ၅။ | လွယ်မောဂိုဏ်းမှ | ၁၅-ကျောင်း |
| ၆။ | ကျောက်ထပ်ဂိုဏ်းမှ | ၁၄-ကျောင်း |
| ၇။ | ဟဲဟိုးဂိုဏ်းမှ | ၁၅-ကျောင်း |
| ၈။ | တာရေဂိုဏ်းမှ | ၁၉-ကျောင်း |
| ၉။ | ညောင်ရွှေမြို့မဂိုဏ်းမှ | ၃၀-ကျောင်း |
| ၁၀။ | လုံကားဂိုဏ်းမှ | ၂၁-ကျောင်း |
| ၁၁။ | ဇလဲဂိုဏ်းမှ | ၂၁-ကျောင်း |
| ၁၂။ | နားဟီးဂိုဏ်းမှ | ၂၄-ကျောင်း |
| ၁၃။ | ထိသိမ်ဂိုဏ်းမှ | ၇-ကျောင်း |

အထက်ပါ အထူးပင့်ကျောင်းများမှ ဆရာတော် သံဃာတော်ပေါင်း (၂၁၇)ပါး၊အင်းလေးကန်၏ ပတ်ဝန်းကျင်ရှိ မိုင်းသောက်ဂိုဏ်း၊ မိုင်းပျိုးဂိုဏ်း၊တောင်တိုဂိုဏ်း၊ နမ့်ပန်ဂိုဏ်း၊ အင်းတိမ်ဂိုဏ်း၊ဟဲယာရွာမဂိုဏ်း၊ သန်းတောင်ဂိုဏ်းဟူသော(၇)ဂိုဏ်းအတွင်းရှိ ကျောင်းပေါင်း(၁၂၀)ကျောင်း တို့မှ သံဃာတော်ပေါင်း (၂၀၀)ပါး။

## နမ့်ဟူးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ အဘိနဝ ဝိဟာရာရှဋ္ဌမင်္ဂလာပွဲတော်ကြီး

### ကျောင်းတော်သစ်ကြီး ဆောက်လုပ်ပြီးချိန်

၁၃၁၈-ခုနှစ်၊ နယုန်လ ညောင်ရွှေမြို့၌ ဝိနယာဒိနုဂ္ဂဟ ဋ္ဌေရတုသဘင် အောင်ပွဲတော်ကြီး ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယနာတင် မဟာဓမ္မ သဘင်ကြီးများ ကျင်းပနေသည့်အချိန်တွင် ညောင်ရွှေနယ် အင်းလေးဒေသ သာလေးတိုက် နမ့်ဟူးရွာ ဖောင်တော်ဦး ကျောင်းတော်သစ်ကြီး၌ကား မည်သို့သော စီမံဆောင်ရွက်မှုများ ပြုလုပ်နေကြသနည်း။

ဤနေရာ၌ 'ဖောင်တော်ဦး ကျောင်းတော်သစ်ကြီး' ဟူသည်မှာ ဤသို့ဖြစ်၏။ ၁၃၁၃-ခုနှစ်၊ (ဦး)ဘန်ခူးလဆန်း(၅)ရက်နေ့၊ နမ့်ဟူးရွာ နှစ်သစ်ကူး နှစ်ဦး ဓမ္မရေးနာအလှူပွဲတွင် ဆရာတော် သံဃာတော်များနှင့် ဒကာ-

ဒကာမများအစည်းအဝေးတရပ်ကို ကျင်းပ၍ လျှင် မိုင်းပျိုးပထမကျောင်းဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ(ယခုပြန်လွန်ပြီး) ဥက္ကဋ္ဌအဖြစ် ပါဝင်သော 'ဖောင်တော်ဦး ကျောင်းတော်သစ် ဆောက်လုပ်ရေး ရှစ်ဦးအဖွဲ့'ကို ဖွဲ့စည်းလေသည်။

မြတ်စွာဘုရားလက်ထက်တော်က ဘုရားရှင်၏ ခွင့်ပြုတော် မူချက်အရ ဒါယကာတို့ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအတွက် နဝကမ္မအဝဝကို စီမံခန့်ခွဲစောင့်ရှောက် နိုင်သည့်ရဟန်းတပါးပါးအား ဉတ္တိဒုတိယကမ္မဝါစာဖြင့် နဝကမ္မပေးအပ်၍ ကျောင်းအတွက်နဝကမ္မအဝဝကို စီမံခန့်ခွဲစောင့်ရှောက်စေသကဲ့သို့ ယင်းအစည်းအဝေး၌ အစည်းအဝေး၏ သဘာပတိလည်းဖြစ်၊ ကျောင်းတော်သစ် ဆောက်လုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သော မိုင်းပျိုးပထမကျောင်းဆရာတော်ဘုရားကြီးက (ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် မဟုတ်သော်လည်း) အစည်းအဝေးပါ သံဃာတော်များ၊ ဒကာ– ဒကာမများ၏ သဘောတူဆန္ဒဖြင့် အင်းတိမ်ဂိုဏ်းထောက် သာလေးတောင် ကျောင်းဆရာတော်အရှင်နေမိန္ဒာဘိဝံသ မထေရ်အားဖောင်တော်ဦး ကျောင်းတော်သစ်ကြီးအတွက် နဝကမ္မအဝဝကို စီမံခန့်ခွဲ စောင့်ရှောက်ဆောင်ရွက်တော်မူရန် နဝကမ္မ တာဝန်ပေးလွှဲအပ်တော် မူခဲ့လေသည်။

ယင်းသို့ဖြစ်ရကား 'ဖောင်တော်ဦးကျောင်းတော်သစ်ကြီး' ဟူသည်မှာ အထက်ပါအစည်းအဝေးကြီးမှ နဝကမ္မ တာဝန်ပေး လွှဲအပ်တော်မူချက်အရ အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်းဆရာတော်က နဝကမ္မ အဝဝကို စီမံခန့်ခွဲ စောင့်ရှောက်၍ ဦးစီးဦးကိုင် ပြုလုပ်ဆောင်ရွက်တော် မူသော ကျောင်းတော်သစ်ကြီး ဖြစ်ပေသည်။

အဆိုပါကျောင်းတော်သစ်ကြီးကို ဆောက်လုပ်ရန် မူလရှိရင်းဖြစ်သော ကျောင်းတော်ဟောင်းကိုဖျက်၍ ထိုကျောင်းတော်ဟောင်း နေရာကိုပင် မြေကြီးတို့ဖြင့်လည်းကောင်း၊ သဲတို့ဖြင့်လည်းကောင်း၊ အသစ်ထပ်မံဖို့ခြင်း၊ နေရာတိုးချဲ့၍ ဖို့ခြင်းများပြုလုပ်ပြီးလျှင် ယင်းနေရာ၌ ၁၃၁၄-ခုနှစ်၊ တော်သလင်းလဆန်း(၁၄)ရက်၊(၁၉၅၂-ခုနှစ်၊ ဩဂုတ်လ ၂၆-ရက်)အင်္ဂါနေ့ နံနက်(၇)နာရီ၊ ၃-မိနစ်၊ ၂၄ စက္ကန့်အချိန်တွင် ညောင်ရွှေမြို့ မြို့မရွှေဂူကျောင်း ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာနာယက ဂိုဏ်းချုပ်ဆရာတော် ဦးအာစရ အမှူးရှိသော ဆရာတော်ကြီး(၉)ပါးနှင့် ညောင်ရွှေနယ်ချုပ် ဦးမောင်မောင်လတ်၊ အင်း

တိမ်မြို့စားမင်း ဦးစံလင်းအမှူးရှိသော လူပုဂ္ဂိုလ်(၉)ဦးတို့က စတင် အုတ်မြစ်ချပေးခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံကော် ပထမ (ယာယီ) သမ္မတ ညောင်ရွှေ စော်ဘွားကြီးစဝ်ရွှေသိုက်၊ မော်လမြိုင်မြို့ သာလေးတောင်ကျောင်းဆရာတော် အရှင်နေမိန္ဒာဘိဝံသ၏ရဟန်းအမကြီး ဒေါ်စောမေ၊ ကယားပြည်နယ် လွိုင်ကော်မြို့ ဦးဘအေး၊ ယိုးဒယား(ထိုင်း)နိုင်ငံမှ သစ်ကုန်သည်ကြီးဦးခွန်စန္ဒ အစရှိသော စေတနာရှင် သဒ္ဒါရှင်များ၊ ရှမ်းပြည်နယ်နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးမှ စေတနာရှင်၊ သဒ္ဒါရှင်များ စုပေါင်းအားပေး ကူညီလှူဒါန်းခြင်းကြောင့်လည်းကောင်း၊ အမှုသစ် ရှက်ဆောင်သော ရဟန်းသည် "ကျောင်းသည် အဘယ်သို့ လျင်စွာပြီးဆုံးခြင်းသို့ ရောက်ရာသနည်း" ဟုကြောင့်ကြစိုက်ရာဘိသကဲ့သို့ ဦးစီးဦးကိုင်ပြုလုပ်၍ နဝကမ္မအဝဝကို စီမံခန့်ခွဲဆောင်ရွက်တော်မူသည့် သာလေးတောင်ကျောင်း ဆရာတော်အရှင်နေမိန္ဒာဘိဝံသ၏ အထူးကြောင့်ကြစိုက်လျက် မဆုတ်မနစ် စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်တော်မူခြင်းကြောင့်လည်းကောင်း၊ ကျောင်းတော်သစ်ကြီးမှာ သုံးနှစ်ကျော်ကာလအတွင်း အပြီးသတ် အချောထည်မဟုတ်သေးသော်လည်း ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ လျောက်ပတ်စွာ ကိန်းပတ်စံပယ်တော်မူနိုင်လောက်သည့် အခြေအနေသို့ရောက်အောင် ပြီးမြောက်ခဲ့လေသည်။

ထို့ကြောင့် ၁၃၁၈-ခုနှစ်၊ နယုန်လ ညောင်ရွှေမြို့၌ ဝိနယာဒိနိဂ္ဂဟ ငွေရတုသဘင် အောင်ပွဲတော်ကြီး၊ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယနာတင် မဟာဓမ္မသဘင်ပွဲတော်ကြီးများ ကျင်းပနေချိန်တွင် အင်းလေးဒေသ သာလေးတိုက်၊ နမ့်ဟူးရွာ၊ ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၌ ကား ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီလှမ်းတက်သည့် "အဘိနဝဝိဟာရာရုဠ္ဌ မင်္ဂလာပွဲတော်ကြီး" ကို ကျင်းပရန် ဆရာ-ဒကာတို့ စီမံဆောင်ရွက်၍ နေကြလေသည်။

**အခါတော် မဟာသမယနှင့် ပုဗ္ဗာဂ်မပူဇော်ပွဲ**

ထိုနှစ် နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ဖောင်တော်ဦးကျောင်းတော်သစ်ကြီး ဖွင့်လှစ်ပွဲအခမ်းအနားတရပ်ကို ကျင်းပလေသည်၊ ထိုအခမ်းအနားသို့ ကျောင်းဘော်သစ် ဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မိုင်းပျိုးဆရာတော်ကြီး အမှူးရှိသောသံဃာတော်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်

လူမျိုးစုလွှတ်တော်နာယက စဝ်ရွှေသိုက်အမှူးရှိသော လူကြီးများ၊ နမ့်ဟူးရွာ, သာလေးရွာ အစရှိသော ရွာများမှ ဒကာ-ဒကာမများနှင့် အင်းလေးဒေသအတွင်းရှိ ကျေးရွာပေါင်းများစွာမှ ဓမ္မစကြာအဖွဲ့ပေါင်း (၃၅)ဖွဲ့ တက်ရောက်ကြလေသည်။

နံနက် (၈း၃၀) နာရီ မင်္ဂလာရှိ၍ ကောင်းမြတ်သော အချိန်အခါတွင် မိုင်းပျဉ်းဆရာတော်ဘုရားကြီးက "ဇယမင်္ဂလ ပေါဂိယ ပူဇာ" စသော ဂါထာကိုရွတ်ဆိုလျက် "ဖောင်တော်ဦး ကျောင်းတော်သစ်ကြီး"ကို ဖွင့်လှစ်ပေးတော်မူလေသည်၊ ထို့နောက် ကျောင်းတော်သစ်ကြီးပေါ်၌ "မဟာသမယအခါတော်နေ့ အခမ်းအနား"ကို ဆင်ယင်ကျင်းပလေသည်၊ ရှေးဦးစွာ သံဃာတော်အရှင်မြတ်တို့က မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် မဟာသမယသုတ်တော်ကို ရွတ်ပွါးပူဇော်ကြလေသည်၊ သံဃာတော်များ ရွတ်ပွါးပူဇော်၍ပြီးသောအခါ ဓမ္မစကြာအဖွဲ့များက ဓမ္မစက္ကပဝတ္တနသုတ်, အနတ္တလက္ခဏသုတ်, မဟာသမယသုတ်, ပဋ္ဌာန်းပါဠိတော် အစရှိသော မြတ်စွာဘုရား၏ သာမုက္ကံသိက ဒေသနာတော်များကို တဖွဲ့ပြီးတဖွဲ့ အဆက်မပြတ် ရွတ်ပွါးပူဇော်ကြလေသည်။

ထိုနည်းအတူ အဆိုပါ ဓမ္မစကြာအဖွဲ့များသည် နယုန်လပြည့်ကျော် (၁) ရက်နေ့မှ ယင်းလပြည့်ကျော် (၅) ရက်နေ့အထိ ဆက်လက်၍ နေ့ရောညဉ့်ပါ အလှည့်ဖြင့် ရွတ်ပွါးပူဇော်ကြလေသည်။

ဤသည်ကား-နယုန်လပြည့်ကျော် (၆) ရက်နေ့တွင် ဆင်ယင်ကျင်းပမည့် "ဖောင်တော်ဦး·ရုပ်ရှင်တော်မြတ်များ အဘိနဝဝိဟာရရှင်ပြ မင်္ဂလာပွဲတော်ကြီး"ကို ကြိုဆိုသည့်အနေအားဖြင့် ဆင်နွှဲကြသည့် ပုဗ္ဗင်္ဂမပူဇော်ပွဲဖြစ်လေသည်။

## ဥညြသံဃာ မြတ်သံဃာတို့ ပြန်နှုတ်ကန်သာခရီး

နယုန်လပြည့်ကျော် (၅) ရက်နေ့နံနက် ညောင်ရွှေမြို့ ဒေသစာရီကျောင်းတော်ကြီး၌ သံဃာတော် ၁၀၆-ပါး၊ (ဥညြသံဃာ မြတ်သံဃာ) တို့ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယနာတင် မဟာဓမ္မသဘင်ပူဇော်ပွဲကြီး ဆင်ယင်နေသည့်အချိန်တွင် ညောင်ရွှေအင်းသေးပတ်ဝန်းကျင်ကျေးရွာများမှ လူပေါင်းများစွာတို့သည် အဆိုပါ သံဃာတော်တို့အား ညောင်ရွှေမြို့မှ အင်းလေးကန်သာ နမ့်ဟူးရွာ ဖောင်တော်ဦးကျောင်းတော်သစ်ကြီးသို့

ကြိုဆိုပင့်ဆောင်ရန် ဆွဲလှေကြီးများ (နောက်တွဲ) ပဲ့ချိတ်စက်လှေများဖြင့် ညောင်ရွှေမြို့ အနောက်ဖက်ရှိ နန်းကပ်ချောင်းအတွင်းသို့ ရောက်နှင့်နေကြလေသည်။

(ဆွဲလှေဟူသည်မှာ အင်းလေးဒေသ၌ ရှေးပဝေသဏီမှစ၍ အစဉ်အလာအရ၊ ကျွန်းသစ်များဖြင့် ဆက်စပ်ပြုလုပ်ထားသည့် ပြိုင်လှေကြီးကိုခေါ်သည်၊ ထိုဆွဲလှေကြီးများကို တောင်ပေါင်း ၅၀၊ တောင်ပေါင်း ၆၀၊ တောင်ပေါင်း ၁၀၀-စသည်ဖြင့် ရှည်ရှည်လျားလျား ပြုလုပ်ထားတတ်ကြလေသည်၊ လှေကြီး၏ ဦးနှင့်ပဲ့တွင် "နဂါးမောက်"ဟု ခေါ်သော လှေချွန်ထက်၍ အထက်သို့ ကြွကြွရွရွ မော့တက်နေသည့် အမောက်နှစ်ခုစီ တပ်ထားလေသည်၊ ပုဂံမြို့မှ ယွန်းသည်များကို ချောမွတ်အောင် ပွတ်တိုက်၍ သစ်စေးဖြင့် အရောင်တင်ထားသကဲ့သို့ လှေဝမ်း၏အပြင်ဖက် (ကျော) နှင့် နဂါးမောက်များကို ချောမွတ်အောင် ပွတ်တိုက်၍ သစ်စေးဖြင့် အရောင်တင်ထားလေသည်။

ထိုလှေကြီးများကို ဆွဲလှေ(သို့မဟုတ်) ပြိုင်လှေအဖြစ် အသုံးပြုလိုသည့်အခါ သစ်ဝါးတို့ဖြင့်ပြုလုပ်ထားသော လက်ကိုင်တန်းများပါသည့် "စင်"ကို လှေဝမ်းထဲသည့်၍ အသုံးပြုရလေသည်၊ ယင်းကို "လှေစင်"ဟု ခေါ်သည်၊ ထိုလှေစင်ကို လှေဦးမှ လှေပဲ့အထိထည့်ပြီးလျှင် လှေလှော်သူတို့က လှေ၏ ဝဲ-ယာ လှေနံတဖက်စီ၌ စီး၍ လှော်ခတ်ကြရလေသည်၊ ခြေတဖက်ဖြင့် လှေနံကို နင်းပြီးလျှင် (ယင်းနှင့် ဝဲ-ယာတူ) လက်တဖက်ဖြင့် လှေစင်၏တန်းကို ကိုင်ထားရ၏၊ ကျန်ခြေတဖက်ဖြင့် လှော်တက်ရိုးကို ကကောက်ချိတ်ပြီးလျှင် (ယင်းနှင့် ဝဲ ယာတူ) လက်တဖက်ဖြင့် လှော်တက်၏အရိုးဖျားကိုကိုင်ကာ တက်ကို ခြေဖြင့် ရှေ့သို့ချီပို့ပစ်တင်၍ နောက်သို့တဖန် ဆွဲငင်လှော်ခတ်ရလေသည်၊ ထိုအခါ ဟုန်းကန်အား ဖြစ်ပေါ်လာပြီးလျှင် လှေသည် ရှေ့သို့ (လှေလှော်သူ၏ မျက်နှာမူရာဖက်သို့) ရှေ့လျားသွားလေသည်။

ယင်းနည်းဖြင့် လှေဦးမှ စီးရသူ လှေဦးစီး (ဝဲ-ယာ)နှစ်ယောက်တို့က တက်ကို အနှုတ်အသွင်း ပြိုင်တူပြုလုပ်၍ အချက်ပေးလှော်ခတ်

ကြရလေသည်၊ နောက်လှေကိုလည်း ထိုသူတို့၏ တက်ချက်အတိုင်း ပြိုင်တူလိုက်၍ တက်ချက်ညီညီ လှော်ခတ်ကြရလေသည်။

ဆွဲလှေ(သို့မဟုတ်) ပြိုင်လှေတစင်းလျှင် အရှယ်အားလျော်စွာ လှော်သူနှစ်ကျိပ်ခြောက်ယောက်, လေးကျိပ်ခြောက်ယောက်, လူတရာ စသည်ဖြင့် စီးကြလေသည်၊ ဤလှေမျိုးကို လှေပြိုင်ပွဲများပြုလုပ်သည့် အခါ ပြိုင်လှေအဖြစ် အသုံးပြု၍ ဖောင်တော်ဦး ဂုဏ်ရှင်လှော်မြတ်များ ဒေသစာရီကြွချီတော်မူသည့်အခါ ကရဝိက်ဖောင်တော်ကြီးကို ကြိုးဆို ဆွဲယူသည့်လှေအဖြစ် အသုံးပြုကြလေသည်၊ ထို့ကြောင့် ပြိုင်လှေ-ဟု လည်းကောင်း၊ ဆွဲလှေ-ဟုလည်းကောင်း ခေါ်ကြလေသည်။

ဤသည်တို့ကား-အင်းလေးဒေသ၌ ဆွဲလှေ (သို့မဟုတ်) ပြိုင် လှေများ ပြုလုပ်ပုံ, လှော်ခတ်ပုံစသည့် အချင်းအရာများ ဖြစ် ပေသည်။

(ဥဩသာသာ) မြတ်သံဃာတော်တို့သည် နေ့ဆွမ်းဘုဉ်းပေးပြီး၍ နေ့ လယ် (၁၂)နာရီအချိန်တွင် ညောင်ရွှေမြို့တည်းခိုရာ ကျောင်းအသီးအသီးမှ (ဖောင်တော်ပြန်) လှေဆိပ်သို့ ကြွချီတော်မူကြကာ ထိုမှတဆင့်အစီအစဉ်အရ မော်တော်(ခေါ်) ပွဲချိတ်စက်လှေများပေါ်သို့ စီးနင်းလိုက်ပါတော် မူကြရ လေသည်။

ဆွဲလှေကြီးတစင်းလျှင် (နောက်တွဲ) ပွဲချိတ်စက်လှေ (၃)စင်းကို ဆွဲ ယူပင့်ဆောင်ရန် အသင့်စီမံထားပြီး ဖြစ်လေသည်။

ဆွဲလှေကြီးများဖြင့် ကြိုဆိုပင့်ဆောင်သူတို့သည် ယင်းတို့၏ဆွဲလှေများ ၌ စီးဖြူများ, သာသနာ့အလံများ, တံခွန်, ကုက္ကား, မုလေးပွားများ, ငှက် ပျောပင်, ကြံပင်များကို စိုက်ထူထားကြလေသည်၊ ပန်းထည့်ထားသော ငွေ ဖလားကြီးများ, ငွေညောင်ရေအိုးကြီးများကိုလည်း အဖျား၌ ကန်တော့သ ဖွယ်ပြုလုပ်ထားသည့် ဝါးလုံးများဖြင့် ညှပ်ကာ စိုက်ထူထားကြလေသည်၊ တံခွန်, ကုက္ကား, မုလေးပွားတိုင်များ၌ ကြက်လျှာတန်းများကိုလည်း ပြုလုပ် ထားကြလေသည်၊ ယင်းတို့သည် လေထဲတွင် တဖျပ်ဖျပ်လူး၍ ကွန့်မြူးနေကြ လေသည်။

ရှမ်းအိုးစည်, ဓနုအိုးစည်, ရွှေအိုးစည်, အိုးစည်ကြီး, မောင်းကြီး, လင်ကွင်းကြီး, နရည်း အစရှိသော အတီးအမှုတ် အကအခုန်များဖြင့်လည်း တီးမှုတ် ကခုန်ကြလေသည်၊ ဤသို့ပြုလုပ်ခြင်းသည်ကား အလေးပြုထိုက်သူများနှင့် ပူဇော်ထိုက်သော ရတနာသုံးပါးတို့ကို ကြိုဆိုပင့်ဆောင်ရာ၌ အင်းလေးသူ အင်းလေးသားတို့၏ ညီညွတ်ခြင်း,တက်ကြွခြင်း လူ့အင်အားနှင့် သဒ္ဓါတရားစသည်တို့ကို ဖော်ပြသည့် ရှေးအစဉ်အလာ ယဉ်ကျေးမှု တရပ်ဖြစ်လေသည်။

ဤနည်းအားဖြင့် သံဃာကြိုဆွဲလှေကြီးပေါင်း (၁၉)စင်းတို့သည် သံဃာစီးပဲ့ချိတ်စက်လှေပေါင်း(၅၇)စင်းတို့ကို ကြိုဆိုဆွဲယူ ပင့်ဆောင်ကြလေသည်၊ ခရီးစဉ်အရ (အင်းလယ် ဗိုလ်တဲ့ခေါ်) သံတဲ အနီးမှ ဖြတ်သန်းကာ ငါးဖယ်ချောင်း ကျောင်းသို့ ပင့်ဆောင်ကြလေသည်၊ ယင်းကျောင်း၌ သံဃာတော်များ ခေတ္တအပန်းဖြေရင်း အဖူးအမျှော် အပူအဇော် ရောက်လာကြသည့် ဒကာ-ဒကာမတို့အား မိနစ်(၂၀)ခန့်မျှ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူကြလေသည်။

**စကြံ့ဦးမှ ကြိုဖူးဝန္ဒနာ**

နေ့ (၂)နာရီအချိန်တွင် ငါးဖယ်ချောင်းကျောင်းမှ တဆင့်ဟဲယာရွာမကို ဖြတ်သန်းကာ နမ့်ဟူးရွာဖောင်တော်ဦး ကျောင်းတော်သစ်ကြီးသို့ သံဃာတော်တို့အား ဆက်လက်ပင့်ဆောင်ကြလေသည်။

ဖောင်တော်ဦး ကျောင်းတော်သစ်ကြီး၌မူကား လှေဆိပ်မှ တက်ရာ စကြံ့ဦး (စောင်းတန်းဦး) ပြာသာဒ်မှစ၍ ကျောင်းတော်ကြီးပေါ်အထိ ဖျင်ဖြူ ဖျင်နီများခင်း၍ ယင်းအပေါ်၌ ပဒုမာကြာပန်းစသော ပန်းမျိုးစုံတို့ဖြင့် ဖြန့်ကာ နတ်လမ်းခင်း၍သည်ကောင်း၊ယင်း၏ ဝဲ-ယာနှစ်ဖက်၌ ရာဇမတ်များ, ငှက်ပျောပင်, ကြံပင်,ကျူပင်များ၊ တံခွန်,ကုက္ကား, မုလေးပွား, ကြက်လျှာများကို ကာရံစိုက်ထူလျက်လည်းကောင်း ၊အထက်၌မူ မျက်နှာဗိတာန်ကို ပြုလုပ်ထားပြီးလျှင် ညောင်ရွက်,ကြက်လျှာ, သာသနာ့အလံများနှင့် ပန်းဆိုင်းပန်းကုံးများကို ချိတ်ဆွဲလျက်လည်းကောင်း စီမံခင်းကျင်းထားလေသည်။

ဆွဲလှေကြီးများဖြင့် ကြိုဆိုဆွဲယူပင့်ဆောင်၍ ပဲ့ချိတ်စက်လှေများဖြင့် ဆိုက်ရောက်တော်မူလာကြသည့် (ဥညသံဃာ) မြတ်သံဃာတော်တို့ ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၏ စကြံ့ဦးပြာသာဒ်ရှိရာ လှေဆိပ်မှလှမ်းတက်၍ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီတော်မူကြသောအခါ မွှာစကြာအဖွဲ့

ပေါင်းစုံတို့ကနတ်လမ်း၏ ဝဲ-ယာ နှစ်ဖက်မှနေ၍ လက်အုပ်ချီမိုး ရှိခိုးလျက် ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ရွတ်ပွားကြကာ သံဃာတော်တို့အား ခရီးဦးကြိုဆိုကြလေသည်။

သံဃာတော်များ ဖောင်တော်ဦးကျောင်းတော်သစ်ကြီးပေါ်၌ ခေတ္တအနားယူ အပမ်းဖြေကြပြီးလျှင် ထိုမှတဆင့် ပဲ့ချိတ်စက်လှေများဖြင့် သံဃာတော်များကို တည်းခိုရာ ကျောင်းတော် အသီးအသီးသို့ ပို့ဆောင်ကြလေသည်၊ အာဂန္တုက သံဃာတော်များ တည်းခိုရန်အတွက် ဖောင်တော်ဦးကျောင်းတော်ကြီး၏ အနီးပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၂၅) ကျောင်း၌ နေရာထိုင်ခင်းများ အသင့်ပြင်ဆင်ထားကြလေသည်။

**အဘိနဝဝိဟာရာ ရှင္ဆ မင်္ဂလာ အခမ်းအနား**

နယုန်လပြည့်ကျော် (၆)ရက်နေ့သည် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ယံယီစံကျောင်းတော်မှ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီလှမ်းဘက်၍ ရတနာစံကျောင်းတော်၌ ကိန်းဝပ်စံပယ်တော်မူကြမည့်ပနေ့ ဖြစ်လေသည်။

ထိုနေ့နံနက် (၅)နာရီအချိန်တွင် ယမန်နေ့က ညောင်ရွှေမြို့မှကြွရောက်တော်မူလာကြသည့် အာဂန္တုကသံဃာတော်တို့သည် တည်းခိုရာကျောင်း အသီး အသီးမှ တာဝန်ကျ ပဲ့ချိတ်စက်လှေများဖြင့် သာလေးတောင်ကျောင်းသို့ ကြွကာ နံနက်ဆွမ်း ဘုဉ်းပေးဘော်မူကြလေသည်၊ နံနက် (၇) နာရီအချိန်တွင် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီလှမ်းတက်သည့် "အဘိနဝဝိဟာရာရှင္ဆ မင်္ဂလာအခမ်းအနား" ကို စတင်ကျင်းပလေသည်။

သံဃာတော်အရှင်မြတ်တို့က ထေရ်စဉ်ပ လိုက် ရွေဆုံးမှ ကြွချီတော်မူကြကာ ယင်းနောက်မှ ဘုရားဂေါပကလူကြီးများက ဇာခွန်' ကုက္ကား, မုလေးပွား, ကြက်လျှာများ၊ ဘုရားစည်တော်ကြီး, ရွှေပန်းခိုင်, ငွေပန်းခိုင်နှင့် ငွေညောင်ရေအိုးကြီးစသော ဘုရားပရိဘောဂများကို ကိုင်ဆောင်လျက် လိုက်ပါကြလေသည်၊ ယင်းတို့၏နောက်မှ သာဝတ္ထိပြည်၌ အနာထပိဏ်သံဋ္ဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ကျောင်းလှူတ်ပူဇော်ပွဲကြီး ခမ်းနားကြီးကျယ်စွာ စီရင်ပြီးလျှင် မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတော်သို့ ပင့်ဆောင်တော်မူသကဲ့သို့ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်

တဆူတဆူလျှင် ထီးဖြူတော်လေးလက်စီ အုပ်မိုးပူဇော်လျက် လူမျိုးစုလွှတ်တော်နာယက ညောင်ရွှေစော်ဘွားကြီး စစ်ရွှေသိုက်အမှူးရှိသော လူကြီးများက ရုပ်ရှင်တော်မြတ်ငါးဆူတို့ကို ပင့်ဆောင်ကြလေသည်။

ယင်းအခမ်းအစဉ်ဖြင့် သံဃာတော်များနှင့်အတူ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်တို့သည် ပန်းမွှေ့ရာ ခင်းထားသည့် နတ်လမ်းအတိုင်း ကြွချီတော်မူကြကာ ကျောင်းတော်သစ်ကြီးကို လက်ျာရစ်သုံးကြိမ်လှည့်ပတ်၍ အပူဇော်ခံကြလေသည်၊ ထိုအခါ ထောင်ပေါင်းများစွာသော ပရိသတ်တို့သည် ရေမွှေးနံ့သာ ကရမက်တို့ဖြင့် ပက်ဖျန်း၍လည်းကောင်း, ဆန်ပန်းပေါက်ပေါက်များ, ရွှေ, ငွေရတနာ ကျောက်သံပတ္တမြားတို့ဖြင့် မြှောက်ကြဲ၍လည်းကောင်း ပူဇော်ကြလေသည်။

နတ်လမ်း၏ ဝဲယာ၌ ရာဇမတ်များ ကာရံလျက်ငှင်း၊ တံခွန်, ကုက္ကား, မုလေးပွား, ငှတ်ပျောပင်, ကြံပင်, ကျူပင်များစိုက်ထူလျက်ငှင်း ပူဇော်ကြလေသည်၊ နတ်လမ်း၏ သင့်လျော်သည့်အရပ်ဝယ် ရုပ်ရှင်တော်မြတ်များ ခေတ္တရပ်တန့်၍ အပူဇော်ခံ စံမြန်းတော်မူရန် (ယာယီ) ဗိတာန်စံကျောင်း, ပြဿာဒ်စံကျောင်းတော်များ ဆောက်လုပ်၍လည်း ပူဇော်ကြလေသည်။

ထိုအချိန်တွင် နတ်လမ်း၏အပြင်ဘက် ပတ်ဝန်းကျင်အရပ်လေးမျက်နှာ၌ သီးသန့်ဆောက်လုပ်ထားသော မဏ္ဍပ်များမှ ဓမ္မစကြာအဖွဲ့ပေါင်း(၄၀)ကျော်တို့၏ တပြိုင်နက် ရွတ်ပွားပူဇော်ကြသည့် "ဓမ္မစက္ကပဝတ္တနသုတ္တန်" တရားဦး အသံတို့ကား အထက်နတ်သို့ ဘဝဂ်လျှံမျှ ပျံတက်လွှမ်းမိုးပြန့်နှံ့၍သွားကြလေသည်။

ယင်းသို့ဖြင့် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်တို့သည် ကျောင်းတော်ကြီးကို သုံးကြိမ်တိတိလှည့်ပတ်၍ • အပူဇော်ခံကြပြီးသောအခါ သံဃာတော်များနှင့် အတူတကွ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီလှမ်းတက်တော်မူကြလေသည်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဓမ္မာရုံ၏ဗဟိုဗုဒ္ဓါသနပလ္လင်တော်၌ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူ၍ ဗုဒ္ဓသာဝကသံဃာတော်တို့က မြတ်စွာဘုရား၏ရှေ့နောက် ဝဲ ယာ သင့်လျော်ရာနေရာတို့၌ သီတင်းကြီးငယ်အစဉ်လိုက် မြတ်စွာဘုရားကို အလေးပြုမျက်နှာမကာ သီတင်းတော်မူကြသကဲ့သို့ ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၌လည်း မြတ်ဘုရား၏ ကိုယ်စားတော်များဖြစ်သော ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်တို့ကို ကျောင်းတော်သစ်ကြီး၏ အလယ်ဗဟိုစံကျောင်းတော်အတွင်းရှိ ရတနာပလ္လင်

၌ စံပယ်တော်မူစေကြပြီးလျှင်၊ သံဃာတော်အရှင်မြတ်တို့က ပလ္လင်တော်၏ ရှေ့နောက်ဝဲယာ နေရာများ၌ ထေရိစဥ်ဝါလိုက် သီတင်းသုံးတော်မူကြလေသည်။

ဤသည်ကား ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ယာယီစံကျောင်းတော်မှ ထာဝရ ကျောင်းတော်သစ်ကြီးပေါ်သို့ ကြွချီလှမ်းတက်သည့် အဘိနဝဝိဟာရရှင်ဋ္ဌ မင်္ဂလာအခမ်းအနား ဖြစ်ပေသတည်း။

## ဖောင်တော်ဦးကျောင်းတော်သစ်ကြီးတွင် သံဃါယနာတင်

ဖောင်တော်ဦး ကျောင်းတော်သစ်ကြီးပေါ်၌ သံဃာတော်အားလုံး ကာယသာမဂ္ဂီပေး၍ စုံညီစွာ စည်းဝေးကြပြီးသောအခါ ဖောင်တော်ဦး ကျောင်းတော်သစ်ကြီး ဆောက်လုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် ဦးစီးဦးကိုင် ပြုလုပ်၍ နဝကမ္မအဝဝကို စီမံအုပ်ချုပ်ညွှန်ကြားတော်မူခဲ့သော အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော်က—

"ဤဖောင်တော်ဦး ကျောင်းတော်သစ်ကြီးတက်ပွဲသို့ ပခုက္ကူ ဆရာတော်ဘုရားအမှူးရှိသော ရန်ကုန်, မော်လမြိုင်, ညောင်တုန်း, ဒါးပိန်, မန္တလေး, စစ်ကိုင်းစသော မြို့များမှ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ရှမ်းပြည်နယ် ကယားပြည်နယ် အရပ်ရပ်မှ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ်စသော ဂဏာစရိယဆရာတော်ကြီးများ၊ ဓမ္မာစရိယဆရာတော်များ၊ ကျောင်းထိုင်နာယကစသော ဆရာတော် သံဃာတော်တို့သည် ခရီးဝေးကွာမှု, ကိုယ်စိတ်ပင်ပမ်းမှုများကို ဂရုမထားကြပဲ သာသနာတော်၏အရေးကိုသာ အလေးပြုရှုငဲ့တော်မူကြ၍ မေတ္တာ, ဂရုဏာရှေ့ထားတော်မူကြကာ ယခုလို ကြွရောက်ချီးမြှောက်တော်မူကြသဖြင့် ဘုရားတပည့်တော်နှင့်တကွ အားလုံး ဝမ်းမြောက်ကြပါသည်။

"ဤဖောင်တော်ဦး ကျောင်းတော်သစ်ကြီး ဆောက်လုပ်ပြီးစီးချိန်မှာ ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့်ချိန်နှင့် ကြုံကြိုက်ခဲ့လှစွာ ကြုံကြိုက်လာသဖြင့် အလွန်ဝမ်းမြောက်ဖွယ်ကြီး ဖြစ်ပါသည်၊ သို့ဖြစ်၍ ဤကျောင်းတော်သစ်ကြီးမှာ "ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ် ကျောင်းတော်သစ်ကြီး" ပင် ဖြစ်ပါသည်၊ ဗုဒ္ဓသာသနာ

၂၅၀၀-ပြည့် အထိမ်းအမှတ် ကျောင်းတော်သစ်ကြီး၌ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဓမ္မဝိနယ - သံဂါယနာတင် မဟာဓမ္မသဘင်ကို ဆင်ယင်ကျင်းပပူဇော်ရန် အသင့်လျော်ဆုံးဖြစ်၍ ယခုချိန်မှစတင်ကာ သံဂါယနာတင် မဟာဓမ္မသဘင် အခမ်းအနားကို ဖွင့်လှစ်အပ်ပါသည်ဘုရား"

ဟု ပဋိသန္ထာရစကား လျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်လေသည်၊ ထိုနောက် ယမန်နေ့ (နယုန်လပြည့်ကျော် (၅) ရက်နေ့)က ညောင်ရွှေမြို့ ဒေသစာရီကျောင်းတော်ကြီး၌ ပခုက္ကူဆရာတော်ဘုရားကြီးက သံဃာမဟာနာယကအဖြစ် ဆောင်ရွက်တော်မူလျက် သံဃာတော်အားလုံး ဓမ္မဝိနယကို သံဂါယနာတင်တော်မူကြသကဲ့သို့၊ ထိုနည်းအတူ ယနေ့ (နယုန်လပြည့်ကျော် (၆) ရက်နေ့)တွင် ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်ဖြစ်သော နမ့်ဟူး ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၌လည်း ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်တက် "အဘိနဝဝိဟာရရှင်ဥမင်္ဂလာ" အခါတော်ဝယ် ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဓမ္မဝိနယကို သံဂါယနာတင်ကာ ပူဇော်ကြလေသတည်း။

**ခုနှစ်ရက်အောင်ပွဲ ထပ်ဆင့်နွှဲ**

ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်တက် မင်္ဂလာ အခမ်းအနားနှင့် ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယနာတင် အခမ်းအနားများ ပြီးဆုံး၍ နံနက် (၁၀:၃၀) နာရီအချိန်တွင် သံဃာတော်အားလုံး သာလေးတောင်ကျောင်း၌ နေ့ဆွမ်း ဘုဉ်းပေးတော်မူကြလေသည်။ နေ့လယ် (၁၂) နာရီအချိန်တွင် ညောင်ရွှေမြို့မှတဆင့် ကြွဆိုပင့်ဆောင်လာသည့် သံဃာတော်များကို ပွဲချိတ်စက်လှေများဖြင့် ညောင်ရွှေမြို့သို့ ပြန်လည်ပို့ ဆောင်ကြလေသည်။

ဤသို့လျှင် နယုန်လပြည့်ကျော် (၆) ရက်နေ့တွင် အင်းလေးဒေသ, သာလေးတိုက်, နမ့်ဟူးရွာ, ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၌ ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပအပ်သော ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်တက် အဘိနဝဝိဟာရရှင်ဥမင်္ဂလာပွဲတော်ကြီး၊ ဗုဒ္ဓသာသနာ ၂၅၀၀-ပြည့် သံဂါယနာတင် ပူဇော်ပွဲတော်ကြီးတို့ကား အောင်မြင်စွာ ပြီးဆုံးခဲ့ပေပြီ။

သို့ရာတွင် ယင်းပွဲတော်ကြီးများ ပြီးစီးသော်လည်း ခက်ခဲပင်ပမ်းစွာ ဆောက်လုပ်ခဲ့ရသဖြင့် ထယ်ဝါခန့်ညား တင့်တယ်လှပသော ကျောင်းတော်သစ်ကြီး အောင်မြင်စွာ ပြီးစီးထမြောက်ခြင်းကြောင့် ဝမ်းမြောက်၍မဆုံး, ရွှင်ပြုံး၍မဝ, ပူဇော်၍ အားမရနိုင်ကြသေးသော အင်းလေး, ညောင်ရွှေမှ သံဃာတော်များနှင့် ဒါယကာ-ဒါယိကာမတို့သည်ကား မြတ်စွာဘုရားလက်ထက်တော်အခါက ဝိသာခါ သဋ္ဌေးကတော်ကြီးသည် ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဗုဒ္ဓပမုခ သံဃာတော်အား လှူဒါန်းပြီးနောက်၊ (၄) လပတ်လုံး အောင်ပွဲကြီး ကျင်းပသကဲ့သို့လည်းကောင်း၊ အနာထပိဏ် သဋ္ဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဗုဒ္ဓပမုခ သံဃာတော်အား လှူဒါန်းပြီးနောက် (၉) လပတ်လုံး အောင်ပွဲကြီး ကျင်းပသကဲ့သို့လည်းကောင်း၊ နယုန်လပြည့်ကျော် (၇) ရက်နေ့ နံနက် (၆) နာရီအချိန်မှစ၍ ငယုန်လပြည့်ကျော် (၁၄) ရက်နေ့ နံနက် (၆) နာရီအချိန်အထိ (၇) ရက်ပတ်လုံး ဖောင်တော်ဦးကျောင်းတော်သစ်ကြီး၌ မဟာဝိဇယသဘင် အောင်မြင်သည့် အထိမ်းအမှတ်ပွဲတော်ကြီးတရပ်ကိုလည်း ဆက်လက်၍ ဆင်နွှဲကြလေသည်။

ယင်းမဟာဝိဇယသဘင် ခုနစ်ရက်အောင်ပွဲကြီး ယင် ရာ၌ကား-အင်းလေးဒေသ (၇) ဂိုဏ်း, ညောင်ရွှေမြို့မဂိုဏ်းတို့မှ သံဃာတော်အပါး (၁၀၀) ကျော်တို့သည် အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို နေ့ရောညဉ့်ပါ နာရီမလပ် ရွတ်ဖတ်သံ မစဲရအောင် အလှည့်ဖြင့် ရွတ်ပွါး ပူဇော်တော်မူကြလေသည်။

ဤပူဇော်ခြင်းကား ဂန္ဓကုဋိသဖွယ်ဖြစ်သော ဗုဒ္ဓဝိဟာရဖောင်တော်ဦး ကျောင်းတော်သစ်ကြီးအား ဗုဒ္ဓသာဝကများ သာသနာတော်ထမ်း ရဟန်းတော်တို့က ဗုဒ္ဓသာမုက္ကံသိက ဒေသနာတော်များဖြင့် ရွတ်ပွါးထုံမွမ်းခြင်းဖြစ်၍ သင့်လျော်လျောက်ပတ် ကောင်းမွန် မြင့်မြတ်လှသော ပူဇော်ခြင်း ဖြစ်ပေသည်။

နယုန်လပြည့်ကျော် (၁၄)ရက်နေ့ နံနက်တွင် သံဃာတော်အပါး (၂၀၀) ကျော်တို့အား နံနက်ဆွမ်းဒါယကာ လှူဖွယ်ဝတ္ထုများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေပြီးလျှင် မဟာဝိဇယသဘင် ခုနစ်ရက်အောင်ပွဲတော်ကြီး အခမ်းအနားကို ရုပ်သိမ်းကြလေသည်။

ဤသည်တို့တွင်း "အောင်စည်ရော, ဝိနယာ ငွေရတု, အောင်ပွဲပြုခါ သာသနာသက်, ငါးထောင်ဝက်, နမ့်ဟူးကျောင်းတော်တက်" ဟူသည်နှင့် အညီ ကောဇာသက္ကရာဇ် ၁၃၁၈-ခုနှစ်တွင် ဒုလ္လဘဖြစ်၍ ကြုံကြိုက်ရခဲလှစွာ တိုက်ဆိုင်ကြုံကြိုက်လာသည့်—

၁။ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး နှစ်ဆယ့်ငါးနှစ်ပြည့်ချိန်, နှစ်ဆယ့်ငါးကြိမ်မြောက် အထိမ်းအမှတ် ငွေရတုသဘင် အောင်ပွဲတော်ကြီး။

၂။ ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယ ဓမ္မဝိနယ သံဂါယနာတင် ပူဇော်ပွဲတော်ကြီး။

၃။ ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ကျောင်းတော်သစ်တက် အဘိနဝဝိဟာရရင္မင်္ဂလာပွဲတော်ကြီး—

ဟူသော ဗုဒ္ဓသာသနာပြု ပွဲတော်ကြီးသုံးပွဲတို့ကို ဥဩသံသာ (၁၁၆၆)မြတ် သုံးဆူတို့ ကာယသာမဂ္ဂီပေး စုံညီစွာ စည်းဝေးတော်မူကြလျက် ညောင်ရွှေစော်ဘွားကြီး စဝ်ဒွေသိုက်အမှူးရှိသော သာသနဒါယကာ-သာသနဒါယိကာမအဲပေါင်းတို့နှင့် ဆရာဒကာ လက်တွဲကာ ပြုစုဆောင်ရွက်အားထုတ်ခဲ့ကြပုံ အကြောင်းအရာများ ဖြစ်ပေသတည်း။

---

## သာသနာ ၂၅၀၀—ကျော်လွန်လာသော်

ဆိုအပ်ခဲ့ပြီးသော စကားစဉ်ဖြင့် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးသည် ဗုဒ္ဓသာသနာတဝက်တွင် အရှိန်မြင့်မားစွာ တိုးတက်လာခဲ့ကြောင်း သိရပေပြီ၊ ဗုဒ္ဓသာသနာတဝက်ပြည့်ချိန်နှင့် ကြုံကြိုက်သော ၁၃၁၈-ခုနှစ် စာပြန်ပွဲတော်ကြီး၏ ပြဋ္ဌာန်းချက်အသစ်သည် (၁၃၁၉/၂၀-အထိ) သုံးနှစ်ဆက်၍ အပြောင်းအလဲမရှိပဲ တည်မြဲခဲ့လေသည်။

ယင်း (၁၃၁၈-ခုနှစ်) ပြဋ္ဌာန်းချက်မှာ ၁၃၂၀-ခုနှစ်စာပြန်ပွဲတော်ကြီးတွင် သုံးနှစ်စေ့ပြီဖြစ်၍ လွန်ခဲ့သောနှစ်များမှ အတွေ့အကြုံအရ ပြုပြင်ရန်ရှိက ပြုပြင်နိုင်ရန် ထိုနှစ် ပထမဝါဆိုလ စာပြန်တော်ကြီး အတွင်း၌ နာယက ဆရာတော်ကြီးများ, ဥက္ကဋ္ဌဆရာတော်ကြီးများ, အစည်းအဝေးတရပ်

ကျင်းပပြီးလျှင် လာမည့် ၁၃၂၁–ခုနှစ်၊ (၂၈) ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီးနှင့် (၂၅) ကြိမ်မြောက် စာချေကေ်မေ ပွဲတော်ကြီးတို့ကို အစပြု၍ ပြန်ဆိုရေးဖြေကြရန် ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းမျဉ်းများကို ပြန်လည်သုံးသပ်ဆွေးနွေးတော်မူကြလေသည်။

မှတ်ချက်။ ။[ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဝိနိစ္ဆယစာပြန်ပွဲတော်ကြီး၌ ပြဋ္ဌာန်းချက်ကျမ်းစာများ, စည်းမျဉ်းဥပဒေများ ပြုပြင်ရန်လိုအပ်လာလျှင် သုံးနှစ်တကြိမ်ပြုပြင်ရန် နာယကဆရာတော်ကြီးများက စည်းကမ်းတရပ် သတ်မှတ်ထားကြလေသည်။]

သို့ရာတွင် ယင်း (၁၃၁၈–ခုနှစ်) ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းဥပဒေများမှာ အခြေအနေအရ လက်ရှိအတိုင်း သင့်လျော်နေပြီဖြစ်၍ အထူးတလည်ပြုပြင်ပြောင်းလဲရန် မလိုသေးသဖြင့် ယင်း ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းဥပဒေများကိုပင် လာမည့် ၁၃၂၁-ခုနှစ် စာပြန်ပွဲတော်ကို အစပြု၍ ပြန်ဆိုရေးဖြေကြရန် နာယက, ဥက္ကဋ္ဌဆရာတော်ကြီးများ အစည်းအဝေးက ဆက်လက်၍ အတည်ပြု ပြဋ္ဌာန်းတော်မူခဲ့လေသည်။

ထို့ပြင် အနည်းငယ်ဖြည့်စွက်ချက်အနေဖြင့် "အထူးခွင့်ပြုချက်များ" ကိုသာ ၁၃၂၀-ခုနှစ် ပထမဝါဆိုလပြည့်ကျော် (၄) ရက်နေ့တွင် အောက်ပါအတိုင်း ကြေညာစာတမ်းတခု ထုတ်ပြန်ကြေညာခဲ့လေသည်။

## အထူးခွင့်ပြုချက်များ

၁။ သာမဏေမူလတန်း၌ အတည်ပြုပြဋ္ဌာန်းထားပြီးသော ကျမ်းစာများအနက် လောကနီတိ (၇) ကဏ္ဍအစား ကစ္စည်းသုတ်စဉ်သန္ဓိ ငါးပိုင်း၊ နာမ် ပထမပိုင်း ပါဠိအနက်ပြယုဂ်သုံးမျိုးစုံနှင့် ဝိဘတ်သွယ်ဘို့ကို လဲလှယ်ပြန်ဖြေလိုက ပြန်ဖြေရန် ခွင့်ပြုသည်။

၂။ ပထမ, ဒုတိယ, တတိယ, စတုတ္ထပေါင်း လေးတန်းတို့၌ အတန်းလိုက် ပိုင်းခြားပြဋ္ဌာန်းထားပြီးသော ကစ္စည်းသဒ္ဒါကြီးပါဠိအစား ကစ္စည်းသုတ်စဉ်ပါဠိ, အနက်, ပြယုဂ် (၃) မျိုးစုံကို အတန်းလိုက်ပိုင်းခြား၍ လဲလှယ်ပြန်–ဖြေလိုက ပြန်–ဖြေရန် ခွင့်ပြုသည်။

၃။ စတုတ္ထတန်းကစ၍ ခုနစ်ကျော် ပြန်–ဖြေလိုသော ပုဂ္ဂိုလ်တို့သည် ဘိက္ခုပါတိမောက်ကို မဖြည့်စွက်ပဲ အစဉ်အတိုင်း ပြန်–ဖြေသည့်

ပုဂ္ဂိုလ်များနှင့် ပြဋ္ဌာန်းစာအတူသား၍ ပြန်–ဖြေရန်ကိုလည်း ခွင့်ပြုသည်။

ယင်းသို့ဖြင့် ဗုဒ္ဓသာသနာနှစ် ၂၅၀၀-ကျော်လွန် လာသော်လည်း ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိန္နဂ္ဂဟစာပွဲတော်ကြီး နှစ်ပွဲမှာကား– သံဃာတော်တို့၏ တိုးတက်လာသည့် အရေအတွက်, တိုးတက်လာသည့် အရည်အချင်းတို့ဖြင့် ရှေးနှစ်များနည်းတူ ၁၃၁၉၊ ၂၀၊ ၂၁–ခုနှစ်တို့၌လည်း အရှိန်မပျက် ဆက်လက်ရပ်တည်နိုင်ခဲ့လေသည်။

**ဝိနယာဒိန္နဂ္ဂဟ၏ အသီးအပွင့်များ**

ထိုကဲ့သို့ အရှိန်မပျက် ဆက်လက်၍ ကျင်းပခဲ့ကြရာ ၁၃၂၁–ခုနှစ်တွင် ပြောင်းလဲလာသော အခြေအနေများကြောင့် စာပြန်ပွဲတော်ကြီး၌ ပြုပြင်ရန် အကြောင်းများ ပေါ်ပေါက်ခဲ့လေသည်။

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိန္နဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင်စသော တာဝန်ရှိ ဆရာတော်တို့သည် စာပြန်ပွဲတော်ကြီး၌ ပြုပြင်ရန်လိုအပ်သလျှင် အခါအားလျော်စွာ ပြုပြင်ပြောင်းလဲရန် လက်မနှေးကြကြောင်း နောက်ကဆိုခဲ့ပြီး ဖြစ်သည်။

စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်တို့သည် စာပြန်ပွဲတော်ဝင် စာသင်သား သံဃာတော်တို့၏ ပရိယတ္တိအခြေခံကောင်းမွန်သည်ထက် ကောင်းမွန်စေရန်, ကြံ့ခိုင်သည်ထက် ကြံ့ခိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာပြန်ပွဲတော်ဝင် သံဃာတော်အရေအတွက် ဆုတ်ယုတ်မှု တိုးတက်မှုတို့ကိုလည်းကောင်း၊ စာသင်သားသံဃာတော်တို့၏ ပရိယတ္တိအခြေခံကြံ့ခိုင်မှုရှိ-မရှိကိုလည်းကောင်း အမြဲတမ်းအာရုံပြုကာ အကဲခတ်လေ့လာတော်မူခဲ့ကြလေသည်။

ယင်းသို့ စာပြန်ပွဲတော်ကြီးနှင့်ပတ်သက်သည့် အခြေအနေ အရပ်ရပ်ကို မျက်ချည်မပြတ် အကဲခတ်လေ့လာ၍ ပြုပြင်သင့်သည်ကို ပြုပြင်ခဲ့ကြခြင်းကြောင့် စာပြန်ပွဲတော်ကြီး၏ အခြေအနေသည်လည်းကောင်း၊ စာပြန်ပွဲတော်ဝင် သံဃာတော်တို့၏ အရေအတွက်နှင့် ပရိယတ္တိအရည်အချင်း တို့သည်လည်းကောင်း ဆုတ်ယုတ်မှုမရှိ တနှစ်ထက်တနှစ် တိုးတက်မှုသာ ရှိကြောင်း တွေ့ရှိရလေသည်။

ထိုစကားသည် မှန်၏။

အရေအတွက်အားဖြင့် လွန်ခဲ့သော(၁၃၁၅–ခုနှစ်မှ ၁၃၂၁ ခုနှစ်အထိ) ခုနှစ် နှစ်က စာပွဲတော်ကြီးနှစ်ပွဲ၏သံဃာစာရင်းကို လေ့လာကြည့်လျှင် သံဃာတော် ၇၀ဝ- အောက်ယုတ်လျော့မှုမရှိပဲ၊ နှစ်စဉ်ခုနှစ်ရာမှ ရှစ်ရာကျော်အထိ တိုးတက်မှုရှိခဲ့ကြောင်းကို တွေ့ရလေသည်။

အရည်အချင်းအားဖြင့်လည်း ဝိနယာဝိနိဂ္ဂဟ စာပွဲတော်ကြီး နှစ်ပွဲမှ ဆောင်းမွန်ကြံ့ခိုင်သော ပရိယတ္တိအခြေခံကို ရပြီးလျှင် နိုင်ငံတော်အစိုးရ စာမေးပွဲ၌ ပထမငယ်တန်း, ပထမလတ်တန်း, ပထမကြီးတန်း အောင်ပန်းများကို ရတော်မူပြီးကြသည့် စာသင်သား အရှင်မြတ်တို့ကို လည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေးပွဲ စာသင်တန်း, မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) စာမေးပွဲ စာသင်တန်းများကို အောင်မြင်တော်မူပြီးကြသည့် စာသင်သား အရှင်မြတ်များကိုလည်းကောင်း နိုင်ငံတော်အစိုးရ စာချတန်း၊ စေတိယင်္ဂဏစာချတန်း၊ သကျသီဟစာချတန်း စာမေးပွဲများ၌ အောင်ပွဲခံတော်မူကြပြီးသည့် ဓမ္မာစရိယ အရှင်မြတ်များကိုလည်းကောင်း ဝိနယာဝိနိဂ္ဂဟာစာပြန်ပွဲတော်ကြီး၏ အသီးအပွင့်များအနေဖြင့် မြင်တွေ့ကြရပြီး ဖြစ်ပေသည်။

## ဝိနယာဝိနိဂ္ဂဟ အဖွဲ့အစည်းများ

ထို့ပြင် စာပွဲတော်ကြီး နှစ်ပွဲကို နှစ်စဉ်မပျက် သဒ္ဒါတရား လူအင်အားနှင့် ပစ္စည်းလေးပါးတို့ကိုနှစ်ပေါင်းများစွာအားထုတ် ထောက်ပံ့ပြုစုခဲ့ကြသော ကြောင့် ညောင်ရွှေမြို့သူ မြို့သား၊ နယ်သူ-နယ်သား များနှင့်တကွ, ရှမ်းပြည်နယ်, ကယားပြည်နယ်တို့မှ စေတနာရှင်,သဒ္ဒါရှင်တို့၏ အင်အားများလည်းယုတ်လျော့သည်မရှိ၊တနှစ်ထက် တနှစ် သဒ္ဒါတရားသည်း တိုး၍ တိုး၍သာပွားခဲ့လေသည်၊လူအင်အားလည်းများ၍ များ၍ သာလာလေသည်၊ပစ္စည်းလေးပါးလည်း ပြည့်စုံ၍ ပြည့်စုံ၍သာလာလေသည်။

သို့ရာတွင် ထို တိုးပွားလာ များပြားလာ ပြည့်စုံလာသော သဒ္ဒါတရား, လူ့အင်အားနှင့် ပစ္စည်းလေးပါးတို့ကို အရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းဖို့ စနစ်တကျ ဖွဲ့စည်းထားအပ်သော အဖွဲ့အစည်းကိုကား သံဃာဘက်ကရော, လူ့ဒကာများဘက်ကပါ အမှန်ပင် လိုအပ်လာပေသည်၊ ထို့ပြင် ၁၂၉၄- ခုနှစ်မှစ၍ ၁၃၂၁-ခုနှစ်အထိ (၂၈)နှစ်တိုင်တိုင် ကျင်းပပြီးစီးခဲ့သော စာပွဲတော်ကြီးနှစ်ပွဲကို စနစ်တကျဖွဲ့စည်းထားအပ်သော အဖွဲ့အစည်းက တာဝန်ယူ၍ ကျင်းပခဲ့သည်မဟုတ်၊ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ကကြီးမှူးဆော်ဩ

လျက်လည်းကောင်း၊ စော်ဘွားကြီးမရှိသည့်အခါ ယင်း၏ကိုယ်စား ကိုယ်စား လှယ်တော်ကြီး သားတော်ကြီးစဝ်ဆိုင်ဖနှင့် အမတ်ချုပ်ကြီး ဦးမောင်မောင် လတ်တို့ကလည်းကောင်း ကြီးမှူးဆော်ဩလျက် ကျင်းပခဲ့လေသည်။

ယခုအခါတွင် ကမ္ဘာ့အရပ်ရပ်၌ အခြေအနေအမျိုးမျိုး ဆင့်ကဲဆင့်ကဲ ပြောင်းလဲ၍ လာခဲ့လေသည်။ အာရှတိုက်တွင် ကိုလိုနီနိုင်ငံပေါင်း များစွာ လွတ်လပ်ရေးရကြပြီးလျှင် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် ကိုယ့်ကြမ္မာ ကိုယ်ဖန် တီးနိုင်ခွင့်ကို ရကြပြီးဖြစ်လေသည်၊ ရှေးအစဉ်အလာ နိုင်ငံအုပ်ချုပ်ရေးတွင် ခေတ်ရေစီးအရ၊ လူထုအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးအုပ်ချုပ်ကြ လေသည်၊ ယင်းသို့ ကမ္ဘာနှင့်ချီ၍ ပြောင်းလဲလာသော အရှိန်အဟုန်သည် ရှမ်းပြည်နယ်ရှိ စော်ဘွားကြီး များကိုလည်း ရိုက်ခတ်ထင်ဟပ်လာပေသည်၊ ရှမ်းပြည်နယ်အရပ်ရပ်ရှိ နယ်ရှင်စော်ဘွားကြီးတို့သည် ယင်းတို့၏ ပဒေသရာဇ် စနစ်ဖြင့် အုပ်ချုပ်သောအစဉ်အလာ နယ်ပယ်အုပ်ချုပ်ရေး အာဏာများကို စွန့်လွှတ်ကြ၍ လူထုအုပ်ချုပ်ရေးစနစ်သို့ လွှဲပြောင်းပေးခဲ့ကြလေသည်။

ယင်းသို့ပြောင်းလဲလာသော အခြေအနေအရ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယဓမ္မဒိနိဂ္ဂဟစာပွဲတော်ကြီး နှစ်ပွဲကို ညောင်ရွှေစော်ဘွားကြီးအနေဖြင့် ကြီးမှူးကျင်းပရန် အခါမဟုတ်တော့ရကား လူထုခေတ်တွင် လူထုနည်းစနစ်အရ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ကာ ရှမ်းပြည်နယ် လူမျိုးစု လူထုခေါင်းဆောင်ကြီးတဦးအနေဖြင့် ပါဝင်ဆောင်ရွက် ရန် အခွင့်ရောက်လာလေသည်။

ထို့ကြောင့် ၁၃၂၁-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၂)ရက်၊ (၁၃၊၅၊ ၅၉) နေ့တွင် ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းပေါင်း (၂၀) မှ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ်ဆရာတော်ဘုရားကြီး သည်လည်းကောင်း လူမျိုး စုလွတ်တော် နာယကကြီး ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက် အမှူးရှိသော ညောင်ရွှေနယ်အတွင်းရှိ ဒါယကာဒါယိကာမတို့သည်လည်းကောင်း ညောင်ရွှေ ဟော်နန်းတော်ဦး၌ စည်းဝေးတိုင်ပင်ကြပြီးလျှင်—

"ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယဓမ္မဒိနိဂ္ဂဟ စာပြန်ပွဲတော် ကြီးကို သာသနာတော် သက္ကရာဇ် (၂၅၀၄) ခု၊ ကောဇာသက္ကရာဇ် (၁၃၂၂) ခုနှစ်၊ (၂၉) ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီးနှင့် (၂၆) ကြိမ်မြောက် စာလျှောက်မေးပွဲတော်ကြီးမှ အစပြု၍ ထိန်းသိမ်း စောင့်ရှောက် စီမံ ပြုလုပ်ကျင်းပသွားနိုင်ရန်"

(က) သံဃနာယက ဦးစီးအဖွဲ့ချုပ်

(ခ) သံဃာ့ဝန်ဆောင်အဖွဲ့၊

ဟူသော သံဃာ့အဖွဲ့ကြီး နှစ်ဖွဲ့ကို ဖွဲ့စည်းတော်မူကြသေးသည်၊

(က) သံဃနာယက ဦးစီးအဖွဲ့ချုပ်၌ ရောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းပေါင်း (၂၀) မှ သံဃာသမ္မုတိရ ဂဏနာယက ဖြစ်တော်မူကြကုန်သော ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်ပေါင်း (၂၁) ပါး ပါဝင်တော်မူကြလေသည်။

ယင်းဆရာတော်တို့မှာ—

၁။ ဦးအာစရ၊ ညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်၊ ရွှေဂူကျောင်းတိုက်၊ ညောင်ရွှေမြို့။

၂။ ဦးဩဘာသ၊ မြို့မ ဂိုဏ်းအုပ်ဆရာတော်၊ ရွှေရေကျော်ကျောင်း၊ ညောင်ရွှေမြို့။

၃။ ဦးပညာသာမိ၊ မိုင်းသောက် ဂိုဏ်းထောက်ဆရာတော်၊ သလဲဦးအင်းကျောင်း၊ အင်းလေး။

၄။ ဦးပဏ္ဍိတာဘိ၊ သင်းဘောင် ဂိုဏ်းထောက်ဆရာတော်၊ ကြေးစားကုန်းကျောင်း အင်းလေး။

၅။ ဦးသောဘိတ၊ ဟဲယာရွာမ ဂိုဏ်းအုပ်ဆရာတော်၊ ကျောင်းနီကျောင်း၊ ဟဲယာရွာမ၊ အင်းလေး။

၆။ ဦးမေဓိန္ဒာဘိဝံသ၊ အင်းတိမ် ဂိုဏ်းထောက်ဆရာတော်၊ သာလေးတောင်ကျောင်း၊ အင်းလေး။

၇။ ဦးတိလောက၊ နမ့်ပန် ဂိုဏ်းထောက်ဆရာတော်၊ အင်းပေါ်ခုံရွာသစ်ကျောင်း၊ အင်းလေး။

၈။ ဦးပဏ္ဍိတ၊ မိုင်းဖြူး ဂိုဏ်းထောက်ဆရာတော်၊ မိုင်းဖြူး ပထမကျောင်း၊ အင်းလေး။

၉။ တောင်တို ဂိုဏ်းထောက်ဆရာတော်၊ တောင်တိုရေလယ်ကျောင်း၊ အင်းလေး။

၁၀ ဦးကုမာရ၊ လွှယ်မောဂိုဏ်းအုပ်ဆရာတော်၊ ရွှေဥဒေါင်းတောင် တောရကျောင်း။

၁၁။ သီကျစ်ဂိုဏ်းအုပ်ဆရာတော်၊ ကြေးတောင်ကျောင်း၊ သီကျစ်မြို့၊ ညောင်ရွှေနယ်။

၁၂၊ ဦးကောသလ္လ၊ ဟဲဟိုးဂိုဏ်းထောက် ဆရာတော်၊ ဟဲဟိုးမြို့၊ ညောင်ရွှေနယ်။

၁၃။ ကျောက်ထပ် ဂိုဏ်းအုပ်ဆရာတော်၊ ကြေးတွင်းကျောင်း၊ ညောင်ရွှေနယ်။

၁၄။ ဘော်ဆိုင်းဂိုဏ်းအုပ်ဆရာတော်၊ဘော်စုံကြောင်း၊ဘော်ဆိုင်းမြို့၊ ညောင်ရွှေနယ်။

၁၅။ ဦးဒေဝိန္ဒ၊တာယောဂိုဏ်းထောက်ဆရာတော်၊ရွှေညောင်ကျောင်း၊ ရွှေညောင်မြို့။

၁၆။ ဇလဲဂိုဏ်းထောက်ဆရာတော်၊ ပင်ယဉ်ကျောင်း။

၁၇။ နောင်လေး ဂိုဏ်းထောက်ဆရာတော်၊ စဲခဲကျောင်း။

၁၈။ ဦးဝိသုဒ္ဓ၊ တောင်ကြီးဂိုဏ်းထောက်ဆရာတော်၊ မင်္ဂလာရာမ ကျောင်း၊ တောင်ကြီးမြို့။

၁၉။ လုံကားဂိုဏ်းထောက် ဆရာတော်၊ ဝင်းယကျောင်း၊ နားဟီးရွာ၊ ညောင်ရွှေနယ်။

၂၀။ နားဟီးဂိုဏ်းထောက်ဆရာတော်၊ ထီရိကျောင်း၊ ထီရိရွာ ညောင်ရွှေနယ်။

၂၁။ ကုန်းဆွယ်ဂိုဏ်းထောက်ဆရာတော်၊ ပေါင်း (၂၁) ပါး ဖြစ် လေသည်။

အထက်ပါ ဆရာတော်တို့တွင် မိုင်းပျိုးဂိုဏ်းထောက် ဆရာတော်ဘုရား ကြီးနှင့် ညောင်ရွှေမြို့- မြို့မဂိုဏ်းအုပ် ရွှေရေကျ ဆရာတော်ဘုရားကြီးတို့မှာ သံဃနာယကဦးစီးအဖွဲ့ချုပ်၏ "မဟာနာယက ဆရာတော်ကြီးများ" ဖြစ် တော်မူကြလေသည်။

(ခ) သံဃာ့ဝန်ဆောင်အဖွဲ့ကား- ဥက္ကဋ္ဌဆရာတော် (၂) ပါး၊ အကျိုးတော်ဆောင်ချုပ် ဆရာတော် (၆) ပါး၊ အကျိုးတော်ဆောင် ဆရာတော် (၁၅) ပါး ပါဝင်လေသည်။

ဥက္ကဋ္ဌဆရာတော် (၂) ပါး

၁။ ဦးအာစရ ညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်၊ ရွှေဂူကျောင်းတိုက်၊ ညောင်ရွှေမြို့။

၂။ ဦးသောဘိတ၊ ဟဲယာရွာမဂိုဏ်းအုပ်ဆရာတော်၊ ကျောင်းနီကျောင်း၊ ဟဲယာရွာမ၊ အင်းလေး။

အကျိုးတော်ဆောင်ချုပ် (၆) ပါး

၁။ ဦးဝိမလဗုဒ္ဓိ၊ လှိုင်ကြူကျောင်းဆရာတော်၊ ညောင်ရွှေမြို့။

၂။ ဦးတေဇဝန္တ၊ သလဲဦးခွဲမြစ်ကျောင်းဆရာတော်၊ သလဲဦး။

၃။ ဦးဆံဝရ၊ ခေါင်တိုင်တောင်ကျောင်းဆရာတော်၊ အင်းလေး။

၄။ ဦးပဏ္ဍဝ၊ ရွှေဘုံသာကျောင်းဆရာတော်၊ ဟဲယာရွာမ၊ အင်းလေး။

၅။ ဦးနေမိန္ဒာဘိဝံသ၊ သာလေတောင်ကျောင်း ဆရာတော်။ အင်းလေး။

၆။ ဦးဓမ္မပါလ၊ သဒ္ဓမ္မာလင်္ကာရကျောင်း ဆရာတော်၊ အင်းခြံရွာ၊ အင်းလေး။

အကျိုးတော်ဆောင် (၁၅) ပါး

၁။ ဦးသုမန၊ မြို့မ ရန်ကုန်ကျောင်းဆရာတော်၊ ညောင်ရွှေမြို့။

၂။ ဦးဝိမလာဘိဝံသ၊ နာယကဆရာတော်၊ ကန်ကြီး ပရိယတ္တိစာသင်တိုက် ညောင်ရွှေမြို့။

၃။ ဦးကေသရ၊ မြို့မတိတ်နမ့်ကျောင်းဆရာတော်၊ ညောင်ရွှေမြို့။

၄။ ဦးသုမန၊ ရွှေရေကျကျောင်း၊ ညောင်ရွှေမြို့။

၅။ ဦးဝိလာသာဘိဝံသ(ဓမ္မာစရိယ)၊ ရွှေဂူကျောင်းတိုက်၊ ညောင်ရွှေမြို့။

၆။ ဦးမဟိန္ဒ(ဓမ္မာစရိယ)၊ ။ ။

၇။ ဦးလက္ခဏာသာမိ၊ တိုက်အုပ်ဆရာတော်၊ ကန်ကြီးရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့။

၈။ ဦးပညာသာမိ၊ တိုက်ကြပ်ဆရာတော်၊ ၎င်း ၎င်း ။

၉။ ဦးဓမ္မာဝိ၊ လွယ်ငြိမ့်ကျောင်းဆရာတော်၊ အင်းလေး။

၁၀။ ဦးပဏ္ဍိတာဓိ၊ သန်းတောင် ဂိုဏ်းဖေ့ာက်ဆရာတော်၊ ကြေးစားကုန်းကျောင်း၊ အင်းလေး၊

၁၁။ ဦးကဝိန္ဒ၊ ဘုရားအနောက်တောင်ကျောင်း ပရဟိတဆရာတော်၊ မိုင်းသောက် အင်းလေး။

၁၂။ ဦးသီလာလင်္ကာရ၊ သာလေးမြောက်ကျောင်းဆရာတော်၊ သာလေး၊ အင်းလေး။

၁၃။ ဦးသီလဝံသ၊ ဆည်ခေါင်းကျောင်းဆရာတော်၊ အင်းလေး။

၁၄။ ဦးဒေဝိန္ဒ၊ မိုင်းပျိုပထမကျောင်း၊ မိုင်းပျိုးရွာ၊ အင်းလေး။

၁၅။ ဦးကေတုမာလာ၊ အင်းလျားကျောင်းဆရာတော်၊ အင်းလေး။

ထို့ပြင် ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်း အသီးသီးမှ ဝိနည်းဓိုရ်ဆရာတော်၊ ကျောင်းထိုင်နာယကဆရာတော်၊ ဓမ္မာစရိယဆရာတော်ပေါင်း(၄၀)တို့သည်လည်း အနုနာယက ဆရာတော်များအဖြစ်ဖြင့် သံဃနာယက ဦးစီးအဖွဲ့ချုပ်တွင် ပါဝင်တော်မူကြလေသည်။

ဤသို့လျှင် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟာစာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယက ဦးစီးအဖွဲ့ချုပ်နှင့် သံဃာ့ဝန်ဆောင်အဖွဲ့များကို ဖွဲ့စည်းတော်မူကြပြီးလျှင် သံဃာ့အဖွဲ့ချုပ်၏ တည်ရာဌာနကို ညောင်ရွှေမြို့ ရွှေဂူကျောင်းတိုက်၌ ဖွင့်လှစ်ထားလေသည်၊ ဝိနယာဒိနုဂ္ဂဟာစာပွဲတော်ကြီးနှစ်ပွဲနှင့် ပတ်သက်သည့်ကိစ္စများကို အဆိုပါ သံဃာ့ အဖွဲ့ချုပ်တည်ရာဌာန(သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရွှေဂူဆရာတော်)နှင့် ဆက်သွယ်ဆောင်ရွက်ရန် ဆုံးဖြတ်တော်မူကြလေသည်။

ယင်းသို့ သံဃာ့အဖွဲ့များကို ဖွဲ့စည်းကြပြီးလျှင် အဖွဲ့ဝင်ဆရာတော်တို့အား အသိအမှတ်ပြုလက်မှတ်များကို သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးနှင့် သံဃနာယက ဦးစီးအဖွဲ့ချုပ် မဟာနာယကဆရာတော်က ဆက်ကပ်ချီးမြှင့်ထားလေသည်။

ရှမ်းပြည်လုံးဆိုင်ရာ

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်

ထိန်းသိမ်းစောင့်ရှောက်ရေး

သံဃာ့ဝန်ဆောင် အဖွဲ့ဝင် လက်မှတ်

[စိရံ ဒိပ္ပတု သဒ္ဓမ္မော စိရံ ဌာတံဟ နိမ္မလော]

၁၂၉၄-ခုနှစ်မှစ၍ ညောင်ရွှေမြို့ သာသနာပြု သာသန ဒါယကာ စဝ်ဖလုံစဝ်ရွှေ ကိုက်သည် ဆရာတော် သံဃာတော်များနှင့် မြို့နယ်ရှိ လူကြီးများကို ညှိနှိုင်းတိုင်ပင် စီစဉ်ပြုလုပ်တည်ထောင်တော်မူ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကို ၁၃၂၂-ခုနှစ်(၂၉)ကြိမ်မြောက်မှအစပြု၍ ထိန်းသိမ်းစောင့်ရှောက်တော်မူရန် ညောင်ရွှေမြို့ မြို့မရွှေဂူကျောင်း ဂိုဏ်းချုပ်ဆရာတော် ဦးဇာဂရ အရှင်သူမြတ်အား"ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော် ထိန်းသိမ်းစောင့်ရှောက်ရေး 'သံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်အဖြစ်' အသိအမှတ်ပြုကာ ဤလက်မှတ်ကို ချီးမြှင့်ဆက်ကပ်လှူဒါန်းပါသည်။

(စဝ်ရွှေသိုက်)
ဥက္ကဋ္ဌကြီး
သံဃဝေယျာဝစ္စ ဦးစီးအဖွဲ့ချုပ်

(ဦးပဏ္ဍိတ)
မဟာနာယကဆရာတော်
သံဃနာယက ဦးစီးအဖွဲ့ချုပ်

သာသနာတော်သက္ကရာဇ် ၂၅၀၃-ခုနှစ်၊

ကောဇာသက္ကရာဇ် ၁၃၂၁-ခု၊ နယုန်လပြည့်ကျော် ၅-ရက်။

ညောင်ရွှေနယ်အတွင်းရှိ ဆရာတော် သံဃာကော်တို့သည် အထက်ပါ အဖွဲ့ကြီးနှစ်ဖွဲ့ကို ဖွဲ့စည်းထော်မူကြသကဲ့သို့ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် အမှူးရှိသော ညောင်ရွှေမြို့သူ- မြို့သား, နယ်သူ နယ်သားတို့ကလည်း ၁၃၂၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့တွင် ညောင်ရွှေဟော်နန်းတော်ဦး၌ စည်းဝေးကြပြီးလျှင်—

(၁) ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံဦးစီး အဖွဲ့ချုပ်၊

(၂) ဘဏ္ဍာရေးအဖွဲ့၊

(၃) အလုပ်အမှုဆောင်အဖွဲ့၊

ဟူသော အဖွဲ့ကြီးသုံးဖွဲ့ကို ဖွဲ့စည်းကြလေသည်။

## (၁) ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်

ဝိနယာဒိနုဂ္ဂဟသံဃသြဝါဒခံ ဦးစီးအဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ—

၁။ လူမျိုးစုလွှတ်တော် နာယကကြီး ညောင်ရွှေစော်ဘွားကြီး-
စဝ်ရွှေသိုက် — ပထမ-ဥက္ကဋ္ဌ။

၂။ သားတော်ကြီး စဝ်ဆိုင်ဖ — ဒုတိယ-ဥက္ကဋ္ဌ။

၃။ ဟဲဟိုးမြို့စားကြီး ဦးစစ်ဟန် — ။

၄။ ပွဲစားကြီး ဦးခေါင် — စည်းရုံးရေးနှင့် ဝါဒဖြန့်ချီရေး။

၅။ ဦးစံပွင့် — ဘဏ္ဍာရေးမှူး။

၆။ ဦးထွန်းအေး — တွဲဖက်အတွင်းရေးမှူး။

၇။ ဦးဘိုးခင် — အတွင်းရေးမှူးချုပ်။

၈။ ဦးချစ်သာ — တွဲဖက်အတွင်းရေးမှူး။

၉။ ဦးဆောင် — စာရင်းစစ်။

၁၀။ ဦးထွန်းတင် — တွဲဖက် စာရင်းစစ်။

### ကော်မတီဝင်များမှာ

၁၁။ ဦးထွန်းလှိုင်။

၁၂။ ဦးအုံ။

၁၃။ ဦးတင်လှိုင်။

၁၄။ ဦးတင်။

၁၅။ ဦးထွန်းဖေ။

၁၆။ ဦးရုံ။

၁၇။ ဦးပေါ။

၁၈။ ဦးဖေ။

၁၉။ ဦးကိုင်းတို့ ဖြစ်ကြလေသည်။

**ဘဏ္ဍာရေးအဖွဲ့**

ဘဏ္ဍာရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များမှာ အောက်ပါ ဦးစီးအဖွဲ့ဝင်များနောက် (၁)မှ (၁၀)အထိ ပုဂ္ဂိုလ် (၁၀)ဦးနှင့် ညောင်ရွှေမြို့မတိုက်၊ ခေါင်တိုင်တိုက်၊ ရွာသာတိုက်၊ မိုင်းသောက်တိုက်၊ သလဲဦးတိုက်၊ ဟဲယာဟိုက်၊ အင်းခြံတိုက်၊ နမ့်ပန်တိုက်၊ ကြေးပေါ့ခုံတိုက်၊ အင်းပေါ့ခုံတိုက်၊ ငါးဖယ်ချောင်းတိုက်၊ သာလေးတိုက်၊ အင်းတိမ်တိုက်၊ နောင်ဘောတိုက်၊ မိုင်းပြိုးတိုက်၊ တောင်တိုတိုက်၊ အင်းကျားတိုက်၊ သဲကြောင်တိုက်၊ လင်းကင်းတိုက်၊ မော်းချောင်းတိုက်၊ ကျွန်းကြီးတိုက်၊ ဟဲဟိုး၊ ကျောက်ထပ်၊ ဘော်သိုင်း၊ နောင်လေ၊ နန်းစီ၊ နားဟီး၊ နောင်ငစ်၊ စင်ဟယ်၊ သံတဲ၊ လဲသက်၊ လွယ်ကော်၊ နန်းဟောင့်၊ တောင်ကြီးမြို့နယ်များမှ လူကြီးပေါင်း (၁၃၈)ဦးတို့ ဖြစ်ကြလေသည်။

## (၃) အလုပ်အမှုဆောင်အဖွဲ့

အလုပ်အမှုဆောင်အဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ–

| | | |
|---|---|---|
| ၁။ | ဦးထွန်းအေး | ပထမ-ဥက္ကဋ္ဌ |
| ၂။ | ဦးစံပွင့် | ဒုတိယ-ဥက္ကဋ္ဌ |
| ၃။ | ဦးဘိုးခင် | အတွင်းရေးမှူး |
| ၄။ | ဦးချစ်သာ | တွဲဖက်အတွင်းရေးမှူး |

**ကော်မတီများ**

၅။ ဦးထွန်းလှိုင်။

၆။ ဦးအုံ။

၇။ ဦးတင်လှိုင်၊
၈။ ဦးတင်၊
၉။ ဦးထွန်းတင်၊
၁၀။ ဦးထွန်းခဖ၊
၁၁။ ဦးရှိ၊
၁၂။ ဦးဆောင်၊
၁၃။ ဦးပေါ်၊
၁၄။ ဦးဖေ—တို့ ဖြစ်ကြသည်။

အထက်ပါ ၁၃၂၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့က ညောင်ရွှေဟော်နန်းတော်ဦး ပထမအစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော အဖွဲ့သုံးဖွဲ့ကို ယင်းနှစ် နယုန်လပြည့်ကျော် (၅) ရက်၊ (၂၅၊ ၆၊ ၅၉) နေ့၊ ညောင်ရွှေဟော်နန်းတော်ဦး၌ စည်းဝေးသော ဒုတိယ အစည်းအဝေးကြီးက ထပ်မံ၍ အများသဘောတူ အတည်ပြုကြသေသည်။

ယင်းသို့ဖြင့် စနစ်တကျဖွဲ့စည်းအပ်ပြီးသော သံဃာ့အဖွဲ့ကြီး နှစ်ဖွဲ့နှင့် သံဃသြဝါဒခံ ဒါယကာအဖွဲ့ကြီး သုံးဖွဲ့တို့သည် "ကိုင်းကျွန်းမှီ-ကျွန်းကိုင်းမှီ" ဟူဘိသကဲ့သို့ ဆရာနှင့် ဒကာလက်တွဲလျက် ၁၃၂၂-ခုနှစ်၊ နယုန်လ (၂၉) ကြိမ်မြောက် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီးနှင့် (၂၆) ကြိမ်မြောက် စာလျှောက်မေးပွဲတော်ကြီးကို အဖွဲ့အစည်းအနေဖြင့် ဦးစွာပထမ ကြီးမှူးကျင်းပကြလေသည်။

ထိုနည်းအတူ နောင်လာမည့် အနာဂတ်ကာလ၌လည်း ဤဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲကို အဆိုပါ သံဃာ့အဖွဲ့ကြီးများ၊ သံဃသြဝါဒခံ လူဒါယကာအဖွဲ့ကြီးများကပင် နှစ်စဉ်မပျက် ဆက်လက်၍ ကြီးမှူးကျင်းပသွားရမည်သာ ဖြစ်လေသည်။

၁၃၂၂-ခုနှစ်၊ နယုန်လ စာပြန်ပွဲတော်ကြီး၌—

(က) စာဖြေသံဃာတော် ၃၃၄-ပါး၊
(ခ) စာပြန်သံဃာတော် ၃၃၀-ပါး၊
(ဂ) နာယက၊ ဥက္ကဋ္ဌ စသည့် စုစုပေါင်းသံဃာတော် (၈၁၄) ပါး၊ ရှိလေသည်။

၁၃၂၃–ခုနှစ်၊ ပလ္လမ၁ါဆိုလ စာပြန်ပွဲတော်ကြီး၌–

(က) စာပြေသံဃာတော် ၄၂၀-ပါး၊

(ခ) စာပြန်သံဃာတော် ၄၁၇-ပါး၊

(ဂ) နာယက, ဥက္ကဋ္ဌ စသည် စုစုပေါင်းသံဃာတော် (၁၀၀၇) ပါး ရှိလေသည်။

ဒုတိယပိုင်းအချုပ် ဇယားလုပ်သော်.

ဤနေရာတွင် (၁၃၀၉-ခုနှစ်မှ ၁၃၂၃-ခုနှစ်အထိ) ၁၅–နှစ်ဘာ ကာလအတွင်း ကျင်းပပြီးစီးခဲ့သော "ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာ ဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲ"၏ ဖြစ်ပေါ်တိုးတက်မှု အကြောင်းခြင်းရာသမိုင်း (ဒုတိယပိုင်း)သည် တထောက်ရပ်နားရန် လျောက်ပတ်သော အခွင့်သို့ ဆိုက် ရောက်လာပေပြီ။

ထို့ကြောင့် ဤသမိုင်း(ဒုတိယပိုင်း)ပါ ၁၅–နှစ်ဘာ ကာလအတွင်း ကျင်းပပြီးစီးခဲ့သော စာပွဲတော်ကြီးနှစ်ပွဲ၌ ပါဝင်တော်မူခဲ့ကြသည့် စာပြေ သံဃာ, စာပြန်သံဃာ, နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင်, ပုစ္ဆက, စာ ထောက် စာမ,အတိုင်ပင်ခံ, တပည့်အုပ်, ဝေယျာဝစ္စကရစသော သံဃာတော် တို့၏ အရေအတွက်စာရင်းအချုပ်ကို နှစ်စဉ်အားဖြင့် ဇယားလုပ်၍ ထုတ်ဖော် ပြပေအံ့။

# ဝိနယာဒိနိဂ္ဂဟ ဒုတိယ ၁၅-နှစ်တာ သံဃာစာရင်းချုပ်

| အမှတ်စဉ် | သက္ကရာဇ် | မြေ အ | ပြန် ကြိမ် | မြေ သံဃာ | ပြန် သံဃာ | နှစ်ရပ်ပေါင်း | နာယက ဥက္ကဋ္ဌ စသည် | စုစုပေါင်း သံဃာ | အကြောင်းထူး |
|---|---|---|---|---|---|---|---|---|---|
| ၁၆ | ၁၃၀၉ | ၁၃ | ၁၆ | ၆၆ | ၃၃၇ | ၄၀၃ | ၁၅၃ | ၅၅၆ | ပြဋ္ဌာန်း ချက်ပြင် |
| ၁၇ | ၁၃၁၀ | ၁၄ | ၁၇ | ၁၁၄ | ၃၉၇ | ၅၁၁ | ၁၇၄ | ၆၈၅ | |
| ၁၈ | ၁၃၁၁ | ၁၅ | ၁၈ | ၁၅၃ | ၂၃၄ | ၃၈၇ | ၁၃၀ | ၅၁၇ | |
| ၁၉ | ၁၃၁၂ | ၁၆ | ၁၉ | ၁၂၄ | ၂၁၄ | ၃၃၈ | ၁၂၆ | ၄၆၇ | အထူးခွင့် ပြုချက်ရှိ |
| ၂၀ | ၁၃၁၃ | ၁၇ | ၂၀ | ၁၅၀ | ၂၅၂ | ၄၀၂ | ၁၃၂ | ၅၃၄ | |
| ၂၁ | ၁၃၁၄ | ၁၈ | ၂၁ | ၁၈၀ | ၃၁၀ | ၄၉၀ | ၁၄၇ | ၆၃၇ | |
| ၂၂ | ၁၃၁၅ | ၁၉ | ၂၂ | ၂၂၉ | ၃၈၉ | ၆၁၈ | ၁၅၀ | ၇၆၈ | |
| ၂၃ | ၁၃၁၆ | ၂၀ | ၂၃ | ၂၁၆ | ၂၉၀ | ၅၀၆ | ၁၅၀ | ၆၅၆ | |
| ၂၄ | ၁၃၁၇ | ၂၁ | ၂၄ | ၂၅၈ | ၃၆၇ | ၆၂၅ | ၁၅၀ | ၇၇၆ | ပြဋ္ဌာန်း ချက်ပြင် ငွေရတု သတင် |
| ၂၅ | ၁၃၁၈ | ၂၂ | ၂၅ | ၂၁၃ | ၂၅၆ | ၄၆၉ | ၆၉၇ | ၁၁၆၆ | |
| ၂၆ | ၁၃၁၉ | ၂၃ | ၂၆ | ၂၂၅ | ၃၁၅ | ၅၄၀ | ၁၅၀ | ၆၉၀ | |
| ၂၇ | ၁၃၂၀ | ၂၄ | ၂၇ | ၃၀၆ | ၃၂၅ | ၆၃၁ | ၁၅၀ | ၇၈၁ | |
| ၂၈ | ၁၃၂၁ | ၂၅ | ၂၈ | ၃၃၅ | ၃၉၇ | ၇၃၂ | ၁၅၀ | ၈၈၂ | အထူးခွင့် ပြုချက်ရှိ |
| ၂၉ | ၁၃၂၂ | ၂၆ | ၂၉ | ၃၃၄ | ၃၃၀ | ၆၇၄ | ၁၅၀ | ၈၁၄ | |
| ၃၀ | ၁၃၂၃ | ၂၇ | ၃၀ | ၄၂၀ | ၄၁၇ | ၈၃၇ | ၁၇၀ | ၁၀၀၇ | |

ဤတွင် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ

စာပြန်ပွဲတော်ကြီးသမိုင်း(ဒုတိယပိုင်း)

တ ခန်း ရပ်

(၂၃-၈-၇၆)

# တတိယပိုင်း

## (၃၃၂၄-မှ၊ ၁၃၃၀-ထိ)

**စာပြန်ပွဲတော်ကြီးအတွက် ဆုံးရှုံးရခြင်းများ**

ညောင်ရွှေမြို့မ ရွှေဂူကျောင်း ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာ့ဂိုဏ်းချုပ်ဆရာတော် ဦးအာစရ၊ ညောင်ရွှေမြို့မလှိုင်ကြူကျောင်း ဆရာတော် ဦးဝိမလနှင့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တိုးတက်ကြီးပွားစေရန် ထက်သန်သော သမ္မာဆန္ဒဖြင့် ညောင်ရွှေမြို့ ဝိနယာဝိနိစ္ဆယစာပြန်ပွဲတော်ကြီး၌ ထာဝရလက်တွဲဆောင်ရွက်တော်မူခဲ့ကြလေသည်၊ ထိုဆရာဒကာသုံးဦးတို့၏ ဘဝရေစက်သည် သေတပန် သက်တဆုံး—သာသနာပြုဖော် သာသနာပြုဖက်များအဖြစ် ဖန်တီးခဲ့လေသည်။

ထိုစကားကိုချဲ့ဦးအံ့၊ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ကောဇာသက္ကရာဇ် ၁၂၅၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်၊ (၁၀၉၆-ခု အောက်တိုဘာလ ၁၆-ရက်) သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၁၂၀၉-ခုနှစ်၊ တော်သလင်းလဆန်း (၆)ရက်၊ (၁၉၂၇-ခု၊ စက်တင်ဘာလ ၁-ရက်) နေ့တွင် ဘကြီးတော် ညောင်ရွှေစော်ဘွားကြီး (ဆာ) စဝ်မောင်၏ အရိုက်အရာကို ဆက်ခံ၍ ညောင်ရွှေစော်ဘွား ဖြစ်တော်မူခဲ့လေသည်၊

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ကောဇာသက္ကရာဇ် ၁၂၉၄-ခုနှစ်၊ သာသနာတော်သက္ကရာဇ် ၂၄၇၆-ခုနှစ်တွင် ညောင်ရွှေမြို့ဝိနယာဝိနိစ္ဆယ အာဂုမ်စာပြန်ပွဲတော်ကြီးကို စတင်တည်ထောင်ကာ ကျင်းပတော်မူလေသည်၊ ထိုအခါ ညောင်ရွှေမြို့မ ရွှေဂူကျောင်းဆရာတော် ဦးအာစရသည် စာပြန်ပွဲတော်ကြီး၏ စာကြည့်စာထောက်, အတိုင်ပင်ခံဆရာတော်အဖြစ် စတင်ပါဝင်တော်မူခဲ့လေသည်၊ထိုနည်းအတူညောင်ရွှေမြို့မရွှေဂူကျောင်းရဟန်းတော်

ဦးဝိမလလည်းလည်း စာပြန်ပွဲတော်ကြီး၏ အကျိုးတော်ဆောင်အဖြစ် စတင်ပါဝင်တော်မူခဲ့လေသည်။

၁၃၀၄-ခုနှစ်တွင် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌဆရာတော်လည်းဖြစ်, ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာရာဇာ ဂိုဏ်းချုပ်ဆရာတော်လည်းဖြစ်တော်မူသော ညောင်ရွှေမြို့မ ကန်ကြီးဆရာတော် ဦးကေတုမာလာ ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့လေသည်။

၁၃၀၅-ခုနှစ်တွင် ညောင်ရွှေနယ် လင်းကင်းကျောင်းဆရာတော် ဦးကေလာသသည် ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာရာဇာဂိုဏ်းချုပ် ဆရာတော်လည်းဖြစ်၍ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌဆရာတော် လည်းဖြစ်တော်မူခဲ့လေသည်။

ထိုအခါ ရွှေဂူဆရာတော်ဦးအာစရသည် ညောင်ရွှေမြို့မဂိုဏ်းအုပ် ဆရာတော်ဖြစ်၍ စာပြန်ပွဲတော်ကြီး၏ နာယကဆရာတော်တပါး ဖြစ်တော်မူလေသည်၊ ၁၃၀၈-ခုနှစ်၊ တပို့တွဲလ လင်းကင်းဂိုဏ်းချုပ်ဆရာတော်ကြီး ဘဝနတ်ထံပြန် လွန်တော်မူပြီးနောက် ၁၃၀၉-ခုနှစ်တွင် ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာရာဇာဂိုဏ်းချုပ် ဆရာတော်ဖြစ်ပြီးလျှင် ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌဆရာတော်လည်းဖြစ်တော်မူခဲ့လေသည်။

စာပြန်ပွဲတော်ကြီး၏ မူလအကျိုးတော်ဆောင်လေးပါးတွင် တပါးအပါအဝင် ဖြစ်တော်မူသော ရွှေဂူကျောင်းရဟန်းတော် ဦးဝိမလမှာ ရွှေဂူကျောင်းမှတဆင့်မြို့ မလှိုင်ကြူကျောင်း၌ ကျောင်းထိုင်နာယကဆရာတော်ဖြစ်လာပေသည်၊ ညောင်ရွှေမြို့မဂိုဏ်း၏ ဝိနည်းဓိုရ်ဆရာတော်ဖြစ်ပြီးလျှင် စာပြန်ပွဲတော်ကြီး၌ အကျိုးတော်ဆောင်အဖြစ်ဖြင့်ပင် ပါဝင်ဆောင်ရွက်တော် မူခဲ့လေသည်။

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်မှာကား ၁၃၀၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉)ရက်၊ (၁၉၄၈-ခု၊ ဇန်နဝါရီလ ၄-ရက်) နေ့တွင်- ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ရှေးဦးအစပထမဆုံး(ယာယီ)သမ္မတဖြစ်တော်မူခဲ့ပေသည်၊ ထို့နောက် ခရစ်သက္ကရာဇ်၁၉၅၁-ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ ပါလီမန်လွှတ်တော်နှစ်ရပ် ပေါ်ပေါက်လာသည့်အခါ၊ လူမျိုးစုလွှတ်တော်နာယကကြီး ဖြစ်တော်မူပြီးလျှင် "အဂ္ဂမဟာသရေစည်သူ, အဂ္ဂမဟာသီရိသုဓမ္မ" ဘွဲ့များကို ရရှိတော်မူခဲ့ပေသည်။

ရွှေဂူဆရာတော်, လှိုင်ကြူဆရာတော်နှင့် ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက်တို့သည် ဘဝရေစက်နီးစပ်မှုရှိသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြလေသည်။ တမြို့တည်း၌ နှစ်ပေါင်းများစွာ ဆရာဒကာအဖြစ် ရင်းရင်းနှီးနှီး အတူတကွ သီတင်းသုံးနေထိုင်တော်မူခဲ့ကြရလေသည်၊ ယင်းတို့သည်သမ္မာဒိဋ္ဌိအယူရှိကြသည့်ပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြသည့်အားလျော်စွာ မြို့နယ်အတွင်း၌ ဗုဒ္ဓမြတ်စွာသာသနာတော်ရေး, ဘာသာရေးကိစ္စ ကြီးငယ်များကိုလည်း ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် တိုင်ပင်ဆွေးနွေးလျာ ဆောင်ရွက်တော်မူကြပေသည်၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကာ ဆရာဒကာ လက်တွဲလျက် သာသနာ့ပြုစာပြန်ပွဲတော်ကြီးကိုလည်း ဆင်နွှဲကျင်းပကြလေလည်း၊ ဤမျှသာမက ဘဝ၏နောက်ဆုံးအချိန်သို့ရောက်ကြ၍ ကာလသည်ပင်တနှစ်တည်းမှာ အံ့သြဖွယ်ရာ နီးကပ်တိုက်ဆိုင်မှုရှိခဲ့ကြလေသည်။

ထိုစကားသည်မှန်၏၊ ရွှေဂူဆရာတော်သည် ၁၃၂၄-ခုနှစ်၊ နယုန်လတွင် ကျင်းပသည့် စာဖြေသံဃာတော်ပေါင်း (၄၄၉)ပါး၊ အာဂုံပြန်သံဃာတော်ပေါင်း (၄၄၅) ပါး ပါဝင်တော်မူသော (၂၀) ကြိမ်မြောက် စာမေးပွဲတော်ကြီးနှင့် (၃၁)ကြိမ်မြောက် အာဂုံစာပြန်ပွဲတော်ကြီးကို ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီးလျှင်၊ ထိုနှစ် တော်သလင်းလဆုတ် (၁၃)ရက်နေ့တွင် ဘဝနတ်ထံ ပြန်လွန်တော်ခဲ့မူလေသည်။

ထို (၁၃၂၄-ခု) နှစ် တန်ဆောင်မုန်းလဆုတ် (၁၀)ရက်၊ (၁၉၆၂-ခု၊ နိုဝင်ဘာလ(၂၁-ရက်) နေ့ညနေ၄-နာရီအချိန်တွင်သက်တော် (၆၇)နှစ် ရရှိတော်မူသော ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည်လည်း ရန်ကုန်မြို့၌ နတ်ရွာစံကံတော်ကုန်ခဲ့လေသည်၊ စော်ဘွားကြီး၏ဥတုဇရုပ်ကလာပ်အလောင်းတော်ကို ထိုနှစ်နတ်တော်လဆန်း (၂)ရက်၊ (၂၈၊၁၁၊၆၂)နေ့တွင် ရန်ကုန်မြို့မှ လေယာဉ်ဖြင့် ညောင်ရွှေမြို့သို့ ယူဆောင်ခဲ့ကြလေသည်၊ ထိုနေ့မှာပင်-စာပြန်ပွဲတော်ကြီး၏ အကျိုးတော်ဆောင်မြို့မ- လှိုင်ကြူကျောင်းဆရာတော် ဦးဝိမလသည်လည်း ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့လေသည်၊ ယင်းသို့ဖြင့် ထိုဆရာ ဒကာသုံးဦးတို့၏ ဘဝရေစက် နီးစပ်ဆက်သွယ်မှုကား ဘဝ၏နောက်ဆုံးအချိန်အထိပင် တိုက်ဆိုင်မှုရှိခဲ့လေသည်။

ဤမျှသာမကသေး-၊ ထိုနှစ် နတ်တော်လဆန်း (၁၃)ရက်၊ (၉၊၁၂၊၆၂) နေ့တွင် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ ဥတုဇရုပ် ရုပ်ကလာပ်တော်ကိုလည်းကောင်း၊ နတ်တော်လဆုတ်(၄)ရက်နေ့တွင်လှိုင်ကြူဆရာတော်

ဥတုဇရုပ်ကလာပ်တော်ကိုလည်းကောင်း၊ ပြာသိုလဆုတ်(၃)ရက်နေ့တွင်ရှေ့ရှု ဆရာတော်၏ဥတုဇရုပ်ကလာပ်တော်ကိုလည်းကောင်းတခုတည်းသောသုသာန်ဝယ် တဆောင်တည်းသောမဏ္ဍပ်၌ သရဏဂုံတင်၍, တဆောင်တည်းသော လောင်တိုက် ပြာသာဒ်၌ပင် ရှေ့ဆင့်နောက်ဆင့် မီးသင်္ဂြိုဟ်ခဲ့ကြလေသည်၊ ယင်းသို့ဖြင့် သာသနာပြုဖက် ဆရာဒကာသုံးဦးဟူသည် နောက်ဆုံးအရိုးတော်များ ပြာကျရာကာလ တိုင်အောင် ပေါင်းစပ်သောဘဝရေစက် အကျိုးဆက်ရှိခဲ့ကြလေသည်။

ဤသို့လျှင် တနှစ်တည်း၌ ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော် ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ဖွဲ့ကို ဘဝနတ်တံ ပြန်လှန်တော်မူကြခြင်း၊ စာပြန်ပွဲတော်ကြီး၏ အာဒိကမ္မိက သာသနာပြု, သာသနဒါယကာ ညောင်ရွှေစော်ဘွားကြီး နတ်ရွာစံတော်မူခြင်းတို့မှာ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပွဲတော်ကြီး နှင်ပွဲအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဆုံးရှုံးမှုများဖြစ်ပေတော့သတည်း။

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး

ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ

ညောင်ရွှေစော်ဘွားကြီး နတ်ရွာစံ ကံတော်ကုန်ရာ၌

သံဃာ့ဝါဒခံ ဦးစီးအဖွဲ့က ပန်ကြားအပ်သော

# ဝမ်းနည်းကြောင်း သဝဏ်လွှာ

---

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပထမသမ္မတ၊ လူမျိုးစုလွှတ်တော် နာယက၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ 'ညောင်ရွှေ ဝိနယာဒိနုဂ္ဂဟ ပထမပြန် စာမေးပွဲတော်ကြီးနှင့် အာဂုမ်စာပြန်ပွဲတော်ကြီးကို စတင်တည်ထောင်တော်မူခဲ့သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝါဒခံ ဦးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်သည် ၁၃၂၄-ခုနှစ်၊တန်ဆောင်မုန်းလဆုတ်(၁၀) ရက်နေ့ ရန်ကုန်မြို့၌ နတ်ရွာစံကံတော်ကုန်သောကြောင့် ကျွန်တော်များ ဝိနယာဒိနုဂ္ဂဟ သံဃာ့ဝါဒခံအဖွဲ့ဝင်အားလုံး လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြောင်း ပန်ကြားအပ်ပါသည်။

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်သည် ကျွန်တော်များ ရှမ်းပြည်နယ်တွင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်လျက် တိုးတက်ကြီးပွား ထွန်းကားစေလိုသော စေတနာနှင့် သမ္မာဆန္ဒ ထက်သန်လှသည့် ပုဂ္ဂိုလ်ကြီးဖြစ်ရကား ညောင်ရွှေမြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များ၊ ရပ်ရွာလူကြီးများနှင့် လျှောက်ထားနှီးနှောတိုင်ပင်၍ ၁၂၉၄-ခုနှစ်မှ စတင်ကာ သာသနာ့ဉယျာဉ်တော်ကြီး၌ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးတည်းဟူသော သစ်ပင်ငယ်ကို စိုက်ပျိုးတည်ထောင်တော်မူခဲ့ပါသည်။

ယင်းသို့ သာသနာ့တော်အကျိုး မြှော်ကိုးလျက် စိုက်ပျိုးအပ်သော "ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး" တည်းဟူသော သစ်ပင်ငယ်ကို ရှင်သန်

ကြီးပွားစေရန် ရည်သန်လျက် မြို့သူ-မြို့သား, နယ်သူ-နယ်သားများနှင့်တကွ ပစ္စည်းလေးပါးတည်းဟူသော ရေစင်ရေချမ်းတို့ဖြင့် သွန်းဖျန်းပံ့ထောက် ချီးမြှောက်ပြုစုတော်မူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထန်ပြင်းလှသည့် စစ်ဘေး, စစ်ဒဏ်ကို ခံရသော်လည်း မလျှော့သော ဇွဲလုံ့လဖြင့် အမျိုးမျိုးသော အန္တရာယ်, အသွယ်သွယ်သော အခက်အခဲကြားမှ ၎င်း ပြန်ပွဲတော်ကြီးကို အောင်မြင်စွာ ပြုလုပ်ကျင်းပခဲ့ပါသည်။

ယင်းသို့ဖြင့် ၁၂၉၄-ခုနှစ်မှစ၍ ၁၃၂၄-ခုနှစ်အထိ အာဂုမ်စာပြန်ပွဲတော်ကြီးကို (၃၁) ကြိမ်တိတိ၊ စာလျှောက်မေးပွဲတော်ကြီးကို (၂၈) ကြိမ်တိတိ၊ မြို့သူ-မြို့သား, နယ်သူ-နယ်သားတို့၏ အကူအညီများဖြင့် ပစ္စည်းလေးပါး ပံ့ထော /အားပေး ချီးမြှောက်ခဲ့ကြရာ ကျွန်တော်များအဖွဲ့၏ စာရင်းအရ စာပွဲတော်ကြီးနှစ်ပွဲအတွက် ကုန်ကျခဲ့သည့်ငွေပေါင်းမှာ ၁၅၈၂၇၇ိ/ (တသန်းငါးသိန်းရှစ်သောင်းနှစ်ထောင်ခုနစ်ရာခုနစ်ဆယ်ကျပ်တိတိ) ဖြစ်ပါသည်။

ယင်းသို့ ပြုစုထောက်ပံ့အားပေးချီးမြှောက်ခဲ့ခြင်းကြောင့် ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးတည်းဟူသော သစ်ပင်ပျိုမှ ပရိယတ္တိသာသနမာမကာ၊ ပရိယတ္တိသာသနပါလကာ၊ ပရိယတ္တိသာသနရက္ခိတာ၊ ပရိယတ္တိသာသနဝေပုလ္လ ရဟန်းသာမဏေတည်းဟူသော သာသနာ့အသီးအပွင့်များ ဝေဆာပြန့်ပြောစွာ သီးပွင့်ခဲ့ပါသည်။

သည်မျှသာမကသေး၊ ပရိယတ္တိဆောက, ပဋိပတ္တိမာမကာ၊ ဂန္ထဝါစကာ၊ ဂန္ထကာရကသာသနာပြု သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကျော်များဟု ဆိုအပ်သော အမြုတေသာသနာ့မျိုးစေ့တို့ကိုလည်း ထွက်ပေါ်စေခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ အကျိုးစီးပွားအတွက် ဥက္ကဋ္ဌကြီးမျှော်မှန်းခဲ့သော ရည်မှန်းချက်များ ပြည့်စုံခဲ့ပါသည်။

ဥက္ကဋ္ဌကြီး တိုးတက်ကြီးပွားစေလိုသော ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီးနှစ်ပွဲသည်လည်း တနှစ်ထက်တနှစ် ဆတက်ထမ်းပိုး တိုးတက်ကြီးပွားလျက် ရှိပါသည်။

ဥက္ကဋ္ဌကြီး ဆန္ဒပြင်းပြလျက်ရှိသော ပရိယတ္တိသာသနာတော်ကြီး တိုးတက်ပြန့်ပွားရေးသည်လည်း ရှမ်းပြည်နယ်တဝှန်းလုံး၌ တိုးတက်ပြန့်ပွားလျက် ရှိပါသည်။

ဥက္ကဋ္ဌကြီး ဟမ်းတခဲ့သော ပရိယတ္တိသာသနာ့ပြု ပုဂ္ဂိုလ်ကျော်များသည် တပါးမက များစွာပေါ်ထွက်ခဲ့ပါသည်။

သို့ပါသော်လည်း ဥက္ကဋ္ဌကြီးမှာ ပုထုဇ္ဇနသာမညသတ္တဝါတွေကို မဆိုထားဘိ၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေ ပြုပ်ပျိုးသော်မှ ရှောင်လွှဲမရသည့် လောကဓံထွာ ဓမ္မတာဖြစ်သော မရဏ, ဘိဇ္ဇန, စုတိ, စဝနသဘောမှ ရှောင်လွှဲပြေးထွက်ခြင်းငှါ မတတ်သာရကား ၁၃၂၄-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့ရပါသည်။

ယင်းသို့ဖြစ်သောကြောင့် ကျန်ရစ်ကြသည့် သဟပုညကာရီသာသနာ့ပြုဖော်, သာသနာ့ပြုဖက်များ ဖြစ်ကြကုန်သော "ဝိနယာဒိနုဂ္ဂဟသံဃသြဝါဒခံ ဦးစီးအဖွဲ့ဝင်" အားလုံးတို့သည် အားအင်လျော့ပါး၍ သာသနာ့ပြုရာတွင် အစားထိုး၍ မရနိုင်သည့် သာသနာ့ပြု သာသနဒါယကာတဦး ဆုံးရှုံးရသည့်အတွက် နှမြောတသလျက် လိုက်လိုက်လှဲလှဲ ကြေကွဲဝမ်းနည်းလှပါကြောင်း ဥက္ကဋ္ဌကြီးအား ဦးညွှတ်ကာ ပန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌကြီး ကောင်းရာသုဂတိသို့ လားရောက်ပါစေသတည်း....။

**သာသနာ့ပြုစာပြန်ပွဲ နှစ်စဉ်ကျင်းပမြဲ**

အဆိုပါ သာသနာ့ပြုဖက် ဆရာဒကာသုံးဦးတို့သည် ကောဇာသက္ကရာဇ် ၁၂၉၄-ခုနှစ်မှစ၍ ၁၃၂၄-ခုနှစ်အထိ (၃၀) နှစ်ပတ်လုံး ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီးကို (၂၀) ကြိမ်တိုင်တိုင်၊ အာဂုမ်စာပြန်ပွဲတော်ကြီးကို (၃၁) ကြိမ်တိုင်တိုင် အတူတကွ လက်တွဲကာ ဆင်နွှဲကျင်းပခဲ့ကြပြီးလျှင် တုသိတာနတ်ပြည်သို့ အတူတကွ ကြွမြန်းစံတော်မူခဲ့ကြပြီး ဖြစ်သော်လည်း စာပွဲတော်ကြီး နှစ်ပွဲကိုမူ ၁၃၂၁ ခုနှစ်ကပင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသော "ဝိနယာဒိနုဂ္ဂဟ သံဃနာယကဦးစီးအဖွဲ့ချုပ် သံဃာ့ဝန်ဆောင်အဖွဲ့နှင့် ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံဦးစီးအဖွဲ့ချုပ်က ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ကာ နှစ်စဉ်မပျက် ကျင်းပမြဲ ကျင်းပကြလေသည်။

ယင်းနှစ်တွင် သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရွှေဂူ(ဂိုဏ်းချုပ်)ဆရာတော် ပြန်လွန်တော်မူပြီးဖြစ်၍ သံဃနာယကဦးစီးအဖွဲ့မှ မဟာနာယက ရွှေရေကျ ဆရာတော်က သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ သံဃနာယကဦးစီးအဖွဲ့ဝင် သန်းတောင်ဂိုဏ်းထောက် ကြေးစားကုန်းကျောင်း ဆရာတော်က မဟာနာယကဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ပြောင်းလဲ၍ တာဝန်ယူတော်မူကြလေသည်။

ယင်း (၁၃၂၄)ခုနှစ် စာပြန်ပွဲတော်ကြီး၌လာမည့် ၁၃၂၅-ခုနှစ်၊ စာပြန်ပွဲတော်ကြီးအတွက် ပြဋ္ဌာန်းချက်ကျမ်းစာများကို အနည်းငယ်ပြုပြင်၍ အတည်ပြု ပြဋ္ဌာန်းထုတ်ဝေခဲ့လေသည်။

ထိုပြဋ္ဌာန်းချက်တွင် သာမဏေပူလတန်း၌ ယခင် (၁၃၁၈) ခုနှစ် ပြဋ္ဌာန်းချက်ကျမ်းစာများအပြင် ကစ္စည်းသုတ်နှင့် သန္ဓိပါဠိ၊ အနက်၊ အဓိပ္ပါယ်ကို အသစ်ထပ်မံဖြည့်စွက်ခြင်း၊ အထူးခွင့်ပြုချက်တရပ်အနေဖြင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပေါင်း (၄) တန်းကို၌ အတန်းလိုက် ပိုင်းခြား ပြဋ္ဌာန်းထားပြီးသော ကစ္စည်းသဒ္ဒါကြီးပါဠိနှင့်တကွ၊ ကစ္စည်းသုတ်စဉ်ပါဠိ၊ အနက်၊ ပြယုဂ် (၃) မျိုးစုံကို အတန်းလိုက် ပိုင်းခြားပြဋ္ဌာန်းထားသည့်အတိုင်း လဲလှယ်ပြန်ဖြေလိုက ပြန်ဖြေမှုန် ခွင့်ပြုခြင်းများသာ ထူးလေသည်၊ အခြား ပြဋ္ဌာန်းချက်ကျမ်းစာများနှင့် စည်းမျဉ်းများမှာ ယခင် (၁၃၁၈-ခုနှစ်) ပြဋ္ဌာန်းချက်အတိုင်းပင် ဖြစ်၏။

၁၃၂၅ ခုနှစ်၊ နယုန်လ စာပြန်ပွဲတော်ကြီး၌

| | |
|---|---|
| (က) စာဖြေသံဃာ | (၃၇၂) ပါး။ |
| (ခ) စာပြန်သံဃာ | (၄၉၅) ပါး။ |
| (ဂ) နာယက၊ ဥက္ကဋ္ဌ စသည် | (၁၅၀) ပါး။ |
| စုစုပေါင်း လုံးသာ | (၁၀၁၇) ပါး- |

ပါဝင်တော်မူခဲ့လေသည်။

၁၃၂၅-ခုနှစ်၊ ကဆုန်လဆန်း (၉) ရက်၊ (၁၊ ၅၊ ၆၃) နေ့တွင် ညောင်ရွှေ ဟော်တော်ဦး၌ ကျင်းပသော ဝိနယာဒိနိဂ္ဂဟ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် သင်းလုံးကျွတ် အစည်းအဝေးကြီးမှ လစ်လပ်နေသော ဝိနယာဒိနိဂ္ဂဟ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ပထမဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများတွင် ကိုယ်စားလှယ်တော် သားတော်ကြီး စဝ်ဆိုင်ဖအား ပထမဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အငြိမ်းစားအမတ်ချုပ်ကြီး ဦးမောင်မောင်လတ်နှင့် ပွဲစားကြီး ဦးမောင်တို့အား ဒုတိယ ဥက္ကဋ္ဌများအဖြစ်လည်းကောင်း သဘောတူ တင်မြှောက်ကြလေသည်။

**ဝိနယဒိနုဂ္ဂဟနှင့် ဂိုဏ်းချုပ်တင် အစဉ်အလာ**

ညောင်ရွှေမြို့ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့် ညောင်ရွှေနယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်ရွေးကောက် တင်မြှောက်ခြင်းကိစ္စမှာ ရှေးပဝေသဏီကပင် ဆက်စပ်နိုင်သမျှ အကျဉ်း ဖော်ပြခဲ့ပါသည်။

ညောင်ရွှေနယ်တွင်--

၁။ ညောင်ရွှေမြို့မဂိုဏ်း
၂။ မိုင်းသောက်ဂိုဏ်း
၃။ သန်းကောင်ဂိုဏ်း
၄။ ဟဲယဲရွာမဂိုဏ်း
၅။ အင်းတိမ်ဂိုဏ်း
၆။ နမ့်ပန်ဂိုဏ်း
၇။ မိုင်းပျိုးဂိုဏ်း
၈။ တောင်တိုဂိုဏ်း
၉။ လွယ်မောဂိုဏ်း
၁၀။ သီကျစ်ဂိုဏ်း
၁၁။ ဟဲ့ဟိုးဂိုဏ်း
၁၂။ ကျောက်ထပ်ဂိုဏ်း
၁၃။ ဘော်ဆိုင်းဂိုဏ်း
၁၄။ တာရှေဂိုဏ်း
၁၅။ ထီသိမ်ဂိုဏ်း
၁၆။ ဇလဲဂိုဏ်း
၁၇။ တောင်ကြီးဂိုဏ်း
၁၈။ လုံးကားဂိုဏ်း
၁၉။ နားဟီးဂိုဏ်း
၂၀။ ကုန်းဆွတ်ဂိုဏ်း

ဟုဂိုဏ်းပေါင်း (၂၀) ရှိလေသည်။

ဂိုဏ်းဟူသည်မှာ ညောင်ရွှေနယ်၌ ဝိဝါဒအားဖြင့် ကွဲပြားနေသော ဂိုဏ်းမျိုးမဟုတ်ပေ၊ သာသနာရေး, သာသနာမှုနှင့်စပ်သည်များကို ဝိနည်းဓမ္မကံနှင့်အညီ ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ်မှုလွယ်ကူစေရန် အုပ်စုဖွဲ့ထားသည့် ဂိုဏ်းမျိုးသာဖြစ်ပေသည်။

မြန်မာပြည်၌ မြန်မာဘုရင်များရှိစဉ်အခါက ဒေသချင်းနီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများကို အုပ်စုအနေအားဖြင့် ဂိုဏ်းဖွဲ့ကာ ထိုဂိုဏ်းအတွင်း ပေါ်ပေါက်လာသည့် သာသနာရေး, သာသနာမှုနှင့် စပ်သည်များကို ဝိနည်းဓမ္မကံနှင့်အညီ ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ်လွယ်ကူစေရန် သက်ဆိုင်ရာဂိုဏ်း သံဃာတို့၏ သဘောတူဆန္ဒအရ ဂိုဏ်းထောက်, ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်

များကိုသာသနာပိုင်ဆရာတော်ကဖြစ်စေ၊ သုဓမ္မာဝင်ဆရာတော် တို့ကဖြစ်စေ ခန့်အပ်ပေး၍ ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ် စေခဲ့လေသည်။

ယင်းသို့ အုပ်စုအနေအားဖြင့် ဂိုဏ်းဖွဲ့ကာ သာသနာရေး သာသနာမှု စသည်များကို ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ်သည့် "သံဃာ့အုပ်ချုပ်ရေး စနစ်"မှာ မြန်မာဘုရင်များရှိစဉ်ကပင် ရှမ်းပြည်သို့ ပြန့်နှံ့ခဲ့လေသည်၊ ယင်းသို့ပြန့်နှံ့ခဲ့သည်အားလျော်စွာ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေနယ်၌လည်း ထိုစနစ်အတိုင်းပင် ဒေသချင်းနီးစပ်ရာ ဘုန်းတော်ကြီး ကျောင်းများကို ညောင်ရွှေမြို့မဂိုဏ်း၊ အင်းလေးရွာ ဂိုဏ်း စသည်ဖြင့် အုပ်စုဂိုဏ်းဖွဲ့ပြီးလျှင် သက်ဆိုင်ရာ ဂိုဏ်းသံဃာတော်တို့၏ သဘောတူဆန္ဒဖြင့် ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များကိုမြန်မာပြည်မှ သာသနာပိုင်ဆရာတော်ကလည်းကောင်း၊ သုဓမ္မာဝင်ဆရာတော်တို့ကလည်းကောင်း ခန့်အပ်ပေး၍ ထိန်းသိမ်းအုပ်ချုပ်စီရင်ဆုံးဖြတ် စေခဲ့လေသည်။

အမရပူရ ဒုတိယမြို့တည် နန်းတည် ကုန်းဘောင်မင်း (ခေါ်) ရွှေဘိုမင်းလက်ထက် ကောဇာသက္ကရာဇ် ၁၂၀၁-ခုနှစ်တွင် "ညေယျ ဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော၊ ပထမသာသနပိုင်တံဆိပ်တော်၊ "ညေယျဓမ္မာဘိဝံသ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဒုတိယသာသနာပိုင် တံဆိပ်တော်များကို အလှူခံတော်မူရသည့် သာသနာပိုင် ဆရာတော်ဦးညေယျကို ညောင်ရွှေနယ် ရေဦးကျောင်း ဦးဥတ္တမ-သာရဆား ဂိုဏ်းအုပ်အဖြစ်၊ ညောင်ရွှေမြို့ ဦးကုလ္လာမာလာ ရေးဂိုဏ်းထောက်အဖြစ် အမိန့်စာချွန်တော်ဖြင့် ခန့်အပ်၍ စီရင်အုပ်ချုပ်စေခဲ့ ဘူးလေသည်။

သာသနာပိုင် ဆရာတော် ဦးညေယျ၏

အမိန့်စာချွန်တော်

ညေယျဓမ္မ ................ ရာလင်္ကာရ ဓမ္မသေနာပတိ

မဟာဓမ္မရာဇာဓိရာဇဂုရု

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အရှင်မင်းတရားကြီးဆရာတော် အမိန့်တော်ရှိသည်။

ညောင်ရွှေမြို့နယ် ၄-ရပ်၊ ၈-ရပ်အတွင်း သီတင်းသုံးနေကြသည့်သံဃာ တို့တွင် ဆုံးမစီရင်ရန်ရှိသမျှ သာသနာရေးသာသနာမှုနှင့်စပ်သည်များကိုဝိနည်း ဓမ္မကံနှင့်အညီ ထိန်းသိမ်းအုပ်ချုပ်ရန် စီရင်ဆုံးဖြတ်စိမ့်မည့် ဂဏာစရိယ ဂဏပါ မောက္ခ ကမ္မာကမ္မဝိနိစ္ဆယ အဖြစ်ဖြင့် ညောင်ရွှေမြို့စီရင်စု ရေဦးရွာကျောင်း နေ ရှင်ဥတ္တမသာရကို ဂိုဏ်းအုပ်, ညောင်ရွှေမြို့မဘိုက်နေ ရှင်ကုန္ဒမာလာကို ဂိုဏ်းထောက်ခန့်အပ်တော်မူသည်။

ရှင်ဥတ္တမသာရနှင့် ရှင်ကုန္ဒမာလာတို့က ညောင်ရွှေနယ် ၄-ရပ်, ၈-ရပ်အတွင်း သီတင်းသုံးနေကြသည့် သံဃာတို့တွင်ဆုံးမ စီရင်ရန်ရှိသည်များ ကို ဝိနည်းဓမ္မကံနှင့်အညီ ထိန်းသိမ်းအုပ်ချုပ် စီရင်ဆုံးဖြတ်ကြစေ....၊ ၎င်းမြို့ နယ်အတွင်းရှိ သံဃာတို့လည်း ရှင်ဥတ္တမသာရနှင့်ရှင်ကုန္ဒမာလာတို့ ဆုံးမဩဝါဒ ပေးရာ နာခံ၍၊ ဂန္ထဓူရ ဝိပဿနာဓူရ နှစ်ပါးတို့ကိုပွားများအောင်ကြိုးစား အားထုတ်ကြစေ။

သာသနာပိုင်ဆရာတော် မရှိသည့်အခိုက်အတန့်တွင် သုဓမ္မာဝင်ဆရာ တော်ဘုရားကြီးများက အသက်ပါ ဂိုဏ်းဖွဲ့အုပ်ချုပ်ရေးစနစ်အတိုင်းပင် သာ သနာရေးသာသနာမှုနှင့် စပ်သည်များကို အုပ်ချုပ်စီရင်တော် မူခဲ့လေသည်။ ထိုစဉ်ကလည်း သုဓမ္မာဝင်ဆရာတော်ကြီးများက ညောင်ရွှေမြို့မဂိုဏ်းထောက် ဦးကုန္ဒမာလာအား ဂိုဏ်းအုပ်အဖြစ် အမိန့်စာချွန်တော်ဖြင့် ခန့်အပ်၍အုပ်ချုပ် စီရင်စေခဲ့ဘူးလေသည်။

## သုဓမ္မာဝင် ဆရာတော်ကြီးများ၏ အမိန့်စာချွန်တော်

ညောင်ရွှေမြို့ ဂိုဏ်းထောက် ရှင်ကုန္ဒမာလာကို မြို့မဂိုဏ်းသံဃာ တော်ဘုရားအမတ်တို့က သဘောတူညီကြောင်းများနှင့် သုဓမ္မာတော် တွင် လျှောက်ထားချက်ရှိသည့်အတိုင်း ဂိုဏ်းထောက် ရှင်ကုန္ဒမာလာ ကို ဂိုဏ်းအုပ် ခန့်အပ်တော်မူသည်။

(၁၂၄၁) တပို့တွဲလဆန်း ၈-ရက်နေ့

သုဓမ္မာ မန္တလာဆရာမဆရာတော်၊ ပုခန်းဆရာတော်၊ လှထွေဆ ရာတော်၊ စက်ပန်းဆရာတော်၊ စလင်းဆရာတော်၊ ဝိစိတ္တာရာမ ဆရာ တော်၊ တောင်တော်ဆရာတော်၊

သုဓမ္မာဆရာတော်တို့ အစုံအညီတွင်မှတ်။

ထို့ပြင် မင်းတုန်းမင်းတရားကြီး၏ သားတော် မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းတရား လက်ထက်၌လည်း "မာလာလင်္ကာ

ရသာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော ပထမသာ သနာပိုင် တံဆိပ် တော်၊ “မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလ ဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသောဒုတိယသာသနာပိုင် တံဆိပ်တော်များကို အလှူခံတော်မူရသည့် တောင်တော်သာသနာပိုင်ဆရာတော် က အင်းလေးရွာဂိုဏ်းအတွင်း သာသနာရေး သာသနာ့မှုနှင့် စပ်သည်များ ဆင့်ဆိုဆုံးမ စီရင်နိုင်ရန် အင်းလေးရွာ ဟဲ့ယာရွာမရွှေပြင်သာ ကျောင်းနေ ရှင်ပဉ္စင်ကို ဒုတိယဂိုဏ်းထောက်အဖြစ် ၁၂၄၇-ခုနှစ် ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့တွင် အမိန့်စာချွန်တော်ဖြင့် ခန့်အပ်ခဲ့ဘူးလေသည်။

---

## တောင်တော် သာသနာပိုင်ဆရာတော်၏

## အမိန့်စာချွန်တော်

မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလဓိပတိ သီရိပဝရ

မဟာဓမ္မရာဇာဓိရာဇဂုရု

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင် မင်း၊ သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင် ဘဝရှင်မင်းတရား ကြီး ဆရာတော် အမိန့်တော်ရှိသည်၊

အင်းလေးရွာဂိုဏ်းအတွင်းရှိ သံဃာတို့တွင် သာသနာရေးသာသနာ့မှု နှင့် စပ်သည်များကို ဝိနည်းဓမ္မကံနှင့်အညီ ဆင့်ဆိုဆုံးမ စီရင်စိမ့်မည့် ဂဏာ စရိယ ဂဏာပါမောက္ခ ကမ္မာကမ္မဝိနိစ္ဆက အဖြစ်ဖြင့် သက္ကရာဇ် ၁၂၄၇-ခု၊ ပထမဝါဆိုလဆန်း ၆-ရက်နေ့ ရွှေပြင်သာ ကျောင်းနေ ရှင်ပဉ္စင်ကို အထက်ခန့်ထားရင်း ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့နှင့် တွဲဖက်၍ ဒုတိယဂိုဏ်း ထောက် ခန့်အပ်တော်မူသည်၊ ၎င်းဂိုဏ်းတွင်းရှိ သံဃာတို့တွင် သာသနာရေး သာသနာ့မှုနှင့် စပ်သည်များကို ဒုတိယဂိုဏ်းထောက်ရှင်ပဉ္စင်ကအထက်ခန့်ထား ရင်းဂိုဏ်းအုပ် ဂိုဏ်းထောက်တို့နှင့် ညှိနှိုင်း၍ ဆင့်ဆိုဆုံးမစီရင်စေ။

၎င်းဂိုဏ်းအတွင်းရှိ သံဃာတို့လည်း ဒုတိယဂိုဏ်းထောက် ရှင်ပဉ္စင် ဝိနည်းဓမ္မကံနှင့်အညီ ဆင့်ဆိုဆုံးမရာ မသွေမလှန်နားခံ၍ ဂန္ထဓုရ ဝိပဿနာဓုရ တရား၂-ပါးကို ပွားများအားထုတ်ကျင့်ဆောင်နေထိုင်ကြစေ-။

ယင်းသို့ဖြင့်တောင်တော်သာသနာပိုင် ဆရာတော်သည် ဟဲ့ယာရွာမရွှေ ပြင်သာ ကျောင်းနေရှင်ပဉ္စင်ကို အင်းလေးရွာဂိုဏ်း၏ ဒုတိယဂိုဏ်းထောက်

အဖြစ်ခန့်အပ်ပြီးလျှင် ဂိုဏ်းအတွင်း ပေါ်ပေါက်လာသည့် သာသနာရေး သာသနာမှုနှင့်စပ်သည်များကို ဒုတိယဂိုဏ်းထောက် ရှင်ပဏ္ဍိနှင့် မူလခန့်ထား ရင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ အချင်းချင်း စိတ်ဝမ်းမကွဲမပြားကြပဲ ညှိနှိုင်းဆင့်ဆိုဆုံးမစီရင်ကြရန် မူလခန့်ထားရင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက် တို့ထံသို့လည်း အမိန့်စာချွန်တော်တခုကို ပူးတွဲ၍ ပေးပို့တော်မူလေသည်။

---

## တောင်တော် သာသနာပိုင်ဆရာတော်၏

## ဒုတိယအမိန့်စာချွန်တော်

အင်းလေးရွာ ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ ပြောဆိုဆုံးမခြင်းကင်း သော ဘုရားသာသနာတော်သည် စည်ပင်ပြန့်ပွားဖြစ်ထွန်းတိုးတက်ခြင်းမရှိ ဆုတ်ယုတ်ညှိုးနွမ်းကြောင်း မကောင်းသော ဝီတက္ကမအနာစာရ များပြား၍ သာသနာတော် အရှည်တည်တန့်နိုင်ရာသော အကြောင်းမရှိသည်ဖြစ်သော ကြောင့် ဓမ္မစက် အာဏာစက်နှစ်ပါးတို့ဖြင့် စည်ပင်ပြန့်ပွားတိုးတက်ရှိအောင် သာသနာတော်ကို ကြည့်ရှုစောင့်ရှောက်စိမ့်သည့် စီရင်စုရွှေပြင်သာကျောင်းနေ ရှင်ပဏ္ဍိကို အထက်နန့်ထားရင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့နှင့်တွဲဖက်၍ ဒုတိယ ဂိုဏ်းထောက် ခန့်ထား၍ ၎င်းဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့လည်း အုပ်စုံထောက် စုံပါဂိုဏ်းအတွင်း မှုခင်းပေါ်ပေါက်ဖြစ်ပွားရှိသည့် အဓိကရုဏ်းများကို ဂိုဏ်း အုပ်, ဂိုဏ်းထောက်တို့ အချင်းချင်း စိတ်ဝမ်းမကွဲမပြား ညှိနှိုင်းဆင့်ဆို ဆုံးမ စီရင်ရမည်။

ယင်းသို့ဖြင့် မြန်မာဘုရင်များရှိစဉ်ကပင် စတင်ခဲ့သော အုပ်စုဂိုဏ်း ဖွဲ့၍ စီရင်အုပ်ချုပ်သည့် "သံဃာ့အုပ်ချုပ်ရေးစနစ်"မှာ မြန်မာဘုရင်များ မရှိတော့သည်နောက်ကာလ၌လည်း ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေနယ် တွင် နယ်ရှင်စော်ဘွားနှင့် သံဃာတော်တို့သည် ထိုအစဉ်အလာအတိုင်း ဆက် လက်လိုက်နာကျင့်သုံးခဲ့ကြလေသည်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ဂိုဏ်းအသီး အသီး၌ ဂိုဏ်းထောက်, ဂိုဏ်းအုပ်များကို ရွေးချယ်ဘင်မြှောက်ပြီးလျှင် ဂိုဏ်း အတွင်း ပေါ်ပေါက်လာသည့် သာသနာရေး သာသနာမှုနှင့် စပ်သည်များ ကို ယင်းဂိုဏ်းထောက်, ဂိုဏ်းအုပ်များက ဆင့်ဆိုဆုံးမ စီရင်အုပ်ချုပ်ကြ လေသည်။

မြန်မာပြည်၌ သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာဝင်ဆရာတော်များ အဆက်ပြတ်သွားသည့်အခါ ရှမ်းပြည်၌ ဂိုဏ်းဖွဲ့၍ စီရင်အုပ်ချုပ်သည့်

'သံဃာ့အုပ်ချုပ်ရေးစနစ်သာ'' ကျင့်သော၍ သာသနာပိုင်ဆရာတော်က ဖြစ်စေ, သုဓမ္မာဝင် ဆရာတော်တို့ကဖြစ်စေ အမိန့်စာချွန်တော်ဖြင့် ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်ခန့်အပ်ပေး၍ အုပ်ချုပ်မိရင်ဆုံးမစေမှု မရှိတော့ပေ။

ယင်းသို့ ဖြစ်ခြင်းကြောင့် ညောင်ရွှေနယ်တွင် သက်ဆိုင်ရာ ဂိုဏ်းအတွင်း၌ ဂိုဏ်းထောက်ဖြစ်စေ, ဂိုဏ်းအုပ်ဖြစ်စေ တင်မြှောက်ရန် လိုအပ်လာသည့်အခါ သက်ဆိုင်ရာ ဂိုဏ်းသံဃာတော်တို့သည် ယင်းတို့၏ ဂိုဏ်းအတွင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီးတပါးပါးကို အများသဘောတူ ရွေးချယ်ပြီးလျှင် ဂိုဏ်းထောက်အဖြစ် (သို့မဟုတ်) ဂိုဏ်းအုပ်အဖြစ် ခန့်အပ်တင်မြှောက်ပေးရန် ဂိုဏ်းချုပ်ဆရာတော်ထံသို့ရင်း၊ နယ်ရှင်စော်ဘွားထံသို့ရင်း လျှောက်ထားပေးပြရလေသည်၊ ယင်းပုဂ္ဂိုလ်ကို ဂိုဏ်းချုပ်ဆရာတော်က သက်ဆိုင်ရာဂိုဏ်း၏ ဂိုဏ်းထောက်အဖြစ် (သို့မဟုတ်) ဂိုဏ်းအုပ်အဖြစ် အသိအမှတ်ပြု ခန့်အပ်လွှာဖြင့် ခန့်ထားပေးလေသည်၊ နယ်ရှင်စော်ဘွားကလည်း ထိုနည်းအတူ ခန့်အပ်လွှာဆက်ကပ်၍ အသိအမှတ်ပြုလေသည်။

ညောင်ရွှေနယ်တွင် ဂိုဏ်းပေါင်း (၂၀) ရှိ၍ ယင်းဂိုဏ်းပေါင်း (၂၀) ၏အထက်၌ အချုပ်အချာဖြစ်သော ဂဏာဓိပတိ သံဃာရာဇာဂိုဏ်းချုပ်ဆရာတော်တပါး တင်မြှောက်ထားရှိလေသည်၊ ညောင်ရွှေနယ် ၄-ရပ်လုံးဆိုင်ရာ သံဃရာဇာဂိုဏ်းချုပ်ဆရာတော်ကို တင်မြှောက်ရန်ရှိသောအခါ ဂိုဏ်းပေါင်း (၂၀)မှ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်ဆရာတော်များ အညီအညွတ် စည်းဝေးတော်မူကြပြီးလျှင် ယင်းဂိုဏ်းထောက်, ဂိုဏ်းအုပ်ဆရာတော်တို့အထဲမှဂိုဏ်းချုပ်အဖြစ် တင်မြှောက်ရန်သင့်လျော်မည့် ဆရာတော်တပါးကို အများသဘောတူ ရွေးချယ်၍ ''ဂိုဏ်းချုပ်ဆရာတော်အဖြစ်'' တင်မြှောက်ခန့်အပ်ပေးရန် နယ်ရှင် ညောင်ရွှေစော်ဘွားထံ မေတ္တာရပ်ခံစာ ဆက်သွင်းရလေသည်၊ ဂိုဏ်းထောက်, ဂိုဏ်းအုပ်ဆရာတော်များနှင့် နယ်ရှင် ညောင်ရွှေစော်ဘွားတို့ သဘောဆန္ဒချင်း ညီမျှပါက ထိုဆရာတော်ကို ''ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်အဖြစ် ''နယ်ရှင် ညောင်ရွှေစော်ဘွားက အမိန့်စာချွန်တော် ဆက်ကပ်၍ ခန့်အပ်တင်မြှောက်ပေးလေသည်။

ဖော်ပြပါ အစဉ်အလာအရ ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းထောက်, ဂိုဏ်းအုပ်ဆရာတော်များ၏ သဘောတူဆန္ဒဖြင့် ညောင်ရွှေနယ် သန်းတောင်

ဂိုဏ်း လင်းကင်းကျောင်းဆရာတော်ဘုရားကြီးကို "ညောင်ရွှေနယ်လေးရပ်လုံး ဆိုင်ရာ ဂိုဏ်းချုပ် ဆရာတော်အဖြစ် "ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ၁၃၀၄-ခုနှစ်တွင် အမိန့်စာချွန်တော် ဆက်ကပ်၍ ခန့်အပ်တင်မြှောက်ပေး တော်မူခဲ့ဘူးလေသည်၊ ယင်း အမိန့်စာချွန်တော်မှာ အောက်ပါအတိုင်း ဖြစ်၏။

---

## ညောင်ရွှေစော်ဘွားကြီး၏ အမိန့်စာချွန်တော်

ကမ္ဗောဇတိုင်း ၃၉-လုံးမိုင်း ညောင်ရွှေပြည်ကြီးကို အစိုးရတော်မူ သော ကမ္ဗောဇရဋ္ဌ မဟာပဒေသရာဇာမင်းမြတ်အဖြစ် ခံယူတော်မူသော သာသနဒါယကာ တကာတော်စော်ဘွားကြီးက ညောင်ရွှေနယ် ၄-ရပ်ဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်အဖြစ် တင်မြှောက်တော်မူသည့် အမိန့်တော်။

ညောင်ရွှေနယ် ၄-ရပ်ဆိုင်ရာ သံဃရာဇာ ဂိုဏ်းချုပ်ဆရာတော် လစ် လပ်သောကြောင့် ဂိုဏ်းချုပ်ဆရာတော် တင်မြှောက်ရန်ရှိသည်ကို ဘုရား ဟော ပါဠိတော်များနှင့်အညီ ဝိနည်းပညတ်တော်ကို တတ်သိလိမ္မာသော ဝိနယ ဓရပုဂ္ဂိုလ်အား ခန့်ထားမှ သာသနာတော်ကောင်းမွန်စွာ တည်တန့်နိုင်ရန်ရှိ သည်ကို ဆင်ခြင်ရာ လင်းကင်းကျောင်းဆရာတော် ဦးကေလာသသည် သက် တော် ၇၄၊ ဝါတော် ၅၅-ရှိသည့်ပြင် ဝါစုဂ္ဂတာဝိဘင်္ဂဒွေ့ အစရှိသော ပါဠိတော်၊ ပရိသုပဠာပကော ဗဟုသုတော ဟောတိ ဒိသာပါမောက္ခောအစ ရှိသော ပါဠိတော်များနှင့် ညီလျော်ခြင်းရှိသောကြောင့် မူလကပင် သံဃ ကိစ္စကြီးမားစွာ ပေါ်ပေါက်ရှိက ဝိနည်းမိုရ်ပုဂ္ဂိုလ်အများတို့မှ တင်မြှောက် လော ဝိဒေသသမ္မုတိရ ဝိနည်းမိုရ် ပုဂ္ဂိုလ်ကြီးဖြစ်သည့်အတိုင်း ညောင်ရွှေ နယ် ၄-ရပ်အတွင်းရှိ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် သံဃာတော်များကလည်း သဘောတူညီချက်အရ ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့ သည်လည်း သာသနာတော် တိုးတက်ပြန့်ပွားစေခြင်းငှါ ဂိုဏ်းချုပ်၊ ဂိုဏ်း အုပ်၊ ဂိုဏ်းထောက် တင်မြှောက်မြဲ အစဉ်ထုံးစံရှိသည်နှင့်အညီ ညောင်ရွှေနယ် ၄-ရပ်ဆိုင်ရာ ဂိုဏ်းများအတွင်း သံဃာ့အမိကဂိုဏ်း သံဃကိစ္စကြီးငယ် များကို ဂဏနာယက ဝိနယဓရပုဂ္ဂိုလ်အဖြစ်ဖြင့် ကြည့်ရှုစောင့်ရှောက် တော်မူ၍ ဝိနည်းမမှုကံရှိသည့်အတိုင်း ဆုံးမသြဝါဒပေး၍ ဟောပြောပြသ

စီရင်စိမံသော၄ါလင်္ကာပေသလ သို့ကျွဲကာမဖြစ်တော်မူသော လင်းကင်းကျောင်း ဆရာတော်ဘုရားကြီး ဦးကေလာသကို ညောင်ရွှေနယ် ၄-ရပ်ဆိုင်ရာ ဂိုဏ်းများ၌ ''ဂိုဏ်းချုပ်ဆရာတော်အဖြစ်'' မြှောက်ဘင်တော်မူသော အမိန့်တော် ကပ်လှူတော်မူသည်။

၁၃၀၄-ခုနှစ် (စဝ်ရွှေသိုက်)

ပထမဝါဆိုလဆုတ် ၃-ရက်နေ့၊ ညောင်ရွှေပြည်ကြီးရှင်

၃၀၊ ၆၊ ၄၂

ယင်းသို့ဖြင့် နယ်ရှင်စော်ဘွားက ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ဆရာတော်တို့အား အသိအမှတ်ပြုကာ တင်မြှောက်ခန့်အပ်လှူ ဆက်ကပ်သည့် အစဉ်အလာရှိခဲ့သော်လည်း ၁၃၂၁-ခုနှစ်တွင် ရှမ်းပြည်နယ်၌ နယ်ရှင်စော်ဘွားများ အုပ်ချုပ်ရေးအာဏာကို စွန့်လွှတ်ပြီးသောအခါ နယ်ရှင်စော်ဘွား၏ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် အဖြစ် အသိအမှတ်ပြု တင်မြှောက် လှူဆက်ကပ်၍ ခန့်အပ်ခြင်းမရှိတော့ပေ၊ ထိုအခါသက်ဆိုင်ရာ ဂိုဏ်းသံဃာတို့၏ သဘောတူ ဆန္ဒဖြင့်သာ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်များကိုလည်းကောင်း- ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်တို့၏ သဘောတူဆန္ဒဖြင့်သာ ဂိုဏ်းချုပ်ကို လည်းကောင်း ရွေးချယ်တင်မြှောက် ကြရသောကြောင့် သံဃသမ္မုတိဂိုဏ်းထောက်၊ သံဃသမ္မုတိဂိုဏ်းအုပ်၊ သံဃသမ္မုတိဂိုဏ်းချုပ်တို့သာ ရှိကြလေသည်။

သို့ရာတွင် ယင်းသံဃသမ္မုတိဂိုဏ်းထောက်၊ သံဃသမ္မုတိဂိုဏ်းအုပ်၊ သံဃသမ္မုတိဂိုဏ်းချုပ်ဆရာတော်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ရှမ်းပြည်နယ်ဦးစီးအဖွဲ့၊ သာသနာရေးဌာနမှ ၁၃၃၃-ခုနှစ်၊ နယုန်လတွင်ဆက်လက်၍ အသိအမှတ်ပြုလက်မှတ်နှင့် တံဆိပ်တုံးများကို ဆက်ကပ် လှူဒါန်းခဲ့လေသည်။

### ညောင်ရွှေနယ် ဂိုဏ်းချုပ်ဆရာတော်များ

ထိုအစဉ်အလာအရ ရွေးချယ်တင်မြှောက်ခဲ့သော ညောင်ရွှေနယ်လုံး ဆိုင်ရာ သံဃာ့ဂိုဏ်းချုပ်ဆရာတော်အစဉ်အဆက်မှာ—

၁။ ညောင်ရွှေမြို့မ ဒုတိယမိတ္ထီလာဆရာတော် ဦးမဏ္ဍာစာရီ။

(၁၂၈၀-ပြည့်နှစ် ပြန်လွန်သည်)

၂။ ညောင်ရွှေမြို့မ လှိုင်ကြူဆရာတော် ဦးဇဝန(၁၂၈၁–၁၂၉၂)

၃။ ညောင်ရွှေမြို့မ ကန်ကြီးဆရာတော် ဦးကေတုမာလာ (၁၂၉၄– ၁၃၀၄)

၄။ ညောင်ရွှေနယ် လင်းကင်းဆရာတော် ဦးကေလာသ၊ ၁၃၀၄- ၁၃၀၈)

၅။ ။ညောင်ရွှေမြို့မ ရွှေဂူဆရာတော်ဦးအာစရ၊ (၁၃၀၉-၁၃၂၄) တို့ဖြစ်တော်မူကြလေသည်။

ထိုဂိုဏ်းချုပ်ဆရာတော် ငါးပါးတို့တွင် ညောင်ရွှေမြို့မ ဒုတိယမိဂ္ဂိလာ ဂိုဏ်းချုပ် ဆရာတော်နှင့်ညောင်ရွှေမြို့မလှိုင်ကြူကျောင်း ဂိုဏ်းချုပ်ဆရာတော် ဦးဇဝနတို့မှအပါး ကျန်ဂိုဏ်းချုပ်ဆရာတော် သုံးပါးတို့မှာ ဝိနယဒိနိုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ ဥက္ကဋ္ဌဆရာတော် အဖြစ်ဖြင့်လည်းကောင်း၊ နာယကဆရာ တော်အဖြစ်ဖြင့်လည်းကောင်း အခါအားလျော်စွာ ပါဝင်ဆောင်ရွက်တော်မူ ခဲ့ကြလေသည်။

ညောင်ရွှေနယ်တွင် နယ်လေးရပ်လုံးဆိုင်ရာ သံဃရာဇာဂိုဏ်းချုပ်ဆရာ တော် ရွေးကောက်တင်မြှောက်သည့်အခါ ယေဘုယျအားဖြင့် ဝိနယဒိနိုဂ္ဂဟ စာပြန်ပွဲတော်ကြီး ကျင်းပနေသည့် ကာလအတွင်း၌သာ ရွေးကောက်၍ စာပြန် ပွဲတော်ကြီး တရားနာ အောင်ဆုနှင်းသဘင် အခမ်းအနားတွင် သံဃာ့ပရိသတ် လူပရိသတ်များ၏ မျက်မှောက်၌ အသိအမှတ်ပြု လက်မှတ်ဆက်ကပ် တင် မြှောက်သည့် အစဉ်အလာရှိခဲ့လေသည်၊ အဘယ့်ကြောင့်နည်းဟူမူ ထိုအချိန် မှာ ညောင်ရွှေမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်း (၂၀)မှ ဂိုဏ်းထောက်, ဂိုဏ်းအုပ် ဆရာတော်များ ညောင်ရွှေမြို့သို့ စုံစုံလင်လင် ရောက်ရှိနေတော်မူကြသည့် အချိန်ကာလဖြစ်သောကြောင့် ပေတည်း၊

ဤသည်တို့ကား ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ်၌ အစဉ်အ လာအရ ဒေသချင်းနီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများကိုအုပ်စုအားနည်းအား ဖြင့် ဂိုဏ်းဖွဲ့အုပ်ချုပ်သည့် သံဃာ့အုပ်ချုပ်ရေး စနစ်ဖြင့် ဂိုဏ်းအတွင်း ပေါ်ပေါက်လာသည့်ဝိဝါဒါဓိကရုဏ်း စသော သာသနာရေးသာ ပနာ့ပူနှင့် စပ်သည်များကိုဝိနည်းဓမ္မကံနှင့်အညီ ဆင့်ဆိုဆုံးဖြတ် စီရင်အုပ်ချုပ်နိုင်ရန်ဂိုဏ်း ထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်များကို ရွေးချယ်တင်မြှောက်ပုံများ ဖြစ်ပေ သတည်း။

အစဉ်အလာထက်–ထူးခြားချက်

၁၃၂၆ ခုနှစ်၊ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး ကျင်းနေသည့် အချိန် ကာလတွင် အစဉ်အလာ ဖြစ်ရပ်ထက် ထူးခြားသောဖြစ်ရပ်တခု ပေါ်ပေါက်ခဲ့လေသည်၊ ယင်းမှာ''ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာရာဇာဂိုဏ်းချုပ်ဆရာတော်'' ရွေးကောက်တင်မြှောက်ခြင်းကိစ္စပင်ဖြစ်၏။

၁၃၂၄- ခုနှစ်၊ တော်သလင်းလတွင် ညောင်ရွှေနယ်လုံးဆိုင်ရာ သံဃာရာဇာ ဂိုဏ်းချုပ်(ရွှေဂူ) ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့သဖြင့် ညောင်ရွှေနယ်တွင် ဂိုဏ်းချုပ်ဆရာတော် လစ်လပ်လျက်ရှိပေသည်၊ ထို့ကြောင့် ၁၃၂၆- ခုနှစ်ပထမဝါဆိုလပြည့်ကျော် (၁)ရက်၊ (၂၅၊၆၊၆၄) နေ့ဝိနယာဒိနိဂ္ဂဟအာဂုံမ်စာပြန်ပွဲကျင်းပနေစဉ်ကာလတွင်ညောင်ရွှေဟော်နန်းတော်ကြီး၏ မြောက်ဘက်ခန်းမဆောင်၌ ညောင်ရွှေနယ် ဂိုဏ်းပေါင်း (၂၀) မှ ဂဏနာယကဂိုဏ်းထောက် ဂိုဏ်းအုပ်ဆရာတော်အပေါင်း (၂၀)တို့ ဂိုဏ်းချုပ်ဆရာတော် ရွေးကောက်တင်မြှောက်ရေး အစည်းအဝေးတရပ် ကျင်းပတော်မူကြလေသည်။

ယင်းဂိုဏ်းပေါင်းစုံ ဂဏနာယက သံဃာ့အစည်းအဝေးက အောက်ပါဆုံးဖြတ်ချက်အမှတ် ၃-(က) (ခ)ကို အစည်းအဝေးပါ ဂိုဏ်းထောက်,ဂိုဏ်းအုပ် ဆရာတော်အားလုံး သဘောတူ ချမှတ်တော်မူကြလေသည်။

(က) ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံတို့တွင်သက်တော်(၉၀) ဝါတော် (၇၀) ရရှိတော်မူသော မိုင်းပျိုးဂိုဏ်းထောက်၊ မိုင်းပျိုးပထမကျောင်း ဆရာတော်ဘုရားကြီး (ဦးပဏ္ဍိတ) ကို ညောင်ရွှေနယ်ဂိုဏ်းပေါင်း (၂၀)၊ ကျောင်းပေါင်း (၃၆၇) ကျောင်း၊ သံဃာပေါင်း (၃၀၀၀)ကျော်တို့ အပေါ်၌အဒေကြီးအမှူး ဦးစီးနာယက ဂဏာဓိပတိ ဂိုဏ်းချုပ်ဆရာတော် အဖြစ် တင်မြှောက်တော်မူရန်။

ထိုဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏သာသနာ့ကိစ္စဂိုဏ်းချုပ်တာဝန်အဝဝတို့ကို ဟဲယာရွာမဂိုဏ်းအုပ် ကျောင်းနီကျောင်းဆရာတော် (ဦးသောဘိတ)နှင့် အင်းတပ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော် (ဦးနေမိန္ဒာဘိဝံသ) နှစ်

ပါးတို့က အချိန်ကာလ ကိစ္စ တာဝန်မရွေး ကူညီဆောင်ရွက် ပေးတော်မူရန်။

(ခ) အကယ်၍ မိုင်းပျံ့ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော် မူခဲ့သော် ဟဲယာရွာမ ဂိုဏ်းအုပ်ကျောင်းနီ-ကျောင်းဆရာတော်နှင့် အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော်နှစ်ပါးတို့တွင် နှစ်ပါးစလုံးကသော် လည်းကောင်း၊ (သို့မဟုတ်) တပါးပါးကသော်လည်းကောင်း ဂိုဏ်းချုပ်နေရာကို ဆက်ခံ၍ သာသနာ့ကိစ္စ ဂိုဏ်းချုပ်တာဝန် အဝဝကို ဆက်လက်ဆောင်ရွက် သွားတော်မူရန်”

အထက်ပါဆုံးဖြတ်ချက်အရ ယင်းနှစ် ပထမဝါဆိုလပြည့်ကျော်(၄) ရက်နေ့ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင် အခမ်းအနားတွင် အင်းလေးဒေသမိုင်းပျံ့ဂိုဏ်းထောက် မိုင်းပျံ့ပထမကျောင်း ဆရာတော်ဘုရားကြီး(ဦးပဏ္ဍိတ)အား ‘ညောင်ရွှေနယ်လုံးဆိုင်ရာဝိသတိဂဏသံဃသမ္မုတိ ဂိုဏ်းချုပ်ဆရာတော်’အဖြစ် သံဃာ့ဂရိသတ်, လူပရိသတ်တို့၏ မျက်မှောက်၌ ဂိုဏ်းထောက်, ဂိုဏ်းအုပ်ဆရာတော်တို့က တင်မြှောက်တော်မူကြသေသည်။

ဤသို့လျှင်(က)ဆုံးဖြတ်ချက်အရ ညောင်ရွှေနယ် ဂိုဏ်းပေါင်း(၂၀)မှ ဂဏနာယကဆရာတော်တို့က ဂိုဏ်းချုပ် ဆရာတော်အဖြစ် ရွေးကောက်၍ သံဃာ့မျက်မှောက်တွင် အသိအမှတ်ပြုတင်မြှောက်မှုမှာ ရှေးပဝေသဏီကပင် လုပ်ရိုးလုပ်စဉ်ဖြစ်လေသည်၊ သို့ရာတွင် (ခ)ဆုံးဖြတ်ချက်မှာကား ရှေးရှေးက အစဉ်အလာမဟုတ်၊ ယခု ၁၃၂၆-ခုနှစ်မှ ရှေးအစဉ်အလာထက် ထူးခြားသော ဆုံးဖြတ်ချက်သာဖြစ်ပေသတည်း။

၁၃၂၆-ခုနှစ် စာပြန်ပွဲတော်ကြီး၌

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | (၄၄၅)ပါး။ |
| (ခ) | စာပြန်သံဃာ | (၄၂၂)ပါး။ |
| (ဂ) | နာယက,ဥက္ကဋ္ဌစသည် | (၁၅၀)ပါး။ |
| | စုစုပေါင်း သံဃာတော် | (၁၀၁၇)ပါး။ |

ပါဝင်တော်မူလေသည်။

## မှော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးနှင့် ဝိနယာဒိနဂ္ဂဟ စာပြန် ပွဲတော်ကြီး

ခရစ်သက္ကရာဇ် ၁၉၆၂-ခုနှစ်၊ မတ်လ ၂-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီက ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သည့် ပြည်ထောင်စု (ပ-ထ-စ) အစိုးရလက်မှ နိုင်ငံတော်၏အာဏာကို ထိန်းသိမ်းလိုက်လေသည်။ ၁၉၆၅-ခုနှစ် မတ်လတွင် မြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်အသီးသီးဂိုဏ်းဂဏအသီးသီးမှ သံဃာ့ ကိုယ်စားလှယ်တော်များကို မှော်ဘီမြို့သို့ပင့်ဆောင်ကာ သာသနာတော်သန့်ရှင်းရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို တော်လှန်ရေးကောင်စီအစိုးရက ကျင်းပပေးလေသည်။

ယင်းမှော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းနောင်၊ မောက်မယ်၊ လင်းခေး၊ လဲချား၊ မိုးနဲ၊ မိုင်းကိုင်၊ ဆီဆိုင်၊ နောင်မွန်၊ ဟိုပုံး၊ တောင်ကြီး စသောမြို့နယ်များမှ သံဃာ့ကိုယ်စားလှယ်တော်တို့သည် တောင်ကြီးမြို့ ပထမ တောင်ကျောင်းကြီးတိုက်၌ ခရီးတထောက်ချ၍ ခေတ္တဘည်းခိုကြလေသည်။

အဆိုပါသံဃာ့ဂိုဏ်းကိုယ်စားလှယ်တော်တို့သည် မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ မသွားမီ ပထမတောင်ကျောင်းကြီးတိုက်၌ မျက်နှာစုံညီ အစည်းအဝေးတရပ်ကို ကျင်းပတော်မူကြလေသည်၊ ယင်းအစည်းအဝေးကြီး၌ တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက် တိုက်အုပ်ဆရာတော် ဦးဓမ္မသာမိ၊ "နောင်ကားတောင်ကျောင်း ဆရာတော် ဦးပဏ္ဍိတတို့က 'ညောင်ရွှေမြို့၌ နှစ်စဉ်ကျင်းပနေသော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ စာပွဲတော်ကြီး နှစ်ပွဲ ကျယ်ကျယ်ပြန့်ပြန့် တိုးတက် ကြီးပွားရေးအတွက် သံဃာ့ကိုယ်စားလှယ်တော်များ အကြံဉာဏ် ပေးတော်မူကြရန် 'ဆွေးနွေးတင်ပြ မေတ္တာရပ်ခံကြလေသည်။

သံဃာ့ကိုယ်စားလှယ်တော်တို့သည် ယင်းကိစ္စကိုဆွေးနွေးရန်မှုအားဖြင့် သဘောတူ လက်ခံတော်မူကြပြီးလျှင် မှော်ဘီမြို့ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ ကြွတော်မူကြလေသည်။

မှော်ဘီမြို့၌ကျင်းပသော သာသနာတော် သန့်ရှင်းရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပြီးဆုံးသောအခါ ရှမ်းပြည်နယ်သံဃာ့ကိုယ်စား

လှယ်တော်တို့ မိမိတို့အရပ်ဒေသသို့ ပြန်မကြွမီ ရှေ့တရက်တွင် အထက်ဖော်ပြပါ ဆရာတော်ဦးဓမ္မသာမိ၊ ဆရာတော်ဦးပဏ္ဍိတနှင့် အင်းလေးဒေသ အင်းခြုံကျောင်းဆရာတော် ဦးဓမ္မပါလတို့က မော်ဘီ သံဃာ့အစည်းအဝေးကြီးတွင် ပါဝင်တော်မူကြသည့် ရှမ်းပြည်နယ်တောင်ပိုင်းမှ သံဃာ့ကိုယ်စားလှယ်တော်အားလုံးကို နှိုးဆော်၍ ရှမ်းပြည်နယ်တောင်ပိုင်း သံဃာ့ကိုယ်စားလှယ်တော်များတည်းခိုရာ အာဂန္တုကကျောင်းဆောင်၌ စည်းဝေးတော် မူကြလေသည်။

ယင်းအစည်းအဝေး၌ အထက်ဖော်ပြပါ ကျိုင်းတုံအစရှိသော မြို့နယ်တို့မှ သံဃာ့ကိုယ်စားလှယ်တော်များ၊ ပင်လောင်း၊ ပင်မို၊ ရွာငံ၊ ရေဦး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ညောင်ရွှေ၊ အင်းလေး၊ စံကား၊ ဖယ်ခုံ၊ မိုးဗြဲ အစရှိသော မြို့နယ်တို့မှ သံဃာ့ကိုယ်စားလှယ်တော်များ၊ ဤသို့အားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ သံဃာ့ကိုယ်စားလှယ်တော်များ အားလုံးပါဝင်တော်မူကြလေသည်၊ ဆရာတော်ဦးဓမ္မသာမိ အစရှိသော ဆော်သြရေးဆရာတော်သုံးပါးတို့က "ဟောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပဉ္စမအစည်းအဝေးမှ သံဃာ့ကိုယ်စားလှယ်တော်များ မှအားဖြင့် လက်ခံတော်မူခဲ့သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးအတွက် ဆွေးနွေးရန်ကိစ္စ" ကို တင်ပြတော်မူကြလေသည်။

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး အရှည်တည်တံ့ရေး၊ တိုးတက်ကြီးပွားရေး၊ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေး စသည်များကို သံဃာ့ကိုယ်စားလှယ်တော် အသီးအသီးက အကျယ်တဝင့် ဆွေးနွေးတော်မူကြပြီးလျှင် အောက်ပါ အချက်များကို သံဃာ့ကိုယ်စားလှယ်တော်အားလုံး သဘောတူလက်ခံတော်မူခဲ့ကြလေသည်။

၁။ ညောင်ရွှေမြို့၌ ကျင်းပပူဇော်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပွဲတော်ကြီးနှစ်ပွဲသည် ရှမ်းပြည်နယ်၌ အကြီးအကျယ်ဆုံး စာပွဲတော်ကြီး ဖြစ်သည်။

၂။ ဤစာပွဲတော်ကြီးနှစ်ပွဲသည် ရှမ်း၊ ပအိုဝ့်၊ တောင်ရိုး၊ ဓနု၊ အင်း အစရှိသော တိုင်းရင်းသားလူမျိုးစု ရဟန်းသာမဏေတို့၏ ပရိယတ္တိစာပေအရည်အချင်းကို အခြေခံမှုစ၍ ပြုစုမြှင့်တင်ပေးသည့် စာပွဲတော်ကြီး ဖြစ်သည်။

၃။ ဤစာပွဲတော်ကြီးနှစ်ပွဲသည် ရှမ်းပြည်နယ်၌ ဗုဒ္ဓသာသနာတော်ကြီးကို အရှည်တည်တံ့ တိုးတက်ပြန့်ပွားအောင် ပြုစုချီးမြှောက်သည့် စာပွဲတော်ကြီး ဖြစ်သည်။

၄။ ဤစာပွဲတော်ကြီးနှစ်ပွဲ အရှည်တည်တံ့ တိုးတက်အောင် အားပေးချီးမြှောက်ခြင်းသည် ဗုဒ္ဓသာသနာတော်ကြီးကို အရှည်တည်တံ့ တိုးတက်ပြန့်ပွားအောင် မျိုးမြှောက်ရာရောက်ခြင်းကြောင့် ဤစာပွဲတော်ကြီးနှစ်ပွဲကို ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း၊ ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း အားပေးကူညီ ချီးမြှောက်တော်မူကြရန်။

၁၃၂၇-ခု (၁၉၆၅-ခု) နှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့တွင် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယဓိုရ်နုဂ္ဂဟစာပြန်ပွဲတော်ကြီး နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးကို ညောင်ရွှေမြို့၌ ကျင်းပသည့်အခါ အင်းလေးဒေသ အင်းခြံကျောင်း ဆရာတော် ဦးဓမ္မပါလက ဖော်ပြပါ ရှမ်းပြည်နယ်တောင်ပိုင်း သံဃာ့ကိုယ်စားလှယ်တော်များ၏ "မှော်ဘီ အစည်းအဝေးသဘောတူချက်" များကို ဝိနယဓိုရ်နုဂ္ဂဟ သံဃာ့အစည်းအဝေးကြီး၌ တင်ပြလျှောက်ထားလေသည်။

ယင်းသို့ တင်ပြလျှောက်ထားသည့်အခါ အဆိုပါ မှော်ဘီအစည်းအဝေး သဘောတူချက်များကို ဝိနယဓိုရ်နုဂ္ဂဟ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးက ဝမ်းမြောက်ဝမ်းသာမှ တင်တမ်းတင်ခါလက်ခံတော်မူခဲ့လေသည်။

စာဖြေဌာန ပြောင်းရွှေ့ရခြင်း

ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယဓိုရ်နုဂ္ဂဟ စာမေးပွဲတော်ကြီးကို ၁၃၀၉-ခုနှစ်မှစ၍ ၁၃၂၆-ခုနှစ်အထိ (၁၈) နှစ်ပတ်လုံး နှစ်စဉ် ညောင်ရွှေဟော်နန်းတော်ဦး၌ ကျင်းပခဲ့လေသည်၊ စာမေးပွဲတော်ကြီး၏ ပစ္စယကိစ္စအဝဝကိုလည်း ယင်းဟော်နန်းတော်ကြီး၏ ကောင်ဖက်ခန်းမဆောင်၌ နာယက၊ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ ပုစ္ဆကစသော ဆရာတော်များနှင့် သံဃာဒြဝ္ဂါဒါယကာအဖွဲ့ဝင်တို့က စီမံဆောင်ရွက်ခဲ့ကြလေသည်၊

သို့ရာတွင် ၁၃၂၇-ခုနှစ်၊ နယုန်လ ဝိနယဓိုရ်နုဂ္ဂဟ စာမေးပွဲတော်ကြီးကိုမူ အခြေအနေအရ ညောင်ရွှေမြို့ အဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ရွှေ့ပြောင်းကျင်းပခဲ့ရလေသည်၊ ထိုအခါ စာပြန်ပွဲတော်ကြီး၏

နာယက၊ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ ပုဂ္ဂိုလ်ဆရာတော်များနှင့် ဒါယကာအဖွဲ့ဝင်တို့သည် ညောင်ရွှေမြို့ သဒ္ဒမ္မဇောတိကာရုံသိမ်တော်ကြီး၌ စာပြန်ပွဲတော်ကြီး၏ ပုဗ္ဗကိစ္စအဝဝကို စီမံဆောင်ရွက်တော်မူကြလေသည်။

ထိုနှစ် နယုန်လ စာပြန်ပွဲတော်ကြီး၌ -

(က) စာဖြေသံဃာ (၄၆၁) ပါး၊

(ခ) စာပြန်သံဃာ (၃၂၉) ပါး၊

(ဂ) နာယက၊ ဥက္ကဋ္ဌ စသည် (၁၅၀) ပါး၊

စုစုပေါင်း သံဃာအပါး (၉၄၀)ပါဝင်တော်မူလေသည်။

ယင်း (၁၃၂၇) ခုနှစ်၊ တော်သလင်းလတွင် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဦးစီးအဖွဲ့ချုပ် မဟာနာယက၊ ညောင်ရွှေနယ်လုံးဆိုင်ရာဝိသုဒ္ဓါရုံ ဂဏသံဃာ သမ္မုတိဂိုဏ်းချုပ် (အင်းလေး) မိုင်းပျိုးပထမ ဆရာတော်ဘုရားကြီး ဘဝ နတ်ထံ ပြန်လွှန်တော်မူလေသည်။

ထို့ကြောင့် (၁၃၂၆-ခုနှစ်) ပထမဝါဆိုလ ညောင်ရွှေဟော်နန်းတော်ကြီး ဝိသုဒ္ဓါရုံ ဂဏနာယက အစည်းအဝေးဆုံးဖြတ်ချက်၊အပိုဒ် (၅) (ခ) အရ၊ ဂိုဏ်းချုပ်အရိုက်အရာ ဆက်ခံခွင့်နှင့် သာသနာ့ကိစ္စ ဂိုဏ်းချုပ်တာဝန် အဝဝသည် အင်းလေးဒေသ၊ ဟဲယာရွာမဂိုဏ်းအုပ် ကျောင်းနီကျောင်း ဆရာတော်နှင့် အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော်နှစ်ပါးတို့အပေါ်သို့ အလိုအလျောက် သက်ရောက်သွားလေသည်။

သို့ရာတွင် ထိုနှစ် တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့မှာ ဝိနယာဒိနုဂ္ဂဟ စာပြန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ ဝန်ဆောင်အဖွဲ့၊ အကျိုးတော်ဆောင်ချုပ်, အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော်လည်း ဘဝနတ်ထံ ပြန်လွှန်တော်မူလေသည်၊ထို့ကြောင့် ဂိုဏ်းချုပ် အရိုက်အရာကို ဆက်ခံခွင့်နှင့် သာသနာ့ကိစ္စ ဂိုဏ်းချုပ်တာဝန် အဝဝသည် ဟဲယာရွာမဂိုဏ်းအုပ် ကျောင်းနီကျောင်း ဆရာတော်အပေါ်သို့သာ ဆိုက်ရောက်ခဲ့သေသည်။

ဤနှစ်တွင် ဝိနယာဒိနုဂ္ဂဟ သံဃာ့ဦးစီးအဖွဲ့ချုပ် မဟာနာယက မိုင်းပျိုး ပထမကျောင်း ဆရာတော် ဘုရားကြီးနှင့် သံဃာ့ ဝန်ဆောင်

အဖွဲ့ အကျိုးတော်ဆောင်ချုပ် သာလေးဘောင်ကျောင်း ဆရာတော်တို့ ပြန်လွှန်တော်မူခြင်းသည် ဝိနယာဒိနိစ္ဆယ စာပြန်ပွဲတော်ကြီးနှင့် သာသနာတော်အတွက် ဆုံးရှုံးမှုကြီးတရပ်ပင် ဖြစ်ပေသတည်း။

စာပြေဌာန ထပ်ဖွဲ့ရခြင်း

ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနိစ္ဆယ (၃၅) ကြိမ်မြောက် အာဂုမ်စာပြန်ပွဲတော်ကြီးနှင့် (၃၂) ကြိမ်မြောက် စာမေးပွဲတော်ကြီး ကျင်းပရေးအတွက် နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးကို ၁၃၂၈-ခုနှစ်၊ နယုန်လဆန်း (၈) ရက်နေ့တွင် ညောင်ရွှေမြို့မ ရွှေရေကျကျောင်း၌ ကျင်းပလေသည်။

ထိုအစည်းအဝေးကြီး၌ လစ်လပ်လျက်ရှိသော စာပြန်ပွဲတော် မဟာနာယက မိုင်းပျဉ်းထမကျောင်း ဆရာတော်ဘုရားကြီး၏နေရာ၌ လွယ်ခေါ ဂိုဏ်းအုပ်၊ ရွှေဥဒေါင်းတောင် ဘောရဆရာတော်ဘုရားကြီး ဦးကုမာရကို ရွေးချယ်တင်မြှောက်တော်မူကြလေသည်၊ လစ်လပ်လျက်ရှိသော စာပြန်ပွဲတော်ကြီး၏ သံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ချုပ် အင်းတိမ်ဂိုဏ်းထောက် သာလေးဘောင်ကျောင်း ဆရာတော်ဘုရား၏နေရာ၌ဟဲယာရွာမဂိုဏ်းအုပ် ကျောင်းနီကျောင်း ဆရာတော် ဦးသောဘိတကို ရွေးချယ်တင်မြှောက်တော်မူကြလေသည်။

စာပြန်ပွဲတော်ကြီး၏ သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဖြစ်တော်မူသော ကျောင်းနီကျောင်းဆရာတော်မှာ အကျိုးတော်ဆောင်ချုပ်၏ အလုပ်တာဝန်ကိုပါ ပူးတွဲဆောင်ရွက်ရန် ဖြစ်လေသည်၊ သို့ရာတွင် ဆရာတော်၏ဆွေးနွေးချက်အရ၊ အောက်ပါ အဖွဲ့ဝင်က အကျိုးတော်ဆောင်ချုပ်၏ အလုပ်တာဝန်များကို ဆောင်ရွက်လေသည်။

အဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ–

၁။ ဦးဓမ္မပါလ၊ မင်းကွန်းကမ္မဋ္ဌာန်းတိုက် ဆရာတော်၊ တောင်ကြီးမြို့။

၂။ ဦးသီလဝံသ၊ ပဆည်ခေါင်းကျောင်း ဆရာတော်၊ အင်းလေး။

၃။ ဦးမဟိန္ဒ၊ လှိုင်ကြူကျောင်းဆရာတော်၊ ညောင်ရွှေမြို့။

၄။ ဦးဝိလာသာဘိဝံသ၊ ရွှေဂူကျောင်း ဆရာတော်၊ ညောင်ရွှေမြို့။

၅။ ဦးဝေပုလ္လာဘိဝံသ၊ ရွှေဘုံသာကျောင်း ဆရာတော်၊ ဟဲ့ယာရွာမ အင်းလေး။

၆။ ဦးပညာသာမိ၊ တိုက်ကြွပ်ဆရာတော်၊ ကန်ကြီးကျောင်းတိုက်၊ ညောင်ရွှေမြို့။

၇။ ဦးကုသလ၊ မင်းချောင်းကျောင်း၊ မင်းချောင်းရွာ၊ အင်းလေး။

၈။ ဦး သုမေဓာပဏ္ဍိတ၊ ကန်ကြီးကျောင်းတိုက်၊ ညောင်ရွှေမြို့။
တို့ဖြစ်ကြလေသည်။

၁၃၂၈- ခုနှစ်တွင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ အပြောင်းအလဲများ ရှိခဲ့သေသည်၊ စာပြန်ပွဲတော်ကြီး၏ မဟာနာယကဆရာတော်နှင့် အကျိုးတော်ဆောင်ချုပ်ဆရာတော် ကို အထက်ဖော်ပြခဲ့သည့်အတိုင်း အသစ်ရွေးချယ်တင်မြှောက်ရသကဲ့သို့၊ စာမေးပွဲတော်ကြီးကျင်းပရာ ဌာနကိုလည်း ရွှေ့ပြောင်းရလေသည်။

ယမန်နှစ်က စာမေးပွဲတော်ကြီး ကျင်းပခဲ့ရာ ဒေသစာရီကျောင်းတော်ကြီးမှာ ယခုနှစ်တွင် တိုးတက်များပြားလာသည့် စာဖြေသံဃာတော်တို့နှင့်သင့်လျော်လျောက်ပတ်မှု မရှိတော့ရကား စာမေးပွဲတော်ကြီးကို ညောင်ရွှေမြို့မ ရန်ကုန်ကျောင်းကြီးသို့ ထပ်မံရွှေ့ပြောင်းကျင်းပလေသည်၊ သို့ရာတွင် စာမေးပွဲတော်ကြီး၏ ပုစ္ဆကစိစစ်အဝဝကိုမူ သဒ္ဓမ္မဋ္ဌိတိဓမ္မသိမ်တော်ကြီး၌ပင် ဆောင်ရွက်ကြလေသည်။

## ပုစ္ဆကစာထောက် စည်းပျဉ်းရေးဆွဲရေး အဖွဲ့

ထိုနှစ် ပထမဝါဆိုလပြည့်နေ့တွင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယကဦးစီးအဖွဲ့ချုပ် မဟာနာယက ဖြစ်တော်မူကြသည့် ရွှေဥဒေါင်းတောင် တောရဆရာတော်နှင့် အင်းလေးဒေသ ကြေးစားကုန်းကျောင်းဆရာတော်၊ သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဖြစ်တော်မူကြသည့် ညောင်ရွှေမြို့မ ရွှေရေကျဆရာတော်နှင့် ဟဲ့သာရွာမ ကျောင်းနီကျောင်း ဆရာတော်တို့က—

(က) ပုစ္ဆက, စာထောက်ရွေးချယ်ရေးအဖွဲ့။

(ခ) ပုစ္ဆကရွေးချယ်ရေးစည်းကမ်း။

(ဂ) စာတောက်ရွေးချယ်ရေး စည်းကမ်းများကို ရေးဆွဲတင်ပြရန် အောက်ပါဆရာတော်တို့အား တာဝန်ပေးအပ်တော် မူကြလေသည်။

တာဝန်ပေးခံရသည့်ဆရာတော်များမှာ–

၁။ ဦးသီလာလင်္ကာရ· အင်းဟိမ်ဂိုဏ်းထောက်၊ သာသေးမြောက် ကျောင်းဆရာတော်၊ သာလေးရွာ၊ အင်းလေး။

၂။ ဦးဝေပုလ္လ၊ ဝင် ကွန်းကမ္ဘသိန်းတိုက်ဆရာတော်၊ တောင်ကြီးမြို့။

၃။ ဦးဓမ္မသာမိ၊ တိုက်အုပ်ဆရာတော်၊ ပထမတောင်ကျောင်းကြီး တိုက် တောင်ကြီးမြို့။

၄။ ဦးစန္ဒိမာ၊ စံရာကျောင်းဆရာတော်၊ ဟဲယာရွာမဂိုဏ်း၊ အင်းလေး။

၅။ ဦးဝေပုလ္လာဘိဝံသ၊ ရွှေဘုံသာကျောင်းဆရာတော်၊ သဒ္ဓမ္မဝုဍ္ဎိ ဘာရီစာသင်တိုက်၊ ဟဲယာရွာမ၊ အင်းလေး။

၆။ ဦးပညာ သာမိ၊ တိုက်ကြပ်ဆရာတော်၊ ကန်ကြီး ပရိယတ္တိစာသင် တိုက်၊ ညောင်ရွှေမြို့။

၇။ ဦးဝိလာသာဘိဝံသ၊ ရွှေဂူဆရာတော်၊ သာသနဝိပုလရွှေဂူစာသင် တိုက်ညောင်ရွှေမြို့တို့ဖြစ်ကြပေသည်။

အထက်ပါ တာဝန်ပေးခံရသည့် ဆရာတော်တို့သည် သာလေးမြောက် ကျောင်းဆရာတော်ကို အဖွဲ့၏ဥက္ကဋ္ဌဆရာတော်အဖြစ် တင်မြှောက်ပြီးလျှင်၊ တောင်ကြီးမင်းကွန်းဆရာတော်နှင့် တောင်ကျောင်းကြီးတိုက်၊ တိုက်အုပ်ဆရာ တော်နှစ်ပါး တတွဲ၊ ဟဲယာရွာမစံရာဆရာတော်နှင့် ရွှေဘုံသာဆရာတော် နှစ် ပါး တတွဲ၊ ညောင်ရွှေကန်ကြီးကျောင်းတိုက်· တိုက်ကြပ်ဆရာတော်နှင့် ရွှေဂူ ဆရာတော်နှစ်ပါးတတွဲ၊ သုံးတွဲခွဲ၍၊ တဘွဲလျှင်တမူကျ စည်းမျဉ်းသုံးမူကို အ သီး အသီး ရေးဆွဲကြလေသည်။

ယင်းသို့ရေးဆွဲကြပြီးလျှင် ယင်းနှစ် သီတင်းကျွတ်လတွင် အဖွဲ့၏ဥက္ကဋ္ဌ သာလေးမြောက်ကျောင်း ဆရာတော်ထံ တင်ပြဆွေးနွေး ပြင်ဆင်မွမ်းမံ၍၊ ၁၃၂၉–ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်နေ့ စာပြန်ပွဲတော် နှစ်ပတ်လည်သံဃာ့ အစည်းအဝေးကြီး၌ စာပြန်ပွဲတော်ကြီး၏ နာယက, ဥက္ကဋ္ဌ ဆရာတော်ကြီး များထံ တင်ပြကြလေသည်။

၁၃၂၆-ခုနှစ်ပထမဝါဆိုလ ညောင်ရွှေဟော်နန်းတော် ဝိသုဒ္ဓိဂဏနာယက သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်အပိုဒ် (၃) (ခ)အရ၊ ဂိုဏ်းချုပ်အရိုက်အရာကို ဆက်ခံရရှိတော်မူသော အင်းလေးဒေသ, ဟဲယဲဘရွာမဂိုဏ်း ဂိုဏ်းအုပ် ကျောင်း၊နီကျောင်းဆရာတော်ဘုရားကြီး ဦးသောဘိတအား ၁၃၂၈-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၄)ရက်နေ့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင် အခမ်းအနားတွင် "ညောင်ရွှေနယ်လုံးဆိုင်ရာ ဝိသုဒ္ဓိဂဏ သံဃာသမ္မုတိဂိုဏ်းချုပ်ဆရာတော်"အဖြစ် သံဃာ့ပရိသတ်၊ လူပရိသတ်များ၏မျက်မှောက်၌ဂိုဏ်းထောက်, ဂိုဏ်းအုပ်ဆရာတော်တို့က တင်မြှောက်တော်မူကြလေသည်။

၁၃၂၈ ခုနှစ် ပထမဝါဆိုစာပြန်ပွဲတော်ကြီး၌-

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၅၀၆-ပါး။ |
| (ခ) | စာပြန်သံဃာ | ၃၇၆-ပါး။ |
| (ဂ) | နာယက, ဥက္ကဋ္ဌ စသည် | ၁၅၀-ပါး။ |
| | စုစုပေါင်းသံဃာ | ၁၀၃၂-ပါး ပါဝင်လေသည်။ |

**စာပြန်ပွဲတော်၏ နာယကဆရာတော်ကြီးများ**

၁၃၂၁- ခုနှစ်၊ ဂဆုန်လပြည့်ကျော်(၂)ရက်၊ (၁၃၊၅၊၅၉)နေ့က ညောင်ရွှေဟော်နန်းတော်ဦး၌ ဖွဲ့စည်းခဲ့သော ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးသံဃနာယက ဦးစီးအဖွဲ့ချုပ်တွင် ညောင်ရွှေနယ်အတွင်းရှိ ဂိုဏ်းပေါင်း (၂၀)မှ သံဃာသမ္မုတိရ ဂဏနာယကဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်ပေါင်း (၂၁) ပါး ပါဝင်တော် မူကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

၁၃၂၉-ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်နေ့တွင် ညောင်ရွှေမြို့- သမ္မုဒ္ဓ ဌိတိခဏ္ဍသိမ်တော်ကြီး၌ ဝိနိယာဒိနုဂ္ဂဟ သံဃနာယကဦးစီးအဖွဲ့ချုပ်ဝင် ဆရာတော်ကြီးများ၊ သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်တော်ဆရာတော်များ စည်းဝေးတော်မူကြပြီးလျှင်-

၁။ ပင်လောင်းမြို့နယ်၊ ပင်မွန်းဂိုဏ်းချုပ်ဆရာတော်၊

၂။ တောင်ကြီးမြို့၊ ပထမတောင်ကျောင်းကြီးတိုက် မဟာနာယက ဆရာတော်။

၃။ ဟိုပုံးမြို့နယ်၊ ကျောက်တန်းဂိုဏ်းချုပ်ဆရာ တော်တို့အား ဝိနယာဒိနိဂ္ဂဟ သံဃနာယက ဦးစီးအဖွဲ့ချုပ် မဟာနာယက ဆရာတော်ကြီးများအဖြစ်သဘောတူ ရွေးချယ်တင်မြောက်ကြောင်းကို ယင်းနှစ်နယုန်လ ပြည့်ညဉ့် ဝိနယာဒိနိဂ္ဂဟ မဟာသမယ သံဃာ့အစည်းအဝေးကြီး၌ ကျညာသည့်အခါ သံဃာပရိသတ် လူပရိသတ်အားလုံး သာဓုသုံးကြိမ်ခေါ်၍ အတည်ပြုတော်မူကြလေသည်၊ ယင်း နယုန် လပြည့်ကျော် (၄) ရက်နေ့ စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင် အခမ်းအနား၌ အဆိုပါဆရာတော်ကြီး သုံးပါးတို့အား ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်ကြီးထိန်းသိမ်း စောင့်ရှောက်ရေး သံဃနာယက ဦးစီးအဖွဲ့ချုပ်မဟာနာယက ဆရာတော်ကြီး များအဖြစ် အသိအမှတ်ပြု လက်မှတ်များကို ဝိနယာဒိနိဂ္ဂဟ သံဃပြဲဝါဒခံ ဦးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌက အသီးအသီးဆက်ကပ် လေသည်။

၁၃၂၉-ခုနှစ်၊ နယုန်လ စာပြန်ပွဲတော်ကြီး၌-

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၄၄၅-ပါး။ |
| (ခ) | စာပြန်သံဃာ | ၄၆၅-ပါး။ |
| (ဂ) | နာယက, ဥက္ကဋ္ဌ စသည် | ၁၅၀-ပါး။ |
| | စုစုပေါင်း သံဃာ | ၁၀၆၀-ပါး ပါဝင်လေသည်။ |

**ပုစ္ဆက, စာထောက် ရွေးချယ်ရေး စည်းကမ်းအတည်ပြု**

၁၃၂၈-ခုနှစ်၊ ကဆုန်လဆန်း (ဂ) ရက်နေ့၊ ဝိနယာဒိနိဂ္ဂဟ နှစ်ပတ်လည်သံဃာ့အစည်းအဝေးကြီး၌ သာလေးမြောက်ကျောင်းဆရာတော် ဥက္ကဋ္ဌအဖြစ်ပါဝင်တော်မူသည့်(၇) ပါးပါအဖွဲ့က ရေးဆွဲတင်ပြထားသော ''ပုစ္ဆက, စာထောက် ရွေးချယ်ရေးစည်းကမ်းချက်များ ''ကို ၁၃၃၀-ပြည့်နှစ်၊ ကဆုန်လဆန်း(ဂ)ရက်နေ့၊ ဝိနယာဒိနိဂ္ဂဟ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီး၌ သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဟဲယာရွာမ ကျောင်းနီကျောင်း ဝိသတိဂဏသံဃသမ္မုတိဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးက ဖတ်ကြားတင်ပြ ဆွေးနွေးတော်မူသည်။

ယင်းသို့ တင်ပြဆွေးနွေးတော်မူရာ "ကျောင်းတိုက်အသီးသီးမှ အဆိုပါ ပုစ္ဆက, စာထောက် ရွေးချယ်ရေးစည်းကမ်းချက်များနှင့် ညီညွတ်သော ပုစ္ဆကပုဂ္ဂိုလ်, စာထောက်ပုဂ္ဂိုလ်များကို ဝိနယာဒိနိဂ္ဂဟ နှစ်ပတ်လည် သံဃာ့အစည်းအဝေး၌ စာရင်းပေးထားရန် ယင်းတို့အထဲမှ လိုအပ်သမျှကိုသာ ပင့်ဆောင်ရန်" ဟု ပြင်ဆင်ဖြည့်စွက်၍ အဆိုပါစည်းကမ်းချက်များကို သံဃာ့အစည်းအဝေးကြီးက အတည်ပြုခဲ့လေသည်။

## ညောင်ရွှေမြို့၌ ကျင်းပသော
## ဝိနယာဒိနိဂ္ဂဟစာမေးပွဲနှင့် စာပြန်ပွဲအတွက်
## ပုစ္ဆကနှင့် စာထောက်စာမ ရွေးချယ်ပင့်ဆောင်ရေးအဖွဲ့

၁။ ဝိနယာဒိနိဂ္ဂဟ သံဃာ့အဖွဲ့နာယက, ဥက္ကဋ္ဌဆရာတော်များနှင့် ထိုဆရာတော်များက လိုအပ်သလို (၃) ပါးထက်မနည်း ခေါ်ယူထားသော အကျိုးဆောင်ဆရာတော်များသည် ပုစ္ဆကနှင့် စာထောက်, စာမရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်များ ဖြစ်သည်။

၂။ ၎င်းအဖွဲ့ဝင် ဆရာတော်များသည် အောက်ပါစည်းကမ်းများအရ လိုအပ်သော ပုစ္ဆကနှင့် စာထောက်, စာမ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ပင့်ဆောင်ရန် ညွှန်ကြားရမည်။

## ပုစ္ဆကရွေးချယ်ရေးစည်းကမ်း

၁။ (က) ရှမ်းပြည်နယ်ဖွား ဇာတိသားဖြစ်ခြင်း။

(ခ) ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်း ဝါဆို နေထိုင်သူဖြစ်ခြင်း။

(ဂ) အယုတ်ဆုံး ဝိနယာဒိနိဂ္ဂဟစာမေးပွဲ အဋ္ဌမဆင့်(သို့မဟုတ်) အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်း အောင်မြင်ပြီးဖြစ်ခြင်း။ ၎င်းအင်္ဂါသုံးရပ်နှင့် ပြည့်စုံပါက ပုစ္ဆကအဖြစ် ပင့်ဆောင်ရန် ရွေးချယ်နိုင်ခွင့် ရှိသည်။

ချွင်းချက်။ ။၁၃၂၉-ခုနှစ်အထိ ပုစ္ဆကအဖြစ် ပင့်ဆောင်မြဲ ပုဂ္ဂိုလ်များနှင့် ဝိနယာဒိနိဂ္ဂဟ စာမေးပွဲ ပဋ္ဌမဆင့်(သို့မဟုတ်)အစိုးရပါဠိ ပထမပြန် စာမေးပွဲ ပထမလတ်တန်း အောင်မြင်ပြီး ပုဂ္ဂိုလ်များကို ပုစ္ဆကအဖြစ် ပင့်ဆောင်ရန် ရွေးချယ်နိုင်ခွင့် ရှိသည်။

၂။ အထက်ပါ ပုဂ္ဂိုလ်များဖြင့် ပုစ္ဆကပုဂ္ဂိုလ် မလုံလောက်သေးလျှင် အထက်ပါ-၁။ (က) အင်္ဂါရပ်နှင့် မပြည့်စုံစေကာမူ အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းအောင်မြင်ပြီး၊ (သို့မဟုတ်) ၎င်းစာမေးပွဲနှင့် အဆင့်အတန်းညီမျှသော အခြား စာမေးပွဲ တခုခုအောင်မြင်ပြီး တောင်ကြီးခရိုင်အတွင်း ကျောင်း ထိုင်နာယကဖြစ်သော ပုဂ္ဂိုလ်။

၁။ (ခ) အင်္ဂါရပ်နှင့် ပြည့်စုံသော်လည်း၊ စာမေးပွဲတော်ကြီးသို့ ရောက်မျှ သက်ဆိုင်ရာသို့ အကြောင်းကြားသော ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်များကိုလည်း ပင့်ဆောင်ရန် ရွေးချယ်နိုင်ခွင့် ရှိသည်။

၃။ ထိုမျှဖြင့် မပြည့်စုံ မလုံလောက်သေးလျှင် ရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်များ သဘောအတိုင်း သင့်မည်ထင်သော ပုဂ္ဂိုလ်များ ကို ရွေးချယ်နိုင်ခွင့် ရှိသည်။

**စာထောက်, စာမ ရွေးချယ်ရေး စည်းကမ်း**

၁။ ပုစ္ဆကအဖြစ် ရွေးချယ်ပင့်ဆောင်ပြီးသော ပုဂ္ဂိုလ်များ။

၂။ ဝိနယာဓိနုဂ္ဂဟ စာမေးပွဲ စာပြန်ပွဲတော်သို့ စာရင်းသွင်းလာသော ကျောင်းထိုင်ဆရာတော်များ၊ (သို့မဟုတ်) တပည့်အုပ်ထိန်းသူ အဖြစ် ကြွရောက်လာသော ပုဂ္ဂိုလ်များထဲမှ စာထောက်နိုင် သော အရည်အချင်းရှိသော ပုဂ္ဂိုလ်များ။

၃။ ဝိနယာဓိနုဂ္ဂဟ စာမေးပွဲ, စာပြန်ပွဲတော်၌ ကျေးဇူးများလှသဖြင့် ပင့်ဆောင်သင့်သည်ဟု နာယက, ဥက္ကဋ္ဌဆရာတော်များ ညှိနှိုင်း တိုင်ပင် ရွေးချယ်အပ်သော ပုဂ္ဂိုလ်များကို စာထောက်, စာမ ပုဂ္ဂိုလ်များအဖြစ် ရွေးချယ်ရန် ဖြစ်သည်။

**မွှာစရိယ စာချတန်း ပြန်လည်ဖွင့်လှစ်ခြင်း**

၁၃၂၉-ခုနှစ်၊ နယုန်လပြည့်ည ဝိနယာဓိနုဂ္ဂဟ မဟာသမယသံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းတော်မူခဲ့သော ပြဋ္ဌာန်းချက်ကျမ်းစာ

များအတိုင်း ၁၃၃၀- ပြည့်နှစ် ဝိနယဒိနုဂဟ စာပြန်ပွဲတော်ကြီး၌ စာပွဲတော်ဝင် သံဃာတော်များ ရေးဖြေ- ပြန်ဆိုတော်မူကြလေသည်။

ဤနှစ် ပြဌာန်းချက်တွင် ထူးခြားချက်တခုပါဝင်လေသည်၊ ယင်းထူးခြားချက်ကား– ၁၃၁၈–ခုနှစ်မှစ၍ ရပ်သိမ်းခဲ့သော ဓမ္မာစရိယတန်း (ခေါ်) စာချတန်းကို ပြန်လည်ဖွင့်လှစ်ပေးခြင်း ပင်ဖြစ်ပေသည်၊ သို့ရာတွင် ယခင်နှင့် ယခု ထူးခြားမှုကား ယခင်ကဖွင့်လှစ်ခဲ့သော စာချတန်း၌–

(က) ပါရာဇိကကဏ္ဍအဋ္ဌကထာ၊

(ခ) သီလက္ခန္ဓ ဝဂ္ဂအဋ္ဌကထာ၊

(ဂ) အဋ္ဌသာလိနီ အဋ္ဌကထာ၊

ဟုဆိုအပ်သော အဋ္ဌကထာကြီးသုံးကျမ်းကို ပြဋ္ဌာန်းပြီးလျှင်၊ မန္တလေးမြို့ပရိယတ္တိ သာသနဟိတအသင်းမှ ကျင်းပသည့် သီးခြားစာချတန်း ပုစ္ဆာထုတ်စည်းမျဉ်းဥပဒေသကို အမှီပြု၍ ပုစ္ဆာများဆင်ထုတ်မေးမြန်း ခဲ့လေသည်။

ယခုနှစ်မှစတင်၍ ပြန်လည်ဖွင့်လှစ်သည့် စာချတန်း၌မူ–

(က) ပါရာဇိကကဏ္ဍပါဠိ×အဋ္ဌကထာ၊

(ခ) သီလက္ခန္ဓဝဂ္ဂပါဠိ+အဋ္ဌကထာ၊

(ဂ) ဓမ္မသင်္ဂဏီပါဠိ+ အဋ္ဌသာလိနီ အဋ္ဌကထာ၊

ဟုဆိုအပ်သော ပါဠိတော်ကြီး သုံးကျမ်းနှင့် အဋ္ဌကထာကြီးသုံးကျမ်း တို့ကို ပြဋ္ဌာန်းပြီးလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ဓမ္မာစရိယ (စာချ) တန်းပုစ္ဆာထုတ် စည်းမျဉ်းဥပဒေသအတိုင်း ပုစ္ဆာများဆင်ထုတ် မေးမြန်းရန် ပြဋ္ဌာန်းထားပေသည်၊ ဤသည်မှာယခင်နှင့်ယခု ထူးခြားမှုဖြစ်ပေသည်။

ဤနှစ်မှစတင်ကာ ပြန်လည်ဖွင့်လှစ်သည့် စာချတန်း၌ ရဟန်းတော်တပါး ဝင်ရောက်ဖြေဆိုသော်လည်း သုံးကျမ်းစလုံးပြီးဆုံး အောင်မြင်မှုကား မရှိသေးပေ။

၁၃၃၀-ပြည့်နှစ်၊ နယုန်လစာပြန်ပွဲတော်ကြီး၌-

| | |
|---|---|
| (က) စာဖြေသံဃာ | ၄၉၉-ပါး၊ |
| (ခ) စာပြန်သံဃာ | ၄၂၁-ပါး၊ |
| (ဂ) နာယက, ဥက္ကဋ္ဌစသည် | ၁၅၀-ပါး၊ |
| စုစုပေါင်းသံဃာအပါး | ၁၀၇၀-ပါး ပါဝင်လေသည်။ |

ဦးဦးဖျားဖျား ဓမ္မာစရိယကပါ၊

၁၃၃၁-ခုနှစ်၊ နယုန်လဆန်း (၁)ရက်နေ့ ညောင်ရွှေမြို့-မြို့မရန်ကုန်ကျောင်းတိုက် ဝိနယာဓိနိဂ္ဂဟ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီး၌ စာပြန်ပွဲတော်သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဟဲယားရွာမ ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော်က ယင်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်မှ နုပ်သိမ်း၍ အကျိုးတော်ဆောင်ချုပ်အဖြစ်ဖြင့်သာ တာဝန်ယူထမ်းဆောင်မည် ဖြစ်ကြောင်း တင်ပြလျှောက်ထားလေသည်။

ယင်းတင်ပြ လျှောက်ထားချက်ကို အစည်းအဝေးကြီးက သဘောတူလက်ခံပြီးလျှင်၊ သံဃနာယက ဦးစီးအဖွဲ့ချုပ်မဟာနာယက သန်းတောင်ဂိုဏ်းထောက် ကြေးစားကျောင်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသကို သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် တင်မြှောက်လေသည်၊ တဆက်တည်းပင် ညောင်ရွှေမြို့-မြို့မ ရန်ကုန်ကျောင်းဆရာတော် ဦးသုမနကိုလည်း သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လေသည်။

၁၃၃၁-ခုနှစ်၊ ပထမဝါဆိုလ စာပြန်ပွဲတော်ကြီး၌-

| | |
|---|---|
| (က) စာဖြေသံဃာ | ၅၄၆-ပါး၊ |
| (ခ) စာပြန်သံဃာ | ၃၂၀-ပါး၊ |
| (ဂ) နာယက, ဥက္ကဋ္ဌ စသည် | ၁၀၇-ပါး၊ |
| စုစုပေါင်းသံဃာ | ၁၀၆၁-ပါး ပါဝင် လေသည်။ |

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး စာချတန်း၌ ရဟန်းတော် (၂)ပါးဝင်ရောက်ဖြေဆိုတော်မူရာ ပါဠိတော်နှင့်အဋ္ဌကထာကျမ်းကြီးသုံးကျမ်း စလုံးပြီးစီးထမြောက် အောင်မြင်တော်မူသည့် ဓမ္မာစရိယ ရဟန်းတော်တပါး ဦးဦးဖျားဖျား ပေါ်ထွက်လာလေသည်၊ ယင်းရဟန်းတော်မှာ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်မှ နာယကဆရာတော် ဦးဝိမလာဘိဝံသ၏တပည့် ဦးကောသလ္လာယန အရှင်သူမြတ်ဖြစ်ပေသည်။

ထိုအရှင်သူမြတ်အား- ပထမဝါဆိုလပြည့်ကျော် (၄)ရက်နေ့ ဝိနယာ ဒိနုဂ္ဂဟ အောင်ဆုနှင်းသဘင် အခမ်းအနားကြီး၌ "ဘဒ္ဒန္တကောသလ္လာယနာဘိ ဝံသ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ" ဟူသောဘွဲ့ပုံ လက်မှတ် နှင့်တံဆိပ်တော်ကို စာပြန်ပွဲတော် မဟာနာယက ဆရာတော်ဘုရား ကြီးက ချီးမြှင့်တော်မူ၍၊ အောင်ဆုတော်များကို သံဃာဝေယျာဝစ္စ ဦးစီးအဖွဲ့ ချုပ် ဥက္ကဋ္ဌက ဆက်ကပ်လှူဒါန်းလေသည်။

(ဦးကောသလ္လာယန၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ဤစာအုပ် နောက်ဆက်တွဲ၌ သီးခြား ဖော်ပြထားပါသည်)

၁၃၃၂-ခုနှစ်နယုန်လစာပြန်ပွဲတော်ကြီး၌—

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၆၅၄-ပါး။ |
| (ခ) | စာပြန်သံဃာ | ၃၂၀-ပါး။ |
| (ဂ) | နာယက, ဥက္ကဋ္ဌ စသည် | ၂၅၀-ပါး။ |

စုစုပေါင်းသံဃာ ၁၂၃၂-ပါးပါဝင်လေသည်။

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း၌ ရဟန်းတော် (၁) ပါးဝင်ရောက် ဖြေဆိုတော်မူရာ ပါဠိတော်အဋ္ဌကထာကျမ်းကြီးသုံးစုံစလုံး ပြီးစီးထမြောက် အောင်မြင်တော်မူသည့် ဓမ္မာစရိယရဟန်းတော်တပါး ထပ်မံပေါ်ထွက်လာပြန် သည်၊ ယင်းရဟန်းတော်ကား တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက်မှ မဟာနာယကဆရာတော် ဦးနန္ဒိယ၏တပည့် ဦးလက္ခဏာသာမိ အရှင်သူမြတ်ဖြစ် ပေသည်။

ထိုအရှင်မြတ်အား "ဘဒ္ဒန္တလက္ခဏာသာမိဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ" ဟူသောဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော်

ကို နယုန်လပြည့်ကျော် (၄)ရက်နေ့ အောင်ဆန္ဒိင်းသဘင် အခမ်းအနားကြီး၌ ဟောနာယက ဆရာတော်ကြီးများက ချီးမြှင့်တော်မူ၍၊ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌက အောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းတော်မူလေသည်။

(ဦးလက္ခဏာသာမိ ဇာတ္တာပွတ္တိအကျဉ်းချုပ်ကို ဤစာအုပ်နောက် ဆက်တွဲ၌ သီးခြား ဖော်ပြထားပါသည်။)

**သံဃနာယကဦးစီးအဖွဲ့ တိုးချဲ့ခြင်း**

၁၃၃၃-ခုနှစ်၊ ကဆုန်လဆန်း(၈) ရက်နေ့ မြို့မရန်ကုန်ကျောင်းတိုက် ဝိနယာဒိနိဂ္ဂဟ နှစ်ပတ်လည်သံဃာ့အစည်းအဝေးကြီး၌စာပြန်ပွဲတော် သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ကြေးစားကျောင်း ဆရာတော် ဦးပဏ္ဍိတာဓဇ ဘဝနတ်ထံပြန်လွန်တော်မူပြီးဖြစ်သောကြောင့် ယင်း၏ဥက္ကဋ္ဌနေရာ၌သံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ချုပ် ဟယာရွာမ ကျောင်းနီကျောင်းဂိုဏ်းချုပ်ဆရာတော်အား ဥက္ကဋ္ဌအဖြစ်ပြန်လည်ရွေးကောက် တင်မြှောက်တော်မူကြလေသည်။

ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကမြို့မဂိုဏ်းအုပ် ဆရာတော်အရှင်ဝိလာသာဘိဝံသ အား စာပြန်ပွဲတော်ကြီး၏သံဃာ့ဝန်ဆောင်အဖွဲ့အကျိုးတော်ဆောင်အဖြစ် ရွေးချယ်တင်မြှောက်တော်မူကြလေသည်။

ထို့ပြင် အောက်ပါဆရာတော်တို့အား စာပြန်ပွဲတော်သံဃနာယကဦးစီး အဖွဲ့ချုပ်အဖွဲ့ဝင် ဆရာတော်များအဖြစ်ရွေးကောက်တင်မြှောက်တော်မူကြလေသည်။

၁။ ညောင်ရွှေမြို့နယ် ခေါင်တိုင်ရွာ ဆုတောင်းပြည့်ကျောင်း ဆရာတော် ဦးနန္ဒဝံသ။

၂။ ရေဦးမြို့ ငွေတောင်တောရ ဆရာတော် ဦးနာရဒ။

၃။ ရှာင်မြို့ ရွှေဖူးရုံ ဆရာတော် ဦးဝိရိယ။

၄။ အောင်ပန်းမြို့နယ်၊ ပင်မှိုတောရ ဆရာတော်ဦးမေဓာ။

အထက်ပါသံဃနာယကဦးစီးအဖွဲ့ချုပ်အဖွဲ့ဝင်ဆရာတော်တို့အား နယုန်လပြည့်ကျော်(၄)ရက်နေ့ အောင်ဆုနှင်းသဘင် အခမ်းအနား၌ "ရှမ်းပြည်

နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယကဦးစီးအဖွဲ့ချုပ်အဖွဲ့ဝင်ဆရာတော်များအဖြစ်''အသိအမှတ်ပြုလက်မှတ်များကိုသံဃာကြဂါဒခံဦးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌကဆက်ကပ်လှူဒါန်းလေသည်။

၁၃၃၃-ခုနှစ်၊ နယုန်လစာပြန်ပွဲတော်ကြီး၌—

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၆၇၇-ပါး။ |
| (ခ) | စာပြန်သံဃာ | ၅၄၀-ပါး။ |
| (ဂ) | နာယက ဥက္ကဋ္ဌ စသည်။ | ၁၅၀-ပါး။ |
| | စုစုပေါင်းသံဃာ | ၁၃၆၇-ပါး ပါဝင်လေသည်။ |

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း၌ ရဟန်းတော်(၉)ပါး ဝင်ရောက်ဖြေဆိုတော်မူရာ ပါဠိအဋ္ဌကထာကျမ်းကြီး သုံးစုံစလုံး ပြီးဆုံးအောင်မြင်ထမြောက်တော်မူသည့် ဓမ္မာစရိယရဟန်းတော်တပါး ပေါ်ထွက်လာပြန်သည်၊ ယင်းရဟန်းတော်မှာကား ညောင်ရွှေမြို့နယ် ခေါင်တိုင်ရွာ ခေါင်တိုင် တောင်ကျောင်းမှ ဆရာတော်ဦးဇောတိက၏တပည့် ဦးဝိဇယအရှင်သူမြတ် ဖြစ်ပေသည်။

ထိုအရှင်မြတ်အား ''ဘဒန္တ ဝိဇယာဘိဝံသ၊ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ'' ဟူသော ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော်ကို နယုန်လပြည့်ကျော် (၄) ရက်နေ့ စာပြန်ပွဲတော် အောင်ဆုနှင်းသဘင်အခမ်းအနား၌ သံဃနာယကဦးစီးအဖွဲ့ချုပ် မဟာနာယက ဆရာတော်ဘုရားကြီးက ချီးမြှင့်တော်မူ၍၊ သံဃာကြဂါဒခံဦးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌက အောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းလေသည်။

(ဦးဝိဇယ၏ အတ္တုပ္ပတ္တိအကျဉ်းချုပ်ကို ဤစာအုပ်နောက်ဆက်တွဲ၌ သီးခြားဖော်ပြထားပါသည်။)

**ဝိနယာဒိနုဂ္ဂဟ ဝိသိဋ္ဌသီရိဓမ္မာစရိယ**

၁၃၃၄—ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့ မြို့မရန်ကုန်ကျောင်းတိုက် ဝိနယာဒိနုဂ္ဂဟ နှစ်ပတ်လည်သံဃာ့အစည်းအဝေးကြီး၌ ဆီဆိုင်မြို့မ ဇေဝနာရာမ ကျောင်းတိုက် ရဟန်းတော် ဦးအကာဝိဒနှင့် ဦးဝိနယ၊ ပင်လောင်းမြို့ လွယ်

ပြားကျောင်း ဘုန်းတော်ကြီး ဦးသီလာစာရတို့အား သံဃာ့ဝန်ဆောင်အဖွဲ့ ကြီးကြပ်ရေးဆရာတော်များအဖြစ် ရွေးချယ် တင်မြှောက်တော် မူကြလေသည်။

၁၃၃၄-ခုနှစ်၊ ပထမပါဠိဆိုင်ရာ ပြန်ပွဲတော်ကြီး၌—

| | |
|---|---|
| (က) စာဖြေသံဃာ | ၈၇၄-ပါး။ |
| (ခ) စာပြန်သံဃာ | ၈၈၉-ပါး။ |
| (ဂ) နာယက, ဥက္ကဋ္ဌ စသည် | ၁၅၀-ပါး။ |
| စုစုပေါင်းသံဃာ | ၁၇၃၂-ပါး ပါဝင်လေသည်။ |

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း၌ ရဟန်းတော် (၈) ပါး ဝင်ရောက် ဖြေဆိုတော်မူရာ ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းကြီးသုံးစုံလုံး ပြီးစီးထမြောက်အောင်မြင်တော်မူသည့် ဓမ္မာစရိယ ရဟန်းတော် (၄)ပါး ပေါ်ထွက်တော်မူလေသည်၊ ယင်းဓမ္မာစရိယ ရဟန်းတော်သုံမှာ—

၁။ ဦးဓမ္မာနန္ဒ "ဘဒန္တ ဓမ္မာနန္ဒာဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ဝိသိဋ္ဌသီရိ ပရိယတ္တိဓမ္မာစရိယ"

၂။ ဦးသုမင်္ဂလ "ဘဒန္တသုမင်္ဂလာဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

၃။ ဦးပညာသီရိ "ဘဒန္တပညာသီရိဘိဝံသ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

၄။ ဦးတိလောကဉာဏ "ဘဒန္တ တိလောကဉာဏာဘိဝံသ, ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ" အရှင်မြတ်တို့ဖြစ်ပေသည်။

(အထက်ပါအစီအစဉ်မှာ အောင်မှတ်များရာအလိုက် စီစဉ်ချမှတ်ခဲ့သည့် အစီအစဉ်အတိုင်း ဖြစ်ပေသည်။)

အထက်ပါ ဓမ္မာစရိယ (၄) ပါးအနက် အောင်စဉ် နံပါတ် (၁)ဖြင့် အောင်မြင်တော်မူသော ဦးဓမ္မာနန္ဒမှာ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ သိမ်တောင်ဆရာတော် ဦးဆန္ဒာဓိကနှင့်ပါ ဖြစ်ပေသည်။

ယင်းဓမ္မာစရိယ ရဟန်းတော် ဦးဓမ္မာနန္ဒသည် ဝိနယာဒိနုဂ္ဂဟ စာချတန်း၌ ပြဋ္ဌာန်းထားသည့် ပါဠိတော် အဋ္ဌကထာ ကျမ်းကြီးသုံးစုံကို တနှစ်တည်း ဖြေဆိုအောင်မြင်တော်မူခြင်း၊ နေ့စဉ်အောင်မှတ်(၇၀) ရာခိုင်နှုန်း ရှစ်ဆယ်ကျော် ရရှိခြင်းဟူသော ထူးခြားသည့် အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် အဆိုပါအရှင်မြတ်အား "ဝိသိဋ္ဌသိရိ" ဟူသော ဂုဏ်ပုဒ်ထူးကို စာပြန်ပွဲတော် ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယက ဦးစီးအဖွဲ့ချုပ် နာယက, ဥက္ကဋ္ဌ ဆရာတော်ကြီးများက ချီးမြှင့်တော် မူကြလေသည်။

၂။ ဦးသုမင်္ဂလ မှာ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ သပြေပင် ပထမစာသင်တိုက်မှ နာယကဆရာတော် ဦးရေဝတ၏တပည့် ဖြစ်ပေသည်။

၃။ ဦးပညာသိရိမှာ ညောင်ရွှေမြို့မ ကန်ကြီးပရိယတ္တိစာသင်တိုက်မှ နာယ ဆရာတော် ဦးဝိမလာဘိဝံသ၏ တပည့်ဖြစ်ပေသည်။

၄။ ဦးတိလောကဉာဏမှာ ညောင်ရွှေမြို့မ သာသနဝိပုလရွှေဂူ စာသင်တိုက်မှ နာယကဆရာတော် အရှင်ဝိလာသာဘိဝံသ၏ တပည့်ဖြစ်ပေသည်။

အလက်ပါဓမ္မာစရိယ အရှင်မြတ် (၄) ပါးတို့အား ပထမဝါဆိုလ ပြည့်ကျော်(၄) ရက်နေ့ အောင်ဆုနှင်းသဘင်အခမ်းအနား၌ စာပြန်ပွဲတော် သံဃနာယကဦးစီးအဖွဲ့ချုပ် မဟာနာယက ဆရာတော်ဘုရားကြီးက ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော်များကို ချီးမြှင့်တော်မူ၍ သံဃဩဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌကအောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းပူဇော်လေသည်။

(ဓမ္မာစရိယ အရှင်မြတ် (၄) ပါးတို့၏ အတ္တုပ္ပတ္တိ အကျဉ်းချုပ်ကို ဤစာအုပ် နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။)

**အောင်ပွဲတော် ပုဗ္ဗကိစ္စအတွက် ရက်တိုးရခြင်း**

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် ဤမှာဖက်တွင် ၁၃၁၅-ခုနှစ်မှစ၍ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီးကို (ဝါမထပ်သည့်နှစ်တွင်) နယုန်၊ (ဝါထပ်သည့်နှစ်တွင်) ပဌမဝါဆိုလဆန်း ၁၂ ရက်မှ ၁၅-ရက်နေ့အထိ ကျင်းပခဲ့လေသည်။

အာဂုံမ်စာပြန်ပွဲတော်ကြီးကိုမူ ၁၃၃၁–ခုနှစ်မှစ၍ (ဝါမထပ်လျှင်) နယုန်၊ (ဝါထပ်လျှင်)ပထမဝါဆိုလပြည့်ကျော် ၁-ရက်၊ ၂-ရက်တွင် နေ့ရော

ညဥ့်ပါ ကျင်းပပြီးလျှင် လပြည့်ကျော် ၃ ရက်၌ကား နေ့လယ်ပိုင်းအထိသာ ကျင်းပလေသည်။ ယင်း ၃ ရက်နေ့ညဥ့်တွင် ၄-ရက်နေ့ အောင်ပွဲတော်အတွက် ပုဗ္ဗကိစ္စအဝဝကို နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်များနှင့် သံဃသြဝါဒ ဦးစီးအဖွဲ့ဝင် ဒါယကာများမှာ ယေဘုယျအားဖြင့် ညဥ့်လုံးပေါက် ရှက်ဆောင်ကြရလေသည်၊ လပြည့်ကျော် (၄) ရက်နေ့တွင် အောင်ဆုလက်မှတ် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို တဆက်တည်း ကျင်းပခဲ့လေသည်။

သို့ရာတွင် ယခုအခါ ခေတ်ကာလအခြေအနေများ သာယာကောင်းမွန်လာသည်နှင့်အမျှ စာပြန်ပွဲတော်ဝင် သံဃာတော်တို့မှာလည်း တနှစ်ထက်တနှစ် တိုးတက်များပြားလာလေသည်၊ ယင်းသို့ဖြစ်ရကား လပြည့်ကျော် (၃) ရက် ညဥ့်တညဥ့်အတည်းဖြင့် ပုဗ္ဗကိစ္စအဝဝကို ပြီးစီးအောင် ရှက်ဆောင်ရန် အချိန်မလုံလောက်တော့ပေ။

ထို့ကြောင့် ၁၃၃၅-ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့ မြို့မရန်ကုန်ကျောင်းတိုက် ဝိနယာဝိနိစ္ဆယ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးက အောက်ပါ ဆုံးဖြတ်ချက်များကို သဘောတူ ချမှတ်တော်မူခဲ့လေသည်။

၁။ ယခု (၁၃၃၅-ခု) နှစ်မှစ၍ နှစ်စဉ် ဝိနယာဝိနိစ္ဆယ အာဂုမ်စာပြန်ပွဲတော်ကြီးကို (ပါဌ်ထင်လျှင်) နယုန်၊ (ဝါထပ်လျှင်) ပထမဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ၃-ရက်နေ့အထိ သုံးရက်ပတ်လုံး (နေ့ရောညဥ့်ပါ) ကျင်းပပြုလုပ်ရန်။

၂။ လပြည့်ကျော် (၄) ရက်နေ့တွင် အောင်ပွဲသဘင်အတွက် ပုဗ္ဗကိစ္စများကို ဆောင်ရှက်၍၊ လပြည့်ကျော် (၅) ရက်နေ့တွင် အောင်ဆုလက်မှတ် ဆက်ကပ်ပူဇော်ပြီးလျှင် တရားနာ, ရေစက်ချ အခမ်းအနားကို ကျင်းပရန်။

အထက်ပါ ဆုံးဖြတ်ချက်အရ ၁၃၃၅-ခုနှစ်မှစ၍ ဝိနယာဝိနိစ္ဆယ အာဂုမ်စာပြန်ပွဲတော်ကြီးကို နယုန် (သို့မဟုတ်) ပထမဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ၃ ရက်နေ့အထိ သုံးရက်ပတ်လုံး နေ့ရော, ညဥ့်ပါ ကျင်းပပြီးလျှင် ၄ ရက်နေ့တွင်နာယကဥက္ကဋ္ဌအကျိုးတော်ဆောင်စသောတာဝန်ရှိပုဂ္ဂိုလ်တို့က အောင်ပွဲတော်အတွက်ပုဗ္ဗကိစ္စများကိုဆောင်ရှက်ကြ၍၊ ၅-ရက်နေ့တွင် အောင်ဆုနှင်းသဘင် တရားနာရေစက်ချ အခမ်းအနားကိုကျင်းပခဲ့လေသည်။

၁၃၃၅ ခုနှစ်၊ နယုန်လ စာပြန်ပွဲတော်ကြီး၌—

(က) စာဖြေသံဃာ ဂ၆၁-ပါး။

(ခ) စာပြန်သံဃာ ၅၃ဂ-ပါး။

(ဂ) နာယက, ဥက္ကဋ္ဌ စသည် ၂၀၀-ပါး။

(ဃ) အထူးဖိတ်သံဃာ ၅၀-ပါး။

စုစုပေါင်း သံဃာ ၁၆ဂ၉-ပါး ပါဝင်လေသည်။

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း၌ ရဟန်းတော် (၁၀) ပါးဝင်ရောက်ဖြေဆိုတော်မူရာ ကျမ်းပြီးအောင်ပုဂ္ဂိုလ် မရှိပဲ၊ ကျမ်းအချို့အဝက်(ကျမ်းစွဲ) သာ အောင်မြင်သည့် ပုဂ္ဂိုလ်လေးပါး ရှိလေသည်။

ပြဋ္ဌာန်းချက်တွင် ကျမ်းစာပြုပြင်

၁၃၃၅-ခုနှစ်၊ နယုန်လဆန်း (၁) ရက်နေ့ ညောင်ရွှေမြို့ သဒ္ဓမ္မဋ္ဌိတိခဏ္ဍသိမ်တော်ကြီး၌ ဝိနယာဒိနုဂ္ဂဟသံဃနာယက ဦးစီးအဖွဲ့ချုပ် နာယကဆရာတော်ကြီးများ၊ သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ အစည်းအဝေးတရပ် ကျင်းပတော်မူကြလေသည်။

ယင်းအစည်းအဝေး၌ လာမည့် ၁၃၃၆-ခုနှစ်တွင် ကျင်းပမည့် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးအတွက် ပြဋ္ဌာန်းချက် ကျမ်းစာများ ပြုပြင်ပြောင်းလဲရန် ဆွေးနွေးတော်မူကြပြီးလျှင် "ပြဋ္ဌာန်းချက် ကျမ်းစာပြင်ဆင်ရေး" ကိုးပါးပါ အဖွဲ့ယင်ကို ဖွဲ့စည်း၍ အကိုပါ ကိစ္စကို ယင်းအဖွဲ့အား သံဃာ့အစည်းအဝေးက တာဝန်လွှဲအပ်လိုက်လေသည်။

အဖွဲ့ဝင် ဆရာတော်များ

၁။ ဦးဝိမလာဘိဝံသ၊ နာယကဆရာတော်၊ ကန်ကြီး ပရိယတ္တိစာသင်တိုက် ညောင်ရွှေမြို့။

၂။ ဦးလက္ခဏာသာမိ၊ တိုက်အုပ်ဆရာတော်။ ။

၃။ အရှင်ဝိလာသာဘိဝံသ၊ နာယကဆရာတော်၊ သာသနဓိပုလ ရွှေဂူစာသင်တိုက်၊ ညောင်ရွှေမြို့။

၄။ ဦးရေဝတ၊ နာယကဆရာတော်၊ သပြေပင် ပထမစာသင်တိုက်၊ သပြေပင်ရွာ၊ အင်းလေး။

၅။ ဦးဝေပုလ္လာဘိဝံသ၊ နာယကဆရာတော်၊ ရွှေဘုံသာ သဒ္ဓမ္မဝုဍ္ဍိကာရီစာသင်တိုက်၊ ဟဲယာရွာမ၊ အင်းလေး။

၆။ အရှင်သီလဝံသ၊ နာယကဆရာတော်၊ မိုင်းသောက် ပထမစာသင်တိုက်၊ အင်းလေး။

၇။ ဦးပရိန္ဒ၊ တိုက်အုပ်ဆရာတော်၊ ပထမတောင် ကျောင်းကြီးတိုက်၊ တောင်ကြီးမြို့။

၈။ ဦးပညာသာမိ၊ နာယကဆရာတော်၊ ရွှေတောင် ပရိယတ္တိစာသင်တိုက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၉။ ဦးဉာဏဝံသ၊ တိုက်အုပ်ဆရာတော်၊ အောင်ချမ်းသာ စာသင်တိုက်၊ အောင်ပန်းမြို့။

အထက်ပါအဖွဲ့ဝင်ဆရာတော်တို့သည် ၁၃၃၀-ပြည့်နှစ်မှ စတင်ပြဋ္ဌာန်းခဲ့သော ပြဋ္ဌာန်းချက်ဟောင်း၌ ပြုပြင်ပြောင်းလဲသင့်သော ကျမ်းစာအချို့ကို ပြုပြင်ပြောင်းလဲခဲ့လေသည်။

သာမဏေမူလ(ပြန်+ဖြေ)တန်း၌ ပြဋ္ဌာန်းထားသည့် အခြားကျမ်းစာများအပြင်၊ လောကနီတိအနက် (၅)ကဏ္ဍကို တိုးချဲ့၍ လောကနီတိအနက် (၇) ကဏ္ဍလုံး အကုန်ဘုလည်းကောင်း၊ ယင်း အပြန်တန်း၌ ကစ္စည်းသုတ်စဉ် (၈) စောင်ပါဠိ အကုန်ကို ဖြည့်စွက်၍လည်းကောင်း တိုးချဲ့ပြင်ဆင်လိုက်လေသည်။

တတိယတန်း၊ ဒုတိယတန်း၊ ပထမတန်း၊ ဆင့်မတန်းတို့၌ အတန်းလိုက်ပိုင်းခြားပြဋ္ဌာန်းထားသော အဘိဓာန်ပါဠိကို အပိုင်းအခြား အနည်းငယ်ပြုပြင်ပြောင်းလဲ သတ်မှတ်လိုက်လေသည်၊ ဆင့်မတန်း၌ မူလပြဋ္ဌာန်းထားပြီးသော ကျမ်းစာများအပြင် ပရိဝါရပါဠိတော် ကမ္မဝဂ်အကုန်ကို ရေးဖြေ+ပြန်ဆိုရန်တိုးချဲ့ဖြည့်စွက်ပြဋ္ဌာန်းလိုက်လေသည်။

ယခင်ပြဋ္ဌာန်းချက်ဟောင်းများ၌ ရဟန်းတော်မှုလတန်း (အာဂုမ်ပြန်သက်သက်)ကို သီးခြားဖွင့်လှစ်ပေးခဲ့သော်လည်း ၁၃၃၆-ခုနှစ်မှစ၍ ပြဋ္ဌာန်းသောပြဋ္ဌာန်းချက်အသစ်၌မူ ပေးန်းတော်မူလတန်းကို ရုပ်သိမ်းလိုက်လေသည်။

ယင်းသို့ ပြုပြင်ပြောင်းလဲပြီးလျှင် ယင်းပြဋ္ဌာန်းချက်ကို နယုန်လဆန်း (၁၂) ရက်နေ့တွင်နာယက, ဥက္ကဋ္ဌ ဆရာတော်ကြီးများထံ တင်ပြခဲ့လေသည်။

အထက်ပါပြဋ္ဌာန်းချက်ကို ၁၃၃၆-ခုနှစ်၊ စာပြန်ပွဲတော်ကြီးမှစတင်၍ ရေးဖြေ×ပြန်ဆိုတော်မူကြရန် ၁၃၃၅-ခုနှစ်၊ နယုန်လဆန်း(၁၄)ရက်နေ့တွင် စာပြန်ပွဲတော် နာယက, ဥက္ကဋ္ဌဆရာတော်ကြီးများက အတည်ပြုပြဋ္ဌာန်းတော်မူလေသည်။

ဂုဏ်ထူးဆောင်တန်းသစ်-ဖွင့်လှစ်ပေးခြင်း

၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလပြည့်ညဉ့်ဟင် ညောင်ရွှေမြို့အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရိကျောင်းတော်ကြီး၌ ဝိနယာဒိနုဂ္ဂဟ မဟာသာမဂ္ဂီအဖွဲ့ အစည်းအဝေးကြီးကို ကျင်းပလေသည်၊ ယင်းအစည်းအဝေးကြီး၌ ရဟန်းတော်များကဖြစ်စေ, လူဒါယကာများကဖြစ်စေ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး တိုးတက်ကြီးပွားရာ တိုးတက်ကြီးပွားကြောင်း အကြံဉာဏ်များပေးလိုက တင်ပြဆွေးနွေးအကြံပေးရန် နာယက, ဥက္ကဋ္ဌဆရာတော်ကြီးများက ခွင့်ပြုသေသည်။

ယင်းအခွင့်အရေးအရ ယခုနှစ်အစည်းအဝေးကြီး၌ ကြီးကျယ်မြင့်မားသည့် အကြံပေးချက် တခုပေါ်ထွက်လာပေသည်၊ ယင်းမှာ–

"ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး၌–

ဓမ္မာစရိယ (စာချ) တန်း အောင်မြင်ပြီးသောသံဃာတော်များအတွက် ဂုဏ်ထူးဆောင်တန်းတတန်းကို တိုးချဲ့ဖွင့်လှစ်ပေးရန်"

ဟူသော အကြံပေးချက်ဖြစ်ပေသည်၊ ယင်းအကြံပေးချက်ကို ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံ ဦးစိုးအဖွဲ့ဝင် (ကြို့ဆိုညှိနှိုင်းရေးဥက္ကဋ္ဌ) ညောင်ရွှေမြို့၊သာစည်ရပ် ဦးကြည်မောင်က လျှောက်ထားတင်ပြခြင်းဖြစ်ပေသည်။

အထက်ပါ အကြံပေးချက်နှင့်ပတ်သက်၍ သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ သံဃသမ္မုတိဂိုဏ်းချုပ် ကျောင်းနီကျောင်းဆရာတော်ဘုရားကြီးက– "ဆွေး

နွေးသင့်သောဆရာတော်များနှင့် တိုင်ပင်ဆွေးနွေး စဉ်းစားပါမည်" ဟုပြန်လည်မိန့်ကြားတော်မူခဲ့လေသည်။

ထိုမှတပါးတောင်ကြီး၊ ဂဠလော၊ ညောင်ရွှေ၊ အင်းလေးစသောမြို့နှင့် မြို့နယ် ဒေသအသီးအသီးရှိ ပရိယတ္တိစာသင်တိုက်များမှ ဝိနယာဓိနိဂ္ဂဟ ဓမ္မာစရိယ (စာချ)တန်း အောင်မြင်ပြီး၊ ဖြေဆိုဆဲ၊ ဖြေဆိုလတံ့ ဖြစ်ကုန်သော စာသင်သား သံဃာတော် (၂၄)ပါးတို့ကလည်း ဝိနယာဓိနိဂ္ဂဟစာပြန်ပွဲတော်ကြီး စာချတန်း၌ "ဂုဏ်ထူးဆောင်ကျမ်းများ ပြဋ္ဌာန်းပေးရန်" ဟူသော တောင်းဆိုချက်ကို စာပြန်ပွဲတော်နာယက ဥက္ကဋ္ဌဆရာတော်ကြီးများ ထံတော်သို့ ယင်းနှစ် ပထမဝါဆိုလပြည့်ကျော် (၂)ရက်၊ (၅၊၇.၇၄) နေ့တွင် တင်ပြလျှောက်ထား အသနားခံကြလေသည်။

ယင်းသို့ဖြင့် လူဒါယကာတို့က လျှောက်ထားတောင်းပန်လာခြင်း၊ ဝိနယာဓိနိဂ္ဂဟ စာပြန်ပွဲတော်ဝင်သံဃာတော်တို့ ပရိယတ္တိအရည်အချင်း တိုးတက်မြင့်မားလာခြင်း၊ ၁၃၃၁-ခုနှစ်မှစတင်၍ပြန်လည်ဖွင့်လှစ်ပေးခဲ့သော ဝိနယာဓိနိဂ္ဂဟ စာချတန်း၌ ၁၃၃၅-ခုနှစ် အထိ (၅-နှစ်အတွင်း) ကျမ်းပြီးအောင် ဓမ္မာစရိယရဟန်းတော်ခုနစ်ပါး ပေါ်ထွက်ပြီးဖြစ်ခြင်း၊ ကျမ်းစုံအောင် ပုဂ္ဂိုလ်များ အများပြားရှိလာခြင်း၊ ဝိနယာဓိနိဂ္ဂဟ စာချတန်းဖြေဆိုဆဲ၊ ဖြေဆိုလတံ့ဖြစ်သော ပုဂ္ဂိုလ်များနှင့်တကွ အဆိုပါကျမ်းစုံအောင်၊ ကျမ်းပြီးအောင် ပုဂ္ဂိုလ်တို့ကလည်း ဂုဏ်ထူးဆောင်ကျမ်းများ ပြဋ္ဌာန်းပေးရန်ပူးပေါင်းတောင်းဆိုလာခြင်း စသော အဖက်ဖက်မှ တိုးတက်လာသည့် အခြေအနေများကြောင့် စာပြန်ပွဲတော်သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ သရေတော်ဘုရားကြီးက နာယက, ဥက္ကဋ္ဌ, အကျိုးတော်ဆောင် ဆရာတော်များနှင့် တိုင်ပင်ဆွေးနွေးတော်မူပြီးလျှင်၊ အောက်ပါကြေညာချက်ကို ထုတ်ပြန်ကြေညာတော်မူခဲ့လေသည်။

(က) ညောင်ရွှေမြို့၌ကျင်းပသော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနိဂ္ဂဟ စာမေးပွဲတော်ကြီး စာချတန်း (ရိုးရိုး) ကို အောင်မြင်တော်မူပြီးသော ပုဂ္ဂိုလ်များအတွက် ရှမ်းပြည်လုံးဆိုင်ရာဝိနယာဓိနိဂ္ဂဟ စာမေးပွဲတော်ကြီး၌ "ဂုဏ်ထူးဆောင်တန်း" ကို ၁၃၃၇ ခုနှစ်၊ နယုန်လ (၄၁) ကြိမ်မြောက် စာမေးပွဲတော်ကြီးမှ စ၍ သီးခြားဖွင့်လှစ်ပေးပါမည်။

(ခ) ယင်းဝိနယာဓိနိဂ္ဂဟ ဂုဏ်ထူးဆောင်တန်း၌ ပြဋ္ဌာန်းချက်ကျမ်းစာများနှင့်စည်းမျဉ်းဥပဒေသများကို မကြာမီကြေညာချက်ထုတ်၍, သက်ဆိုင်ရာကျောင်းတိုက်များသို့ ပေးပို့ပါမည်။

အထက်ပါ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ ထုတ်ပြန်ကျေညာချက်ကို ၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၃)ရက်ည, ဝိနယာဒိနိဂ္ဂဟအာဂုမ် စာပြန်ပွဲတော်ကြီး အခမ်းအနားပိတ် သံဃာ့အစည်းအဝေးကြီး၌ ဥက္ကဋ္ဌဆရာ တော်ဘုရားကြီး၏ အမိန့်အရ စာပြန်ပွဲတော် သံဃာ့ဝန်ဆောင်အဖွဲ့ အကျိုး တော်ဆောင်, ညောင်ရွှေမြို့သာသနဝိပုလ ရွှေဂူစာသင်တိုက်နာယက ဆရာ တော် အရှင်ဝိလာသာဘိဝံသက လျှောက်ထားတင်ပြကျေညာခဲ့လေသည်။

၁၃၃၆-ခုနှစ်။ ပထမဝါဆိုလ စာပြန်ပွဲတော်ကြီး၌—

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၆၇၀-ပါး။ |
| (ခ) | စာပြန်သံဃာ | ၃၀၀-ပါး။ |
| (ဂ) | နာယက, ဥက္ကဋ္ဌ စသည် | ၂၀၀-ပါး။ |
| (ဃ) | အထူးပင့်သံဃာ | ၅၀-ပါး။ |
| | စုစုပေါင်းသံဃာ | ၁၂၃၆-ပါး ပါဝင်လေသည်။ |

**ဓမ္မာစရိယ ၄-ပါးတိုးပွားလာခြင်း**

ဤနှစ်ဝိနယာဒိနိဂ္ဂဟ စာမေးပွဲတော်ကြီး စာချတန်း၌ ရဟန်းတော် (၁၁)ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ ပြဋ္ဌာန်းချက်ကျမ်းစာ (ပါဠိအဋ္ဌ ကထာ) သုံးစုံးလုံးပြီးဆုံး အောင်မြင်တော်မူသည့် ဓမ္မာစရိယရဟန်းတော် (၄) ပါးတိုးပွားတော်မူလေသည်၊ ယင်းတို့မှာကား-

၁။ အရှင်မေဓာဝီ၊ "ဘဒ္ဒန္တမေဓာဝီဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိန ယာဒိနိဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

၂။ အရှင်ပညာသာမိ၊ "ဘဒ္ဒန္တပညာသာမိ ဘိဝံသ၊ ရှမ်းပြည်လုံးဆိုင် ရာ ဝိနယာဒိနိဂ္ဂဟ ပရိယတ္တိ ဓမ္မာစရိယ"

၃။ ဦးဒေဝိန္ဒ၊ "ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိ နိဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

၄။ ဦးပဏ္ဍဝံသ၊ "ဘဒ္ဒန္တ ပဏ္ဍဝံသာဘိဝံသ၊ ရှမ်းပြည်လုံးဆိုင်ရာ ဝိန ဒိနိဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

အရှင်မြတ်တို့ဖြစ်ပေသည်။

(အထက်ပါ အစီအစဉ်မှာ အောင်မှတ်များရာအလိုက် စီစဉ်ချမှတ်ခဲ့သည့် အောင်စဉ်နံပါတ် အစဉ်အတိုင်းဖြစ်ပေသည်။)

ယင်းဓမ္မာစရိယ ရဟန်းတော် (၄)ပါးအနက် (၁) အရှင်မေဓာဝီနှင့် (၂) အရှင်ပညာသာမိတို့မှာ ညောင်ရွှေမြို့ ဘောနဝိပုလ ရွှေဂူစာသင်တိုက်မှ နာယကဆရာတော် အရှင်ဝိလာသာဘိဝံသ၏ တပည့်များဖြစ်ပေသည်။

၃။ ဦးဒေဝိန္ဒမှာ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ သပြေပင်ပထမ စာသင်တိုက်မှ သပြေပင် ပထမနာယက ဆရာတော်အရှင်ရေဝတ၏ တပည့် ဖြစ်ပေသည်။

၄။ ဦးပဏ္ဍိစ္စမှာ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ သိမ်တောင်ကျောင်းဆရာတော် ဦးဆန္ဒာဓိက၏ တပည့်ဖြစ်ပေသည်။

အထက်ပါ ဓမ္မာစရိယရဟန်းတော် (၄)ပါးတို့အား ပထမဝါဆိုလ ပြည့်ကျော် (၅)ရက်နေ့ အောင်ဆုနှင်းသဘင် အခမ်းအနားၾ သံဃနာယက ဦးစီးအဖွဲ့ချုပ် မဟာနာယက ဆရာတော်ဘုရားကြီးက ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော်များကို ချီးမြှင့်တော်မူ၍၊ သံဃာ့ဝါဒါစရိယ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌက အောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းလေသည်။

(ဓမ္မာစရိယအရှင်မြတ် ၄-ပါးတို့၏ ဓာတ်ပုံပွတ္တိအကျဉ်းချုပ်ကို ဤစာအုပ် နောက်ဆက်တွဲ၌ သီးခြားဖော်ပြထားပါသည်။)

ဂုဏ်ထူးဆောင်တန်းအတွက်- ပြဋ္ဌာန်းချက်

၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၃)ရက်ည၊ ဝိနယဓိနဂ္ဂဟ စာပြန်ပွဲတော်ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ ကျေညာချက်အမှတ်(ခ)အရ ယင်းနှစ်ဝါခေါင် လဆန်း(၁)ရက်၊ (၃၀၊၀၇၊၇၄)နေ့တွင် အောက်ပါရှမ်းပြည်လုံးဆိုင်ရာ ဝိနယဓိနဂ္ဂဟ စာမေးပွဲတော်ကြီး ဂုဏ်ထူးဆောင်တန်း ပြဋ္ဌာန်းချက် ကျမ်းစာနှင့် စည်းမျဉ်းဥပဒေသများကို သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဝိသုဒ္ဓါရာမ သံဃာ့သမ္မုတိဂိုဏ်းချုပ်ကျောင်းနီကျောင်း ဆရာတော်က ထုတ်ပြန်ကြေညာတော်မူခဲ့လေသည်။

ညောင်ရွှေမြို့၌ ကျင်းပအပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီးကို ဂုဏ်ထူးဆောင်တန်း
ပြဋ္ဌာန်းချက်ကျမ်းစာနှင့် စည်းမျဉ်းဥပဒေသများ
ကျေညာချက်

၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၃) ရက်ည ညောင်ရွှေမြို့ ဒေသစာရီကျောင်းတော်ကြီး သံဃာ့အစည်းအဝေးကြီး၌—

(က) ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌-ဂုဏ်ထူးဆောင်တန်းကို ၁၃၃၇-ခုနှစ်၊ နယုန်လ (၄၁) ကြိမ်မြောက်၊ စာမေးပွဲတော်ကြီးမှစ၍ သီးခြားဖွင့်လှစ်ပေးပါမည်။

(ခ) ယင်း ဂုဏ်ထူးဆောင်တန်း၌ ပြဋ္ဌာန်းချက် ကျမ်းစာများနှင့် စည်းမျဉ်းဥပဒေသများကို မကြာမီ ကျေညာချက်ထုတ်ပြန်ပါမည်ဟုစာပြန်ပွဲတော် ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ ကျေညာချက်အတိုင်း ၁၃၃၆-ခု၊ ဝါခေါင်လဆန်း(၁)ရက်၊ (၁၀၊ ၈၊ ၇၄)နေ့တွင် အောက်ပါပြဋ္ဌာန်းချက် ကျမ်းစာများနှင့် စည်းမျဉ်း ဥပဒေသများကို ထုတ်ပြန်ကျေညာလိုက်ပါသည်။

## အတန်းအမည်

ဤအတန်းကို ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော ရှမ်းပြည်လုံး ဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး၌ "ဂုဏ်ထူးဆောင်တန်း" ဟုခေါ်တွင်စေရမည်။

## ဝင်ခွင့်ရနိုင်သည့် ပုဂ္ဂိုလ်

ဤအတန်း၌ ရဟန်းဖြစ်စေ, သာမဏေဖြစ်စေ ညောင်ရွှေမြို့၌ ကျင်း ပြုလုပ်အပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး စာချ တန်း(ရိုးရိုး)ကို အောင်မြင်ပြီးသော ပုဂ္ဂိုလ်များသာ ဝင်ရောက်ဖြေဆိုခွင့် ရှိစေရမည်။

## ပြဋ္ဌာန်းချက် ကျမ်းစာများ

၁၃၃၇-ခုနှစ်၊ (၄၁) ကြိမ်မြောက် ညောင်ရွှေမြို့၌ ကျင်းပပြုလု သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီးမှစ၍ "ဝိနယာ

ဒိနုဂ္ဂဟ ဂုဏ်ထူးဆောင်တန်း'' နံပါတ်(၁)အုပ်စုအဖြစ် အောက်ပါ ကျမ်းစာများကို ပြဋ္ဌာန်းလိုက်ပါသည်။

၁။ ဝိနည်းငါးကျမ်း (ဆင့်မှု) နံပါတ်(၁)အုပ်စု။

(က) ပါရာဇိကကဏ္ဍပါဠိတော်။

(ခ) ပါစိတ္တိယပါဠိတော်။

(ဂ) မဟာဝဂ္ဂပါဠိတော်။

(ဃ) စူဠဝဂ္ဂပါဠိတော်။

(င) ပရိဝါရပါဠိတော်။

အထက်ပါနံပါတ်(၁)အုပ်စု ငါးကျမ်းတို့တွင် (က) (ခ) (ဂ) (ဃ) (င) ကျမ်းစဉ်အတိုင်း တကျမ်းကိုဖြစ်စေ, နှစ်ကျမ်းကိုဖြစ်စေ ဖြေဆိုခွင့်ရှိသည်၊ (တနှစ်တည်း၌ နှစ်ကျမ်းထက်ပို၍ ဖြေဆိုခွင့် မရှိစေရ)

ဖြေဆိုသည့် ကျမ်းစာများအနက် အောင်မြင်သောကျမ်းကို အအောင်ပေး၍၊ မအောင်မြင်သေးသော ကျမ်းစာများကို နောက် နောက်နှစ်တို့၌ ဆက်လက်ဖြေဆိုခွင့်ပြုသည်။

ဖြေဆိုဆဲကျမ်းစာတမျိုးမျိုး မအောင်မြင်သေးမီ ယင်းကျမ်းစာအစား အခြားကျမ်းစာများကို ပြောင်းလဲ၍ ဖြေဆိုခွင့် မရှိစေရ။

မှတ်ချက်။ ။ဤအတန်း၌ ပြဋ္ဌာန်းချက်ကျမ်းစာများကို စာပြန်ပွဲတော် ထိန်းသိမ်းစောင့်ရှောက်ရေး သံဃနာယကဦးစီးအဖွဲ့ချုပ် နာယကဆရာတော်ကြီးများ၊ သံဃာ့ဝန်ဆောင်အဖွဲ့ ဉက္ကဋ္ဌ ဆရာတော်ကြီးများက အခါအားလျော်စွာသင့်လျော်သည့် နိကာယ်ပါဠိတော် ကျမ်းစာများကို တိုးချဲ့ပြဋ္ဌာန်းပေးပါမည်။

## စာမေးပွဲ ကျင်းပပုံ အခြင်းအရာ

ဤဝိနယာဒိနုဂ္ဂဟ ဂုဏ်ထူးဆောင်တန်း စာမေးပွဲတော်ကို (တကျမ်းတကျမ်းလျှင်)—

(က) အာဂုမ်ရေးဖြေ။

(ခ) အနက်အဓိပ္ပါယ် ရေးဖြေ-ဟု နှစ်ပိုင်းခွဲ၍ နှစ်ရက်စီ ကျင်းပမည်။

ပထမနေ့၌ (က) ပါဠိတော်သက်သက် အာဂုမ်ရေးဖြေရန် ၁၀-ပုစ္ဆာ ဆင်ထုတ်မေးမြန်းရမည်၊ တပုစ္ဆာလျှင် (က) (ခ) (ဂ) ဟု ခွဲခြား၍ သုံးမျိုးစီ မေးမြန်းရမည်၊ ၁၀-ပုစ္ဆာလုံးအတွက် (ဆဋ္ဌမူ)ပါဠိစာကြောင်းရေ ၁၅၀-အောက်မနည်း၊ ၂၀၀-ထက် မပိုလွန်စေရ။

တပုစ္ဆာလျှင် ၁၀-မှတ်စီထား၍၊ အက္ခရာငါးလုံး မှားယွင်းတိုင်း ၁-မှတ်ကျစီ လျှော့ရမည်၊ ပါဒ (သို့မဟုတ်) ဂါထာလိုက် ကျနေလျှင်သော်လည်းကောင်း၊ ပိုနေလျှင်သော်လည်းကောင်း (၄ ါးလုံး ၁-မှတ်) လျှော့စေရမည်။

ရာခိုင်နှုန်းအမှတ် (၈၀%) ရှစ်ဆယ်အောက်မနည်း ရမှသာ "အောင်မြင်သည်" ဟု သတ်မှတ်ရမည်။

ဒုတိယနေ့၌ (ခ) အနက်အဓိပ္ပါယ် ရေးဖြေရန် (၁၀) ပုစ္ဆာဆင်ထုတ်မေးမြန်းရမည်၊ (ပါဠိတော်သက်သက် အနက်ငါးပုစ္ဆာနှင့် အဋ္ဌကထာ, ဋီကာတို့မှလာသော အဓိပ္ပါယ်များကို ငါးပုစ္ဆာ မေးမြန်းရမည်)။

ရာခိုင်နှုန်းအမှတ် (၇၅%) ခုနစ်ဆယ့်ငါးမှတ်အောက် မနည်းရမှသာ "အောင်မြင်သည်" ဟု သတ်မှတ်ရမည်။

(က) အာဂုမ်ရေးဖြေ၊ (ခ) အနက်အဓိပ္ပါယ် ရေးဖြေ နှစ်မျိုးစလုံး အောင်မြင်မှသာ ထိုကျမ်းအတွက် အအောင်ပေးရမည်။

**ဘွဲ့ပုံလက်မှတ် ဆက်ကပ်ခြင်း**

အထက်ပါကျမ်းစာအုပ်များတွင် ကျမ်းစာအုပ် တအုပ်ကိုအောင်မြင်သော ပုဂ္ဂိုလ်အသီးအသီးအား အောင်မြင်သော ကျမ်းစာအုပ်အမည်ဖြင့် စာအောင်လက်မှတ် တစောင်ကျစီ ဆက်ကပ်ရမည်။

နံပါတ် (၁) အုပ်စု ဝိနည်းငါးကျမ်းလုံး အောင်မြင်သောပုဂ္ဂိုလ်အား (ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနုဂ္ဂဟ ဂုဏ်ထူးဆောင် ဝိနယဓရ) ဟူသော ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တုံးပါ ဆက်ကပ်လှူဒါန်းရမည်။

(ပုံ) ဦးဘောဘိတ (၁၈၊ ၈၊ ၇၄)
ဥက္ကဋ္ဌဆရာတော် သံဃာ့ဝန်ဆောင်အဖွဲ့
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနုဂ္ဂဟစာပြန်ပွဲအောင်
ထိန်းသိမ်းစောင့်ရှောက်ရေး
သံဃာ့အဖွဲ့ချုပ်ညောင်ရွှေမြို့။

၁၃၃၇-ခုနှစ်၊ နယုန်လ စာပြန်ပွဲတော်ကြီး၌-

(က) စာဖြေသံဃာ ၇၃၅-ပါး။
(ခ) စာပြန်သံဃာ ၂၄၆-ပါး။
(ဂ) နာယက, ဥက္ကဋ္ဌစသည် ၂၀၀-ပါး။
(ဃ) အထူးပင့်သံဃာ ၅၀-ပါး။

စုစုပေါင်းသံဃာ ၁၂၃၁-ပါး ပါဝင်လေသည်။

ဤနှစ် စာမေးပွဲတော်ကြီး စာချတန်း၌ ရဟန်းတော် (၃) ပါး ဝင်ရောက်ဖြေဆိုကြသော်သည်း၊ ကျမ်းအပျို့အဝက် (ကျမ်းစွဲ) သာ အောင်မြင်တော်မူကြ၍၊ ကျမ်းပြီးအောင် ပုဂ္ဂိုလ်မပေါ်ထွက်ပေ။

ယခုနှစ်မှစတင်ဖွင့်လှစ်ပေးသည့် ဝိနယာဒိနုဂ္ဂဟ ဂုဏ်ထူးဆောင်တန်း၌လည်း ပါရာဇိကကဏ္ဍပါဠိတော်နှင့် ပါစိတ္တိယ ပါဠိတော်နှစ်ကျမ်းကို ညောင်ရွှေမြို့ သာသနဝိပုလ စာသင်တိုက်မှ ဦးသက္ကဏ ပာဝိ အရှင်မြတ်တပါး ဖြေဆိုရာ တကျမ်းတဖွဲ့ကိုမျှ အောင်မြင်မှုမရသေးပဲရှိလေသည်။

၁၃၃၈-ခုနှစ်၊ နယုန်လစာပြန်ပွဲတော်ကြီး၌—

(က) စာဖြေသံဃာ ၈၀၂-ပါး။
(ခ) စာပြန်သံဃာ ၃၁၇-ပါး။
(ဂ) နာယက,ဥက္ကဋ္ဌစသည် ၂၀၀-ပါး။
(ဃ) အထူးပင့်သံဃာ ၅၀-ပါး။

စုစုပေါင်းသံဃာ ၁၃၆၉-ပါး ပါဝင်လေသည်။

"အစပဌမတူး-ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်"

ယခုနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း (ရိုးရိုး)၌ ရဟန်းတော် (၈) ပါး ဝင်ရောက် ဖြေဆိုတော်မူကြရာ ပါဠိ အဋ္ဌကထာ ကျမ်းကြီးသုံးစုံစလုံး ပြီးဆုံး အောင်မြင်တော်မူသည့် ဓမ္မစရိယ ရဟန်းတော် (၂) ပါး တိုးပွားတော်မူလေသည်၊

ယင်းတို့မှာကား–

၁။ အရှင်ရေဝတ၊ ''ဘဒ္ဒန္တ ရေဝတာဘိဝံသ, ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ''

၂။ ဦးဂုဏိဿရ၊ ''ဘဒ္ဒန္တ ဂုဏိဿရာဘိဝံသ, ရှမ်းပြည့်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ''

အရှင်သူမြတ်တို့ဖြစ်ပေသည်၊

(အထက်ပါအစီအစဉ်မှာ အောင်မှတ်များရာအလိုက် စီစဉ်ချမှတ်ခဲ့သည့် အောင်စဉ်နံပါတ် အစဉ်အတိုင်းဖြစ်ပေသည်။)

အထက်ပါ ဓမ္မာစရိယ အရှင်သူမြတ်နှစ်ပါးအနက် အရှင်ရေဝတမှာ-ညောင်ရွှေမြို့နယ် မိုင်းသောက် ပထမစာသင်တိုက်မှ နာယကဆရာတော် ဦးသုမင်္ဂလာဘိဝံသ၏ တပည့်ဖြစ်ပေသည်။

ဦးဂုဏိဿရမှာ-ညောင်ရွှေမြို့မ ကန်ကြီးပရိယတ္တိစာသင်တိုက်မှနာယက ဆရာတော် ဦးဝိမလာဘိဝံသ၏ တပည့်ဖြစ်ပေသည်။

ဝိနယာဒိနုဂ္ဂဟ ဂိုဏ်းထူးဆောင်တန်း၌မူ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက်မှ ဦးလက္ခဏာသာမိ အရှင်သူမြတ်တပါးသာ ပါရာဇိကကဏ္ဍ ပါဠိတော်တကျမ်းကို ဖြေဆိုတော်မူရာ အောင်မြင်မှုရရှိလေသည်။

ထို့ကြောင့် ဦးလက္ခဏာသာမိ အရှင်သူမြတ်အား ''ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟဂိုဏ်းထူးဆောင်တန်း ပါရာဇိကကဏ္ဍကျမ်းကို အောင်မြင်တော်မူသည်'' ဟူသော သီးခြားအောင်လက်မှတ်ကိုလည်းကောင်း၊ အထက်ဖော်ပြပါ ဝိနယာဒိနုဂ္ဂဟ စာချတန်း (ရိုးရိုး) ကို အောင်မြင်တော်မူသော ဓမ္မာစရိယ အရှင်သူမြတ်နှစ်ပါးတို့အား ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော်ကိုလည်းကောင်း၊ နယုန်လပြည့်ကျော် (၅) ရက်နေ့ အောင်ဆုနှင်းသဘင်အခမ်းအနား၌ မဟာနာယက ဆရာတော်ဘုရားကြီးက ချီးမြှင့်တော်မူလေသည်၊ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌက အောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းလေသည်။

(မွေ့ရာငြိုးပ အရှင်မြတ်နှစ်ပါးတို့၏ ဒုတိယပုပ္ပတ္တိအကျဉ်းချုပ်ကို ဤစာအုပ်နောက်ဆက်တွဲ၌ သီးခြားဖော်ပြထားပါသည်။)

၁၃၃၆-ခုနှစ်၊ ပထမဝါဒါဆိုကေစာပြန်ပွဲတော်ကြီး၌—

| | | |
|---|---|---|
| (က) | စာဖြေသံဃာ | ၉၁၈-ပါး။ |
| (ခ) | စာပြန်သံဃာ | ၄၇၈-ပါး။ |
| (ဂ) | နာယက, ဥက္ကဋ္ဌစသည် | ၂၀၀-ပါး။ |
| (ဃ) | အထူးပင့်သံဃာ | ၅၀-ပါး။ |
| | စုစုပေါင်းသံဃာ | ၁၆၄၆-ပါး ပါဝင်လေသည်။ |

ဤနှစ် ဝိနယာဒိနုဂ္ဂဟ စာချတန်း (ရိုးရိုး) ၌ ရဟန်းတော် (၉) ပါး ဝင်ရောက်ဖြေဆိုတော်မူရာ ပါဠိအဋ္ဌကထာကျမ်းကြီး သုံးစုံလုံးပြီးဆုံးအောင်မြင်တော်မူသည့် ဓမ္မာစရိယရဟန်းတော်(၂)ပါး ထွန်းကားတော်မူလေသည်၊ ယင်းတို့မှာကား—

၁။ အရှင်ကောဝိဒ၊ "ဘဒ္ဒန္တ ကောဝိဒါဘိဝံသ, ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

၂။ ဦးပညာနန္ဒ၊ "ဘဒ္ဒန္တပညာနန္ဒာဘိဝံသ, ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"

အရှင်မြတ်တို့ဖြစ်ပေသည်။

(အထက်ပါအစီအစဉ်မှာ အောင်မှတ်များရာအလိုက် စီစဉ်ချမှတ်ခဲ့သည့် အောင်စဉ်နံပါတ် အစဉ်အတိုင်းဖြစ်ပေသည်။)

ယင်းဓမ္မာစရိယအရှင်မြတ်(၂)ပါးအနက် အရှင်ကောဝိဒမှာ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ သိမ်တောင်ဆရာတော် ဦးဆန္ဒာဓိကာ၏ တပည့်ဖြစ်ပေသည်။

ဦးပညာနန္ဒမှာ တောင်ကြီးမြို့၊ ပထမတောင်ကျောင်းကြီးတိုက်မှ မဟာနာယကဆရာတော် ဦးနရိန္ဒ၏ တပည့်ဖြစ်ပေသည်။

အထက်ပါ ဓမ္မာစရိယ အရှင်မြတ်နှစ်ပါးတို့အား ပထမဝါဆိုလပြည့်ကျော် (၅)ရက်နေ့၊ ဝိနယာဒိနုဂ္ဂဟ အောင်ဆုနှင်းသဘင်အခမ်းအနား၌ သံဃနာယကဉ ဦးစီးအဖွဲ့ချုပ် မဟာနာယက ဆရာတော်ဘုရားကြီးက ဘွဲ့ပုံလက်မှတ်နှင့်တံဆိပ်တော်ကို ချီးမြှင့်တော်မူ၍၊ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌက အောင်ဆုတော်များကို ဆက်ကပ်လှူဒါန်းလေသည်။

(ဓမ္မာစရိယအရှင်မြတ်နှစ်ပါး၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဤစာအုပ်နောက်ဆက်တွဲ၌ သီးခြားဖော်ပြထားပါသည်။)

## ဝိနယာဒိန္နဂ္ဂဟ တတိယ ၁၆-နှစ်တာ သံဃာစာရင်းချုပ်

| အမှတ်စဉ် | သက္ကရာဇ် | ဖြေ အကြိမ် | ပြန် အကြိမ် | ဖြေ သံဃာ | ပြန် သံဃာ | နှစ်ရပ်ပေါင်း | နာယက ဥက္ကဋ္ဌ စသည် | စုစုပေါင်း သံဃာ | အကြောင်းထူး |
|---|---|---|---|---|---|---|---|---|---|
| ၃၁ | ၁၃၂၄ | ၂၈ | ၃၁ | ၄၄၉ | ၄၄၅ | ၈၉၄ | ၁၅၀ | ၁၀၄၄ | ပြဋ္ဌာန်းချက်အနည်းငယ်ပြင် |
| ၃၂ | ၁၃၂၅ | ၂၉ | ၃၂ | ၃၇၂ | ၄၉၅ | ၈၆၇ | ၁၅၀ | ၁၀၁၇ | |
| ၃၃ | ၁၃၂၆ | ၃၀ | ၃၃ | ၄၄၅ | ၄၂၂ | ၈၆၇ | ၁၅၀ | ၁၀၁၇ | |
| ၃၄ | ၁၃၂၇ | ၃၁ | ၃၄ | ၄၆၁ | ၃၂၉ | ၇၉၀ | ၁၅၀ | ၉၄၀ | |
| ၃၅ | ၁၃၂၈ | ၃၂ | ၃၅ | ၅၀၆ | ၃၇၆ | ၈၈၂ | ၁၅၀ | ၁၀၃၂ | စည်းမျဉ်းဆွဲအဖွဲ့ ဖွဲ့ |
| ၃၆ | ၁၃၂၉ | ၃၃ | ၃၆ | ၄၄၅ | ၄၆၅ | ၉၁၀ | ၁၅၀ | ၁၀၆၀ | စည်းမျဉ်း အတည်ပြု |
| ၃၇ | ၁၃၃၀ | ၃၄ | ၃၇ | ၄၉၈ | ၄၂၁ | ၉၂၀ | ၁၅၀ | ၁၀၇၀ | စာချတန်း ပြန်လည် |
| ၃၈ | ၁၃၃၁ | ၃၅ | ၃၈ | ၅၄၆ | ၃၂၈ | ၈၇၄ | ၁၈၇ | ၁၀၆၁ | ပြဋ္ဌာန်း |
| ၃၉ | ၁၃၃၂ | ၃၆ | ၃၉ | ၆၅၄ | ၃၂၈ | ၉၈၂ | ၂၅၀ | ၁၂၃၂ | |
| ၄၀ | ၁၃၃၃ | ၃၇ | ၄၀ | ၆[illegible]၇ | ၅၄၀ | ၁၂၁၇ | ၁၅၁ | ၁၃၆၇ | |
| ၄၁ | ၁၃၃၄ | ၃၈ | ၄၁ | ၈၇၃ | ၈၀၉ | ၁၆၈၂ | ၁၅၀ | ၁၈၃၂ | |
| ၄၂ | ၁၃၃၅ | ၃၉ | ၄၂ | ၈၆၁ | ၅၇၈ | ၁၄၃၉ | ၂၅၀ | ၁၆၈၉ | ရက်တိုးကျင်းပ |
| ၄၃ | ၁၃၃၆ | ၄၀ | ၄၃ | ၆၇၈ | ၃၀၈ | ၉၈၆ | ၂၅၀ | ၁၂၃၆ | ကျမ်းစာပြင် |
| ၄၄ | ၁၃၃၇ | ၄၁ | ၄၄ | ၇၃၅ | ၂၄၆ | ၉၈၁ | ၂၅၀ | ၁၂၃၁ | ဂုဏ်ထူးဆောင် |
| ၄၅ | ၁၃၃၈ | ၄၂ | ၄၅ | ၈၀၂ | ၃၁၇ | ၁၁၁၉ | ၂၅၀ | ၁၃၆၉ | တန်းပြဋ္ဌာန်း |
| ၄၆ | ၁၃၃၉ | ၄၃ | ၄၆ | ၉၁၈ | ၄၇၈ | ၁၃၉၆ | ၂၅၀ | ၁၆၄၆ | |

ဤတွင် ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိန္နဂ္ဂဟ

စာပြန်ပွဲတော်ကြီးသမိုင်း(တတိယပိုင်း)

တ ခန်း ရပ်

## ၁၃၀၇-ခုပထမဝါဆိုလ ညောင်ရွှေမြို့
## ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲ့စာမေးပွဲဘော်နှစ်ပွဲလုံး၌
## ပထမ ရှေးဦးစွာ တန်းကုန်အောင်မြင်တော်မူ၍
## ဇိနသသပထမကျော် ဘွဲ့ထူးကို ခံယူရရှိတော်မူသော
## ရဟန်းတော်အရှင် ဦးကရေစိက၏
## အတ္ထုပ္ပတ္တိ စာတမ်း အကျဉ်းချုပ်

---

ဦးကရဝိက အရှင်မြတ်သည် ညောင်ရွှေနယ် အင်းလေးကန်, ဟဲ့ယာရွာမ ရှေ့ရပ်ငယ်နေ အဘ ဘုရားဒကာ ဦးထွန်းစံ-အမိဒေါ်ချိန်တို့မှ ၁၂၈၂ ခုနှစ်၌ ဖွားမြင်တော်မူသော သားကောင်းသားမြတ်ရတနာ တဦးဖြစ်ပါကြောင်း။

၁၂၉၇- ခုနှစ်၌ ဟဲယာရွာမ ပြင်ကျောင်းဆရာတော် ဦးပညာဝံသ အရှင်သူမြတ်ထံတွင် သာမဏေအဖြစ်ကို ခံယူတော်မူပြီးနောက်၊ ၁၂၉၈-ခုနှစ်သို့ ကျရောက်သောအခါ ထိုဆရာတော်ဘုရားကြီး ညွှန်ပြန့်ကြားချက်အရ၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလ ဂန္ထာဝါစက ဖြစ်တော်မူကြပေကုန်သော ယခု ဟဲယာရွာမဂိုဏ်းကြီး၏ ဦးစီးနာယက ကျောင်းနီကျောင်း ဂိုဏ်းအုပ်ဆရာတော် အရှင်သီရိသောဘိတ မာထရ်မြတ်နှင့် ယခုအင်းခြံကျောင်းဆရာတော် အရှင် သီရိပဏ္ဍဝါဘိဝံသ မထေရ်မြတ်နှစ်ပါးတို့၏ အထံတော်၌ နည်းနာနိဿယမျာ:ကို ခံယူလျက် မော်လမြိုင်မြို့တောင်ပေါက်ကျောင်း စာသင်တိုက်ကြီး၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဝေယန်ဘုံသာ ဆရာတော်ဘုရားကြီး၏ ခြေရင်းတော်အောက်၌ ဝေယန်ဘုံသာ စာသင်နည်းအရ ပရိယတ်များကို သင်ကြား အားထုတ်နေသိုင်ပြီး၊ ထိုမော်လမြိုင်မြို့၌ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲများကို အစဉ်အတိုင်း တဆင့်ပြီးတဆင့် ဝင်ရောက်လာခဲ့ရာ ၁၃၀၁-ခုနှစ်သို့ ရောက်သောအခါ ထိုစာမေးပွဲ တတိယအဆင့်အတန်း၌ ပထမဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုနောက် မော်လမြိုင်မြို့ ချမ်းရေပ် ကျောင်းအမကြီး ဒေါ်မယ်ခယ်က စတုပစ္စယ ရဟန်းဒါယကာအဖြစ် ခံယူသဖြင့် ၁၃၀၁-ခုနှစ်၊မော်လမြိုင်မြို့၌ပင်ဥပသမ္ပဒရဟန်းအဖြစ်သို့ ရောက်ရှိပြီးနောက် အမိအဖ ဒါယကာတို့က–

ဥပသမ္ပဒ အကျိုးကို ခံယူလိုပါသောကြောင့် ၁၃၀၂-ခုနှစ်၌ တဖန်သိက္ခာ ပေါင်း၌ ထပ်မံ၍ ဒုတိယအကြိမ် သိက္ခာထပ်ခြင်း ဥပသမ္ပဒကံကို ပြုပြီး၍ ထို ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲ စတုတ္ထအဆင့်အတန်းကို ပထမဂုဏ်းထူးဖြင့် ၁၃၀၂-ခုနှစ်မှာပင် အောင်မြင်တော်မူခဲ့ပါကြောင်း။

၎င်းနောက် ၁၃၀၃-ခုနှစ်၌ စစ်မဟာအန္တရာယ်ကြောင့် နေရင်းဌာန သို့ပြန်ရောက်ခဲ့ရာ မူလဆရာ ပြင်ကျောင်းကုန်းတော်ကြီး ဦးပညာဝံသ၏ ညွှန် ကြားချက်အရ၊ မန္တလေးမြို့ ဧကျသီဟ ရေိယတ္တိသာသနာဟိတ ဓမ္မာရိယဖြစ် တော်မူသော ပဲခုသာလေးဟောင်ကျောင်းဆရာတော် အရှင်သိရိနေမိန္ဒာဘိဝံ သ မဟာထေရ်မြတ်၏ ခြေတော်ရင်း၌ တဖန် ပရိယတ်များကို ဆက်လက်သင်ကြား အားထုတ်လာခဲ့ရာ ၁၃၀၅-ခုနှစ်၊ ဝိနယာဒိနိဂ္ဂဟစာမေးပွဲတော်ကြီး၌ ပဌမ ကျော်ကန်းကို ဖြေဆိုအောင်မြင်တော်မူပြီးသည့်နောက် ယခု (၁၃၀၇)ခုနှစ် စာပြန်ပွဲတွင် ပဌမကျော်ကန်းကို အာဒိကမ္မိက ဝိနယသာသ ပဌမကျော်ဂုဏ် ထူးဖြင့် ရှေ့ဦးစွာ အောင်ပန်းကို ဆင်မြန်းရရှိတော်မူသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ် တဦးဖြစ်ပါကြောင်း။

ထိုကဲ့သို့ ညောင်ရွှေမြို့ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲ စာမေးပွဲတော် နှစ်ပွဲ လုံး၌ အကြွင်းမရှိ အပြန်းကုန် အောင်မြင်တော်မူခြင်းကြောင့် စာပြန်ပွဲ ဘောဟ်စည်းကမ်းဥပဒေ ပုဒ်မနံပါတ် (၄)အရ- ညောင်ရွှေမြို့ သာသနဒါယ ကာ တကာတော်စော်ဘွားကြီးက သရေတော်အဖြစ်ဖြင့် အသိအမှတ်ပြု၍ ကိုး ကွယ်ချီးမြှောက်တော်မူသည့်အပြင် ထိုဟုန်းဘော်အမျှင် ဦးကရဝိက၏ မိဘ အရင်းဖြစ်သော ဘုရားဒကာ ဦးထွန်းစံ-ဒေါ်ချိန်တို့ကိုလည်း ထမ်းဆောင် မြဲဖြစ်သော အဂ္ဂပ်ချုပ် အခွန်ဘော်ကမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည် ဖြစ်ပါကြောင်း။ ။

## ပဌမကျော် အောင်ပန်းကို ဆွတ်ခူးဆင်မြန်းရရှိတော်မူသော

## အင်းခြံကျောင်း ဦးအာစရ၏

## အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

၁၃၀၈-ခုနှစ် ပဌမကျော်အောင်ပန်းကို ဆင်မြန်းရရှိဘော်မူသော အင်းခြံရွာ သဒ္ဓမ္မာလင်္ကာရကျောင်းမှ ဦးအာစရ အရှင်မြတ်သည်ကား ဟဲယာရွာ ရှေ့ရပ်ငယ်အရပ်နေ ဦးဘိုးလုံး၊ ဒေါ်အိုတို့မှ ၁၂၈၀- ပြည့်နှစ်၊ တန်ဆောင်မုန်း လဆန်း ၁၄-ရက်၊ ဟနင်္ဂနွေနေ့တွင် ဖွားမြင်ထွန်းကားခဲ့ပါကြောင်း။

မိဘဖြစ်သူဦးဘိုးလုံး ဒေါ်အိုတို့မှာမိဘတို့၏ဝတ္တရားရှိသည့်အလျောက် နေခင်အခါတွင် ရှမ်းပြည်နယ်၏ သားကောင်းရတနာ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တဦးဖြစ်လတံ့သော ထိုသူငယ်ကို အသက် ၇-နှစ်အရွယ်တွင် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ရွာမပြင်ကျောင်းဆရာ ဘုန်းတော်ကြီး ဦးကုသလ အထံတွင် ကျောင်းအပ် မင်္ဂလာပြုလုပ်၍၊ ဘုန်းတော်ကြီး ဦးကုသလက သူငယ်ကျောင်းသားများတတ်အပ်သော အတတ်ပညာကို ခန်းနေဦးပဏ္ဍဝအထံ အပ်နှံသင်ကြားစေပြီးမှ အသက်၁၃-နှစ် အရောက်တွင် မိဘများကိုယ်တိုင်ရှင် ဒါယကာအဖြစ် ခံယူကြ၍၊ ၎င်း ပြင်ကျောင်းဘုန်းတော်ကြီးအထံ၌ပင် သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ ဆင်ယင်းကျင်းပကာ ရှင်အာစရ ဘွဲ့သညာကို ခံယူစေလျက် ပရိယတ်အခြေခံ သဒ္ဒါ သင်္ဂြိုဟ်စသောကျမ်းဂန်များကို ကျစ်လစ်သေချာလေ့လာစေ၍ ၁၃-နှစ်အရွယ်မှာပင် ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ် စာပြန်ပွဲတော်ကြီးတွင် ပထမငယ်အထက်တန်း၌ အောင်ပန်းဆင်မြန်း ဆွတ်ခူးခဲ့လေသည်။

ထိုအတန်းကို အောင်မြင်ပြီးနောက်တနှစ်တွင် စာပြန်ပွဲတော်သင်ခန်းစာများ ပြုပြင်ပြောင်းလဲပြန်သည့်အတွက် ၁၄-နှစ်အရွယ်တွင်လည်း ၎င်းအငယ်အထက်တန်းကို ဝင်ရောက်ပြန်ဆိုအောင်မြင်ပြန်လေသည်၊ အသက်၁၅-နှစ်အရွယ်တွင် ပထမလတ်အောက်တန်း၌ ပြန်ဆိုအောင်မြင်၍ အသက်၁၆-နှစ်တွင် ပထမလတ်အထက်အာဂုမ်ပြန်တန်းနှင့် ခက်ခဲနက်နဲ၍ ပရိယတ်အခြေခံရှိသူတို့သာ သက်ဝင်ကျက်စားရာဖြစ်သော ပုစ္ဆာမေးဖြေပွဲကြီး၌ မထမငယ်

တန်းကိုလည်း ဖြေဆိုအောင်မြင်ပြန်လေသည်၊ ၎င်းနောက်ယခု အင်းခြံရွာ သဒ္ဓမ္မာလင်္ကာရကျောင်းဘုန်းတော်ကြီး အရှင်ပဏ္ဍဝါဘိဝံသနှင့်အတူ မော်လမြိုင်မြို့သို့လိုက်ကြ၍ မော်လမြိုင်မြို့ တောင်ပေါက်ကျောင်း "ဆဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ဘော်ရ မဟာဝေယန်ဘုံသာ ဆရာတော်၏ ခြေတော်ရင်း၌ ပညာဗဟုသုတ အဝဝတို့ကို သင်ယူမှတ်သား အားထုတ်ခဲ့သည် ဖြစ်ပါကြောင်း။

အသက်၁၈-နှစ်တွင် ဤစ ပြန်၍ ပထမကြီးအောက်တန်း အာဂုမ်ပြန်နှင့် ပုစ္ဆာဖြေပွဲတော် ပထမလတ်တန်းကိုလည်း ဝင်ရောက်ဖြေဆိုအောင်မြင်ပြန်လေသည်၊ ၎င်းနောက် သာမဏေ ရှင်အာစရကို အသက် ၁၉-နှစ်၊ ၄-လအရတွင် ဟဲ့ယာရွာမ ရွှေရပ်ငယ်အရပ်နေ ကိုထွန်းရ, မစောကြွေတို့က ရဟန်းဒါယကာအဖြစ် ခံယူကြလျက် အင်းခြံကျောင်းဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ဆရာပြု၍ ၁၂၉၈-ခုနှစ်၊ တပေါင်းသဆန်း (၇) ရက်နေ့ ရဟန်းအဖြစ်သို့ တဆင့်တိုး၍ မြှင့်တင်ကိုးကွယ်ကြလေသည်။

ဦးအာစရ အရှင်မြတ်သည် ရဟန်းအဖြစ်သို့ရောက်၍ ဝါမရမီပင် ပထမကြီးအောက်တန်းနှင့် ပုစ္ဆာဖြေ ပထမလယ်တန်းတို့ကို ဝင်ရောက်ဖြေဆိုအောင်မြင်ပြီးနောက် မော်လမြိုင်မြို့သို့ တကာတော် စော်ဘွားကြီး၏ အထောက်အပံ့ဖြင့် ပညာသင် ကြွရောက်နေဆဲအခါ မော်လမြိုင်မြို့ရှိ ပရိယတ္တိသဒ္ဓမ္မပါလ အသင်းစာချောက်မေးပွဲ၌ ပထမ–ဒုတိယ–တတိယ အဆင့်တို့ကို ဝင်ရောက်ဖြေဆိုရာ ဒုတိယအဆင့်၌ ပထမအောင်ပန်းကို ဆွတ်ခူးရရှိခြင်း၊ တတိယအဆင့်၌ တတိယအောင်ပန်းကို ဆွတ်ခူးရရှိခြင်း၊ ဝိနယမာမကအသင်းစာပြန်ဖြေပွဲတွင် ပထမ-ဒုတိယအဆင့်တို့ကို ပြန်ဖြေအောင်မြင်ခဲ့ခြင်း စသည်ဖြင့် ပရိယတ်အရည်အသွေးကို ပြတော်မူခဲ့လေသည်။

ဦးအာစရ အရှင်မြတ်သည် ၁၃၀၅-ခုနှစ်တွင် ပထမကြီးအထက်တန်းနှင့် ပုစ္ဆာဖြေပထမကြီးတန်းတို့ကို ဝင်ရောက်ပြန်ဖြေရာ နှစ်ပွဲလုံး၌ပင် "ပထမ" အောင်ပန်းကို ရရှိပြန်လေသည်၊ လွန်ခဲ့သော ၁၃၀၇-ခုနှစ်က ပထမကျော်တန်းကို ဝင်ရောက်ဖြေဆို အောင်မြင်တော်မူပြီးဖြစ်၍၊ ယခု ၁၃၀၈ ခုနှစ်တွင် ဝိသေသပထမကျော်တန်းကို ဝင်ရောက်ပြန်ဆို အောင်မြင်တော်မူသည် ဖြစ်ပါသောကြောင့် ညောင်ရွှေမြို့ သာသနာပြု, သာသနဒါယကာ မဟာရာဇာ အရှင်သုခင်တော်ကြီး ဘုရား၏ ကိုးစားယုံကြည်အပ်သော ဆရာတော် အဖြစ် ကိုးကွယ်ဆည်းကပ်ခြင်းနှင့်ထကွ လစဉ်ပြတ် နိဗဒ်မချွတ် ဆွမ်းဆန်တော် အလှူဝတ်ကိုလည်း ရိုညွတ်ကော်ရော် ပူဇော်လှူဒါန်းခြင်းတို့ကို ခံယူရရှိတော်မူခဲ့လေသတည်း။

၁၃၃၁-ခုနှစ်၊ နယုန်လတွင်
ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲဘော်ကြီး
စာချတန်း အောင်ပန်းကို ဆွတ်လှမ်းတော်မူပြီးသော
အရှင်ကောသလ္လာယနစ်၏ အတ္တုပ္ပတ္တိ အကျဉ်း

---

အသက် ၃၂–နှစ်၊
သိက္ခာ ၁၂–ဝါ၊

၁။ **မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်၊**

အင်းလေးဒေသ၊ အင်းလျားရွာနေ ဦးညို–ဒေါ်သိန်းတင်တို့၏ သားရတနာဖြစ်ပါသည်။

၂။ **သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊**

၁၃၂၀-ခုနှစ်၊ တကူးလဆန်း ၆ ရက်နေ့ ဖြစ်ပါသည်။

၃။ **ရဟန်းဘောင်သို့ တက်ရောက်သည့်နေ့ရက်၊**

၁၃၂၇–ခုနှစ်၊ ပြာသိုလဆုတ် (၉) ရက်နေ့ ဖြစ်ပါသည်။

၄။ **အောင်မြင်ခဲ့သော စာမေးပွဲများ၊**

အစိုးရငယ်, လတ်, ကြီးနှင့် စာချတန်း (၁၃၂၉) ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတွင် ပ–ဒု–တ စ-မ-ဆဋ္ဌမတန်းနှင့် စာချတန်းတို့ကို အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

၅။ **စာလိုက်ခဲ့ဘူးသော ဆရာတော်နှင့် ကျောင်းတိုက်၊**

ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော်နှင့် စာချ ဘုန်းကြီးများ၊ ညောင်တုန်းမြို့ ရွှေဟသ္သာတောရတိုက်မှ စာချဘုန်းကြီးများဖြစ်ကြပါသည်။

၆။ **မည်သည့်ကျောင်းတိုက်၊မည်သည့်ဆရာတော်အထံ၌ စာဝါလိုက်၍ အောင်မြင်သည်၊**

ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော်အထံ၌ စာဝါလိုက်၍ ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယဘန်းကို အောင်ပန်းဆွတ်ခူးသည်။

၇။ ယခု သီတင်းသုံးသဲကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ၊

ယခုအခါ အင်းလေးဒေသ အင်းလျားကျောင်းတွင် သီတင်းသုံးလျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

၁၃၃၂-ခုနှစ်၊ နယုန်လတွင်

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ

စာချတန်းကို အောင်မြင်သော

တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်

အရှင်လက္ခဏာသာမိ ဘိဝံသ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

---

၁။ မိဘနှစ်ပါးတို့၏ အမည်နှင့်နေရပ်၊

အရှင်လက္ခဏာသာမိဘိဝံသသည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်ဟရားတိုက်၊ စင်းစုပ်ကျေးရွာနေ အဘဦးချိန်-အမိ ဒေါ်နန်းမုတ်တို့မှ ၁၃၀၉-ခုနှစ်၊ တပို့တွဲလပြည့်(ဗုဒ္ဓဟူး)နေ့၊ နံနက် စက်(၇)နာရီတွင် ဖွားမြင်သော ဒုတိယ သားဦးရတနာ ဖြစ်ပါသည်။

၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊

ပင်လောင်းမြို့နယ် စင်းစုပ်ကျေးရွာ-ရွာဦးကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ၁၃၂၁-ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၃။ ရဟန်းဘောင်သို့ ရောက်သည့်နေ့ရက်၊ဒါယကာနှင့် ဥပဇ္ဈာယ်ဆရာတော်၊

တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက် ခဏ္ဍသိမ်၌ ရွှေဥဒေါင်း တောင်တောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် တောင်ကြီးမြို့ ကန်အောက်ရပ် စရပ်ဒကာ ဦးသုနန္ဒာ-ဒေါ်နန်းလီ၊ ဈေးပိုင်းရပ်၊ ရွှေပန်းထိမ်ဆရာ ဦးပျော့-ဒေါ်နန်းဒိုး သားသမီးထစုနှင့် မိဘများက ပစ္စယာနုဂ္ဂဟ ချီးမြှောက်ကြ၍၊ ၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်၊သောကြာနေ့တွင် ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့ပါသည်။

၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊

၁။ ညောင်ရွှေမြို့၌ ကျင်းပသော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဝိနိစ္ဆယ စာပြန်ပွဲတော်ကြီး ပထမ—ဒုတိယ—တတိယ-စတုတ္ထ-ပဉ္စမတန်း (ပြန်×ဖြေ) ဆဋ္ဌမတန်း ပြန်ပွဲများကိုလည်းကောင်း၊

၂။ နိုင်ငံတော်အစိုးရစာမေးပွဲ အငယ်—အလတ်—အကြီးတန်းနှင့်စာချတန်း၊ ကျမ်းရင်းသုံးကျမ်းနှင့် မြန်မာ ဂုဏ်ထူးဆောင် တန်းကိုလည်းကောင်း၊

၃။ ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာမေးပွဲကြီး၌ စာသင်တန်းနှင့် စာချတန်း ပါရာဇိကကဏ္ဍ တစ်ကျမ်းကိုလည်းကောင်း၊

၄။ ရန်ကုန်မြို့ မင်္ဂလာတေတိဝိသုဒ္ဓိ အသင်းကြီး၏ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အာဂုံစာပြန်ပွဲတော်ကြီး၌ အောက် ယမိုက်ငါးကျမ်းကို လည်းကောင်း၊

၅။ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အာဂုံ စာပြန်ပွဲတော်ကြီး၌ ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းကို လည်းကောင်း၊

၆။ မော်လမြိုင်မြို့ သုသမာစာရ ပရိယတ္တိစာပြန်ပွဲတော်ကြီး၌ ပထမငယ်၊ ပထမလတ်တန်းများကိုလည်းကောင်း သာမန်စာအောင်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပါသည်။

၇။ အထူးသဖြင့် ဝိနယာဝိနိစ္ဆယ စာပြန်ပွဲတော်ကြီး ပဉ္စမတန်းအာဂုံပြန်ပွဲ ဆဋ္ဌမတန်းအံဖြေပွဲနှင့် ဓမ္မာစရိယစာချတန်းကိုရင်း။

၈။ မြင်းခြံမြို့ မဟာဝိသုတာရာမိက ပရိယတ္တိသာသနပါလ စာပြန်ပွဲတော်ကြီး၌ ပထမကြီးကိုလည်းကောင်း။

၉။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက 'မင်းကွန်း' ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှစ်ကျိပ်ရှစ်ဆူ ဝိနယာနုဂ္ဂဟ စာပြန်ပွဲတော်ကြီး၌ ပထမငယ်တန်းကိုလည်းကောင်း ဤစာပြန်ပွဲတော် ငါးပွဲတို့ကို အမှတ်အများဆုံးဖြင့် 'တစ်စွဲကာ' အောင်မြင်တော်မူပါသည်။

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာချတန်းကိုရင်း၊ နိုင်ငံတော်အစိုးရ စာချတန်းကိုလည်းကောင်း ဖြေဆိုအောင်မြင်တော်မူသောကြောင့် "ဘဒ္ဒန္တလက္ခဏာသာမိဘိဝံသ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ" ဟူသော ဘွဲ့တံဆိပ်တော်နှင့် "အရှင်လက္ခဏာသာမိ သာသနဓဇသိရိပဝရ ဓမ္မာစရိယ" ဟူသောဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့ပါသည်။(စုစုပေါင်း စာပြန်ပွဲတော် ၂၄-ပွဲကို အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။)

၅။ မည်သည့်ကျောင်းတိုက် မည်သည့်ဆရာတော်ထံ၌ စာဝါလိုက်၍ အောင်ပန်းဆွတ်ခူးသည်

တောင်ကြီးမြို့ပထမတောင်ကျောင်းကြီးပရိယတ္တိစာသင်တိုက် ဝိနယရေမဟာနာယကဆရာတော် ဦးနရိန္ဒအထံတော်၌ စာဝါလိုက်၍၊ ၁၃၃၂-ခုနှစ်၊ ညောင်ရွှေမြို့၌ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ စာချတန်းကို အောင်မြင်တော်မူခဲ့ပါသည်။

၆။ စာလိုက်ခဲ့သော ဆရာတော်များနှင့် ကျောင်းတိုက်

၁။ စင်းစုပ်ကျေးရွာ၊ ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးအရိယဝံသနှင့် ဦးနန္ဒဝံသ၊

၂၊ ညောင်ရွှေမြို့ သာသနဝိပုလရွှေဂူစာသင်တိုက် နာယက ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ သံဃာ့ရာဇာ ဂိုဏ်းချုပ် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယဆရာတော်ကြီး ဦးအာစရ၊

၎င်းတိုက် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သာသနဓဇသိရိပဝရဓမ္မာစရိယ အရှင်ဝိလာသာဘိဝံသ၊

၎င်းတိုက် သာသနဓဇသိရိပဝရဓမ္မာစရိယ အရှင်မဟိန္ဒ၊ ဦးဝိဇယ၊ ဦးကဝိဓဇ၊

၃။ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောဘိတ၊

၎င်းတိုက် တိုက်အုပ် မူလစာချဆရာတော် ဦးအာစရ၊ 'သ၊ စ၊ အ' ဓမ္မာစရိယ ဦးတိလောကာဘိဝံသ၊ 'သ၊အ' ဓမ္မာစရိယ ဦးသုမင်္ဂလာဘိဝံသ၊ အစိုးရဓမ္မာစရိယ ဦးသာဓိန။

၄။ တောင်ကြီးမြို့ပထမတောင် ကျောင်းကြီးတိုက် ဦးစီးမဟာနာယက ဆရာတော် အရှင်နန္ဒိယ၊

၅။ မန္တလေးမြို့ မိုးကောင်းတိုက်၊ ဝါတန်းကျောင်းစာချဆရာတော် ဦးဉာဏ၊ မဟာနန္ဒိသေနာရာမတိုက် ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးနန္ဒိသေန၊ ယင်းတိုက် ''သ၊စ၊အ''ဓမ္မာစရိယ ဦးအရိယာဘိဝံသ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူ အရှင်တိလောက။

ကောင်ထီးလင်းတိုက် ဇောတိကာရုံကျောင်း သာသနဓဇသိရီပဝရ ဓမ္မာစရိယ အရှင်ဝိစာရာဘိဝံသ။

၆။ ညောင်ရွှေမြို့နယ် ဇလဲဂိုဏ်းနောင်ပယ်ကျောင်း ဆရာတော် ဦးကုန္ဒာစက္က တို့ဖြစ်ကြသည်။

၆။ယခုသီတင်းသုံးဆဲကျောင်းတိုက်၊

အရှင်လက္ခဏာသာမိဘိဝံသသည် ယခုအခါတောင်ကြီးမြို့ အေးစေတီကျောင်း၌ သီတင်းသုံးနေထိုင်တော်မူ၍ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

၁၃၃၃-ခုနှစ်၊ နယုန်လတွင်

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယဒိနိဂ္ဂဟစာမေးပွဲတော်ကြီး

စာချတန်းအောင်ပန်းကို ဆွတ်ခူးတော်မူပြီးသော

## အရှင်ဝိဇယာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

အသက် ၂၇-နှစ်၊

သိက္ခာ ၇-ဝါ

**၁။ မိဘနှစ်ပါးတို့၏ အမည်နှင့်နေရပ်၊**

ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ခေါင်တိုင်ရွာနေ ဦးတင့်နှီ ဒေါ်ချစ်နွယ်တို့၏ သားရတနာဖြစ်ပါသည်၊

**၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊**

၁၃၂၄-ခုနှစ်၊ ပြာသိုလဆန်း၊(၆)ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။

**၃။ ရဟန်းဘောင်သို့ တက်ရောက်သည့်နေ့ရက်၊**

၁၃၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါသည်၊

**၄။ အောင်မြင်ခဲ့သောစာမေးပွဲများ၊**

ညောင်ရွှေမြို့ ဝိနယဒိနိဂ္ဂဟစာမေးပွဲ ဆဋ္ဌမတန်းနှင့် အစိုးရဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

၅။ စာလိုက်ခဲ့ဘူးသော ဆရာတော်နှင့်ကျောင်းတိုက်၊

ခေါင်တိုင်တောင်ကျောင်း ဆရာတော်၊ မိုင်းသောက် ပထမစာသင်တိုက် ဆရာတော်ဦးသုမင်္ဂလာဘိဝံသ၊ ခချမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော်နှင့် စာချကထိက ဦးကေသဝ၊ ဦးတေဇ၊ ဦးဝိသုဒ္ဓ တို့ဖြစ်ကြပါသည်၊

၆။ မည်သည့်ကျောင်းတိုက် မည်သည့်ဆရာတော် အထံ၌စာဝါ လိုက်၍ အောင်မြင်သည်၊

ခေါင်တိုင်တောင်ကျောင်း ဦးသုမင်္ဂလာဘိဝံသ အထံ၌ စာဝါလိုက်၍ ဝိနယဒီနဋ္ဌကထာ စာမေးပွဲ စာချတန်းကို အောင်မြင်ပါသည်။

၇။ ယခု သီတင်းသုံးဆဲ ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ

အင်းလေးဒေသ၊ ခေါင်တိုင်တောင်ကျောင်းတွင် သီတင်းသုံးလျက် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်၊

## ၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာမေးပွဲတော်ကြီး
## စာချတန်းအောင်ပန်းကို ဆွတ်လှမ်းတော်မူပြီးသော
## အရှင်ဓမ္မာနန္ဒာဘိဝံသ၏အတ္တုပ္ပတ္တိအကျဉ်း

အသက် ၂၇-နှစ်၊

သိက္ခာ ၇-ဝါ၊

**၁။ မိဘနှစ်ပါးတို့၏အမည်နှင့်နေရပ်၊**

အောင်ပန်းမြို့ ၄-ရပ်ကွက်နေ ဦးလှမောင် ဒေါ်အုန်းကြည်တို့၏သား ရတနာဖြစ်ပါသည်။

**၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊**

၁၃၂၂-ခုနှစ်၊ တပေါင်းလဖြစ်ပါသည်၊

**၃။ရဟန်းဘောင်သို့တက်ရောက်သည့်နေ့ရက်၊**

၁၃၃၂-ခုနှစ်၊ ပြာသိုလလဆန်း (၁၃)ရက် စနေနေ့ဖြစ်ပါသည်၊

**၄။အောင်မြင်ခဲ့သောစာမေးပွဲများ၊**

အစိုးရ အငယ်တန်း (ပထမ)၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယ တန်း (ဒုတိယ) ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟစာမေးပွဲ ဆဋ္ဌမတန်း (ပထမ)၊ ဓမ္မာစရိယတန်း(ပထမဝိသိဋ္ဌသိရီ)၊ ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေး ပွဲ၊ မော်လမြိုင်မြို့ သုသမာစာရ စာမေးပွဲအငယ်(ဒု)၊ အလတ်(ဘ)၊ ဒီဃနိ

ကာယ်စာမေးပွဲ၊ သထုံမြို့ သုဝဏ္ဏဘူမိ စာမေးပွဲ၊ မဟာဝေယျာကရဏကတန်း (ပထမ)တို့ကို အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။

၅။ စာလိုက်ခဲ့ဘူးသောဆရာတော်နှင့်ကျောင်းတိုက်။

တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် နာယကဆရာတော် ဦးဆန္ဒာဓိကနှင့် ဦးတေဇောဘာသ၊ ဦးကုန္ဒစံသ၊ ဦးဥာဏိန္ဒ၊ ဦးသုံနန္ဒရဗုဒ္ဓိ၊ မန္တလေးမြို့ ဓမ္မိကာရာမတိုက် သာသနမာမက ဆရာတော် ဦးနရိန္ဒ၊ ပင်မို ကုန်းနီကျောင်း ဆရာတော် ဦးနန္ဒစံသ တို့ဖြစ်ကြပါသည်။

၆။ မည်သည့်ကျောင်းတိုက် မည်သည့်ဆရာတော်အထံ၌ စာဝါ လိုက်၍ အောင်မြင်သည်။

တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် နာယကဆရာတော် ဦးဆန္ဒာဓိက အထံ၌ စာဝါလိုက်၍ဝိနယာဒိနိဂ္ဂဟစာမေးပွဲ ဓမ္မာစရိယတန်းကို အောင်မြင်သည်။

၇။ ယခုသီတင်းသုံး သည့်ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ။

ယခုအခါ အရှင်ဓမ္မာနန္ဒာဘိဝံသသည် တောင်ကြီးမြို့ သိမ်တောင် ကျောင်းတိုက်၌ သာသနာ့ဘာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

## ၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ
## စာချဘာနုံး အောင်ပန်းကိုဆွတ်လှမ်းတော်မူပြီးသော

## အရှင်သုံမင်္ဂလာဘိဝံသ၏အတ္ထုပ္ပတ္တိအကျဉ်း

**၁။ ။ မိဘနှစ်ပါးတို့၏အမည်နှင့် နေရပ်။**

အင်းလေးကန်ဒေသ၊ သန်းတောင် ပြင်လိမ့်အောက်ရွာ အဘ ဦးဖွား အမိ ဒေါ်လုံတို့မှ ၁၃၀၆-ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်၊သောကြာနေ့ တွင်ဖွားမြင်သော တေတ္တမြောက် သားရတနာဖြစ်ပါသည်။

**၂။ သာသနာဘောင်သို့ဝင်ရောက်သည့်နေ့ရက်။**

၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့တွင် သန်းတောင် ကမ္ဘဋ္ဌာန်းကျောင်းဆရာတော် ဦးဣန္ဒကကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သုမင်္ဂလဟူသောအမည်ဖြင့် သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

**၃။ ရဟန်းဘောင်သို့တက်ရောက်သည့် နေ့ရက်။**

၁၃၂၆-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆-ရက်နေ့တွင် သရက်သုံးပင် ကျောင်း ခဏ္ဍသိမ်၌ သန်းတောင်ဂိုဏ်း သပြေပင်သစ်ကျောင်း ဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြုတော်မူ၍၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး လျှင် ဦးသုမင်္ဂလဟူသောဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက် ရှိခဲ့ပါသည်။

၄။ ။ အောင်မြင်ခဲ့သောစာမေးပွဲများ၊

ညောင်ရွှေမြို့၌ ကျင်းပသော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး၌ မူလတန်းမှ ဆင့္မတန်းအထိသည်းကောင်း၊ နိုင်ငံတော်အစိုးရ စာမေးပွဲ ငယ်-လတ်-ကြီးတန်းများကိုလည်းကောင်း၊ အင်းလေးပရိယတ္တိသာသနပါလကစာမေးပွဲ ပဌမဆင့်ကိုလည်းကောင်းအောင်မြင်တော်မူပြီးလျှင်၊ ၁၃၃၁-ခုနှစ်တွင် နိုင်ငံတော်အစိုးရစာမေးပွဲ စာချတန်းကျမ်းရင်း သုံးကျမ်းကိုလည်းကောင်း၊ ၁၃၃၄-ခုနှစ်တွင် ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ စာချတန်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့ပါသည်။

၅။ ။ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့်ကျောင်းတိုက်။

၁။ အင်းလေး၊ သရက်သုံးပင်ကျောင်း ဆရာတော် ဦး ကု သ လ (မူလဆရာ)
၂။ ။ သန်းတောင် ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဦးကုန္ဒက (ယခု ပါနွေးတောင်ကျောင်းရှိ)
၃။ ။ သနပြောင် ပထမစာသင်တိုက် နာယကဆရာတော် ဦးရေဝတ (မွေ့စရိယ)
၄။ မန္တလေးမြို့ တောင်ပြင် ညောင်ကန်တိုက် ဆရာတော် ဦးဉာဏဝရာဘိဝံသ၊
၅။ ။ ။ ဓမ္မိကာရာမတိုက်၊ ရွှေသင်းကျောင်း ဆရာတော် အရှင်ဝိစာရာဘိဝံသတို့ဖြစ်ကြပါသည်၊

၆။ ။ မည်သည့်ကျောင်း မည်သည့်ဆရာတော်ထံ၌ စာဝါလိုက်၍ အောင်မြင်သည်၊

အင်းလေးဒေသ၊ သနပြောင် ပထမစာသင်တိုက် နာယကဆရာတော် ဦးရေဝတ အထံ၌ စာဝါလိုက်၍၊ ၁၃၃၄-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာချတန်းကိုအောင်မြင်တော်မူသည်။

၇။ ။ ယခုသီတင်းသုံးဆဲကျောင်းတိုက်နှင့်ဆောင်ရွက်ချက်များ၊

အရှင်သုမင်္ဂလာဘိဝံသ သည် ယခုအခါ ညောင်ရွှေမြို့နယ် အင်းလေးဒေသ သန်းတောင်ဂိုဏ်း သနပြောင် ပထမစာသင်တိုက်၌ နေထိုင်သီတင်းသုံးလျက် စာသင်သား သံဃာတော်တို့အား ထိုက်သင့်သည့် စာဝါများကို ပို့ချပြီးလျှင် သာသနာ့တာဝန်ကို ရွက်ဆောင်အားထုတ်လျက်ရှိပါကြောင်း။

၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလတွင်
ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော်ကြီး
စာချတန်းအောင်ပန်းကို ဆွတ်လှမ်းတော်မူပြီးသော

အရှင်ပညာသိရီဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

အသက် ၂၉-နှစ်၊
သိက္ခာ ၉-ဝါ၊

၁။ မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်

ပင်လောင်းမြို့နယ် ငန်းပင်တိုက် နောင်လင်ရွာ ဦးပိန် ဒေါ်မြရွှေတို့၏ သားရတနာဖြစ်ပါသည်။

၂။ သာသနာ့ဘောင်သို့ဝင်ရောက်သည့်နေ့ရက်၊

၁၃၂၃-ခုနှစ်၊ တန်ခူးလဆန်း ၁၅-ရက် နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်၊

၃။ ရဟန်းဘောင်သို့ တက်ရောက်သည့်နေ့ရက်၊

၁၃၃၀-ခုနှစ်၊ ကဆုန်လဆန်း (၁၅)ရက်နေ့၊ မဲဆောက်မြို့ ကျောင်းကြီးကျောင်း ဇွဲလောင်သိမ်၌ ဦးလှန်းမောင် ဒေါ်ရွှေထည်၊ မအုံးငွေတို့ကလည်းကောင်း၊ နောင်လင်ရွာ ဆရာလင်း ဒေါ်သင်းချုံတို့ကလည်းကောင်း စထုပစ္စယ ဒါယကာခံယူကြ၍ ရဟန်းဘောင်သို့ရောက်ခဲ့ပါသည်၊

၄။ အောင်မြင်ခဲ့သောစာမေးပွဲများ၊

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာမေးပွဲ မူလတန်း၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ၊ စာချတန်းနှင့် အစိုးရစာမေးပွဲ ပထမငယ်၊ လတ်၊ ကြီးတန်း၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။

၅။ စာလိုက်ခဲ့ဘူးသော ဆရာတော်နှင့်ကျောင်းတိုက်၊

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် နာယက ဆရာတော်နှင့် တိုက်အုပ်၊ တိုက်ကြပ်စသော စာချတန်းတော်ကြီးများ၊ နောင်လင်းကျောင်း ဆရာတော် ဦးဝိသုဒ္ဓတို့ဖြစ်ကြပါသည်။

၆။ မည်သည့်ကျောင်းတိုက် ဆရာတော်ထံ၌ စာဝါလိုက်၍အောင်မြင်းခဲ့ သည်၊

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် နာယကဆရာတော်အထံ၌ စာဝါလိုက်၍ ဝိနယာဒိနိဂ္ဂဟ စာချတန်းကို အောင်မြင်ခဲ့ပါသည်။

၇။ ယခုသီတင်းသုံးဆဲ ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ၊

ရန်ကုန်မြို့ ကမ္ဘာအေး သံဃာဘာသိုလ်၌ ဘာသန္တရ ကျမ်းစာများကို လေ့လာရန် ခေတ္တသီတင်းသုံးလျက်ရှိပါသည်၊ နေမြဲကျောင်း ဖြစ်သော ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ပရိယတ္တိစာပေများကိုသင်ကြား ပို့ချခဲ့ပါသည်။

၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလတွင်
ညောင်ရွှေမြို့၌ကျင်းပပြုလုပ်အပ်သော ဝိနယာဒိနိဂ္ဂဟ စာမေးပွဲ
စာချတန်းကို အောင်မြင်တော်မူသည့်

ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက်
အရှင်တိလောကဉာဏာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

၁။ မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်၊

အရှင်တိလောကဉာဏာဘိဝံသသည် ရှမ်းပြည်တောင်ပိုင်း တောင်ကြီး ခရိုင် ညောင်ရွှေမြို့နယ် ရွာသာတိုက်၊ ကန့်လန့်ရွာနေ အဖ ဦးတုံး အမိ ဒေါ်မေတို့မှ ၁၃၀၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅-ရက်၊ စနေနေ့ နံနက် အရုဏ်တက်အချိန်တွင် ဖွားမြင်သော ဆဋ္ဌမမြောက် သားရတနာ ဖြစ်ပါသည်။

၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊

ဆယ်နှစ်သားအရွယ်တွင် ရွာသာတိုက် ရွှေခါးကျောင်း ဆရာတော် ဘုရားကြီး ဦးဝါယမကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စည်းလေးပါး ထောက်ပံ့မှုဖြင့် ၁၃၁၄-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်နေ့တွင် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပါသည်။

၃။ ရဟန်းဘောင်သို့တက်ရောက်သည့်နေ့ရက်၊ ဒါယကာနှင့်ဥပဇ္ဈာယ်ဆရာ

၁၃၂၇-ခုနှစ်၊ ဝါဆိုလဆန်း ၆-ရက်နေ့တွင် ညောင်ရွှေမြို့ သဒ္ဓမ္မဋ္ဌိတိခဏ္ဍ သိမ်တော်ကြီး၌ တောင်ကြီးမြို့ ပြည်တော်သာရပ်နေ ဦးထဲကော ဒေါ်လှင် နှင့် သားသမီးတစုတို့၏ ပစ္စည်းလေးပါးထောက်ပံ့မှုဖြင့် ညောင်ရွှေမြို့ မြို့မ

ဂိုဏ်းအုပ် ရွှေရကျဆရာတော်ဘုရား ဦးသြဘာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့တက်ရောက်ခဲ့ပါသည်။

၁၃၃၆–ခုနှစ်၊ နယုန်လဆန်း ၁–ရက်နေ့တွင် ဘောင်ကြီး မြို့သစ်တောရပ် "သံလွင်မန်း" ဦးအေးမောင် ဒေါ်သန်းစိန် နှင့် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိက္ခာထပ်တင်ခဲ့ပါသည်။

၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲ ပထမတန်း၊ ဒုတိယတန်း တတိယတန်း၊ စတုတ္ထတန်း၊ အောင်စဉ်နံပါတ်တစ်ဖြင့် ပဉ္စမတန်းတို့ကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ ဗုဒ္ဓသာသနာ့အဖွဲ့က ကြီးမှူးကျင်းပသော အဘိဓမ္မာစာမေးပွဲ ပဌမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ကိုလည်းကောင်း နိုင်ငံတော်အစိုးရ စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းတို့ကို လည်းကောင်း ဤစာမေးပွဲအဆင့်ဆင့်တို့ကို ရှင်သာမဏေ အဖြစ် ဖြင့် အောင်မြင်တော်မူခဲ့ပါသည်။

ဝိနယာဒိနုဂ္ဂဟ ဆဋ္ဌမတန်းကို အောင်စဉ်နံပါတ် တစ်ဖြင့်လည်းကောင်း၊ ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ(စာချ)တန်းကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ စာချတန်းကိုလည်းကောင်း၊ ရဟန်းအဖြစ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ယင်းသို့အောင်မြင်တော်မူသောကြောင့်–

"ဘဒန္တ တိလောကဉာဏာဘိဝံသ ရှမ်းပြည်လုံးဆိုင်ရာ 'ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ' ဟူသောဘွဲ့တံဆိပ်တော်နှင့် အရှင်တိလောကဉာဏ သာသန ဓမ္မာစရိယ" ဟူသောဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့ပါသည်။

၅။ မည်သည့်ကျောင်းတိုက်၊ မည်သည့်ဆရာတော်ထံ၌ စာဝါလိုက်၍ အောင်မြင်သည်၊

ညောင်ရွှေမြို့ သာသနဒီပလ ရွှေဂူစာသင်တိုက် နာယကဆရာတော် အထံ၌ စာဝါလိုက်၍၊ ၁၃၃၄-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာချတန်းကိုအောင်မြင်တော်မူခဲ့ပါသည်။

ဖ။ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့် ကျောင်းတိုက်၊

၁။ ညောင်ရွှေမြို့နယ် ရွှေခေါ်ကျောင်း မြို့မဂိုဏ်းအုပ်၊ ဆဋ္ဌသံဂါယနာဩဝါဒါစရိယဆရာတော်ကြီး ဦးဝါယမ။

ယခု ရွှေခေါ်ကျောင်းဆရာတော် ဦးအရိယဝံသ။

၂။ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက်နာယက ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ သံဃာ့ရာဇဂိုဏ်းချုပ် ဆဋ္ဌသံဂါယနာဩဝါဒါစရိယဆရာတော်ကြီး ဦးအာစရ။

၎င်းတိုက် မန္တလေးမြို့ "သကျသီဟ" ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သာသနဇောတိကပဝရဓမ္မာစရိယ၊ မြို့မဂိုဏ်းအုပ် ယခုရွှေဂူစာသင်တိုက်နာယကဆရာတော် အရှင်ဝိလာသာဘိဝံသ။

သာသနဇောတိကပဝရဓမ္မာစရိယ ယခုလှိုင်ကြို့စာသင်တိုက် နာယကဆရာတော် အရှင်မဟိန္ဒ၊ သာသနဓဇဓမ္မာစရိယ အရှင်စိန္တိတ၊

၃။ မန္တလေးမြို့ ဘုရားကြီးတိုက် သာသနဇောတိကာရုံ အုဋ္ဌ်ကျောင်းနိုင်ငံတော်စာချ "အဂ္ဂမဟာပဏ္ဍိတ" ဆရာတော် ဦးနာရဒ။

၎င်းကျောင်း သာသနဇောတိကပဝရဓမ္မာစရိယ ဘုန်းကြီး ဦးသုမန

၎င်းတိုက် အမရပူရကျောင်းစာချအကျော် ဆရာတော် ဦးဥက္ကံသ၊ ရွှေရေးဆောင်တိုက် နိုင်ငံတော်စာချအကျော် ဆရာတော် ဦးပဏ္ဍာ၊ တောင်ထီးလင်းတိုက် ဇောတိကာရုံကျောင်း သာသနဇောတိကပဝရဓမ္မာစရိယ ညဝါအကျော် အရှင်ဝဇီရဗုဒ္ဓိ၊

၄။ အင်းလေး၊ ဟဲရာရွာမစံရာကျောင်း၊ သာသနဇောတိကပဝရဓမ္မာစရိယဟဲယာရွာဂိုဏ်းအုပ်ဆရာတော် ဦးစန္ဒိမာတို့ဖြစ်ကြပါသည်။

၄။ ယခုသီတင်းသုံးဆဲကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ၊

ယခုအခါ အရှင်တိလောကဉာဏာဘိဝံသသည် ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကဆရာတော်၏ ဩဝါဒကိုခံယူ၍ ရွှေဂူစာသင်တိုက်၌ပင် သီတင်းသုံးကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

## ၁၃၃၆-ခုနှစ်၊ ပထမ ဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ပြုလုပ်ကျင်းပ အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာဝိနယာဓိနုဂ္ဂဟ စာမေးပွဲ
## စာချတန်းကို အောင်မြင်တော်မူသည့်
## ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက်
## အရှင်မေဓာဝီဘိဝံသ၏ အတ္ထုပ္ပတ္တိ အကျဉ်း

**၁။ ။မိဘနှစ်ပါး၏အမည်နှင့်နေရပ်၊**

အရှင်မေဓာဝီသည် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းတိမ်ဘက် ချွာနေ အဖ ဦးမောင်-အမိ ဒေါ်လွန်းတို့မှ ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇-ရက်၊ ကြာသပတေးနေ့တွင် ဖွားသန့်စင်သော စတုတ္ထမြောက် သားရတနာဖြစ်ပါသည်။

**၂။ ။သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊**

အင်းလေးအင်းတိန်ဘက်ကျောင်းသစ်ဆရာတော် ဦးဝိမလကို ဥပဇ္ဈာယ် ပြုလျက် ၁၃၂၁-ခုနှစ်၊နတ်တော်လဆန်း ၁၄-ရက်နေ့တွင်ရှင်သာမဏေအဖြစ် ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။

**၃။ ။ရဟန်းဘောင်သို့ တက်ရောက်သည့် နေ့ရက်၊ ဒါယကာ၊ ဥပဇ္ဈာယ် ဆရာတော်။**

ညောင်ရွှေမြို့ သဒ္ဓမ္မဋ္ဌိတိခဏ္ဍာသိမ်တော်၌ မန္တလေးမြို့ တောင်ပြင်ရွှေရေး ဆောင်ကျောင်းတိုက် ဦးစီးနာယက နိုင်ငံတော်အထူး စာချဆရာတော် အရှင် ပဏ္ဍဝါဘိဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် အင်းတိန်ဘက်ရွာ အထက် ပိုင်းရပ်နေ ဦးမောင်-ဒေါ်လွန်းသားသမီးတစုတို့က ပစ္စယာနုဂ္ဂဟ ချီးမြှောက် ကြ၍ ၁၃၃၁-ခု၊ နယုန်လဆန်း ၃-ရက် တနင်္ဂနွေနေ့တွင် ရဟန်း ဘောင်သို့ တက်ရောက်ခဲ့ပါသည်။

**၄။ ။အောင်မြင်ခဲ့သောစာမေးပွဲများ၊**

နှစ်စဉ်ကျင်းပသော သာသနဝိပုလ ရွှေဂူစာသင်တိုက် ဝိနယပုဗ္ဗင်္ဂမ စာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ အဆင့်တို့ကိုလည်းကောင်း၊

ညောင်ရွှေမြို့၌ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ စာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ အဆင့်တို့ကိုလည်းကောင်း၊ ဆဋ္ဌမဆင့်နှင့် (၁၁၃၆-ခုနှစ်အောင်မြင်သော)ညောင်ရွှေမြို့ ဝိနယာဒိနဂ္ဂဟ စာချတန်းကို အောင်စဉ် နံပါတ်တစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကိုလည်းကောင်း၊ အစိုးရစာချတန်းကိုလည်းကောင်း အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

ညောင်ရွှေမြို့၌ ကျင်းပသော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ စာမေးပွဲတော်ကြီး စာချတန်းကို (အောင်စဉ်နံပါတ်တစ်ဖြင့်)အောင်မြင်တော်မူသောကြောင့် "ဘဒ္ဒန္တ မေဓာဝီဘိဝံသ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ"ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော် မူခဲ့ပါသည်။

၅။ ။မည်သည့်ကျောင်းတိုက်၊ မည်သည့်ဆရာတော်အထံ၌ စာဝါလိုက်၍ အောင်မြင်သည်။

ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကဆရာတော် အထံ၌ စာဝါလိုက်၍ ၁၁၃၆-ခုနှစ်၊ ညောင်ရွှေမြို့၌ကျင်းပလုပ်သော ဝိနယာဒိနဂ္ဂဟ စာချတန်းကို အောင်မြင်တော်မူခဲ့ပါသည်။

၆။ ။စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့် ကျောင်းတိုက်။

အင်းလေးအင်းတိန်ဘက်ကျောင်းသစ်ဆရာတော်ဦးဝိမလ၊ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကဆရာတော် အရှင်ဝိလာသာဘိဝံသ"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရဓမ္မာစရိယ"ညောင်ရွှေမြို့လှိုင်ကြူကျောင်းတိုက် နာယကဆရာတော် အရှင်မဟိန္ဒ"သာသနဓဇ သိရီပဝရ ဓမ္မာစရိယ"ဝင်းကျောင်းတိုက် အရှင်သီလာစာရ၊ သာသနဝိပုလ ရွှေဂူစာသင်တိုက်၊ အရှင်တိလောကဉာဏာဘိဝံသ "ဝိနယာဒိနဂ္ဂဟ ပရိယတ္တိ ဓမ္မာစရိယ"၊ အရှင်ကောဝိဒ၊ အရှင်ဇောတိပါလ၊ အရှင်သူရိယ၊ အရှင်နန္ဒိသေန၊ အရှင်မေဓာနန္ဒတို့ ဖြစ်ပါသည်။

၇။ ။ယခုသီတင်းသုံးဆဲ ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ။

ယခုအခါအရှင်မေဓာဝီဘိဝံသသည် ညောင်ရွှေမြို့ သာသနဝိပုလရွှေဂူစာသင်တိုက် နာယကဆရာတော်ဘုရား၏ အဆုံးအမ ဩဝါဒပန်းမြတ်ကို ရိုသေစွာဆင်မြန်းလျက် ဟဲဟိုးမြို့ သာသနဝိပုလ မြို့လယ်စာသင်တိုက်၌ မျှတရှင်ပြုး သီတင်းသုံးကာ သဒ္ဓမ္မနာဝုတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလတွင်
ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ
စာချတန်းကို အောင်မြင်တော်မူသည့်
ညောင်ရွှေမြို့ သာသနဝိပုလရွှေဂူစာသင်တိုက်
အရှင်ပညာသာမိဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

၁။ မိဘ နှင့်ပါတို့၏ အမည်နှင့် နေရပ်၊

အရှင်ပညာသာမိသည် ကျိုင်းတုံမြို့ ဆင်ခြေဖုံး ဝမ်နားရွာ အဖ ပေါစန်းသြ၊ အမိ ပါစန်းခန်းတို့မှ ၁၃၁၂-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သော ဒုတိယမြောက် သားရတနာ ဖြစ်ပါသည်။

၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊

အရှင်ပညာသာမိသည် ၁၃၂၀-ခုနှစ်၊ တန်ခူးလတွင် ကျိုင်းတုံမြို့ ငွမ်မွန်းဆရာတော် ဦးကုဏ္ဍာလက္ကကို ဥပဇ္ဈာယ်ပြုလျက် ဝမ်းနားရွာနေ ဆွေမျိုးရင်းချာဒါယကာတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့်သာသနာ့ဘောင်သို့ ရှင်သာမဏေ အဖြစ်ဝင်ရောက်ခဲ့ပါသည်။

၃။ ရဟန်းဘောင်သို့ တက်ရောက်သည်နေ့၊

အရှင်ပညာသာမိသည် ကျိုင်းတုံမြို့ မောက်မယ်ကျောင်း ဘွဲ့သိမ်၌ ကျိုင်းတုံမြို့ ငွမ်မွန်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ကျိုင်းတုံမြို့ ဆင်ခြေဖုံး ဝမ်းနားရွာနေ ဦးစိုင်းအွန်နှင့် ဒေါ်နန်းခမ်း၊ ဒေါ်နန်းမတ်၊ ဒေါ်နန်းပေါက် ၄-ဦးတို့က အမှူးပြု၍ ဆွေမျိုးရင်းချာ ဒါယကာတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၃၁-ခုနှစ် ကဆုန်လဆန်း (၁၀)ရက်၊ သောကြာနေ့တွင် ရဟန်းအဖြစ် သို့ရောက်ခဲ့ပါသည်။

၄။ နောက်ထံပ်ပေါ်လာ ပစ္စည်းလေးပါးဒါယကာ၊

အရှင်ပညာသာမိကို ကျိုင်းတုံမြို့ ဈေးစုရပ်နေ ဆေးဆရာကြီး ဦးအုန်းပွင့် ဇနီး ဒေါ်နန်းဆိုင် သားသမီးတစုတို့က ပစ္စည်းလေးပါး ဒါယကာအဖြစ်

အသိအမှတ်ပြုရန် လျှောက်ထားပြီး ၁၃၈၂-ခုနှစ်မှစ၍ နှစ်စဉ် နံဝကမှ အတွက် တလ ၅၀-ကျပ် ထောက်ပံ့သူဒါနံလျက်ရှိပါသည်။

၅။ အောင်မြင်ခဲ့သောစာမေးပွဲများ၊

သာသနဝိပုလ ရွှေဂူစာသင်တိုက် ဝိနယပဗ္ဗင်္ခစာမေးပွဲ တတိယ၊စတုတ္ထ၊ ပဉ္စမ တန်းတို့ကို အောင်စဉ်နံပါတ်တစ်ချည်းဖြင့်လည်းကောင်း၊ ၁၃၃၆-ခုနှစ် ပင်လုံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲတွင် နောက်ဆုံးအဆင့် သတ္တမတန်း ကို အောင်စဉ်နံပါတ်တစ်ဖြင့်လည်းကောင်း။

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမတန်းတို့ကို နှစ်ချင်းပေါက် အောင်မြင်သည့်အပြင် ဆဋ္ဌမတန်းကို အောင်စဉ်နံပါတ်တစ်ဖြင့်လည်းကောင်း အစိုးရ ငယ်၊ လတ်၊ ကြီး၊ တန်းကို လည်းကောင်း အစိုးရစာချတန်းကျမ်းရင်းသုံးကျမ်းကိုလည်းကောင်း ညောင် ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာချတန်းကိုလည်းကောင်း အောင်မြင်ခဲ့ပြီးဖြစ်ပါသည်။

၆။ တင်သွင်းသော ကျောင်းတိုက် နှင့် ဆရာတော်အမည်၊

ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကဆရာတော် အရှင်ဝိလာသာဘိဝံသ အထံတော်၌ စာဝါလိုက်၍ ၁၃၃၆-ခုနှစ်၊ ညောင်ရွှေ မြို့၌ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ ဓမ္မာစရိယ စာချတန်းကို အောင်စဉ် နံပါတ်နှစ်ဖြင့် အောင်ပန်းဆင်မြန်းတော်မူခဲ့ပါသည်။

၇ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့် ကျောင်းတိုက်

ကျိုင်းတုံမြို့ ဒုးယားကျောင်း ဆရာတော်၊ သီရိနေ်ကျောင်း ဆရာတော် ဦးပဏ္ဍိ ညောင်ရွှေမြို့သာသနဝိပုလ ရွှေဂူစာသင်တိုက် နာယကဆရာတော်အရှင် ဝိလာသာဘိဝံသ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ" လှိုင်ကြူကျောင်းတိုက် နာယကဆရာတော် အရှင်မဟိန္ဒ (ဓမ္မာစ ရိယ)၊ သာသနဝိပုလ ရွှေဂူစာသင်တိုက် အရှင်တိသောကာဉာဏာဘိဝံသ ဝိနယာဒိနုဂ္ဂဟဓမ္မာစရိယ၊ အစိုးရသာသနဓဇ ဓမ္မာစရိယ၊ အရှင်သူရိယ၊ အရှင်ကဝိဓဇ၊အရှင်မေဓာနန္ဒတို့ ဖြစ်ပါသည်။

၈။ ယခုသီတင်းသုံးဆဲကျောင်းတိုက်

အရှင်ပညာသာမိသည် ယခုအခါ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူ စာသင်တိုက်၌ သီတင်းသုံးနေထိုင်လျက် နာယကဆရာတော်ဘုရား၏ ဩ ဝါဒကို ခံယူကာ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

## ၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလတွင် ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲကြီး စာချတန်းအောင်ပန်းကို ဆွတ်လှမ်းတော်မူပြီးသော

### အရှင်ဒေဝိန္ဒာဘိဝံသ၏ အတ္ထုပ္ပတ္တိ အကျဉ်း

အသက် ၂၅-နှစ်၊

သိက္ခာ ၅-ဝါ၊

အရှင်ဒေဝိန္ဒာဘိဝံသသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ သန်းတောင်သပြေပင်ရွာ၊ အဖ ဦးမြိုင် အမိ ဒေါ်ရင်တို့မှ ၁၃၁၁-ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်၊ စနေနေ့တွင်ဖွားမြင်သော ပထမသားရတနာဖြစ်ပါသည်၊

၁၃၂၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ သပြေပင် ပထမစာသင်တိုက် နာယကဆရာတော် ဦးရေဝတကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၀-ရက်နေ့တွင် သပြေပင် ပထမ စာသင်တိုက် ဦးဒီပဓဇကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ခဲ့ပါသည်။

၁၃၃၆-ခုနှစ်၊ ဝိနယာဒိနုဂ္ဂဟ စာချတန်းစာမေးပွဲကို သပြေပင်ပထမ စာသင်တိုက် ဆရာတော်ဦးရေဝတထံမှ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာမေးပွဲ မူလတန်းမှစ၍ ဆဋ္ဌမတန်းအထိ ခုနှစ်တန်းတို့၌ အပြန်-အဖြေ နှစ်မျိုးစလုံးကိုလည်းကောင်း၊ အင်းလေးဒေသ

လုံးဆိုင်ရာ ပရိယတ္တိသာသနာပါလ စာမေးပွဲ ပဋ္ဌာန်းဆိုသည့်ကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ငယ်-လတ်-ကြီး တန်းဘွဲ့ကို ရှင်သာမဏေဘဝအဆင့်ဆင့် အောင်မြင်ခဲ့ပြီး၊ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟသာသနာ့ချုပ်တန်းစာမေးပွဲကို ၁၃၃၅-ခုနှစ်၌ဓမ္မသင်္ဂဏီကျမ်း၊ ၁၃၃၆-ခုနှစ်၌ ပါရာဇိကဏ်နှင့် သီလက္ခန် ကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

## စာလိုက်ခဲ့ဘူးသော ဆရာတော်နှင့်ကျောင်းတိုက်

အင်းလေးဒေသ၊ သန်းတောင်ကိုက်း၊ သပြေပင်ပထမစာသင်တိုက် ဆရာတော် ဦးရေဝတ၊ အရှင်အာလောက၊ အရှင်သုမင်္ဂလ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ပခမ်းကျောင်း အရှင်ပဏ္ဍိတဉာဏာဘိဝံသတို့ဖြစ်ပါသည်။

## ယခုသီတင်းသုံးဆဲကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ

ယခုအခါ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ သပြေပင် ပထမစာသင်တိုက်၌ သာသနာ့ တာဝန်ကိုထမ်းဆောင်လျက်ရှိပါသည်။

## ၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနူဂ္ဂဟာစာမေးပွဲတော်ကြီး
## စာချတန်းအောင်ပန်းကို ဆွတ်လှမ်းတော်မူပြီးသော
## အရှင်ပဏ္ဍဝါဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

အသက် ၃၀-နှစ်၊

သိက္ခာ ၁၁-ဝါ၊

**၁။ မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်၊**

ဝမ်းတွင်းမြို့နယ်၊ သူဌေးကုန်းရပ် (ဘုရားစု) နေ ဦးသော-ဒေါ်ဝိုင်းစိုတို့၏သား ဖြစ်ပါသည်။

**၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့် နေ့ရက်၊**

၁၃၁၅-ခုနှစ်၊ တပို့တွဲလဆန်း (၁) ရက်နေ့တွင် ဝင်ရောက်ပါသည်။

**၃။ ရဟန်းဘောင်သို့ တက်ရောက်သည့် နေ့ရက်၊**

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်၊ ကြာသပတေးနေ့တွင် ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါသည်။

**၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊**

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနူဂ္ဂဟ စာမေးပွဲ ပထမတန်းမှစ၍ စာချတန်းအထိ နိုင်ငံတော်အစိုးရ စာမေးပွဲကို ပထမငယ်တန်းမှစ၍ ဓမ္မာစရိယတန်းအထိ အောင်မြင်ပြီး ဖြစ်ပါသည်။

၅။ စာလိုက်ခဲ့ဘူးသော ဆရာတော်နှင့် ကျောင်းတိုက်၊

ဝမ်းတွင်းမြို့နယ် ဘုရားစုကျောင်းလေးဆရာတော်၊ ကလေးမြို့ သိမ်တောင်ဂိုဏ်းချုပ်ဆရာတော်နှင့် စာချဆရာတော်များ၊ တောင်ကြီးမြို့ သိမ်တောင်ဆရာတော် ဦးဆန္ဒာဓိကနှင့် စာချဆရာတော်များ၊ တောင်ကြီးမြို့ ဓမ္မိကာရုံ ဆရာတော်တို့ ဖြစ်ကြပါသည်။

၆။ မည်သည့်ကျောင်းတိုက်၊ မည်သည့်ဆရာတော်အထံ၌ စာဝါလိုက်၍ အောင်မြင်သည်၊

တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဦးဆန္ဒာဓိက အထံ၌ စာဝါလိုက်၍ ဝိနယာဒိန္နဂ္ဂဟ ဓမ္မာစရိယတန်းကို အောင်ပန်းဆွတ်ခူးသည်။

၇။ ယခုသီတင်းသုံးဆဲကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ၊

ယခုအခါ ဝမ်းတွင်းမြို့၊ သိင်္ဂုတ္တာချမ်းမြို့ရှေ့ကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် သာသနာ့အညွန့်အဖူးများကို မွေးမြူလျက် ဒါယကာဒါယိကာမများအား ဓမ္မဒါနပြုရင်း သာသနာ့ဘာဝနာများကို ထမ်းဆောင်လျက်ရှိပါသည်။

## ၁၃၃၈–ခုနှစ်၊ နယုန်လတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟစာမေးပွဲကြီး
## စာချတန်းကို အောင်မြင်သည့်
## မိုင်းသောက်မြို့ ပထမစာသင်တိုက်မှ အရှင်ရေဝတာဘိဝံသ၏
## အတ္ထုပ္ပတ္တိအကျဉ်း

**၁။ မိဘနှစ်ပါး၏ အမည်နှင့်နေရပ်၊**

အရှင်ရေဝတသည် ရှမ်းပြည်တောင်ပိုင်း ဟဲဟိုးမြို့၊ ဈေးတန်းရပ်နေ ဖခင် ဦးရ၊ မိခင် ဒေါ်အေးရီတို့မှ ၁၃၁၃-ခု၊ တပေါင်းလဆန်း (၁၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊**

၁၃၂၄-ခုနှစ်တွင် ဟဲဟိုးမြို့ ကျောက်ရေအိုးကျောင်း ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

**၃။ ရဟန်းဘောင် သို့ တက်ရောက်သည်နေ့ရက်၊**

၁၃၂၇–ခုနှစ်တွင် ဟဲဟိုးမြို့ ကျောက်ရေအိုးကျောင်း ဆရာတော်နှင့် အရှင်ဇေတဝေဘာသတို့၏ ပို့ဆောင်အပ်နှံမှုဖြင့် မိုင်းသောက်မြို့ ပထမစာသင်တိုက် နာယကဆရာတော် အရှင်သီလဝံသာဘိဝံသ (ယခု လူပြန်တော် ဦးမြသောင်း) ထံမှောက်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၃၄-ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်နေ့တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် "အဂ္ဂမဟာပဏ္ဍိတ" ပဋ္ဌာန်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်

ပြု၍ မိုင်းသောက်မြို့ ကျောင်းရှိကြီးရွာနေ ဘုရားဒါယကာကြီး ဦးဘိုးမြစ်— ဒေါ်ပုတ္တိ၏ ပစ္စယာနုဂ္ဂဟာကို ခံယူကာ ညောင်ရွှေမြို့ သဒ္ဓမ္မဋ္ဌိတိကျော သိမ်တော်၌ မြင့်မြတ်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ ပါသည်။

၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊

မိုင်းသောက်မြို့ ပထမစာသင်တိုက် နာယကဆရာတော်၏ ထံတော်၌ ပရိယတ္တိစာပေများကို သင်ယူအားထုတ်ခဲ့ရာ အစိုးရပါဠိပထမပြန်စာမေးပွဲ၊ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို လည်းကောင်း၊ ရှမ်းပြည်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဓိနုဂ္ဂဟ စာမေးပွဲတော်ကြီး ပထမ—ဒုတိယ-တတိယ— စတုတ္ထ-ပဉ္စမ-ဆဋ္ဌတန်းတို့ကိုလည်းကောင်း၊ အင်းလေး ဒေသလုံးဆိုင်ရာ ပရိယတ္တိ သာသနပါလအသင်း စာမေးပွဲ ပထမ–ဒုတိယ– တတိယ-စတုတ္ထ- ပဉ္စမဆင့်တို့ကိုလည်းကောင်း၊ ၁၃၃၅-ခုနှစ်၊မိုင်းသောက်မြို့ ပထမစာသင်တိုက် နာယကဆရာတော်ဘုရား၏ ပို့ဆောင်အပ်နှံမှုဖြင့် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ရောက်ရှိ၍၊ ပရိယတ္တိစာပေများကို ဆက်လက်သင်ယူအားထုတ်ခဲ့ရာ ၁၃၃၅—ခုနှစ်တွင် ကျင်းပပြုလုပ်သော အစိုးရ ပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီးတန်းကို ပထမကျော်အောက် ပထမ ဂုဏ်ထူးဖြင့်လည်းကောင်း၊ ညောင်တုန်းမြို့ ရွှေကျင်နိကာယ သာသနပါလက အသင်း စာမေးပွဲ၌ ပထမကြီးတန်းကို ပထမဂုဏ်ထူးဖြင့် လည်းကောင်း၊ ၁၃၃၆—ခုနှစ်၊ အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲ၌ သိလက္ခဏဝဂ္ဂပါဠိ အဋ္ဌကထာကျမ်းကိုလည်းကောင်း၊ ညောင်တုန်းမြို့ ရွှေကျင်နိကာယ သာသန ပါလကအသင်း စာမေးပွဲ ဓမ္မာစရိယစာချတန်း၌ သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌက ထာကျမ်း၊ မဟာဝဂ္ဂပါဠိ အဋ္ဌကထာကျမ်းကိုလည်းကောင်း အသီးသီး အောင်မြင်တော်မူခဲ့ပါသည်။

၅။ မည်သည့်ကျောင်းတိုက်၊မည်သည့်ဆရာတော်အထံ၌ စာဝါလိုက်၍ အောင် မြင်သည်၊

၁၃၃၀-ခုနှစ်တွင် မိုင်းသောက်မြို့ ပထမစာသင်တိုက် နာယက ဆရာ တော် (ဧတဒဂ်—အစိုးရဓမ္မာစရိယ) အရှင်သုမင်္ဂလာဘိဝံသ၏ ထံတော်၌ နည်းနာနိဿယကို ခံယူ၍ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနုဂ္ဂဟစာမေးပွဲ စာချ တန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ အမှတ်အများဆုံးဖြင့် ပထမအောင်တန်းကို

ဆွတ်လှမ်းကာ ကျမ်းပြီးမြောက်အောင်မြင်တော်မူသဖြင့် "ဘဒန္တရေဝတာဘိဝံသဗိနယာဒိနုဂ္ဂဟ ပရိယတ္တိ ဓမ္မာစရိယ" ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူပါသည်။

၆။ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့်ကျောင်းတိုက်။

ဟဲ့ဟိုးမြို့ ကျောက်ရေအိုးကျောင်း ဆရာတော်၊ မိုင်းသောက်မြို့ ပထမစာသင်တိုက် နာယကဆရာတော် အရှင်သီလစံသာဘိဝံသ၊ အရှင်သုမင်္ဂလာဘိဝံသ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိဘက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဦးဝိမလ အမှူးရှိသော စာချကထိကဆရာတော်များ ဖြစ်ကြပါသည်။

၇။ ယခုသီတင်းသုံးဆဲကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ။

အရှင်ရေဝတသည် ယခုအခါ မိုင်းသောက်မြို့ ပထမစာသင်တိုက်၌ သီတင်းသုံးနေထိုင်၍ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

၁၃၃၈-ခုနှစ်၊ နယုန်လတွင်
ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲကြီး
စာချတန်းကို အောင်မြင်တော်မူသည့်
ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်မှ အရှင်ဂုဏိသာရာဘိဝံသ၏
အတ္ထုပ္ပတ္တိအကျဉ်း

၁။ မိဘနှစ်ပါး၏အမည်နှင့် နေရပ်၊

အရှင်ဂုဏိသာရသည် ၁၃၁၂-ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၂) ရက်၊ တနင်္လာနေ့တွင် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် ဇလဲရွာနေ အဖ ဆရာမှတ်၊ အမိ ဒေါ်နန်းငွေတို့မှ ဖွားမြင်သော စတုတ္ထမြောက် သား ရတနာဖြစ်ပါသည်။

၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်၊

၁၃၂၄-ခုနှစ်တွင် ပညာရင်နို့ သောက်စို့ရန်အတွက် ဇလဲကျောင်း ဆရာတော်ဘုရားကို (ပစ္စည်းလေးပါးနှင့်တကွ) ဥပဇ္ဈာယ်ဆရာ ပြုလုပ်လျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

တဖန် ၁၃၂၇-ခုနှစ်သို့ ရောက်သည့်အခါ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်သို့ ပြောင်းရွှေ့နေထိုင်ပြီး လောကုတ္တရာ စာပေများကို ဆက်လက်သင်ကြားပါသည်။

၃။ ရဟန်းဘောင်သို့ တက်ရောက်သည့်နေ့ရက်၊ ဒါယကာ၊ ဥပဇ္ဈာယ်ဆရာ၊

၁၃၃၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇) ရက်နေ့တွင် ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ တောင်ကြီးမြို့ ဗိုလ်ကုန်းရပ်နေ ဒေါ်နန်းညွန့်မေနှင့် ဆရာမကြီး ဒေါ်မြဝင်း ညီအမ မိသားစု တို့၏ ပစ္စည်းလေးပါးကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ ခဲ့ပါသည်။

## ၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော် မူလ-ပထမ-ဒုတိယ-တတိယ-စတုတ္ထ-ပဥ္စမနှင့် ဆဋ္ဌတန်းအပြန် အဖြေတို့ကို လည်းကောင်း၊ အစိုးရ ငယ်-လတ်-ကြီးတန်းကိုလည်းကောင်း၊ ၁၃၃၈-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲ စာချတန်း၌ ကျမ်းရင်းသုံးကျမ်းကို နှစ်ချင်းပြီး အောင်မြင်တော်မူခဲ့ပါသည်။

ယင်းသို့ အောင်မြင်တော်မူပြီးဖြစ်သောကြောင့် "ဘဒ္ဒန္တဂုဏာသာရာဘိဝံသ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ ပရိယတ္တိ ဓမ္မာစရိယ"ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့ပါသည်။

## ၅။ မည်သည့်ကျောင်းတိုက်၊ မည်သည့် ဆရာတော်အထံ၌ စာဝါလိုက်၍ အောင်မြင်သည်၊

ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် နာယက ဆရာတော် ဦးဝိလာသာဘိဝံသအထံတော်၌ စာဝါလိုက်၍ ၁၃၃၈-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာချတန်းကို ဖြေဆိုအောင်မြင်တော်မူပါသည်။

ညောင်ရွှေမြို့နယ် ဇလဲကျောင်း ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော် ဦးသုညာ၊ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် နာယက ဆရာတော်ဘုရားနှင့် တိုက်အုပ် တိုက်ကြပ် စသော စာချဆရာတော်များ၊ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်ဘုရားနှင့် စာချဆရာတော်များဖြစ်ကြပါသည်။

အရှင်ဂုဏာသာရသည် ယခုအခါ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ပင် စာချဘာနဲ၊ ဂုဏ်ထူးတန်းတို့အတွက် ဆက်လက်ကြိုးစားနေပါသည်။

## ၁၃၃၉-ခုနှစ်၊ ပထမဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်အပ်သော
## ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဓိနုဂ္ဂဟစာမေးပွဲကြီး
## စာချတန်းကို အောင်မြင်တော်မူသည့်
## တောင်ကြီးမြို့ သိမ်တော်ကျောင်းတိုက်မှ အရှင်ကောဝိဒါဘိဝံသ၏
## အတ္ထုပ္ပတ္တိအကျဉ်း

**၁။ မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်။**

အရှင်ကောဝိဒါဘိဝံသသည် မကွေးတိုင်းမြို့သစ်မြို့နယ် ပန်းတောကျေးရွာ အဖ ဦးထွန်း အမိ ဒေါ်ခရင်တို့မှ ၁၃၁၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂) ရက်၊ တနင်းလာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**၂။ သာသနာ့ဘောင်သို့ ရောက်သည့်နေ့ရက်၊**

၁၃၂၆-ခုနှစ်၊ အသက် ၁၃-နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။

**၃။ ရဟန်းဘောင်သို့ တက်ရောက်သည့်နေ့ရက်၊ ဒါယကာ ဥပဇ္ဈာယ်ဆရာ။**

၁၃၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဦးဝါသဝါဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် မဟာစည်ဓမ္မသိမ်တော်ကြီး၌ ရန်ကုန်မြို့ ဒေါ်ခင်ရီနှင့် ညီမသားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပထမအကြိမ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ခဲ့ပါသည်။

၁၃၃၅-ခုနှစ်တွင် တောင်ကြီးမြို့ သိမ်တောင်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် တောင်ကြီးမြို့ ဈေးပိုင်းရပ် ဦးတင်အုန်း ဒေါ်သန်းမြင့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် သိက္ခာထပ်တင်ခဲ့ပါသည်။

**၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊**

ဧစိုးရပါဠိပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယ စာချတန်း၊ ရန်ကုန်မြို့ ဘုရားဖြူ ဝိနယာနုဂ္ဂဟစာမေးပွဲတွင် ဝိနယကောသလ္လတန်း၊ သုဓမ္မဝတီ ရှင်သာမဏေစာပြန်ပွဲကြီးတွင် ပထမလတ်နှင့် ပထမကြီးတန်းကို (ပထမဖြင့်) လည်းကောင်း၊ မင်္ဂလာဂတိဝိသုဒ္ဓိအသင်း

ကြီးမှူးကျင်းပသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာမေးပွဲတွင် သုတ်သီလက္ခန်, သုတ်မဟာဝါ (အာဂုမ်-ရေးဖြေ) ကိုလည်းကောင်း၊ နိကာယုဒ္ဒေသတာသမိတိ အသင်းကြီးမှကျင်းပသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာမေးပွဲတွင် သုတ်သီလက္ခန်, သုတ်မဟာဝါ (အာဂုမ်-ရေးဖြေ ဂုဏ်ထူး) ကိုလည်းကောင်း၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပပြုလုပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာမေးပွဲတွင် သုတ်သီလက္ခန်, သုတ်မဟာဝါ (အာဂုမ်-ရေးဖြေ) ကိုလည်းကောင်း၊ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတွင် ဆဋ္ဌမတန်း၌ သဘောရေးဖြေ နံပါတ်တစ်ဖြင့်လည်းကောင်း၊ အာဂုံပြန် နံပါတ်နှစ်ဖြင့်လည်းကောင်း၊ ၁၃၃၄-ခုနှစ်တွင် ဝိနယာဒိနုဂ္ဂဟစာချတန်း၌ အောင်စဉ် နံပါတ်တစ်ဖြင့်လည်းကောင်း အောင်မြင်ခဲ့ပါသည်။

ယင်းသို့ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်သုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာမေးပွဲတော်ကြီး စာချတန်းကို (အောင်စဉ်နံပါတ်တစ်ဖြင့်)အောင်မြင်တော်မူသောကြောင့် ''ဘဒ္ဒန္တကောဝိဒါဘိဝံသ ရှမ်းပြည်သုံးဆိုင်ရာဝိနယာဒိနုဂ္ဂဟ ပရိယတ္တိဓမ္မာစရိယ'' ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့ပါသည်။

၃။ မည်သည့်ကျောင်းတိုက် မည်သည့်ဆရာတော် အထံ၌ စာဝါ လိုက်၍ အောင်မြင်သည်၊

တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် နာယကဆရာတော် ဦးဆန္ဒာဓိက အထံ၌ စာဝါလိုက်၍ ၁၃၃၉-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟ စာချတန်းကို အောင်မြင်တော်မူခဲ့ပါသည်။

၄။ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့်ကျောင်းတိုက်၊

ပင်းတော်တိုက် စိန်ကျောင်းဆရာတော် ဦးကုမာရ၊ အလယ်ကျွန်းကုန်းကျောင်း ဆရာတော် ဦးဥက္ကံသ၊ နမ့်ကန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် နာယက ဆရာတော် အရှင်ဝေါသာဘိဝံသနှင့် စာချပေးခဲ့ရသည့် ဆရာတော်များ ဖြစ်ကြသော ဦးဝန္နာသီရိ၊ သလ္လာဦးကေတိက၊ ဦးရာဇိန္ဒ၊ ဦးတေဇောဘာသ၊ ဦးစန္ဒိလ၊ ဦးသုမင်္ဂလာလင်္ကာရ၊ (တိပိဋကရေ တိပိဋကကောဝိဒ)၊ ဦးဝရိန္ဒာဘိဝံသ (ဒွိပိဋကရေ ဒွိပိဋကကောဝိဒ)။ မန္တလေးမြို့ ဦးနန္ဒိန္ဒ၊ တောင်ကြီးမြို့ သိမ်တောင်ကျောင်း ဆရာတော် ဦးဆန္ဒာဓိကနှင့် စာချဟူဘော် ဦးတေဇောဘာသတို့ ဖြစ်ကြပါသည်။

၅။ ယခု သီတင်းသုံးသဲ ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ။

အရှင်ကောဝိဒါဘိဝံသသည် ယခုအခါတောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်အံ့ပို့ချခြင်းဖြင့် သာသနာ့တာဝန်ကိုထမ်းဆောင်ကာ သီတင်းသုံးလျက်ရှိပါသည်။

## ၁၃၃၉-ခုနှစ်၊ ပထမဝါဆိုလတွင်
## ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော ဝိနယာဒိနုဂ္ဂဟစာမေးပွဲ
## စာချတန်းကို အောင်မြင်တော်မူသည့်
## တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်မှ
## ဦးပညာနန္ဒ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

**၁။ မိဘနှစ်ပါးတို့၏ အမည်နှင့် နေရပ်၊**

ဦးပညာနန္ဒသည် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးတိုက်၊ ထာပူ-ယွေးရွာနေ၊ အဖ ဦးငွေသိန်း၊ အမိ ဒေါ်နန်းအောင်တို့မှ ၁၃၁၁-ခုနှစ်၊ တန်ခူးလဆန်း (၉) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သော အကြီးဆုံး သားရတနာ ဖြစ်ပါသည်။

**၂။ သာသနာ့ဘောင်သို့ ဝင်ရောက်သည့် နေ့ရက်၊**

ဦးပညာနန္ဒသည် ၁၃၂၀-ခုနှစ်၊ တပေါင်းလတွင် ကျောက်တလုံးကြီးတိုက် ထာပူးယွေးကျောင်း ဆရာတော် ဦးကုသလကို ဥပဇ္ဈာယ်ပြုလျက် ထာပူယွေးရွာနေ အမိ အဖတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာ့ဘောင်သို့ သာမဏေအဖြစ် ဝင်ရောက်ခဲ့ပါသည်။

**၃။ ရဟန်းဘောင်သို့ ဝင်ရောက်သည့် နေ့ရက်၊**

ဦးပညာနန္ဒသည် နောင်ကားတောင်ကျောင်း ခဏ္ဍသိမ်၌ တောင်ကြီးမြို့ ပထမ တောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးနရိန္ဒကို ဥပဇ္ဈာယ်ပြုလျက် နောင်ကား ထာပူယွေးရွာ ဦးဟန်-ဒေါ်ယဉ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၃၁-ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက်၊ သောကြာနေ့တွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

**၄။ အောင်မြင်ခဲ့သော စာမေးပွဲများ၊**

ရန်ကုန်မြို့ အလုံကွင်းကျောင်း စာသင်တိုက် ပါဠိသာသနာစာမေးပွဲ၊ ၁၃၂၉-ခုနှစ်တွင် ထေရလေတ်တန်း (ဒုတိယ)၊ ၁၃၃၀-ခုနှစ်တွင် ပထမကြီး

တန်း(ပထမ)ကိုလည်းကောင်း၊ ၁၃၂၉-ခုနှစ်၊ ရန်ကုန်မြို့လုံးဆိုင်ရာ ဗုဒ္ဓသာသနာ့အသင်းကြီးက ကျင်းပသော စာပြန်ပွဲကိုလည်းကောင်း၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်ခဲ့သော ဝိနယာဒိန္နဂ္ဂဟ စာမေးပွဲ ပထမ-ဒုတိယ-တတိယ- စတုတ္ထ-ပဉ္စမ-ဆဋ္ဌမ တန်းတို့ကို တန်းလျှင် တဘန်းစ တန်းကျဖြင့် နှစ်ချင်းပေါက် အောင်မြင်သည့်အပြင် ဆဋ္ဌမတန်းကို အောင်ဧည့်နံပါတ် (၂) ဖြင့်လည်းကောင်း၊ နောင်ခဲ နေ့ကားလုံးဆိုင်ရာ စာပြန်ပွဲတွင် ပထမတန်း ခြေ/ပြန် နှစ်မျိုးကိုလည်းကောင်း၊ အစိုးရ ပထမငယ်-ပထမလတ်-ပထမကြီးနှင့် အစိုးရစာချတန်း (ပါရာဇိကဏ်) ကျမ်းရင်းတင်ကျမ်းကိုလည်းကောင်း အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

၅။ စာလိုက်ခဲ့ဘူးသော ဆရာတော်များနှင့် ကျောင်းတိုက်၊

ကျောင်းတလုံးကြီး တိုက် ထာပူးဃုံးကျောင်း ဆရာတော်ဦးကုသလ၊ ရန်ကုန်မြို့ ဘုလုံကွင်းကျောင်းစာသင်တိုက် ဦးခေမာဘာသ၊ ဦးနရသဘာဘိဝံသ၊ ဦးတေဇဝန္တ (ဓမ္မာစရိယ)၊ ဦးသဒ္ဓမ္မာစာရ (ဓမ္မာစရိယ)၊ ဦးသုစိတ္တ၊ ရန်ကုန်မြို့ မဟာအောင်မြေဘုံစံကျောင်းတိုက် ဦးသေဋ္ဌိသာဘိဝံသ၊ ဦးသီလာစာရ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ရတနာမဥ္ဇူကျောင်း စာချဆရာတော် ဦးပဏ္ဍိဘာသ၊ ဦးဇာဂရကြီးကျောင်း စာချဆရာတော် ဦးသောဘဏ၊ ပုခန်းကျောင်း စာချဆရာတော် ဦးသြဘာသာဘိဝံသ၊ တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ဝိနယဓရ မဟာနာယက ဆရာတော် ဦးနရိန္ဒ၊ တိုက်အုပ်ဆရာတော်ဦးဓမ္မသာမိ၊ တိုက်ကြပ်ဆရာတော် ဦးဝရိန္ဒ၊ ဦးပညာနန္ဒ၊ ဦးမေဓာနန္ဒ၊ ဦးဇေသလ၊ ဦးအရိယဝံသ၊ ဦးဣန္ဒာစက္က၊ ဦးဇောတိက၊ ဦးဝိဘာရ (မူလ ဓမ္မာစရိယ)၊ ဦးဝိဇယ၊ ဦးသောဘိတ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

၆။ မည်သည့်ကျောင်းတိုက် မည်သည့်ဆရာတော်ထံ၌ စာလိုက်၍ အောင်ပန်း ဆွတ်ခူးသည်၊

တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ဝိနယဓရမဟာနာယကဆရာတော် ဦးနရိန္ဒ အထံတော်၌ စာဝ လိုက်၍၊ ၁၃၃၉-ခုနှစ်၊ ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော (ဝိနယာဒိန္နဂ္ဂဟ ဓမ္မာစရိယ) စာချတန်းကို အောင်ဧည့်နံပါတ် (၂)ဖြင့် အောင်ပန်းဆင်မြန်းတော်မူပါသည်။

၇။ ယခုသီတင်းသုံးဆဲကျောင်းတိုက်၊

ဦးပညာနန္ဒသည် ယခုအခါ တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိ စာသင်တိုက်၌ သီတင်းသုံးနေထိုင်လျက် မဟာနာယကဆရာတော်ဘုရားကြီး၏ သြဝါဒကို ခံယူကာ သာသနာ့ဘာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

၁၂၉၅–ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်နေ့မှစ၍ (၈) ရက်နေ့အထိ ကျင်းပသော ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ပထမ အာဂုမ်စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင်အခမ်းအနား၌ ဖတ်လျှောက်အပ်သော

# မင်္ဂလာ ရတုပိုဒ်စုံ

ပြောင်စန်းငွေယုန်၊ ရဝေဘုံသို့၊ ခုံပျံပလ္လင့်၊ ဖြူထီးပွင့်သား၊ ဆင့်ဆင့် ဂုဏ်မွန်၊ လှန့်ထက်လှန်သည်၊ ကျော်ဝှန်ဝံ့ချီး၊ သောင်းလုံးညီးမျှ၊ ဘကြီးဘုန်း ထွဋ်၊ လူ့တမွတ်ဟု၊ ဆာနစ်အရှင်၊ ဘုံနန်းပြင်ဝယ်၊ မရှုစ်တော့ပြီး၊ လူ့ရပ် ငြိုး၍၊ နတ်ထီးစံသော်၊ အဟော်တော၊ အောင်ဇေယျဖြင့်၊ လွှလွှပစ္စူ၊ တဖန်ထူ ၍၊ ကြေညာတံပန်း၊ ကိန်းခန်းအလိုက်၊ ဘရိုက်နန်းမွေ့၊ ဆက်ခံလေမှ၊ ဘိသေ ကဖြင့်၊ လုံးဝစုံလင်၊ အောင်ပွဲယင်ပြီး၊ အရှင်မဟာ၊ တို့ရာဇာလည်း၊ ဓမ္မာသ မေ၊ ပြည်သူတွေကို၊ မျှရေသွန်းဖြန်း၊ အုပ်စိုးမြန်းသည်။ ။ လ–စန်းငွေသို့ တည့်ဘုရား။

ညောင်နန်းရွှေဘုံ၊ မြေရန်လုံတည့်၊ တဂုဏ်သာသာ၊ မနိုင်းရာသား၊ ရာ ဇာသခင်၊ တို့အရှင်လည်း၊ မင်းလျှင်မတ်မတ်၊ မင်းမြတ်ဓမ္မတာ၊ မင်းတံထွာ တည့်၊ စဉ်လာပျက်၊ ယခင်ထက်က၊ စက်ဆဲ့နှစ်လီ၊ ခါအညီဖြင့်၊ ရာသီရှမျှော်၊ သဘင်တော်တွင်၊ ထွန်းပေါ်ဇေဠ၊ နယုန်လ၌၊ ပထမရွှေစာ၊ ယင်မြသာသို့၊ ဤခါလည်းကောင်း၊ တူတုံရှောင်းသား၊ ထုံးဟောင်းတန္တူ၊ မှီငြမ်းပြုပြီး၊ သုံး လူ့သာသနာ၊ ပဉ္စာသဟာယ်၊ သချာမှတ်၍၊ နာဂတ်ဓွန့်ရှည်၊ ကွန့်ကွန့်စည် လျက်၊ တည်စေအံ့ငှါ၊ ရွှေစာသဘင်၊ ပြန်ပွဲသင်မှ၊ အစဉ်လန်းလန်း၊ မော် ကွန်းတန်းသည်၊ ပ–ရွှန်ဝေလို့ ပြေးသည့်ဘုရား။

အောင်ပန်းတွေစုံ၊ သပြေဘုံထက်၊ ဇေယျုမကုဋ္ဋ၊ တုမရှသား၊ သာသနာ့ အရှင်၊ ညောင်နန်းရင်နှင့်၊ ညာတင်ခေါင်မှူး၊ မကိုဋ်ဖူးတို့၊ ချီးကြူးမင်္ဂလာ၊ မြတ်သြဘာဖြင့်၊ ရွှေစာပြန်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ ကြီးကဲဥက္ကဋ္ဌ၊ နာယကထေရ်၊ တည်ကြည်သမာ၊ ကြံ့ကြံ့စွာတည့်၊ မဟာရှင်ဗ္ဗိ၊ သင်္ဂီတိမှ၊ စရိုန္ဒယ်ပွါး၊ ကျော့ကက်ထီးလာ့သို့၊ ပေါက်သားနှင်နှင်၊ အမှူးတင်လျက်၊ စာပြင်စာထောက်၊ ပွန်းဘီးမြောက်ကို၊ ရွေးကောက်သေခွေ၊ စည်းမျှည်းကြေမှ၊ သပြေညာပွား၊

တိုင်းရင်းသားတို့၊ နှီးကြွားအုံရည်၊ စာပွဲဘည်၍၊ ကြေည်ဘက်နှ်၊ အ ရလှမ်း သည်၊ မြ ပန်းစေ့ဘို့ မွေးချည့်ဘုရား။

( အချီ အချည် သုံးပိုဒ် )

လင်းကင်းဆရာတော်ဘုရား ရေးသားတော်မူသည်။

---

မြို့သွန်းခေါင်မဘွ၊ ထေးင်မျောင်နေသို့၊ သုံးယေ့ခတနာ၊ ပွင့်လင်းသာ စိမ့်၊ မြတ်စွာသမ္ဗုဒ်၊ ငါးမားရ်နူတ်မှ၊ သာမုက္ကံသိ၊ ထုတ်ပြန်ဘိသည်၊ တိပိဋ္ဋ ကတ်၊ ပရိယတ်ကို၊ ကြပ်ကြပ်ဝိရိ၊ လုလ္လရှိက၊ ငွေနှစ်ဖြာ၊ သာသနာလည်း၊ ရောင်ဝါမွန်ရှည်၊ ကွန့်ကွန့်စည်လိမ့်၊ ရွှေပြည်သခင်၊ တို့ထိပ်ဘင်လည်း၊ သို့ လျှင်အကြောင်း၊ တမျဉ်းကောင်းဖြင့်၊ နှစ်ထောင်းဝမ်းသာ၊ သဒ္ဒါဝေပုလ်၊ ထုံပြီးသော်မှ၊ ကြင်ပေါ်မဟာ၊ ဒေဝီလျှနှင့်၊ မာတာမယ်ဖျား၊ နောင်ညီပွား တို့၊ ပြည်သားလုံးစုံ၊ ကုသိုလ်ဆုံ၍၊ အာဂုမ်ပြန်နှဲ၊ ရွှေစာပွဲကို၊ ချီးဝှဲပုံယင်၊ အမွှန်းတင်သည်။ ။ စည်ပင်သာသနာ့ ထွန်းသောကြောင်း။

တင့်ရှန်းပြောင်ဝေ၊ တို့ညောင်ရွှေသည်း၊ သပြေသကျော၊ မြေချက်ချာ တွင်၊ ဘက်ရာမရ၊ ကွးပိန္ဒဟု၊ နရသနန်း၊ ဘုန်းမိုးသင်းသား၊ မင်းနှင့်ပြည် သူ၊ ပန်ဆုသူ၍၊ ကြူမြမြ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မပူဇာ၊ စာပွဲသာသော် မဟာထေရ၊ မဇ္ဈိမနှင့်၊ နဝသံဃာ၊ စာပြန်မှာလျှင်၊ လေးရာကျော်ပြီး၊ အမျိုးစီးသည့်၊ ထေရ်ကြီးဥက္ကဋ္ဌ၊ နာယကနှင့်၊ စာမဆရာ၊ ကိုးဆယ်သာလျှင်၊ ဒွယာနှစ်ဖော်၊ ငါးရာကျော်ကို၊ လူတော်ချီးပင့်၊ ဂုဏ်ဆူးမြင့်၍၊ ဘောဇဥ္စဆွမ်းပန်း၊ ကပ် လှူဒါန်းပြီး၊ သွန်းဖြန်းရေစင်၊ တသွင်သွင်သည်။ ။ကြည်သင်သာစွ မွှန်း သောကြောင်း။

ပွင့်ထွန်းမှောင်ချေ၊ ခြောက်ဆောင်သေ့နှင့်၊ အပ္ပမေယျ၊ ဂုဏ်တော်လျှံ သား၊ အနုဟံ ဘဂဝါ၊ သာသနာသည်၊ ဆာဘမင်းမြတ်၊ သမုနတ်တို့၊ ကြပ်ရှုံးစည်း၊ လုလ္လသည်း၍၊ ပြုသည်းပြုဘ၊ နှုမည့်မှန်စွာ၊ သာသည်းသာလိမ့်၊ ရဇာမဟော်၊ ရွှေနန်းပျော်သည်း၊ ရှုမြွှာ်ပြီးတုံ၊ ပြည်ညောင်ဘုံသာ်၊ အာဂုံ သွင်သွင်၊ စာပွဲသင်က၊ ရှင်ပင်သာသနာ၊ ဆောဝါလုလု ကျွဲသခုကား၊ မုမု ဇေဒ္ဒ၊ ဘောဇာရှိလည်း၊ မုသိကိဘ်ဆုံ၊ ဘျူးဂဠုန်ဘို့၊ တိမ်ဘုံဇေမ္ဗူ၊ စန္ဒရ နှင့်၊ ဂိမှာမို့၊ ရှဉ်သာညီ၍၊ ဖူးစိမ်ပယ်၊ မြဘ်ခေလခြယ်မှ၊ လာယ်ခမထုန်၊ ရာသီဘုံလည်း၊ နယုန်အမှဝ၊ နှစ်ရက်ကလျှင်၊ အင္ဂရက်မှာ၊ ဓမ္မာသဘင်၊ အောင်ပွဲသင်သည်။ ။ပြည်ခွင်ထာဝရ ရှန်းသောကြောင်း။

ရင်း အချီအချည် သုံးပိုဒ်)

(လင်းကင်းဆရာတော်ဘုရား ရေးသားတော်မူသည်။)

# မင်္ဂလာရတုပိုဒ်စုံ

အောင်ပန်းတင့်စေ၊ ဆင့်ဆင့်ဝေသည်၊ ခြောက်ထွေရောင်တော်၊ ဂုဏ်ကိုးဖော်နှင့်၊ အံ့သော်အားလုံး၊ တွက်မဆုံးအောင်၊ သိမ်းကျုံးအစုံ၊ မြတ်သော ဂုဏ်လည်း၊ ပြည့်စုံလေခြွေး၊ သုံးလူ့ဖျားရ၊ ဟောကြားမိန့်မှာ၊ ဒေသနာသည်၊ ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့၊ စံမြန်းကြရန်၊ အခြေခံဘည့်၊ သုံးတန်မလပ်၊ ပိဋကတ်ကို၊ သဟာယ်နေရောင်၊ ခြည်တထောင်သို့၊ လင်းပြောင်စိမ့်ငှါ၊ ရည်သန်ခါဖြင့်၊ သဒ္ဓါကြည်ဖြင်၊ ဇောစိတ်ရှင်လျက်၊ အရှင်သမဏ၊ မြတ်သံဃတို့၊ နို့မသေ့၊ အားထုတ်ပေ၍၊ အနေကျကျ၊ နှုတ်ရွှရွှနှင့်၊ ဘေဇ ပြောင်လင်း၊ ခြင်္သေ့မင်းတို့၊ ရဲတင်းအာဂုမ်၊ ကျမ်းပေါင်းစုံကို၊ နှုတ်ငုံဖြင့်နွဲ၊ စာပြန်ပွဲဟု၊ ကျော်သဲခါပင်၊ အောင်ပန်းဆင်၍၊ သဘင်မဟာ၊ ဖွင့်ခမ်းဖြာသည်။ ။အောင်ခါစည်သို့ ယွန်းမည်ကြောင့်။

ရောင်လျှမ်းပွင့်နေ၊ တင့်ရှန်းဝေတည်း၊ အခြေမညို့၊ ညောင်ရွှေမြို့တွင်၊ မချို့စေတနာ၊ လွန်ကြည်ဖြာ၍၊ ဝေဖြာတင့်ဖြိုး၊ တရားမိုးကို၊ ရွာကျိုးစေငှါ၊ ဟိုးသံညာလျက်၊ စဉ်လာတင့်ရှန်း၊ ကြာရှည်ထွန်းအောင်၊ ရည်ညွှန်းရွှေ့သော်၊ မထေရ်ကျော်တို့၊ ထိုရော်ဘမျှ၊ ဥက္ကဋ္ဌနှင့်၊ နာယကဂုဏ်၊ သာခပေါင်းစုံသည့်၊ ဥဿုံခပင်း၊ ပြည့်ငခြင်းဖြင့်၊ ပြောင်လင်းသာသနာ၊ ပူသေးခါဝယ်၊ များစွာသောင်းသောင်း၊ သံဃာပေါင်းနှင့်၊ ဟုတ်ကြောင်းကိုသာ၊ ဖြစ်စိမ့်ငှါဟု၊ ဆရာကဝိ၊ မွန်ပဏ္ဍိတ်တို့၊ ထောက်ညှိလေရာ၊ ဤခြင်းရာကြောင့်၊ မဟာဇိန၊ ဟော်ဖော်ပြသည့်၊ ဓမ္မမြိုက်ရည်၊ သြဇာဆီသည်း၊ လင်းကြည့်ထွန်းပြောင်၊ ရွှေလရောင်သို့၊ ငါးထောင်အဆုံး၊ နေဘုန်းမျှ၊ ရွှေဘုန်းဝေဖြာ၊ သာသနာသည်။ ။ရောင်ဝါကြည်လို့ ရှန်းမည်ကြောင့်။

ညောင်နန့်းမြင့်ဝေ၊ နက်သန်မြေတည်း၊ ဘိသေကာပန်း၊ ပန်ဆင်မြန်းလျက်၊ တောက်ထွန်းဝေဆာ၊ ရွှေသမ္ဘာနှင့်၊ တေဇာတင့်ရှန်း၊ ပွဲတင်ယွန်းမျှ

ရွှေနန်းသခင်၊ ကျေးဇူးရှင်နှင့်၊ ထိပ်တင်ဒေဝီ၊ မဟေသီတို့၊ သုံးမည်ဝေဖြာ၊ ဒေသနာကို၊ ရောင်ဝါမညှိုး၊ ဆင့်ဆင့်တိုးလျက်၊ ကွန့်ဖြိုးစေမည်၊ စိတ်တော်ရည်၍၊ တန္တိထုံးဟောင်း၊ ရွေးမင်းကောင်းတို့၊ ပြုကြောင်းသာသနာ၊ ရှည်မြင့်ကြာအောင်၊ သင်္ဂါယနာတင်၊ ပွဲခေါင်းယင်သို့၊ အစဉ်မှီးလျက်၊ နည်းမပျက်ပဲ၊ ဆက်လက်တမူ၊ ပြုအံ့ဟူ၍၊ ပြည်သူဘို့အား၊ ဟောမြွက်ကြားသည်၊ စ်တ်ထားသဒ္ဓါ၊ ဖြူစင်စွာနှင့်၊ ခေမာမင်္ဂလမ်း၊ တဘက်ကမ်းသို့၊ တက်လှမ်းစိမ့်ငှါ၊ စေတနာဖြင့်၊ ကြည်စွာမနေဘ၊ စိတ်ဝယ်ဇောမှ၊ ဝပြောမည်သာ၊ ရတနာသည်။ ။နောင်လာတည်လို့ ထွန်းမည်ကြောင့်။

(ရွှေဂူကျောင်း ရဟန်းတော် ဦးသောဘိတ ရေးသားသည်။)

၁၂၉၅-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်နေ့မှစ၍ (၈) ရက်နေ့အထိ
ကျင်းပသော ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲသဘင်ကြီး
အောင်ဆုနှင်းသဘင် အခမ်းအနား၌ ဖတ်လျှောက်အပ်သော

# ထောမနာ ဩဘာစာ ရေစက်ချစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပြဟ္မာနတ်လူ၊ များဖြင်ဟိန္ဒဂူ၊ သုံးဘုံသူတို့၏သနင်း၊ အမင်းမင်းတို့၏၊ အောင်ခြင်းမင်္ဂလာ၊ အောင်သူတကာတို့၏ဥသျှောင်၊ အခေါင်မောဠိ၊ မဟန္တာဘိဇေယျ၊ ဇေယျုတ္တမ၊ ဇေယျာဘိပဝရ၊ အတုလရာဇာ၊ တိလောကာဓိပတိ၊ ဝိသုဒ္ဓိထွဋ်ဖူး၊ အောင်ပွဲမှူးဖြစ်တော်မူသော၊ ဂေါတမနွယ်ဖွားဘုရားသခင်သည်၊ ရှေးရှေးလွန်လေ၊ အတီတေက၊ သင်္ချေလေးဖြာ၊ ကမ္ဘာဆယ်သောင်း၊ ကပ်ပေါင်းအရ၊ သာရမဏ္ဍ၊ ကမ္ဘာမသက်၊ အတုလမှူး၊ ညွန့်ဖူးထွဋ်တင်၊ ဒီပင်္ကရာ၊ သကျာဘုန်းဟော၊ စောမုနေသည်၊ ချိန်စေ့ခါသင့်၊ အခံရင့်၍၊ ပွင့်တော်မူလတ်သော်၊ ထိုခရာ်အခါ၊ သဒ္ဓါလွလွ၊ ဗုဒ္ဓကုံ၊ လူ့ဘည္ညွန့်ပေါင်း၊ အလောင်းဓမ္မရာဇ်၊ တို့ရှင်ချစ်ကား၊ ခွန်းလှစ်ဘင့်ဆန်း၊ ဗျာဒိတ်ပန်းကို၊ ဆင်မြန်းထိုက်ရာ၊ အင်္ဂါမယုတ်၊ မနုဿတ္တ၊ စသည်ရှစ်အင်၊ ဘိညာဉ်လောက်လုံ၊ စုံလင်ပြီးရကား၊ ရှေးဖျားပထမ၊ နိယတဗျာဒိတ်၊ အောင်ဘိသိက်ကို၊ ဦးထိပ်အပြင်၊ ပန်ဆင်တော်မူခါ၊ သုမေဓာဘဝ၊ တာပသယောဂီ၊ ဝသီလေ့လေ့၊ ဈာန်ပျော်မွေ့သား၊ ရသေ့အဖြစ်မှသည်၊ အနမတဂ်၊ သံသာစက်ဝယ်၊ ဆက်ဆက်ဘဝ၊ ဖြစ်သမျှတို့၌၊ စရိုက်မခေါင်၊ ထုံးဟောင်းတရှိ၊ အတိဒုက္ကရ၊ မဟာပရိစာဂ၊ သုံးပါးစရိယ၊ ဒါနသီလ၊ စသည်အပြား၊ ဆယ်ပါးသုံးလီ၊ အညီမယုတ်၊ အပတ်တကုဋ်၊ မဆုတ်နစ်ပဲ၊ အားသစ်လုံ့လ၊ မဇ္ဈိမပဋိပဒါ၊ စဉ်လာကျင့်ဟောင်း၊ တချဉ်းကြောင်းတို့နှင့်၊ မခပြောင်းမတိမ်း၊ ပိုက်သိမ်းဆည်းပူးတော်မူသော၊ ပါရမီဒဗ္ဗ၊ သမ္ဘာရအဆောက်အဦးဘို့ကြောင့်၊

ထူးမြတ်စွာလှ၊ ဘဒ္ဒမည်သာ၊ ဥာဏမ္ဗာသက်၊ မဟာသမဘ၊ ဝံသသမိုင်း၊ ကွန်လှိုင်းနွယ်လာ၊ သကျာဒိစ္စ၊မဟာတ္တဇာတိဖြစ်သောမင်းမျိုးမှ၊ဖြိုးဖြိုးကွန့်ခေ၊ ဇမ္ဗူချက်ဗွေ၊ အောင်မြေဘူမ၊ အသတ္တမုမရာ မဟာဗောဓိ၊အပရာဇိတ်သက်၊ သီရိကြိုင်လန်း၊ ရွှေသောင်နန်းငယ်၊ လေးခန်းသစ္စာ၊ သိသင်းဖြာ၍၊ ဗိုလ်ပါ သေနင်၊ မာရ်ငါးအင်ကို၊ အောင်မြင်ပြီးခါ၊ ဗုဒ္ဓါဘိသေက၊ မဟာဇေယျ သဘင်၊ အောင်ပွဲယင်တော်မူသတည်း။

သဘင်အောင်ပွဲ၊ ချီးဝှဲမကုန်၊ တိဘုမ္မဆောင်၊ သုံးခေတ်သျှင်ဗွေ၊ ဝေ ဏေသနင်း၊ တရားမင်းသည်၊ စံခင်းပြည်သာ၊ ဗာရဏာသှု၊ ဆာယာရိပ်မြုံ၊ မိဂဒါဝုန်နှိုက်၊ အထုံပါရမီ၊ ကိုယ်စီပြည့်ဘိ၊ ပဥ္စဝဂ္ဂီတို့အား၊ အနုဿရတနာ၊ မွန်မြတ်စွာသော၊ ဓမ္မစကြာတရား၊ ဟောကြားကြေည်၊ လည်စေခြင်းအစ၊ ပုညဝန္တ၊ တေဇအာဏာ၊ သမ္ဗာယောက်လင်း၊ မလ္လာမင်းတို့၊ ပိုင်နင်းဇေယျခုံ၊ ကုသိနာရုံ၊ အင်ကြင်းစုံဝယ်၊ ဝိဇ္ဇုံမြာသာ၊ အရောင်ဖြာသော၊ ရတနာညောင်စောင်း ကျိန်းသပ်လျောင်းလျက်၊ အကြောင်းဘုံ၊ မြွက်ထောက်ရှုမှု၊ သုဘဒ်ပရပိုင်၊ ရောက်ဆိုက်ခြေစုံ၊ စက်တော်လှုံပြီး၊ ရွှေဘုံနိဗ္ဗာန်၊ စံမည်စိုးကဲ၊ ရှိဆဲဆဲနှိုက်။ ။ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ အဆုံး၊ အကျဉ်းချုံး၍၊ နိဂုံးအုပ်ခါ၊ မိန့်မှာဘုရား၊ ဟောကြားအပြီး၊ မြေကြီးလျှော်ပဲ့တာခြေကြွးပြုံ၊ အနုပါဒိသေသ၊ အမတရွှေနန်းကို၊ သိမ်းပြန်းစိုးစံတော်မူသတည်း။

အနုတ္တရ၊ ဓမ္မသာမိ၊ မုနိပုင်္ဂဝံ၊ တခွန်ဆိမိ၊ စောထိးဘုရာ၊ နိဗ္ဗာန်ကြွသွာ၊ စံလှန်ငြားသည်း၊ အားပါးလှုလှ၊ မုဒ္ဒာန္တ၊ ပုညနိုးရင်း၊ မရှိသျှင်း၍၊ အပျင်းထုံဆုံ၊ အငုံပါရမီ၊ ပြုပြီမပွင့်၊ ကျွတ်ခွင့်မရ၊ ဒုက္ခယဉ်သောင်၊ ဝဲသယ်ခေါင်၌၊ ကတောင်ချောက်ချား၊ မျှောပါမွန်းနစ်၊ ကျွန်ရစ်သသူ၊ ဝေဏေဘိန္ဒဂူ၊ နတ်လူအပေါင်းဘို့အား၊ နောက်နှောင်းအခါ၊ သစ္စာသီးရင့်၊ ပွင့်ကြဖေငှါ၊ မဟာကရုဏာ၊ ဒယာမေတ္တာ၊ လွန်စွာကြီးမား၊ သနားတော်မူရကား၊ "ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" ဟူသော ပရိနိဗ္ဗာနသုတ် ဒေသနာဖြင့်၊ မိန့်မှာပိုင်းခြား၊ ကိုယ်တော်စားကို၊ ညွှန်ကြားတော်မူခဲ့ပါသည်၊ အာနန္ဒ–ချစ်သားအာနန္ဒာ၊ မယာ = ငါဘုရားသည်၊ ဝေါ = သင်တို့အား၊ ယော ဓမ္မောစ = အကြင်သုတ်အဘိဓမ္မာကိုလည်းကောင်း၊ ယော ဝိနယောစ = အကြင် ဝိနည်းဘုရားတော်ကိုလည်းကောင်း၊ ဒေသိတော = ထပ်ခါ

မနား ဟောလည်း ဟောကြားအပ်ပြီ၊ ပညတ္တာ = ပိုင်းခြား သတ်မှတ် ပညတ်လည်း ပညတ်တော်မူအပ်ပြီ၊ သော ဓမ္မောစ = ထိုသုတ် အဘိဓမ္မာသည် လည်းကောင်း၊ သော ဝိနယောစ = ထိုဝိနည်းတရားတော်သည်လည်းကောင်း၊ မမ = ငါဘုရား၏၊ အစ္စယေန = ကွယ်လွန်သဖြင့်၊ ဝေါ = သင်ချစ်သားတို့၏၊ သတ္ထာ = ဆုံးမပဲ့ပြင်တတ်သော ဆရာသည်၊ ဘဝိဿတိ = ဖြစ်လတံ့။

ဤသို့လျှင်၊ ကောဏ္ဍညသုဘဒ်၊ စဆုံးမှတ်၍၊ လူနတ်တို့အား၊ ဟောညွှန်ကြားသည်၊ တရားရှစ်သောင်းလေးထောင်၊ ကိုယ်စားဆောင်လျက်၊ နောက်နောင်နောဂတ်၊ ဘဗ္ဗဗောဓနေ၊ များဗိုလ်ခြေတို့အကျိုးငှါ၊ သာသနာ သံဝစ်၊ နှစ်မြတ်ငါးထောင်၊ ကြည်ဆောင်ပိုင်းခြား၊ ထားတော်မူခဲ့သတည်း။

ယင်းသို့ သာသနာ၊ အာဏာတော်ခေတ်၊ ထွန်းသစ်ပထမ၊ မဇ္ဈိမဒေသ၊ သီဟဠနှင့် သုဝဏ္ဏဘုံ၊ ဇေယျုံရဋ္ဌ၊ မြန်မာ့ခမ်းဝံါ၊ သရေခေတ္တရာ၊ ပေါက္ကာရာမ၊ ပင်းယစစ်ကိုင်း၊ ကွန်းလှိုင်းစဉ်လာ၊ ရတနာပူရ၊ ရတနာသိဃ်၊ အမရပူရ၊ ရတနာပုဏ္ဏ၊ ယင်းမှတဖြာ၊ 'သာသနာသည်၊ အညာဆန်လတံ့' ဆိုသော၊ မာတ်သိုက်-သမိုင်းထွက်များအရ၊ ကမ္ဘောဇတိုင်း၊ စိန့်တိုင်းစသော၊ တိုင်းပြည့်ခရိုင် နိုင်ငံအရပ်ရပ်များသို့၊ နှံ့ပြားဘိုးတက်၊ ဆက်ဆက်ကြီးပွားကာ၊ ယခုအခါ၊ ဗုဒ္ဓသာသနာ၊ လွန်စွာထွန်းလင်း၊ လမင်းသိတဂူ၊ ကုန္ဒုပြကဋ္ဌေ၊ နေပဘောဋ္ဌိ၊ ထွန်းဘိမကာ၊ ဆဆက်စွာ၊ မဟာပြဘက်၊ ဓမ္မမှောင်နည်း၊ ရောင်ခြည်စည့်စည့်၊ အလင်းပြည့်လျက်ရှိသော၊ သီရိဘျက်သရေ၊ ညောင်ရွှေပြည်ကြီးဝယ်၊ ခမည်းတော်ဥမ္မာသဂ်ယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီး၊ အလယ်နန်းမတော်—ဆင်ဖြူရှင်မိဖုရားခေါင်ကြီးတို့- သားကြီးနှင်နှင်၊ သွင်တူခြား၊ ထိဘွား နန်းဘွား၊ သားတပါးဟု၊ မွေးစားမြောက်ချီး၊ ရွှေနန်းတော်ကြီး ဖြစ်တော်မူသော၊ ကမ္ဘေ ဇရဋ္ဌ သိရိပဝရ မဟာဓိသ သုဓမ္မရာဇာ ဟူသော မြန်မာမင်းဘွဲ့၊ ခေ—အက်စ်-အင်မ်၊ စီ-အိုင်-အီး ဟူသော ကျက်သရေဆောင် ရွှေစလွယ်ရဆုထူးဘွဲ့၊ အိန္ဒိယရဋ္ဌမဟာသဟာယဟူသော မိတ်ထူးဘွဲ့၊ လူမင်းသာမန်တို့ မခံနိုင်သော ဆာ ထူးဘွဲ့စသည်ကို ခံတော်မူသော လောကီဂုဏဝစ္စနဂုဏ်၊ ဒါန သီလ စသော ပါရမီတော်အရာ၌ လွန်စွာမနစ်မဆုတ် အထူးအားထုတ် ဆည်းပူးတော်မူခြင်း ရာဇဓမ္မအပေါင်းတို့ကို မစောင်းမတိမ်း ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်းစသော လောကုတ္တရာဂုဏဝန္တဂုဏ်၊ ဤသို့လောကီ-လောကုတ္တရာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော နတ်ပြည်စံ ဘကြီးတော်သည်၊ များပြားစွာလှ၊ သံဝစ္ဆရ၊ ပုညဥပစိဘ၊ ကုသလ

အရာ၊ သာသနာတော်၏အကျိုး၊ ဖြိုးဖြိုးကွန့်လှိုင်း၊ အတိုင်းမသိ၊ အာသဒိသ၊ မဟာအစ္ဆရိယ၊ နိဗဒ္ဓဝတ်ဖြင့်၊ ယွင်းချွတ်လစ်လပ်ခြင်းမရှိ၊ အဓိစိတ္တာ ရိ၊ မနသီထုံကဲ၊ အမြဲပြုစုဆည်းပူးတော်မူရသော်လည်း၊ ရောင့်ရဲတင်းတိမ်ခြင်း ရှိတော်မမူပဲ၊ သယမ္ဘူမြတ်ဖျား၏၊ သုံးပါးသော ပိဋကတ်တော်ကို၊ ပူဇော် ချီးမြင့်တော်မူလိုရကား၊ ၁၂၇၆-ခုနှစ်နှင့် ၁၂၇၇-ခုနှစ်တွင်၊ ဗုဒ္ဓရတနာ၊ သာသနာတော်၏ အနှစ်သာရဖြစ်သော၊ ပထမပြန် အာဂမ်ဆောင်ပွဲတော် ကြီးကို ရွှေမြို့တော် အင္ဂဒိသာ ဓမ္မဝိဟာရ ကျောင်းတော်ကြီး၌ သိုက်မြိုက် ကြီးကျယ်စွာ ပဋ္ဌမာဂ်က၊ အစကနဦး၊ ချီးကျူးတည်ထွင်၊ သံပိုင်းတင်၍၊ ဆင်ယင်ကျင်းပတော်မူခဲ့လေသတည်း။

ထိုသို့ စာပွဲသဘင် ယင်သည့် သက္ကရာဇ် ၇၇-ခုနှစ်နှင့် ၉၄-ခုနှစ် အကြား ကာလအားဖြင့် ပိုင်းခြားတွက်စစ် ၁၆-နှစ်အထိ ပလိဗောဓ နဝ ကမ္မရာဇဗဟုလ အဝဝအကြောင်းအားဖြင့် များပြားရှိသည်ဖြစ်၍ လစ်လပ် ပြတ်စဲ စာတော်ပြန်ပွဲမဖြစ်ပဲ ရှိနေသည့်အရာကို ကမ္ဘာဦးသူဘို့သည် နှစ်ဆူ သောနေလကို တောင့်တဘိသကဲ့သို့လည်းကောင်း၊ တတိယသင်္ဂါယနာတင် မည့်အရေးတွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို ရဟန္တာအပေါင်းတို့ မြော်လင့်ဘိသကဲ့သို့ လည်းကောင်း၊ ရှင်မဟိန္ဒထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွတော်မူမည့်အချိန်ကာလကို ကြံဆဆင်ခြင်တော်မူလျှင် သီဟိုဠ် မင်း မုဋသိဝသည် အိုမင်းကြီးရင့်သော အချိန်သို့ရောက်ပြီဖြစ်၍ သာသနာ တော်ကို ပြုစုနိုင်မည်မဟုတ်၊ ထိုမင်းကို အမှီပြု၍လည်း သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခြင်းငှါ မဘတ်ကောင်း၊ ထိုမင်းလွန်၍ သားတော် ဒေဝါနံပိယတိဿမင်း နန်းတက်မှ ချီးမြှောက်ရန်ကြွမည်ဟု ငံ့လင့်ဘိသကဲ့သို့ လည်းကောင်း၊

ဗုဒ္ဓမြတ်စွာ သာသနာတော်၏အရင်းမူလ ဘူတဖြစ်သော ပရိယတ္တိ တရားကြီးပွားကြောင်းအရ ပဋ္ဌမ စာပြန်ပွဲတော်ကြီးကို ဆက်လက်ဖြစ်ထွန်း ပါရန် အချိန်အခါကို များစွာပြောထူ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ တောင့်တမြော်လင့် ရှိနေကြရာ ဒေဝါဘိဘူ ဒေဝူပဂတ ဒေဝဂ်တ ဂုဏ ဝန္တအရှင် နတ်ခွင်ကြွင့်နံး စံမြန်းကြွသွားတော်မူသော ဘကြီးတော်ဘုရား၏ ရိုက်ရာတော်ကို ထီးမွေနန်းမွေ သာသနာတော်အမွေမှစ၍လေးကီးလောကုတ္တရာ အမွေများကို ထူးခြားကဲလွန်စွာ ခံစံထိုက်သော ဘုန်းသမ္ဘာရင် ဖြစ်တော်မူ သည်နှင့်အညီ စီစဉ်စိုးမိုး ဘွားရိုးမပျက် ဆက်လက်ခံယူသိမ်းပိုက်တော်မူသော

ဓမ္မေန သမေန ရဇ္ဇံ ကာရေတိတိ ရာဇာ သဒ္ဒါဝိဂ္ဂဟ ဝစ်နတ္တအလား ဆယ်ဖြာသောဓမ္မအစု စတုသင်္ဂဟ ခြောက်ဝသော နာယကဂုဏ် လုံးစုံအပရိဟာနိယ ဗလငါးအင် ပြည့်စုံလင်သော ကမ္ဘောဇရင္ဌ မဟာဗောဓိ သုဝဏ္ဏပူရိအမည်ရှိသော ညောင်ရွှေပြည်ကြီးကို ဘုန်းမီးနေလ အစိုးရတော်မူသော မဟာပဒေသရာဇာ သာသနဒါယကာ သမ္မာတော်ရင် အရှင်သခင်စော်ဘွား ကြီးသည် ခြားကွာခဲ့ပြီးသော နှစ်ပေါင်း၄ရိဇ္ဇဒ တဆယ့်ခုနစ်နှစ်အထက်က ကျင်းပတော်မူခဲ့ဘူးသော ဘကြီးတော်ဘုရား၏ နည်းဥပဒေသကို မှီငြမ်းဆယ်ပြုတော်မူသည်တကြောင်း၊

ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ် ဖြစ်တော်မူကြကုန်သော အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သီရိဓမ္မာသောကမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ မင်းတုန်းမင်းတရားကြီးစသော သာသနဒါယကာ နွယ်လာနေ မြစ် ဧကရာဇ်မင်းမြတ်တို့ကဲ့သို့လည်းကောင်း၊ မြတ်စွာဘုရား၏ သာသနာ တော်၌ အပေါ့သုက္ကာ ကြောင့်ကြမဲ့ဟူ လျစ်လျူရှုအား ပမာဒတရားကို နှလုံး ထားတော်မမူပဲ လွန်ကဲထူးမြတ်သော ပါရမီတော်ကြောင့် အထွဋ်အထိပ်သို့ ရောက်တော်မူခြင်းသည် သာသနာတော်မြတ်ကြီး၏ ကြီးပွားမှုကို ပြုစုပျိုး ထောင်ရမှသာလျှင် အနှစ်သာရရှိပေတကားဟု ရှင်လန်းဝမ်းမြောက်သော ရွှေနှလုံးတော်ရှိသည်နှင့်အညီ သုံးလီသော သာသနာတော်မြတ်၏ ပွားထပ် စည်ပင်မှုကို ဂရုဏတ နေ့ညမယုတ် အားထုတ်ရိုးရင်း နှလုံးသွင်းရှိတော်မူ သည့်အတိုင်း မဟာပဒေသရာဇာ သာသနဒါယကာ သမ္မာတော်ရင် အရှင် စော်ဘွားကြီးသည် ကျေးဇူးရှင် မယ်တော်ကြီးကို အမှူးထား၍ မဟာဒေဝီ သခင်မကြီး နောင်တော် ညီတော်တို့ သာသနရက္ခိတ သာသနပါလက သာသန ဒါယကာ ဖြစ်တော်မူကြသည်နှင့်အညီ–

ပါရမီစာဂ စရိယဖြင့် လိုလ္လအားသန် ကျင့်နည်းမှန်သော ဝေဿန္တရာ ဗုဒ္ဓကျွအလောင်း မင်းကောင်းမင်းမြတ်တို့ကဲ့သို့ နတ်လူတို့ဆရာ ဗောသတ္တာ၏ အာဏာတော်မြတ် ပရိယတ်နှင့် ပဋိပတ်ဓမ္မ ပဋိဝေဓတရား ပိုင်းခြားသတ်မှတ် သုံးရပ်သော သာသနာတော်အလား အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ ပါဠိ တော်တည်းဟူသော ပရိယတ္တိ၊ မူတင် ၁၃–ပါး၊ စာရိတ္တသီလ ဝါရိတ္တသီလ သမာဓိ ဝိပဿနာတည်းဟူသော ပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်း ဟူသော ပဋိဝေဓ၊ ဤသုံးဝသော သာသနာတွင် ယထာနုလောမိက ပရိယတ္တိ ဓမ္မသည် မူလဘူတပင်မခေါင်းဆောင် ကန်ဘောင်ရိုးပမာ ထိုမှနှစ်ဖြာသာသနာ

သည် ရေကြာသဖွယ်ဖြစ်၍ အမြစ်ပင်မင်း လိုရင်းပရိယတ္တိ ထင်ရှားရှိက မုနိ သာသနာ မကွယ်ရာဆိုသောအကြောင်းလည်း ''သာသနဿ ပရိယတ္တိမူလံ၊ ပရိယတ္တိယာ အန္တရဟိတာယ သုပ္ပဋိပန္နဿာပိ ဓမ္မာဘိသမယော နတ္ထိ''။

သာသနဿ=သာသနာတော်မြတ်၏၊ မူလံ=အကြောင်းရင်းကား၊ ပရိယတ္တိ= ပရိယတ္တိသာသနာတော်လျှင်တည်း၊ ပရိယတ္တိယာ = ပရိယတ္တိ သာသနာတော် သည်၊ အန္တရဟိတာယ = ကွယ်ပျောက်သည်ရှိသော်၊ သုပ္ပဋိပန္နဿာပိ = ကောင်းစွာ ကျင့်သောသူအားသော်လည်း၊ ဓမ္မာဘိသမယော = လောကုတ္တရာ တရားတော်ကို သိရခြင်းသည်။ နတ္ထိ = မရှိ။

ဤသို့ ပါဠိ ထုတ်ဖော်ရှိသဖြင့် ပရိယတ္တိဟူသော ပိဋကတ်သုံးပုံ ဖွင့်စုံ သံဝဏ္ဏနာ အဌကထာတို့ကို လေ့လာသင်ကြား ဆောင်ရွက်ထား၍ နှုတ်ဖြား ရွရွ၊ ဓာရဏဖြင့် အရမိမိ အာဂုမ်ရှိမှသာလျှင် သပ္ပုရိသ သဒ္ဓမ္မသာသနာ မကွယ် ပါ၍ ဖြာဖြာထွန်းဝင်း နေလမင်းသို့ ရောင်လင်းကွန့်ကွန့် အဓွန့်ရှည်ဘို့ ဌိတိ ကာလ မူလဘူတ ဖြစ်ရင်းကျသော ဓမ္မပရိယတ် ဆက်မပြတ်အောင် ကျက်မှတ် အားထုတ် အပတ်တကုတ် ကြိုးပမ်းလုပ်၍ ဉဿာဟမနား ဆင့်ဆင့်ပွါးသဖြင့် တရားမှန်သိ ကျင့်ပဋိနှင့် သမာဓိရရ ပဋိဝေဓဉာဏ် မဂ္ဂဖလဥာဉ် နိဗ္ဗာန် လမ်းပြ ဝိသေသလည်း သီလဖြင့် ကြီးပွားခြင်း ဝုဍ္ဎိ မဂ်ဖြင့်စည်ပင် ပြန့်ပွား ခြင်း ဝိရုဠိ၊ နိဗ္ဗာန်ဖြင့် ပြန့်ပြောခြင်း ဝေပုလ္လ၊ တနည်းပြလျှင် သီလ သမာဓိ နှင့် ပုံမှိုဖြစ်စေခြင်း၊ ဝိပဿနာမဂ်ဖြင့် ပြန့်ဖြာစေခြင်း၊ ဖိုလ်နိဗ္ဗာန်ဖြင့် ဝေပုလ္လ ဖြစ်စေခြင်းစသော အကြောင်းအကျိုး တိုးပွားစေခြင်းငှါလည်းကောင်း၊

ပရိယတ္တိသာသနာ ဓမ္မက္ခန္ဓာ ပေစာအပေါင်း ရှစ်သောင်းလေးထောင် တို့သည် ပြောင်ပြောင်ထွန်းဝင်း နေမင်း လမင်း ကမ္ဘာချဉ်းသို့ အလင်းရရ ပျောက်ပတိမ်ကောခြင်းမရှိပဲ၊ တည့်တည့်မှန်ကန် မြဲမြဲစွာရမိသင်ကြားခြင်းနှင့် တကွ သုံးဝသော သာသနာတော် ထွန်းပေါ်တောက်လင်းစေခြင်းငှါလည်း ကောင်း၊ ကြိုးပမ်းဉဿာဟ ပြုလုပ်ရသည့် ဓမ္မသဘင် ကုသိုလ်လျှင်ကြောင့် နောင်စဉ်သံသရာ များစွာသုဂတိ အားရဘိ၍ လောကီသမ္ပတ္တိ, လောကုတ္တရာ သမ္ပတ္တိ အမည်ရှိသော အဓိပတိစည်းစိမ် ထိန်ထိန်ဖြိုးဖြိုး ဒီရေတိုးသို့ အမျိုး မျိုးပြည့်စုံ ဒုဂ္ဂတိဘုံသို့ မစုံမဆင်း ကြဉ်ပယ်လျှင်း၍ စံခန်းနိဗ္ဗာန် ရောက် စေရန်အကျိုးငှါလည်းကောင်း၊

နှစ်ထောင်းဝမ်းသာ သဒ္ဓါပုဗ္ဗင်္ဂမ ဥက္ကဋ္ဌဇော မနောဘဏီဝိ ရှိကြီးရှိတော်မူသဖြင့် သားတော် သမီးတော် ဆွေတော်မျိုးတော် မြို့စားရွာစား မှူးတော်မတ်တော် ကတော်လုံးစုံ ဟိန်ထမ်ရွာအုပ် ရာဇဝတ်ထိန်းအစီရင် ကြေညာမှုစ၍ နယ်သူနယ်သားအပေါင်းတို့ကို ကောင်းစွာနှံ့ဖူ ပန်ဆုရှယ်ချူကိုယ်တော်ထပ်တူ ယူစေတော်မူ၍ ကြည်ဖြူဆော်ဖန် ခန့်ရန်တော်မူပြီးလျှင် ဤညောင်ရွှေမြို့တော် အဋ္ဌဒီသာ ဓမ္မဝိဟာရကျောင်းတော်ကြီး၌ ယခုဒုတိယ အကြိမ်ဝိနယာဒီနိုဂ္ဂဟ ပထမအာဂုမ်စာပြန်ပွဲဘော်ကြီးကို သာသနာတော်နှစ် ၂၄၇၄- ကောဇာသက္ကရာဇ် ၁၂၉၅-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်နေ့မှအစပြု၍ ၎င်းလပြည့်ကျော် (၇) ရက်နေ့တိုင် နံနက် (၇) နာရီမှ (၁၀) နာရီအထိတကြိမ်၊ မွန်းလွဲ (၁၂) နာရီမှ (၄) နာရီအထိတကြိမ်၊ တနေ့လျှင် စာပွဲနှစ်ကြိမ် အချိန်ကန့်သတ် လျောက်ပတ်သားသား မင်းခမ်းမင်းနား အပါးပါးတို့ဖြင့် ကြွားကြွားတင့်ရှန်း အောင်စည်ရွှမ်းလျက် ပျံ့မွှန်းသံလွှင် အစုံအလင်ဆင်ယင်ကျင်းပပါသတည်း။

ယင်းသို့ ပထမပြန်စာပွဲသဘင် ဆင်ယင်ကျင်းပ လုလ္လအားသစ် ဖွင့်လှစ်ရှိရာ ဆရာတော်သံဃာတော်တို့နှင့် သာသနဒါယကာ အရှင်သခင်စော်ဘွားကြီးအမှူးရှိသော ရဟန်းရှင်လူ ပြည်သူပရိသတ်တို့၏ မျက်မှောက်အလယ်၌ စာပွဲဝင်အောင်ပန်းရ ရဟန်းတော် အငယ်အောက်တန်း (၄၅) ပါး၊ ၎င်းအထက်တန်း (၁၁) ပါး၊ အလတ်အောက်တန်း (၂) ပါး၊ ၎င်းအလတ်အထက်တန်း (၁) ပါး၊ ပေါင်းရဟန်းတော် (၅၉) ပါး၊ သာမဏေအငယ်အောက်တန်း (၂၃၂) ပါး၊ ၎င်းအထက်တန်း (၆၂) ပါး၊ အလတ်အောက်တန်း (၃၉) ပါး၊ ၎င်းအထက်တန်း (၂) ပါး၊ ပေါင်းသာမဏေ (၃၃၅) ပါး၊ နှစ်စုအောင်ပန်းရ ရဟန်းသာမဏေပေါင်း (၃၉၄) ပါး တို့သည် သဒ္ဓါ-သင်္ဂြိုဟ် ဝိနည်း စသောကျမ်းစာများကို မိမိတို့အတန်းသင့် နံပါတ်စဉ်အတိုင်း မြင်းကောင်းစိုင်းသို့ ဆုတ်ဆိုင်းမရှိ ဗျဉ္ဇနဗုဒ္ဓိ ဌာန်ပုံညီလျက် သတ္တဲဗျတ္တဲ သတိမတွန့် ရဲစံ့တင်းဘင်း ခြင်္သေ့မင်းကဲ့သို့ ကြောက်လန့်ခြင်းမရှိဘဲ ရမ်အာဂုမ်ဝသုန်ရိုက်ဟီး ပွဲတင်တီးမျှ အသီးသီးပြန်ဆိုအောင်မြင်တော်မူနိုင်ကြသည်ကို ညောင်ရွှေမြို့မ သာသနာပြုဂိုဏ်းအုပ်ဆရာတော်ဘုရား၊ ဟဲယာ-ရွာမကျောင်းနီ ဂိုဏ်းအုပ်ဆရာတော်ဘုရား၊ လင်းကင်းကျောင်း နာယက ဆရာတော်ဘုရား၊ ဗိန္ဒော နာယက ဆရာတော်ဘုရားတို့နှင့်တကွ ဂိုဏ်းအုပ် ဂိုဏ်းထောက်၊ စာဘောက် စာကြပ်ဆရာတော်၊ သံဃာတော်တို့ပါ ကျေးဇူးရှင်မယ်တော်သခင်မကြီး၊ သာသနဒါယကာ မဟာပဒေသရာဇာ အရှင်သခင်စော်ဘွားကြီး၊

မဟာဒေဝီသခင်မကြီး၊ နောင်တော် ညီတော် မြို့စား ရွာစား မှူးမတ်အရာရှိတို့နှင့် မြို့သူမြို့သား၊ နယ်သူနယ်သား များပြားထူထပ် ပရိသတ်ဗိုလ်ပါ ဝိမ့်စိမ့်နာ၍ သာဓုသာဓု ကြီးထုမြွက်ဖော် အုပ်အော်သံချေ မွန်းကြားစေလျက် စိန္တေ သာသနာ ဆောင်ပါအိအိ စုဖို ဝိရုဠ္ဌီ အတိခဝပုလ္လဖြစ်၍ အနှစ်ငါး ထောင် ပြောင်ပြောင်ဘင့်ရှန်း ထွန်းလင်းတောက်ပစေတော့မည်ဟု ဝမ်းမြောက်နှစ်သက်၊ ကျက်ကျက်ဆူညံ ပသံသိတ ထုတိသဒ္ဒ သြဘာမင်္ဂလာ အာမေဋိတ်ကြွေးကောင်းချီးပေးကြကုန်လျက် လာလတံ့သော နှစ်အဖို့ဘို့၌လည်း ဤကဲ့သို့ ပဥ္စမ စာပြန်ပွဲတော်ကြီးကို ဝင်ရောက်ပြန်ဆိုတော်မူနိုင်ကြပါစေရန် နယ်တွင်း နယ်ပြင် ဇန်းကျင်ဝေးနီး အသီးသီးသော ကျောင်းထိုင်ဆရာတော်ဘုရားတို့က မိမိတို့တပည့်တပန်း ရဟန်းသာမဏေ ရှင်ငယ်သူငယ်ဘို့အား သင်အားကြားအား ရှိကြပါစေရန် နှိုးဆော်တိုက်တွန်း၍ ကြိုးပမ်းမယုတ် အားထုတ်တော်မူကြလိမ့်ဟု ယုံကြည်စိတ်ချ မျှော်သင့်ဘောင့်တပြီးလျှင် ညောင်ရွှေမြို့ မဟာပဒေသရာဇာ သာသနဒါယကာ အရှင်သခင် စော်ဘွားကြီးက ရဇတသာခွာ ရတနာဝတ္ထု ၂စွည်းတို့ဖြင့် နည်းနာကျန နဝကမ္မဿ ဒေမိ-ဟု ပန်လျှောက်ဆို၍ ကြည်ညိုအားတက် နှစ်သက်ရှင်မြူး သြဘာကျူးလျက် ဂုဏ်ထူးဆောင်အောင်လက်မှတ်နှင့်တကွ ဥဇ္ဇာသတ္တိ ပျတ္တိပဋိဗလ အာဂမနှုတ်ရည် စွမ်းသည်အလျောက် ဝင်ရောက်ပြန်ဆို အောင်မြင်တော်မူကြကုန်သော ပုဂ္ဂိုလ်အရှင်မြတ်တို့အား နေထားတကျ ပဥ္စမငယ်၊ ပဥ္စမလတ်၊ ပဥ္စမကြီး အသီးသီးပိုင်းခြားထားသည့်အတိုင်း ညီနှိုင်းရုံပုံ ဆုကြုံနိမ့်မြင့် ချီးမြောက်ထောက်မ နုဂ္ဂဟ ညွှန်း ရေစက်သွန်း၍ လှူဒါန်းတော်မူသည်၊

ထို့ပြင်တဝ ဥက္ကဋ္ဌနှင့် နာယက ဆရာတော် သံဃာတော်အရှင်မြတ်တို့အားလည်း သမဏကပ္ပ ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဥဒကရေစက် ကြည်လင်ရှင်လန်း ရေစက်သွန်း၍ လှူဒါန်းတော်မူသည်၊ ထိုမှတချပ် မှူးမတ်အရာရှိတို့နှင့် မြို့သူမြို့သား နယ်သူနယ်သား အများစုပေါင်း၊ သောင်းသောင်းအုတ်အုတ် ဦးစွာပဥ္စမ အစ ရက်ကြုံ နယုန်လပြည့်ကျော် (၂) ရက်နေ့၌ မြို့ လယ် ရပ်နှင့် ဝင်းရပ်နေလူသူတော်စင်အများ၊ ၎င်းသုံးရက်နေ့၌ နယ်သူနယ်သား အများအပေါင်း၊ လေးရက်နေ့မှာ မင်္ဂလာရပ်နှင့်တောင်ရပ် ဆွမ်းဒါယကာအများ၊ (၅) ရက်နေ့၌ နယ်သူနယ်သားလူအများ၊ (၆) ရက်နေ့မှာ ကံသာရပ်နှင့် သာစည်ရပ်၊ (၇) ရက်နေ့မှာ နယ်သူနယ်သားလူအများ၊ (၈) ရက်နေ့မှာ နန္ဒဝန်ရပ်နှင့် မိုင်းလည်ရပ်၊ ဤသို့များပြားလှစွာ ရသာကြိုင်မွှမ်း ဆွမ်းပန်းဘောဇဉ် ချိုချဉ်အဝဝ အာဟာရခဲဖွယ်၊ အမယ်မယ်တို့ဖြင့် ဘုန်းကြွယ်သမဏ

သီလဝန္တ ဂုဏဝန္တ ပုဂ္ဂလဝိသေသ ကြွလာသမျှ ဆရာတော် သံဃာတော် (၁၀၀) ကျော်နှင့် စာပွဲဝင်အောင်ပန်းရပုဂ္ဂိုလ် (၁၉၄) ပါးတို့အား ကြားလပ်မရှိစေရ ပြည့်စုံလင် ရက်စဉ်အသီးသီး စာပြန်ပွဲကြီးအစ ရက်မှ အန္တိမအဆုံး (၇)ရက်လုံးလုံး အုံးကြွက်ညံဆူ မြတ်အလှူကို ကြည်ဖြူရွှင်လန်း ရေစက်သွန်း၍လှူဒါန်းဆက်ကပ် လုပ်ကျွေးကြပါကုန်သတည်း။

ဤသို့ ကျင်းပဆင်ယင် ဓမ္မသဘင် ပျော်ရွှင်အောင်သံ စာပြန်ပွဲကြီး အပြီးလှလှ ဓမ္မပူဇာ ဓမ္မဒါန ဓမ္မာနုဂ္ဂဟကုသိုလ်ထိုထိုပွားများ အကျိုးအားကြောင့် တိုင်းကား ပြည်ရွာ ငြိမ်းချမ်းသာ၍ သာသနာတော်ကြီး ပွားစီးစေမှု လေးဂရုဖြင့် ပြုရေနှက်ဆောင်နိုင်လိုသော်။ ထိုထိုဘဝဖြစ်သမျှ၌ အနိဋ္ဌာရုံ ကွာကွဲ၍ ပြောင်းလဲသုတေ လားရန်ရှိပြီး ဣဋ္ဌာရုံယံဇာတ် စက်သမ္ပတ်နှင့် ဥက္ကဋ္ဌသန္ဓေ တိဟိတ် နေလုက် လျှင်ထုံ ငွိတန်း ညဉ်ဦး ဇာရင့်သန်နိုင်လိုသော်။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်မြင်သော သဗ္ဗညုတ လုံးဝ ချက်ပိုင် ဆနေါင်တိုင်ပြီး သုံးဆိုင်ဗိုလ်ပါ ဝေနေယျကို ခေမာသောင်ကျွန်း မှာဘက် ကမ်းသို့ ဆောင်နှမ်းငွင် ဖောင်နန်းယဉ်ဖြင့် ပို့တင်ကယ်ချွတ်နိုင်လိုသော်။

ဤသို့ကုသိုလ် အဖိုကိုလျှင် မြင့်မိုရ်မေရုသိနေရုလည်း နှိုင်းတုမမျှ အနန္တ ငါးအင် တပါးငင်သော ကျေးဇူးတော်ရှင် မယ်တော်အားလည်းကောင်း၊ ဒေဝဂ်တံ နတ်ထံစိုးမှူး ကျေးဇူးတော်ရှင် အရှင်ခမည်းတော်နှင့်တကွ (ဆ၁) ဘွဲ့ခံတော်ခံ ဘကြီးတော်အားလည်းကောင်း၊ သဖန်းဘွေပြင် ဦးကင်ဘခနာ ရာဇာဘိသေကံ ခံတော်မူပြီး နတ်ထီးပျော်ရွှင် အရှင်မဟာဒေဝီ မိကြီးဘော် သခင်မကြီးအားလည်းကောင်း၊ ညောင်နန်းဇေယျခုံ ရွှေဘုံပြည်ကြီးကိုထီးဆည်ကာ နှက် ဆက်ဆက်ပိုင်သ ဒ. စိုးရတော်မူကြကုန်သော မဟာပဒေသရာဇာ သမ္မာ ရှင်အနော်ရထား ဘုရားလောင်းတော် ဘိုးလောင်းတော်ဘိုးမှစ၍ မဟာဆွေတော် မျိုးဘော်တို့အားလည်းကောင်း၊ ဇမ္ဗူသောင်းခမြ ကျွန်းလုံးဝေမျှ တေဇာ ကွန့်ပြူး ကဲလုံးမိုးသော တန်ခိုးကျော်ဟိတ် ဂရိတ်ဗြိတံ အိုင်ယာလန်နှင့် လန်ဒန်စသော နိုင်ငံတော်ကြီးတို့၏သခင် ပဉ္စမမြောက် ဂျော့ဘုရင် အရှင်ဧကရာဇ် မင်းမြတ်နှင့်တကွ ဘိသေကပန်း ဆင်မြန်းပန်ချူ ခံယူတော်မူဘက်ဖြစ်သော အရှင်မိဖုရားခေါင်ကြီးတို့အားလည်းကောင်း၊ ကျော်ကြားထီးအလား လေးစားခ ယ ဂုဏဂန္တ အာဒရိယဟု တန့်ပွဲပြင် သွန်သင်ဆုံးမတော်မူသော ဆရာတော် အရှင်မြတ်တို့အားလည်းကောင်း၊

ဤဝိနယာဒိနုဂ္ဂဟ ပဌမအာဂုဏ်ပြန် သံဘန် ပိဋကတ် ပရိယတ်အရေး ဓမ္မာနုဂ္ဂဟ ဓမ္မပူဇာ ဓမ္မဒါနအဖြစ် အားသစ်ကြည်ညို ကုသိုလ်ပါဝင်ကြကုန်သော ပြည်သူပြည်သား-နယ်သူနယ်သား များလှသောင်းသောင်း သူတော်စင်အပေါင်းတို့အားလည်းကောင်း၊ ဟော်နန်းကျက်သရေ စောင့်စိုးပေသော ဒေဝါနတ်မြတ် မြို့စောင့်နတ်နှင့် စောင့်ကြပ်သာသနာ အစဖြာသော နတ်ဒေဝါအပေါင်းတို့အားလည်းကောင်း၊ သဟမ္ပတိ စရှိသွယ်သွယ် ဘုံနှစ်ဆယ်သား ဗြဟ္မာအများတို့အားလည်းကောင်း၊ တုသိတာနန်း စံမြန်းဘုန်းရှိ အရိမိတေး ပျံ့မွှေးသတင်း ကပ်လုံးချင်းမျှ လောင်းမင်းသားနတ် စဉ်းမှတ်၍ ခြောက်ထပ်ဘုံသား သိကြားဒေဝါ နတ်တကာအပေါင်းတို့အားလည်းကောင်း၊ ကြမ္မာကံအလျောက် ကျရောက်လာသူ သဘိမူအောင် ကြည်ဖြူခေါ်တွေး သတိပေးတတ်သော ငရဲသနင်း ယမမင်းအားလည်းကောင်း၊ ဤမျှတွက်ကုံး ဂဏန်းချုပ်၍ သုံးဆဲ့တစ်ဘုံ ကျင်လည်ကုန်သော လုံးစုံများစွာ သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တော်တူကွ ပုညဘာဂ ထပ်တူထပ်မျှ ရကြပါစေ အမျှဝေတော်မူသည်၊ သင်္ချာတွက်ကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းယူဇနာ မဟာပထဝီ ဤမြေနှစ်ထပ်ကို အမှတ်သိစေ၍ သက်သေပိုင်ပိုင် မယိမ်းယိုင်ပဲ ကြံ့ခိုင်မြဲစွာ တည်စေသော်၊ ကြည်ဖြူလှုံ့ဆော် ကုသိုလ်တော်ကို နှမော်ကားချီး ပုံကင်ဟီးမျှ သီးသီးအသာ ဖြဖြာကြငြာ အာမေဋိတ်လက္ခဏာဖြင့် သာယာကြွေးမှု ကောင်းချီးပြုလျက် သာဓု သာဓု သာဓုခေါ်စေသော်။

လင်းကင်းဆရာတော်ဘုရားကြီး ရေးသားတော်မူသည်။

၁၂၉၆-ခုနှစ်၊ ပထမဝါဆိုလ

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ဖွဲ့

နှစ်ဆယ်ပေါ် တေးထပ်

(ဘန်းယင့်မြို့ သာသနာ့ဒ ကျိုးဆောင် ဆရာရှိ သံကိုးမွဲဆိုသည်။)

ရာဇဝင်ပြောင်စွာ ညောင်နဂရမြို့၊ ဆောင်ရတနာဗဟို့ သန်းဝါ့ရွှေ။ အောင်ဘုမရမျှို့-ဇန့်လနေလို၊ နန်းမအသရေ-ရောင်ဖြာလျှမ်း။ ရာဇဥက္ကံဇွ, သာသနာ့နုဂ္ဂဟ, ဘာသာ့ဗုဒ္ဓ-မညှိုးဖွယ်ရာငယ်၊ မျိုးနွယ်မဟာ—စဉ်ဆက်လာတဲ့လမ်း။ ။စာသဘင် ထွန်းပွင့်, ထာဝစဉ် ညွန်းလင့်, ရာဇဝင် အမွှမ်းတင့်-ကျွန်းမြင့်အပေါ်ဝယ်၊ ကွန်းမြင့်အမော်-နောင်ရည်မှန်း။ ခွန်းဆင့် အကျော်—အောင်စည်ရွှမ်းလို့၊ သောင်မည် စခန်းရောက်စေရှန်။ ဆယ်ဝ ပါရမီ-ဖြည့်ညီမျှ၊ ပြည့်မည်အဝဝ—ကြံဆ ဆုကြီးပန်။ ။သာကီရိုးဇာတ်, ဇာနည်မျိုးမြတ်, ကြာရှည်တိုးထပ်-ထက်အားသန်သည်၊ ဘဝဂ်တလွှား-နဘံ ကျော်ညာလှိုင်းလို့၊ ရွှေနဂရာတိုင်း မနောကြည်လင်ရာ၊ ဝပြောစည်ပင်သာ။ ။ ပဋ္ဌာန်-မိုးနတ်, ရစ်ခြုံကိုးရပ်, မလစ်အကုန် ဖြိုးမတ်-ရွာသွန်းချိသည်၊ ခါညွှန်း အညီ—ပေါ်ကြောင်းပါဖျော့လေး။ ။သောလီဆန်းစ မော်ပြည်ရှမ်းနဂရ, ဇေမနသီချမ်းမြ —ကြည်လင်သည်၊ ဘေးမသီ — အစဉ်သာကြောင်းပါ ဖျော့လေး။

## ၁၃၀၅ ခုနှစ်၊ နယုန်လ

## ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီး ဖွဲ့

## ထုတိထောမနာ မင်္ဂလာဘောထပ်

(မန္တလေးမြို့၊ ဂီတမယ် လှကလေးစိန် သီဆိုသည်။)

ပါရမီသမ္ဘာရင့်ဖေဖို့၊ စာသဘင်-ပွဲတော်၊ ကြာမမြင့်-အကဲပေါ်တယ် နဲ့ပျော်ပျော်-ဆင်မြန်း။ ။သာသန-ဒါယကာမှာ၊ ဟဒယာ-ပြုံးကြည် ရွှင်လန်း။ ။ငါးကြိမ်မြောက်-သင်္ဂါယနာ၊ တင်သဘာအခန်း။ စဉ်အလာ ထင်မှန်းလို့၊ ရှင်းရဟန်းဦးသို့။ ။သုတ် ဓမ္မာ-နှုတ်မှာရွှေအောင်ပ၊ ဉဿာဟ-ပြုကြအားဂုဏ်။ ။ခုဘဝ ဤသည့်ဘုံမှာ၊ ကြည်ကြည်သုံ-ညာဏ် သွင်းလို့ ထင်အပြင်း-ဘိုးတက် စေဘနာ။ ဖြိုးလျက်ဝေဆာ။ ။ကျိုးအဆက်-အခြေပါအောင်၊ ရွှေသဒ္ဒါ-တင့်ရှန်းလို့လေး။ ။ဆဋ္ဌမယဉ်မကွာအောင်၊ သင်္ဂါယနာ ဘင်ခန်းပါဖျော့လေး။

---

## ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ

## စာပြန်ပွဲတော်ကြီးဖွဲ့ တေးထပ်

(ဆရာရှိ-သိကုံး ဖွဲ့ဆိုသည်။)

ညောင်နရိန်ဖြိုးကြွယ်တင့်၊ မိုးလယ်မြင့်-တာရာ။ ကိုးနွယ်ဆင့်-ဆာဇာ ငယ်၊ ရွှေသဒ္ဒါ-ကြည်လျှမ်း။ ။မြတ်ဗုဒ္ဓ သာသနာကို၊ ထာဝရာ-တိုးမြင့် ရည်မှန်း။ ။ဥာနွှာနတ်-ဒေဝါကူသည်၊ ယာဇမ္ဗူ-လျှံသန်း။ ဝနာငှ-ဖလ် နန်းဘာ၊ စံပြေးသည့် ဇော်ဂျီ။ ။ဘပသိ ဝိဇ္ဇာနတ်ဘယ်ဘို၊ ဟိတ်ဖြာဒြဗ် ပေါင်းဆက်ချည်။ ။စိတ် သဒ္ဒါဓာတ်-စုံညီသည်၊ ဘုံမဟီ တည်ညောင်းလို့၊ ရည်လောင်းပြု-ဘဝင်ကျော်။ ကောင်းမှုဘောဘော်။ ။ပြဟ္မာနတ်-သာဓုခေါ်သည်၊ အာနုဘော်ကြီးမည်ဖျော့လေး ...။

၁၃၁၅-ခုနှစ်၊ နယုန်လ

ညောင်ရွှေမြို့ စိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီး၌

ဆက်သွင်း ဖတ်ကြားအပ်သော

ထုတိ ထောမနာ ဓင်္ဂလာ ရတုပိုဒ်စုံ သုံးပုဒ်

(အချီ အချညီ)

(ဟယာ ရွာမ၊ ကျောင်းနီကျောင်းဆရာတော် ဦးသောဘိတ သီကုံးသည်။)

(အချီ) (အချ)

(၁) မှောင်ရှင်းတက်လာ၊× × ×၊လုံးလူ့မြတ်စွာ ရွှေကျမ်းတည်း။

(၂) ပြောင်းဝင် ရှက်ကာ၊× × × ×၊နှုန်းတုတင်ရာ နေဝန်းတည်း။

(၃) တောင်မင်းလက်ယာ၊× × ×၊ထုံးပြုမှတ်နာ စေခန်းတည်း။

၁၊ မှောင်ရှင်းတက်လာ....ဒေါင်းစကြာသို့၊ တူစွာမခြား၊ တို့ထိပ်ထား၍၊ သုံးပါးဘာသနာ၊ ရှိန်အဝါဖြင့်၊ မိစ္ဆာမှောင်တွင်း၊ အညစ်ကင်းလျက်၊ သန့်ရှင်းကြည့်သာ၊ ထွန်းစိမ့်ငှါ-ဟု၊မဟာကဿပ၊ ထေရ်ကစ၍၊မျှားလှသချာ၊ မြတ်သည်ဘတို့၊ အဇာတာသတ်၊ အားဒိမှတ်လျက်၊ ထွင့်မြတ်ထင်ရှား၊ မင်းအများကို၊ အားယားမှီကာ၊ ပြုကြရှာသား၊ သုံးဖြာပိဋကတ်၊ ကုန်စင်လတ်အောင်၊ ရွတ်ဖတ်အာဂုမ်၊ နှုတ်မှာငုံလျက်၊ လုံးစုံသန့်ရှင်း၊ ပြစ်မှုကင်းအောင်၊ ပြောင့်စင်းသဒ္ဒါ၊ စေသနာဖြင့်၊ သင်္ဂါယနာ၊ သုံးကြိမ်မျှကို၊ ဟင်ကြအမှန်၊ တဖန်ထိုမှ၊ စာတုတ္ထကို၊ ထုတ်ပြုပေလျက်၊ သွေမပျက်အောင်၊ ပေထက်အက္ခရာ၊ တင်ပြီးမှ၊ သေလာကျောက်ထက်၊ တဖန်ဆက်၍၊ မပျက်ပဥ္စမ၊ သင်္ဂါယနာကို၊ တင်ကြသမူ၊ လို့လပြုသည်။ ။သုံးလူ့မြတ်စွာ ရွှေကျမ်းတည်း။

၂။ ပြောင်းဝင်ရှက်ကာ....ရှိန်အဝါဖြင့်၊ ထိန်ဝါယခု၊ မျက်မြင်ရှုလျက်၊ သမုဓဝါဟာ၊ ထေရ်သဿလည်း၊ သုံးဖြာသာသန၊ ရောင်ရှိန်ကြွ၍၊

ပါဠိမြဲသွား၊ ဓေနောင်မို ဝိနည်း၊ ဖယ်ခွါလွတ်ကင်း၊ ထိန်ထိန်လင်းလျက်၊ သန့်ရှင်းကြည်စွာ၊ ဇာည်စိမ့်ငှါဟု၊ ရည်ကာရှုဆ၊ ပြုကုန်ကြရှ်၊ သာသနဒါယကာ၊ မည့်ထိုက်စွာသား၊ ရာဇာမင်းမြတ်၊ စောနေနတ်ကို၊ မှီသတ်မှုယ်ကိုး၊ သဒ္ဓါဖြိုးလျက်၊ အားကြိုးမာန်တက်၊ ကိုယ်အသက်မျှ၊ ငဲ့ကွက်တွယ်တာ၊ မပြုပါပဲ၊ သာသနာမှု၊ အလေးပြု၍၊ ယခုအချိန်၊ ဆယ့်နှစ်ကြိမ်သို့၊ ဂုဏ်သိန်လျှံမောက်၊ အမွန်ဆောက်အောင်၊ ချီးမြှောက်လွန်ကဲ၊ စာပြန်ပွဲနှင့်၊ မြေပွဲဘဖြာ၊ ကိုးကြိမ်မှာလည်း၊ လွန်စွာတိုးပွား၊ အကျိုးများလျက်၊ ဘုရားမြတ်စွာ၊ စောသတ္တာ၏၊ သုံးဖြာသာသန၊ ဝင်းထိန်ပလျက်၊ သဟာယရောင်၊ ခြည်ဘထောင်ဖြင့်၊ မိုက်မှောင်စင်ကင်း၊ ရှင်နေမင်းသို့၊ မယွင်းသမှု၊ အတူပြုသည်။ ။နှုန်းတု တက်ရာနေဝန်းတည်း။

၃။ တောင်မင်းလက်ယာ၊...... ... ဇမ္ဗူချာတက်၊ တူစွာနိုင်းဆို၊ ရာဇပြိုဟ်သို့၊ တောင်ညိုဝန်းရံ၊ ညပ်ကာခံလျက်၊ မင်းစံဟော်နန်း၊ ရှုမခန်းမျှ၊ တင့်ဆန်းမာရ်အောင်၊ ဇေတီရောင်ဖြင့်၊ လှုံပြောင်ခေါ်ကြို၊ ညောင်ရွှေမြို့ဌ၊ အဟို့ရှေးခါ၊ သာသနာကို၊ ကောင်းစွာပြုငြား မင်းအများနှင့်၊ မခြား တမူ၊ အလားတူသည့်၊ ဇမ္ဗူမဆံ၊ တိုကျိုနှံ့အောင်၊ သင်းပျံ့ဂုဏ်လျှံ၊ အင်ဂလန်ဆောက်၊ ရှိန်ဝါဘောက်လျက်၊ ပြိုးမောက်သမ္မာ၊ ကြီးဘေဇာနှင့်၊ သာသနာပြု၊ ခေါ်မှုထိုက်စွာ၊ ဒါယကာလည်း၊ ခန္ဓာအသက်၊ မငဲ့ကွက်ပဲ၊ ကြွင်ဖက်နှစ်ပါး၊ ဧဝီများနှင့်၊ စိတ်အားထက်သန်၊ ပြည်နိဗ္ဗာန်သို့၊ ရောက်ရန်လွန်ကဲ၊ စိတ်မှာစွဲလျက်၊ စာပွဲသဘင်၊ စီအစဉ်ဖြင့်၊ ဆင်ယင်ကျင်းပ၊ ပြုကြသဖြင့်၊ ဆဋ္ဌသင်္ဂါယနာ၊ တင်သဘာဟု၊ ထင်ရှားသမိုက်၊ ခေါ်ဆိုထိုက်အောင်၊ သိုက်မြိုက်တင့်ဆန်း၊ သဒ္ဓါပန်းကို၊ ပွင့်လန်းစေမှု၊ ကုသိုလ်စုသည်။ ။ထုံးပြုမှတ်နာစေခန်းတည်း...... .... ။ ။

၁၃၀၃-ခုနှစ်၊ နယုန်လဆုတ် (၇) ရက်နေ့

ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး အောင်ဆုနှင်းသဘင်

အခမ်းအနားဌာ

ဟဲယာရွာမပြင်လွန်ရပ် အမျိုးသမီးများ ဖတ်ကြားအပ်သော

ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီး ဖွဲ့

## ထုတိထောမနာ

ရှစ်လုံးဖွဲ့ မြန်မာကဗျာများ

၁။ ဦးညွတ်ငံ့ချ ကြည်ဆွသဒ္ဓါ၊
သံဃာတော်အား လျှောက်ထားဖို့ရာ၊
ကရုဏာပွါး သနားညှာတာ၊
တပည့်များ ပန်ကြားဝန္ဒနာ။

၂။ ကမ္ဘောဇတိုင်း တောင်ပိုင်းဒေသာ၊
ညောင်ရွှေမြို့ကြီး ထိန်ညီးလျှံဖြာ၊
ဗုဒ္ဓ-ဓမ္မ-သံဃ ဂုဏ်ဝါ၊
ထိန်ထိန်ပ ရှိန်ကြွသာသနာ။

၃။ စာတော်ပြန်ပွဲ ဆင်နွဲသည်မှာ၊
ကိုးဆယ့်လေးခု စပြုတွက်ကာ၊
မပျက်မကွက် ဆက်ခါ်စဉ်လာ၊
ဒသမ မြောက်ထ ဆယ်ကြိမ်သာ။

၄။ သုံးရာသုံး၊ ခု ဥတုဂိမှာ၊
နယုန်မာသ ကာဠပက္ခာ၊
ဆုတ်ခုနှစ်ရက် မပျက်သချာ၊
စာအောင်ပွဲ ဆင်နွဲမင်္ဂလာ။

၅။ လဆုတ်ထရက် စတွက်ရေကာ၊
ခြောက်ရက်ပတ်လုံး စုရုံးသံဃာ၊
ကျောင်းတော်ကြီး၌ ရှုမငြီးနိုင်သူ၊
စာပြန်ပွဲ ဆင်နွဲမင်္ဂလာ။

၆။ အမြောက်သံပေး မနှေးလျင်စွာ၊
ညီညာဖြဖြ ထွက်ကြွမကြာ၊
စာကြပ်-စာထောက် စောင့်ရှောက်သံဃာ၊
စာပြန်ပွဲ ဆင်နွဲမင်္ဂလာ။

၇။ အဆင့်အဆင့် တန်းဖြင့်ဆင့်ကာ၊
အထိုက်အလျောက် ထက်အောက်သင့်ရာ၊
စာပြန်သားတို့ ဉာဏ်အားချိန်ကာ၊
စာပြန်ပွဲ ဆင်နွဲမင်္ဂလာ။

၈။ အောင်စည်တော်ရှမ်း နတ်သမ်းညွှန်ကာ၊
စာတော်ပြန်သား ဝင်ကြွားစဉ်ကာ၊
ထီးတော်မိုးလို့ ရိုကျိုးပူဇာ၊
လူအများ ပြုံးငြားဝန္ဒနာ။

၉။ ကျောင်းတော်အတွင်း စီခင်းဝေဆာ၊
ထီးတော်ဆတ္တ ဖြူညီစိုက်ကာ၊
စာပြန်သားတို့ ဉာဏ်အားပူဇာ၊
ဂုဏ်သတင်း ထုံသင်းလျှံဖြာဖြာ။

၁၀။ ရာသီအလိုက် ပွင့်ခိုက်ကြုံလာ၊
ပန်းပွင့်ဆန်းတင့် နံ့မွှေးချင့်စရာ၊
လူများလှူကြွေး ဖြူတွေးသဒ္ဒါ၊
နန္ဒနဒေဝဉယျာနာ။

၁၁။ တီးမျိုးမှုတ်မျိုး ကမျိုးစုံစွာ၊
လူနတ်သူမြတ် ပူဇနတ္တာ၊
တာဝတိံသာ ဒေဝဘုံသာ၊
ဘက်သာ ဆင်းကြွ မြတ်ဗုဒ္ဓါ။

၁၂။ ယင်းပုံခြား အလားတူစွာ၊
နတ်လမ်းတင့်ဆန်း မြတ်ပန်းဝေဆာ၊
စီကာတန်းလို့ ကြွမြန်းသည်သာ၊
မြင်သမျှ ရွှင်ပျစေတနာ။

၁၃။ မြို့သူမြို့သား နယ်သားတွေပါ၊
ကုသိုလ်ကိစ္စ လုံ့လမှန်စွာ၊
ညီညာဖြဖြ ပြုကြ သူဝါ၊
ဝရပ်သား ပြိုင်ငြားမယှဉ်သာ။

၁၄။ သုံးရာမကော မြန်းကြညီညာ၊
သံဃာတော်များ စိတ်ထားကြည်သာ၊
ကျန်းမာစေကြောင်း ဆုတောင်းပန်ထွာ၊
သပြေနု သွန်းပြု ရေစလာ။

၁၅။ ဆွမ်းပန်းကိစ္စ လောက်လေုံစွာ၊
မျှမျှတတ ရှိကြဖို့ရာ၊
အားသစ်တိုးလို့ လှူမျိုးစုံစွာ၊
အလှည့်ကျ ပြုထကြည်သာသာ။

၁၆။ ယင်းသို့မက မျှားလှစုံစွာ၊
အခြားဒါန ပြုကြပုံမှာ၊
ဇောတိကနှင့် တူမျှဂုဏ်ဝါ၊
စာစီကုံး မဆုံးနိုင်ရာ။

၁၇။ ကန်ကြီးဂုဏ်ဟိတ် ဂဏိဿရာ၊
ကြီးမှူးဥက္ကဌ် ပြုလတ်မက္ခာ၊
ကိုယ်အား ဉာဏ်အား စိတ်အားသန်စွာ၊
သာသန ပြုကြထေရ်ဆရာ။

၁၈။ လင်းကင်းမည်ရှိ ကဝိမဟာ၊
ကြီးမှူးဥက္ကဌ် ပြုလတ်မက္ခာ၊
ကိုယ်အား–ဉာဏ်အား စိတ်အားသန်စွာ၊
သာသန ပြုထထေရ်ဆရာ။

၁၉။ ဗိန္ဒောမည်ရ သီလသမာ၊
ရွှေဂူနာမ တူမျှမက္ခာ၊
စာပြန်ပွဲ၌ အားခဲညီညာ၊
နာယက မှန်လှထေရ်ဆရာ။

၂၀။ ထိုမှတပါး အခြားသဃာ၊
စာပွဲကိစ္စ လုံ့လညီညာ၊
ဆောင်ကာချက်လို့ မပျက်သေချာ၊
သာသန ပြုကြထေရ်ဆရာ။

၂၁။ တိုင်းသူ-ပြည်သား အားထားမှီရာ၊
မဟာပဒေသ သေဋ္ဌရာဇာ၊
တော်ဘုရားနှင့် ညှိထားညီညာ၊
သာသန ပြုကြထေရ်ဆရာ။

၂၂။ ဒေဝီနှစ်ပါး ထိပ်ထားမဟာ၊
သဒ္ဓါတော်ပွား စိတ်ထားညီညာ၊
သားတော်များနှင့် ရွှေအားသွန်တာ၊
တော်ဘုရား ပြုငြားသာသနာ။

၂၃။ မြို့စား-ရွာစား မဘ်များစုံစွာ၊
မယ်တော်ဘုရားနှင့် ဆွေသားမိတ္တာ၊
ရေတွေ့ပန်းသို့ စိတ်ဝမ်းကြည်သာ၊
သာသန ပြုကြညီညာညာ။

၂၄။ ရာဇဂြိုဟ်ပြည်ကြီး စည်းထီးဆောင်ချာ၊
သင်္ဂါယန ပထမဘင်ရာ၊
မဟာကဿပ ထေရကျော်စွာ၊
ဇာတသတ် မင်းမြတ်မှီပြုကာ။

၂၅။ ယင်းပုံမခြား အလားတူစွာ၊
သသ်းတော်များ ပြုငြားမကွာ၊
တကာဘော်အား မှူးထားတင်ကာ၊
ဇာတသတ် မင်းမြတ်ပုံမှာ။

၂၆။ သာသနာပြု မင်းဟုပေါ်လွင်၊
လူအများတို့ နှုတ်ဖျားခေါ်တွင်၊
သိထင်ရှားလို့ ထက်ဖျားဝေဟင်၊
တော်ဘုရား ကျော်ကြားအမှန်ပင်။

၂၇။ စာဆောင်လက်မှတ် ဆက်ကပ်ရှင်ရှင်၊
လှူဖွယ်ဝတ္ထု အောင်ဆုတော်ယင်၊
ဟော်တော်တွင်းမှ ပင့်သွင်းစီစဉ်၊
ဝိသယ သေဠပုံအသွင်။

၂၀။ ယင်းသို့စသား ဂုဏ်များစုံလင်၊
တကာတော်အား စိတ်ထားရှင်ရှင်၊
မေတ္တာတရား ရှေ့သွားကာပင်၊
ဘေးရန်ပေါင်း ကင်းကြောင်းဆုန်ဆင်။

၂၉။ ရာကျော်အသက် တိုးဘက်စေချင်၊
သမ္ဗာတော နေလအသွင်၊
စာပဲ့တော်ကြီး ထီးဆီးပေါ်လွင်၊
ဩဇာ-တမိုးအောက် ဖြိုးမောက်ထာဝစဉ်။

ဟဲယာရွာမ ကျောင်းနီကျောင်း
ဆရာတော် ဦးသောဘိတ သီကုံးသည်။

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော
ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး
အခမ်းအနားဖွင့် "ဇေယျသိဒ္ဓိမင်္ဂလာ"

# အခါတော်ကြား ချောက်ထားလှာ

၁။ ဇယံ ပတ္တော ဇယံ ဒေတု၊
ကရတံ ဝိနယုဿဝံ။
အဂ္ဂ ပတ္တော ပဘော ဒေတု၊
သုနက္ခတ္တံ သုမင်္ဂလံ။

ယော ဇိနော၊ ဗောဓိမဏ္ဍိုင် ခမ်းဝါမြို့ဝ်၌ စိုးပိုင်ဣဿရိယ အပရာဇိတင် အောင်ပလ္လင်ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြင်အောင်တော်မူမြတ်ဘုရားသည်။ ငယုဿဝေ၊ ဒေဝပုတ္တ ကိလေသမှ စသည်ရန်ခလုတ် မာရ်အယုတ် အကန်းငတ္တနှင့် မဆုတ်တမ်းရင်ဆိုင် ယှဉ်ပြိုင်ကာ အနိုင်နှဲရသည့် 'အောင်စင်ပွဲကြီး'၌။ ဇယံ၊ တသိန်းကပ္ပေ လေးသင်္ချေမျှ ကာလကြာညောင်း ရှာဖွေစုဆောင်းအပ်သည့် ပါရမီတော် စစ်သည် အပေါင်းတို့သောင်းသောင်းထပ်ခေါ်ကာ ဝဲယာချီ-ဗိုလ်အထု တပ်ပေါင်းစု သေနင်္ဂါမဟာဗျူဟာဖြင့် "မာရရိဇေယျ-ဝိဇယုဿဝပွဲထူး" အောင်စစ်မြေ ဦးသို့။ ပတ္တော၊ ကြောက်မက်ဖွယ်ပင် ရေအယဉ်ကြီး ဖိုစီးသည့်ပမာ ကိုယ်တော်မြတ်အနီးသို့ကပ်ခင်လာသော အပြင်မာရ်နတ် စစ်သည်တပ်နှင့် မပြတ်ပုန်ကန်ကိလေသာ ကိုယ်တွင်းရန်တွေကို ပြင်းထန်စွာ ချေမှုန်းလျက် တပ်လုံးပြုတ်အောင်မြင်ကာ "အောင်တပ်မဟာမှုကြီး" အသွင်အားဖြင့် ထင်ရှားမသွေရောက်တော်မူခဲ့လေပြီတကား။ အဂ္ဂပတ္တော၊ ပါရမီဘုန်းဟုန် အစွမ်းကုန်ထွန်းတောက်သဖြင့် တယောက်တည်းစံနမူ တဆူတည်းဥက္ကဋ္ဌ သုံးလူ့နတ်ဟူ

အမြတ်ဆင်မြန်း ဦးဆောက်ပန်းအဖြစ်သို့ ရောက်တော်မူသည်ဖြစ်၍။ ပဗ္ဗဇ္ဇ၊ ရှုပါဝေဒ စတုဿစ္စျာန် အခြေခံ၍ သုံးတန်ဝိဇ္ဇာ ပု-ဒိ-အာနှင့် ညေယျာဉဿုံ သဗ္ဗညုတ်အဖြစ်ဖြင့် ရွှေပဒုံ အမြတ်ပန်းကဲ့သို့ တင့်တင့်ရှန်းဆောင် ပွင့်လန်းတော်မူခဲ့လေပြီတကား—။

သော-ဇိနော၊ အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မူ မြတ်ဘုရားသည်။ ဝိနယသိမ်၊ သာသနာ့ အောင်မြေ မြို့ညောင်ရွှေ၌ မသွေနိစ္စံ နှစ်စဉ်ကျင်းပသော သျှာမခေါ်ထုံး ရှမ်းပြည်လုံးဆိုင်ရာ "ဝိနယာဒိန္နဂ္ဂဟာ"နာမဗွဲ့ချီး "အာဂုမ်ပြန်စာပွဲတော်ကြီး" ကို။ ကရုဏာ၊ သဒ္ဓါပန်းပွင့် လန်းလန်းစွင့်၍ ပူခွင့်သာယာ ပူလုပ်လိုကြပါကုန်သော။ အမှာက်၊ သာသနာပြုမည်စိတ်ကရည်၍ ကြံစည်ကြိုးဆောက် စာထောက်-ဧာမ စာပြန်ကြသည့် "သာသနာ့ကျက်သရေဆောင်" မြားမြှောင် လှစ္စာဝေသော အကျွန်ုပ်တို့အား။ ယံ၊ တွင်း-၂နှစ်ဘန် ဘေးရန်ခပင်း အောင် မြင်ခြင်းကို။ ဒေတု၊ အကြောင်းအင်အစုစု ကောင်းအောင်ပြုကြဖို့ ယခု မသွေ ပေးသနားတော်မူပါစေသတည်း။ ဒေတု၊ ကိုယ်တော့်အောင်ခြင်း တေဇာခင်းကို နှင်းကာ... နှင်းကာ... ပေးသနားတော်မူပါ-ဘုရား ...။

နေဉာဏ်၊ သမုဒ်နက်-ပြင်အကျယ်ကို ယုန်သူငယ်— ဘောက်မမှီသကဲ့သို့ ဂမ္ဘီရလေးတန် ထောက်မှီရန် နုံ့နှေးလှတဲ့ အကျွန်ုပ်တို့၏ အသိဉာဏ် ကလေးကို။ အဂ္ဂပတ္တော၊ ငိဋ္ဌကတ်အဏ္ဏဝါတွင် မြန်မကြာ တဖက်ကမ်းပေါက်၍ တတ်မြောက်အောင်မြင်ခြင်းသို့ ရောက်စေသည်ဖြစ်၍။ ပဗောဓေတု၊ သဗ္ဗညုတ ဉာဏဝရဇိန် ဂုဏ်ရှိန်တော် တေဇာစွမ်းဖြင့် မွှန်းကာ ...မွှန်းကာ— ထွန်းတောက်ပွင့်လန်းစေတော်မူပါ ဘုရား။ သုနက္ခတ္တံ၊ အောင်ကြရန်အကြောင်း ဟိတ် အောင်နိမိတ်တွေဆင် အောင်နက္ခတ်နှင့်ယှဉ်သော။ သုမင်္ဂလံ၊ အောင်သံချီးဝှဲ့ အောင်ပွဲမည်သာ အောင်မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ ဘဝတု၊ ပညာရဲရင့်ပွဲလယ်တင့်အောင် ဆင့်ကာ.... ဆင့်ကာ....ဖြစ်ပေါ်၍ လာပါစေသတည်း .။

၂။ သမယော ဒါနိ ဘဇန္တေ၊
မဟော ဝေါ သမပဂ္ဂဟာ။
ဂတော အယံ ဝိဝရာယ၊
ဝိနယာဒိ— အနုဂ္ဂဟံ။

ဘန္တေ၊ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ဆဘင်ကိုပါဝင်ကာကျင်းပမည်ဟု စိတ်ရင်းမြတ် မနသီဖြင့် ဌာနီတော် နီးဝေးအရပ်တို့မှ စည်းဝေးကြွရောက်တော်မူလာကြကုန်သော အို...အရှင်မြတ်တို့ဘုရား...။ ကာလံ၊ သက္ကရာဇ်ဝေးကွာ ဟို....ရှေးအခါမှ သချ်ာထွက်ကုဋ္ဋ နှစ်ပေါင်းများစွာ ကာလတော်လုံး။ ဝေါ(တုမှာကံ)၊ အမတ ဘေရီ အမြိုက်စည်ဟု ဘွဲ့ချီသတ်မှတ် ပရိယတ်၌ နှင်းအပ်ကိုယ်သက် တွယ်ဒက်ခင်မင် ပဋိပတ်အကျင့်ဝင်တော်မူကြသည့် ထေရနဝ မဇ္ဈိမထင်ရှား အရှင်ဘုရားတို့၏။ သမပဂ္ဂဟာ၊ သာမဂ္ဂီစိတ်ဓာတ်ကိုယ်စီပါကြသဖြင့် အညီအညွတ် ပေါင်းစုကာ နှစ်စဉ်နှစ်စဉ် ချီးမြှောက်တော်မူမှုကြောင့်။ မဟော၊ ရှမ်းပြည်လုံးဆိုင်ရာ "ဝိနယာဒိနုဂ္ဂဟ" ဟုဝါစုဂ္ဂဘဆင်နွဲစာတော်ပြန် ပူဇော်ပွဲကြီးသည်။ ဂတော၊ အနှစ်အနှစ် သက္ကရာဇ်ကိုတွက်စစ်ပေါင်းခရ( )ကြိမ်ကွန်းထောက်သဖြင့် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ရောက်ခဲ့ပေပြီဘုရား....။

ဒါနိ-ဣဒါနိ၊ စက်ဆယ့်နှစ်ရာသီ တရစ်လည်သပြင့် ယာယီကောဇာ( )ခု၊ ဥတုဂိမှာန် နွေလက်ကျန်မို့ မိုးသံခြိမ့်ခြိမ့် လေသိမ့်သိမ့်ဖြူ့ ငွေတင်မိုလွှမ်းခြုံ မွေယ်ရုံလုံး ငွေကြက်ရိုးနှင့် တော်သုံးတဲ့ ဇီဇဝါပွင့်ဝေဆာ-သင်းထုံပျံ့မွှေးလှတဲ့ လ—နယုန်မာသ ယခုအခါသမယ၌။အယံပန၊ ရှေးကနည်းနမူ ကိုယ်စိတ်တော်တူမျှသဖြင့် မူလအသွင်မပြောင်း အရှင်မွန်အရှင်ကောင်းတို့စုပေါင်း ချီးမြှောက်ရမည့် ဤယခုအကြိမ်သည်ကား။ဂတော၊ အသစ်ပြောင်းလာသည့် နှစ်ကောဇာအချိန်မို့ တကြိမ်ဖြည့်လျှောက်( )ကြိမ်မြောက်ဖြစ်ပါသည်-ဘုရား....။

တသ္မာ၊ ထို့ကြောင့်၊ ဟသ္မာ၊ အခွင့်ကောင်းကြုံ သေရ်ပေါင်းဆုံ၍ ဓမ္မာရုံ ဘွဲ့အမြင့်မှာ သံဃာတော်စုံကာ အခြေသင့်ပြီ ဖြစ်ပါသောကြောင့်၊ ဝိနယာဒိနိဂ္ဂဟ၊ ဝိနည်းတရား အစထား၍ သုံးပါးပိဋကတ် ပရိယတ်အခြေခံ ပါဒကကျမ်းဂန်တွေကို အာဂုမ်ပြန် ဆင်နွှဲပူဇော်ကြသည့် "ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးကို"။ ဝိဝရာယ၊ စာပွဲတော်ဥက္ကဋ္ဌ အမိန့်ချသဖြင့် ဓမ္မာသန ပလ္လင်ပျံမှာ ကနက္ကဒဏ် ထီးဖြူတော်မိုးမြင့်လို့ မင်္ဂလာ ဆောင်စည်တော်သံ ရွှမ်းလွှင့်၍ ဖွင့်လှစ်ပေးအံ့သောငှါ။ သမယော၊ အကြောင်းအင်မြင်္ဂ ညီညွတ်လတ်သဖြင့် သုနက္ခတ္တ- အတိုဏ္ဍ္ဍဋ္ဌ မင်္ဂလာ "ဇေယျသိဒ္ဓိ အခါတော်ကြီး" ဖြစ်ပါသည်ဘုရား။ သမယော၊ သောတုဇန မာမကတို့ ဝါစုဂ္ဂဘ ပီပြင် သံချင်ရင့် ကျူး၍ ပြဋ္ဌာန်းစာ ကျမ်းအထူးထူးတို့ကို ရှင်မြူးတက်ကြွ လှစ်ဟ ပြန်ဆိုကြအံ့သော "အခ တော်ကြီး"ရောက်ပါပြီဘုရား....။

ရွှေဂူဆရာတော် အရှင်ဝိလာသာဘိဝံသ

သိကုံးရေးသားသည်။

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သော

ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ အာဂုမ်စာပြန်ပွဲတော်ကြီး

ပြီးစီးအောင်မြင်ကြောင်း "အဘိပါမောက္ခမင်္ဂလာ"

# အခါတော်ကြီးလျှောက်ထားလွှာ

လူ နတ် ဗြဟ္မာ သတ္တဝါနှုန်းထား လူသုံးပါးတို့၏ အားထားရာ သခင် ဘုရားမြတ်စွာဘုရင်သည် များစွာဖြင့်စွာလှ ဂုဏ်သမ္ဘတ် မိန့်အပ်ရွှေနှုတ် သင်္ဂါကြုပ်မှ ကုမုဒ်အေးကြည် မြိုက်ဆေးရည်ဟု ကေီရသာ နှစ်ဖြာမမှ ဝိနယနှင့် ပိဋကသုံးလီ ဂမ္ဘီရလေး ပဋ္ဌေးနိကာယ် ကိုးသွယ်အင်္ဂါ ခြင်းရာဆယ့်နှစ် ဖွဲ့စစ်များစွာ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် ကျမ်းစောင်စောင်ဟု နှုန်းဆောင်ထုတ်အပ် ပရိယတ်နှင့်တကွ လောကုတ္တရာကိုးပါးတည်းဟူသော သူတော်ကောင်းခေတ် တရားမြတ်တို့ကို ထင်ရှားမိပြင် သတ္တဝါတိုင်း သိမြင်ကြလေအောင် စီစဉ်ထွန်းညှိလင်းစေတော်မူပြီးလျှင်—

ဝေနေယျများစွာ သတ္တဝါတို့ကို သံသရာရေအယဉ်မှ တရားတော်ဖောင်မဂ္ဂင်တို့ဖြင့် ဆောင်ယူကယ်တင်တော်မူပြီးသော် များဖြင့်စွာလှ တပည့်သာဝကတို့နှင့် အတူတကွ မီးပုံကြီးသိမ်း ငြိမ်းသတ်လေဘိသကဲ့သို့ ခန္ဓပရိနိဗ္ဗာန် ဝင်စံငြိမ်းအေးတော်မူခဲ့ပါလေပြီ။

ယင်းသို့ သုံးလောကသား သတ္တဝါအများတို့ အားထားစရာသခင်ဘုရားရှင်ဟု များဖြင့်လှစွာ ရဟန္တာနှင့် အရိယာများ တပည့်သားတို့ ခန္ဓာရွှေရုပ် စုတိချုပ်၍ အနုပ္ပါဒိသေသနိဗ္ဗာန် ဝင်စံတော်မူသည်မှ နောက်ကာလဟု လေးလစွန်းပို တောင်ပေါင်းခိုသည့် ရာဇဂြိုဟ်ပြည်သာ တောင်ဝေဘာ၌ အဇာတသတ် ထိုမင်းမြတ်၏ မဏ္ဍပ်မင်္ဂလာ သဘင်သာဝယ် မြတ်စွာဘုရားဟောမိန့်ထားသည့် သာမုက္ကံသိက ဒေသနာတော်များကို အရှင်မဟာကဿပ

နာယကမှူး ပုဂ္ဂိုလ်ထူးက ပွဲဦးစကာ ရဟန္တာသခင် ငါးရာသော ထေရ်အရှင်ပျို ပထမသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

ထိုသို့စုပေါင်း သာသနာပြု အရှင်ကောင်းတို့က ပထမသင်္ဂါယနာတင်တော်မူကြပြီးသည်မှ နောက်ကာလ၌လည်း သာသနာနွယ်ဆက် စဉ်မပျက်အောင် သက်ဆိုင်ရာ သာသနာပြု မင်းကောင်းမင်းမြတ်များနှင့် သာသနာ့ဦးဆောင် ခေါင်ထွတ်ဖျား ဆေဒ္ဓါဒီ-လဇ္ဇီပေသလ သာသနာ့အာဇာနည် ရဟန္တာမဟာ အထေရ်မြတ်အများတို့သည် ဘုရားမြတ်စွာသာသနာတော်ကို အဖြာဖြာအဝဝ သင့်လျော်ရာ နည်းနယတို့ဖြင့် ဒုတိယ-တတိယ-စတုတ္ထနှင့် ပဉ္စမ မပျက် အဆက်ဆက်သက်ဆင့်ကမ်းကာ ငါးကြိမ်မြောက်အောင် သံဂါယနာတင်တော်မူခဲ့ကြပြီးသည်မှ နောက်ကာလဝယ်—

သာသနာသက္ကရာဇ်နှစ် (၂၄၇၆)နှစ်၊ ကောဇာသက္ကရာဇ် (၁၂၉၄) ခုနှစ်သို့ရောက်သောကာလ သာသနာ့ဂုဏ်ရည် ယုံကြည်လေးစား အရေးထားလျက် သာသနာတော်၏ကြီးပွားတိုးတက် တည်တံ့ရေးကို များစွာလိုလားတော်မူပေသော ညောင်ရွှေမြို့ မဟာ ရာဇာ ဒကာတော် စော်ဘွားကြီး စဝ်ရွှေသိုက်သည် ရှေးရှေးသော သာသနာပြု ဘိုးဘော် ဘေးတော် မင်းအပေါင်းတို့၏ နည်းကောင်းတဆူ စံနမူနာကို ခံယူပြီးလျှင် မိမိ၏ညောင်ရွှေမြို့နယ်အတွင်း သိတင်းသုံးတော်မူကြသည့် လဇ္ဇီပေသလ သိက္ခာကာမ ဂုဏ်ပါမောက္ခ သံဃာ့ဦးစီး သာသနာပြု မထေရ်ကြီးများ ဖြစ်တော်မူကြပါကုန်သော—

၁။ ညောင်ရွှေမြို့မ လှိုင်ကြိုကျောင်း၊ ညောင်ရွှေနယ်လေးရပ်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော် ဦးဇဝန၊

၂။ ဟဲယာ ရွာမဂိုဏ်းအုပ် ကျောင်းနီကျောင်း ဆရာတော်ဦးဂန္ဓမာ။

၃။ လင်းကင်းကျောင်း ဆရာတော် ဦးကေလာသ။

၄။ ညောင်ရွှေမြို့မ ကန်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ။

၅။ ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျောင်းဆရာတော် ဦးမုနိန္ဒ။

၆။ ဟဲယာရွာမ ဗိန္ဒောကျောင်း ဆရာတော် ဦးကဝိန္ဒ။

၇။ ညောင်ရွှေမြို့နယ် ရွှေဓားကျောင်းဆရာတော် ဦးဝါယာမ။

၈။ မိုင်းပျိုး ပထမ ကျောင်းဆရာတော် ဦးပဏ္ဍိတ။

၉။ ညောင်ရွှေမြို့မ ရွှေဂူကျောင်း ဆရာတော် ဦးအာစရ၊

၁၀။ ညောင်ရွှေမြို့မ ရွှေရေကျကျောင်း ဆရာတော် ဦးသြဘာသ

အစရှိသော ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်ကြီးများကို ဦးစီးနာယက ဥက္ကဋ္ဌ ဖြစ် တင်မြှောက်တော်မူပြီးလျှင် မြို့နယ်အတွင်းရှိ လူကြီးများနှင့် ဆွေးနွေးတိုင်ပင် စီစဉ်၍ "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ" စာပြန်ပွဲတော်ကြီးကို အစပကတူး ရှေးဦးစွာ ဖန်တီးတည်ထောင် ကျင်းပကာ သာသနာပြုတော်မူခဲ့ပါသည်ဘုရား။ ထို့နောက်တဖန် ၁၂၉၇-ခုနှစ်မှစတင်ကာ ဝိနယာဒိနုဂ္ဂဟ အာဂုံစာပြန်ပွဲတော်ကြီးနှင့်အတူ ဝိနယာဒိနုဂ္ဂဟ စာလျှောက်မေးပွဲတော်ကြီးကိုလည်း ယှဉ်တွဲကာ ကျင်းပခဲ့ပါသည်ဘုရား။

ထိုသည့်နှစ်များမှအစပြုကာ ဆရာနှင့်ဒကာ လက်တွဲလျက် သာသနာပြုပွဲတော်ကြီးကို အမြဲထားရေ နှစ်စဉ်နှစ်တိုင်းကျင်းပ၍ ဒုတိယကမ္ဘာစစ်ကြီး အတွင်း ထန်ပြင်းသည့်စစ်မီးအကြားမှာပင် အားတော်မလျော့ မပျက် နှစ်စဉ်ပင် ဆက်လက်ကျင်းပလာခဲ့ကြရာ၊ ၁၃၂၁-ခုနှစ်၊ စာပြန်ပွဲတော်ကြီး အထိ ဝိနယာဒိနုဂ္ဂဟ အာဂုံစာပြန်ပွဲတော်ကြီးမှာ (၂၈) ကြိမ်တိတိ၊ စာလျှောက်မေးပွဲတော်ကြီးမှာ (၂၅) ကြိမ်တိတိ အောင်မြင်ပြီးခဲ့ပါသည်။

ထို့ပြင် ဆက်လက် အထူးလျှောက်တင်ရန်အချက်မှာ—၁၃၂၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့၊ ညောင်ရွှေ ဟော်နန်းတော်ဦး သံဃာ့အစည်းအဝေးကြီး၌ ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကို လက်မှန်မဆွ အစဦးစွာ တည်ထောင် ချီးမြှောက်တော်မူလာခဲ့သည့် ညောင်ရွှေမြို့မ မဟာရာဇာ စော်ဘွားကြီး စဝ်ရွှေသိုက်၏ အမြော်အမြင် အဆင်အခြင် ကြီးမားစွာ လျှောက်ထားတော်မူချက်အရ ၁၃၂၂-ခုနှစ်၊ (၂၉) ကြိမ်မြောက် အာဂုံစာပြန်ပွဲတော်ကြီးနှင့် (၂၆) ကြိမ်မြောက် စာလျှောက်မေးပွဲတော်ကြီးမှ အစပြု၍ အနာဂတ်ကာလ အခါသမယတွင် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပွဲတော်ကြီးနှစ်ပွဲကို ဆက်လက်ထိမ်းသိမ်း စောင့်ရှောက်လျက်နှစ်စဉ်မပျက်ကျင်းပသွားနိုင်ရန် ရည်သန်ကြပြီးလျှင်—

(က) ဝိနယာဒိနုဂ္ဂဟ သံဃနာယက ဦးစီးအဖွဲ့ချုပ်၊

(ခ) ဝိနယာဒိနုဂ္ဂဟ သံဃသြဝါဒခံ ဦးစီးအဖွဲ့ချုပ်—

ဟူသော အဖွဲ့ချုပ်ကြီးနှစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လျက် မပျက်မကွက်

ဆက်လက် ကျင်းပပြုလုပ်တော် မူခဲ့ကြပြန်ရာ ယခု(          ) ခုနှစ်၊ နယုန်လဝင် ဝိနယာဒိနုဂ္ဂဟ စာလျှောက်မေးပွဲတော်ကြီးမှာ(          ) ကြိမ်တိတိ၊ အာဂုမ်စာပြန်ပွဲတော်ကြီးမှာကား(          ) ကြိမ်တိတိ၊ အောင်မြင်စွာ ပြီးစီးခြင်းသို့ရောက်ခဲ့ပါပြီဘုရား။

ဤသို့လျှင် ကောဇာသက္ကရာဇ် (၁၂၉၄) ခုနှစ်မှအစပြု၍ သံဃနာယကမဟာထေရ်မြတ်ကြီးများနှင့်တကွ သာသနဒါယကာ မဟာဇာတော်ဘုရားကြီး ငင်ရွှေသိုက်အမျိုးရှိသော ဒါယကာ–ဒါယိကာမ အပေါင်းတို့သည်ညီညာစွာ စုစည်းအပ်သော စေတနာနှင့် သဒ္ဓါတရား လုံ့လအင်အားနှင့် အသပြာတို့ဖြင့် ကောင်းမွန်စွာ ထွန်းညှိထူထောင်အပ်သည့် "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်" တည်းဟူသော မီးရှူးတန်ဆောင်ကြီးသည် (          ) နှစ်တိုင်တိုင် တလုံးခေတ်ကာလအတန်တန် လောကဓမ်လှိုင်းအဖုံဖုံ အခက်အခဲပေါင်းများစွာ မည်သို့ပင်တွေ့ကြုံရသော်လည်း မဖြုံသော ဇွဲလုံ့လတို့ဖြင့် "သာသနာအလုပ်-ဒို့လုပ်၊ သာသနာ့တာဝန်-ဒို့တာဝန်" ဟူသော လမ်းညွှန်ဆောင်ပုဒ်အရ၊ ဆရာနှင့်ဒကာ စေတနာအရင်းတည် မေတ္တာချင်းဖွဲ့ချည်ကာ အရှည်စွဲမြဲ လက်တွဲမပြုတ် ကြိုးစားအားထုတ်ခဲ့ကြသောကြောင့် ယမ်းယိုင်ကျောက်စာတိုင်ကြီးကဲ့သို့ ခိုင်မြဲမတ်မတ် သာသနာ့ ဆောင်ဝါ တလျှပ်လျှပ်ဖြင့် ထွန်းလင်းတောက်ပြောင်ခဲ့ပါသည်ဘုရား... ။

သို့ပင်မယွင်း ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်တည်းဟူသော မီးရှူးတန်ဆောင်တိုင်ကြီးမှာ သာသနာ့ဆောင်ဝါ ထွန်းလင်းတောက်ပနေပါသော်လည်း ဤဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်ကြီးကို အစပကတူး ရှေးဦးစွာ တည်ထောင်ဖန်ဆင်းတော်မူခဲ့ကြသည့် မူလဆရာထေရ်မဟာတို့နှင့် သာသနဒါယကာ မဟာဇာတော်ဘုရားကြီးတို့မှာကား ဘုရားရှင်တို့သော်မှ ရှောင်လွှဲမရသည့် သင်္ခါရသဘော လောကဓမ္မတာအရ၊ ဘဝနတ်နန်းစံမြန်းတော်မူကာ အနိစ္စ ယူသွားခဲ့ကြပါလေပြီ။

သို့ပါဘဝဇာတ်သိမ်း အနားယူအငြိမ်းသွားခဲ့သည် မှန်သော်လည်း ကြွင်းကျန်မျက်မြင် အထင်အရှားရှိကြပေသည့် ဆရာတော်သံဃာတော် သာသနာပြုအရှင်မြတ်များနှင့် လေးပါးပစ္စယ ထောက်ပံ့မကြသည့် သာသနာ့ပြု ဒါယကာ-ဒါယိကာမ အပေါင်းတို့သည် ရှေးရှေးသော ဆရာတော်ထေရ်မဟာတို့နှင့် သာသနဒါယကာတို့ စဉ်လာမပျက် အဆက်ဆက် တည်ထောင်

ထွန်းညှိအပ်သည့် "ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်" တည်းဟူသောမီးရှူးတန်ဆောင်ကြီးကို အရှိန်မပျက်နှစ်စဉ်နှစ်တိုင်း ဆက်လက်ကျင်းပထွန်းညှိကြမည်-ဟု စေတနာ အားမာန်အပြည့်တို့ဖြင့် စုပေါင်းညီညာ နှလုံးထားကြပါကုန်စို့-။

ဤကဲ့သို့နှစ်ပေါင်းများစွာ ကာလကြာအောင် ဆရာဒကာ ဖြစ်ကြကုန်သော အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ ပြုစုလိုက်ရခြင်းမှာ များစွာဝမ်းမြောက်ဖွယ် အားရဖွယ်ကြီးဖြစ်ပါတော့သည် ဘုရား....။

ဓမ္မဒီပေါ ပဇ္ဇောတယိ၊ ထေရေဟိ ဥက္ကဓ ဇာလိတော။

အဟော တံ တဿာနုဂ္ဂဟော၊ အဟော နော သာသနံ ကတံ။

ဥက္ကဓ ဌာနေ၊ ရွှေရေးချင်ကျက်သရေ လက်ဆေးထိန်လင်း ဗုဒ္ဓဟေညောင်မင်းကြောင့် ဂုဏ်သတင်းလျှံပျံ့ ဤညောင်ရွှေမြို့၌။ ထေရေဟိ၊ ပါရမီ-သမ္ဘာရ ပုညမုံသောက် ကျောပါမောက္ခ သံဃာ့ဦးစီး မဟာ့ဥတ္တမ-နာယက မထေရ်မြတ်ကြီးတို့သည်။ ဇာလိတော၊ သာသနဒါယကာ မဟာရဇာ စဝ်ရွှေသိုက် အမှူးထား၍ အများပြည်သူ တကဲမူသဖြင့် ထူထောင်ထွန်းညှိအပ်သော။ ဓမ္မဒီ-ပေါ၊ မြတ်စွာဘုရား၏ သုံးပါးသဒ္ဓမ္မ ပါဒကကျမ်းဂန် အတန်တန်ကို အာဂုံပြန်ဆင်နွှဲသည့် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်တည်း ဟူသော တန်ဆောင်မီးသည်။ ကာလံ၊ သက္ကရာဇ်ဟိုရှေး တထောင့်နှစ်ရာကိုးဆယ့်လေးမှ ငွေပုဂ္ဂ-ယခုကျအောင် ကြံဆောင်ထွက်ကျုံး( )နှစ်တို့ကာလပတ်လုံး။ ပဇ္ဇောတယိ၊ သာသနာခေတ်တွင်း ဘဝဂ်ချင်းအောင် ထွန်းလင်းတောက်ပခဲ့လေပြီ။

တံကာလံ၊ သက္ကရာဇ်ဝေးကွာ ဟိုရှေးခါမှ သချာတွက်ကျုံး( ) နှစ်တို့ ကာလပတ်လုံး။ နော (အမှေဟိ) သာသနာ့ဝန်ထမ်း ရှင်ရဟန်းနှင့် ရှင်လန်းသဒ္ဓါ များဒါယကာဟု ညီညာပေါင်းချုပ် အကျွန်ုပ်တို့သည်။ တဿ ဘဂဝတော၊ ဘဂခြောက်ဆိုင် ထွတ်ဘုန်းခိုင်ကို စိုးပိုင်တော်မူကြွသားထိုရှင်တော်မြတ်ဘုရား၏၊ ဩဝါဒ၊ ပစ္စုပ်နောင်ရေး ပူပန်မှုအားကြရအောင် ကြံတွေးရှုမြော် ဆုံးမတော်မူချက်တည်းဟူသော-သာသနာတော်ကြီးကို။ အနုဂ္ဂဟော၊ ပစ္စယနှင့်ဓမ္မနှစ်တန် ကိုယ်သန်ဆုရွေးဘောက်၍ ချီးမြှောက်လိုက်ရခြင်းသည်။ အဟော။ ဩော်.... ဝမ်းမြောက်ဖွယ်ကြီးပါတကား ... ။

နော (အမှေဟိ)၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းနှင့် ရှင်လန်းသဒ္ဓါများဒကာ

ဟု ညီညာပေါင်းချုပ် အကျွန်ုပ်တို့သည်။ တသာ ဘာ ၁ ဝတော၊ ဘာဂ ခြောက်ဆိုင် ထွတ်ဘုန်းခိုင်ကို စိုးပိုင်တော်မူကြသော ထိုရှင်တော်မြတ်ဘုရား၏။ သာသနာ၊ အကုသိုလ်ကင်း ကုသိုလ်သွင်း၍ စိတ်ရင်းဖြူရေး ကြံတွေးရှုမြော် ဆုံးမတော်မူချက်ဘည်းဟူသော-သာသနာတော်ကြီးကို။ ကတော့၊ ပြုစုလိုက်ရခြင်းသည်။ ကတော့၊ ဒို့ပြည်နယ်တဝှန်း-ဒို့သာသနာ အရောင်ထွန်းစေဖို့ ရည်ညွှန်းအားစိုက် ကိုယ်တာဝန်နှင့် ကိုယ့်ဥာဏ်ချင့်၍ ပြုစုလိုက်ရခြင်းသည်။ အဟော၊ သြော်… အားရဖွယ်ကြီးပါတကား….။ အဟော၊ တနှစ်ထက်တနှစ် တခေတ်ထက်တခေတ် သစ်ထက်သစ်အောင် တရစ်တက်ဖြိုး ရွှေသို့တိုးလျက် ကြိုးစားသမျှ-အောင်မြင်မှုရကြသဖြင့် သုံးလောကနယ်မှာ သြော်..အားရဖွယ် ဖြစ်ပါတော့သည်ဘုရား…. ။

ဆရာတော်သံဃာတော်အရှင်မြတ်ဘို့ဘုရား …။

အရှင်မြတ်ဘို့သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဆရာဇဉ်ဆက်နွယ်မပျက်အောင် မေတ္တာချင်းကူးယှက်၍ ဤရှမ်းပြည်လုံးဆိုင်ရာဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးကို သာမဂ္ဂီဝိတ်ခေါ်တတ်, မနသီမွန်အမြတ်ဘို့ဖြင့်, အညီအညွတ်ချီ မြှောက်တော်မူခဲ့ကြသကဲ့သို့ ယခု( )နှစ်၌လည်း မိမိဘို့ကျရာ တာဝန်ကို အားသွန်ခွန်စိုက်ချီးမြှောက်တော် မူကြခြင်းကြောင့် ဤရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးသည်( )ကြိမ်မြောက် ပြီးဆုံးခြင်းသို့ရောက်ပါပြီဘုရား။

ထိုကြောင့် ယခုအချိန်မှာ အားလုံးသောသမဂ္ဂသံဃာတော်တို့ စိတ်တူကိုယ်မျှ သာသနာ့ပြုပွဲတော်ကြီးကို အောင်မြင် ပြီးစီးအောင် ရွက်ဆောင်နိုင်ကြသဖြင့် သဟာဓမ္မိကသီတင်းသုံးဖော်နောင်တော်ညီတော် အချင်းချင်း ရင်းနှီးချစ်ကြည်မှုအပြည့်အဝ ပီတိပါမောဇ္ဇဝေဝေဆာဆာ သောမနဿနှလုံးရွှင်ပြုံးသည့် ရွှေမျက်နှာတော်များကို မေတ္တာရည်ရွှမ်းအိမ့်သော မျက်စိတို့ဖြင့် ရှုကြည့်တော်မူကြလျက်( )ကြိမ်မြောက်စာပြန်ပွဲတော်ကြီးကို ရုပ်သိမ်း တန်နားဖို့အရေး အခွင့်ပေးခြင်းငှါ "အဘိဂါရဝ-အခါတော်ကြီး" ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား….။

နိဋ္ဌိတာ ယမ္ပိ ဘဒ္ဒန္တေ၊ ဆဏော ဝေါ သမပဂ္ဂဟာ၊
တိဌ္ဌောကာသံ ပဒါနာယ၊ သမယော တံ ယထာ ပုရေ။

ဘဒ္ဒန္တေ၊ ဘုရားသာသနာ တိုးတက်ရာဟု သမ္မာဆန္ဒ အာသီသဖြင့် ကြွ ရောက်လာကြပြား အို....အရှင်မြတ်တို့ဘုရား။ ဝေါ(တုမှေ)၊ သာရာစဉ်ဆက် သွေမပျက်ပဲ ကူးယှက်မေတ္တာ ကရုဏာဆင့်ပွား အရှင်မြတ်ဘုရားတို့သည်။ ပုရေ၊ ကာလရှည်ခဝး အတိတ်ရှေးဟု မြော်ခတွေးလွန်လာ ဟိုနှစ်များစွာက။ သမပဂ္ဂဟာယဆာ၊ သာမဂ္ဂီစိတ်ခာတ် ကိုယ်စီကပ်ကြသဖြင့် ညီညွတ်ကြည်ဖြူ "ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲတော်ကြီးကို" အတူတကွ လက်တွဲကာ ချီးမြှောက် တော်မူခဲ့ကြသကဲ့သို့။ စေ်ဘထာ၊ ရှေးကနည်းယူ အလားတူသာလျှင်။ ဒါနိပိ၊ သက္ကရာဇ်ကောဇာ ထောင့်သုံးရာဝယ် စွန်းလာသုံးဆယ့်ရှစ် နှစ်အသစ်ကြုံ လ နယုန်ဟု မေထုန်ဇေဌ္ဌ ထွန်းလျှံပသား ယုဝ,ယုဝတီ ဖော်စုံညီတို့ ချစ်ရည်အုပ် ဖုံး တပြုံးပြုံးဖြင့် ကြက်ရုံးစပယ် လျှလျှသွယ်၍ ဆင်ခြယ်ပန်သ ယခုအခါ သယေဉ်လည်း။ ဝေါသမပဂ္ဂဟာ၊ သမဂ္ဂအားလုံး ထေရ်ရှင်ဘုန်းတို့ စုရုံးကြိုး ဆောက် အညီအညွတ် ချီးမြှောက်တော် မူကြခြင်းကြောင့်။ အယ်ဆဏော၊ တခေတ်ထက် တခေတ် တနှစ်ထက်တနှစ် သစ်ထက်သစ်၍ တရစ်ကြိမ်လာ ဤ "ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ" စာပြန်ပွဲတော်မဟာသည်။ နိဋ္ဌိတော၊ စာသင်နှံပျို များပုဂ္ဂိုလ်တို့ ပြန်ဆိုကြရာ ကျမ်းစာအားလုံး အကုန်ပြီးဆုံးသဖြင့် နိဂုံးကမ္ပတ် ( )ကြိမ်မြောက်အပြီးသတ်ပါပြီဘုရား။

တသ္မာ၊ အခွင့်ကောင်းကြုံ ထေရ်ပေါင်းစုံတို့ စွမ်းကုန်ကြိုးဆောက် ထို ကဲ့သို့ပြီးဆုံးခြင်းသို့ ရောက်ရပါသောကြောင့်။ တံ၊ထိုသို့ပြီးလတ် "ရှမ်းပြည်လုံး ဆိုင်ရာဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတော်မြတ်ကြီး"ကို။ တိဌ္ဌောကာသံ ပဒါနာယ၊ သံဃမဟာနာယက ဉက္ကဋ္ဌနှင့် စာမ-စာထောက်ထေရ်ပါမောက်တို့ချင့်ထောက် စာနာ ရွှေမေတ္တာ၏ ရသာမွန်မြတ် အအေးခာတ်ဖြင့် ကန့်ရပ်ဖို့အရေး အခွင့် 

ညောင်ရွှေ--၁၉

ပေးခြင်းငှါ။ သမဲ့ယာ၊ ကာလချိန်မှန်၊ အခါဘန်ပါပြီဘုရား။ သမဲ့ယာ၊ ပွဲတော်အစ ပဏာမတွင် ဝေယျာသိဒ္ဓိ ဂါထာရွတ်ကျေညာ၍ မင်္ဂလာယူ ဖွင့်မိုး လှူသည့် ထီးဖြူတော်ရုပ်သိမ်း အောင်ပွဲခံတော် တကြိမ်ဆိန်းလျက် အောင်ကိန်း ကြီးစာရင်းပြန့်ဖို့ အောင်သံရိုက်ဟီး အောင်စည်တော် မြိုင်မြိုင် ထီးလို့မို့ အောင်ပွဲကြီးအဆုံးသတ်လျက် အပြုံးခေတ်ကိုယ်စီဖြင့် မနသီပီတိဖုံး၍ ရှင် ပြုံးကြည်သာ ''အဘိဝ ါမော္ဇ အခါတော်ကြီး''ဖြစ်ပါသည် သက်တော်ရှည် အရှင်မြတ်ဘုရား . ။

ရွှေဂူ ဆရာတော် အရှင်ဝိလာသာဘိဝံသ

သီကုံးရေးသားသည်။

# ပဒေသနိဂုံး

ဤ နိဂုံးကား အလုံးစုံကိစ္စ ပြီးဆုံးပြီဖြစ်၍ အုပ်ဖုံးရသော ကေဝလနိဂုံးမျိုး မဟုတ်ပါ၊ အလုံးစုံ မပြီးဆုံးသေးပဲ တစိတ်တဒေသပြီးဆုံး၍ အုပ်ဖုံးရသော ပဒေသနိဂုံးသာ ဖြစ်ပေသည်။

အဘယ်ကြောင့် အလုံးစုံ မပြီးဆုံးသေးပဲ နိဂုံးအုပ်ရသနည်း—

ညောင်ရွှေမြို့၌ ကျင်းပပြုလုပ်သည့် ရှမ်းပြည်လုံးဆိုင်ရာ ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးနှင့်ရင်းနှီးတော်မူကြကုန်သော ဥပါသကာ-ဥပါသိကာများနှင့် ဆရာတော် သံဃာတော်တို့သည် ' ကိုင်းကျွန်းမှီ-ကျွန်းကိုင်းမှီ" ဟူသကဲ့သို့ ဆရာနှင့် ဒကာအချင်းချင်း "သူတော်ချင်းချင်း, သဘင်းလွှေ့လွှေ့, ပေါင်းဖက်တွေ့" ဟူသကဲ့သို့ ဆရာ ဆရာချင်း, ဒကာ ဒကာချင်း မေတ္တာချင်းဆက်, လက်ချင်းယှက်၍, သာမဂ္ဂီစိတ်ဓာတ်, မနသီ အမှန်အမြတ်ဖြင့် စိတ်ရောကိုယ်ပါ ညီညွတ်ကြကာ—

(၁) သဒ္ဓါတရား ခိုင်ခိုင်ထား။

(၂) ကိုယ်ကျင့်တရား မပျက်ပြား။

(၃) ပရိယတ်အား ချီးမြှောက်ငြား။

ဟူသော ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးက ညွှန်ပြသည့် "သာသနာပြုနည်းကောင်းသုံးခု"ကို ရှေ့ဆောင်လမ်းပြ ပြုလုပ်ကြပြီးလျှင် အကြင်မျှလောက်သော ကာလပတ်လုံး ဝိနယာဒိနိဂ္ဂဟစာပြန်ပွဲတော်ကြီးကို မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်ဘော်မူကြကုန်၏၊ နှစ်စဉ်မပျက် စာပြန်ပွဲတော်ကြီးကို ကျင်းပလျက် ဗုဒ္ဓသာသနာတော်ကြီးကို ပြုစုချီးမြှောက်တော်မူကြကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး ဝိနယာဒိနိဂ္ဂဟ စာပြန်ပွဲတော်ကြီးသည်ကား ပြီး ဆုံးခြင်းသို့ မရောက်နိုင်သေးသည်သာတည်း။

သို့ရာတွင် ဆန္ဒဝတော ကိံနာမ န သိဇ္ဈတိ" အစရှိသည်ဖြင့် ဖော်ပြခဲ့သည့်အတိုင်း "ဝိနယာဒိနုဂ္ဂဟာ စာပြန်ပွဲတော်ကြီးသမိုင်း"ကို မြင်တွေ့ဖတ်ရှုလိုကြသည့် ဒါယကာ ဒါယိကာမများနှင့် ဆရာတော် သံဃာတော်အများတို့၏ ဆန္ဒ၊ ၁၃၄၃-ခုနှစ်တွင် ဝိနယာဒိနုဂ္ဂဟာ အာဂုမ်စာပြန်ပွဲတော်ကြီး အနှစ် ၅၀-ပြည့်ချိန်၊ အကြိမ် ၅၀-မြောက် အထိမ်းအမှတ် "ရွှေရတုလဘင်" အောင်ပွဲတော်ကြီး ယင်းကြမည့်ဖြစ်ရာ "ဝိနယာဒိနုဂ္ဂဟာ စာပြန်ပွဲတော်ကြီးသမိုင်း" ဟူသော စာတစောင် ပေတဖွဲ့ကို ရွှေရတုအထိမ်းအမှတ်၏ "အမြတ်တခုအဖြစ်" ကျန်ရစ်ကြစေလိုသည့် ဆန္ဒဟူသော မွန်မြတ်သည့် "သမ္မာဆန္ဒများ"ကြောင့် ဤသမိုင်းစာစောင် ဖြစ်ပေါ်လာခြင်း ဖြစ်ရကား အပြီးသတ် ကောလနိဂုံး မဟုတ်သော်လည်း ကျင်းပပြီးစီးခဲ့သမျှ ၄၅-ကြိမ်သော ဝိနယာဒိနုဂ္ဂဟာ စာပြန်ပွဲတော်ကြီး၏ အကြောင်းအရာများကို ရေးသားဖော်ပြ၍ တခန်းရပ်အနေအားဖြင့် အုပ်ဖုံးလိုက်ရသော သမိုင်း၏ ပဒေသနိဂုံးတရပ်သာ ဖြစ်ပေသတည်း။

ယင်းသို့ဖြစ်ရကား ယခုနောင်၌ ဗုဒ္ဓသာသနာပြု ဆရာဒကာတစုတို့သည် သဒ္ဓေယျတ္တုတို့၌ ယုံကြည်မှု အပြည့်အဝရှိကြ၍ တရားဓမ္မပြည့်ဝသည့် စိတ်နှလုံးရှိကြကာ၊ ကောင်းမှုဟူသမျှ လိုက်နာကျင့်သုံးကြပြီးလျှင် ဘုရားရှင် မုခပါဌ်၊ ပရိယတ္တိဓမ္မကိုလည်း ချီးမြှောက်နိုင်ကြသဖြင့် အမတသောင်အဌမှာ မဂ်ထီးဖြူရိပ်ကို ခိုလှုံနိုင်ကြပါစေ-ဟု အာသီသ ပတ္ထနာပြုအပ်ပါသတည်း....။

"ဗုဒ္ဓ မေ့ာ မြတ်သံဃာ၌ သဒ္ဓါတရား ခိုင်ခိုင်ထား၍ တရားကိုယ်ကျင့် ရှုတိုင်းတင့်အောင် အရှင့်ကိုယ်မှာ ဆင်တန်ဆာသို့ မကွာနိစ္စ ဆင်မြန်းပါသော၊ နွှေရဲ့ မြတ်ကျမ်းဂန်လည်း သင်အံ-ချပို့ဖောင်ကူးတို့သို့ အောင်မြှိုန်ဗျူ ကယ်မယူသည်။ ။သုံးဆူသာသနာ ထွန်းစေသောဝ်"

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂ | ၂၆ | ရာဇဂြိုဟ်ပြည်ကြီး | ရာဇဂြိုဟ်ပြည်ကြီး |
| ၃ | ၁၉ | မိုးနဲနယ်မြေအစပ် | မိုးနဲနယ်မြေနှင့်အစပ် |
| ။ | ၂၀ | (မိုးပြဲ)နယ်မြေအစပ် | (မိုးပြဲ)နယ်မြေနှင့်အစပ် |
| ၆၊၈ | ၂၁ | (ဆာ)စစ်မောင်သည် | (ဆာ) စဝ်မောင်သည် |
| ၆ | ၂၃၊၂၅ | စောနန်ပင့် | စောနန်းစင့် |
| ။ | ၂၅ | စဝီမောင်ကို | စဝ်မောင်ကို |
| ၇ | ၁၀ | မြောက်စား | မြှောက်စား |
| ။ | ၁၉ | ပြသာဒ် | ပြာသာဒ် |
| ။ | ၂၂ | ရွှေချိန်(၁၀၈) | ရွှေချိန်(၁၀ဂိ) |
| ၈ | ၄၊၅ | နေ့ဗဟိုရ်·ညဥ့်ဗဟိုရ်· | နေ့ပဟိုရ်-ညဥ့်ပဟိုရ် |
| ၉ | ၅ | အကုမရှိ | အတုမရှိ |
| ၁၁ | ၂၄ | (တစိပ်စိ· | (တစိတ်စိ |
| ၁၂ | ၁၀ | လက်ထက်တွက်မှု | လက်ထက်တွင်မှု |
| ။ | ၁၁ | အင်းထိပ်မြို့ | အင်းတိမ်မြို့ |
| ။ | ၁၅ | စော်ဘွားနှင့်တကွ | စော်ဘွားနှင့် |
| ၁၅ | ၅၊၆ | သုတ်ပါဠိ+အနက် | သုတ်ပါဠိ+အနက် |
| ၁၇ | ၁၉၊၂၀ | အင်းတိန် | အင်းတိမ် |
| ၂၀ | ၂၁ | မိတ္တီလာကျောင်းမှာ | (မိတ္တီလာကျောင်းကို |
| ၂၂ | ၁၁ | အာဂုမ်အောင် စာပြန်ပွဲ | အာဂုမ်ဆောင် စာပြန်ပွဲ |
| ၂၅ | ၉ | ၁၂၆၁-ပြည့်နှစ်တွင် | ၁၂၆၀-ပြည့်နှစ်တွင် |
| ၂၉ | ၇ | ၁၈-သိန်းဟောင် | ၁၈-သန်းတောင် |
| ၃၁ | ၁၅ | ဒေသစစရီ | ဒေသစာရီ |
| ၃၃ | ၁၉ | ဝိနည်းပိဋကဟည်းမှ | ဝိနည်းပိဋက တည်မှ |
| ၃၆ | ၃၀ | သာသနာ ်ကြီး | သာသနာ တော်ကြီး |
| ၄၀ | ၈ | ၁၂၉၅-ခုနှာ | ၁၂၉၅-ခုနှစ်၊ |
| ။ | ၁၉ | အောက်တန်းမှ | အောက်တန်းမှ |
| ။ | ၂၁ | ကျမ်းစာများမှာ | ကျန်ကျမ်းစာ များမှာ |
| ၄၂ | ၁၇ | ဝိနယာဒိနိပ်ဂ္ဂဟ | ဝိနယာဒိနိဂ္ဂဟ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ။ | ၇ | စဟုဒိသာ | စတုဒိသာ |
| ၅၃ | ၁၁ | တခါးထိပ်မှ | လှေခါးထိပ်မှ |
| ၅၉ | ၁၀ | အင်းခြုံရွာ | အင်းခြံရွာ |
| ၆၀ | ၁၂ | ညောင်ရွေမတဆင့် | ညောင်ရွှေမှ တဆင့် |
| ၇၂ | ၃ | လှယ်ကင်းခဲ့ကြ | လွတ်ကင်းခဲ့ကြ |
| ၇၄ | ၇ | ၈၃၀၁-ပြည်နှစ် | ၁၃၀၀-ပြည့်နှစ် |
| ၇၉ | ၄ | ဝိန္ဒတိ တိ | ဝိန္ဒတိ ဟိ |
| ၈၈ | ၁၃ | စည်းဥပဒေများတွင် | စည်းကမ်းဥပဒေ<br>များတွင် |
| ၈၉ | ၈ | အောဘန်းကို | အောက်တန်းကို |
| ၉၀ | ၁၀ | တပါးသစွာ | တပါးမြတ်စွာ |



ညောင်ရွှေမြို့နယ်
တောင်ကြီးခရိုင်
စကေး-တလက္မ=၄ မိုင်
ညွှန်ပြချက်
မြို့နယ်ခြား
ကားလမ်း
ရေတွင်းရေကန်
ဖယ်ခုံမြို့နယ်